# ၇ ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL

http://www.7daynewsjournal.com

TRI MEN'S AND LADIES' WEARS

အတွဲ(၁၁)၊ အမှတ်(၄၃) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ၊ ကြာသပတေး၊ (ဇန်နဝါရီ ၃ ၊ ၂၀၁၃)


## နှစ်သစ်ဆုမွန်

၂၀၁၃နှစ်သစ်တွင်မြန်မာနိုင်ငံသားအပေါင်း ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် လိုအင်ဆန္ဒပြည့်ဝပါစေကြောင်း၊ တစ်နိုင်ငံလုံးငြိမ်းချမ်း၍လိုလားတောင့်တသောဒီမိုကရေစီနိုင်ငံသစ်ကို ကိုယ်စီကိုယ်င ဝီရိယစိုက်ကာ အောင်မြင်စွာ ဖော်ဆောင်နိုင်ပါစေကြောင်း 7Day Newsမိသားစုမှ ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။



လိုင်ဇာမြို့နှင့်ခုနစ်မိုင်ကျော်ဝေးသော ဂျယန်းဒုက္ခသည်စခန်းတွင် ခရစ္စမတ်နေ့၌ ဆုတောင်းနေကြသော စစ်ဘေးဒုက္ခသည်များနှင့် ကချင်ရိုးရာဝတ်စုံဝတ်ဆင်ထားသော ကလေးငယ်တစ်ဦး ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## စစ်ပွဲများ အမြန်ဆုံးရပ်ဆိုင်းရန် ၈၈ မျိုးဆက်ကျောင်းသားများ တိုက်တွန်း

**အောင်နိုင်**

**ရန်ကုန်၊ဒီဇင်ဘာ-၃၁**

၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့က ကချင်ပြည်နယ်တွင် လက်ရှိဖြစ်ပွားနေသော နှစ်ဖက်တိုက်ခိုက်မှုများကို အမြန်ဆုံးရပ်ဆိုင်း၍ ဆွေးနွေးညှိနှိုင်းဖြေရှင်းကြရန် အလေးအနက်တိုက်တွန်းကြောင်း သဘောထားကြေညာချက်တစ်စောင်ထုတ်ပြန်သည်။

၂၀၁၂ဒီဇင်ဘာ ၃၁ ရက်စွဲဖြင့် ထုတ်ပြန်ချက်တွင် အစိုးရတပ်မှဖြစ်စေ၊ KIA ဘက်မှဖြစ်စေ ဆုံးရှုံးမှုများသည် ပြည်ထောင်စုတစ်ရပ်လုံး၏ ဆုံးရှုံးမှုများဖြစ်ကြောင်း၊ ယခုကဲ့သို့ တိုက်ပွဲများ အရှိန်မြင့်တက်နေမှုကြောင့် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ယုံကြည်မှုတည်ဆောက်ရေးကို ထိခိုက်စေပြီး အဓိပ္ပာယ်ပြည့်ဝသောနိုင်ငံရေးဆွေးနွေးပွဲများ ပေါ်ထွန်းရန် အဟန့်အတားဖြစ်လာနိုင်ကြောင်းဖော်ပြပါရှိသည်။ **စာ(၃)သို့**

## နေရာဒေသအလိုက် ဆေးတက္ကသိုလ် ဝင်ခွင့်ပြုသော စနစ်ပြောင်းလဲ

**နေလင်းထွန်း**

**နေပြည်တော်၊ ဒီဇင်ဘာ-၁၈**

ဆေးတက္ကသိုလ်ဝင်ခွင့်ရရှိသောကျောင်းသားများအား နေရာဒေသအလိုက်ကျောင်းဝင်ခွင့်ပြုသည့်စနစ်ကို ယခု(၂၀၁၂-၁၃)ပညာသင်နှစ်တွင် စတင်ပြောင်းလဲကျင့်သုံးလိုက်ကြောင်း ဆေးသိပ္ပံပညာဦးစီးဌာနမှ သတင်းရရှိသည်။

ယခင်က ရန်ကုန်ဆေးတက္ကသိုလ်(၁)နှင့် (၂)တို့တွင် ရန်ကုန်တိုင်းဒေသကြီးမှ ကျောင်းသား၊ ကျောင်းသူများ၊ **အချပ်ပို(B)သို့**




အပြောင်းအလဲများ၊ ထူးခြားမှုများဖြင့် ပြည့်နှက်နေသော ၂၀၁၂ခုနှစ် တစ်နှစ်တာကို ပြန်လည်သုံးသပ်ထားသော နှစ်ချုပ်အထူးထုတ်ကို တင်ဆက်လိုက်ပါသည်။ စာမျက်နှာ ၂၀ပါဝင်သော အထူးသတင်းပေးပို့ချက်များကို စာဖတ်ပရိသတ်များအတွက် မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်။

## ခရစ္စမတ်တေးသံတွေတိတ် ပုံးသံတွေကြောင့် စိုးထိတ်နေသော ကချင်မြေ

တစ်နှစ်နှင့်ခြောက်လကျော် ကြာမြင့်ခဲ့ပြီဖြစ်သော ကချင် စစ်ပွဲများမှာ ယခုအချိန်ထိတိုက်ပွဲပေါင်း ၂,၃၀၀ ကျော်ဖြစ်ပွားခဲ့ပြီး နှစ်ဖက်ဒဏ်ရာရ၊ သေဆုံးသူစာရင်းမှာ ထောင်ဂဏန်းခန့် ရှိလာပြီဖြစ်သည်

**အေးမြကျော်**

တောင်ကြားနယ်စပ်မြို့ လိုင်ဇာ၏ ခရစ္စမတ်မှာ သေနတ်သံများဖြင့် စတင်ခဲ့သည်။ သန်းခေါင်ယံအချိန်တွင် တိတ်ဆိတ်သောညကိုဖြိုခွင်းလိုက်သည့်သေနတ်သံများ က မြို့နှင့် ခုနစ်မိုင်သာကွာဝေးသည့် အလျှမ်းဘွမ်းတောင်ကုန်းမှဖြစ်သည်။ **စာ(၂၈)သို့**

## ဂျပန်ဘောလုံးအသင်းအား ကူညီခဲ့သူ ဦးကျော်ဒင်၏ ဆွေမျိုးသားချင်းများကို ရှာဖွေနေ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊**

**ဒီဇင်ဘာ - ၃၀**

လွန်ခဲ့သည့် ၁၉၂၀ ဝန်းကျင် ရှေးကာလက ဂျပန်ဘောလုံးလောကအား ကျေးဇူးပြုခဲ့ဖူးသည့် မြန်မာလူမျိုး ဦးကျော်ဒင်၏ သက်ရှိထင်ရှား ဆွေမျိုးများအား ဂျပန်လူမျိုးတစ်ဦးက လိုက်လံရှာဖွေလျက်ရှိသော်လည်း အဆက်အသွယ်မရသေးကြောင်း သတင်းရရှိသည်။ **အချပ်ပို(D)သို့**

**နိုင်ငံတော်သမ္မတက လွတ်လပ်ရေးနေ့ ညစာစားပွဲအတွက် ပါတီဥက္ကဋ္ဌများကိုဖိတ်** စာ(၃)သို့




7DAY NEWS JOURNAL
Vol.11, No.43 • JANUARY 3 , 2013

## ရခိုင်တိုင်းရင်းသား တိုးတက်ရေးပါတီကို ရွေးကောက်ပွဲကော်မရှင် သတိပေး

**အောင်နိုင်**

**ရန်ကုန်၊ ဒီဇင်ဘာ – ၂၇**

ရခိုင်တိုင်းရင်းသားတိုးတက်ရေးပါတီကိုပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ခေါ်ယူတွေ့ဆုံ၍ အချက်သုံးချက်ဖြင့် သတိပေးခဲ့ကြောင်း အဆိုပါ ပါတီမှ ဗဟိုအလုပ်အမှုဆောင် ဦးမြင့်နိုင်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးဇော်အေးမောင်၊ ပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်၊ ဗဟိုအလုပ်အမှုဆောင် ဒေါ်အေးနုစိန်၊ ဦးမြင့်နိုင်နှင့်ဦးဘရှိန်တို့ငါးဦးအား ဒီဇင်ဘာ ၂၄ရက်တွင်ကော်မရှင်ကခေါ်ယူတွေ့ဆုံခဲ့ကြောင်းသိရသည်။

"ပြက္ခဒိန်မှာ မသီတာထွေးရဲ့ ပုံကိုသုံးတဲ့ ရည်ရွယ်ချက်ကို မေးတယ်။ တိုးတက်ရေးစာစောင် အတွဲ ၂/၁၂ မှာပါတဲ့ ဆောင်းပါးကို မွတ်ဆလင်အဖွဲ့ချုပ်က တိုင်ထားတာရယ်၊ မနှစ်က ဒီဇင်ဘာ ၁၁ ရက်မှာ ရခိုင်ဘုရင် နန်းဆက်ပြတ်တဲ့ ၂၂၇ နှစ်ပြည့်ပွဲကို ပါတီတွင်းမှာ လုပ်တာရယ် သုံးချက်ကို ပြောတာပါ။ နောက်ထပ်မလုပ်ဖို့ သတိပေးပါတယ်" ဟု ဦးမြင့်နိုင်က ပြောသည်။

အဆိုပါကိစ္စကိုပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ထံ ဒီဇင်ဘာ ၂၇ရက်က ဆက်သွယ်မေးမြန်းခဲ့ရာ လတ်တလောမဖြေကြားနိုင်သေးဘဲ စာဖြင့်တင်ပြပြီးမှသာ ပြန်လည်ဖြေကြားနိုင်မည်ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ခေါ်ပြီး တွေ့ဆုံဆွေးနွေးတဲ့သဘောပါပဲ" ဟု ဗဟိုအလုပ်အမှုဆောင် ဒေါ်အေးနုစိန်က ဆိုသည်။

## မြန်မာအလုပ်သမား ၅၄ ဦးသေဆုံးခဲ့ခြင်းအတွက် ထိုင်းနိုင်ငံသားလေးဦးအား ထောင်ဒဏ်ချမှတ်

**ရနောင်း၊ ဒီဇင်ဘာ– ၂၈**

မြန်မာနိုင်ငံမှ တရားမဝင် အလုပ်သမား ၅၄ ဦးသေဆုံးမှုတွင် ပါဝင်ပတ်သက်ခဲ့သော ထိုင်းနိုင်ငံသားလေးဦးထဲမှ တစ်ဦးအား ထိုင်းတရားရုံးက ထောင်ဒဏ် ၁၀နှစ်အထိ ချမှတ်ခဲ့သည်။

သေဆုံးသွားသော မြန်မာအလုပ်သမားများမှာ ၂၀၀၈ခုနှစ် ဧပြီလ ၉ရက်က ရနောင်းမှ ဖူးခက်ဒေသသို့လေအထုတ် အသွင်းစနစ်ချို့ယွင်းနေသော ကွန်တိန်နာတစ်လုံးအတွင်း လူပေါင်း ၁၂၁ ဦးအထိ တင်ဆောင်သွားစဉ် အသက်ရှူကျပ်၍ သေဆုံးခဲ့သည်။

ယင်းထရပ်ကားမောင်းသူက ကွန်တိန်နာကားအား ထုရိုက်ခြင်း၊ အော်ဟစ်အကူအညီတောင်းခြင်းများကို လျစ်လျူရှုပြီး အချိန်အလွန်ကြာမြင့်ချိန်တွင်မှ ကားရပ်တန့်ခဲ့ရာ လူများသေဆုံးနေသည်ကို တွေ့ရပြီး ထွက်ပြေးတိမ်းရှောင်ခဲ့ခြင်းဖြစ်သည်။

သို့သော် နောက်ပိုင်းတွင် ယာဉ်မောင်းဆူ ချွန်ဘွန်ပလောင်က ရဲတပ်ဖွဲ့တွင် ဖမ်းဆီးခံခဲ့ပြီး အခြားလူလေးဦးမှာလည်း အမှုတွင်ပါဝင်ပတ်သက်ကြောင်း ပြောကြားခဲ့သည်။ နောက်ပိုင်းတွင် ရဲတပ်ဖွဲ့က ၎င်းတို့အား လူကုန်ကူးမှုနှင့် သေသည်အထိ လျစ်လျူရှုခြင်းဖြစ်မှုများနှင့် စွဲချက်တင်ခဲ့ခြင်းဖြစ်သည်။

တရားရုံးက ကုန်တင်ကားပိုင်ရှင် ဒွန်ရောင်းအားထောင်ဒဏ် ၁၀နှစ်၊ ယာဉ်မောင်း ဆူချွန်နှင့် အလုပ်သမားလှေအား လက်ခံခဲ့သော လှေဆိပ်ပိုင်ရှင် ဂျီရာဝက်အား ထောင်ဒဏ် ၆နှစ်စီနှင့် အမှု တွင်ပါဝင်သူ အမျိုးသမီးတစ်ဦး ဖြစ်သူ ပန်ချာပီအား ပြစ်မှုကိုဝန်ခံခဲ့၍ ထောင်ဒဏ်သုံးနှစ် အသီးသီး ချမှတ်ခဲ့သည်။

- The Nation/ Asia One

## ခိုက်ရန်ဖြစ်ပွား၍ သေဆုံးသွားသည့် အရပ်သားလူငယ်ကိစ္စ တပ်မတော်သား သုံးဦးအား ခုံရုံးဖွဲ့စစ်ဆေးမည်ဟုဆို

**အောင်သစ်လွင်**

**ရန်ကုန်၊ ဒီဇင်ဘာ ၂၈**

ဟသ်ာတမြို့ ခိုက်ရန်ဖြစ်ပွားမှုတစ်ခုတွင် သေဆုံးသွားသော လူငယ်တစ်ဦးနှင့်ပတ်သက်၍ တပ်မတော်သားသုံးဦးအား ဖမ်းဆီးချုပ်နှောင်ထားကြောင်း အမှတ် (၁၈)၊ ခြေလျင်တပ်ရင်းမှ ဗိုလ်ကြီးတစ်ဦးက အတည်ပြု ပြောကြားသည်။

သေဆုံးသွားသော အသက် (၁၇နှစ်)အရွယ် မောင်သန်းထိုက်အောင်မှာ အခင်းဖြစ်ပွားသည့်နေ့က အမှတ်(၁၈)ခြေလျင်တပ်ရင်းရှေ့ လမ်းမကြီးပေါ်တွင် ၎င်းမောင်းနှင်လာသည့် ဆိုင်ကယ်နှင့် တပ်သားတစ်ဦးအားဝင်တိုးမိရာမှ ယင်းတပ်သားနှင့်အတူ ပါလာသော ဒုတပ်ကြပ်နှစ်ဦးတို့က ဝိုင်းဝန်းထိုးကြိတ်ကြသောကြောင့်ဒီဇင်ဘာ ၂၅ ရက်တွင် ဟသ်ာတပြည်သူ့ဆေးရုံကြီးသို့ တက်ရောက်ကုသခဲ့ရခြင်းဖြစ်သည်။ ဒီဇင်ဘာ ၂၇ ရက်တွင် ဟသ်ာတဆေးရုံအုပ်ကြီးက ရန်ကုန်ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းပေးခဲ့ပြီး ယင်းနေ့တွင်ပင် ဦးနှောက်အတွင်း သွေးခဲသည့်ဒဏ်ရာဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

"အမှုမှာ ပါဝင်ပတ်သက်နေတဲ့ သုံးယောက်ကို တပ်အချုပ်ထဲမှာ ဖမ်းဆီးထားပါတယ်။ ဒီအမှုကို ခုံရုံးဖွဲ့စစ်ဆေးပြီး စစ်စည်းကမ်းအရ အရေးယူနိုင်ဖို့ ဆောင်ရွက်နေပါတယ်" ဟု အထက်ပါ ဗိုလ်ကြီးက 7Day News သို့တယ်လီဖုန်းမှတစ်ဆင့်ဖြေကြားသည်။

ဟသ်ာတဆေးရုံအုပ်ကြီး ဒေါက်တာကြည်စိုးက ပြောကြားရာတွင် လူနာမှာ ဦးနှောက်ခွဲနှင့် ဦးနှောက်အမြှေးကြား သွေးယိုစီးပြီး သွေးခဲနေသည့်အတွက် ဟသ်ာတတွင် ခွဲစိတ်ရန် မဖြစ်နိုင်၍ ရန်ကုန်ဆေးရုံကြီးသို့လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ကြောင်း လူနာအခြေအနေမှာ စိုးရိမ်ရ၍ ခရီးကြန့်ကြာမှု မဖြစ်စေရန် ဆေးရုံးသုံး လူနာတင်ယာဉ်ဖြင့်စီစဉ်ပေးခဲ့ရကြောင်း သိရသည်။

"ခလရ(၁၈)က ဟသ်ာတမြို့နဲ့ရော ရွာတွေနဲ့ပါ နီးနီးလေးပါ။ တပ်မတော်အပေါ် ဒေသခံတွေရဲ့ ယုံကြည်မှုကိုရဖို့အတွက် တရားစီရင်ရေးပိုင်းကနေ ထင်သာမြင်သာရှိအောင် ဖြေရှင်းပေးစေချင်ပါတယ်" ဟု ဟသ်ာတမြို့ခံ ကိုကျော်စွာကပြောသည်။

သေဆုံးသူ၏ ဖခင်ဖြစ်သူကို အောင်မင်းနိုင်က "လူငယ်တစ်ယောက်ကို လူအင်အားနဲ့မမျှမတ လုပ်သွားတာတော့ အဖေတစ်ယောက်အနေနဲ့ စိတ်မကောင်းပါဘူး။ တပ်ကဗိုလ်ကြီးကတော့ဖြစ်သင့်တဲ့အတိုင်း လုပ်ပေးမယ် လို့တော့ ပြောပါတယ်" ဟုဆိုသည်။

၂၀၁၁ ခုနှစ် စက်တင်ဘာလအတွင်းကလည်း ပဲခူးမြို့တွင် အမှတ်(၅၉)ခြေလျင်တပ်ရင်းမှ တပ်သားနှစ်ဦးက ဒေသခံလူငယ်နှစ်ဦးအား သေနတ်ဖြင့် ပစ်သတ်မှုဖြစ်ပွားခဲ့ပြီး နေပြည်တော်မှ တာဝန်ရှိသူများက ထိုအမှုတွင် ပါဝင်ပတ်သက်သော သုံးပွင့်အဆင့်ရှိ ဗိုလ်ကြီးနှစ်ဦးအား ရာထူးမှ ဖြုတ်ကာ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၅ နှစ်စီချမှတ်ကာ တပ်သားတစ်ဦးအား အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၂၀ နှစ် ချမှတ်အပြစ်ပေးခဲ့ကြောင်း ယင်းဖြစ်စဉ်တွင် သေဆုံးခဲ့သည့် မောင်အောင်သူဟိန်း၏ အဒေါ်ဖြစ်သူ ဒေါ်ထူးကပြောသည်။

## တောင်ပိုင်းဒေသအတွက် ငတာဝန်

**ထွန်းခိုင်၊ ရန်မျိုးနိုင်**

**"ဟက်ပီး" လို့မြန်မာလို ထင်ထင် ရှားရှားရေးထားသည့် ထိုင်းနိုင်ငံ ထုတ်ဖုန်းလိုင်းကတ်ပေါ်မှ ပါးနှစ်ဖက်မှာ သနပ်ခါးနှင့် အားပါးတရပြုံးနေသည့် အမျိုးသမီးငယ်လေး ဖုန်းပြောနေပုံမှာ ဆွဲဆောင်မှုရှိလှသည်။ သူ့ထက်ပိုပြီးဆွဲဆောင်မှုရှိသည်မှာ သူကြော်ငြာပေးနေသည့် ထိုင်းနိုင်ငံထုတ် ဖုန်းကတ်ဈေးနှုန်းပင်ဖြစ်သည်။**

"ဒီမှာ (ကော့သောင်း) မြန်မာငွေ ၁၅၀၀ လောက် ပေးရင် ဖုန်းတစ်လုံး ကိုယ်ပိုင်ရတယ်။ ခင်ဗျားတို့ ရန်ကုန်လို ဆန္ဒပြနေစရာမလိုဘူး။ ဂျာနယ်ထဲမှာ ထည့်ပြောစရာမလိုဘူး" ဟု ထိုင်းနိုင်ငံထုတ် ဆိုင်ကယ်တစ်စီးနှင့် ကယ်ရီဆွဲ ရင်းအသက်မွေးဝမ်းကျောင်းပြုနေသူ ကော့သောင်းမြို့နေ ဦးကျော်လှိုင်က ပြောသည်။

"ဖုန်းကြာကြာပြောသူ စိတ်ကျေနပ်နှစ်သက်စရာ" လို့မြန်မာလိုရေးထားသည့် ထိုင်းဆက်သွယ်ရေး ကွန်ရက်သုံး ဖုန်းများ၏ ဈေးနှုန်းကြောင့် မြန်မာပြည်တောင်ဘက် အစွန်ဆုံးပိုင်းတွင် တည်ရှိသည့်ကော့သောင်းမြို့တွင် လူတိုင်းနီးပါး လက်ကိုင်ဖုန်းများ အသုံးပြုနိုင်ကြောင်း ဦးကျော်လှိုင်က ပြောသည်။ သူပြောနေသည့်လက်ကိုင်ဖုန်း၊ သူမောင်းနေသည့် ဆိုင်ကယ်သာမက သူဝတ်နေသည့် အဝတ်အစားပါမကျန် အိမ်နီးချင်း ထိုင်းနိုင်ငံမှ ထုတ်ကုန်များကိုသာ အားထားနေရသည်။

"ရှမ်း(ထိုင်း)ကိုပဲ အားကိုးနေရတယ် စီးပွားရေးက။ ရှမ်းပြည်မှာ စီးပွားရေးကောင်းပါစေလို့ ဆုတောင်းနေရတယ်" ဟု ၎င်းက ဆက်ပြောသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အခြားသူများသည်လည်း ဦးကျော်လှိုင်လိုပင် အိမ်နီးချင်း ထိုင်းနိုင်ငံ၏ အပေါ်သာ အဓိကအားထား စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေရသည်။ စီးပွားရေး ဖွံ့ဖြိုးဖို့လုံလောက်တဲ့ သဘာဝအရင်းအမြစ်များ ပေါသည့် တနင်္သာရီဒေသခံများသည် ဘေးချင်းကပ်လျက်ရှိသည့် ထိုင်းနိုင်ငံကိုသာ စီးပွားရေးအတွက် မှီခိုနေရသည်။

သဘာဝဓာတ်ငွေ့၊ ခဲမဖြူ၊ အဖြိုက်နက်၊ ရွှေစသည့် သဘာဝသယံဇာတများပေါများရာ၊ ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်နိုင်သည့် ကျွန်းစုများ ပေါများရာ၊ ဒေသတွင်းနိုင်ငံများအား အိန္ဒိယသမုဒ္ဒရာမှတစ်ဆင့် အနောက်နိုင်ငံဈေးကွက်သို့ဆက်သွယ်ပေးနိုင်သည့် လမ်းကြောင်းပေါ်တွင် တည်ရှိသည့် တနင်္သာရီဒေသသည် ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများ ပိုင်ဆိုင်နေသည်။



**ကော့သောင်းမြို့ကို ငါးသုံးလုံးတောင်ပေါ်မှတွေ့ရစဉ်**

ဓာတ်ပုံ-ထွန်းခိုင်

ယင်းကဲ့သို့ သဘာဝကပေးသည့် အခြေအနေကောင်းများစွာရှိနေသော်လည်း မြန်မာနိုင်ငံတောင်ပိုင်းစီးပွားရေးအခြေအနေသည် ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးဘဲ ညှံ့ဖျင်းလှသည့် စီမံခန့်ခွဲမှုများ၏ သားကောင်ဖြစ်နေရသည်။

အဓိကဖောက်သည်ဖြစ်သည့် အိမ်နီးချင်းထိုင်းနိုင်ငံ၏ ငါးဈေးကွက်ကို တင်ပို့နိုင်ရန်အတွက် တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်တွင် ဒေသခံများက သက်စွန့်ဆံဖျား ငါးဖမ်းခြင်းက ယင်းဒေသ၏ အဓိကစီးပွားရေးတစ်ခုဖြစ်သည်။

၎င်းတို့ဖမ်းဆီးသောပင်လယ်ပြင်မှ ငါး၊ ပုစွန်များသည် လုပ်ခနည်း မြန်မာအလုပ်သမား အများအပြား လုပ်ကိုင်ရာ ထိုင်းနိုင်ငံအတွင်းရှိ အအေးခန်းစက်ရုံများ၊ အရှေ့တောင်အာရှ၏ အဓိကငါးဈေးကွက်တစ်ခုဖြစ်သော ထိုင်းနိုင်ငံ မဟာချိုင်ဒေသရှိ ပင်လယ်ထွက်ပစ္စည်းရောင်းချသည့် ဈေးများ၏ အဓိကသွင်းကုန် ဖြစ်သည်။

"ထိုင်းနိုင်ငံရေထွက်ပစ္စည်းကုန်ကြမ်းတွေရဲ့ ၉၀ ရာခိုင်နှုန်းလောက်က မြန်မာပြည်တောင်ပိုင်းကလာတာတွေ။ အဲဒီငါးတွေကို ကုန်ချောထုတ်တဲ့နေရာမှာ လုပ်တဲ့သူတွေကလည်း မြန်မာတွေပဲ။ ပြီးတော့ ကုန်ချောကျတော့မြန်မာနိုင်ငံက ဈေးကြီးပေးပြီး ပြန်ဝယ်စားရတယ်" ဟု ထားဝယ်လူ့အခွင့်အရေးစောင့်ကြည့်ရေးကွန်ရက်မှ ဦးသန်းဝင်းက ပြောသည်။

အခြေအနေကောင်းများပိုင်ဆိုင်သော်လည်း စီမံခန့်ခွဲမှုအလွဲများကြောင့် ဒေသဖွံ့ဖြိုးမှု အားနည်းခြင်းသည် မြန်မာ့ပင်လယ်သယံဇာတများသာမက လူသားအရင်းအမြစ်များပါ တိုင်းပြည်အပြင်သို့ လွယ်လွယ်ကူကူ ရောက်သွားစေခဲ့သည်။

စာ(၁၂)သို့

7DAY NEWS JOURNAL
Vol.11, No.43 • JANUARY 3 , 2013

## CRIME CORNER

### ရေနံပိုက်လုံးသယ်ဆောင်လာသော ၁၂ဘီးကား တောင်အောက်ပြုတ်ကျပြီး တစ်ဦးသေဆုံး

**မြတ်စုမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၉**

ကျောက်ဖြူကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်းအတွက် ရေနံပိုက်လိုင်းများ သယ်ဆောင်လာသည့် ၁၂ ဘီးကား တစ်စင်းသည် အမ်းတောင်ကြားလမ်း၊ တောင်စောက်စခန်းတွင် ယခုလ ၂၇ ရက်က အရှိန်လွန်၍ တောင်အောက်သို့ ပြုတ်ကျခဲ့ရာ လူတစ်ဦးသေဆုံးခဲ့ကြောင်း ဒေသခံများက ပြောသည်။

"ဒရိုင်ဘာက ပွဲချင်းပြီး သေသွားတယ်။ စပယ်ယာကတော့ အမ်းဆေးရုံမှာ တင်ထားတယ်။ ဒီလမ်းတွေက လမ်းအရမ်းကြမ်းတယ်။ ဒီလမ်းအပိုင်းမှာတစ်နှစ်ကိုကားမှောက်တာ ၁၄စီး၊ ၁၅ စီး လောက် ပုံမှန်ရှိတယ်။ လူသေတာ များတယ်" ဟု အမ်း-ပဒါန်း-မင်းဘူးလမ်းအပိုင်းရှိ ဆင်ခုံတိုင်ကျေးရွာမှ ဒေသခံ ဦးခင်မောင်ဝင်းကပြောသည်။

ရန်ကုန်-စစ်တွေ အဝေးပြေးလမ်းရှိ အမ်း-ပဒါန်း-မင်းဘူးလမ်းပိုင်းသည် အကွေ့အကောက်များသော လမ်းပိုင်းဖြစ်ရာ တောင်စောက်စခန်း၊ ဆင်ခုံ တိုင်းကျေးရွာအနီးတွင် အပေါ်လမ်းမှ ပေ ၃၀၀ အကွာရှိအောက်ဘက်လမ်းသို့ပြုတ်ကျခဲ့ခြင်းဖြစ်ပြီး ရှမ်း-တရုတ်လူမျိုး ဦးကျားစိန် သေဆုံးခဲ့ခြင်းဖြစ်သည်။

"ဒီလမ်းကို မကြာမကြာပြင်နေတာ တွေ့ရတာပဲ။ လမ်းတွေက အကွေ့အကောက်တွေကို နည်းအောင်လုပ်ပစ်ပြီး ကတ္တရာလမ်း လုပ်လိုက်မယ်ဆိုရင် ဒီလိုဖြစ်တာတွေ နည်းသွားမှာပဲ။ တောင်ပေါ်မှာ နယ်ခြားမှတ်တိုင်ရှိတယ်။ မကွေးတိုင်းဘက်ကို ဝင်လိုက်တာနဲ့ ကတ္တရာလမ်းကောင်းကောင်းတွေဖြစ်သွားပြီ။ အန္တရာယ်လည်း နည်းသွားပြီ။ ကားမှောက်တာတွေက ရခိုင်ဘက်အပိုင်းမှပဲ ဖြစ်တာများတယ်" ဟု ဦးခင်မောင်ဝင်းကပြောသည်။

ကျောက်ဖြူသဘာဝဓာတ်ငွေ့ထုတ်လုပ်ရေး CNPC ကုမ္ပဏီ တာဝန်ရှိသူတစ်ဦးဖြစ်သည့် မခင်စန္ဒီက "သေသွားတာက ကျွန်မတို့ဝန်ထမ်းမဟုတ်ပါဘူး။ သယ်ယူပို့ဆောင်ရေးအတွက် သူတို့ ကားကိုသုံးတာပါ" ဟုပြောသည်။

ရခိုင်ပြည်နယ်တွင် အမ်း-ပဒါန်း-မင်းဘူးတောင်ကြားလမ်း၊ပြည်-ပန်းတောင်း-တောင်ကုတ် တောင်ကြားလမ်းနှင့် ဂွ-ငါးသိုင်းချောင်းလမ်းဟူ၍ ပြည်မသို့ဝင်ထွက်ရာ အဓိကလမ်းမကြီး သုံးခုရှိပြီး မိုးရွာသွန်းမှုများသော ဒေသများဖြစ်ရာ နှစ်စဉ်လမ်းပျက်စီးမှုများ ဖြစ်လေ့ရှိသည်။

### ကြောင်ကင်ရာမှ အမျိုးသားတစ်ဦး မီးလောင်သေဆုံး

**အေးမြတ်သူ**

**ရန်ကုန်၊ ဒီဇင်ဘာ - ၃၀**

တိုက်ကြီးမြို့နယ် ဈေးရပ်ကွက်ရှိ တရုတ်သင်္ချိုင်းနား၌ ဒီဇင်ဘာ ၂၈ ရက်တွင် မီးလောင်ဒဏ်ရာများဖြင့် သေဆုံးနေသော အမျိုးသားတစ်ဦး၏ အလောင်းအား ရှာဖွေ တွေ့ရှိကြောင်း ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။

မီးလောင်ဒဏ်ရာဖြင့် သေဆုံးနေသော အသက် ၂၆နှစ်အရွယ် ကိုကျော်ဇင်အောင်သည် အရက်အလွန်အကျွံသောက်၍ တရုတ်သင်္ချိုင်းအစပ် ချုံထူထပ်သော နေရာ၌ ကြောင်သေတစ်ကောင်အား မီးကင်ရာမှ မီးကူးစက်လောင်ကျွမ်းပြီး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ရဲမှတ်တမ်းတွင် ဖော်ပြထားသည်။

မီးလောင်၍ သေဆုံးခဲ့သူ ကျော်ဇင်အောင်အား တိုက်ကြီးမြို့နယ်ရဲစခန်းမှ သေမှုသေခင်းဖြင့် အမှုဖွင့်ထားကြောင်း သတင်းရရှိသည်။

# အထက်တန်းရှေ့နေများ လိုင်စင်လျှောက်ရာတွင် ဝင်ငွေခွန် မဆောင်ရတော့

**အေးသူစံ**

**ရန်ကုန်၊ ဒီဇင်ဘာ ၂၉**

အထက်တန်းရှေ့နေများ လိုင်စင်လျှောက်ထားပါက ဝင်ငွေခွန်ကြိုတင်ပေးဆောင်ရန် မလိုတော့ကြောင်း တရားလွှတ်တော်ရှေ့နေ မြင်းခြံဦးစိန်ဝင်းက ပြောကြားသည်။

ယခု၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်မှစ၍ လိုင်စင်လျှောက်ထားလာသူ၊ လိုင်စင်သက်တမ်းတိုးသူ အထက်တန်းရှေ့နေများအား ဝင်ငွေခွန်ငါးသောင်း ခန့်ကြိုတင်ပေးဆောင်ရန် သတ်မှတ်ခဲ့သည်။

သို့သော်လာမည့်ဘဏ္ဍာရေးနှစ်မှစ၍ ပြုလုပ်ရန် မလိုတော့ကြောင်း နိုဝင်ဘာလ ၇ ရက်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးချုပ်ဦးထွန်းထွန်းဦးက ရန်ကုန်ရှေ့နေအသင်း အမှုဆောင်အဖွဲ့နှင့် တွေ့ဆုံရာ၌ ပြောကြားခဲ့ခြင်းဖြစ်သည်။

"အထက်တန်းရှေ့နေတွေ လိုင်စင်လျှောက်ပြီဆိုရင် ဝင်ငွေခွန် ကြိုတင်ပေးသွင်းရတာ လုံးဝမဖြစ်သင့်ဘူး။ သူတို့ တစ်နှစ်တာ ဝင်ငွေပေါ် မူတည်ပြီး အခွန်ကတော့ဆောင်ရမှာပေ့ါ။ ဘာဝင်ငွေမှမရှိသေးဘဲ အခွန် ကြိုဆောင်ခိုင်းတဲ့ကိစ္စကိုပြည်ထောင်စုတရားလွှတ်တော်ချုပ်မှာ တရားရေး ဝန်ကြီး ဦးထွန်းထွန်းဦးနဲ့တွေ့တော့ တင်ပြခဲ့တာ။ ဝန်ကြီးက အဲဒါလုပ်ဖို့မလိုတော့ဘူးလို့ တရားဝင်ပြောလိုက်ပါတယ်" ဟု ရန်ကုန်ရှေ့နေအသင်းမှ တရားလွှတ်တော်ရှေ့နေ မြင်းခြံဦးစိန်ဝင်းက ပြောသည်။

ယခုဘဏ္ဍာနှစ်မှစ၍ လိုင်စင်သက်တမ်းတိုး လျှောက်ထားသူ အထက်တန်းရှေ့နေများကိုဝင်ငွေခွန်ကြိုတင်စည်းကြပ်ခြင်းကြောင့် အထက်တန်း ရှေ့နေအများစုအခက်အခဲတွေ့ကြုံခဲ့ရပြီး မြို့နယ်တစ်မြို့နယ်နှင့်တစ်မြို့နယ်ရှိအခွန်ရုံးများတွင်လည်း အခွန်ပေးဆောင်ရသည့် နှုန်းထားများ မတူညီခြင်းကြောင့် ဝေဖန်မှုများ ထွက်ပေါ်ခဲ့သည်။

"အခုဝင်ငွေခွန်ကြိုမဆောင်ရတော့ဘူး။ ကိုယ်အမှုလိုက်ရင် လိုက်သလို သက်ဆိုင်ရာတရားရုံးတွေမှာတင်တဲ့ ရှေ့နေပါဝါပေါ်မူတည်ပြီးတော့ ဝင်ငွေခွန်သတ်မှတ်ပြီးကောက်ခံတာပါ။ ခရိုင်ရုံးမှာ ပါဝါတစ်စောင်တင်ရင် ဘယ်လောက်၊ မြို့နယ်ရုံးဆို ဘယ်လောက် ဒီလိုသတ်မှတ်ပြီး အခွန်ကောက်တာဆိုတော့ တချို့ အခမဲ့အကျိုးဆောင်ပေးတဲ့ အမှုတွေကျတော့ ကိုယ့်အိတ်စိုက်ပေ့ါဗျာ" ဟု တရားလွှတ်တော်ရှေ့နေ ဦးစိန်ဝင်းက ပြောသည်။

# သမ္မတဦးသိန်းစိန် မိန့်ခွန်းပြောကြားရာတွင် စကားလုံးပုံရိပ်ဖော်ဖန်သားပြင် စတင်အသုံးပြု

**နိုင်ချို**

**ရန်ကုန်၊ ဒီဇင်ဘာ ၂၈**

နိုင်ငံတကာမှ ခေါင်းဆောင်များ မိန့်ခွန်းပြောကြားရာတွင် အသုံးပြုလေ့ရှိသည့် နည်းပညာသုံး စကားလုံးပုံရိပ်များဖော်ပေးသော ဖန်သားပြင် (Teleprompter) ကို နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဒီဇင်ဘာ ၂၆ ရက် မိန့်ခွန်းပြောကြားရာတွင် ပထမဦးဆုံးအကြိမ် စတင်အသုံးပြုခဲ့သည်။



သမ္မတဦးသိန်းစိန် စကားလုံးပုံရိပ်ဖော်ဖန်သားပြင်အသုံးပြု မိန့်ခွန်းပြောကြားနေစဉ်

ဓာတ်ပုံ-နိုင်ငံတော်သမ္မတရုံးဝက်ဘ်ဆိုက်

"သမ္မတကြီးက ဒီ Presidential Teleprompter ကို အသုံးပြုပြီး မိန့်ခွန်းပြောတာ ဒါ ပထမဦးဆုံးအကြိမ်ပါ" ဟု သမ္မတရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စကားလုံးပုံရိပ်များ ဖော်ပေးသော ဖန်သားပြင်ကို ယခုနှစ် နိုဝင်ဘာလအတွင်းက မြန်မာနိုင်ငံသို့ အမေရိကန်သမ္မတဘားရက်အိုဘားမားလာရောက်စဉ် ရန်ကုန်တက္ကသိုလ်၌ မိန့်ခွန်းပြောကြားစဉ်အခါက အသုံးပြုခဲ့ပြီး အိုဘားမားက မိန့်ခွန်းရှည်များ ပြောကြားရာတွင် အဆိုပါ ဖန်သားပြင်ကို အမြဲသုံးလေ့ရှိသည်။

"ဒီ Telepromter တွေကို မြန်မာနိုင်ငံမှာတော့ ဝယ်လို့ မရသေးပါဘူး။ နိုင်ငံတကာမှာတော့ ဝယ်လို့ရနေပါပြီ။ အစိုးရပိုင်းမှ မဟုတ်ဘူး။ လူတိုင်းအသုံးပြုလို့ရပါတယ်။ ဈေးနှုန်းက အမေရိကန်ဒေါ်လာ ၁၀၀၀ ကျော်ကနေ ၃၀၀၀ ကျော်အထိ ရှိတယ်" ဟု ပြည်တွင်းမှ ကွန်ပျူတာ ပညာရှင်တစ်ဦးဖြစ်သူ ဦးရဲမြတ်သူက ပြောသည်။

# ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံခြင်းက မှောင်ခိုကုန်သွယ်မှု တိုးလာစေဟုဆို

**ပြည့်သိမ်း**

**ရန်ကုန်၊ ဒီဇင်ဘာ ၂၈**

မြန်မာနိုင်ငံ၏ အဓိကသွင်းကုန်များအပေါ် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံခြင်းသည် မှောင်ခိုကုန်သွယ်မှုကို ပိုတိုးလာစေကြောင်း သွင်းကုန်လုပ်ငန်းရှင်များက မြန်မာနိုင်ငံဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှင့် တွေ့ဆုံပွဲတွင် ပြောကြားသည်။

ပြီးခဲ့သည့်ဧပြီလ၁ရက်မှစ၍ မြန်မာ နိုင်ငံ၏ အဓိကသွင်းကုန်များဖြစ်သည့်စားအုန်းဆီနှင့်ဆေးမျိုးစုံအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ၅ရာခိုင်နှုန်း ကောက်ခံခဲ့သည်။ စားအုန်းဆီအပေါ်ယခင်က ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံခြင်းမရှိဘဲ ဆေးမျိုးစုံကိုဝဒသမ ၅ရာခိုင်နှုန်းသာကောက်ယူကြောင်း လုပ်ငန်းရှင်များကဆိုသည်။

"အရင်က အခွန်မကောက်တော့ နယ်စပ်က မှောင်ခိုဝင်တာမရှိဘူး" ဟုမြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌဦးသိန်းဟန်ကဆိုသည်။

နယ်စပ်မှ တရားဝင် တင်သွင်းမည်ဆိုပါက သယ်ယူပို့ဆောင်စရိတ်ကြောင့် ပင်လယ်ရေကြောင်းမှ တင်သွင်းသူများနှင့် မယှဉ်နိုင်ပေ။ မှောင်ခိုတင်သွင်းမှုကြောင့် ယခုနှစ်တွင် ပြည်တွင်း၌ စားအုန်းဆီဈေးနှုန်းမှာ နိုင်ငံတကာဈေးနှုန်းအောက် ရောက်နေသဖြင့် တင်သွင်းသူများ အရှုံးများကြောင်း သတင်းရရှိသည်။

"အခွန်တက်လိုက်တော့ ဆေးဝါးဈေးနှုန်း မြင့်တက်တာနဲ့ ဆေးဝါးတုတွေ ပေါလာတယ်" ဟု မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များ အသင်း၏ အကြံပေး ဒေါက်တာဦးစောလှထွန်းက ပြောကြားသည်။

ပြည်တွင်း၌ သုံးစွဲနေသည့် ဆေးဝါးမျိုးစုံ ၉၀ ရာခိုင်နှုန်းမှာ ပြည်ပမှသာ အဓိကတင်သွင်းသည်။ ထို့ကြောင့် ကုန်သွယ်လုပ်ငန်းခွန်ကို သင့်တင်သော နှုန်းထားနှင့် ပြန်လည်စဉ်းစားပေးပါရန် အထက်ပါလုပ်ငန်းရှင်များက ပြောကြားသည်။

ပြည်ပမှ တရားမဝင် မှောင်ခိုတင်သွင်းမှုများ ပပျောက်ရန် ရွေ့လျားစစ်ဆေးရေးအဖွဲ့ (Mobile Team)များဖြင့် ဇန်နဝါရီ ၁ ရက်မှစတင်၍ တရားဝင်စစ်ဆေးအရေးယူတော့မည်ဖြစ်သည်။ နိုဝင်ဘာ ၁ ရက်မှစတင်၍ မူဆယ်နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းတွင် မှောင်ခိုတင်သွင်းမှု ပပျောက်စေရန် စတင်ဆောင်ရွက်ခဲ့သည်။ ထို့နောက် မြဝတီနယ်စပ်ကုန်သွယ်ရေးကို နိုဝင်ဘာ ၂၀ရက်တွင် စတင်ခဲ့သည်။ **စာ(၁၂)သို့**



လှိုင်သာယာစက်မှုဇုန်အား အပေါ်စီးမှမြင်တွေ့ရစဉ်
ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# စက်မှုလုပ်ငန်းများကို ဇန်နဝါရီ ၁ ရက်မှစ၍ တစ်ရက် ၃ နှစ်နာရီမီးဖြတ်မည်

**သိမ့်သိမ့်စိုး၊ သန်းဌေး**
**ရန်ကုန်၊**
**ဒီဇင်ဘာ - ၃၀**

လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလျော့ကျလာသည့်အတွက် လာမည့် ဇန်နဝါရီ ၁ ရက်မှစ၍ စက်မှုလုပ်ငန်းများကို ညနေ ၄ နာရီမှ ည ၁၁ နာရီအထိ ခုနစ်နာရီကြာ လျှပ်စစ်မီးဖြတ်တောက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ခိုင်က ယနေ့ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ထိုသို့ စက်မှုလုပ်ငန်းများကိုဖြတ်တောက်ရာတွင် ရပ်ကွက်အတွင်းရှိ စက်မှုလုပ်ငန်းများ၊ အစိုးရစက်ရုံလုပ်ငန်း လည်ပတ်မှုများ ပုဂ္ဂလိက စက်မှုဇုန်လုပ်ငန်း လည်ပတ်မှုများအားလုံးကို တစ်ပြိုင်နက်တည်းဖြတ်တောက်သွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

လာမည့် နွေရာသီတွင် အများပြည်သူကို လျှပ်စစ်မီး မဖြတ်တောက်ဘဲ အပြည့်အဝပေးရန် စီစဉ်ထားကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။ ထို့အပြင် ဓာတ်အားလိုအပ်ချက် ထပ်မံမြင့်တက်လာပါက ယခုဖြတ်တောက်မည်ဖြစ်သော စက်မှုလုပ်ငန်းများကိုပင် အချိန်တိုး၍ ထပ်မံဖြတ်တောက်သွားမည်ဖြစ်ကြောင်း ဦးအောင်ခိုင်ကပြောသည်။

"စက်မှုဇုန်တွေကို မီးဖြတ်ချင်ဖြတ်ပါ။ ပေးမယ်ဆိုရင်တော့ အလုပ်လုပ်လို့ရအောင် ပေးစေချင်တယ်။ နေ့ဘက်မှာ ဆက်တိုက် ၁၀ နာရီလောက်ပေးမှဖြစ်မှာ။ စက်မှုလုပ်မှုကို တကယ်နားလည်မှ မီးပေးရေးကို ကိုင်ရင်ကောင်းမယ်။ အပေါ်ကလူက မီးပေးတယ်ပြောပြီး အောက်ကလူကဖြတ်တယ်။ ပိုက်ဆံပေးမှမီးပြန်တပ်ပေးမယ်ဆိုရင်လည်း မဟုတ်သေးဘူး။ နိုင်ငံတော်ပါ နစ်နာတာပေါ့။ မီးမလာလို့ ဒီဇယ်နဲ့မီးစက်ကို မောင်းရတာ တစ်ယူနစ်ကို လေးရာ့ငါးဆယ်ကျတော့ ဓာတ်အားခ တိုးကောက်ပြီး မီးမှန်မှန်ပေးတာကမှ အဆင်ပြေဦးမယ်" ဟု ရွှေဝတီမြေပဲဆီစက်ရုံပိုင်ရှင် ဦးခင်စိုးက ပြောသည်။

စာ(၁၂)သို့

## ညှော်မထအုပ်စုဝင်စပါးများ ဈေးပြုတ်ကျ၊ ဝယ်သူမရှိ

**အောင်သူရ၊ ပြည်သိမ်း**
**ရန်ကုန်၊ ဒီဇင်ဘာ ၂၈**

စပါးပေါ်ချိန်က တင်းတစ်ရာလျှင် ကျပ် လေးသိန်းဝန်းကျင်ထိ ရှိခဲ့သော ညှော်မထအုပ်စုဝင် စပါးဈေးမှာ ယခုရက်ပိုင်းတွင် တင်းတစ်ရာလျှင် ကျပ်ငါးသောင်းခန့် ဈေးကျသွားခဲ့ပြီး ဝယ်ယူမည့်သူမရှိ ဖြစ်နေကြောင်း သတင်းရရှိသည်။

"မူဆယ်မှာလည်း ဆန်တွေက ပုံနေတယ်။ ကမ္ဘာ့ဆန်ဈေးကလည်း ၅ ရာခိုင်နှုန်းလောက်ကျတယ်။ မြန်မာနိုင်ငံက တင်ပို့နေတဲ့ ၂၅ မှတ်ဆန်ဆို တစ်တန်ကို ၃၄၀ (ကန်ဒေါ်လာ) ကနေ ၃၂၅ (ကန်ဒေါ်လာ)လောက်ပဲရတော့တယ်။ ဝယ်လို့အား နည်းပြီးဈေးကျသွားတာ"ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ဗဟိုကော်မတီဝင် ဒေါက်တာစိုးထွန်းက ပြောသည်။

နယ်ဈေးကွက်တွင် အကြွေးရစရာရှိသော တောင်သူများထံမှ သာ ကုန်သည်များက စပါးဝယ်ယူကြပြီး ပုံမှန်ဈေးကွက်တွင် ညှော်မထအုပ်စုဝင် စပါးတင်းတစ်ရာလျှင် ကျပ်သုံးသိန်းဝန်းကျင်သာ ရှိကြောင်း ဓနုဖြူမြို့နယ် လှည်းကျိုးရွာမှ တောင်သူဦးသိန်းအောင်ကလည်းပြောသည်။

"စပါးရောင်းပြီး အကြွေးဆပ်ဖို့နဲ့ ပဲစိုက်ဖို့အတွက် တော်တော်ခက်နေကြတယ်"ဟု ရေကြည်မြို့နယ်မှ တောင်သူတစ်ဦးကလည်း ၎င်း၏အတွေ့အကြုံကို ပြောသည်။

ထိုကဲ့သို့ ဈေးကျလာသည့်အတွက် မြန်မာနိုင်ငံ တောင်သူလယ်သမားအသင်းက အရန်ဆန်ကြီးကြပ်ရေးကော်မတီကို ဇန်နဝါရီအတွင်း တန်ချိန်တစ်သိန်းထိ ဝယ်ယူပေးရန် တောင်းဆိုထားကြောင်း အသင်းဥက္ကဋ္ဌဒေါက်တာစိုးထွန်းက ပြောသည်။

"အရေးကြီးတာ ဖေဖော်ဝါရီမှာ ပုံမှန်သင်္ဘောတွေပြန်ထွက်ရင် သူဈေးနဲ့သူဖြစ်သွားလိမ့်မယ်။ ငွေလည်းလည်ပတ်သွားလိမ့်မယ်" ဟု ဒေါက်တာစိုးထွန်းက ဆိုသည်။

ယခုရက်ပိုင်းတွင် စပါးဈေးကျဆင်းလာသည့်အတွက် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သော MAPCO အများပိုင်ကုမ္ပဏီက ဒီဇင်ဘာလ ၂၆ ရက်မှစ၍ တစ်နေ့လျှင် ဆန်အိတ် ငါးထောင်မှ တစ်သောင်းကြား နေ့စဉ်ဝယ်ယူနေပြီး အရန်ဆန်ကြီးကြပ်ရေးကော်မတီကလည်း ဆန်တန်ချိန် သုံးသောင်းဝယ်ယူမည်ဟု ပြောရေးဆိုခွင့်ရှိသူ ဦးရဲမင်းအောင်က ပြောသည်။

ယခုနှစ်တွင် အရန်ဆန်ဝယ်ယူရန် ကျပ်ငွေ ၇ ဒသမ ၅ ဘီလီယံသာရှိသည့်အတွက် ပြီးခဲ့သည့်လက အရန်ဆန်တန်ချိန်တစ်သောင်းသာ ဝယ်ယူနိုင်ခဲ့သည်။

ပြီးခဲ့သည့် နှစ်စပါးပေါ်ချိန်တွင် စပါးဈေးကျဆင်းခဲ့သည့်အတွက် အရန်ဆန်ကြီးကြပ်ရေးကော်မတီဖွဲ့စည်းကာ နိုင်ငံတော်က ကျပ်ငွေ ၁၀ ဘီလီယံ ထုတ်ပေးခဲ့သည်။




7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.43 • JANUARY 3 , 2013

# ဒေါ်အောင်ဆန်းစုကြည်၏ သိုးမွေးဆွယ်တာနှစ်ထည် လေလံတင်ရာတွင် ကျပ်သိန်းတစ်ထောင်ကျော်ရ



အမည်မဖော်လိုသူတစ်ဦး ကျပ်သိန်းပေါင်း ၆၃၀ဖြင့် လေလံဆွဲသွားသော သိုးမွေးဆွယ်တာအင်္ကျီနှင့် ဒေါ်တင်မိုးလွင်ကိုတွေ့ရစဉ် ဓာတ်ပုံ-ကျော်ဇင်သန်း

**အောင်သူရ**

**ရန်ကုန်၊ ဒီဇင်ဘာ - ၃၀**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပညာရေးကွန်ရက်က ပြုလုပ်သော ပညာရေးရန်ပုံငွေ ဂီတဖျော်ဖြေပွဲတွင် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် ထိုးထားသော သိုးမွေးဆွယ်တာ နှစ်ထည်အား ပညာရေးရန်ပုံငွေအတွက် လေလံတင်ခဲ့ရာ စုစုပေါင်း ကျပ်ငွေ ၁,၀၄၅သိန်း (ကန်ဒေါ်လာတစ်သိန်းနှစ်သောင်းကျော်) ရရှိခဲ့သည်။

ဖျော်ဖြေပွဲပထမနေ့အတွက် လေလံတင်သော အင်္ကျီမှာ ဒေါ်အောင်ဆန်းစုကြည်နေအိမ် အကျယ်ချုပ်ကျစဉ်က ထိုးထားသော သိုးမွေးဆွယ်တာထည်ဖြစ်ပြီး ရွှေအက်ဖ်အမ်က ကျပ် ၄၁၅ သိန်းဖြင့် လေလံအောင်ခဲ့သည်။

ဒုတိယနေ့အတွက် လေလံတင်သော အင်္ကျီမှာ ဒေါ်အောင်ဆန်းစုကြည် ဗြိတိန်နိုင်ငံတွင် နေထိုင်စဉ် ဝတ်ဆင်ခဲ့သော သိုးမွေးဆွယ်တာဖြစ်သည်။ သားများ ကျောင်းသွားနေချိန်တွင် ကိုယ်တိုင်ချည်ထိုးပြီး ကိုယ်တိုင်ဝတ်ဆင်ခဲ့သော အင်္ကျီဖြစ်သည်။ယင်းအင်္ကျီကို ကမာရွတ်မြို့နယ်တွင် နေထိုင်သူ အမည်မဖော်လိုသူတစ်ဦးက ကျပ်သိန်းပေါင်း ၆၃၀ ဖြင့် လေလံအောင်သွားခဲ့သည်။

ပထမလေလံအားကျပ်သိန်း ၅၀ ဖြင့် ဈေးဖွင့်ခဲ့ပြီး ဒုတိယနေ့ လေလံကိုမူ ကျပ်သိန်း ၁၀၀ ဖြင့် စတင်ဈေးဖွင့်ခဲ့သည်။

အဆိုပါ ဂီတဖျော်ဖြေပွဲအတွက် Sky Net ရုပ်သံနှင့် ရွှေFM တို့က ကျပ်သိန်း ၁,၃၀၀၊ အဲပုဂံနှင့် အာရှစိမ်းလန်းမှု ဖွံ့ဖြိုးရေးဘဏ် (AGD) ဘဏ်က ကျပ်သိန်း ၇၀၀၊ MDGကကျပ်သိန်း၁၀၀နှင့်Shoe Galleryကကျပ်၄၅သိန်းတို့လှူဒါန်းခဲ့ကြသည်။အဆိုပါနှစ်ရက်အတွင်း စုစုပေါင်းကျပ်သိန်း၄,၆၀၀ကျော်ရရှိထားပြီး ဆက်လက်လှူဒါန်းမှုများရှိနေသေးကြောင်း NLD ပညာရေးကွန်ရက်မှ ဗဟိုအလုပ်အမှုဆောင်ကိုယ်က ပြောသည်။

# အပစ်အခတ်ရပ်ပြီးနောက်တွင် အစိုးရနှင့် RCSS/SSA ကြားတိုက်ပွဲငယ်၅၀ကျော်ဖြစ်ပွား

**သီဟ**

**ရန်ကုန်၊ ဒီဇင်ဘာ - ၃၁**

အပစ်အခတ်ရပ်စဲခြင်းအားပြန်လည်သုံးသပ်ကြည့်ပါက ကောင်းကျိုးနှင့်ဆိုးကျိုးနှစ်မျိုးစလုံးကိုတွေ့ရှိရမည်ဖြစ်ကြောင်းရှမ်းပြည်နယ်ပြန်လည်ထူထောင်ရေးကောင်စီ / ရှမ်းပြည်နယ်တပ်မတော် (RCSS/SSA) ၏ တစ်နှစ်ပြည့် အပစ်အခတ်ရပ်စဲခြင်းအပေါ် ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိပြီးနောက် တပ်မတော်နှင့် RCSS/SSA ကတို့ တိုက်ပွဲငယ်ပေါင်း ၅၀ ကျော် ထပ်မံဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟုသိရသည်။ဖြစ်ပွားသည့်တိုက်ပွဲများသည်လည်း အစိုးရတပ်မတော်မှ SSA တပ်ဖွဲ့ဝင်များအား စတင်တိုက်ခိုက်ခြင်းကြောင့်ဖြစ်ပြီး SSA ဘက်မှ ငြိမ်းချမ်းရေးပျက်မည်စိုးသဖြင့် မိမိကိုယ်ကို ကာကွယ်ရေးအတွက် ပြန်လည်ခုခံခြင်းသာ ပြုလုပ်လျက်ရှိသည်ဟု RCSS/SSA ၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

"တကယ်တမ်းတွင် အစိုးရဘက်မှ ငြိမ်းချမ်းရေးကမ်းလှမ်းခြင်း စပြုလုပ်သည့်အတွက် အစိုးရမှ တော်လှန်ရေးတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအပေါ် စိတ်ရှည်သည်းခံခွင့်လွှတ်ခြင်းများ ပြုလုပ်ရမည်ဖြစ်ပါသည်။ သို့သော် ထိုကဲ့သို့ဖြစ်ပေါ်လာခြင်းမရှိခဲ့ပါ။ တော်လှန်ရေးတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း များဘက်ကသာ အစိုးရအပေါ် စိတ်ရှည်သည်းခံမှုများထားရှိခဲ့ပါသည်" ဟု RCSS/SSA ၏ ထုတ်ပြန်ချက်တွင် ရေးသားထားသည်။

အပစ်အခတ်ရပ်စဲထားသည့် တစ်နှစ်အတွင်းတွင် ရှမ်းပြည်အတွင်း၌ ပြောင်းလဲမှုများ မှာ အနည်းငယ်သာဖြစ်ပေါ်ခဲ့ပြီး အစိုးရဘက်မှဒေသဆိုင်ရာ အာဏာပိုင်များသည် ဩဇာကို ဆက်လက်ထူထောင်ထားသည့် သဘောများရှိကြောင်း RCSS/SSA မှ ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီဝင်တစ်ဦးက ပြောသည်။

"ကျွန်တော်တို့တွေပြည်မဘက်ကိုတစ်နေရာရာသွားရင် သတင်းပို့ပြီးမှ ခွင့်ပြုချက်ရမှ သွားရတယ်။ အစိုးရတပ်တွေကတော့ တောထဲမှာ ဘယ်နေရာ ဖြစ်ဖြစ်သွားလာနေကြတယ်" ဟု RCSS/SSA မှ ဒုတိယဗိုလ်မှူးကြီး တစ်ဦးက ပြောသည်။

ရှမ်းပြည်နယ်ပြန်လည်ထူထောင်ရေးကောင်စီ / ရှမ်းပြည်တပ်မတော် (RCSS/SSA) နှင့် အစိုးရတို့ကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂ရက်နေ့တွင် တရားဝင်လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

# တိုက်ပေါ်မှ ခုန်ချသော စိတ်ကျန်းမာရေး မကောင်းသည့် ဆရာတော် ပျံလွန်တော်မူ

**ဖွဲ့ညာက်**

**ရန်ကုန်၊**
**ဒီဇင်ဘာ - ၂၈**

စိတ်ကျန်းမာရေးမကောင်းသော ဆရာတော်တစ်ပါး စိတ်ဖောက်ပြန်၍ ဒီဇင်ဘာ ၂၇ ရက်ညပိုင်းက စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက် ဇေယျဝတီလမ်းတွင် လက်ရှိသီတင်းသုံးနေသော လေးလွှာတိုက်ခန်းမှ ခုန်ချခဲ့ကြောင်း သတင်းရရှိသည်။

ဆရာတော်သည် ဒီဇင်ဘာ ၂၇ ရက် ည ၈ နာရီခန့်၌ လက်ရှိသီတင်းသုံးနေသော အမြင့် ၃၅ ပေ ခန့်ရှိ လေးလွှာတိုက်ခန်းမှ ခေါင်းလောင်းကြိုးအားဆွဲ၍ ခုန်ချခဲ့ရာ တိုက်အောက် ကွန်ကရစ်ခင်းနှင့် ဦးခေါင်းထိခိုက်မိပြီး ရန်ကုန်ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြော၌ာနတွင် အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူစဉ် ဒီဇင်ဘာ ၂၈ နံနက် ၂ နာရီ ကျော်က ပျံလွန်တော်မူသွားကြောင်း သတင်းရရှိသည်။

ဆရာတော်၏ ဘွဲ့မှာ ဦးဝိသုဒ္ဓဖြစ်၍ သက်တော် (၆၈ နှစ်) ဝါတော် (၄၈) ဝါရှိပြီး ယခင်က စမ်းချောင်းမြို့နယ် မုန့်/တောင် ရပ်ကွက် မိုးမခလမ်း ဇေယျသုခ ကျောင်းတိုက်၌ သီတင်းသုံးခဲ့ကြောင်း သံတံတားရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဆရာတော်သည် စိတ်ကျန်းမာရေးမကောင်းသဖြင့် လွန်ခဲ့သောခုနစ်လခန့်မှစ၍ စမ်းချောင်းမြို့နယ် သံတံတားရပ်ကွက် ဇေယျဝတီလမ်းရှိ နေအိမ်သို့ ပြောင်းရွှေ့သီတင်းသုံးခဲ့သည်။

ထိုကဲ့သို့ ပြောင်းရွှေ့သီတင်းသုံးခဲ့မှုနှင့်ပတ်သက်၍ ဇေယျသုခကျောင်းတိုက် ကျောင်းထိုင်ဆရာတော်ကြီးက ဆရာတော် ဦးဝိသုဒ္ဓ စိတ်ကျန်းမာရေး မကောင်းဖြစ်လာလျှင် အတူနေထိုင်သောဆရာတော်များအား ဓားဖြင့်ရန်မူတတ်သောကြောင့် ပြီးခဲ့သောနှစ်ပြာသိုလက ၎င်း၏ဆွေမျိုးများအား ပြန်လည်အပ်နှံခဲ့ကြောင်း ပြောပြသည်။

ယခုဖြစ်စဉ်အား ဓမ္မတာ အတိုင်း သေဆုံးခြင်း ဟုတ်/မဟုတ် စစ်ဆေးနိုင်ရန် စမ်းချောင်းရဲစခန်း သေမှုသေခင်း အမှတ်စဉ် ၂၂/၁၂ ဖြင့် အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

TRADEMARK CAUTION
SUZUKI MOTOR CORPORATION., a company incorporated in Japan at 300, Takatsuka-cho, Minami-ku, Hamamatsu-shi, Shizuoka-ken, Japan is the Owner and Sole Proprietor of the following Trademark:-

CARRY

Reg No. 4/13894/2012
In respect of : Int'l class 12 : Automobiles, motorcycles, all terrain vehicles, and the parts and fittings.
Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.
U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 3 Jan 2013

ကျွန်တော် အငြိမ်းစားဝန်ကြီးချုပ် သူရဦးထွန်းတင်၏ အသက်မှာ (၉၃) နှစ်ထဲအဝင် ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်သိန်း၏ အသက်မှာလည်း (၈၅) နှစ်ထဲအရောက် ကျွန်တော်ကျွန်မတို့၏ ရုပ်၊ နာမ်နှစ်ပါး ရှိနေစဉ် မဟာသံဃနာယကအဖွဲ့ဝင် သုဝဏ္ဏဘုမ္မိ သထုံလယ်ဝန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသိရိန္ဒနှင့်တကွ သံဃာတော် အရှင်သူမြတ်ငါးပါးတို့အား ၆. ၁၂. ၂၀၁၂ ကြာသပတေးနေ့တွင် ဆွမ်း၊ သင်္ကန်း၊ နဝကမ္မနှင့် စာရေးတံမဲဖောက် ကပ်လှူပူဇော်ပြီး သရဏဂုံတင်ထားပါသည်။ နတ်တော်လပြည့် ၂၈. ၁၂. ၂၀၁၂ ရက်တွင်လည်း ပါရမီ ဝိဇ္ဇောတာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိဇ္ဇောတနှင့် သံဃာတော် အရှင်သူမြတ် (၂၅) ပါးတို့အား သင်္ကန်းတော်မြတ် လှူဖွယ်ဝတ္ထု အစုစုနှင့် နဝကမ္မများ ကပ်လှူပူဇော်ပြီး သရဏဂုံ သီလဆောက်တည်ကြပါသည်။ သိတိ အေးချမ်းသော၊ သန္တိငြိမ်းချမ်းသော မင်္ဂလိပ်နိဗ္ဗာန်ကိုရည်စူး၍ ကျောင်းရှိ သံဃာတော် အရှင်သူမြတ် (၁၇၀) ပါးအား နံနက်အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ညနေအချိုရည် ကပ်လှူပူဇော်လှူဒါန်းပါသည်။

"သုခိနောဝ ခေမိနောဟောန္တု သဗ္ဗသတ္တာဘဝန္တု သုခိတတ္တာ"

**Vacancy Announcement**

EVER Neuro Pharma is a European Pharmaceutical company specializing in providing the treatment options in the area of cerebrovascular and neurodegenerative disease. We have started our business operations more than 10 years in Myanmar.

We are looking for a dynamic, result-driven and honest person who can work as

**Medical Representative.**

**Requirement**
- B.Pharm (or) B.V.Sc
- Willing to travel
- Good commend of spoken and written English

The interested and qualified candidates should submit CV together with a recent passport size photograph to the following address not later than 15th January, 2013.

Only short-listed candidates will be called for an interview.

**EVER Neuro Pharma (Asia) Limited**
**C/o Pyrex trading**
**3A, Dagon Tower, Shwe Gon Daing Road, Bahan, Yangon.**
**Email: Admin.Myanmar@everpharma.asia**


# တစ်လခွဲအတွင်း နောက်ဆက်တွဲ မြေငလျင် ၁၀၀ နီးပါးလှုပ်

**သိမ့်သိမ့်စိုး၊ ထွန်းခိုင်**
**ရန်ကုန်၊**
**ဒီဇင်ဘာ - ၃၁**

လူ ၁၀ ဦးကျော်သေဆုံးပြီး အဆောက်အအုံပေါင်းများစွာ ပျက်စီးခဲ့သည့်မြန်မာနိုင်ငံအထက်ပိုင်း ရွှေဘိုမြေငလျင်လှုပ်ခတ်ခဲ့ပြီး တစ်လခွဲအတွင်း နောက်ဆက်တွဲ မြေငလျင် ၁၀၀ နီးပါး လှုပ်ခတ်ခဲ့ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။

အဆိုပါ ငလျင်သည် ပြင်းအား ရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိပြီး ရွှေဘိုမြို့၏ မြောက်ဘက် ၄၅ မိုင်ခန့်ကွာဝေးသော နေရာကို ဗဟိုပြုပြီး နိုဝင်ဘာ ၁၁ ရက်က လှုပ်ခတ်ခဲ့သည်။ ယင်းငလျင်လှုပ်ခတ်ပြီး နောက်ပိုင်း ဒီဇင်ဘာ ၂၆ ရက်အထိ ပြင်းအား ရစ်ချ်တာစကေး ၁ မှ ၅ ဒသမ ၈ အကြားရှိ နောက်ဆက်တွဲငလျင် ၉၆ ကြိမ်အထိ လှုပ်ခတ်ခဲ့ကြောင်း အဆိုပါဌာနက ထုတ်ပြန်သည်။

"ဒီလောက်ပမာဏဆိုရင် နောက်ဆက်တွဲက နှစ်လလောက်ကြာအောင် လှုပ်နေကျပဲလေ" ဟု မြန်မာနိုင်ငံ မြေငလျင်ကော်မတီ အတွင်းရေးမှူး ဦးစိုးသူရထွန်းက ပြောသည်။




**မြေငလျင်ကြီးလှုပ်ပြီး အင်အားအသင့်အတင့်ရှိ နောက်ဆက်တွဲမြေငလျင်များလှုပ်ထားသည်ကိုပြသောပုံ**

ယင်းငလျင်နှင့်ပတ်သက်ပြီး နောင်တစ်ချိန်တွင် မြို့ပြစီမံကိန်းရေးဆွဲရာ၌ အသုံးဝင်စေရန် ဘူမိဗေဒနှင့် အင်ဂျင်နီယာပိုင်းဆိုင်ရာ လေ့လာမှုများ ပြုလုပ်နေကြောင်း ၎င်းက ပြောသည်။

ပြတ်ရွေ့ပေါ်တွင်တည်ရှိသော နေရာများအတွက် လနှင့်ချီ ကြာမြင့်ပြီးနောက် ထပ်မံလှုပ်ရှားမှုများ ဖြစ်လာနိုင်သောကြောင့် သတိဖြင့်နေပါက အကောင်းဆုံးဖြစ်ကြောင်း ၎င်းကပြောသည်။

"ရောဝတီမြစ်တစ်လျှောက်မှာ လှုပ်တာဆိုတော့ ကမ်းပါးတွေ ပြိုကျနိုင်တဲ့ အနေအထားတွေ ရှိတယ်။ ချက်ချင်းသိသာတာလည်းရှိတယ်။ မသိသာတာလည်းရှိတယ်။ ကမ်းပါးစွန်းနဲ့ ရှိတဲ့နေရာတွေ သတိထားသင့်တယ်။ မိုးတွင်းရောက်ရင် အက်ကြောင်းတွေကတစ်ဆင့် ကမ်းပြိုတာတွေ သတိထားသင့်တယ်" ဟု ဦးစိုးသူရထွန်းက ပြောကြားသည်။

# သပိတ်ကျင်းငလျင်ကြောင့် စစ်ကိုင်းတွင် ကျပ်သိန်းပေါင်း တစ်သောင်းသုံးထောင်ကျော်ဆုံးရှုံး

**သန်းထူး**

**နေပြည်တော်၊ဒီဇင်ဘာ-၂၂**

ယခုနှစ်နိုဝင်ဘာ ၁၁ ရက်ကလှုပ်ခတ်ခဲ့သော သပိတ်ကျင်းငလျင်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ကျပ်သိန်းပေါင်း ၁၃၉၂၈ ဒသမ ၉ သိန်း ရှိခဲ့ကြောင်း လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

"စစ်ကိုင်းတိုင်းဒေသကြီးက ပျက်စီးဆုံးရှုံးမှုတန်ဖိုးတော့ရပါပြီ။ စုစုပေါင်းကျပ်သိန်းပေါင်း ၁၃၉၂၈ ဒသမ ၈ ရှိခဲ့တယ်လို့ အကြမ်းဖျင်းသိရပါတယ်။ မန္တလေးတိုင်းဒေသကြီးကတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့က စာရင်းကောက်ယူဆဲပါပဲ" ဟု အဆိုပါဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးတစ်ဦးဖြစ်သူ ဦးအောင်ခိုင်က ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင်စစ်ကိုင်း၊ ရွှေဘို၊ ဝက်လက်၊ ခင်ဦး၊ ကန့်ဘလူ၊ ရေဦး၊ ကျောက်မြောင်း မြို့နယ်များတွင် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပြီး လူခုနစ်ဦး သေဆုံးခဲ့ကာ ၃၂ဦး ထိခိုက်ခဲ့ကြောင်း၊ ယင်းပုဂ္ဂိုလ်များမှာလည်း ကျောက်မြောင်းမြို့နယ်မှဖြစ်ကြောင်း သိရှိရသည်။

ငလျင်ကြောင့် လူနေအိမ် ၃၃ လုံးပြိုကျကာ ၅၄၁ လုံး ပျက်စီးခဲ့ကြောင်း၊ အစိုးရအဆောက်အအုံ ၃၇ လုံး ပျက်စီးခဲ့ကြောင်း၊ စာသင်ကျောင်းတစ်ကျောင်း ပြိုကျကာ ၉၄ လုံး ပျက်စီးခဲ့ကြောင်း၊ ဆေးရုံသုံးရုံ ပျက်စီးခဲ့ကြောင်း၊ သာသနိကအဆောက်အအုံ ၁၇ လုံးပြိုကျကာ ၂၁၇ လုံး ပျက်စီးခဲ့ကြောင်း၊ စေတီ ၁၂ ဆူ ပြိုကျကာ ၃၀၄ ဆူ ပျက်စီးခဲ့ကြောင်းနှင့် အခြားအဆောက်အအုံ ၂၇ လုံး ပြိုကျကာ ၃၃ လုံး ပျက်စီးခဲ့ကြောင်း ထပ်မံသိရှိရသည်။



7 DAY NEWS JOURNAL
Vol.11, No.43 • JANUARY 3 , 2013

## ၂၀၁၃ ဇန်နဝါရီ ၂၂ ရက်ထိ
## မိုးလေဝသနှင့် ဇလဗေဒသုံးသပ်ချက်

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းမှာမုတ်သုံလေဦး ဆက်လက်တည်ရှိနေနိုင်ပြီး လေဖိအားနည်း ရပ်ဝန်းများ တန်းစီဖြစ်နိုင်သော်လည်း မုန်တိုင်းဖြစ်လာရန် အခြေအနေမရှိနိုင်ပါ။ ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းနဲ့ ယင်းနှင့်ဆက်စပ်နေသော ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး၊ လေထုမငြိမ်မသက်ဖြစ်ပေါ်နိုင်။ ကျန်ဘင်္ဂလား ပင်လယ်အော်တွင် အများအားဖြင့် သာယာနိုင်ပါတယ်။ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းကြောင့် ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင် ထစ်ချုန်းမည့်အခြေအနေများ တိုးလာနိုင်ပါတယ်။

**မုန်တိုင်းဖြစ်ပေါ်နိုင်မှုအခြေအနေ**

လာမယ့်ရက်သတ္တပတ်အတွင်း တောင်တရုတ်ပင်လယ်ပြင်၊ ဖိလစ်ပိုင်နိုင်ငံအရှေ့ဘက် ပင်လယ်ပြင်နဲ့ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းမှာ မုန်တိုင်းငယ်များ ဖြစ်ပေါ်နိုင်တဲ့ အခြေအနေတွေရှိနိုင်ပါတယ်။ မုန်တိုင်းဖြစ်ပေါ်ဖို့ အလားအလာများ သတိထားရန်လိုသော်လည်း မြန်မာနိုင်ငံအတွက် စိုးရိမ်ရန်မရှိပါ။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

ရခိုင်ကမ်းရိုးတန်း၊ မြစ်ဝကျွန်းပေါ် ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်တို့မှာ လှိုင်းအနည်းငယ်ရှိနိုင်ပြီး၊ လှိုင်းအမြင့် ၁ ပေမှ ၂ ပေခန့် ရှိနိုင်ပါတယ်။ မွန်-တနင်္သာရီ ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်တွေမှာ လှိုင်းအမြင့် ၂ ပေမှ ၄ ပေ ခန့် ရှိနိုင်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

ပြီးခဲ့တဲ့ ဒီဇင်ဘာလနောက်ဆုံးပတ်အတွင်းမှာမြန်မာနိုင်ငံတောင်ပိုင်းစွန်း တနင်္သာရီတိုင်း တောင်ပိုင်းမှာ မိုးအနည်းငယ်ရွာသွန်းခဲ့ပြီး ရက်သတ္တတစ်ပတ်အတွင်း မိုးရေချိန် ၃၀ မီလီမီတာ(၁. ၂လက်မ)ခန့်ရွာသွန်းခဲ့ပါတယ်။ ကျန်ဒေသတွေမှာတော့ သာယာနေခဲ့ပါတယ်။

**မိုးရွာသွန်းနိုင်မှုခန့်မှန်းချက်**

တစ်ပြည်လုံးတွင် မိုးတိမ်တောင်ဖြစ်ရန်အလားအလာ လျော့နည်းနိုင်ပါတယ်။ တနင်္သာရီတိုင်းတွင် နေရာကွက်ကျားမိုးအနည်းငယ်ဆက်လက်ရွာနိုင်ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ကရင်ပြည်နယ်၊မွန်ပြည်နယ်တို့မှာ တိမ်အနည်းငယ်မှအသင့်အတင့် ဖြစ်ထွန်းနိုင်ပါတယ်။ ကျန်တစ်ပြည်လုံးတွင် သာယာပါမယ်။

**ညအပူချိန်များ**

တစ်ပြည်လုံးတွင် ညအပူချိန်များအနည်းငယ်ပြန်လည်မြင့်တက်လာနိုင်ပါတယ်။ အရှေ့ပိုင်းဒေသများမှာ အအေးပေါ့လာနိုင်ပါတယ်။ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတို့မှာ ညအပူချိန်များ ဖြစ်မြဲထက်ပိုနိုင်ပြီး အအေးပေါ့နိုင်ပါတယ်။ ကျန်ဒေသများမှာ ပုံမှန်ခန့် ရှိနိုင်ပါတယ်။ ကချင်ပြည်နယ်၊စစ်ကိုင်းတိုင်း၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ကယားပြည်နယ် တို့မှာ နံနက်ပိုင်းအချိန်ခါများမှာ မြူထူများ ကျဆင်းနိုင်ပါတယ်။

**နေ့အပူအချိန်များ**

ကချင်ပြည်နယ်တွင် နေ့အပူချိန်တွင် မြင့်တက်လာနိုင်ပါတယ်။ ရခိုင်ပြည်နယ်တောင်ပိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း အနောက်ပိုင်းတို့မှာနေ့အပူချိန်များဖြစ်မြဲထက် သိသိသာသာ ပိုမိုမြင့်တက်လာနိုင်သည်။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

တောင်တရုတ်ပင်လယ်ပြင်တွင် မုန်တိုင်းဖြစ်ရန် အခြေအနေများ ရှိနိုင်ပါတယ်။ အရှေ့လေပွေလှိုင်းကြောင့် မြန်မာနိုင်ငံတောင်ပိုင်းတွင် မိုးရွာသွန်းမှုရှိနိုင်ပါတယ်။

**ဒေါက်တာထွန်းလွင်**

# နွေစပါးစိုက် လယ်သမားများကို ရောင်းရန် လယ်ယာစီးပွားကော်ပိုရေးရှင်း ဓာတ်မြေဩဇာ အိတ်တစ်သိန်း တင်သွင်းမည်

**ပြည်သိမ်း၊အောင်သူရ**
**ရန်ကုန်၊**
**ဒီဇင်ဘာ-၃၀**

နွေစပါးစိုက် လယ်သမားများကို ငါးလဆိုင်းဖြင့် ရောင်းချပေးရန် ယူရီးယားဓာတ်မြေဩဇာ အိတ်တစ်သိန်းကို ပြည်ပမှ ဝယ်ယူမည်ဖြစ်ကြောင်း ကော်ပိုရေးရှင်း (MAPCO)မှ သတင်းရရှိသည်။

နွေစပါးစိုက်တောင်သူလယ်သမားများကို ငါးလဆိုင်းငွေပေးချေစနစ်ဖြင့် ရောင်းချမည်ဖြစ်ပြီး ဈေးနှုန်းမှာ ပြည်ပမှ ဝယ်သည့် တန်ဖိုးနှင့် သယ်သူပို့ဆောင်စရိတ်သာ ပေါင်းထားသည့်နှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ တောင်သူလယ်သမားအသင်းဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းကပြောသည်။

"ဓာတ်မြေဩဇာက ဒေဝူးကုမ္ပဏီကဝယ်ဖို့စီစဉ်ထားတယ်။ ရောင်းပေးမှာက နွေစပါးအဓိကစိုက်တဲ့ ဒေသတွေပဲ"ဟု အဆိုပါပုဂ္ဂိုလ်ကဆိုသည်။

ထို့ကြောင့် နွေစပါးအဓိကစိုက်ပျိုးသည့် ဧရာဝတီတိုင်း၊ စစ်ကိုင်းတိုင်း၊ ရန်ကုန်တိုင်းဒေသကြီးတို့ရှိ တောင်သူလယ်သမားအသင်းများသည် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သို့ လိုအပ်သောလယ်သမားများ ဆက်သွယ်ဝယ်ယူနိုင်သည်။



# ၂၀၁၃ ဟောကိန်း

**ဥက္ကာကိုကို၊ ပြည်သိမ်း**

**၂၀၁၃ တွင် မြန်မာနိုင်ငံ၏ ကံကြမ္မာအနေဖြင့် မည်သို့ဖြစ်လာနိုင်ဖွယ်ရှိသည်ကို ဗေဒင်ပညာရှင် ဆရာစံဇာဏီဘိုနှင့် မြန်မာနိုင်ငံ နက္ခတ်သိပ္ပံအဖွဲ့ချုပ်၊ နိုင်ငံတကာရေးရာနက္ခတ်သိပ္ပံသင်တန်းကျောင်း၊ အမှုဆောင်အရာရှိချုပ် ဦးဇေယျာကိုတို့က အောက်ပါအတိုင်း ဟောကိန်းထုတ်သည်။**

၂၀၁၃ ခုနှစ်တွင် နိုင်ငံရေးကိစ္စများနှင့် ပတ်သက်၍ အခြေခံဥပဒေ၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်တို့တွင် အပြောင်းအလဲသိပ်မရှိနိုင်ဘဲ အများပူပန်နေကြသော တစ်ကျော့ပြန်အာဏာသိမ်းမှုမရှိနိုင်ကြောင်း ဆရာစံဇာဏီဘိုကဆိုသည်။ သို့သော် ပြည်ထောင်စုဝန်ကြီး၊ ဒုဝန်ကြီးအဖွဲ့အစည်းထဲမှာမူ တိုးချဲ့ခန့်အပ်ခြင်း၊ ပြောင်းလဲခန့်အပ်ခြင်းများရှိနိုင်ကြောင်း ၎င်းကပြောသည်။

အစိုးရတပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်တို့အကြားဖြစ်ပွားလျက်ရှိသော တိုက်ပွဲများမှာ ၂၀၁၃တွင် ရပ်တန့်နိုင်ရန် အလားအလာ အလွန်နည်းပါးနေပြီး ကချင်ငြိမ်းချမ်းရေးမှာလည်း ရွှေပြည်တော် မျှော်တိုင်းဝေးဖြစ်နေမည်ဟုဦးဇေယျာကိုကဟောသည်။

အလားတူပင် ဆရာစံဇာဏီဘိုကလည်း "အထူးသတိထားရမှာကတော့လက်နက်နဲ့သွေးထွက်သံယိုမှုတွေကို လာမည့်နှစ်မှာ သတိထားဖို့လိုတယ်။ ပြိဿရာသီ ရောက်တိုင်း သတိရှိရမယ်" ဟု ဆိုသည်။

အစိုးရနှင့် ငြိမ်းချမ်းရေးရယူထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းထဲမှ အချို့နှင့် သဘောတူညီမှု ပျက်ပြားမှုရှိနိုင်ကြောင်း ဦးဇေယျာကိုကဆိုပြီး ယင်းကိစ္စနှင့်ပတ်သက်၍ "လက်ရှိနိုင်ငံ့အခင်းအကျင်းက ဒီလိုမဖြစ်နိုင်ဘူးလို့ ပညာရှင်တွေက ပြောဆိုကြပေမယ့် ကျွန်တော်တို့အဖွဲ့ကတော့ ဒီလိုပဲသုံးသပ်ပါတယ်"ဟု ဆိုသည်။

၂၀၁၃ နှစ်တွင် ရပ်တည်မှုအဆိုးဖြင့် စနေနှင့် ရာဟုဂြိုဟ်၊ အင်္ဂါနှင့် ကြာသပတေးဂြိုဟ်၊ နက်ပကျွန်းဂြိုဟ် စသဖြင့် တြိဂံအနေအထားဖြင့် တစ်ပြိုင်နက် ပူးယှဉ်ကြမည်ဖြစ်ပြီး ယင်းအခြေအနေမှာ နိုင်ငံ၏ နိုင်ငံခြားရေးရာ၊ နယ်စပ်ရေးရာ၊ သံတမန်ရေးရာ၊ အမှုအခင်းရေးရာ၊စိတ်သောကစသည့် အခြေအနေများကို မကောင်းသည့်ဘက်မှ အားပြုလျက်ရှိမည်ဖြစ်ကြောင်း ဦးဇေယျာကိုက ပြောပြသည်။

နိုင်ငံရေးဆိုင်ရာ လူထုလှုပ်ရှားမှုများမှာ ယခုနှစ်တွင် အားနည်းနေမည်ဖြစ်သည်။ တူရာသီတွင် ရာဟုဂြိုဟ်တည်ဆဲဖြစ်နေသည့်အတွက် အတွေးအခေါ်ပိုင်းမှာလည်း ချွတ်ချော်မှုများ ရှိနေမည်ဖြစ်ကာနောက်ပြန်ဆွဲအတွေးအခေါ်များ ပေါ်နေတတ်ကြောင်း ဆရာစံဇာဏီဘိုကပြောသည်။

"ပါတီပိုင်းရော၊ အုပ်ချုပ်မှုပိုင်းမှာရော နိုင်ငံရေးဆိုင်ရာတွေ ရှေ့ကိုသွားနေပေမယ့် ပြည်သူတွေက နောက်ပြန်ဆွဲချင်နေကြမယ်"ဟု သူကဆိုသည်။

ယခုနှစ်တွင်ပြည်သူများမဖန်တီးဘဲ အလိုလိုဖြစ်လာသည့် စိတ်မိုက်စိတ်ရိုင်းများ ပေါ်လာနိုင်ပြီး မင်းမဲ့စရိုက်ဆန်ဆန် ဖြစ်စဉ်မျိုးမှသည် အမှိုက်ကစ ပြဿဒ် မီးလောင်ဖြစ်ပေါ်နိုင်ကြောင်း၊ အုပ်ချုပ်သူခေါင်းဆောင်တွင် ဆုံးဖြတ်ယူဆချက် လွဲမှားခြင်းနှင့် သည်းခံခွင့်လွှတ်စိတ် နည်းပါးလာသည့် စိတ်ပိုင်းဆိုင်ရာ တွန်းအားပေးမှုဖြစ်ပေါ်နိုင်ပြီး ယင်းအခြေအနေများကြောင့် အစိုးရနှင့်ပြည်သူလက်တွဲညီရမည့်ဒီမိုကရေစီလမ်းကြောင်းကို အနှောင့်အယှက်အတားအဆီးဖြစ်ပေါ်လာနိုင်သည်ဟု ဦးဇေယျာကိုက ပြောသည်။

နိုင်ငံရေးဖော်ဆောင်မှုတွင် ယခုနှစ်အတွင်းအောက်ခြေမှစ၍ ပြည်ထောင်စုအဆင့်အထိ စနစ်တကျဖွဲ့စည်းခြင်းမျိုး တွေးလာရနိုင်ပြီး ပါတီကြီးများဖြစ်သည့်ပြည်ခိုင်ဖြိုးပါတီနှင့် အင်န်အယ်လ်ဒီပါတီတို့ကလည်း ပါတီပိုင်းဖွဲ့စည်းပုံကို ကျစ်လျစ်စွာပြန်လည်တည်ဆောက်ပြီး အမျိုးသားရေးကို ဦးဆောင်သော နိုင်ငံရေးမျိုးကို ပြုလုပ်လာမည်ဖြစ်ကာ ပါတီငယ်များ စုစည်း၍ ညွန့်ပေါင်းဖွဲ့စည်းလာနိုင်ကြောင်း ဆရာစံဇာဏီဘိုက ဆိုထားသည်။

စီးပွားရေးကဏ္ဍအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို အသားပေးသည့် စီးပွားရေးမူဝါဒ ပိုမိုအားကောင်းလာနိုင်ပြီး ကုန်စည်ကူးသန်းရောင်းဝယ်ရေးနှင့် ပတ်သက်၍ ထိခိုက်စေမည့်အကြောင်းများ ရှိနေသည်ဟု သိရသည်။

ဗေဒင်ပညာရပ်အရ တူရာသီတွင် ရာဟုဂြိုဟ်ရှိဆဲဖြစ်ပြီး လကြတ်မှုများ ရှိသည့်အတွက် ကုန်သည်စီးပွားရှာသူတို့ အတိဒုက္ခတွေ့နိုင်သည်။ ၂၀၁၃ ဧပြီ ၂၆ ရက်၊ မေ ၂၅ ရက်၊ အောက်တိုဘာ ၁၉ ရက်တို့တွင် လကြတ်မှုများ ဖြစ်ပေါ်မည်ဖြစ်သည်။ မေ ၁၀ ရက်နှင့် နိုဝင်ဘာ ၃ ရက်တို့တွင် နေကြတ်မှုများ ဖြစ်ပေါ်လိမ့်မည်ဟု စီးပွားရေးနှင့်ပတ်သက်၍ အထက်ပါအတိုင်း ဆရာစံဇာဏီဘိုကဆိုသည်။

ဆရာဦးဇေယျာကိုကမူ စီးပွားရေးနှင့်ပတ်သက်၍ ယခုနှစ်တွင် ထင်သလောက် ခရီးပေါက်ကြမည် မဟုတ်ဟု ဟောကိန်းထုတ်သည်။ သို့သော် ၂၀၀၂ခုနှစ်က တန်သုံးထောင်ကျော်ရှိသည့် ပတ္တမြားနဂါးမဟာကျောက်စိမ်းမျိုး ထွက်ရှိသကဲ့သို့ မြေပေါ်မြေအောက် သယံဇာတများ ထူးခြားစွာထွက်ရှိနိုင်လိမ့်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

"သီးနှံ ထွက်နှုန်းအားတွေ ကျသွားနိုင်တယ်။ ဆုတ်ကပ်ကိုကျော်တဲ့အတွက် ကောက်ပဲသီးနှံအတွက် အားနည်းသွားတယ်။ နေကြတ်လကြတ်တွေဖြစ်နေရင် သဘာဝပတ်ဝန်းကျင်တွေလည်း အထူးဂရုစိုက်ရမယ်။ မေ၊ ဇွန်၊ စက်တင်ဘာ၊ အောက်တိုဘာမှာ ထူးကဲဒီရေတက်တာတွေ ဖြစ်နိုင်တယ်။ သမုဒ္ဒရာရေစီးကြောင်းတွေပြောင်းလဲမယ်။ ရေပူရေအေးစီးကြောင်းတွေ သဘာဝပြောင်းလဲမှုကြောင့် ရာသီဥတုပြောင်းလဲလာနိုင်တဲ့ဖြစ်စဉ်တွေကို မိုးလေဝသပညာရှင်တွေ သတိပြုရမယ်" ဟုဆရာစံဇာဏီဘိုကဆိုပြီး "ဂြိုဟ်အခင်းအကျင်းအရ မတ်-ဧပြီမှာ တစ်ကြိမ်၊ ဩဂုတ်-စက်တင်ဘာမှ တစ်ကြိမ်၊ မုန်တိုင်းဖြစ်စဉ်တွေ သတိပြုဖို့လိုပါတယ်"ဟု ဦးဇေယျာကိုကဆိုသည်။

ကျန်းမာရေးကိစ္စများနှင့် ပတ်သက်၍ နက္ခတ်သိပ္ပံအဖွဲ့ချုပ်မှ ကပ်ရောဂါဆိုးအချို့ ဖြစ်ပွားနိုင်သည်ဟု ဟောကိန်းထုတ်ထားသည်။ ဆရာစံဇာဏီဘိုကမူ "ရောဂါကပ်က လူတွေကိုဖြစ်ဖို့ထက် တိရစ္ဆာန်တွေအပေါ်မှာ ဖြစ်ဖို့သဘောပိုဆောင်နေတယ်။ ကြက်၄က်တုပ်ကွေး၊ ဝက်နားရွက်ပြာတို့ ဖြစ်တုန်းကလို ရောဂါတွေအပြင် ကပ်ရောဂါအသစ်တွေ ပေါ်လာနိုင်မယ်"ဟုဟောကိန်းထုတ်သည်။

ပညာရေးကဏ္ဍတွင် ယခင်ထက်ခြားနားသည့် အသွင်သစ်ဖြင့် ပြောင်းလဲမှုများ ဖြစ်ပေါ်လာမည်ဖြစ်ပြီး တပ်မတော်ကဏ္ဍနှင့် ပတ်သက်သည့် ထူးခြားဖြစ်စဉ်များကို ယခုနှစ် ဇူလိုင်နှင့် ဩဂုတ်လများတွင် ကြုံတွေ့နိုင်ကြောင်း နက္ခတ်သိပ္ပံအဖွဲ့ကပြောသည်။

"၂၀၁၃ မှာ စိုးရိမ်ထိတ်လန့်တဲ့ ဟောကိန်းတွေ ဖြစ်နေပါတယ်။ ကျွန်တော်တို့က ပညာရပ်ပိုင်းအနေနဲ့ ထုတ်ပြန်ပေးတာဖြစ်ပြီး ဘယ်အဖွဲ့အစည်း၊ ပုဂ္ဂိုလ်တွေကိုမှ ထိခိုက်နစ်နာစေလိုတာ မရှိပါဘူး။ အလယ်အလတ်ကြားနေမူဝါဒကနေ ပြည်သူနဲ့တိုင်းပြည်တိုးတက်ဖို့၊ အတိုက်အခံတွေလျော့ပါးဖို့၊ ဒီမိုကရေစီလမ်းကို ရောက်နိုင်ဖို့ပညာနဲ့ အကြံပြုတင်ပြတာပါ"ဟု နက္ခတ်သိပ္ပံအဖွဲ့ အမှုဆောင်အရာရှိချုပ်ဦးဇေယျာကိုက ယခုနှစ်ဟောကိန်းများနှင့် ပတ်သက်၍ ပြောသည်။

Life
7 DAY NEWS JOURNAL
Vol.11, No.43 • JANUARY 3 , 2013



မြိတ်မြို့ဆိပ်ကမ်းတွင် တွေ့ရသည့် ကင်းမွန်လှေများနှင့် ဦးအောင်သန်း

ဓာတ်ပုံ-ရန်မျိုးနိုင်

# ကင်းမွန်ကလေးများနှင့်အတူ

ထွန်းခိုင်၊ ရန်မျိုးနိုင်

**နက်ရှိုင်းလှသည့် ပင်လယ်သမုဒ္ဒရာများထဲမှ ကင်းမွန်များသည် နှစ်စဉ်မုတ်သုံရာသီထွက်ပြီး တစ်လခန့်အကြာ အောက်တိုဘာလပိုင်းတွင်တနင်္သာရီကမ်းရိုးတန်းဒေသဆီသို့သဘာဝအလျောက် ရောက်ရှိလာလေ့ရှိကြသည်။**

ထိုအချိန်မျိုးသည် မြန်မာနိုင်ငံတောင်ပိုင်းဆီမှ ကင်းမွန်ဖမ်းသမားများ အလုပ်ရှုပ်ဆုံး အချိန်ဖြစ်သည်။ တစ်ပတ် ၁၀ ရက်စာအတွက် ရေခဲများ၊ စားနပ်ရိက္ခာများ၊ လောင်စာဆီများကို တင်ဆောင်ပြီး လှေကြီးလှေငယ်များဖြင့် ကမ်းခြေမှ ပင်လယ်ပြင်ဆီသို့ အလျှိုလျှိုထွက်ခွာကြသည့် ကင်းမွန်ဖမ်းလှေများနှင့် မြိတ်မြို့ ကမ်းနား၌ စည်ကားတတ်သည်။

"ကင်းမွန်က လမမြင်မှ ဖမ်းလို့ရတာ။ လပြည့်ကျော် လေးရက်လောက်ဆိုရင် ကင်းမွန်လှေတွေ ထွက်တယ်" ဟု အသက် ၅၀ ခန့်အရွယ်ဦးအောင်သန်းက ပြောသည်။ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ခန့်ကတည်းက ကပ္ပလီပင်လယ်ပြင်ထဲ ငါးရှာ အကြိမ်ကြိမ် ထွက်ခဲ့သောဦးအောင်သန်းသည်ဒီဒေသတွင် ဝါအရင့်ဆုံး ကင်းမွန်လှေလုပ်သားများအနက် တစ်ဦးဖြစ်သည်။

မြိတ်ခရိုင် ကင်းမွန်လုပ်ငန်းရှင်များအသင်း၏ အဆိုအရကင်းမွန်လုပ်ငန်းဖြင့် အသက်မွေးသူ ၂၀၀၀ နီးပါးရှိပြီး ယင်းဒေသ စုစုပေါင်း လူဦးရေ၏ ၆ ရာခိုင်နှုန်းခန့်ဖြစ်သော လူပေါင်း ၁၀၀၀၀၀ နီးပါးကို တိုက်ရိုက် အကျိုးသက်ရောက်မှုရှိသော လုပ်ငန်းဖြစ်သည်ဟု ဆိုသည်။

အောက်တိုဘာမှ ဧပြီလ အထိဖြစ်သော ကင်းမွန်ရာသီတွင် ဦးအောင်သန်းလို ကင်းမွန်ဖမ်းလုပ်သားများသည် လှေများပေါ်ကပ္ပလီပင်လယ်ပြင်နှင့် ထိစပ်နေသည့်တနင်္သာရီကမ်းရိုးတန်းတစ်လျှောက် လမိုက်ညများ၌ အလုပ်များနေတတ်ကြသည်။ ကင်းမွန်ဖမ်းခြင်းသည် အခြားပင်လယ်ပြင်တွင် အခြားငါးပုစွန်ဖမ်းသည့်ပုံစံမျိုး မဟုတ်ဘဲ တစ်မူထူးခြားလျက်ရှိသည်။

ကင်းမွန်ဖမ်းသည့် စက်လှေလုပ်သားများသည် နေ့ဘက်တွင် အနားယူရပြီး ညဘက်ကျမှ လုပ်ငန်းခွင်ဝင်ရခြင်းဖြစ်သည်။ နေ့အခါတွင် ပင်လယ်ပြင်ထဲမှ ရာပေါင်းများစွာသော မြိတ်ကျွန်းစုများအကြားလှည့်ပတ်သွားလာပြီး ညဘက်လုပ်ငန်းခွင်အတွက် ပြင်ဆင်မှုများ ပြုလုပ်ကြရသည်။ ညဘက်ရောက်သည့်အခါမှ ရေအကြောင်းနားလည်ကျွမ်းကျင်သူကညွှန်ပြသော နေရာများသို့ စက်လှေများ ရွှေ့လျားသွားကြပြီး ကင်းမွန်ဖမ်းဆီးခြင်းလုပ်ငန်းများ စတင်လုပ်ကိုင်ကြခြင်းဖြစ်သည်။

ပေ ၅၀ မှ ၁၀၀ အကြား ရှည်လျားသည့် အလင်းရောင်စူးရှသည့် မီးသီးများ ပါဝင်သည့် လက်တံများသည်ကင်းမွန်ဖမ်းစက်လှေများထဲမှ ဘယ်ညာဆန့်တန်း ကာထွက်ပေါ်နေသည်။ ထိုမီးသီးများအောက်သို့ ကင်းမွန်များ စုဝေးရောက်ရှိလာကြသည့်အချိန်တွင် လှေပေါ်မှပိုက်ချကာကင်းမွန်များကို ဖမ်းဆီးခြင်း ဖြစ်သည်။

ယခုနောက်ပိုင်းတွင် ကင်းမွန်ရှားလာပြီဖြစ်ကြောင်း ဝါရင့်တံငါလှေလုပ်သားကြီး ဦးအောင်သန်းက ပြောသည်။ ယင်းကဲ့သို့ ရှားပါးလာခြင်းမှာ ရာသီဥတု ပြောင်းလဲလာခြင်းနှင့် တောတောင်များတွင် သစ်ဝါးများပြုန်းတီးလာခြင်းကြောင့်ဖြစ်နိုင်ကြောင်း ၎င်းကဆိုသည်။

"ခုနောက်ပိုင်း ငါးရှာရတာ တအားရှားလာတယ်။ စရိတ်ရှုံးတဲ့ လှေတွေတောင် ရှိတယ်"ဟု ၎င်းက ပြောသည်။

သူငယ်စဉ်အခါက ပင်လယ်ပြင်သို့ ငါးဖမ်းရန်အတွက် စတင်ထွက်ခွာလာသည့် အချိန်လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ၏ အခြေအနေနှင့် အခုအခြေအနေသည် လုံးဝခြားနားသွားပြီဖြစ်ကြောင်း ဦးအောင်သန်းက ပြောသည်။ သူပင်လယ်ထဲသို့ စထွက်ခါစတွင် မြိတ်ကျွန်းစု၏ အလှအပသည် အခုထက် ပိုမိုပီပြင်ပြီးကျွန်းများမှာလည်း လူ့ပယောဂကြောင့်ပျက်စီးမှုများမရှိသေးဘဲသဘာဝအတိုင်း လှပနေသေးကြောင်း သူ၏အမြင်ကို ပြောသည်။

"တစ်ခါတလေကျတော့ အလုပ် ပင်ပန်းလွန်းပြီး စိတ်ညစ်ရင် ကျွန်းတွေ ပေါ်တက်အိပ်ပစ်ချင်တယ်" ဟု ဦးအောင်သန်းက တောင်ပိုင်းသံ ခပ်ဝဲဝဲနှင့် ပြောသည်။

သူတံငါစလုပ်ခါစ လွန်ခဲ့သည့် ဆယ်စုနှစ်သုံးခုကျော်ကြာ ပင်လယ်ပြင် အခြေအနေသည် ယခုလောက် အေးချမ်းမှုမရှိသေးကြောင်း ဦးအောင်သန်းက ပြောသည်။ လွန်ခဲ့သည့် ၁၅ နှစ်ခန့်က ပင်လယ်ပြင်အတွင်းကင်းမွန်ဖမ်းနေရင်း သူပုန်အဖွဲ့တစ်ခု၏ ပြန်ပေးဆွဲမှုကို ခံခဲ့ရဖူးသည်ဟု ဆိုသည်။ မီးလုံးများအကြား စုဝေးနေသည့် ကင်းမွန်များကို အာရုံစိုက်နေရင်း လက်နက်ကိုင်နှစ်ဦးကသူနှင့်လုပ်ဖော်ကိုင်ဖက်များကို ပြန်ပေးဆွဲသွားခြင်းဖြစ်ကြောင်း ပြောသည်။

"ည ၉ နာရီ၊ ၁၀ နာရီလောက်ရှိပြီ။ မီးတန်းတွေ သတ်သတ်ဆိုပြီးတော့ လူလာဖမ်းသွားတာ။ ပြီးတော့ ခုနစ်သောင်းနဲ့ လာထုတ်ခိုင်းတယ်"ဟု လွန်ခဲ့သော နှစ်များဆီက သူကြုံတွေ့ပုံများကို ပြောသည်။

ကင်းမွန်ငါးဖမ်းစက်လှေလုပ်သားများသည် တစ်နှစ်လျှင် ခြောက်လနီးပါးခန့်မှာ ပင်လယ်ထဲသို့ဝင်ချီထွက်ချီဖြင့် လှည့်လည်ကာ သွားလာနေခြင်း ဖြစ်သည်။ အများစုသည် ပုတ်ပြတ်လုပ်သားအဖြစ် လစာယူကာ ကင်းမွန်တစ်ရာသီကုန်သည်အထိ ပင်လယ်ပြင်အတွင်း လုပ်ကိုင်ကြသည်။ မိုးဦးကျကာလ ကင်းမွန်များ ပင်လယ်ပြင်သို့ ပြန်လည်ထွက်ခွာသွားချိန်တွင် ကင်းမွန်လှေလုပ်သားများသည်လည်း ကမ်းပေါ်သို့ ပြန်ရောက်လာကြပြီး အများစုမှာ ကျပန်းလုပ်သားများအဖြစ် အသက်မွေးကြသည်။

နိုင်ငံတကာ ပင်လယ်စာဈေးကွက်သို့ အိမ်နီးချင်း ထိုင်းနိုင်ငံမှတစ်ဆင့် သွားရောက်မည့် မြန်မာ့ကင်းမွန်များသည် ဝယ်လိုအား များသောကြောင့် ကင်းမွန်ဖမ်းလှေများသည်လည်း တစ်နေ့တခြား တိုးပွားလာကြောင်း ကင်းမွန်လုပ်သားများက ပြောသည်။ ထိုင်းနိုင်ငံအပြင် တရုတ်နိုင်ငံသည်လည်း မြန်မာ့ကင်းမွန်ဈေးကွက်၏ ဖောက်သည်အဖြစ် တဖြည်းဖြည်းဖြစ်လာပြီဟုဆိုသည်။


"ပင်လယ်မှာပဲ လုပ်တာကြာတော့လာတော့မသိဘူး။ ကမ်းကပ်ရင် သုံးလေးရက်ထက် ပိုမနေနိုင်ဘူး။ ညဘက်ပင်လယ်ထဲ လှေဦးမှာ ထိုင်ရင်စုပြီး စကားပြောရတာ အကြိုက်ဆုံးပဲ" ဟုဦးအောင်သန်းက ပြောသည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက ပင်လယ်ထဲတွင် ကျင်လည်ခဲ့သည့် ဦးအောင်သန်းတို့အတွက်ထပ်၍ ပင်လယ်ထဲတွင် ဘယ်လောက်ကြာကြာ ပျော်ခွင့်ရကြဦးမည်ဆိုသည်မှာ မသေချာမရေရာဖြစ်နေသည်။ အကြောင်းမှာလရောင်ပျောက်ချိန်တွင်ပင်လယ်ပြင်အတွင်း မီးရောင်ထွန်းပြီး ပင်လယ်ကင်းမွန်များကို ဖမ်းဆီးခြင်းက ကင်းမွန်များ မျိုးသုဉ်းပျောက်ကွယ်သွားနိုင်သည်ဟုဆိုသော ဝေဖန်မှုများကြောင့် သူတို့လုပ်ငန်းများ ရပ်နားရမည့် အရေးနှင့်ကြုံတွေ့နေရသောကြောင့် ဖြစ်သည်။

လူပေါင်းများစွာ အသက်ရှင်သန်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများပေးနေသည့် ထိုလုပ်ငန်း ဆက်လက်တည်ရှိခွင့်ရရန်အတွက် သက်ဆိုင်ရာသို့ ဆက်လက်တောင်းဆိုသွားမည်ဖြစ်ကြောင်း မြိတ်ခရိုင် ကင်းမွန်လုပ်ငန်းရှင်များ အသင်းမှ တာဝန်ရှိသူများက ပြောသည်။

အများ ဝေဖန်သလို မီးပြသောနည်းဖြင့် ဖမ်းဆီးခြင်းသည် ကင်းမွန်မျိုးသုဉ်းသည်မှာ မဖြစ်နိုင်ကြောင်းကိုလည်း ဖြေရှင်းချက်များ ပေးသွားမည်ဟု ၎င်းတို့ကဆိုသည်။

ယခုတော့ နှစ်ပေါင်းများစွာ လှပသည့်မြိတ်ကျွန်းစုများအကြား လှည့်လည်ရင်း ကင်းမွန်များ ဖမ်းဆီးခဲ့သည့်ဦးအောင်သန်းလို လှေသမားတို့ပင်လယ်ပြင် တစ်ခေါက်ပြန်ထွက်ရန်အတွက် ပြင်ဆင်လျက်ရှိကြပေသည်။



## ချက်ကြရအောင်

### ကြက်သားစိန်ပန်းသုပ်



ဒီတစ်ပတ်ကတော့ အသုပ်ပဲ စီစဉ်ထားတာမို့ နံနက်စာ အသုပ်စားတတ်သူတွေတော့ အကြိုက်တွေ့မယ်လို့ မျှော်လင့်ရပါတယ်။

ကြက်သားစိန်ပန်းသုပ်အတွက် တို့ဟူးအရွယ်တော်တစ်တုံး၊ ကြက်သား၊ ကြက်သွန်နီနဲ့ ငရုတ်သီးခွဲခြမ်းတို့ပဲ လိုပါတယ်။

ပထမဆုံး တို့ဟူးကို ညီညီညာညာနဲ့ ခပ်ပါးပါးလေးတွေ အချပ်လိုက် လှီးပါမယ်။ ပြီးတာနဲ့ မီးအေးအေးဆီနိုင်နိုင်နဲ့ ဒယ်အိုးပြားထဲမှာ အပေါ် အောက် လှန်လှန် မွှေပေးပြီး ကြော်ပါမယ်။ အသားလေးတွေ တင်းလာတဲ့အထိ ကြော်ပြီးတာနဲ့ ဆီစစ်ထားလိုက်ပါ။ ဆီစစ်သွားတဲ့အခါ ကိုယ်ကြိုက်သလောက် အနေတော် အရွယ်လေးတွေ ညှပ်ထားပါမယ်။

ပြီးတော့ ကြက်ရင်ပုံသား ပြုတ်ထားတာလေးကို အသားစအမျှင်ကြီးတွေရအောင် နွှင်ပြီး ကြက်သွန်နီ၊ နနွင်း၊ ငရုတ်သီးခွဲခြမ်းနဲ့ရော ဆီသတ်ပါမယ်။

လှီးထားတဲ့တစ်ခါသုပ် တို့ဟူးကြော်ထဲကို ကြက်သွန်နီအစိမ်းပါးပါးလှီးထားတာ အနည်းငယ်၊ ခုနကြက်သားအနှစ် အနည်းငယ်၊ ဟင်းခတ်မှုန့်အနည်းငယ်၊ ငံပြာရည်၊ နံနံပင်တို့ ထည့်ပြီးနယ်ပါ။ နောက်ဆုံးကျမှ ကြက်သွန်နီကြော်ထားတာကို ဖြူးလိုက်ပါ။

ငရုတ်ကောင်းနိုင်နိုင်နဲ့ ဂေါ်ဖီရွက်ဟင်းခါးလေးသာ ပြင်ထားလိုက်ရင်တော့ ကြက်သားစိန်ပန်းသုပ်နံနက်စာက တကယ်ကိုခံတွင်းတွေ့စေမှာပါပဲ။

7 DAY NEWS JOURNAL
Vol.11, No.43 • JANUARY 3 , 2013

# ရွာကလေးရဲ့ နည်းပညာ

လွင်ချန်ဖြိုး(နတ်မောက်)




**သည်** ဘက်ခေတ်ရောက်တော့ရွာကလေးတော်တော် များများသည် မြို့ပြနှင့်နီးကုန်ကြပြီဖြစ်ပါသည်။ ပထဝီဝင်တည်နေရာအနေအထား ပြောင်းရွှေ့နီးကပ်သွားခြင်းမျိုး မဟုတ်။ အလေ့အကျင့် စရိုက်များ၊ အစားအသောက်၊ အနေအထိုင်၊ အပြောအဆိုများမှအစ နေ့စဉ်လူနေမှု ပုံစံများ၊ ယုံကြည်ချက်များ၊ ရည်မှန်းချက်များသည်လည်း မြို့ပြနှင့်အင်မတန်မှ အလျင်အမြန်ပင်နီးစပ်၊ ရောယှက်၊ ပေါင်းလျက်ရှိလာခြင်းဖြစ်ပါသည်။

မြို့ပြနှင့် ၁၅ မိုင်မျှဝေးသော ရွာကလေး တစ်ရွာသို့ စာရေးသူရောက်ခဲ့ရပါသည်။ ချင်းတွင်းမြစ်၏ အရှေ့ဘက်ကမ်းရှိရွာကလေးဖြစ်ပါသည်။ စံပြရွာအဆင့်ဖြစ်၍ တိုက်နယ်ဆေးရုံ ရှိသည်။ ဈေး၊ ရဲစခန်း၊ အထက်တန်းကျောင်း၊ စာကြည့်တိုက်များလည်း ရှိသည်။ အစိုးရလျှပ်စစ်မီး မရရှိသဖြင့် ပုဂ္ဂလိက လပေးမီးဖြင့်သာ လည်ပတ်နေကြရသည်။ ရွာအစွန်တစ်နေရာတွင် မြစ်ရေတင်စီမံကိန်းရှိသည်။ ထိုစီမံကိန်းတစ်ခုထဲ၌သာလျှင် အစိုးရလျှပ်စစ်မီး ရရှိသည်။ ထိုနေရာတွင် ဆိုင်တစ်ဆိုင်ရှိသည်။ အစိုးရလျှပ်စစ်မီးဖြင့် လည်ပတ်သော ဆိုင်ကလေးဖြစ်သည်။ ကွန်ပျူတာ၊ မိတ္တူ၊ စာစီစာရိုက်၊ သီချင်းသွင်း၊ ဂိမ်းသွင်းအားလုံး ဝန်ဆောင်မှု ရရှိနိုင်သည်။

စာရေးသူ ထိုဆိုင်တွင်ရှိ နေသည့် အချိန်တစ်နာရီမျှအတွင်း ဆိုင်သို့ လာသူအားလုံးနီးပါးမှာ လူငယ်လူရွယ်များသာ ဖြစ်ကြသည်။ သူတို့ယူဆောင်လာသည့် အမ်ပီဖိုး၊ ဟန်းဆက်များအတွင်း သီချင်းများ၊ ဂိမ်းများ၊ ညစ်ညမ်းပုံများ ထည့်သွင်းရန်သာ အဓိကလာကြခြင်း ဖြစ်သည်။ လျှပ်စစ်မီး၊ နည်းပညာနှင့် အချိန်များကို လွဲမှားစွာ အသုံးပြုကြခြင်းဖြစ်ပါသည်။ ဒါမျိုးက ကျေးရွာတော်တော်များများတွင် အတွေ့ရများလာသော အလေ့အထများဖြစ်ပါသည်။ သည်လို လုပ်ဆောင်မှုများကို ကျေးရွာများတွင် စတင်လမ်းဖောက်ကြသူများမှာ မြို့ပြသို့ အရောက်အပေါက်များသော အထက်တန်းနှင့်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူ လူငယ်များသာ ဖြစ်ပါသည်။

မြို့ပြတွင် နည်းပညာများက စုံလင်လှပါသည်။ မိမိကိုယ်မိမိ မထိန်းနိုင်လျှင် ပျက်စီးလေလွင့်ဖို့ရန် အလွန်လွယ်ကူလှပါသည်။ မြို့ကြီးအသီးသီးရှိတက္ကသိုလ်များ အနီးအနားတွင် အချိန်ပြည့်နီးပါး ဘီယာနှင့် အရက်များကို အလွယ်တကူရရှိနိုင်သော စားသောက်ဆိုင်များကလည်း တွဲဖက်တည်ရှိနေပါသည်။ မြို့ပြများရှိစားသောက်ဆိုင်များ၊ ဖက်ရှင်ဆိုင်များ၊ ဘီလိယက်၊ ဂိမ်း၊ စကိတ်ကွင်း အစရှိသည့် အပျော်နေရာများ၊ အလှပြင်ခန်းမများ၊ ဆောင်ကြာမြိုင်များ၊ ကလပ်များ၏ ဆွဲဆောင်မှုများသည် တက္ကသိုလ်များ၊ ကျောင်းများရှိ စာသင်ခန်းများ၊ စာကြည့်တိုက်များ၊ ကွန်ပျူတာလက်တွေ့အသုံးချခန်းများထက် ပို၍ ခမ်းနားထည်ဝါ၊ တောက်ပြောင်ကာ စည်ကားလျက်ရှိနေပါသည်။ ပိုမိုအသက်ဝင်လျက်ရှိနေပါသည်။ လူငယ်များကလည်း ပိုမို ခုံမင်နှစ်သက်လျက်ရှိနေကြပါသည်။

ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာဟု ဆိုကြသည်။ ထိုသို့ဆိုလျှင် စာရေးသူတို့ နိုင်ငံသည် ကမ္ဘာရွာကြီးထဲမှ အိမ်ကလေးတစ်လုံးမျှသာ ဖြစ်ပေလိမ့်မည်။ ကမ္ဘာကြီးတွင် နည်းပညာများ အရှိန်အဟုန်ဖြင့် မြန်ဆန်တိုးတက်မြင့်မားလျက်ရှိသည်။ ရနိုင်သမျှသော နည်းပညာများကို အစွမ်းကုန် အကျိုးရှိရှိ အသုံးချကာ လူသားတစ်ဦးချင်းစီ၏ စွမ်းရည်များကို မြှင့်တင်လျက်ရှိကြသည်။ အခွင့်အလမ်းနှင့် အချိန်တို့ကို လက်လွတ်မခံကြ။ တိုင်းတစ်ပါးတို့၏ နည်းပညာနှင့် အရှိန်အဝါကြီးမားမှုများကြောင့် စာရေးသူတို့ နိုင်ငံကြီးကို ခါးဖြတ်၍ ပိုက်လိုင်းသွယ်တန်းခြင်း ခံကြရသည်။ ပြန်လည်အစားထိုးရန် မဖြစ်နိုင်တော့သည့် ခန့်ထည်တန်ဖိုးကြီးမားလှသော တောတောင်ကြီးများ ပျောက်ကွယ်ကြရသည်။ အာဏာအလွဲသုံးစားလုပ်ခြင်း၊ ပြည်သူကို မငဲ့ညှာခြင်း၊ ဆွေမျိုး အသိုင်းအဝိုင်း ကောင်းစားရေးကိုသာ ရှေးရှုကြခြင်း၊ အဆင်အခြင်ပညာမဲ့ ကင်းစွာဖြင့် လုပ်ဆောင်ခဲ့ကြခြင်းတို့ကြောင့် စာရေးသူတို့ အခြေခံ ပြည်သူများသည် မြန်မာပြည်မှာ ကံဆိုးစွာလူ ဖြစ်လာကြရသည်။ ကိုယ့်ရေကိုယ့်မြေမှ အဆီအနှစ်များကို ကိုယ်တိုင်ခံစားခွင့် မရကြဘဲ ရေခြားမြေခြားမှ စုပ်ယူသိမ်းသွင်းခြင်း ခံကြရသည်။

ဒါကို ကမ္ဘာကြီး၏ နည်းပညာ စိန်ခေါ်မှုဟုလည်း ခေါ်နိုင်ပါသည်။ နည်းပညာ ထွန်းကားသူများကဖြင့် ထွန်းကားလျှင် ထွန်းကားသလောက် နည်းအမျိုးမျိုးကြံဆလျက် ရနိုင်သမျှ နှိုက်ယူနေကြဦးမည်သာဖြစ်ပါသည်။ ပြည်တွင်းရှိ လူမဆန်သော ခရိုနီကြီးများ၏ ရန်ကလည်း ရှိနေပါသေးသည်။ ယခု အခြေအနေမှာဖြင့် အခြေခံပြည်သူများက ခုခံကာကွယ်တော်လှန်ရန် မည်သို့မျှ မတတ်နိုင်ကြပါ။ နေ့ဖို့ညစာ၊ မိသားစုတစ်ဘဝစာ အလျဉ်မီရုံရပ်တည်နိုင်ရေးအတွက် အားတိုက်လှုပ်ရှားနေကြရပါသည်။ နည်းပညာများက အလှမ်းဝေးလျက် ရှိနေပါသည်။ အတိတ်ကို မေ့ပစ်နိုင်ဖို့ ထင်သာမြင်သာ မရှိသေး။ ယုံကြည်ရန် ခက်ခဲနေကြသေးသည်။

မိတ်ဆွေတစ်ဦးကတော့ "လူငယ်တွေ မကြိုးစားတာ၊ လေလွင့်မှုများတာ ခေတ်စနစ်မှားယွင်းမှုကြောင့်၊ အနာဂတ် မရှိလို့၊ အနာဂတ်ပျောက်လို့"ဟု သုံးသပ်ပါသည်။ "နောက်ပိုင်းကမ္ဘာမှာ စစ်တိုက်ပြီး နယ်ချဲ့တာ မရှိတော့ဘူး။ နည်းပညာနဲ့ပဲ ယှဉ်ပြိုင်ထိုးဖောက်ကြတာပါ။ ကိုယ့်နိုင်ငံအနေနဲ့ သူများကို မပြိုင်နိုင်သေးရင်တောင်မှ ကိုယ့်ကို ထိုးဖောက်မခံရအောင် ကာကွယ်နိုင်ရမှာပါ။ ခုဆိုရင် နိုင်ငံရဲ့ အလှည့်အပြောင်းကာလမှာ ဖြေရှင်းစရာတွေက တစ်စထက်တစ်စဆိုသလို ပိုထွက်လာနေတဲ့ သဘောရှိနေပါတယ်"

"အစိုးရအဖွဲ့ထဲမှာကိုပဲပြည်သူတွေ မနှစ်မြို့တဲ့ သူတွေကို ဖယ်ရှားမပေးနိုင်သေးဘူး။ ပြည်သူတွေ ယုံကြည်ကျေနပ်စရာ ကိစ္စတွေထက် နာကြည်းစိတ်ပျက်ဖွယ်ဖြစ်စဉ်တွေပဲ တောက်လျှောက်ဖြစ်ပေါ်နေတယ်။ ဥပမာ-ငွေစက္ကူတွေမှာ ဗိုလ်ချုပ်အောင်ဆန်း ပုံလေး ဖော်ပြပေးဖို့ ဘာနည်းပညာကြောင့် ခက်ခဲနေရသလဲ။ တန်ဆောင်မုန်းလပြည့်ည အရဏ်တက်ချိန်မျိုးမှာ၊

တစ်ဖက်သို့



## ရွာကလေးရဲ့ နည်းပညာ မှ

ဒေါ်အောင်ဆန်းစုကြည်လာမယ့် နေ့မျိုးမှာ လက်ပံတောင်းသပိတ်စခန်းတွေကို အကြမ်းဖက်နှိမ်နင်းဖို့ အမိန့်ပေးတာ လွယ်ကူသလောက်ဖုန်းဆင်းကဒ်တွေကိုပြည်သူအားလုံး အံ့သြဝမ်းသာသွားရအောင် အလကားပေးတာ၊ ကျပ်ငါးထောင်၊ တစ်သောင်း လောက်နဲ့ရောင်းမပေးနိုင်ရတာ ဘာကြောင့်လဲ”

“ခရစ်ယာန် ဘာသာဝင်အများစုရှိတဲ့ ကချင်ပြည်နယ်လိုဒေသမှာခရစ္စမတ်ကာလကိုတောင် မရှောင်ဘဲ တိုက်ပွဲတွေ အရှိန်မြှင့်တင်တာ၊ ပြည်သူ့အတွက်လို့ ဆိုထားတဲ့ တပ်မတော်ရဲ့ ထိုးစစ်တွေကြောင့် မြစ်ကြီးနားမြို့မှာ ဒီဇင်ဘာလ ၂၄ ရက်ကစပြီး လျှပ်စစ်မီးမရတော့ဘဲ အမှောင်ကျနေရတာတွေဟာ ဒေသခံတွေအတွက် အမုန်းပွား၊ အငြိုးထားစရာတွေ၊ ဖြစ်ကုန်ပါတယ်။ တစ်ရက် ကျင်းပစရိတ် ကျပ်သိန်းရာကျော် ကုန်ကျတဲ့လွှတ်တော်တွေမှာပြည်သူတွေအတွက် မြန်မြန်ဆန်ဆန် အဖြေမရှာနိုင်ဘူးဆိုရင် ပြည်သူတွေမှာ မျက်နှာငယ်နေကြရဦးမှာ ဖြစ်ပါတယ်။ အရင်အစိုးရတုန်းကလို ဆောင်ပုဒ်တွေ၊ ဦးတည်ချက်တွေကိုပြည်သူတွေကရိုးအီသွားကြပြီ။ သူများရေးပေးတဲ့ မိန့်ခွန်းတွေကို ဖတ်ပြရမယ့် အချိန်မဟုတ်တော့ပါဘူး။ ပြည်သူတွေ လက်ဖျားခါချီးကျူးရလောက်အောင် ရဲရဲဝံ့ဝံ့၊ ထင်သာမြင်သာ လုပ်ပြကြရမယ့် အချိန် ရောက်နေပါပြီ” ဟု မိတ်ဆွေက ဆက်ပြောပြပါသည်။

မြန်မာ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းမျှ နေထိုင်လျက်ရှိသည့် ကျေးလက်ဒေသများတွင် ပြည်သူလူထု၏ အသက်အိုးအိမ်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ပေးမည့် နည်းပညာများထက် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး နိမ့်ကျထိခိုက်သွားစေမည့် နည်းပညာများက ပိုလို့၍ ဝန်းရံလျက်ရှိနေပါသည်။ မြို့ပြများတွင်တော့ လာဘ်ပေး လာဘ်ယူစနစ်များ၊ လက်သင့်ရာ စားတော်ခေါ်စနစ်များက ကြီးထွားနေဆဲပင် ဖြစ်ပါသည်။ အစိုးရကိုယ်တိုင်က ပြည်သူဘက်မှ မရပ်တည်နိုင်သေးတော့ ကိုယ့်အတွက်ကိုယ် ယက်ကြတဲ့ သူတွေပဲ ပို၍ပို၍ များလာနေပါသည်။

စာရေးသူတို့ရွာကလေးတွေရှိ နည်းပညာ၊ မြို့ပြများရှိ နည်းပညာ၊ အခြေခံပြည်သူအများစု လက်လှမ်းမီသည့် နည်းပညာ၊ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်၊ သန့်ရှင်းသော အစိုးရဖြစ်စေရမည်ဟု ကြွေးကြော်ထားသူများ၏ နည်းပညာ၊ နိုင်ငံတကာမှ အားစမ်းထိုးဖောက်လာမည့်နည်းပညာ၊ ကမ္ဘာကြီးကတော့ နည်းပညာရွာကြီး ဖြစ်နေပါပြီ။ စာရေးသူတို့ အဘယ်နည်းပညာကို အသုံးပြုမည်ဆိုသည်ကိုဖြင့် နည်းပညာရှာဖွေကြရဦးမည်သာ ဖြစ်ပါသည်။



ဓမ္မ

အသိတစ်လုံးအမြတ်ဆုံး
တစ်လုံးအသိအကျိုးရှိ၏



### စိတ္တာနုပဿနာ

ကိုယ့်ဟာကိုယ် ဘုရားရှိခိုးနေတယ်၊ ဘုရားရှိခိုးနေတဲ့စိတ်ကလေးဟာလည်း လောဘမပါပါဘူး။ မပါတော့ **ဩကာသ**ဆိုတဲ့ စိတ်ကလေးဟာလည်း **ဩကာသ**ဆိုပြီး ချုပ်သွားတာပဲလို့ နောက်က သိလိုက်ပါ။ **ဩကာသ** ဆိုတဲ့ စိတ်ကလေးဟာ **ဩကာသ** ဆိုပြီးတော့ နောက်ထပ်ဒုတိယ **ဩကာသ** မဆိုနိုင်ပါဘူး။ မဆိုနိုင်တော့ ပထမ **ဩကာသ** လို့ ဆိုပြီး ရှိခိုးတဲ့စိတ်ကလေးကော မရှိတော့ပါဘူး၊ အဲ့ဒါ နောက်က ဉာဏ်နဲ့ သိပေးပါလား။

သိပေးလိုက်တဲ့အခါကျ တော့ ပထမ **ဩကာသ** ဆိုတဲ့ စိတ်ကလေးဖြစ်ပျက်သွားတာကိုနောက်ဉာဏ်ကသိလိုက်တော့ ဖြစ်ပျက် သိတဲ့ အသိကိုပဲ ပြန်ရောက်ပါတယ်။ အေး. . ဖြစ်ပျက်သိတဲ့ အသိကိုပဲ ပြန်ရောက်တယ်၊ အဲဒီစိတ်ကကော စဉ်းစားစမ်း ရာဂ မပါပါဘူး၊ ဘုရားရှိခိုးတဲ့ စိတ်ကို ဖြစ်ပျက်သဘောထားပြီး ရှုလိုက်တာပဲ၊ အဲဒီတော့ လောဘပါသေးသလား၊ ဩော် . . ဒီလောဘမပါတဲ့ စိတ်ကလေးလည်း၊ ကုသိုလ်စိတ်ကလေး လည်းဖြစ်ပြီး ချုပ်တာကိုးလို့ သိပေးလိုက်စမ်းပါ။ ထို့အတူ ဘုရား ရှိခိုးတဲ့စိတ်၊ ဆွမ်းလောင်းတဲ့စိတ်ကလေးကော မပါပါဘူး။ ဒါဖြင့် လောဘကင်းတဲ့ စိတ်ပါ၊ အဲဒါလေး ဒီအတိုင်းပစ်ထားရမှာ မဟုတ်ပါဘူး။ နောက်ဉာဏ်နဲ့ ကြည့်ပေးရမယ်၊ နောက်ဉာဏ်နဲ့ ကြည့်ပေးတဲ့အခါ ဒါက လောဘကင်းတဲ့ စိတ်ကြည့်တာပဲ၊ လောဘကင်းတဲ့ စိတ်၊ ဒါကြောင့် ခင်ဗျားတို့က ဆွမ်းလောင်းပြီးပြီးတာပဲ ဒီလိုအောက်မေ့ပြီးနေတော့ လောင်းရုံလေးလောင်းတာ ခင်ဗျားတို့က ဖြစ်ပျက် က နောက်က မလိုက်ပါဘူးနော်။ အဲဒီတော့ ဒီက ရှေ့လိုက်ကြစမ်း ပါဦး ဟဒယဝတ္ထုပေါ် လောင်းချင်တဲ့စိတ်ကလေးကလည်း လောင်းပြီးတော့ ပျက်ပါတယ်။ ဖြစ်ပြီးပျက်တဲ့ တရားလေးပါလားလို့ ဉာဏ်နဲ့ နောက်ကလိုက်ပေးပါ။

ကျေးဇူးတော်ရှင် အဂ္ဂမဟာ ပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး

## ပြည်တွင်းလေကြောင်းလိုင်းများတွင် မတော်တဆမှုကြောင့် လူသေမှု ၁၃ နှစ်အတွင်း ပထမဆုံးဖြစ်

ခန့်ထက်

ရန်ကုန်၊
ဒီဇင်ဘာ-၂၈



ဒီဇင်ဘာ ၂၅ရက်က မီးလောင်ပျက်စီးသွားသော အဲပုဂံလေယာဉ်အပိုင်းအစများ ဓာတ်ပုံ-မြဝတီ

အဲပုဂံလေယာဉ်မတော်တဆဖြစ်မှုသည် ပြည်တွင်းလေကြောင်းများမှ ၁၃နှစ်အတွင်း ပထမဆုံး လူအသေအပျောက်ရှိခဲ့သောဖြစ်ရပ်ဟု လေကြောင်းညွှန်ကြားမှုဦးစီးဌာန တာဝန်ရှိသူက ပြောသည်။

အဲပုဂံလေကြောင်းလိုင်းမှ ပြည်တွင်းသို့ ပြေးဆွဲသော လေယာဉ် W9011 သည် ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းက ဟဲဟိုးလေဆိပ်သို့ဆင်းသက်စဉ်မတော်တဆဖြစ်ခဲ့ရာ လူ ၁ ဦးသေဆုံး၍ ၁၁ ဦး ဒဏ်ရာရရှိခဲ့သည်။

၁၉၉၉ ခုနှစ် ဇူလိုင်လ ၂ ရက်တွင် မြန်မာ့လေကြောင်းမှ လေယာဉ်တစ်စင်းသည် သံတွဲလေဆိပ်၌ ဘီးချော်ခဲ့ပြီး လူ ၈ ဦး သေဆုံးခဲ့သည်။ ထို့နောက်ပိုင်းနှစ်များတွင် လူသေမှုအထိ မဖြစ်ခဲ့ဘဲ ယခုနှစ်မှသာဖြစ်ခဲ့ကြောင်း လေကြောင်းလုံခြုံရေးကွန်ရက် (Aviation Safety Network)၏ စစ်တမ်းများက ဖော်ပြထားသည်။

ထို့အတူ ယခုနှစ်အတွင်း အဲကမ္ဘောဇက ပြေးဆွဲသော လေယာဉ်သည် ဖေဖော်ဝါရီလ ၁၇ ရက်တွင် သံတွဲလေယာဉ်ကွင်းသို့ ဆင်းသက်စဉ် မတော်တဆမှုဖြစ်ခဲ့ပြီး လူအသေအပျောက် မရှိခဲ့သော်လည်း လေယာဉ်မှာ အကြီးစား ပြင်ဆင်မှုပြုလုပ်ခဲ့ရသည်ဟု လေကြောင်းညွှန်ကြားမှုဦးစီးဌာန ဒုညွှန်ကြားရေးမှူးဦးမျိုးသန့်က ပြောသည်။

အသေးစား လေယာဉ်မတော်တဆမှုများ ဖြစ်သည့် ဘီးချော်ခြင်း၊ ကွင်းကျော်ဆင်းခြင်း၊ ဆီယိုခြင်း၊ အရေးပေါ်ဆင်းသက်ရခြင်းတို့သည်ဖြစ်လေ့ဖြစ်ထရှိပြီး လူအသေအပျောက် မရှိခဲ့ဟု မြန်မာလေကြောင်း လေယာဉ်မှူး ဦးသန်းထိုက်က ပြောသည်။

အဲပုဂံလေယာဉ် မတော်တဆဖြစ်မှုအကြောင်းအရင်းကို စုံစမ်းရန် လေယာဉ်၌ပါသော Black Box အား စင်ကာပူနိုင်ငံသို့ ဒီဇင်ဘာ ၂၆ရက်တွင် ပို့ဆောင်ခဲ့ကြောင်း စုံစမ်းစစ်ဆေးရေးအဖွဲ့မှ သတင်းထုတ်ပြန်ခဲ့သည်။

တစ်ကမ္ဘာလုံးတွင် ၂၀၁၂ ခုနှစ်အတွင်း လေယာဉ်မတော်တဆမှုကြောင့်လူသေမှု ၂၂ခုဖြစ်ပွားခဲ့ပြီး လူဦးရေ ၄၇၀အထိ သေဆုံးခဲ့ကြောင်း လေကြောင်းလုံခြုံရေးကွန်ရက်၏စစ်တမ်းများ၌ ဖော်ပြထားသည်။

## မင်္ဂလာပါ ဒီမိုကရေစီ ရုပ်ရှင်ပွဲတော် ရက်ပြောင်း

အေးသူစံ

ရန်ကုန်၊ ဒီဇင်ဘာ ၂၇

‘မင်္ဂလာပါဒီမိုကရေစီ’ ရုပ်ရှင်ပွဲတော်နှင့် တေးသီချင်းပြိုင်ပွဲ၏ ဆုပေးပွဲကို လွတ်လပ်ရေးနေ့တွင် ကျင်းပရန် စီစဉ်ထားသော်လည်း ပြိုင်ပွဲနာယက ဒေါ်အောင်ဆန်းစုကြည် မအားလပ်၍ ရွှေ့ဆိုင်းလိုက်ကြောင်း ပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီမှ ဇာဂနာကပြောသည်။


‘မင်္ဂလာပါဒီမိုကရေစီ’ အမည်ဖြင့် ရုပ်ရှင်ပွဲတော်နှင့် ဗိုလ်ချုပ်အောင်ဆန်း၏ ဂုဏ်ကို ရည်ညွှန်းရေးသားထားသော တေးသီချင်းများ ရေးသားစပ်ဆိုမှုပြိုင်ပွဲအတွက် နောက်ဆုံးအဆင့် ဆုပေးပွဲကို ယမန်နှစ်ကအတိုင်း ဇန်နဝါရီ ၄ ရက်တွင် ကျင်းပရန် စီစဉ်ထားသော်လည်း ပြိုင်ပွဲနာယက ဒေါ်အောင်ဆန်းစုကြည်မှာ လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်သမ္မတ တည်ခင်းသော ညစာစားပွဲ တက်ရောက်ရန်နှင့် ဇန်နဝါရီ ၇ ရက်တွင် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ အစည်းအဝေးရှိနေခြင်းကြောင့် ရွှေ့ဆိုင်းလိုက်ခြင်းဖြစ်သည်။

ထို့အပြင် ဒေါ်အောင်ဆန်းစုကြည် အားလပ်မည့်ရက်ကို ညှိနှိုင်း၍ ဆုပေးပွဲရက်ကို ထုတ်ပြန်မည်ဖြစ်ကြောင်း ဇာဂနာက ပြောသည်။ “အန်တီမအားတော့ ကျွန်တော်တို့ ဒီနှစ်ဆန်ခါတင်စာရင်းဝင်ဇာတ်ကားတွေကို မန္တလေးမှာ အရင်သွားပြ ထားလိုက်မယ်။ ပြန်လာမှ ရန်ကုန်မှာ ပြမယ်။ မန္တလေးမှာတော့ မြို့တော်ခန်းမငှားပြီး ပရိုဂျက်တာနဲ့ ပြဖြစ်မလား၊ ရုံတစ်ရုံ ငှားပြီးပြဖြစ်မလား မသေချာသေးဘူး”ဟု ၎င်းကပြောသည်။

‘မင်္ဂလာပါဒီမိုကရေစီ’ ရုပ်ရှင်ပွဲတော်အတွက် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် မှတ်တမ်းရုပ်ရှင်၊ ဇာတ်လမ်းတို၊ Animation , Photo Essay စသည့်ဇာတ်ကား ၁၇၇ ကားအနက် ဆန်ခါတင် ၃ ကားစီ ရွေးချယ်ထားပြီး တေးသီချင်းပြိုင်ပွဲတွင် မြန်မာသံ ၅ ပုဒ်၊ ခေတ်ပေါ်ဂီတ ၅ ပုဒ်နှင့် ဟစ်ဟော့ပ်သီချင်း ၃ ပုဒ်တို့ကို ရွေးချယ်ပြီးဖြစ်ကြောင်း သိရသည်။ ရုပ်ရှင်ဇာတ်ကားများရွေးချယ်မှုအတွက် ဒိုင်များအဖြစ် ဒါရိုက်တာဦးဝင်းဖေ၊ ဒါရိုက်တာဦးကြည်စိုးထွန်းနှင့် ဒေါ်ဆွေဇင်ထိုက်တို့ ဆောင်ရွက်ပြီး တေးသီချင်းအကဲဖြတ်ဒိုင်များအဖြစ် တက္ကသိုလ်လဲ့လဲ့၊ ရန်ပိုင်စိုး၊ ကေတုဝင်းထွဋ်၊ မြင့်မိုးအောင်၊ သျှီ၊ ရန်ရန်ချမ်း၊ တို့က ဆောင်ရွက်ထားကြောင်း သိရသည်။

လွတ်လပ်ခြင်းအနုပညာ ရုပ်ရှင်ပွဲတော်ကို မနှစ်က စတင်ကျင်းပခဲ့ပြီး ယခုနှစ်တွင် ‘မင်္ဂလာပါဒီမိုကရေစီ’ အမည်ဖြင့်ကျင်းပခြင်းဖြစ်ကာ တေးသီချင်းပြိုင်ပွဲကို ပါထည့်သွင်းခဲ့ခြင်း ဖြစ်သည်။

ခိုင်ခိုင်ကျော် မြန်မာထမင်းဆိုင် ချိုင့်ဆွဲပို့ဆောင်ရေး
မနက်စောစော (နံနက်ခင်းစာ) Breakfast ရပါပြီ။
(ရန်ကုန်တက္ကသိုလ်တဲ့နှင်းဆီသင်ခန်းမအနီး)
မြန်မာ့ရိုးရာပဲပြုတ်ထမင်းကြော် နှင့် တွဲဖက်၍ မြန်မာ့ဝက်သားဟင်း (ဝက်အာသီ) နှင့် ဆိတ်သားဟင်း (ဆိတ်အာသီ)
ရန်ကုန်မြို့၌ ပထမဆုံးရောင်းချသော မြန်မာ့ရိုးရာမုန့်ဟင်းခါး (ဘူဖေး)၊ “လပွတ္တာ၊ မြောင်းမြနှင့် အချိုမှုန့်လုံးဝမပါရှိသော ဝါးခယ်မ မုန့်ဟင်းခါး”
ဝက်အာသီနှင့် ဆိတ်အာသီဟင်းများကို နံနက်ခင်းပဲပြုတ်ထမင်းကြော်နှင့်သာ တွဲဖက်ရောင်းချမည်ဖြစ်ပြီး နေ့လည်ပိုင်းတွင် (လုံးဝ)မရရှိနိုင်ပါ။
တောင်ရောင်းချမည်ဆိုင်ခွဲလိပ်စာသတိပြုပါရန် (ပြည်လမ်းဆိုင်ခွဲ)ဟာလာဆောင်မှတ်တိုင်၊ ၅-မိုင်ခွဲ၊ ကမ္ဘောဇဘဏ်ဘေး၊ သုခကမ္ဘာဆေးရုံအဝင်လမ်း၊ ပြည်လမ်း၊ ရန်ကုန်။ ဖုန်း ၀၁-၅၂၄၂၀၈၊ ၀၉-၅၂၀၀၆၀၉၅



စာ-၂

## တောင်ပိုင်းဒေသအတွက် တာဝန် မှ

သိန်းပေါင်းများစွာသော မြန်မာနိုင်ငံ၏လုပ်အားအကောင်းဆုံးဖြစ်သော လူရွယ်လူငယ်များသည်မြန်မာပြည်တောင်ပိုင်းထွက်ပေါက်မှတစ်ဆင့် ထွက်ခွာသွားပြီး အိမ်နီးချင်း ထိုင်းနိုင်ငံတွင် ခက်ခဲစွာရုန်းကန်နေရသည်။ ဆိုင်ကယ်၊ ကယ်ရီသမား ဦးကျော်လှိုင်၏ သားနှစ်ဦးမှာလည်း ထိုင်းနိုင်ငံအတွင်းရှိ ရေထွက်ပစ္စည်းကုန်ချောထုတ်လုပ်သည့်စက်ရုံများ၌အလုပ်လုပ်ကိုင်နေသည်ဟုဆိုသည်။

"လူလည်း သက်သာတယ်။ ပိုက်ဆံလည်း ပိုရတယ်ဆိုတော့ ကလေးတွေက ဒီမှာ မလုပ်ချင်တော့ဘူး။ အရွယ်ရောက်ရင် ဟိုဘက်ကမ်းပဲ ကူးချင်ကြတော့တယ်"ဟု ၎င်းက ပြောသည်။

ထိုင်းနိုင်ငံနှင့် နှစ်စဉ်ကုန်သွယ်မှုတွင် ကန်ဒေါ်လာသန်းရာနှင့်ချီပြီး အလုပ်ဖြစ်သည့် နယ်စပ်ကုန်သွယ်ရေးစခန်းများ တည်ရှိသော်လည်း ယင်းဒေသခံများသည် အလုပ်အကိုင်ရှားပါးလျက်ရှိသည်။ ဒေသလက်ငုတ်လက်ရင်း အလုပ်အကိုင်များကလည်း ထိုင်းနိုင်ငံတွင် ရရှိသည့်လုပ်ခလစာနှင့် မယှဉ်နိုင်သောကြောင့် ဒေသခံများကိုမဆွဲဆောင်နိုင်ဘဲဖြစ်လျက်ရှိသည်။

ဦးကျော်လှိုင်၏ သားနှစ်ဦးလို ပိုမိုသက်သောင့်သက်သာရှိသောဘဝအတွက် ထိုင်းနိုင်ငံသို့ သွားရန်စိတ်ဝင်စားသူများ တစ်နေ့တခြားများပြားလာသလို ထိုင်းနိုင်ငံကလည်း ၎င်းတို့၏ အနောက်ဘက်ပင်လယ်ထွက်ပေါက်ဖြစ်သော တနင်္သာရီ ကမ်းရိုးတန်းဒေသသို့ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန်အတွက် စိတ်ဝင်စားမှုများ တစ်နေ့တခြား များပြားလာခဲ့သည်။

လက်တွေ့အားဖြင့်လည်း မြန်မာနိုင်ငံထားဝယ်မှတစ်ဆင့် ဆိပ်ကမ်းသစ်တစ်ခုဖန်တီးရန် အစိုးရချင်း နီးနီးကပ်ကပ်ဆောင်ရွက်နေသည်။ အိန္ဒိယသမုဒ္ဒရာမတစ်ဆင့်အနောက်နိုင်ငံဈေးကွက်သို့သွားရန် အခွင့်အလမ်းရှိလာစေမည့် ယင်းဆိပ်ကမ်းအတွက် ဘီလီယံနှင့်ချီသော အမေရိကန်ဒေါ်လာငွေများ ရင်းနှီးမြှုပ်နှံရန်လည်း ဆွေးနွေးလျက်ရှိသည်။

မြန်မာပြည်တောင်ပိုင်းဒေသဖွံ့ဖြိုးတိုးတက်ရန်မှာ စီးပွားရေးအကျိုးအမြတ်အတွက် အရေးကြီးသည့်ကိစ္စ တစ်ခုဖြစ်ခြင်းကြောင့် ထိုင်းနိုင်ငံကဲ့သို့မြန်မာအစိုးရသည်လည်း အာရုံစိုက်ကာ လုပ်ဆောင်လာခဲ့သည်။

မြန်မာနိုင်ငံတောင်ဘက်ပိုင်းဒေသဖြစ်သော အဆိုပါ ကမ်းရိုးတန်းဒေသကြီးသည် ပထဝီအနေအထားအရ မျက်နှာသာပေးမှုများရှိနေပြီး ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများ ပိုင်ဆိုင်နေသည်။ အဆိုပါဒေသသည် အနာဂတ်တွင် အရှေ့တောင်အာရှနှင့် ဒေသတွင်းနိုင်ငံများအတွက် အရေးပါသည့် ဆက်သွယ်ရေးလမ်းကြောင်းသစ်တစ်ခု ဖြစ်လာနိုင်ကြောင်း နိုင်ငံရေး လေ့လာသူများက သုံးသပ်ကြသည်။ စင်ကာပူဆိပ်ကမ်းနေရာကို လက်လွှဲရယူနိုင်မည့် နေရာဟုပင် တင်စားကြသည့် ယင်းဒေသအမှန်တကယ်ဖွံ့ဖြိုးလာပါက ဆင်းရဲသည့် နိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲရာတွင် အထောက်အကူဖြစ်မည့် အစိတ်အပိုင်းတစ်ရပ်ဖြစ်လာနိုင်သည်ဟုပင် ၎င်းတို့က ရှုမြင်ကြသည်။

"မြန်မာနိုင်ငံရဲ့ တောင်ပိုင်းဒေသကို အာရုံစိုက်ခြင်းဟာ အာဆီယံဒေသတစ်ခုလုံးကို ဖွံ့ဖြိုးတိုးတက်ဖို့ကို အာရုံစိုက်တယ်လို့ ပြောလို့ရပါတယ်" ဟု နိုင်ငံရေးဆောင်းပါးများရေးသားသည့် နေသန်မောင်က ပြောသည်။

မြန်မာသမ္မတဦးသိန်းစိန်နှင့် ထိုင်းဝန်ကြီးချုပ် မစ္စစ်ရင်လပ်ရှင်နာဝပ်တို့သည်၎င်းတို့အစိုးရအဖွဲ့များမှ အဆင့်မြင့်အရာရှိများကို ခေါ်ဆောင်လာပြီး ဒီဇင်ဘာ ၁၇ ရက်က ထားဝယ်ခရိုင် ရေဖြူမြို့နယ် နဘူးလယ်ဒေသရှိ ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်း၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ခေါင်းဆောင်များက အဆိုပါတွေ့ဆုံပွဲအတွင်း ယင်းစီမံကိန်းသည် နှစ်နိုင်ငံအတွက်သာမက ဒေသတွင်းနိုင်ငံများအတွက်ပါအရေးပါသည့် စီမံကိန်းဟု တင်စားလိုက်ကြပြီး စီမံကိန်းအောင်မြင်ရေးအတွက် စိတ်ဆန္ဒပြင်းပြကြောင်း ပွင့်ပွင့်လင်းလင်း ပြောဆိုခဲ့သည်။ 'အရှေ့တောင်အာရှကရော အာရှတိုက် တစ်ခုလုံးရဲ့ နောက်ဆုံးအာရုံစိုက်မှုက အိန္ဒိယသမုဒ္ဒရာဖြစ်လာတယ်။ အာရှက စီးပွားရေးအရ ပြန်ပြီးခေါင်းထောင်လာဖို့ဆိုရင် အိန္ဒိယသမုဒ္ဒရာက အင်မတန်အရေးပါတယ်။ အရေးပါတဲ့ အထဲမှာမှထားဝယ်ရေနက်ဆိပ်ကမ်းနဲ့အထူးစီးပွားရေးဇုန်က နံပါတ်တစ်လောက်ဖြစ်နေတယ်" ဟု ပထဝီနိုင်ငံရေးအခြေအနေများ လေ့လာသူ စာရေးဆရာ နေသန်မောင်က ပြောသည်။

ဆင်းရဲနွမ်းပါးမှု ၂၆ ရာခိုင်နှုန်းအထိ ကြုံတွေ့နေရသော မြန်မာနိုင်ငံတွင် အစိုးရအနေဖြင့် တောင်ပိုင်းဒေသကိုသာ အမှန်တကယ်ဖွံ့ဖြိုးအောင် စွမ်းဆောင်နိုင်ပါက နိုင်ငံအတွင်းကြုံတွေ့နေရသည့် စီးပွားရေးချွတ်ခြုံကျမှုနှင့် တိုင်းပြည်လူဦးရေ၏ ၁၀ ရာခိုင်နှုန်းခန့် အလုပ်လက်မဲ့ ဖြစ်နေသည့် ပြဿနာများနှင့် တိုင်းပြည်မှထွက်ခွာသွားပြီး ရွှေ့ပြောင်းလုပ်သားအဖြစ် လုပ်ကိုင်နေသည့် နိုင်ငံသားများ သုံးသန်းခန့် ပြန်လည်ရောက်ရှိရေးတို့အတွက် အတိုင်းအတာတစ်ခုအထိ အထောက်အကူပြုမည်ဖြစ်သည်။

သို့သော်လည်း တောင်ပိုင်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရာတွင် စိန်ခေါ်မှုများလည်း ကြုံတွေ့နေရသည်။ ယင်းတို့မှာ လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်အရေးတို့ပင်ဖြစ်သည်။

ဒေသတွင်း နိုင်ငံများအတွက် ရေကြောင်းခရီးတွင် မလေးကျွန်းဆွယ်ကို ဖြတ်ရန်မလိုတော့ဘဲ ဖြတ်လမ်းအဖြစ် ခရီးတိုစေမည့် ထားဝယ်စီမံကိန်းသည် ပွင့်လင်းမြင်သာမှု အားနည်းနေကြောင်း ဒေသခံများအကြား ဝေဖန်ခံနေရသည်။ အဆိုပါစီမံကိန်းဧရိယာအတွင်း ကျရောက်နေသည့် ထောင်နှင့်ချီသော မြေနေရာများကို စီမံခန့်ခွဲမှုအတွက် တရားမျှတမှု မရှိဟု မကြာခဏ ဝေဖန်သံများ ထွက်ပေါ်နေသည်။

"ကျွန်တော်တို့က စီမံကိန်းကို ကန့်ကွက်နေတာမဟုတ်ဘူး။ ဖွံ့ဖြိုးမှုကို အကြောင်းပြပြီး မြေသိမ်းမှုတွေ မြေကစားမှုတွေကို ပြောနေတာ"ဟု ဦးသန်းဝင်းက ပြောသည်။

စီမံကိန်းများသည် ဒေသခံများ အကျိုးဖြစ်ရေးထက် လာရောက်တည်ဆောက်မည့် စက်ရုံများက ထွက်ရှိသည့်စွန့်ပစ်ပစ္စည်းများက တောင်ပိုင်းဒေသ၏ အလှအပကို ပျက်စီးစေရန်သာ ဦးတည်မည်ကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများက စိုးရိမ်နေကြသည်။ တနင်္သာရီတိုင်းဒေသအတွင်း အလားအလာအရှိဆုံး စီမံကိန်းဖြစ်သည့် ထားဝယ်ရေနက်စီမံကိန်းသည်လည်း ထိုင်းနိုင်ငံအတွင်း တည်ဆောက်ရန် ကန့်ကွက်ခံနေရသည့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေမည့် စက်ရုံများ ပြောင်းရွှေ့လာမည်ကို ဒေသခံများက စိုးရိမ်နေကြသည်။

"အခု ကော့သောင်းမှာ ဆောက်နေတဲ့ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံက ဥပမာပဲပေါ့။ လူနေအိမ်နဲ့ ချောင်းလေးပဲခြားတယ်။ ဘယ်လောက်ကန့်ကွက်ကန့်ကွက် ဘယ်သူကအရေးစိုက်လို့လဲ"ဟု ကော့သောင်းမြို့တွင်နေထိုင်လျက်ရှိသည့်ဦးကျော်လှိုင်ကပြောသည်။

ဒေသတိုးတက်ရေးအတွက် လုပ်ဆောင်ရာတွင် စက်မှုလုပ်ငန်းများ တစ်ခုတည်းသာ အားကိုးရာမဟုတ်ဘဲ လှပသည့် ကျွန်းစုများကို အသုံးပြုပြီး ကမ္ဘာလှည့်ခရီးသွားများအား ဆွဲဆောင်ခြင်းဖြင့်လည်း ဝင်ငွေရရှိရန် ဆောင်ရွက်သင့်ကြောင်းလည်း သူက ပြောသည်။

ယင်း ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်ရာတွင် ဒေသခံများ၏ ကိုယ်ပိုင်ယဉ်ကျေးမှု အမှတ်အသားများကို အစိုးရက အလေးထားရန်မှာ အထူးလိုအပ်သည့်ကိစ္စတစ်ခုဖြစ်ကြောင်းပြည်တွင်းပဋိပက္ခများ အဆုံးသတ်ရေးအတွက် လုပ်ဆောင်နေသည့်မြန်မာငြိမ်းချမ်းရေးစင်တာမှ အကြံပေးဒေါက်တာမင်းဇော်ဦးက ပြောသည်။

"အဲဒီဒေသ ဖွံ့ဖြိုးလာရင် ပြည်ပကနေ ပြန်လာမယ့် သူတွေအတွက် အာဏာပိုင်တွေက ကြိုတင်ပြင်ဆင်ရမယ်။ အလုံးအရင်းနဲ့ ပြန်လာတဲ့ဟာတွေကို နေရာမချနိုင်ဘူးဆိုရင် တိုင်းပြည်ထဲမှာ ပြဿနာတွေ အများကြီးပိုထွက်လာနိုင်တယ်"ဟု ၎င်းကဖွံ့ဖြိုးမှုနှင့်အတူ ယှဉ်တွဲလာနိုင်သော စိန်ခေါ်မှုများကို ပြောသည်။

"နိုင်ငံတစ်နိုင်ငံဟာ သယံဇာတပစ္စည်း ပေါများလျက်နဲ့၊ သဘာဝအားဖြင့် ချမ်းသာလျက်နဲ့ မတိုးတက်နိုင်ဘူးဆိုလို့ရှိရင်တော့ ဒါအစိုးရမှာ တာဝန်ရှိတယ်လို့ ကျွန်မတို့ ပြောရမှာပဲ"ဟု ဒေါ်အောင်ဆန်းစုကြည်က တနင်္သာရီဒေသခရီးစဉ်အတွင်း ကျွန်းစုမြို့ လူထုတွေ့ဆုံပွဲအတွင်း ပြောကြားသည်။

ဦးကျော်လှိုင်က ၎င်းနေထိုင်ရာ မြန်မာ-ထိုင်းနယ်စပ်မြို့သို့ နှစ်ပေါင်း ၂၀ ကျော်အတွင်း ပထမဆုံးအကြိမ်အဖြစ် ဒေါ်အောင်ဆန်းစုကြည် လာရောက်လည်ပတ်ပုံကို ရနောင်းမြို့မှ သူ့မိတ်ဆွေထံသို့ ထိုင်းဆက်သွယ်ရေးကွန်ရက်သုံး ဖုန်းဖြင့် ပြောပြနေသည်။

အစိုးရသစ်၏ နှစ်နှစ်နီးပါးသက်တမ်းကာလအတွင်း နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကြောင့် သူမျှော်လင့်မထားသည့် နိုဗယ်ငြိမ်းချမ်းရေးဆုရှင်သည် သူ့မွေးရပ်မြေသို့ နောက်တစ်ကြိမ်(ဒုတိယအကြိမ်အဖြစ်)အမှန်တကယ် ပြန်လည်ရောက်ရှိလာခဲ့ပြီဖြစ်သည်။

သူ့မွေးရပ်မြေထံသို့ ပြန်လည်ရောက်ရှိလာရန် သူမျှော်လင့်နေသူများ ရှိသေးသည်ဟု ဦးကျော်လှိုင်က ပြောသည်။ ထိုသူများမှာ အခြေခံလုပ်သားများအဖြစ် တစ်ဖက်နိုင်ငံတွင် အသက်မွေးနေသည့် သူ၏သားများပင်ဖြစ်သည်။ စီးပွားရေးအခြေအနေကြောင့် တိုင်းပြည်မှ စွန့်ခွာခဲ့ရသူများ ပြန်လည်ရောက်ရှိရန်မှာ စီးပွားရေးပြန်လည်ကောင်းမှ ဖြစ်မည်ဟု ၎င်းကဆိုသည်။

ရာစုနှစ်ထက်ဝက်ကျော်အတွင်း ရရှိလာသော အခြေအနေကောင်းများကို ဆုပ်ကိုင်ပြီး မြန်မာနိုင်ငံသည် အလားအလာကောင်းသော နိုင်ငံရေးလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းနေပြီဖြစ်သည်။

ထို့အတူ တိုင်းပြည်စီးပွားရေးပြန်လည် ကောင်းမွန်ရေးအတွက် တစ်စိတ်တစ်ပိုင်းအဖြစ် အထောက်အကူပြုနိုင်ရန် ဖွံ့ဖြိုးမှုအတွက် အလားအလာကောင်းများ ပိုင်ဆိုင်နေသည့် မြန်မာနိုင်ငံတောင်ဘက်ပိုင်းဒေသ တိုးတက်ရေးမှာ အစိုးရသစ်နှင့် မြန်မာနိုင်ငံအတွက် စိန်ခေါ်မှုတစ်ရပ်ပင် ဖြစ်နေတော့သည်။ ။

## စာ-၄၊ ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံခြင်းက မှောင်ခိုကုန်သွယ်မှု တိုးလာစေဟုဆို မှ

ပြော်ရက်မှစ၍ လယ်ယာထွက်ကုန်များနှင့်စက်မှုကုန်ကြမ်းသီးနှံများအမျိုး ၇၀ကို ပြည်ပသို့ တင်ပို့ပါက ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပေးခဲ့သည်။ သို့သော် စီးကရက်၊ အရက်၊ ဘီယာအမျိုးမျိုး၊ ကျွန်းသစ်လုံးနှင့်ခွဲသားများ၊ ကျောက်စိမ်းနှင့် အခြားအဖိုးတန်ကျောက်များ၊ ဓာတ်ဆီ၊ ဒီဇယ်၊ သဘာဝဓာတ်ငွေ့စသည်တို့ကို ပြည်တွင်း၌ထုတ်လုပ်ရောင်းချသည်ဖြစ်စေ၊ ပြည်ပမှတင်သွင်းပါကဖြစ်စေ ဆိပ်ကမ်းရောက် တန်ဖိုးပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရသည်။ ၎င်းတို့ထဲတွင်စီးကရက်ကို၁၀၀ရာခိုင်နှုန်း အခွန်ကောက်မည်ဖြစ်ပြီးအရက်၊ ဘီယာအမျိုးမျိုးနှင့် ကျွန်းသစ်မာလုံးနှင့် ခွဲသားတို့ကို ၅၀ ရာခိုင်နှုန်း အခွန်ကောက်ယူမည်ဟု ဖော်ပြထားသည်။

## စာ-၅၊ စက်မှုလုပ်ငန်းများကို ဇန်နဝါရီ ၁ ရက်မှစ၍ တစ်ရက် ၁၂ နာရီမီးဖြတ်မည် မှ

"လျှပ်စစ်မီးပေးဖို့ဟာ နိုင်ငံတော်အစိုးရရဲ့ တာဝန်ဖြစ်ပါတယ်။ ပြည်သူလူထုအတွက်ရော၊ စက်မှုလုပ်ငန်းထွန်းကားဖို့အတွက်ရော၊ မီးမှန်မှန်ရရှိရေးဟာ နိုင်ငံတော်အစိုးရရဲ့ တာဝန်ဖြစ်ပါတယ်။ လုပ်ငန်းရှင်တွေဘက်က ကိုယ့်တာဝန်ကိုယ် ကျေပွန်အောင်လုပ်သလို နိုင်ငံတော်ဘက်ကလည်း တာဝန်ကျေပွန်အောင် လုပ်စေချင်ပါတယ်။ မီးမလာလို့ အလုပ်နားရရင် တစ်နေ့လုပ် တစ်နေ့စား အလုပ်သမားတွေ ပိုဒုက္ခရောက်တော့မှာပေါ့" ဟု ပြည်ပသို့ ရေထွက်ပစ္စည်းတင်ပို့နေသော အအေးခန်းစက်ရုံပိုင်ရှင်တစ်ဦးက ပြောသည်။

စက်မှုဇုန်များရှိ စက်ရုံတိုင်းနှင့် ရပ်ကွက်အတွင်းရှိစက်ရုံများမှာလည်း အလုပ်သမားများ အလုပ်အကိုင်ရရှိစေပြီး အထူးသဖြင့် ပြည်ပသို့ တင်ပို့ကုန်များ ထုတ်လုပ်ပေးနေသောစက်ရုံများက နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေကိုပါ ရှာဖွေပေးနေသောကြောင့်မီးဖြတ်ပါက နိုင်ငံတော်အတွက်ပါ နစ်နာနိုင်ကြောင်း ၎င်းတို့က ပြောသည်။

ယခုနှစ်စပိုင်းက ရန်ကုန်တိုင်း မီးလင်းရေးကုမ္ပဏီနှင့် စက်ရုံပိုင်ရှင်များ တွေ့ဆုံစဉ် လျှပ်စစ်ဓာတ်အား မှန်မှန်ရရှိစေရန် ဓာတ်အားခွဲရုံ၊ ဓာတ်တိုင်များနှင့် ဓာတ်ကြိုးများအား စက်ရုံပိုင်ရှင်များ၏ ကိုယ်ပိုင်ငွေဖြင့် အကုန်အကျခံသုံးစွဲခိုင်းသောကြောင့် ကျပ်သိန်းတစ်ရာကျော် အကုန်အကျခံခဲ့ရကြောင်း ဒေါပုံမြို့နယ်ရှိ အအေးခန်း စက်ရုံပိုင်ရှင် တစ်ဦးကလည်း ပြောသည်။



# Health

7 DAY NEWS JOURNAL

Vol.11, No.43 • JANUARY 3 , 2013




# ကားများမှ ရနိုင်သောရောဂါ

ဝတ်ရည်အောင်

**ပြည်တွင်းသို့ ကားများ တင်သွင်းခွင့်ပြုပြီး နောက်ပိုင်းတွင် လမ်းမများပေါ်၌ ခေတ်မီကားများ အများအပြား တွေ့မြင်လာရသည်။ ကားများကြောင့် လမ်းများပေါ်တွင် သိသာထင်ရှားသည့် လမ်းပိတ်ဆို့မှုများအား အာရုံစိုက်နေချိန်တွင် ကားများကြောင့် ဖြစ်ပွားလာနိုင်သည့် ရောဂါများကိုမူ မေ့လျော့နေကြသည်။**

**ကားများမှထွက်ရှိလာသည့် ဓာတ်ငွေ့များကြောင့် လူများတွင် အသက်ရှုလမ်းကြောင်းဆိုင်ရာ ကင်ဆာရောဂါများ၊ သွေးနှင့်ပတ်သက်သော ကင်ဆာရောဂါများ ဖြစ်ပွားလာနိုင်ကြောင်း လုပ်ငန်းခွင်ကျန်းမာရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကြည်လွင်ဦးကပြောသည်။**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လမ်းများပေါ်တွင် ခရီးသည်တင်ယာဉ်စီးရေ ၁၁,၀၀၀ ကျော်အပါအဝင် လက်ရှိအချိန်တွင် မှတ်ပုံတင်ပြီး ယာဉ်စီးရေနှစ်သိန်း သုံးသောင်းကျော် ရှိနေသည်။ မော်တော်ယာဉ် တင်သွင်းခွင့်မူဝါဒ ပြောင်းလဲပြီးနောက်ပိုင်း ပြည်တွင်းသို့တစ်နှစ်ကျော်အတွင်း လူစီးကား၊ ဘတ်စ်ကား၊ ကုန်တင်ယာဉ် ကားသစ်စီးရေပေါင်း တစ်သိန်းနှစ်သောင်းကျော် ဝင်ရောက်လာခဲ့ကြောင်း အကောက်ခွန်ဌာန၏ ဝက်ဘ်ဆိုက်စာမျက်နှာတွင် ဖော်ပြထားသည်။

ဒီဇယ်၊ ဓာတ်ဆီ၊ အောက်တိန်းစသည့် စွမ်းအင်များ အသုံးပြုရသည့် မော်ဒယ်မြင့်ကားများတွင် လေထုညစ်ညမ်းမှုမှ ကာကွယ်ရန် သုံးသည့် ဓာတ်ငွေ့အား လေထုအတွင်း အမှုန်များအဖြစ် မထွက်စေရန် ပြုပြင်ထားသော်လည်း Volatile Organic Compound ဟု ခေါ်သည့် ဓာတ်ငွေ့များ ထွက်ရှိလာမှုအား မတားဆီးနိုင်ပေ။

ထိုကွန်ပေါင်းများမှာ လူခန္ဓာကိုယ်အတွင်း နှစ်ကြာလာသည်နှင့်အမျှ တဖြည်းဖြည်း အနည်ထိုင် စုပြုံသွားသည့် ဂုဏ်သတ္တိလည်း ရှိသည့်အခါ နောက်ဆက်တွဲ အန္တရာယ်ကြီးမားသည့် ကင်ဆာရောဂါများဖြစ်ပွားလာနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

"အခု သုံးနေတဲ့ စက်တွေက လေထုထဲက အမှုန်ကိုတောင် PM10 လောက်ကိုပဲ စစ်ဆေးနိုင်သေးတယ်။ အဲဒီထက်သေးတဲ့ အမှုန်တွေကို မစစ်နိုင်သေးဘူး။ အဲလိုပဲ ဒီကွန်ပေါင်းတွေကိုလည်း မစစ်နိုင်သေးတဲ့အခါ ဘယ်လောက်များများ ပျံ့နှံ့ပြီး ဘယ်လောက်အန္တရာယ်တွေဖြစ်လာမယ်ဆိုတာလည်း မသိနိုင်ဘူး"ဟု ဒေါက်တာကြည်လွင်ဦးက ပြောသည်။

ကားများမှ စွန့်ထုတ်လိုက်သည့် အမှုန်များ လေထုညစ်ညမ်းမှု ဖြစ်ပွားစေသည့်အတွက် မြန်မာနိုင်ငံတွင် လေထုသန့်ရှင်းမှုဆိုင်ရာ စစ်ဆေးမှုများအား လုပ်ငန်းခွင်ကျန်းမာရေးဦးစီးဌာနမှ ၂၀၀၈ ခုနှစ်ကစ၍ ရန်ကုန်မြို့တွင် စတင်စစ်ဆေးခဲ့သည်။

ကားသစ်များ တင်သွင်းမှု မရှိသေးသည့် ထိုအချိန်က စစ်ဆေးမှုများတွင် ကားများမှ ထွက်ရှိသည့်PM 10၊ ဆာလဖာဒိုင်အောက်ဆိုက် ဓာတ်ငွေ့များ၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များ ပါဝင်မှုအားစစ်ဆေးခဲ့ရာတွင်လေထုအတွင်း ပျံ့နှံ့နေသည့် ဆာလဖာဒိုင်အောက်ဆိုက်နှင့် နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်များသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ သတ်မှတ်ထားသည့်ရောဂါဖြစ်လာနိုင်သည့် အခြေအနေတွင် မရှိသေးကြောင်း သိရသည်။


**စာ(၁၄)သို့**


# ရခိုင်ပြည်နယ် ကျေးလက်ကယ်ဆယ်ရေးစခန်းများတွင် ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းမှုအတွက် အရေးပေါ်ဆောင်ရွက်ရန်လိုအပ်နေ

**မေဝင်းမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၆**

ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သည့် ပဋိပက္ခကြောင့် မူရင်းဒေသမှ ရွှေ့ပြောင်းနေထိုင်ကြသည့်ကလေးသူငယ်များ အပါအဝင် ဘေးအန္တရာယ်ကြုံတွေ့နေရသူများမှာ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ရေကြောင့်ဖြစ်ပွားတတ်သည့် ရောဂါများ ကူးစက်နိုင်သည့် အန္တရာယ်နှင့် ရင်ဆိုင်နေရသဖြင့် အရေးပေါ် လုပ်ဆောင်ရန် လိုအပ်နေကြောင်း ယူနီဆက်ဖ်က သတင်းထုတ်ပြန်သည်။

ရေကောင်းရေသန့်ရရှိမှုအ ကန့်အသတ်ရှိခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေး(အိမ်သာ)မလုံလောက် ခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှု အသိပညာနည်းပါးခြင်းနှင့်ထင်းမရရှိမှုကြောင့် ရေကိုကျိုချက်မသောက်သုံးနိုင်ခြင်း၊ ရေသိုလှောင်ရန်သင့်တော်သည့်ရေစည်၊ ရေပုံးများ ပိုင်ဆိုင်မှုမရှိခြင်း စသည်အချက်များကြောင့်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာပြဿနာများ ရင်ဆိုင်နေရသည်ဟုဆိုသည်။

"ရခိုင်ပြည်နယ်အတွင်းက အထူးသဖြင့် ကျေးလက်ဒေသက စခန်းတွေမှာ ကလေးသူငယ်တွေရဲ့ သူတို့ရဲ့မိသားစုဝင်တွေကို ရေမသန့်ရှင်းမှုနဲ့ အိမ်သာမလုံလောက်တဲ့အတွက် ဖြစ်လာတဲ့နာမကျန်းတွေကိုကာကွယ်ဖို့အတွက်အများကြီး လုပ်ဆောင်ဖို့လိုအပ်နေပါတယ်"ဟု ယူနီဆက်ဖ်(မြန်မာ)ဌာန ကိုယ်စားလှယ်မစ္စတာ ဘက်ထရန်ဗိန်းဖဲလ်ကပြောသည်။

လူဦးရေ၏ ၃၅ ရာခိုင်နှုန်းမှာ အိမ်သာမသုံးဘဲ အကာမဲ့အခင်းသွားကြပြီး မြန်မာနိုင်ငံရှိအခြား ပြည်နယ်များနှင့် နှိုင်းယှဉ်လျှင် ရခိုင်ပြည်နယ်သည် အစဉ်အလာအရ အိမ်သာမသုံးဘဲ အကာမဲ့အခင်းစွန့်သည့်နှုန်း အမြင့်မားဆုံးဖြစ်သည်ဟုသိရသည်။

သွားလာရေးလွယ်ကူပြီး ကောင်းမွန်သည့် အခြေအနေရှိသောမြို့ပေါ် ကယ်ဆယ်ရေးစခန်းများနှင့်နှိုင်းယှဉ်လျှင် ကျေးလက်ရှိကယ်ဆယ်ရေးစခန်းများမှာ သွားလာရေး ခက်ခဲသည့်အပြင် ရွှေ့ပြောင်းနေထိုင်သူများပြားကာ လူနေမှုပြည့်ကျပ်သည့်အတွက် တစ်ကိုယ်ရေသန့်ရှင်းရေး အဆင့်အတန်းနိမ့်ကျပြီး အိမ်သာဆောက်လုပ်ရန်နေရာမရှိသည့်အတွက် ပတ်ဝန်းကျင်သန့်ရှင်းအခြေအနေမှာ ဆိုးဝါးလျက်ရှိကြောင်း ယူနီဆက်ဖ်က ထုတ်ပြန်သည်။

ရွှေ့ပြောင်းနေထိုင်သူများ၏ ထက်ဝက်ကျော်သာ ရေကောင်းရေသန့်ဟုယူဆနိုင်သည့် ရေကို သုံးစွဲနေရပြီး လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသာ အိမ်သာသုံးစွဲနိုင်သည့် အနေအထားရှိသည်ဟုသိရသည်။

ရွှေ့ပြောင်းနေထိုင်သူစုစုပေါင်း ၁၁၅,၀၀၀ ရှိသည့်အနက် စစ်တွေမြို့ပတ်ဝန်းကျင်တွင် ရွှေ့ပြောင်းနေထိုင်သူဦးရေမှာ ၈၅,၀၀၀ ခန့်ရှိသည်။ လူဦးရေ၏ ၅ ရာခိုင်နှုန်းမှာ ရခိုင်တိုင်းရင်းသားအများစုနေထိုင်သည့် မြို့ပေါ် ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ပြီး ကျေးလက်ရှိကယ်ဆယ်ရေးစခန်းများတွင်မူ နေထိုင်သူ ၉၅ ရာခိုင်နှုန်းရှိကာ ဘင်္ဂါလီလူမျိုး အများဆုံးဖြစ်ကြောင်း သိရသည်။






# အစားအသောက် အများအပြား စားသုံးခြင်းသည် လူ့ခန္ဓာကိုယ်တွင်း လှည့်ပတ်မှုကို အနှောင့်ယှက်ဖြစ်စေ

**ဆန်ဖရန်စစ္စကို၊ ဒီဇင်ဘာ-၂၅**

အစားအသောက်များ အလွန်အကျွံစားသုံးခြင်းနှင့် အရက်သေစာ အလွန်သောက်သုံးခြင်းသည် လေယာဉ်ခရီးစဉ် နာရီပေါင်းများစွာ စီးခြင်းကဲ့သို့ ခန္ဓာကိုယ်၏ ဇီဝနာရီကို ကမောက်ကမ ဖြစ်စေနိုင်ကြောင်း အမေရိကန်သုတေသီများက ပြောသည်။

အစားအသောက် ပုံစံများ ပြောင်းလဲသွားပါက ခန္ဓာကိုယ်က အစားအစာနာရီကို ပြန်လည်ပြင်ဆင်သတ်မှတ်ရာတွင် PKCY ဆိုသည့်ပရိုတိန်းမှာ အလွန်အရေးပါကြောင်း ကယ်လီဖိုးနီးယားတက္ကသိုလ်မှဒေါက်တာလူးဝစ်ပတာဆက်က ပြောကြားသည်။

လက်တွေ့စမ်းသပ်ခန်းအတွင်း ကြွက်များအား ပုံမှန်အိပ်ချိန်တွင် အစားအသောက် ကျွေးမွေးသောအခါ ယင်းကြွက်များမှာ စားသောက်ချိန် ထိန်းညှိမှုများရှိလာပြီး အိပ်နေချိန်မှာပင် အိပ်ရာမှနိုးထလာကာ အစာရှာဖွေလာကြသည်။ သို့သော် PKCY မျိုးဗီဇနည်းပါးသည့် ကြွက်များမှာမူ ယင်းသို့ ပြောင်းလဲမှုမရှိဘဲ ဆက်လက်အိပ်စက်နေလေ့ရှိခြင်းကို သုတေသီများက တွေ့ရှိခဲ့သည်။

ယခုတွေ့ရှိချက်များကြောင့် ဆီးချိုရောဂါ၊ အဝလွန်ခြင်းနှင့် အခြားအစာကြေညက်မှု ချေဖျက်မှု ဆိုင်ရာ ရောဂါ ပြဿနာများ ပိုမိုနားလည်လာနိုင်မည်ဟု သုတေသီများက အမျိုးသားသိပ္ပံပညာရပ်များအကယ်ဒမီစာစောင်တွင် ဖော်ပြထားသည်။ - UPI



7 DAY NEWS JOURNAL
Vol.11, No.43 • JANUARY 3 , 2013

## စာ-၁၃၊ ကားများမှ ရနိုင်သောရောဂါများ

အမှုန်ပါဝင်မှုသည်လည်း ရောဂါများ ဖြစ်ပွားစေသည့် အခြေအနေ သတ်မှတ်ချက်ထက် အနည်းငယ်ပိုနေသော်လည်း အိမ်နီးချင်းတိုင်းပြည်များထက် များစွာ လျော့နည်းနေသေးသဖြင့် ခြုံငုံပြောရလျှင် လေထုညစ်ညမ်းမှုလည်း မရှိသေးကြောင်း ဒေါက်တာကြည်လွင်ဦးက ပြောသည်။

ထိုသို့ လေထုညစ်ညမ်းမှု နည်းပါးနေရခြင်း အကြောင်းရင်းများတွင် ပြည်တွင်း၌ အသုံးပြုသည့်ယာဉ်များအားသဘာဝဓာတ်ငွေ့ (စီအင်န်ဂျီ) ပြောင်းလဲခြင်းက မရည်ရွယ်သော်လည်းလေထုညစ်ညမ်းမှုတွင် အကျိုးကျေးဇူးများ သက်ရောက်သွားကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

သဘာဝဓာတ်ငွေ့ အစားထိုးလိုက်သည့်အခါ မော်တော်ကားများ၏ အိတ်ဇောမှ ထွက်လာသော အန္တရာယ်ဖြစ်စေသည့် ဓာတ်ငွေ့များအား ထုတ်လွှတ်မှု သက်သာသွားခဲ့သည်။ ထိုသို့ ဓာတ်ဆီ၊ ဒီဇယ်စသော ဓာတ်ငွေ့များမှ ထွက်ပေါ်လာသည့် အန္တရာယ်ဖြစ်စေသည့်ဓာတ်ငွေ့ထွက်ရှိမှု နည်းပါးခဲ့သည့်အပြင် ယာဉ်ဟောင်းများ ဖျက်ဆီးပြီး ကားသစ်များ တင်သွင်းသည့် မူဝါဒကြောင့် ကားများမှ ထွက်ရှိသည့် မီးခိုးမှုန့်များလည်း လေထုအတွင်း နည်းပါးခဲ့သည်။

သို့သော် ထိုကားသစ်များ ရောက်ရှိလာသည့်အခါ လောင်စာများမှ ထွက်လာသော ဓာတ်ငွေ့ပြဿနာများ ပေါ်ပေါက်လာပြီး ဓာတ်ငွေ့များ လေထုအတွင်း ပျံ့နှံ့မှုနှင့် လူအများပေါ် သက်ရောက်မှုများအားစစ်ဆေးနိုင်သည့် နည်းပညာများ မရှိပါကမည်သည့် အကြောင်းရင်းကြောင့် ဖြစ်ပွားမှန်း မသိနိုင်သည့် ကင်ဆာရောဂါဝေဒနာများဖြင့် သေဆုံးမှုများလည်း များပြားလာဦးမည် ဖြစ်သည်။

ပြည်တွင်းတွင် လက်ရှိအသုံးပြုနေသည့် လေထုညစ်ညမ်းမှုအား တိုင်းတာသော စက်ပစ္စည်းများသည် မည်သည့်နိုင်ငံတွင်မှ အသုံးမပြုတော့သော ကိရိယာများဖြစ်သည့်အတွက် ကားများမှ ထွက်ရှိသည့် အချို့အရာများကိုသာ စစ်ဆေးနိုင်ပြီး လူအများ၏ ကျန်းမာရေးအား သက်ရောက်မှု များပြားနိုင်သော အန္တရာယ်ရှိသည့် အရာများကို စစ်ဆေးနိုင်ခြင်း မရှိသေးချေ။

"အခုဆိုရင်ကင်ဆာကြောင့် ဆုံးတယ်ဆိုတာ ပတ်ဝန်းကျင်မှာ ပိုပိုပြီး ကြားလာရတယ်။ ဖြစ်တာမှာလည်း ဖြစ်ရောဘာကြောင့်ဆိုတာမျိုးလည်း သေချာမသိကြရဘူး။ ဟိုရက်ပိုင်းက အင်တာနက်မှာလည်း မြန်မာနိုင်ငံက ကင်ဆာဖြစ်ပွားမှု အများဆုံးနိုင်ငံတွေထဲမှာ ဒုတိယလိုက်တယ်လို့ တွေ့လိုက်တယ်"ဟုအသက်၃၀အရွယ် မမျိုးမျိုးက ပြောသည်။

ထိုကဲ့သို့ ဓာတ်ငွေ့များ အန္တရာယ်အပြင် ကားသစ်များတွင် တပ်ဆင်ထားသော မာကျူရီမီးလုံးများကြောင့်လည်း အလင်းရောင် ညစ်ညမ်းမှုကို ဖြစ်ပွားစေနိုင်ကြောင်း လုပ်ငန်းခွင်ကျန်းမာရေးမှ အငြိမ်းစားညွှန်ကြားရေးမှူး ဒေါက်တာသန်းထွဋ်က ပြောသည်။

"အဲဒီ မီးလုံးတွေက မြင်ကွင်းမကောင်းတာတွေအပြင် ခရမ်းလွန်ရောင်ခြည်ပါပါရင် မျက်လုံးတိမ်စွဲတာမျိုးတွေလည်း ဖြစ်ပွားလာနိုင်တယ်"ဟု ဒေါက်တာ သန်းထွဋ်က ဆက်လက်ပြောသည်။

ထိုကဲ့သို့ ပြဿနာအား ဖြေရှင်းရန်အတွက် နည်းလမ်းများစွာရှိသည့်အထဲတွင် မြို့၏ လမ်းမများပေါ်၌ ပြေးဆွဲနေသည့် ယာဉ်လိုင်းများကိုသာ အဓိကအားကိုးနေရသော မြို့နေလူထုခုနစ်သန်းဝန်းကျင် နေ့စဉ်ကြုံတွေ့နေရသည့် ယာဉ်ကြောပိတ်ဆို့မှုများကြောင့် အချိန်များကုန်ဆုံးနေရသော ပြဿနာများအပြင် လေထုညစ်ညမ်းမှုအားလျှော့ချပေးနိုင်မည့် ရေရှည်စီမံကိန်းများအား တာဝန်ရှိသူများ မဖြစ်မနေ ရေးဆွဲဆောင်ရွက်ရန်လည်း လိုအပ်လာပြီဖြစ်ကြောင်း ကျွမ်းကျင်သူများက အကြံပြုပြောကြားသည်။

"အဲဒီအတွက်ကတော့ လူအများအပြားကို မြန်မြန်ဆန်ဆန် နဲ့ များများသယ်ပို့ပေးနိုင်မယ့် မြေအောက်ရထားတို့လို့၊ မိုးပျံရထားတို့လိုမျိုးကို ရေရှည် စီမံကိန်းဆွဲပြီးလုပ်မှ ဒီပြဿနာတွေကို ဖြေရှင်းနိုင်မှာဟု"ကျန်းမာရေးဆိုင်ရာ ပညာရှင်များ၊ မြို့ပြတည်ဆောက်မှုဆိုင်ရာ အင်ဂျင်နီယာတစ်ဦးက အကြံပြုပြောကြားကြသည်။

သက်ဆိုင်ရာ ဌာနအသီးသီးမှ မြို့အတွင်း မော်တော်ယာဉ်များ ပြေးဆွဲ၍ ဖြေရှင်းရန်အတွက် အရေးတကြီးလိုအပ်နေသည့်အပြင် ဓာတ်ငွေ့များ ထုတ်လွှတ်မှု မရှိသည့် စက်ဘီးကဲ့သို့ သွားလာရေးယာဉ်များအသုံးပြုနိုင်ရေး လမ်းကြောင်းများကိုလည်း ထည့်သွင်းသင့်ကြောင်း အကြံပြုပြောကြားကြသည်။

"တကယ်ဆိုရင် ဒီနှစ်မှာ ကားစီးရေဘယ်လောက်များများ တင်သွင်းလာတယ်။ နောက်နှစ် လေထုဘယ်လောက် ညစ်ညမ်းသွားတယ်ဆိုတာမျိုးတွေလည်း လုပ်နိုင်ရမယ့်အပြင် ကိုယ့်နိုင်ငံအတွင်း လေထုသတ်မှတ်ချက်တွေလည်း လိုတယ်။ အဲဒါမှ သတ်မှတ်ချက်ထက်များလာရင် ဘာတွေဖြစ်လာမလဲဆိုတာ ခန့်မှန်းနိုင်ပြီး အဲဒါကို ကာကွယ်နိုင်မှာ" ဟု ဒေါက်တာကြည်လွင်ဦးက ပြောသည်။

ထိုသို့ မော်တော်ယာဉ်များကြောင့် လူသားတို့အား ထိခိုက်နိုင်သည့် အန္တရာယ်များအား ဖြေရှင်းနိုင်ရန် သက်ဆိုင်ရာ ပုဂ္ဂိုလ်များတွင်သာ တာဝန်အရှိဆုံးဖြစ်နေပြီး အခြားနိုင်ငံများ ကျင့်သုံးနေသည့် နည်းလမ်းများအား အတုယူ၍ ရေရှည်စီမံကိန်းများ ရေးဆွဲဆောင်ရွက်ခြင်းကသာလျှင် အထိရောက်ဆုံးဖြေရှင်းနိုင်မည့် နည်းလမ်းများလည်းဖြစ်ကြောင်း သိရသည်။

## ရောင်ခြည်သစ်ကုသိုလ်ဖြစ် အခမဲ့ဆေးခန်းဖွင့်လှစ်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၈**

သဃ်န်းကျွန်းမြို့နယ် စံပြရပ်ကွက် စံပြ၁လမ်းတွင် အထွေထွေရောဂါများအား အခမဲ့ကုပေးမည့် ရောင်ခြည်သစ်ကုသိုလ်ဖြစ် အခမဲ့ ဆေးခန်းတစ်ခု ဖွင့်လှစ်ထားကြောင်း သတင်းရရှိသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ကျန်းမာရေးကွန်ရက်မှ လူငယ်ဆရာဝန်ကွန်ရက်၏ ပထမဆုံး ဖွင့်လှစ်သည့် ဆေးခန်းဖြစ်ပြီး သားဖွားမီးယပ်ဆိုင်ရာ ရောဂါများ၊ မျက်စိနှင့်ပတ်သက်သည့် ရောဂါများ ခွဲစိတ်ကုသမှုများအတွက် မဟာဗန္ဓုလပန်းခြံလမ်းရှိ မွတ်ဆလင်အခမဲ့ကုသိုလ်ဖြစ်ဆေးရုံနှင့် ချိတ်ဆက်၍ ကုသပေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးကွန်ရက်မှကိုကျော်စွာဦးက ပြောသည်။

"ဆေးခန်းက အထွေထွေကုသမှုတွေကတော့ အခမဲ့ပေါ့။ တခြားတက်ရောက်ကုသမှုတွေကတော့ အကုန် အခမဲ့တော့မဟုတ်ဘူး။ တချို့စစ်ဆေးမှုတွေကတော့ အကုန်ကျခံရမှာတွေ ရှိနိုင်ပါတယ်" ကိုကျော်စွာဦးက ဆက်လက်ပြောသည်။

စနေနှင့် တနင်္လာနေ့များတွင်နေ့လယ်၁နာရီမှညနေ၄နာရီအတွင်း တစ်နေ့လျှင် လူနာ ၄၀ မှ ၆၀ဦးအကြား ကွန်ရက်ရှိဆရာဝန်များမှ ကျန်းမာရေးစောင့်ရှောက်မှုပေးမည်ဖြစ်ပြီး နောက်ပိုင်းတွင် အထူးကုဆရာဝန်ကြီးများအား ဖိတ်ခေါ်၍ ဆေးဝါးကုသမှုများ ကျန်းမာရေးဟောပြောပွဲများလည်း ထပ်မံတိုးချဲ့သွားမည်ဖြစ်ကြောင်း သိရသည်။

## အမေရိကန်တွင် ဆရာဝန်များ လိုအပ်ချက်ရှိနိုင်

**ဒါးလတ်စ်၊**

**ဒီဇင်ဘာ- ၂၅**

အမေရိကန်နိုင်ငံတွင် ရိုးရိုးဆရာဝန်များ၏ လစာမှာ အထူးကုများလစာ၏ ထက်ဝက်ခန့်သာရှိသောကြောင့် ၂၀၂၀ပြည့်နှစ်တွင် အမေရိကန်၌ အခြေခံကျန်းမာရေး စောင့်ရှောက်မှု ပေးသည့် ဆရာဝန် ၁၀၀,၀၀၀ ခန့် လျော့နည်းနိုင်ကြောင်း အကျိုးအမြတ် မယူသည့် အဖွဲ့တစ်ဖွဲ့က ဆိုသည်။

ရိုးရိုး ဆရာဝန်များ၏ ဝင်ငွေမှာ တစ်နှစ်လျှင် ဒေါ်လာနှစ်သိန်းကျော်ကျော်သာ ရရှိကာ အထူးကုများမှာ လေးသိန်းနီးပါးရရှိပြီး ရပ်တည်မှု ပိုမိုမြင့်မား၍ အလုပ်ချိန်လည်းတိုတောင်းသည်ကိုဆရာဝန်အသစ်များ မြန်မြန်သိရှိသွားကြလိမ့်မည်ဟုMedical Group Management Association က တွက်ချက်ဖော်ပြသည်။

ဆရာဝန် လျော့နည်းမှုပြဿနာကို ဆေးကျောင်းများက ဖြေရှင်းရန် မကြိုးစားကြသော်လည်း ကျောင်းသားများက သိရှိနေကြကြောင်း တက်ဆက်တက္ကသိုလ်၊ အနောက်တောင်ပိုင်း ဆေးပညာစင်တာမှ ဒေါက်တာဒယ်နီရယ် ပိုဒေါ့စတီးက ပြောကြားသည်။

ဆေးပညာကျောင်းသားများအား ဆေးရုံကြီးများက ဆွဲထုတ်၍ ဆရာဝန်လိုအပ်ချက်ရှိနေသော နေရာများသို့ ပို့ဆောင်သင့်ကြောင်း ဆေးကျောင်းတက်နေစဉ်မှာပင် ကျောင်းသားများအား ကျေးလက်များသို့ ပို့ဆောင်၍ လူထုနှင့် ထိတွေ့စေသင့်သည်ဟု တက်ဆက်မိသားစု ဆရာဝန်များ အကယ်ဒမီမှ ဒေါက်တာထရိုင်ဖရိုင်စင်ဂါကလည်း ပြောကြားသည်။ - UPI

## အာဆီယံတိုင်းရင်းဆေးညီလာခံ အိမ်ရှင်အဖြစ် မြန်မာ လက်ခံကျင်းပမည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဒီဇင်ဘာ ၂၇**

အာဆီယံ တိုင်းရင်းဆေးညီလာခံအား မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လာမည့်နှစ်တွင် ပထမဆုံးအကြိမ် လက်ခံကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထိုညီလာခံမှတစ်ဆင့် တက္ကသိုလ်အချင်းချင်း ပညာရပ်ဆိုင်ရာ နှီးနှောက်ဖလှယ်ပွဲများ၊ အာဆီယံစံနှုန်းနှင့်အညီ ဆေးဝါးထုတ်လုပ် မှုများ၊ အခြားနိုင်ငံများ နည်းတူ တိုင်းရင်းဆေးပညာ အဆင့်မြှင့် တင်ရေးလုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်ခြင်းများ တိုင်းရင်း ဆေးဝါးများနှင့်ပတ်သက်၍ အာဆီယံနိုင်ငံများနှင့် တန်းတူ ဆောင်ရွက်မှုများ စသည့်လုပ်ငန်းများ ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းထိန်းကျော်က ပြောသည်။

အာဆီယံနိုင်ငံများအပြင် တိုင်းရင်းဆေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများရှိသည့် ဂျပန်၊ ကိုရီးယား၊ တရုတ်၊ အိန္ဒိယနိုင်ငံများမှလည်း တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

"တိုင်းရင်းဆေးနဲ့ပတ်သက်ပြီး အခုတော့ပြောင်းလဲမှုလေးတွေ ရှိလာမယ်လို့ထင်တယ်။ အခုကတော့ တိုင်းရင်းဆေး ထုတ်လုပ်ရောင်းချနေတဲ့သူတွေပဲ အဆင်ပြေကြတယ်" ဟု တိုင်းရင်းဆေး သမားတော်များ ညီလာခံတက်ရောက်လာသူတစ်ဦးက မှတ်ချက်ပြုပြောသည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းဆေးသမားတော်ပေါင်း ခြောက်ထောင့်ခြောက်ရာကျော်ရှိပြီး တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ၁၃ ကြိမ်မြောက် ကျင်းပနိုင်ခဲ့သည်။



# Regional

7 DAY NEWS JOURNAL

Vol.11, No.43 • JANUARY 3 , 2013

# အထက်ပေါင်းလောင်းစီမံကိန်းအတွက် ကျေးရွာများရွှေ့ပြောင်းရန် ညှိနှိုင်းမှု အများစု အဆင်ပြေ

**သန်းထူး**

**နေပြည်တော်၊ ဒီဇင်ဘာ-၂၈**

ကနဦးအဆင့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၄၀ စတင်ထုတ်လုပ်နိုင်မည့် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းအတွက် ပင်လောင်းဒေသမှ ကျေးရွာပေါင်း ၂၂ ရွာ နေရာပြောင်းရွှေ့ရေးကို ဒေသခံကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် အကျိုးဆောင်အဖွဲ့အစည်းများဖြင့် ယနေ့ညှိနှိုင်းအစည်းအဝေး ပြုလုပ်ရာတွင် တောင်းဆိုချက်အများစု သဘောတူညီမှုရရှိခဲ့ကြောင်း သတင်းရရှိသည်။

ဒေသခံများ၏ တောင်းဆိုချက်ဖြစ်သည့် သီးနှံနစ်နာကြေး၊ တောင်ယာမြေ ဖော်ထုတ်ရေး၊ အိမ်ရာရွှေ့ပြောင်းစရိတ်၊ မြေပြုပြင်ပေးမှု၊ လျှပ်စစ်မီး သုံးနှစ်အခမဲ့ သုံးစွဲခွင့်ရရှိရေး၊ တစ်အိမ်ထောင်လျှင် ယာမြေခြောက်ဧကစီ လုပ်ပိုင်ခွင့် ရရှိရေး၊ ရေရရှိရေးနှင့် လမ်းပန်းဆက်သွယ်ရေး စသည့် အကြောင်းအရာများအနက် တစ်အိမ်ထောင် မြေယာခြောက်ဧကနှင့် လျှပ်စစ်မီး သုံးနှစ်အခမဲ့ သုံးစွဲခွင့်ရရေးကိစ္စများမှာ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြကာ ဒေသခံများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယနေ့အစည်းအဝေးမှ သိရှိရသည်။

ရှမ်းပြည်နယ်အစိုးရစက်မှု/လျှပ်စစ်ဝန်ကြီး ဦးစိုင်းထွန်းရင်က "လယ်ယာမြေ ဖော်ထုတ်စရိတ် သုံးသိန်းနဲ့ ပိုင်ဆိုင်ခွင့်ရရှိဖို့ အာမခံပါတယ်။ အိမ်တိုင်း မီတာဘောက်စ်တစ်လုံးစီလည်း ပေးပါမယ်" ဟူ၍ ရွှေ့ပြောင်းရမည့် ရွာများနှင့် ပတ်သက်၍ ပြည်နယ်အစိုးရက ဆောင်ရွက်ပေးမည့်အခြေအနေများကို ထိုဆွေးနွေးပွဲနှင့် ပူးတွဲပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။



ရေမြုပ်ဧရိယာအတွင်းပါဝင်သည့် လယ်ကွင်းများ

ဓာတ်ပုံ - ထူးသန့်

ကျေးရွာများပြောင်းရွှေ့ရေး လုပ်ငန်း ကြီးကြပ်မှုအဖွဲ့ဝင်/ရေအား လျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းဇော်ကလည်း အများနှင့်ဆိုင်သည့် အဆောက်အအုံများအား မူလထက် သာလွန်သော ပုံစံဖြစ်ရမည်ဖြစ်ပြီး အိမ်ခြေများအတွက် ခန့်မှန်းတန်ဖိုးတွက်ပြီး ထောက်ပံ့ပေးမည်ဟု ပြောသည်။ ထို့ပြင် ရွာချင်းဆက်လမ်းနှင့် ရွာတွင်းလမ်းများ ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးကိစ္စများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လူနေအိမ်များအတွက် အနိမ့်ဆုံး ထောက်ပံ့စရိတ် ကျပ်ငါးသိန်းအထက် ရရှိရန်နှင့် ပင်မဆောင်အပြင် မီးဖိုဆောင်၊ စပါးကျီ၊ နွားတင်းကုတ် အဆောက်အအုံများကိုပါ တွက်ချက်ပေးသွားရန်ရှိကြောင်း ပြောကြားသည်။

အဆိုပါဒေသမှ လယ်ယာမဲ့ဆင်းရဲနွမ်းပါးသူများအတွက် နှစ်နှစ်ခန့် ဆန်/ဆီ စားနပ်ရိက္ခာ ထောက်ပံ့ပေးရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရန် ကယန်းမျိုးဆက်သစ် လူငယ်အဖွဲ့က တင်ပြဆွေးနွေးထားသည်။ ယင်းဆွေးနွေးချက်များသည်လည်း သဘာဝကျကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ယခုကဲ့သို့ ကျေးရွာများရွှေ့ပြောင်းရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ကျပ်သန်းပေါင်း ၉,၅၀၀ ကျော် ကုန်ကျမည်ဖြစ်ပြီး စေတီများ၊ စာသင်ကျောင်းများ၊ ဆေးခန်းများ စသည့် အဆောက်အအုံများနှင့်ဆိုပါက ခန့်မှန်းကုန်ကျစရိတ် ကျပ်ငွေ ၁၂ ဘီလီယံမှ ၁၄ ဘီလီယံအထိ ကုန်ကျမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ဒေသခံများ၏ အခြေအနေနှင့်ပတ်သက်၍ ဝင်ရောက်အကျိုးဆောင်ပေးသော ကယန်းမျိုးဆက်သစ်လူငယ်အဖွဲ့မှ ခွန်ဘီတူးက "ရွာသားအများစုက ပေးဆပ်ဖို့ ဆန္ဒရှိကြပါတယ်။ အခြားတစ်ဖက်မှာလည်း သူတို့ရဲ့ အနာဂတ်အတွက် စိုးရိမ်စိတ်တွေ ရှိနေပါတယ်"ဟု ပြောသည်။ အောက်ခံကွန်ကရစ်တိုက်အိမ်ဖြင့် အိမ်ဆိုင်ဖွင့်လှစ်ထားသော ရွာမကျေးရွာမှ အိမ်ရှင်မတစ်ဦးက "ဖြစ်နိုင်ရင်တော့ မပြောင်းချင်ဘူးပေါ့နော်။ ကိုယ့်အိမ်၊ ကိုယ့်ရွာလေးမှာပဲ နေချင်တာပေါ့။ ဒါပေမဲ့လည်း မတတ်နိုင်ဘူးလေ"ဟု သူမ၏ခံစားချက်ကို ပြောကြားသည်။

ယခု စီမံကိန်းမှ တစ်ဆင့် နောက်ထပ်အလယ်ပေါင်းလောင်း၊ အောက်ပေါင်းလောင်း စီမံကိန်းများ ရှိမည်ဖြစ်ကာ မဂ္ဂါဝပ် ၅၀၀ ကျော် ထုတ်လုပ်နိုင်မည်ဖြစ်သည်။ သို့သော် ရေဝပ်ဧရိယာ ၂၄ စတုရန်းမိုင်အတွင်း ပါဝင်ကြသည့် အိမ်ထောင်စုပေါင်း ၂၂၄၆ စုမှ လူဦးရေ ၄,၃၀၀ ကျော်တို့မှာ ၎င်းတို့၏ နေရပ်ကို စွန့်ခွာပြီး နေရာသစ်သို့ ပြောင်းရွှေ့ရမည်ဖြစ်သည်။

နေပြည်တော်ဒေသမှ လယ်သမားများအရေး ဆောင်ရွက်ပေးလျက်ရှိသည့် အကျိုးဆောင်တစ်ဦးကလည်း "လယ်သမားတွေကို ငွေကြေးပေးလိုက်ရုံ၊ နေရာပေးလိုက်ရုံနဲ့ မလုံလောက်ပါဘူး။ နေရာသစ်မှာ ဘဝသစ်ကို ထူထောင်ရှင်သန်နိုင်ဖို့ အသိပညာ၊ အတတ်ပညာတွေ၊ အခွင့်အလမ်းတွေပါ စဉ်ဆက်မပြတ် ပေးနိုင်ဖို့လည်း လိုအပ်တယ်"ဟု ပြောသည်။

## အုပ်စုဖွဲ့ရမ်းကားမှုများ ကြိုတင်ကာကွယ်ရန် မန္တလေးတွင် မော်တော်ယာဉ်များကို ညစဉ်စစ်ဆေးနေ

**ညီညီဇော်**

**မန္တလေး၊ ဒီဇင်ဘာ-၂၈**

မန္တလေးမြို့တွင် မှုခင်းကြိုတင်ကာကွယ်ရေးအတွက် ညစဉ် ၉ နာရီမှနံနက် ၁ နာရီထိ ကားနှင့် ဆိုင်ကယ်တို့အား နယ်မြေရဲကင်းများ၊ နယ်ထိန်းတပ်ဖွဲ့ဝင်များဖြင့် ပိတ်ဆို့ စစ်ဆေးအရေးယူနေကြောင်း သတင်းရရှိသည်။

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် ရမည်းသင်းမြို့နယ် မဲဆန္ဒနယ်အမှတ်-၁ မှ လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၏ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ တိုင်းအတွင်း မြို့နယ်အလိုက် မှုခင်းကြိုတင်ကာကွယ်ရေးများ မည်ကဲ့သို့ ဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုကြောင်း မေးခွန်းနှင့် စပ်လျဉ်း၍ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဗိုလ်မှူးကြီး အောင်ကျော်မိုးက အုပ်စုဖွဲ့ ရမ်းကားမှုများ မဖြစ်ပွားစေရေးအတွက် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများ အထူးဆောင်ရွက်ခြင်းဖြစ်သည်ဟု ဝန်ကြီးက ဆိုသည်။

ယခုကဲ့သို့စစ်ဆေးအရေးယူမှုများကို ကြိုဆိုကြောင်း မန္တလေးမြို့ခံအချို့က ဆိုသည်။

"အချို့ကလေးတွေက ဆိုင်ကယ်တူးဘောက်စ်ထဲမှာ ချိန်းကြိုးတွေ၊ လူကို အန္တရာယ်ပြုနိုင်တဲ့ ပစ္စည်းတွေ ထည့်ထည့်ထားကြတာ။ ခုလို စစ်ဆေးပေးတာ သဘောကျပါတယ်" ဟု မန္တလေးမြို့ပေါ်တွင် နေထိုင်သူ လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

မန္တလေးတိုင်း ဒေသကြီးအတွင်းရှိ အခြားမြို့နယ်များတွင်လည်း စစ်ဆေးခြင်းကို နေ့ညဆောင်ရွက်ရန် ညွှန်ကြားထားကြောင်း လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးအောင်ကျော်မိုးက ပြောသည်။

## လူကို ချေတိရစ္ဆာန်ထင်မှတ်ပြီး တူမီးသေနတ်ဖြင့် ပစ်မိသည်ဆိုသော တောမုဆိုးအား အမှုဖွင့်

**ကျော်ဇေယျ**

**နေပြည်တော်၊ ဒီဇင်ဘာ - ၂၈**

လူကို သားကောင်အထင်ဖြင့်တောမှောက်ကာ မုဆိုးအချင်းချင်း တူမီးသေနတ်ဖြင့် ပစ်ခတ်မိခဲ့သည့် တောမုဆိုးအား သေကြောင်းကြံစည်မှုဖြင့် အရေးယူခဲ့ရသော ဖြစ်စဉ်တစ်ခု နေပြည်တော်ကောင်စီ နယ်မြေအတွင်း ဒီဇင်ဘာလ ၂၁ ရက်က ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

တောမှောက်သည်ဆိုခြင်းမှာ အမဲလိုက်သူအချင်းချင်း လူကိုသားကောင်ထင်မှတ်၍ ပစ်ခတ်ခြင်းဖြစ်သည်ဟု ဒေသခံဝါရင့်မုဆိုးတစ်ဦးက ဆိုသည်။

နေပြည်တော်ကောင်စီနယ်မြေပျဉ်းမနားမြို့ သစ်တွန်အုပ်စု မြလင်းရွာနေ ကိုအောင်ဌေးလွင်ဆိုသူသည်ဒီဇင်ဘာ ၂၁ ရက် ညနေ ၄ နာရီခန့်က ယင်း၏ အရပ်လုပ်တူမီးသေနတ်အား ကိုင်ဆောင်ပြီး တောထဲဝင်အမဲလိုက်စဉ် သစ်ပင်တစ်ပင်အနီးအရောက် သေနတ်သံတစ်ချက်ကြားရကာ လည်ပင်းယာဘက်ဘေးသို့ ထိမှန်ဒဏ်ရာရရှိခဲ့သည်ဟုဆို၏။

ထိုစဉ် တစ်ရွာတည်းနေ ကိုကျော်ဆွေက ကိုအောင်ဌေးလွင်အနီးရောက်ရှိလာပြီး ချေတိရစ္ဆာန်အထင်ဖြင့် မှားယွင်းပစ်ခတ်မိကြောင်း ပြောပြီးနောက် ကိုကျော်ဆွေ၏ တွဲယူပို့မှုကြောင့် ကိုအောင်ဌေးလွင်လည်း အိမ်သို့ပြန်ကာ ဆေးရုံသို့သွားခဲ့ကြောင်း သိရသည်။

ထို့ကြောင့် တူမီးသေနတ်ဖြင့် ပစ်ခတ်သူကိုကျော်ဆွေအား ဥပဒေအရ အရေးယူပေးပါရန် တိုင်ကြားလာ၍ နေပြည်တော် ပျဉ်းမနား ရဲတပ်ဖွဲ့စခန်းက ဥပဒေပုဒ်မ ၃၀၇ (သေကြောင်းကြံစည်မှု) ဖြင့် အမှုဖွင့်ထားကြောင်း ရဲမှတ်တမ်းများအရ သိရသည်။

7 DAY NEWS JOURNAL
Vol.11, No.43 • JANUARY 3 , 2013

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အားနည်းနေ

**ညီညီဇော်၊ မောင်တာ**

**မန္တလေး၊ ဒီဇင်ဘာ - ၃၀**

သပိတ်ကျင်းမြို့အနီး ဗဟိုပြု လှုပ်ခတ်ခဲ့သော နိုဝင်ဘာ ၁၁ ရက် ငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပေးနေသော်လည်း အနည်းငယ်သာ ပြီးစီးနိုင်သေးကြောင်း မန္တလေးတိုင်းငလျင်ဒဏ်ခံဒေသ ပြန်လည်ထူထောင်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇံက ပြောကြားသည်။



ငလျင်ကြောင့်ပြိုပျက်သွားသော နေအိမ်တစ်လုံး

ဓာတ်ပုံ-မျိုးမင်းဦး

သပိတ်ကျင်းမြို့ပေါ်တွင် နေအိမ်များ၊ အခြားအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများပြီး လတ်တလောတွင် မြို့လူထုအတွက် အသင့်ဆောက်ပြီး နေအိမ် ၆၉ လုံး ပေးမည်ဖြစ်ကာ ဌာနဆိုင်ရာဝန်ထမ်းများအတွက် မြို့ကွက်သစ်ဖော်ထုတ်ကာ သင့်တင့်သော မြေနေရာနှင့် နေအိမ်ဆောက်လုပ်ပေးမည်ဖြစ်ကြောင်း၊ သိမ်ကျောင်း၊ သာသနိက အဆောက်အအုံများကိုလည်း ပြုပြင်တည်ဆောက်ပေးနေကြောင်း မန္တလေးတိုင်းအစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီးလည်းဖြစ်သူ ဦးအောင်ဇံက ပြောသည်။

လတ်တလော အလှူခံရရှိသည့် ငွေများထဲမှ ကျပ်နှစ်သိန်းအောက်ပြုပြင်ရမည့် နေအိမ်များကို ငွေနှစ်သိန်းပေးလှူထားပြီး နှစ်သိန်းအထက်ပြုပြင်စရိတ်ကုန်ကျမည့်နေအိမ်များအတွက် ပထမအဆင့် ငွေနှစ်သိန်းပေးအပ်ထားကာ လိုအပ်သည်များ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နေအိမ်ပျက်စီးပြီး လုံးဝ ပြန်မဆောက်နိုင်သူများအတွက် သင့်တင့်သော နေအိမ်များ ပြန်လည်တည်ဆောက်မည်ဖြစ်ကြောင်း ဦးအောင်ဇံက ပြောသည်။

ဒီဇင်ဘာလကုန်ပိုင်းအထိ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ပြန်လည်တည်ဆောက်ပေးရာတွင် စဥ့်ကူးမြို့နယ်တွင် ၁၇ ရာခိုင်နှုန်းကျော်နှင့် သပိတ်ကျင်းမြို့နယ်တွင် ၇ ရာခိုင်နှုန်းသာ ပြန်လည်တည်ဆောက်ပြီးဖြစ်ကြောင်း သိရသည်။

ငလျင်ကြီးလှုပ်ခတ်ပြီးသည်မှာ တစ်လကျော် ကြာပြီဖြစ်သော်လည်း ဒေသခံများမှာ စားဝတ်နေရေး၊ နေထိုင်ရေးအတွက် တည်ငြိမ်မှုမရှိသေးကြောင်း၊ အင်အားပြင်းထန်ခြင်းမရှိသော်လည်း ငလျင်ငယ်များ နေ့စဉ်နီးပါး လှုပ်ခတ်နေ၍ ဒေသခံများမှာ စိုးရိမ်ထိတ်လန့်နေကြကြောင်း သပိတ်ကျင်းမြို့ခံတစ်ဦးက ပြောသည်။

နိုဝင်ဘာ ၁၁ ငလျင်ကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်းတွင် ငလျင်ကြောင့် လူ ၁၀ ဦး သေဆုံးကာ ၈၂ ဦးဒဏ်ရာရရှိခဲ့ပြီး နေအိမ် အဆောက်အဦးပျက်စီး ဆုံးရှုံးမှုများမှာ စဥ့်ကူးမြို့နယ်တွင် နေ အမ် ၈၆၆ လုံး၊ သပိတ်ကျင်းမြို့နယ်တွင် နေအိမ် ၈၄၉ လုံး ပျက်စီးထိခိုက်မှုရှိခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထုတ်ပြန်ထားသည်။ အပျက်အစီးများ ပြုပြင်တည်ဆောက်ရန် စေတနာရှင်များထံမှ အလှူငွေလက်ခံရရှိမှုမှာ ကျပ် ၄,၃၂၄ သိန်းကျော်၊ အမေရိကန် ဒေါ်လာ ၁၇၁,၀၀၀၊ အက်ဖ်အီးစီ ၅၀,၀၀၀ နှင့် နိုင်ငံတော်အစိုးရမှ ငလျင်ဒဏ်ခံ ဒေသပြန်လည် ထူထောင်ရေးအတွက် စစ်ကိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးသို့ ငွေကျပ် သန်းတစ်ထောင်ထောက်ပံ့ပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ သိရသည်။

# ကျောက်တော်ကွမ်းတောင် ရထား ပြန်လည်ပြေးဆွဲ

**မောင်ကံ**

**ကျောက်တော်၊ဒီဇင်ဘာ-၂၈**

တစ်နှစ်ကျော်ကြာ ယာယီရပ်နားထားသည့် ကျောက်တော်-ကွမ်း တောင်ရထားလမ်းပိုင်းအား ဒီဇင်ဘာ ၁၅ ရက်တွင်ပြန်လည်ပြေးဆွဲနေကြောင်း သတင်းရရှိသည်။

အဆိုပါလမ်းပိုင်းရှိပုဏ္ဏားကျွန်းမြို့အဝင် ကင်းချောင်းတံတားကို ကား၊ ရထား သွားလာနိုင်သည့် တံတားအဖြစ်တည်ဆောက်ခဲ့ရာ ပြီးစီးသွားပြီဖြစ်၍ ရထားများပြန်လည်ပြေးဆွဲပေးလာခြင်းဖြစ်သည်။ ကျောက်တော်-ကွမ်း တောင်ရထားလမ်းပိုင်းကို ၂၀၁၀ ပြည့်နှစ်ဧပြီလ ၁၀ ရက်တွင်ဖွင့်လှစ်ခဲ့ပြီး အစုန်အဆန် ရထားနှစ်စင်းဖြင့် တစ်ရက်လျှင်နှစ်ကြိမ်စီပြေးဆွဲပေးခဲ့ကြောင်း သိရသည်။ ရထားများ ပြေးဆွဲနိုင်ရန်အတွက် ကင်းချောင်းအား တာပေါင်အဖြစ်ဆည်ဖို့ခဲ့ရာ အဆိုပါချောင်းကိုအားထားသွားလာနေရသည့် ဒေသခံများအတွက် အခက်အခဲများကြုံတွေ့ခြင်းကြောင့် ၂၀၁၁ ခုနှစ်တွင် တာပေါင်အား ပြန်လည်ဖျက်သိမ်းကာ တံတားအဖြစ်တည်ဆောက်ပေးခဲ့သည်။

# ကြက်သွန်နီစိုက်ပျိုးမှု နှစ်ဆကျော် မြင့်တက်

**မျိုးမင်းဦး**

**မုံရွာ၊ ဒီဇင်ဘာ-၂၇**

မုံရွာမြို့နယ် ကြက်သွန်နီစိုက်ခင်းများတွင် လာမည့်နှစ်အတွက်ပြည်တွင်း၊ ပြည်ပဈေးကွက်မျှော်စိုက်ပျိုးသူများကြောင့် စိုက်ခင်းဧကနှစ်ဆကျော်မြင့်တက်လာကြောင်း မုံရွာမြို့နယ် ကြက်သွန်နီတောင်သူများက ပြောကြားသည်။

"ဒီနှစ် ကြက်သွန်နီဈေးကောင်းတော့ ကြက်သွန်နီစိုက်ခင်းတွေက နှစ်ဆကျော်တယ်။ အချို့မြေငှားပြီး ကြက်သွန်နီစိုက်တာတွေလည်းရှိတယ်။ ဒီနှစ်ပြည်ပဈေးကွက်မပို့ပေမယ့် ကြက်သွန်နီဈေးကောင်းတော့ လာမယ့်နှစ်ပြည်တွင်း၊ ပြည်ပဈေးကွက်မျှော်ပြီး စိုက်ကြတာ။ ပြည်ပတင်ပို့မှုသာမရှိတာ။ ပြည်ပကနေ ပြည်တွင်း တင်ပို့တာတွေရှိတော့ ကြက်သွန်နီ တောင်သူတွေ ဈေးထိုးကျမှာတော့ စိုးရိမ်မှုတွေရှိတယ်။ ကြက်သွန်နီ စိုက်ခင်းတွေ များပုံတော့ ကုလားပဲခင်း၊ ပဲခင်းဂျုံခင်းတွေ နည်းသွားပြီ" ဟု မုံရွာမြို့နယ် သမန္တာကျေးရွာဒေသခံတောင်သူ ကိုမြို့ဦးက ပြောကြားသည်။

ပြည်တွင်း ဝယ်လိုအားကြောင့်သာ ဒီနှစ်ဈေးကောင်းတာဖြစ်ပါတယ်။ ကြက်သွန်နီတွေ မြေရှိအကုန်တွေ စိုက်ကြတယ်။ မုံရွာမြို့နယ်အတွင်း ကြက်သွန်နီစိုက်ခင်းဧကထောင်ပေါင်းများစွာစိုက်ကြပျိုးကြလို့ စိုက်ပျိုးရေးဆေးဆိုင်တွေက ကြက်သွန်နီစိုက်ခင်းသုံးဆေးဝါးတွေ အဓိကရောင်းချနေတယ်" ဟု မုံရွာမြို့နယ် မြေနဲကျေးရွာဒေသခံ ကြက်သွန်နီစိုက်ပျိုးသူ ကိုစိုးမိုးအောင်ကပြောသည်။

ယခုနှစ်ကြက်သွန်နီစိုက်ပျိုးချိန်တွင် ကြက်သွန်နီတစ်ပိဿာလျှင် ကျပ် ၆၀၀ မှ ၆၅၀ အထိ ဈေးကောင်းရရှိခဲ့သည်။

# ပျဉ်းမနား ကုန်စိမ်းဈေး ဖွင့်လှစ်

**သန်းထူး**


**နေပြည်တော်၊ ဒီဇင်ဘာ-၂၅**

နေပြည်တော် ပျဉ်းမနားမြို့၌ ဒေသခံပြည်သူများ၊ ဈေးသူ ဈေးသားများ၏ ဆန္ဒအရကုန်စိမ်းဈေးတည်ဆောက် ဖွင့်လှစ်ပေးခဲ့ကြောင်း နေပြည်တော် စည်ပင်သာယာရေး ကော်မတီဈေးများဌာန တာဝန်ရှိသူ တစ်ဦးဖြစ်သူ ဦးကျော်ဆန်းဝင်းက ပြောကြားသည်။

ပျဉ်းမနား မြို့မဈေးကြီးဝန်းကျင်တွင် ပုံကျဈေးသည်များဖြင့် ယာဉ်ကျောရှုပ်ထွေးခြင်း၊ သွားလာမှုခက်ခဲခြင်းများကြောင့် ပုံကျဈေးသည်များအား ဆိုင်ခန်းအပိုင်ရရှိရေးနှင့် မြို့မဈေးကြီး သန့်ရှင်းသာယာလှပရေးအတွက် ယခုကဲ့သို့ ကုန်စိမ်းဈေးသီးသန့် တည်ဆောက်ပေးခြင်းဖြစ်ကြောင်း ၎င်းက ရှင်းလင်းပြောကြားသည်။

မင်္ဂလာရပ်ကွက်၊ ကေးလမ်း (မယ်ဒယ်ချောင်)တွင် အသစ်ဖွင့်လှစ်လိုက်သော ကုန်စိမ်းဈေးကျပ် ၆ ပေ×၆ ပေ ရှိ ဆိုင်ခန်းပေါင်း ၁၆၀ ရှိပြီး လက်ငင်းငွေချေးစနစ်၊ နှစ်နှစ်အတွင်း အရစ်ကျစနစ်ဖြင့် ရောင်းချပေးကာ ဆိုင်ခန်းတန်ဖိုး ၅ သိန်းကျပ်သတ်မှတ်ထားပြီး တစ်လလျှင် ၂၅,၀၀၀ ကျပ်နှုန်းဖြင့် ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

"အဆင်ပြေပါတယ်။ အရစ်ကျသမားတွေလည်း အဆင်ပြေပါလိမ့်မယ်။ အခုတော့ ဒီနေရာက ချောင်ကျပြီး လူသိပ်မသိသေးတော့ သိပ်မရောင်းရပါဘူး" ဟု ဈေးသစ်တွင် သစ်သီးဝလံများ ရောင်းချလျက်ရှိသော ဈေးသည်တစ်ဦးက ပြောသည်။



# ယာဉ်တိုက်မှုကြောင့် သေဆုံးသူလျော့ကျစေရန် ညအချိန် ဖမ်းဆီးအရေးယူမည်

**ညီညီဇော်၊ မောင်တာ**

**မန္တလေး၊**
**ဒီဇင်ဘာ - ၃၀**

ယာဉ်တိုက်မှုကြောင့် သေဆုံးသူ လျော့ကျစေရန် မန္တလေးတွင် ညပိုင်းတွင် ဖမ်းဆီးအရေးယူမှု များပြုလုပ်မည်ဖြစ်ပြီးအရက်သေစာ သောက်စားမောင်းနှင်ခြင်း ရှိ၊ မရှိကို အရက်မူးတိုင်း ကိရိယာ များနှင့်ပါ စိစစ်အရေးယူမည် ဖြစ်ကြောင်း မန္တလေးတိုင်း ဒေသကြီး ယာဉ်စည်းကမ်း၊ လမ်းစည်း ကမ်းထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးကျော်ဆန်းက ပြောသည်။

ယာဉ်တိုက်မှုအများဆုံး ဖြစ်ပွားရသည့် အကြောင်းရင်း၊ အချိန်၊ နေရာများကို စိစစ်ကာ အထူး လိုအပ်သည့်နေရာများတွင် ယာဉ်ထိန်းရဲတပ်ဖွဲ့၊ သက်ဆိုင်ရာ ထွေအုပ်ရုံးမှ တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့ဖွဲ့ကာ ညပိုင်းအချိန်များတွင် ဖမ်းဆီးအရေးယူမှုများ ပြုလုပ်မည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးလည်းဖြစ်သူ ဦးကျော်ဆန်းက ပြောသည်။

လတ်တလော ညပိုင်းအချိန်များတွင် ယာဉ်တိုက်မှုများဖြစ်ပွားပြီး အသက်ဆုံးရှုံးမှုများ ရှိနေသည့် မြစ်ငယ်-ထုံးဘိုလမ်းခွဲ၊ စစ်ကိုင်းလမ်းခွဲ၊ ပုသိမ်ကြီးလမ်းပိုင်းများတွင် အရက်မူးတိုင်းကိရိယာ နှစ်လုံးဖြင့် ညပိုင်း ဖမ်းဆီးစစ်ဆေးမှုများ ပြုလုပ်မည်ဖြစ်ပြီး အရှိန်လျှော့မောင်းနှင်စေရန်လည်း စိစစ်ကြပ်မတ်မည်ဖြစ်ကြောင်း ဦးကျော်ဆန်းက ပြောသည်။

မန္တလေးတွင် ယာဉ်တိုက်မှုများ နေ့စဉ်ဖြစ်ပွားနေပြီး ၂၀၁၂ ခုနှစ် နိုဝင်ဘာလအထိ မန္တလေးခရိုင် ခုနစ်မြို့နယ်အတွင်း ယာဉ်တိုက် မှု ၅၁၆ မှု ဖြစ်ပွားကာ ၁၇၄ ဦး သေဆုံးပြီး ၆၁၈ ဦး ဒဏ်ရာရခဲ့ကြောင်း၊ မန္တလေးတိုင်း ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံး စာရင်းဇယားများမှ သိရပြီး မန္တလေးတိုင်းဒေသကြီး တစ်ခုလုံးအနေဖြင့် ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာ ၁၅ ရက်နေ့အထိယာဉ်တိုက်မှုကြောင့် ဖြစ်ပွားသည့် အမှု ၁၉၆၁ မှု ရှိခဲ့ပြီး ၆၅၆ ဦး သေဆုံးကာ ၃၄၁၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း မန္တလေးတိုင်း ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ယာဉ်တိုက်မှုများ အဓိက ဖြစ်ပွားရသည့် အကြောင်းရင်းမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှု အားနည်းခြင်းကြောင့် ဖြစ်ကြောင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီဝင်များက သုံးသပ်သည်။

မန္တလေးတွင် ယာဉ်တိုက်မှု အများဆုံးဖြစ်ပွားသည့် အချိန်များမှာ ညနေ ၆ နာရီမှ ည ၁၂ နာရီအတွင်းဖြစ်ပြီး အမရပူရနှင့် မဟာအောင်မြေမြို့နယ်များမှာ ယာဉ်တိုက်မှု အများဆုံးဖြစ်ပွားသော မြို့နယ်များဖြစ်ကြောင်း၊ ယာဉ်တိုက်မှုများတွင် ဆိုင်ကယ်ပါဝင်သော ယာဉ်တိုက်မှုမှာ အများဆုံးဖြစ်ကြောင်း မန္တလေးတိုင်း ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံး စာရင်းဇယားများအရ သိရသည်။

ယာဉ်တိုက်မှု လျော့ကျစေရန် စည်းကမ်းပျက် မော်တော်ယာဉ် စီးနင်းမောင်းနှင်မှု နေ့စဉ်ပျမ်းမျှအမှုပေါင်း ၁၀၀ ခန့် ဖမ်းဆီးစစ်ဆေး အရေးယူနေကြောင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ သိရသည်။

# မုံရွာထွက် ဆီးပန်းသီးများ အိန္ဒိယ-မြန်မာ နယ်စပ်ဈေးကွက်သို့ အဓိကတင်ပို့နေ



ဓာတ်ပုံ - ရန်နိုင်ကျော်

ဆီးပန်းသီးခြံတစ်ခြံနှင့် တောင်သူတစ်ဦး

**မျိုးမင်းဦး**

**မုံရွာ၊ဒီဇင်ဘာ-၂၈**

မုံရွာမြို့နယ်အတွင်း စိုက်ပျိုးထုတ်လုပ်သော ထိုင်ဝမ်ဆီးပန်းသီးများ အိန္ဒိယ-မြန်မာနယ်စပ် တမူးမြို့ ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း ထိုင်ဝမ် ဆီးသီးစိုက်ပျိုးထုတ်လုပ်သူများထံမှ သိရသည်။

"ဒီဇင်ဘာလဆန်းပိုင်းကတည်းက မန္တလေးတိုင်းက ထိုင်ဝမ်ဆီးသီးတွေစပေါ်တယ်။ မုံရွာဘက်က ဒီဇင်ဘာလလယ် ရက်ပိုင်းမှ ပေါ်တယ်။ မုံရွာဈေးကွက်ကိုစဝင်ချိန်မှာ မန္တလေးဈေးကွက်ထက် ချင်းတွင်းမြစ်အထက်ပိုင်း နောင်ပိုအောင်၊ နမ့်တော၊ ကလေး၊ တမူး စတဲ့ ဒေသတွေ အဓိကတင်ပို့တယ်။ လွန်ခဲ့တဲ့ သုံး၊ လေးနှစ်လောက်တုန်းက ထိုင်ဝမ်ဆီးသီး ပေါ်တယ်ဆိုတာနဲ့ တရုတ်နယ်စပ်ကို အဓိကပို့တာ။ အခုနောက်ပိုင်း တရုတ်နယ်စပ်ဈေးကွက်မှာ သစ်သီးတွေ ဈေးကစားတာရော တင်ပို့စရိတ်များတာရောကြောင့် ချင်းတွင်းမြစ်အထက်ပိုင်းနဲ့ မန္တလေးဈေးကွက်ကို အဓိကတင်ပို့နေတယ်"ဟု မုံရွာဒေသခံ ထိုင်ဝမ်ဆီးပန်းသီး တင်ပို့ရောင်းချသူတစ်ဦးကပြောသည်။

"ဒီနှစ် ရာသီဥတုက မိုးနည်းတော့ ထိုင်ဝမ်ဆီးသီးအထွက်ကောင်းပြီး ဆီးပုလဲအထွက်နည်းတယ်။ အရင်နှစ်တုန်းက မိုးနှောင်းကောင်းတယ်ဆိုပေမယ့် ဆီးပန်းသီးအထွက်နည်းတယ်။ ဆီးပုလဲတွေ အထွက်များတယ်။ အရင်နှစ်က ထိုင်ဝမ်ဆီးသီး ပေါ်ဦးပေါ်ဖျားကို ဂျပ်သေတ္တာတစ်ပုံး(ဆီးသီး ၉၅ လုံးမှ ၁၀၀ လုံးအတွင်း)ကို ၃၅၀၀ နဲ့ ၄၀၀၀ ကျပ် ဈေးပဲရတယ်။ ဒီနှစ် ဂျပ်ဖာတစ်ဖာကို ကျပ် ၅၀၀၀ ဈေးနဲ့ ဈေးစဖွင့်တယ်။ အရင်နှစ်တုန်းက အထွက်လည်းနည်းတယ်။ဈေးလည်းမရဘူး။ ဒီနှစ်အထွက်ကောင်းတယ်။ ဈေးကလည်းကောင်းတယ်" ဟု မုံရွာမြို့နယ် ကော်လပြကျေးရွာထိုင်ဝမ်ဆီးသီး စိုက်ပျိုးရေးလုပ်ငန်းရှင်ဦးသန့်က ပြောသည်။

မုံရွာမြို့နယ်အတွင်း ထိုင်ဝမ်ဆီးသီး စိုက်ပျိုးရေးလုပ်ငန်းများအား လယ်ဇင်ကျေးရွာ၊ သက္ကယ်ချင်း ကျေးရွာ၊ ပလ္လင် ကျေးရွာ၊ ညောင်ပင် ကျေးရွာ၊ ကော်လပြကျေးရွာ၊ ညောင်ခြေထောက်ကျေးရွာ စသည့်ကျေးရွာများတွင် စိုက်ပျိုးထုတ်လုပ်ခဲ့ပြီး ချင်းတွင်းမြစ်အထက်ပိုင်း ဒေသများနှင့် တမူးနယ်စပ်မြို့အထိ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

# မန္တလေးတွင် မီးကင်းများပြန်ထားမည်

**ညီညီဇော်**

**ရန်ကုန်၊ ဒီဇင်ဘာ - ၃၀**

မန္တလေးခရိုင်အနှံ့တွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးကင်းများ စနစ်တကျ ပြန်လည်ထားရှိသွားမည်ဖြစ်ကြောင်း လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်ကျော်စိုးက ပြောသည်။

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး(တတိယနေ့)တွင် ချမ်းအေးသာစံမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ လွှတ်တော်ကိုယ်စားလှယ်ဒေါ်တင်တင်မာ၏ မန္တလေးခရိုင်တွင် မီးကင်းများ စနစ်တကျပြန်လည်ထားရှိပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်းနှင့်စပ်လျဉ်း၍ ဝန်ကြီးက ဖြေကြားခဲ့သည်။

ဆက်လက်ပြီး ဝန်ကြီးက တိုင်းမီးသတ်ဦးစီးဌာနအနေဖြင့် မြို့နယ်မီးသတ်စခန်းများသို့ မီးသတ်ယာဉ်များ ဖြည့်တင်းခြင်း၊ စေတနာ့ဝန်ထမ်း အရန်မီးသတ်တပ်ဖွဲ့ဝင်များ ဖွဲ့စည်းဆောင်ရွက်ခြင်းများပြုလုပ်နေကြောင်း၊ မီးကင်းများ ချထားရေးအတွက် သက်ဆိုင်ရာမြို့နယ် ရပ်ကွက်မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဟု ဖြေကြားခဲ့သည်။

ယခင်က မီးကင်းများထားခဲ့ဖူးသော်လည်း မီးကင်းကြေးကောက်သည့်ကိစ္စကြောင့် ရပ်နားသွားကြောင်း အသက်(၆၀) အရွယ်အမျိုးသားကြီးတစ်ဦးက ဆိုသည်။

"တစ်နာရီခြားတစ်ခါ သံချောင်းခေါက်နေတော့ သူခိုးသူဝှက်တွေလည်း လန့်တာပေါ့။ မီးကင်းကြေးယူပြီး မှန်မှန်ကန်ကန် ကင်းစောင့်ပေးနိုင်ရင်တော့ အကောင်းဆုံးပါပဲ" ဟု ၎င်းက ပြောသည်။

အမရပူရမြို့နယ်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူး တစ်ဦးက "မီးကင်းကြေးမကောက်ဘူးဆိုရင်တော့ ရပ်ကွက်သူ၊ ရပ်ကွက်သားတွေအတွက် ပိုကောင်းတာပေါ့" ဟု ပြောသည်။

မန္တလေးမြို့တွင် ၂၀၀၆ ခုနှစ်ဝန်းကျင်အထိ မီးကင်းများ ရှိခဲ့ဖူးပြီး အိမ်ထောင်စုတစ်စုလျှင် မီးကင်းကြေးတစ်လ ၃၀၀ ကျပ်ဝန်းကျင်ပေးခဲ့ရကြောင်း မန္တလေး မြို့ရှိ ရပ်ကွက်သူ၊ ရပ်ကွက်သားအချို့ထံမှ သတင်းရရှိသည်။

# အိမ်အရောက်ပို့ဆောင်ပေးသည့် K Power မီနီယာဉ်လိုင်းပြေးဆွဲ

**မျိုးမင်းဦး**

**မုံရွာ၊**
**ဒီဇင်ဘာ-၂၈**

မုံရွာမှ မန္တလေး၊ ပြင်ဦးလွင် ခရီးစဉ်များကို အိမ်အရောက်လိုက်လံပို့ဆောင်သည့်စနစ်ဖြင့် K Power မီနီယာဉ်လိုင်းများ ပြေးဆွဲပေးလျက်ရှိသည်။

"အရင်တုန်းကပြင်ဦးလွင်ကို သွားရင် မန္တလေးကတစ်ဆင့် သွားရတာဆိုတော့ ခရီးကမှန်းလို့မရဘူး။ အခု မဟာနွယ်က အန်စာတုံးကားတွေ ပြေးတဲ့နောက်ပိုင်း K Power မီနီယာဉ်လိုင်းတွေ ပြေးဆွဲပေးတာတော့ အိမ်တိုင်ယာရောက်ကြို/ပို့စနစ်ဆိုတော့ သွားရလာရတာ ပိုအဆင်ပြေတယ်။ ရတနာပုံတယ်လီပို့မှာ ကျောင်းသွားတဲ့ သူတွေ၊ ပြင်ဦးလွင်မြို့ဘော်ဒါဆောင်မှာ ထားတဲ့သူတွေကိုကားပေါ် တင်ပေးလိုက်တာနဲ့ လိုရာခရီး အရောက်ပို့ပေးတယ်ဆိုတော့ သွားရလာရတာ အဆင်ပြေတာပေါ့" ဟု မုံရွာမြို့ ဒေသခံ စီးပွားရေး လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"မုံရွာ-မန္တလေး ကျပ် ၄၀၀၀၊ မုံရွာ-ပြင်ဦးလွင်ဆိုရင် ကျပ် ၇၀၀၀၊ ကြို/ပို့စနစ်ဆိုကျပ် ၁၀၀၀ ပိုပေးရတယ်။ မြို့တွင်းသတ်မှတ်ဧရိယာအတွင်းဆို ကြို/ပို့စနစ်နဲ့ ဆောင်ရွက်ပေးတာပါ။ မုံရွာကနေ နံနက် ၇၊ ၈၊ ၉၊ ၁၂၊ ၃ နာရီ ထွက်ပါတယ်။ မန္တလေးကနေ နံနက် ၈ နာရီ၊ ၉ နာရီခွဲ၊ နံနက် ၁၁ နာရီခွဲ၊ ၂ နာရီခွဲ၊ ညနေ ၄ နာရီ ထွက်တယ်။ ပြင်ဦးလွင်ကနေ နံနက် ၈ နာရီ၊ နေ့လယ် ၂ နာရီခွဲ ထွက်ခွာပေးပါတယ်။ စင်းလုံးငှားစနစ်နဲ့ဆိုရင် အကျန်ခြောက်သောင်းနဲ့ ဆီထည့်၊ လမ်းတံတားကြေး ငှားသူပေးစနစ်နဲ့ဝန်ဆောင်မှုပေးပါတယ်"ဟု K Power ခရီးသည်တင် မီနီယာဉ်လိုင်းမှ ဦးကျော်စိုးမိုးကပြောသည်။

မုံရွာမြို့မှ ပြေးဆွဲလျက်ရှိသည့် ခရီးသည်တင်ယာဉ်လိုင်းများတွင် မီနီယာဉ်များဖြစ်သည့် တိုယိုတာကုမ္ပဏီထုတ် (IPSUM-NOAX)ယာဉ်ငယ်များဖြင့် ပထမဆုံးပြေးဆွဲသည့် ယာဉ်လိုင်းတစ်လိုင်းဖြစ်ပြီး အဆိုပါယာဉ်တွင် ခရီးသည် ခုနစ်ဦးသာ လိုက်ပါနိုင်ကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.11, No.43 • JANUARY 3 , 2013

## ရခိုင်ပြည်နယ်သည် မျက်စိရောဂါ အများဆုံးဖြစ်ပွားသည့် ဒေသဖြစ်

**မောင်မိုးသက်**

**စစ်တွေ၊ ဒီဇင်ဘာ - ၂၆**

မြန်မာနိုင်ငံတွင်း မျက်စိရောဂါဝေဒနာသည်များအနက် ရခိုင်ပြည်နယ်သည် မျက်စိဝေဒနာရှင်အများဆုံးနှင့် မျက်မမြင်၊ မျက်စိဆုံးရှုံးမှု အများဆုံးရှိသော ဒေသဖြစ်ကြောင်း ဒီဇင်ဘာ ၁၆ ရက်တွင် ကျင်းပခဲ့သည့် ရွှေကရဏာ ကုသိုလ်ဖြစ်ဆေးခန်း နှစ်ပတ်လည်အခမ်းအနား၌ မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာမိုးကျော်က ပြောကြားသည်။

"ပြောရမယ်ဆိုရင် ရခိုင်ဒေသမှာ အတွင်းတိမ်ဝေဒနာရှင်ဟာ တစ်နိုင်ငံလုံးမှာ အများဆုံးဖြစ်နေတယ်။ ဒီပြင်တိုင်းနဲ့ ပြည်နယ်တွေမှာ ဥပမာ- လူတစ်သိန်းမှာမျက်စိဝေဒနာရှင် ၁၅၀ လောက်ရှိပေမယ့် ရခိုင်မှာဆိုရင် လူတစ်သိန်းမှာ မျက်စိဝေဒနာရှင် ၁၅၀၀ လောက်ရှိနေတယ်။ ဒီ့ထက်ပြဿနာတစ်ခုက မျက်စိအထူးကု ဆရာဝန်ကြီးတွေဟာ ရခိုင်ဒေသမှာ အများကြီးမရှိဘဲ အထူးကု တစ်ဦးပဲ ရှိတယ်လို့ ပြောလို့ရတယ်။ တစ်ခါတစ်ခါ မျက်စိခွဲစိတ်ရတဲ့ အချိန်မှာ လူနာနဲ့ ဆရာဝန်အင်အား မမျှတဖြစ်နေတာကလည်း အရေးကြီးတဲ့ အချက်ဖြစ်ပါတယ်"ဟု ဒေါက်တာ မိုးကျော်က ပြောကြားခဲ့သည်။

ရခိုင်ဒေသရှိ ကျေးလက်နေထိုင်သူ အများသည် မြို့ပေါ်နေလူများထက် မျက်စိဝေဒနာ ပိုကြုံတွေ့နေရကြောင်း သိရှိရသည်။

## *စာ(၃၂) ရုပ်ကိုစောင့်မည့် အာဟာရ သံသယကင်းချင်သည် မှ*

အပင်သန်ချင်သလား။ အရွက်ဖားချင်သလား။ အသီးထွားချင်သလား။ အသင့်ထည့်ပြီး စိုက်ပျိုးလို့ရတဲ့ဓာတ်မြေဩဇာတွေက "ငါအကောင်းဆုံး"၊ "သူအကောင်းဆုံး" နဲ့ အလွန်အကျွံတွေ ကြော်ငြာပြီး ပလူပျံအောင် ပေါ်နေကြပြီ။ အဲသည့်ဓာတ်မြေဩဇာတွေနဲ့စိုက်ပျိုးထုတ်လုပ်ထားလို့ အသီးအနှံတွေမှာ ပင်ကိုဗီဇစွမ်းရည်တွေ ယုတ်လျော့နေရသည့်အထဲ ကုန်ကြမ်းကို ကုန်ချောအဖြစ် ပြုပြင်ရောင်းချသူတွေက ဆိုးဆေးတွေ ထပ်သုံးကြပြန်ဆိုတော့ ကျွန်တော်တို့ စားသုံးသူတွေမှာ သေခါနီးလူပမာကိုလည်ပင်းအညှစ်ခံရတဲ့ကိန်း ဆိုက်နေလေပြီ။

လက်လုပ်မှ ပါးစပ်လုပ်ခွင့်ရကြတဲ့ ကျွန်တော်တို့ ရပ်ကွက်တွေထဲက ဆင်းရဲသားအများစုကတော့ ဘာတံဆိပ်၊ ညာတံဆိပ်ဆိုတာတောင် ကြည့်မနေနိုင်အား။ ဆိုက်ကားနင်းပြီး ပြန်လာလို့ အလုပ်သိမ်းပြီး ပြန်လာလို့ ငွေကလေး၊ ကြေးကလေး ပါလာတော့မှ ရပ်ကွက်ထဲက လက်လီဆိုင်ကလေးတွေဆီ ပြေးကြရသည်။ ဆီဆိုလည်း ပလတ်စတစ်အိတ်သေးသေးကလေးတွေနဲ့ ခွဲထည့်ထားတဲ့ တစ်ခါခတ်အထုပ်ကလေးတွေ ဝယ်ကြရသည်။ ပဲဆီလား၊ နှမ်းဆီလား၊ အကြော်ခံဆီလား သူတို့မသိ။ သန့်လား၊ မသန့်လား၊ ရောလား၊ မရောလား သူတို့မခွဲခြား။ ဆီဆိုပြီးရော ဝယ်သုံးစွဲနေကြရသည်။ ငရုတ်သီးမှုန့်၊ နနွင်းမှုန့်ဆိုလည်း ပလတ်စတစ်အိတ်ကလေးတွေ၊ စက္ကူကလေးတွေနဲ့ ပါကင်ထုပ်ကြီးထဲကနေ ခွဲထုပ်ထားတဲ့ တစ်ခါချက်အထုတ်တွေကိုပဲ ဝယ်သုံးနိုင်ကြသည်။

သည်လို စားသုံးသူ ဆင်းရဲသားပြည်သူတွေရဲ့ ဘဝကိုတော့ သက်ဆိုင်ရာ လုပ်ငန်းရှင်ကြီးတွေ၊ ကုမ္ပဏီကြီးတွေ စာနာကြဖို့ကောင်းသည်။ ဩော်-သူတို့ရဲ့ ချွေးနဲ့စာလေးတွေနဲ့ ငါတို့တွေ လုပ်ငန်းရှင်ကြီးတွေ၊ ကုမ္ပဏီပိုင်ရှင်ကြီးတွေ ဖြစ်လာကြတာပါလားဆိုတဲ့ အသိနဲ့ အစားအသောက်တွေကို သန့်သန့်ရှင်းရှင်း၊ မှန်မှန်ကန်ကန် လုပ်ကြစေချင်သည်။ စေတနာကောင်းလေးထားပြီး လုပ်ကြရင် စားသောက်ကုန်ထုတ်လုပ်တဲ့အလုပ်က ဘာသာတရားအရ ကုသိုလ်တောင် ရပါသည်။ စစ်ဆေးဖို့တာဝန်ရှိသူများကလည်း မှန်မှန်ကန်ကန်စစ်ဆေးပြီး မသမာမှုတွေ့လျှင် ထိထိရောက်ရောက် အပြစ်ပေး အရေးယူတာမျိုးတွေ လုပ်ဖို့လိုသည်။ စားသုံးရန်မသင့်ကြောင်း သတင်းစာထဲ ထည့်ကြော်ငြာရုံကတော့ ရပ်ကွက်နေ ဆင်းရဲသားပြည်သူအများစုက စာမှ မဖတ်နိုင်ကြတာ။ ဖတ်နိုင်သည့်တိုင်အောင် သူတို့ဝယ်သုံးနေကြတာက လက်လီပြန်ထုပ်ထားတဲ့တစ်ခါသုံးအထုတ်ကလေးတွေဆိုတော့ စားသုံးရန်မသင့်တဲ့ တံဆိပ်ထဲကလား ဘာလား သူတို့ဘယ်လိုမှ မခွဲနိုင်ကြပေ။

အချိန်နှင့်အမျှ ပြေးလွှားလှုပ်ရှား ရုန်းကန်နေရတဲ့ ကျွန်တော်တို့ ခေတ်ကြီးမှာ အဘိုးတို့၊ အဘွားတို့၊ အဖေတို့၊ အမေတို့ ခေတ်တုန်းကလိုလည်း ငရုတ်သီးလိုဟာမျိုးကို မီးဖိုမှာ သီတံနဲ့ ကင်ပြီး ဆုံထဲထည့် မထောင်းအားကြတော့ပါ။ ထုပြီး၊ ထောင်းပြီး၊ ကြိတ်ပြီး၊ ခွဲပြီးများကိုသာ အလွယ်တကူဝယ်ယူသုံးစွဲနေကြရပါသည်။ ကျွန်တော်တို့ပြည်သူတွေ သန့်သန့်ရှင်းရှင်း၊ သံသယကင်းကင်းဖြင့်သာ ရုပ်ကိုစောင့်မည့် အာဟာရများကို မှီဝဲခင်ကြပါသည်လေ။

## တရုတ်နိုင်ငံသို့ တရားမဝင် ရောင်းမည့် နွား ၁၈ ကောင် ဖမ်းမိ

**နိုင်ကြီး(ကသာ)**

**ကသာ၊**

**ဒီဇင်ဘာ - ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် နတ်အင်းတောင်ပေါ်တွင် ဒီဇင်ဘာ ၁၇ ရက်က တရုတ်နိုင်ငံ နယ်စပ်သို့ သယ်ဆောင်ရောင်းချမည့်ခိုင်းနွား ၁၈ ကောင်အား သယ်ဆောင် မောင်းနှင်လာသူများနှင့်အတူဖမ်းဆီးရမိခဲ့သည်။

ဒီဇင်ဘာလ ၁၇ ရက် နံနက် ၉ နာရီအချိန်တွင်ကသာခရိုင်၊ထီးချိုင့်မြို့နယ်နတ်အင်းတောင်ပေါ်၌ ထီးချိုင့်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး တာဝန်ရှိသူများသည် သက်သေများနှင့်အတူ လျှို့ဝှက်စောင့်ဆိုင်းနေစဉ် ထီးချိုင့်မြို့နယ် ဖုန်ကုန်းလေး ကျေးရွာတွင် နေထိုင်သော ဦးနိုင်ရှင်းနှင့် ဦးဝင်းဇော်တို့သည် အရွယ်စုံ နွားထီး ၁၇ ကောင်၊ နွားမ ၁ ကောင်စုစုပေါင်း နွား ၁၈ ကောင်တို့အား သယ်ဆောင်မောင်းနှင်လာသည်ကို တွေ့ရှိရ၍ စစ်ဆေးရာ အဆိုပါနွားများအား စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်မှ ဝယ်ယူစုဆောင်းပြီး ကချင်ပြည်နယ်နှင့် တရုတ်နယ်စပ်တို့မှတစ်ဆင့် ပြည်ပသို့ ရောင်းချမည်ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။ သက်သေခံနွား ၁၈ ကောင်နှင့်အတူ မောင်းနှင်သယ်ဆောင်လာသူနှစ်ဦးအား ထီးချိုင့်မြို့နယ်ရဲစခန်းသို့ ပို့ဆောင်တရားစွဲဆိုပြီး သက်သေခံပစ္စည်းများသိမ်းဆည်းကာ အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေ ပုဒ်မ- ၅ အရ တရားစွဲဆို ဆောင်ရွက်ထားကြောင်း သိရသည်။

## ရခိုင်ပြည်နယ် အလုပ်ရုံဆွေးနွေးပွဲ ချင်းမိုင်တွင် ကျင်းပမည်

**အောင်နိုင်**

**ဒီဇင်ဘာ - ၂၉**

ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ဇန်နဝါရီလ ၁၁ ရက်မှ ၁၄ ရက်အထိ ရခိုင်ပြည်နယ် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ပြုလုပ်သွားမည်ဟု သတင်းရရှိသည်။

ထိုင်းနိုင်ငံရှိ ရခိုင်အဖွဲ့အစည်းများက ပြုလုပ်ခြင်းဖြစ်ပြီး ပြည်တွင်းမှ ရခိုင်တိုင်းရင်းသားတိုးတက်ရေးပါတီ၊ ရခိုင်အမျိုးသားကွန်ရက်၊ ရခိုင်သဟာယအသင်း၊ ရခိုင်လွတ်မြောက်ရေးပါတီနှင့် ရခိုင်စာပေနှင့်ယဉ်ကျေးမှု အသင်းတို့ကို ဖိတ်ခေါ်ထားသည်။

"ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး၊လက်ရှိအခြေအနေတွေကို ဆွေးနွေးမယ်လို့ သိရတယ်။ ကျွန်တော်တို့ဆီက တစ်ယောက်တော့ သွားမှာပါ" ဟု ရခိုင် အမျိုးသားကွန်ရက်သတင်းနှင့် ပြန်ကြားရေးတာဝန်ခံ ကိုမျိုးချစ်က ပြောကြားသည်။



*ရခိုင်ပြည်နယ်ရှိ ဒုက္ခသည်စခန်းတစ်ခု*

ဓာတ်ပုံ -ဂျေမောင်မောင်(အမရပူရ)

ရခိုင်တိုင်းရင်းသား တိုးတက်ရေးပါတီမှ ဗဟိုအလုပ်အမှုဆောင် ဦးမြင့်နိုင်က "ကျွန်တော်တို့ကတော့ တက်ဖို့ မသေချာသေးဘူး" ဟု ဆိုသည်။

ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် စပ်လျဉ်း၍ အလုပ်ရုံ ဆွေးနွေးပွဲတစ်ခုကို နယ်စပ်ရေးရာဝန်ကြီးဌာနက ပြီးခဲ့သည့် စက်တင်ဘာလကုန်တွင် နေပြည်တော်၌ ကျင်းပခဲ့သည်။

## ၅၀ မဂ္ဂါဝပ်အောက် စီမံကိန်းများ သင့်လျော်သည့် အခြေအနေဖြစ်ပါက လွယ်ကူစွာ ခွင့်ပြုမည်ဟုဆို

**သန်းထူး**

**နေပြည်တော်၊ ဒီဇင်ဘာ ၂၈**

လျှပ်စစ်ဓာတ်အား ၅၀ မဂ္ဂါဝပ်အောက် ထုတ်လုပ်မည့် စီမံကိန်းများအတွက် EIA/ SIA အရ သင့်လျော်သည့် အခြေအနေရှိလျှင် ငါးမိနစ်အတွင်း လက်မှတ်ထိုး(ခွင့်ပြုချက်)ပေးကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ စက်မှုနှင့် လျှပ်စစ်ဝန်ကြီး ဦးစိုင်းထွန်းရင်က ပြောကြားသည်။

"EIA/ SIA အရ သင့်တော်ရင် ငါးမိနစ်အတွင်း လက်မှတ်ထိုးပေးတယ်။ ပြည်သူ့အကျိုး မထိခိုက်ဘူး။ အန္တရာယ် မရှိဘူးဆိုရင်ပေါ့" ဟူ၍ ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်လောင်းမြို့နယ် ဖိုကုန်းကျေးရွာရှိ လျှပ်စစ်ရုံးတွင် ဒီဇင်ဘာ ၂၈ရက်ကပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲ၌ ၎င်းက ပြောကြားခဲ့သည်။

ရှမ်းပြည်နယ်တွင် မြို့နယ်ပေါင်း ၅၅ မြို့နယ်နှင့် မြို့နယ်ခွဲ ၂၈ ခုရှိသည်။ ဘီလူးချောင်းမှ ထုတ်လုပ်သည့် ၅၂ မဂ္ဂါဝပ်ဖြင့် ရှမ်းပြည်နယ်တွင် လုံလောက်ကြောင်း မြို့နယ်ခွဲတစ်ခုသာလျှင် မီးမရရှိသေးကြောင်း အင်းလေးဒေသတွင်း မီးလင်းရေးဆောင်ရွက်ခဲ့ကြောင်း၊ ၄၂၂ ရွာ၌ ကိုယ့်အားကိုယ်ကိုး မီးလင်းရန် လုပ်ဆောင်ခဲ့ပြီး ရှမ်းပြည်နယ် အရှေ့ပိုင်း မဟာဓာတ်အားလိုင်းမရောက်သေးသော ဒေသများ၌လည်း ကိုယ်ပိုင်လုပ်ဆောင်ချက်ရှိကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်။

## နောင်ယားကန်ပြုပြင်ထိန်းသိမ်းရေးအတွက် ကျပ်သိန်း ၂၀၀ကျော် သုံးစွဲမည်

**ကြီးမြင့်နိုင်(လွိုင်ကော်)**

**လွိုင်ကော်၊**

**ဒီဇင်ဘာ - ၂၆**

ကယားပြည်နယ်၊ လွိုင်ကော်မြို့၏ ကျက်သရေဆောင် နောင်ယားကန် သာယာလှပရေးအတွက် ကယားပြည်နယ် အစိုးရအဖွဲ့က ကျပ်သိန်း ၂၆၀ ကျော် အကုန်ကျခံကာ ပြုပြင်ထိန်းသိမ်းမှုများ ပြုလုပ်နေကြောင်း သတင်းရရှိသည်။

နောင်ယားကန်သာယာလှပရေးလုပ်ငန်းတွင် နားနေဆောင်နှစ်ခုပါ ရေလယ်တံတား ပြုပြင်တည်ဆောက်ခြင်း၊ ကန်အဝင်လမ်းတံတားပြုပြင်ခြင်း၊ ကန်ပတ်လည်တွင် ထိုင်ခုံများ ပြုလုပ်ခြင်း၊ နားနေဆောင်များ ထပ်မံတည်ဆောက်ခြင်း၊ ကန်အတွင်း လှေစီးနိုင်ရန် လှေဆိပ်များတည်ဆောက်ခြင်း၊ ကန်ပေါင်ပေါ်တွင် ကွန်ကရစ်လမ်းခင်းခြင်း၊ မီးတိုင်များ တပ်ဆင်ခြင်းနှင့် ဝက်လာနှင့် ကြာပင်များ ရှင်းလင်းခြင်းတို့ ဖြစ်ကြပြီး ကုန်ကျစရိတ် စုစုပေါင်းမှာ ကျပ်သိန်း ၂၆၀ ကျော်ရှိကြောင်း တာဝန်ယူ တည်ဆောက်လျက်ရှိသည့် လွိုင်ကော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

လွိုင်ကော်မြို့တွင် နောင်ယားကန်၊ ထေးငှားလျားကန်၊ ဘီလူးချောင်း အစရှိသည့် မြို့ကိုအလှ ဆင်လျက်ရှိသော သဘာဝအရင်းအမြစ်များရှိနေရာ အဆိုပါ သဘာဝအရင်းအမြစ်များကို တိမ်ကောပပျောက်မှုမရှိစေရေးအတွက် ထိုသဘာဝအရင်းအမြစ်များ၏ အနီးပတ်ဝန်းကျင်ရှိ မြေလွတ်မြေလပ်များပေါ်တွင် လူနေအိမ်ခြေ အဆောက်အအုံများ ဆောက်လုပ်ခြင်းမပြုဘဲ ထိန်းသိမ်းထားသင့်ကြောင်း ဒေသခံအချို့က ပြောသည်။

# ထိုင်းအစိုးရက ယာယီနိုင်ငံကူးလက်မှတ် ပြုလုပ်ပေးခြင်း သက်တမ်းတိုးပေးမည့် အစီအစဉ် မကြေညာသေး

**အေးမြတ်သူ**

**ရန်ကုန်၊ ဒီဇင်ဘာ ၃၀**

ထိုင်းနိုင်ငံတွင်းတရားမဝင်မြန်မာလုပ်သားများအား ယာယီနိုင်ငံကူးလက်မှတ် ထုတ်ပေးသည့် သက်တမ်းထပ်မံတိုးမြှင့်ရန် ထိုင်းဝန်ကြီးချုပ် သဘောတူခဲ့သော်လည်း ဒီဇင်ဘာ ၃၀ ရက်အထိ ထိုင်းအစိုးရက တရားဝင်ထုတ်ပြန်ခြင်း မရှိသေးကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်က ပြောသည်။

ထားဝယ်ဒေသသို့ ဒီဇင်ဘာ ၁၉ ရက်၌ ထိုင်းဝန်ကြီးချုပ် မစ္စစ်ရင်လပ်ရှင်နာဝပ် ရောက်ခဲ့စဉ်က သမ္မတ ဦးသိန်းစိန် ဆွေးနွေးတောင်းဆိုခဲ့သည့်အတွက် နိုင်ငံကူးလက်မှတ်ထုတ်ပေးသည့်သက်တမ်းကာလကို တိုးမြှင့်ပေးရန်သဘောတူခဲ့သည်။ သို့သော် ဒီဇင်ဘာ ၂၁ ရက်တွင် ထိုင်းနိုင်ငံ၌ နှစ်နိုင်ငံ အလုပ်သမားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ချင်း ဆွေးနွေးရာတွင် ထိုင်းအစိုးရဘက်မှ ဆွေးနွေးရန် အဆင်သင့် မဖြစ်သေးကြောင်း ပြောဆိုခဲ့သည်ဟု သတင်းရရှိသည်။

"သူတို့ ဝန်ကြီးချုပ်ကသာ သုံးလ သက်တမ်းတိုးပေးမယ်လို့ ပြောတာ။ ဘယ်လို တိုးပေးမှာလဲ မေးတော့ ဟိုလိုသည်လိုနဲ့ ရက်အတိအကျ မပြောနိုင်တဲ့အတွက် အဲဒီကိစ္စကို အခု မပြောနိုင်သေးဘူး။ သူတို့ညွှန်ချုပ်ကတော့ သူတို့ဝန်ကြီးချုပ်က ခရီးတွေ သွားနေလို့ မတွေ့ရသေးဘူး။ မေးပေးမယ်။ ပြီးရင်ရတာနဲ့ ချက်ချင်းပြန်ဆက်သွယ်လိုက်မယ်လို့ပြောတယ်" ဟု ဦးမျိုးအောင်က ပြောသည်။



www.time.com

လတ်တလောတွင် ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးသည့် စခန်းများ၌ ယခင်က အထောက်အထား ပြုလုပ်ရန် အမည်စာရင်းသွင်းထားပြီး ကျန်ရှိနေသောသူများကို ဆက်လက်ထုတ်ပေးလျက်ရှိသည်။ ယာယီနိုင်ငံကူးလက်များ ထုတ်ပေးရာတွင် ရွှေ့ပြောင်းမြန်မာလုပ်သားများ တစ်ရက်လျှင် လူဦးရေ တစ်ထောင်နှင့် ငါးထောင်ကြားခန့် ထုတ်ပေးလျက်ရှိသည်။

ထိုင်းနိုင်ငံတွင် မြန်မာရွှေ့ပြောင်းလုပ်သား ၂ ဒသမ ၅ သန်းခန့်ရှိပြီး မှတ်ပုံတင်ပြီးသော အလုပ်သမား ၁ ဒသမ ၅ သန်းခန့်ရှိရာ မှတ်ပုံတင်မထားဘဲ အထောက်အထားမဲ့ ဖြစ်နေသေးသည့် လုပ်သား တစ်သန်းကျော် ကျန်ရှိနေသေးသည်။ အဆိုပါ ယာယီနိုင်ငံကူး လက်မှတ်များကို ၂၀၀၉ ခုနှစ်မှ စတင်ထုတ်ပေးခဲ့ပြီး ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် သက်တမ်းကုန်ဆုံးခဲ့သည်။ အထောက်အထားစာရွက်စာတမ်းများ ထုတ်ပေးခြင်းကို သက်တမ်းသုံးလထပ်မံတိုးမြှင့်ပေးရန် ထိုင်းဝန်ကြီးချုပ်က သဘောတူညီခဲ့ပြီး လိုအပ်ပါက ဆက်လက်သက်တမ်းတိုးပေးမည်ဟု ပြောကြားခဲ့ကြောင်း သိရှိရသည်။

## မြန်မာနိုင်ငံ ပင်လယ်ပျော်များ သမဂ္ဂ ပြည်တွင်းတွင် ရုံးဖွင့်မည်

**သွယ်သွယ်လင်း၊ ခိုင်ခိုင်စိုး**

**ရန်ကုန်၊**

**ဒီဇင်ဘာ-၂၇**

သင်္ဘောသား အခွင့်အရေးများ ဆောင်ရွက်ပေးနေသည့် ပြည်ပအခြေစိုက် မြန်မာနိုင်ငံ ပင်လယ်ပျော်များ သမဂ္ဂ(SUB)သည်ပြည်တွင်း၌ တရားဝင်မှတ်ပုံတင်၍ ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း ယင်းသမဂ္ဂဥက္ကဋ္ဌ ဦးအောင်သူရက ပြောသည်။

ယင်းသမဂ္ဂသည် အပြည်ပြည်ဆိုင်ရာ ပို့ဆောင်ရေးအလုပ်သမားသမဂ္ဂအဖွဲ့ချုပ်(ITF)၏ တရားဝင် ကိုယ်စားလှယ်အဖြစ် ၁၉၉၃ ခုနှစ်တွင် အသိအမှတ်ပြုမှု ရရှိခဲ့ပြီး နှစ်ပေါင်း ၂၀ ကျော်ကြာ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် အခြေစိုက်၍ သင်္ဘောသားအခွင့်အရေးများကို ကြားခံအဖြစ် ဆောင်ရွက်ခဲ့သည်။

ယခုနှစ်တွင် မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ ရန်ကုန်တွင် ရုံးစိုက်ကာ သင်္ဘောသား အလုပ်သမားများကို ကူညီဆောင်ရွက်ပေးသွားမည်ဟု ယင်းကဆိုသည်။

"အလုပ်သမား သမဂ္ဂဖြစ်တဲ့အတွက် အလုပ်သမားတွေကို ကိုယ်စားပြုတယ်။ အလုပ်ရှင်နဲ့အလုပ်သမား အဆင်ပြေဖို့အတွက် တောင်းဆိုပေးတယ်"ဟုဦးအောင်သူရက ပြောသည်။

သင်္ဘောသားများသည် သင်္ဘောလိုက်နေစဉ်အတွင်း သေဆုံးမှု(သို့)ဆုံးရှုံးနစ်နာမှုများ၊ ရပိုင်ခွင့်များ အပြည့်အဝ မရရှိပါက ယင်းသမဂ္ဂသို့ ဆက်သွယ်အကူအညီတောင်းနိုင်သည်ဟု ၎င်းက ဆိုသည်။

"သူတို့ ဘာတွေ တောင်းဆိုချင်တာလဲ။ တရားဝင် တောင်းဆိုတဲ့စာ၊ သူတို့ရဲ့ အဖြစ်အပျက် အကျဉ်းချုပ် ဒါတွေကို ရေးပေးရတယ်" ဟု ဦးအောင်သူရက ပြောကြားသည်။

"ကျွန်တော်တို့ ရောက်တဲ့ အမေရိကန်က Second Mate တစ်ယောက်က ချိတ်ဆက်ပေးတယ်။ သင်္ဘောပေါ်က အခက်အခဲတွေကို ကူညီပေးတယ်ဆိုလို့ ရောက်လာတာပါ" ဟု သင်္ဘောသားတစ်ဦးက ပြောသည်။

လက်ရှိတွင် ပြည်တွင်း၌ မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများ သမဂ္ဂအဖွဲ့ချုပ် (MSF)ရှိပြီး ယင်းသမဂ္ဂသည် မှတ်ပုံတင်မည်ဆိုပါက သင်္ဘောသားအရေး ဆောင်ရွက်သည့် အဖွဲ့အစည်းနှစ်ခု ရှိလာမည်ဖြစ်သည်။

**Free Classified** — **ဝန်ထမ်းအလိုရှိသည်** — **အခမဲ့ကြော်ငြာကဏ္ဍ**

**ဝန်ထမ်းအလိုရှိသည်**
Amazing One Construction Co.,Ltd
၁။ Engineer B.E or M.E (civil) ကျား (၁) ဦး
၂။ Sales & Marketing Manager မ (၁) ဦး
၃။ Sales Girl မ (၃) ဦး
၄။ Installation Man ကျား (၂) ဦး
**အမှတ် (၁၃၇)၊ တက္ကသိုလ်ရိပ်သာလမ်း၊ (UFLအနီး)၊ကမာရွတ်မြို့နယ်။**

-----------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ Air-con Technician ကျား (၂) ဦး
၂။ Air-con Training ကျား (၃) ဦး (အနည်းဆုံး (၃) နှစ်လုပ်ကိုင်နိုင်ရမည်)
No.21, Thate Pan Street, Sin Min Ward, Ahlone Township.
**Ph: 09-73056441**

-----------------------------

**ဝန်ထမ်းအလိုရှိသည်**
စာရင်းစစ်အလိုရှိသည် ကျား/မ (၃) ဦး
စာရင်းစစ်လက်ထောက် ကျား/မ (၅) ဦး
**အမှတ် ၂ (က)၊ ပြည်တော်အေးရိပ်သာ၊ ကမ္ဘာအေးစေတီလမ်း။**
**ဖုန်း - ၀၁-၆၅၇၈၃၀**

-----------------------------

**ဝန်ထမ်းအလိုရှိသည်**
Web Developer (1) Post (Experience in Drupal CMS (Content Management System, At least 3 years professional experience)
Web Designer (1) Post (Proficient in HTML, CSS, Adobe Photpshop, Adobe Indesign, At least 2 year professional experience)
amkyaw1@gmail.com

-----------------------------

**ဝန်ထမ်းအလိုရှိသည်**
Asia Best Getaway (ABG) Travel & Tours Co.,Ltd
1. Air-Ticketing (Int'l & Domestic) 3 M/F
2. Tour Operator (Inbound & Outbound) 3 M/F
3. Sales & Reservation Staff (3) M/F
212, Sint Oh Dan Street (upper), Latha Tsp, Yangon.
**Ph: 378181**

-----------------------------

**ဝန်ထမ်းအလိုရှိသည်**
အင်္ဂလိပ်စာ စကားပြောသင်တန်းကျောင်းမှ မန်နေဂျာ(မ)တစ်ဦးအလိုရှိသည်။တစ်ပတ်အတွင်းလျှောက်ထားရန်။ **ဖုန်း - ၃၈၉၁၇၃**
**၁၅၄၊ ပထမထပ်ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်။**

-----------------------------

**ဝန်ထမ်းအလိုရှိသည်**
ရုံးကားယာဉ်မောင်း ကျား (၃) ဦး
လျှပ်စစ်တာဝန်ခံ ကျား (၁) ဦး
သိုလှောင်ရုံတာဝန်ခံ ကျား (၁) ဦး
(နှစ်ပတ်အတွင်းလျှောက်ထားရန်)
**ဖုန်း - ၅၂၃၇၄၂**
**အမှတ်(၄၂)၊ ရွှေသရဖီရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်။ (ရေကြောင်းသိပ္ပံအနီး)**

-----------------------------

**ဝန်ထမ်းအလိုရှိသည်**
အင်္ဂလိပ်စကားပြော ကျွမ်းကျင်သူ ကျား (၁) ဦး
(အသက် ၃၀-၅၀ နှစ်ကြား)
**ဖုန်း - ၀၁-၂၉၆၀၆၉**

-----------------------------

**ဝန်ထမ်းအလိုရှိသည်**
1. Korean Translator (10) M/F (B.A (Korea) or Dip: in Korea (UFL)
**(တစ်ပတ်အတွင်းလျှောက်ထားရန်)**
**အခန်း(၉၁၀-ဘီ)၊ ၉ လွှာ၊ လပြည့်ဝန်းပလာဇာ၊ ဒဂုံမြို့နယ်။**
**ဖုန်း - ၀၁-၃၉၃၁၈၉**

-----------------------------

**ဝန်ထမ်းအလိုရှိသည်**
1. Sales & Marketing Manager (1) M/F
2. Sales Executive (3) M/F
3. Chief Auditor (1) F
4. Sales Girl (4) F
5. Purchaser (2) F
6. Store Keeper (3) M/F
7. Driver (3) M
**PH: 389523**

-----------------------------

**ဝန်ထမ်းအလိုရှိသည်**
Web Designer (1) Post
Sales Manager/ Staff (2) M/F
Domastic Ticketing Reservation (2) M/F
Reservation Staff (2) F
**PH: 95-1-381945,392886**

-----------------------------

**ဝန်ထမ်းအလိုရှိသည်**
Chief (1) M
Assistant Chief (1) M
Waitress (2) F
**PH: 09-5152058**

-----------------------------

**ဝန်ထမ်းအလိုရှိသည်**
အမျိုးသမီး စက်ချုပ်ကျွမ်းကျင်ဝန်ထမ်းနှင့်လက်ချုပ်ဝန်ထမ်းအလိုရှိသည်။
Made moiselle Fashion
အမှတ်(၇၃)၊ မြေညီထပ်၊ ရောဝတီလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
**ဖုန်း-၂၁၁၃၈၉၊**
**၀၉-၅၁၃၉၅၂၄၊**

-----------------------------

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။



TIGER BALM
နာချင်ရာ နာစမ်း . . . TIGER BALM®
Reg No. 1308AA599
Reg No. 1402AA1320
Reg No. 1308AA643
TIGER BALM
သင့်ရဲ့ နာကျင်ကိုက်ခဲမှုဝေဒနာအတွက် သက်သာပျောက်ကင်းမှုကို အလျင်မြန်ဆုံးပေးစွမ်းမည်
TIGER BALM® PLASTER
Reg No. 1407AA1734
Reg No. 1407AA1733
• OVER 100 YEARS • OVER 100 COUNTRIES • MILLIONS OF USERS •
WORKS WHEREVER IT HURTS.

# Education

7 DAY NEWS JOURNAL

Vol.11, No.43 • JANUARY 3 , 2013


## ဗြိတိန်တွင် နိုင်ငံတကာကျောင်းသားများ ပါရဂူဘွဲ့ရပြီးမှသာ နေထိုင်ခွင့်ပြုမည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၉**



မြန်မာကျောင်းသားများ သွားရောက်ပညာ သင်ယူနေကြသော ဗြိတိန်နိုင်ငံသည် ပါရဂူဘွဲ့အဆင့် ပြီးဆုံးသူများကိုသာ အလုပ်အကိုင်ရှာဖွေရန် တစ်နှစ်နေထိုင်ခွင့် ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယခင်က ဗြိတိန်နိုင်ငံတွင် ပညာသွားရောက်သင်ယူကြသည့် နိုင်ငံတကာ ကျောင်းသားများအနေဖြင့် ဒီဂရီဘွဲ့(သို့မဟုတ်)ဘွဲ့လွန်အဆင့် ပြီးဆုံးသူများအတွက် အလုပ်အကိုင်ရှာဖွေရန်နှစ်နှစ်နေထိုင်ခွင့် အစီအစဉ်သတ်မှတ်ထားခဲ့သည်။ သို့သော်နိုင်ငံတကာကျောင်းသားများသည် ပညာသင်ယူလိုသော ရည်ရွယ်ချက်ထက် အလုပ်လုပ်ကိုင်လိုသော ရည်ရွယ်ချက်ဖြင့် လာရောက်မှုမြင့်တက်လာခြင်းကြောင့် ယင်းအစီအစဉ်ကို ယခုနှစ် ဧပြီလတွင် ရပ်ဆိုင်းခဲ့သည်။

ယခုအခါ ဗြိတိန်ပြည်ထဲရေးဝန်ကြီးက ၂၀၁၃ ခုနှစ် ဧပြီလမှစ၍ ပါရဂူဘွဲ့အဆင့် ပြီးဆုံးသော နိုင်ငံတကာ ကျောင်းသားများကို အလုပ်အကိုင်ရှာဖွေရန် တစ်နှစ်နေထိုင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

နိုင်ငံတကာ ကျောင်းသားများသည် ကျောင်းသားပြည်ဝင်ခွင့်များကို အလွဲသုံးစားပြုမှုများ ရှိနေသည့်အတွက် ပိုမိုစိစစ်သွားမည်ဖြစ်ပြီး ပညာသင်ယူရန် အမှန်တကယ် ရည်ရွယ်ချက်ရှိသူများကိုသာ ကျောင်းသားပြည်ဝင်ခွင့်ပြု သွားမည်ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီး၏ ပြောကြားချက်ကို ယူကေဘော်ဒါ အေဂျင်စီဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ယခုနှစ်ကုန်ပိုင်းတွင် ဗြိတိန်နိုင်ငံ၌ သွားရောက်ပညာသင်ယူရန် ကျောင်းသားပြည်ဝင်ခွင့် လျှောက်ထားသော မြန်မာကျောင်းသားများသည် သံရုံး၏ စိစစ်တင်းကျပ်မှုကို ပိုမိုရင်ဆိုင်နေရပြီး ကျောင်းသားပြည်ဝင်ခွင့် အပယ်ခံရမှုလည်း များပြားနေကြောင်း ဗြိတိန်ပညာရေး ဝန်ဆောင်မှုဆောင်ရွက်နေသူတစ်ဦးက ပြောသည်။

ဗြိတိန်နိုင်ငံသည် ပညာသင်ယူမည့် နိုင်ငံတကာ ကျောင်းသားအသွင်ဖြင့် ရွှေ့ပြောင်းအလုပ်သမား အများအပြား ရောက်ရှိလာကြသော အခြေအနေနှင့် ရင်ဆိုင်နေရပြီး ယင်းကို တားဆီးနိုင်ရန် ကျောင်းသားပြည်ဝင်ခွင့်လက်ခံမှုကို ၂၆ ရာခိုင်နှုန်းထိ လျှော့ချရန် စီစဉ်နေသည်။

နိုင်ငံတကာပညာရေး အခွင့်အလမ်းအတွက် ပြင်ဆင်နေကြသော မြန်မာကျောင်းသားများသည် ဗြိတိန်နိုင်ငံသို့ ပြည်ဝင်ခွင့်ရရှိရန် စိန်ခေါ်မှုနှင့် ပိုမိုကြုံတွေ့လာရမည် ဖြစ်သလို ပြည်ဝင်ခွင့်ရ ရှိပါကလည်း နေထိုင်အလုပ်အကိုင် ရှာဖွေခွင့်ရရှိရန် ပါရဂူဘွဲ့ သင်တန်းထိ တက်ရောက်နိုင်ရန် ကြိုးပမ်းအားထုတ်ရမည်ဖြစ်သည်။

**ပညာရေးသတင်းတိုများ**

## သုတေသနအတွေ့အကြုံဆွေးနွေးပွဲ ပြုလုပ်မည်

**ရန်ကုန်၊ဒီဇင်ဘာ-၂၈**

နိုင်ငံခြားပညာသင် အခွင့်အလမ်းဆိုင်ရာ သုတေသနအတွေ့အကြုံများ ဆွေးနွေးပွဲကို ဇန်နဝါရီလ ၆ ရက် နံနက် ၉ နာရီခွဲမှ ညနေ ၅ နာရီခွဲထိ ရွှေဂုံတိုင်မီးပွိုင့်အနီးရှိ တော်ဝင်နှင်းဆီစားသောက်ဆိုင်တွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။ သုတေသန အတွေ့အကြုံဆွေးနွေးမည့်သူများမှာ ဦးကျော်ညီစိုး (Oxfam)၊ ဒေါ်စန္ဒာကျော် (JICA)၊ ဦးဇေယျာသူ (The Voice Weekly)၊ ဦးဇော်အောင် (MAIDS Program, Chulalongkorn University)၊ ဒေါ်ထားထားအိ (Network Activities Group)၊ ဒေါ် နော်အိအိမင်း (Spectrum)၊ ဒေါ်နွဲ့ကေခိုင် (Heinrich Boll Foundation)၊ ဒေါ်မီမီချို (Regional Centre for Social Science & Sustainable Development)၊ ဦးမြင့်ဇော် (Australian National University)နှင့် ဒေါ်အေးမိုးနိုင် (Coastal Livelihood and Environmental Asset Restoration in Rakhine)တို့က ပါဝင်ဆွေးနွေးကြမည်ဖြစ်သည်။

## Shape the World Conference'13 Myanmar ဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန်၊ဒီဇင်ဘာ-၂၀**

ပြည်တွင်းစီးပွားရေးလုပ်ငန်းနယ်ပယ်များတွင် လုပ်ကိုင်နေသူများအတွက် Shape the World Conference'13 Myanmar အမည်ဖြင့် ဆွေးနွေးပွဲကို လာမည့်ဇန်နဝါရီလ ၈ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီခွဲထိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း Device ဝန်ဆောင်မှုကုမ္ပဏီမှ သိရသည်။ ဆွေးနွေးပွဲတွင် စင်ကာပူနိုင်ငံ Consulus မှ အမှုဆောင်အရာရှိချုပ် Mr.Lawrence Chong က Why is Myanmar's Brand of Leadership ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အကြီးတန်းနည်းဗျူဟာ အကြံပေး Ms.Christina Tarigan က Workshop on 3 State Brand Methodology to Build to Shape the World အမည်ဖြင့်လည်းကောင်း ဟောပြောပို့ချသွားမည်ဖြစ်ပြီး ဝင်ကြေးတစ်ဦးလျှင် ကျပ်နှစ်သိန်းသတ်မှတ်ထားသည်။

## ဘာသာစကားနှင့်အခွင့်အလမ်း

**နေလင်းထွန်း**

နိုင်ငံ အချင်းချင်း ကူးလူးဆက်သွယ်မှု မြင့်မားလာခြင်းနှင့် အတူ မြန်မာလူငယ်များကြား နိုင်ငံခြားဘာသာစကားလေ့လာသင်ယူမှု အလေ့အထ ပိုမိုခေတ်စားလာနေသည်။ နိုင်ငံတကာ ပညာရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖြစ်တည်နေခြင်း၊ ပြည်တွင်း၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ မြင့်တက်လာမည့် အခြေအနေဖြစ်တည်နေခြင်းတို့ကြောင့် လူငယ်များအနေဖြင့် မိခင်ဘာသာစကားအပြင် အခြားဘာသာစကားများတတ်ကျွမ်းနေခြင်းက ဘဝအနာဂတ် ခိုင်မာစေရန် အထောက်အကူ ဖြစ်စေသည်။

နိုင်ငံခြားဘာသာစကား လေ့လာသင်ယူလိုသောမြန်မာလူငယ်များအတွက် စီးပွားရေးမြို့တော် ရန်ကုန်သည် ဗဟိုချက်နေရာတစ်ခုဖြစ်နေပြီး နိုင်ငံခြားဘာသာစကားသင်တန်းများ အပြိုင်အဆိုင် ပေါ်ထွန်းလာနေသလို ၎င်းသင်တန်းကျောင်းများတွင် ဘာသာစကား သင်ယူနေသူများလည်း တစ်နှစ်ထက်တစ်နှစ် တိုးပွားလာနေသည်။

နိုင်ငံတကာပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းအတွက် မိခင်ဘာသာစကား တတ်ကျွမ်းရုံနှင့် မလုံလောက်မှုကြောင့် ရည်မှန်းချက်ကြီးမားသော လူငယ်များအတွက် နိုင်ငံခြားဘာသာစကား တတ်ကျွမ်းမှုက မဖြစ်မနေ လိုအပ်လာနေသည်။

နိုင်ငံခြားဘာသာစကားလေ့လာသင်ယူနိုင်ရန် ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် နိုင်ငံခြားဘာသာ တက္ကသိုလ်နှစ်ခုကို အစိုးရက ဖွင့်လှစ်ထားသော်လည်း နိုင်ငံခြားဘာသာစကား သင်ယူလိုသူအားလုံးကို လက်ခံသင်ကြားရန် လိုအပ်ချက် ရှိနေသည်။ ထို့ကြောင့် ပြင်ပသင်တန်းများသည် နိုင်ငံခြားဘာသာစကား သင်ယူလိုသူများအတွက် မရှိမဖြစ် အရေးကြီးသော နေရာများဖြစ်လာသည်။

ခေတ်ကာလ လိုအပ်ချက်၊ ပညာရေးနှင့် အလုပ်အကိုင် အခွင့်အလမ်း လိုအပ်ချက်တို့ကြောင့် လက်ရှိမြန်မာလူငယ်များကြား ရေပန်းစား သင်ယူလေ့လာနေကြသော နိုင်ငံခြားဘာသာစကား ၅ မျိုးကို ဦးစားပေး အစီအစဉ်အလိုက် ရွေးချယ်ဖော်ပြလိုက်သည်။

**အင်္ဂလိပ်ဘာသာစကား**

ကမ္ဘာသုံး ဘာသာစကားဖြစ်သော အင်္ဂလိပ်ဘာသာစကားကို မူလတန်းမှစ၍ ကျောင်းသင်ခန်းစာတွင် မြန်မာကျောင်းသားများ လေ့လာသင်ယူနေကြသည်။ သို့သော် တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးသည်နှင့် ပြင်ပအင်္ဂလိပ်ဘာသာစကား သင်တန်းသို့ အပြေးအလွှားသွားရောက်၍ ထပ်မံလေ့လာသင်ယူနေကြရသည်။ အိုင်စီတီခေတ်ကြီးတွင် ကွန်ပျူတာနှင့် အင်တာနက်မှတစ်ဆင့် ဗဟုသုတများ ရှာဖွေရာတွင်လည်း အင်္ဂလိပ်ဘာသာစကားက အသက်တမျှ အရေးကြီးနေသည်။

**စာ(၂၂)သို့**







7DAY NEWS JOURNAL
Vol.11, No.43 • JANUARY 3 , 2013

# ငါးခုမြောက်ဆေးတက္ကသိုလ် တောင်ကြီးတွင် ဖွင့်ရန်စီစဉ်

**နေလင်းထွန်း**

**နေပြည်တော်၊ ဒီဇင်ဘာ-၁၈**

ကျန်းမာရေးဝန်ကြီးဌာန၏ ငါးခုမြောက် ဆေးတက္ကသိုလ်တစ်ခုကို တောင်ကြီးမြို့တွင် တည်ထောင်ဖွင့်လှစ်သွားရန် စီစဉ်နေကြောင်း ဆေးသိပ္ပံပညာဦးစီးဌာနမှသတင်းရှိသည်။

လက်ရှိတွင် ရန်ကုန်ဆေးတက္ကသိုလ်(၁)၊ရန်ကုန်ဆေးတက္ကသိုလ်(၂)၊မန္တလေးဆေးတက္ကသိုလ်နှင့် မကွေးဆေးတက္ကသိုလ်တို့တွင် ဆေးပညာဘာသာရပ်များ သင်ကြားပို့ချလျက်ရှိပြီး တောင်ကြီးဆေးတက္ကသိုလ်ကို တိုးချဲ့ဖွင့်လှစ်ရန် ဆောင်ရွက်နေခြင်းဖြစ်သည်။

"တောင်ကြီးမှာ ဆေးတက္ကသိုလ်တစ်ခုဖွင့်ဖို့ လျာထားတယ်။ ဘတ်ဂျက်လည်း တောင်းထားပြီးသားရှိတယ်။ အမြန်ဆုံးအကောင်အထည် ဖော်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားမှာပါ"ဟု ဆေးသိပ္ပံပညာဦးစီးဌာန၊ ဘွဲ့ကြိုဌာနစိတ်မှ တာဝန်ရှိသူက ပြောသည်။

ယခုနှစ် ဆေးတက္ကသိုလ်ဝင်ခွင့်အတွက် ကျောင်းသားလက်ခံမှုကိုထက်ဝက်လျှော့ချလက်ခံခဲ့ရာ ဆေးတက္ကသိုလ် အသစ်တိုးချဲ့ဖွင့်လှစ်ပြီးပါက ဆေးပညာသင်ယူလိုသော ကျောင်းသားများအတွက် အခွင့်အလမ်းများ တိုးမြှင့်ရရှိမည်ဖြစ်သည်။

ဆေးတက္ကသိုလ်များသည် ကျား၊မ အချိုးတူသတ်မှတ်၍ ကျောင်းဝင်ခွင့်ပြုနေပြီး ယခုနှစ်အတွက် ကျောင်းသား ၆၀၆ ဦးနှင့် ကျောင်းသူ ၆၂၈ ဦးအား ဆေးတက္ကသိုလ်လေးခုတွင် ဝင်ခွင့်လက်ခံခဲ့သည်။

အစိုးရက ဆေးတက္ကသိုလ်တစ်ခုတိုးချဲ့ဆောက်လုပ်ရန် စီစဉ်နေပြီး ပြည်ပနိုင်ငံများကလည်း ပြည်တွင်း၌ ဆေးတက္ကသိုလ်များလာရောက်တည်ထောင်ဖွင့်လှစ်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနမှတာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးမှုများ ရှိနေကြောင်း သတင်းရရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ဆေးသိပ္ပံပညာဦးစီးဌာနသည် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား၊ ကျောင်းသူများအတွက် ဘွဲ့ကြိုသင်တန်းများအဖြစ် ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ၊ ဆေးဝါးတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်များ၊ သူနာပြုတက္ကသိုလ်များနှင့် အခြေခံ ကျန်းမာရေး တက္ကသိုလ်တို့ကို ဖွင့်လှစ်သင်ကြားပို့ချနေသည်။

## စာ-၂၁၊ ဘာသာစကားနှင့်အခွင့်အလမ်း မှ

ထို့ကြောင့် ကျောင်းသင်ခန်းစာမှပေးသော အင်္ဂလိပ်ဘာသာစကားက လိုအပ်ချက် များစွာရှိနေခြင်းကြောင့် သင်တန်းကြေးကျပ်သိန်းနှင့်ချီမှကျပ်ထောင်ဂဏန်းမျှပေးရသော ပြင်ပအင်္ဂလိပ်ဘာသာစကား သင်တန်းကျောင်းများတွင် လူငယ်အများအပြား ရောက်ရှိနေသည်။

ကျောင်းစာသင်ခန်းများက အင်္ဂလိပ်ဘာသာစကားကို ထိရောက်သော သင်ကြားမှုစနစ်ဖြင့် အရည်အသွေးရှိအောင် လေ့ကျင့်သင်ကြားပေးနိုင်ပါလျှင် လူငယ်များအတွက် အချိန်ကုန်၊ ငွေကုန်၊ လူပန်းရသော အခြေအနေများမှ လွတ်မြောက်နိုင်မည် ဖြစ်သည်။ လက်ရှိချိန်တွင် မြန်မာလူငယ်များသည် နိုင်ငံတကာပညာရေးနှင့် အလုပ်အကိုင် အခွင့်လမ်း၊ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းနှင့် နောက်ဆုံးပေါ် သတင်းအချက်၊ နည်းပညာများကို လေ့လာနိုင်ရန် အင်္ဂလိပ်ဘာသာစကားကို ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် လေ့လာသင်ယူနေကြသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

### တရုတ်ဘာသာစကား

မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ထိပ်ဆုံးနေရာ၌ ရှိနေသလို ကမ္ဘာ့ဒုတိယအင်အားအကြီးဆုံးနေရာ ရောက်လာသော တရုတ်နိုင်ငံကြောင့် တရုတ်ဘာသာစကားသည် ကမ္ဘာတွင် ရေပန်းစားနေသလိုမြန်မာလူငယ်များ၏ စိတ်ဝင်စားမှုတွင် ဒုတိယနေရာ ရှိနေသည်။ အစိုးရကျောင်းစာသင်ခန်းများကတရုတ်ဘာသာစကားကို သင်ကြားခြင်း မရှိသေးသော်လည်း ငွေကြေးပြည့်စုံသူများ တက်ရောက်နေသည့် အင်တာနေရှင်နယ်ကျောင်းများနှင့် မကြာမီက အစိုးရအသိအမှတ်ပြုလိုက်သည့် ကိုယ်ပိုင်ကျောင်းအချို့တွင် တရုတ်ဘာသာစကားကို စာသင်ခန်းတွင် ထည့်သွင်းသင်ကြားနေကြပြီ ဖြစ်သည်။ ကမ္ဘာ့ဇာတ်ခုံတွင် တစ်ဟုန်ထိုးနာမည်ကြီးလာခြင်းနှင့် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံထားသော ပြည်တွင်းရှိစီမံကိန်းကြီးများ၊ စီးပွားရေးလုပ်ငန်းများကလည်း မြန်မာလူငယ်များကို တရုတ်ဘာသာစကား လေ့လာသင်ယူရန် တွန်းအားဖြစ်စေသည်။ တရုတ်နိုင်ငံနှင့် ကူးလူးဆက်သွယ်မှု ပိုမိုမြင့်မားသော မြန်မာနိုင်ငံအလယ်ပိုင်းက လူငယ်များသည် တရုတ်ဘာသာစကား လေ့လာသင်ယူရန် စိတ်ဝင်စားမှု ပိုမိုကြီးမားလာကြောင်း မန္တလေး နိုင်ငံခြားဘာသာ တက္ကသိုလ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

### ဂျပန်ဘာသာစကား

မြန်မာလူငယ်များ၏ နိုင်ငံတကာပညာရေးလမ်းကြောင်း ရွေးချယ်မှုတွင် ဂျပန်နိုင်ငံပါဝင်နေပြီး အထူးသဖြင့် မိန်းကလေးများ၏ စိတ်ဝင်စားမှုကို ရရှိနေသည်။ ဂျပန်ဘာသာစကားသင်ယူပြီးနောက် ဂျပန်နိုင်ငံတွင် ပညာသွားရောက်သင်ယူပြီး နေထိုင် အလုပ်လုပ်ကိုင်ခွင့် ရရှိရန် မြန်မာလူငယ် အများအပြား ကြိုးပမ်းခဲ့ကြသည်။ အနောက်နိုင်ငံကြီးများထက် ကျောင်းသားပြည်ဝင်ခွင့်လွယ်ကူအဆင်ပြေခြင်း၊ ပညာသင်ယူနေစဉ်တွင် အလုပ်လုပ်ကိုင်ခြင်းဖြင့် ကျောင်းစရိတ်ကာမိစေခြင်း၊ ပညာသင်ဆု အခွင့်အလမ်း များပြားခြင်းတို့သည် ဂျပန်နိုင်ငံတွင် သွားရောက်ပညာသင်စေရန် မြန်မာလူငယ်များကို ဆွဲဆောင်နေကြောင်း မြန်မာနိုင်ငံ ဂျပန်ပညာသင်ဟောင်းအသင်းမှ အလုပ်အမှုဆောင်ဖြစ်သူ ဦးသန့်စင်နိုင်က ပြောသည်။ ယခုအခါ ဂျပန်နိုင်ငံ၏ ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်မည့် အစီအစဉ်များ၊ ကူညီထောက်ပံ့ရေး အဖွဲ့အစည်းများကြောင့် ဂျပန်ဘာသာစကားသည် မြန်မာလူငယ်များကြား ဦးစားပေး တတိယနေရာတွင် ရှိနေခြင်းဖြစ်သည်။

### ကိုရီးယားဘာသာစကား

ကိုရီးယား ရုပ်သံဇာတ်လမ်းတွဲများ၏ ရလဒ်အနေဖြင့် မြန်မာနိုင်ငံတွင် ကိုရီးယားယဉ်ကျေးမှုလွှမ်းမိုးလာခဲ့ရာ မြန်မာလူငယ်များကြား ကိုရီးယာဘာသာစကားရေပန်းစားမှုက စတုတ္ထနေရာတွင် ရှိနေသည်။ မြန်မာလူငယ်များ၏ ကိုရီးယားဘာသာစကား စိတ်ဝင်စားမှုသည် ရုပ်သံဇာတ်လမ်းများမှတစ်ဆင့် ဆင်းသက်လာခြင်းဖြစ်ပြီး ကိုရီးယားသံရုံးမှ နှစ်စဉ်ပြုလုပ်နေသော ကိုရီးယားစကားပြော ပြိုင်ပွဲသည် လူငယ်များ၏ အာရုံကို ဆွဲဆောင်နိုင်ခဲ့သည်။ ကိုရီးယားအစိုးရသည် မြန်မာလူငယ်များအတွက် တက္ကသိုလ်ပညာသင်ဆုအစီအစဉ်များ၊ လေ့လာရေးခရီးစဉ်များ ဆောင်ရွက်နေသလို ကိုရီးယားစကားပြော ပြိုင်ပွဲတွင် ဆုရရှိသူများကို ကိုရီးယားနိုင်ငံတွင် ပညာသင်အခွင့်အလမ်းများကို ပေးအပ်နေသည်။ ယင်းအခြေအနေများကြောင့် နိုင်ငံခြားဘာသာတက္ကသိုလ်တို့တွင် ကိုရီးယားဘာသာစကား လေ့လာသင်ယူလိုသော ကျောင်းသားဦးရေသည် ဥရောပသုံးဖြစ်သော ဂျာမန်၊ ပြင်သစ်နှင့် ရုရှားဘာသာစကားတို့ထက် မြင့်မားနေခြင်း ဖြစ်သည်။


### ထိုင်းဘာသာစကား

အိမ်နီးချင်း အာဆီယံနိုင်ငံတစ်ခုဖြစ်သော ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံထက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ခြေလှမ်းများစွာသာ လွန်နေပြီးဖြစ်သလို ပြည်တွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင်လည်း ဒုတိယနေရာ ရောက်နေသည်။ မြန်မာနိုင်ငံသားများ သန်းနှင့်ချီ၍ ထိုင်းနိုင်ငံတွင် ရွှေ့ပြောင်းအလုပ်လုပ်နေရခြင်းက ထိုင်းဘာသာစကားသည် ၎င်းတို့အတွက် မရှိမဖြစ်လိုအပ်ချက်တစ်ခု ဖြစ်လာခဲ့သည်။ ထို့ပြင် ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်း၊ ဇောတိကကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်းတို့ကို စီမံဆောင်ရွက်နေသလို အခြားသော ထိုင်းစီးပွားရေးလုပ်ငန်းများက မြန်မာလူငယ်များ ထိုင်းဘာသာစကား သင်ယူရန် အခြေအနေ ဖန်တီးနေသည်။ လက်ရှိအချိန်တွင် ထိုင်းဘာသာစကားကို မန္တလေး နိုင်ငံခြားဘာသာ တက္ကသိုလ်၌ သင်ကြားနိုင်ခြင်း မရှိသေးပဲ ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်တွင်သာ ဖွင့်လှစ် သင်ကြားနေသည်။ နယ်နိမိတ်ချင်း ထိစပ်နေခြင်း၊ စီမံကိန်းများနှင့် စီးပွားရေးရင်းနှီးမြှုပ်နှံမှုမြင့်မားနေခြင်းနှင့် ရွှေ့ပြောင်းအလုပ်သမား အများအပြားရှိနေခြင်းတို့ကြောင့် ထိုင်းဘာသာစကားသည်ကျောင်းသားလူငယ်များ၏ ဦးစားပေး ပဉ္စမနေရာတွင် ရှိနေကြောင်း ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်မှ တာဝန်ရှိသူတစ်ဦးက သုံးသပ်သည်။

မြန်မာလူငယ်များကြား ရေပန်းစားနေသော နိုင်ငံခြားဘာသာ စကားများကို ကြည့်ရှုပါက ကမ္ဘာသုံး အင်္ဂလိပ်ဘာသာစကားမှလွဲ၍ ကျန်ဘာသာစကားများသည် အာရှဒေသမှ ဘာသာစကားများ ဖြစ်သည်ကို တွေ့မြင်နိုင်သည်။ နှစ်ပေါင်းများစွာ ကမ္ဘာနှင့် အဆက်ပြတ်နေသော မြန်မာလူငယ်များသည် မိမိတို့နှင့် ရင်းနှီးထိတွေ့ရသော ဘာသာစကားများကိုသာ ဦးစားပေး လေ့လာသင်ယူနေကြသည်က ထင်ရှားနေသည်။

သမ္မတဦးသိန်းစိန်လက်ထက်တွင် မြန်မာနိုင်ငံသည် ကမ္ဘာနှင့် ပြန်လည်ထိတွေ့ခွင့် ရရှိနေပြီး နိုင်ငံပေါင်းစုံမှ အစိုးရသံတမန်များ၊ စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများ၊ လူမှုရေး အဖွဲ့အစည်းများကလာရောက်ဆက်သွယ်ပူးပေါင်းဆောင် ရွက်နေပြီ ဖြစ်သည်။ ထို့ကြောင့် မြန်မာလူငယ်များအနေဖြင့် ယခု ထက်ပိုမိုသော ကွဲပြားခြားနားသည့် ဘာသာစကားများကို တိုးချဲ့လေ့လာသင်ယူနိုင်ရန် အခွင့်အလမ်းသစ်များ လိုအပ်လာသည်။

**နှာခေါင်းရောဂါ၊ နား လည်ချောင်းရောဂါ အမြန်ပျောက်ကင်းစေသောကုထုံးသစ်**



**လည်ဆစ်ရိုး၊ ခါးဆစ်ရိုး လေးဘက်နာရောဂါများအတွက် လျှပ်စစ်မြန်မာသက်သာစေသည့် သုံးမျိုးစပ်ကုထုံး**



ခေတ်မှီ ဆေးကုခန်း ဖုန်း - ၀၉ ၄၂၁၁၈၀၈၀၀

အမှတ် (၁)၊ စဉ့်အိုးတန်းအောက်လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

IFC International Finance Corporation

IFC, a member of the World Bank Group, is the largest global development institution focused exclusively on the private sector. We help developing countries achieve sustainable growth by financing investment, mobilizing capital in international financial markets, and providing advisory services to businesses and governments. In FY12, our investments reached an all-time high of more than $20 billion, leveraging the power of the private sector to create jobs, spark innovation, and tackle the world's most pressing development challenges. For more information, visit www.ifc.org.

IFC's engagement in Myanmar focuses on promoting inclusive growth through investment and advisory engagements that: i) improve the investment climate to enable the broader population to participate in and benefit from Myanmar's economic reform program and support investment likely to create job opportunities for the population, ii) increase access to finance for micro, small and medium enterprises by supporting the establishment of commercial microfinance and to support the banking sector to increase lending to SMEs, and iii) to support the development of infrastructure to reduce key impediments to commerce and reduce operating costs.

Our operations in Myanmar will grow in 2013, and we are looking for qualified applicants for the following five positions to be based in our office in Yangon. Successful candidates will be expected to contribute to the development of IFC's Myanmar Program by developing excellent client relations, designing and implementing projects for meaningful development impact, and ensuring IFC procedures are respected. In addition, successful applicants are expected to actively identify new opportunities for IFC, provide input to IFC's strategy and build relationships with industry stakeholders.

**Operations Officer, Investment Climate Program (Position #123013) Operations Officer, Access to Finance Program (Position #122967) Senior Investment Officer (Position #123067) Country Officer (Position #123068) Program Assistant (Position #123053)**

Interested candidates should review the complete job description and selection criteria and apply on-line at http://www.ifc.org/careers and choose the relevant vacancy number. Please note that you need to register before submitting your application. The closing date is 11th January 2013. Only applicants selected for interview will be contacted.

Technology

7 DAY NEWS JOURNAL

Vol.11, No.43 • JANUARY 3 , 2013

## စျေးလျှော့ရောင်းမည့် မိုဘိုင်းဖုန်း စျေးနှစ်မျိုးဖြစ်မည်

**ယုဇနကိုကို**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၇**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက လာမည့် ဇန်နဝါရီလတွင် စတင်ရောင်းချပေးသွားမည့် မိုဘိုင်းဖုန်းများကို စျေးနှုန်းနှစ်မျိုးဖြင့် ရောင်းမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဂျီအက်စ်အမ် ဆင်းမ်ကတ်များက ဒဗလျူစီဒီအမ်အေဆင်းမ်ကတ်များထက် အနည်းငယ်သက်သာမည်ဖြစ်ပြီး ဒဗလျူစီဒီအမ်အေက အင်တာနက်စနစ်ပိုမိုကောင်းမွန်သည့်အတွက် စျေးနှုန်းပိုမိုရခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

ယနေ့အချိန်အထိမည်သည့်စျေးနှုန်းဖြင့် ရောင်းချမည်ကို အတိအကျမဆုံးဖြတ်ရသေးသော်လည်း ကျပ်တစ်သိန်းငါးသောင်းထက်မပိုသောနှုန်းများဖြင့်သာ အများပြည်သူသို့ ရောင်းချပေးသွားမည်ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ မိုဘိုင်းအင်ဂျင်နီယာချုပ် ဦးဌေးဝင်းက ပြောသည်။

ကျပ်ငါးသိန်းတန် မိုဘိုင်းဖုန်းများကို ကျပ်နှစ်သိန်းနှင့် နှစ်သိန်းငါးသောင်းသို့လည်းကောင်း၊ ယင်းမှတစ်ဆင့် ကျပ်တစ်သိန်းဝန်းကျင်အထိလည်းကောင်း လျှော့ချရောင်းချပေးမည်ဆိုပါက ဆင်းမ်ကတ်တစ်ခုလျှင် နိုင်ငံတော်ဝင်ငွေ ကျပ်လေးသိန်းအထိ လျော့နည်းသွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

လူမှုကွန်ရက်တွင် ဂျီအက်စ်အမ် မိုဘိုင်းဖုန်းများကို ကျပ်တစ်သိန်းဖြင့် လည်းကောင်း၊ ဒဗလျူစီဒီအမ်အေဖုန်းများကို ကျပ်တစ်သိန်းနှစ်သောင်းဖြင့် လည်းကောင်း ရောင်းချပေးမည်ဟု သတင်းများဆက်တိုက်ထွက်ပေါ်လာသော်လည်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကမူ ထိုသတင်းများကို ယနေ့အချိန်အထိ အတည်ပြု ပြောဆိုခြင်း မရှိပေ။

## ၂၀၁၂ တွင် Huawei ဟန်းဆက်ရောင်းအကောင်းဆုံးဖြစ်




**နိုင်ချို၊ အောင်သစ်လွင်**

**ရန်ကုန်၊ ဒီဇင်ဘာ ၂၆**

မိုဘိုင်းဖုန်းဟန်းဆက်စျေးကွက်တွင် Huawei ဖုန်းအမိမ်များမှာ ၂၀၁၂ ခုနစ်အတွင်း ရောင်းအားအကောင်းဆုံး ဟန်းဆက်အဖြစ် စျေးကွက်အတွင်းရပ်တည်လျက်ရှိကြောင်း စုံစမ်းသိရှိရသည်။

၂၀၁၂ ခုနှစ်အတွင်း ရောင်းအား အကောင်းဆုံး ဟန်းဆက်မှာ Huawei ဖြစ်ပြီး ဒုတိယနေရာတွင် ဆမ်ဆောင်းနှင့် တတိယနေရာတွင် iPhone တို့ဖြစ်ကြောင်း စျေးကွက်ကျမ်းကျင်သူများက ပြောသည်။

"Brand အားလုံးထဲမှာ Huawei က ရောင်းအားအကောင်းဆုံးပဲ။ ဒုတိယ ဆမ်ဆောင်းပေါ့"ဟု လသာမြို့နယ်ရှိ Best One မိုဘိုင်းဖုန်းဆိုင်မှ Assistant Manager တစ်ဦးဖြစ်သူ မလဲ့လဲ့က ပြောသည်။

Huawei ဟန်းဆက်မှာ လူတန်းစားမရွေး အသုံးပြုနိုင်သည့်အတွက် ရောင်းအားကောင်းခြင်းဖြစ်ပြီး Brand ကြိုက်နှစ်သက်သောသူများအနေဖြင့်ဆမ်ဆောင်းကို ပိုမိုအသုံးပြုကြကြောင်း၊ iPhone အသုံးပြုသူများမှာ လူတန်းစားတစ်ရပ်အနေဖြင့်သာရှိကြောင်း ကမာရွတ်လှည်းတန်းရှိ Mr.Fone မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အခုက ဟန်းဆက်ဝယ်ပြီးဆိုတာနဲ့ Andriod ဖုန်းဖြစ်ရမယ်။ အင်တာနက်သုံးလို့ရမယ်။ Touch လည်း ကိုင်ချင်တယ်။ အဲဒီတော့ Huawei ပဲ ဝယ်ဖြစ်တာများတယ်။ ဆမ်ဆောင်းက စျေးနည်းနည်းမြောက်တယ်လေ" ဟု Huawei အမှတ်တံဆိပ်သုံးစွဲသူတစ်ဦးက ပြောသည်။

ဆူးလေမိုဘိုင်းမှ တာဝန်ခံတစ်ဦးဖြစ်သူ ကိုရဲထွန်းကလည်း "Huawei 8825 က ရောင်းအားအကောင်းဆုံးပဲ။ စျေးနှုန်းအနေနဲ့က တစ်သိန်းဝန်းကျင်ပဲ။ ဆမ်ဆောင်းကတော့ ဒုတိယနေရာက ရောင်းအားအကောင်းဆုံးပေါ့" ဟု ဆိုသည်။

၂၀၁၂ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ Huawei ဟန်းဆက်များ စျေးကွက်အတွင်း ရောင်းအားအကောင်းဆုံးဖြစ်သလို ကမ္ဘာ့စျေးကွက်တွင် ထိပ်တန်းမိုဘိုင်းဖုန်းအဖြစ် ဆမ်ဆောင်းကုမ္ပဏီက နိုကီယာကုမ္ပဏီကို ဖြတ်ကျော်အနိုင်ရရှိခဲ့ရုံမက စမတ်ဖုန်းစျေးကွက်တွင်လည်း Apple ကုမ္ပဏီကို ပြတ်ပြတ်သားသားဖြင့် အနိုင်ယူကျော်ဖြတ်နိုင်ခဲ့သည်ဟု ကမ္ဘာ့မိုဘိုင်းဖုန်းစျေးကွက် သတင်းများတွင် ဖော်ပြထားသည်။

## ဂျပန်နှင့်စင်ကာပူ နည်းပညာကုမ္ပဏီများ မြန်မာ့ဆက်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမည်

**ယုဇနကိုကို**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၇**

ဂျပန်နှင့် စင်ကာပူနိုင်ငံတို့မှ နည်းပညာကုမ္ပဏီများသည် မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများပြုလုပ်တော့မည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။




မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍတွင် ဂျပန်နိုင်ငံမှ NEC ကွန်ပျူတာကုမ္ပဏီနှင့် KDDI နည်းပညာကုမ္ပဏီ၊ စင်ကာပူနိုင်ငံမှ MDR ကုမ္ပဏီတို့သည် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားရန်အတွက် အဆိုပါနှစ်နိုင်ငံမှ တာဝန်ရှိသူများနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတို့ ဆွေးနွေးမှုများပြုလုပ်နေကြောင်း ယင်းလုပ်ငန်း၏ မိုဘိုင်းအင်ဂျင်နီယာချုပ် ဦးဌေးဝင်းက ပြောသည်။

တိုကျိုမြို့အခြေစိုက် NEC နှင့် KDDI ကုမ္ပဏီတို့သည် ၂၀၁၃ နှစ်ဆန်းပိုင်းကာလအတွင်းမြန်မာနိုင်ငံ၌ ရုံးခွဲများ လာရောက်ဖွင့်လှစ်မည်ဖြစ်ပြီး ပြည်တွင်း၏ အားနည်းနေဆဲဖြစ်သည့် မိုဘိုင်းဖုန်းဆက်သွယ်မှုလုပ်ငန်းများ နှင့် အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းများအပြင် နက်ဝ့ါခ်ချိတ်ဆက်မှုဆိုင်ရာ လုပ်ငန်းများကို အစိုးရ၊ ပုဂ္ဂလိကတို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းတို့၏ တရားဝင်ဝက်ဘ်ဆိုက်များတွင် ဖော်ပြထားသည်။

"အနာဂတ်မှာတော့ NEC ဟာ ပြည်တွင်းမှာ လိုအပ်သမျှကို ဆက်လက်ထောက်ပံ့ပေးဖို့ ရည်ရွယ်ထားပါတယ်။ နောက်ပြီး နိုင်ငံရဲ့ စီးပွားရေးကို တောင့်တင်းစေဖို့အတွက်ပင်လယ်ရေအောက်ကေဘယ်စနစ်အပြင် စက်မှုလုပ်ငန်းနယ်ပယ်များ၊ သဘာဝဘေးအန္တရာယ်ကာကွယ်မှုစနစ်များ၊ လုံခြုံရေးစနစ်များ၊ e-government စနစ်များအတွက် အိုင်စီတီအခြေခံအဆောက်အအုံနဲ့ ဆာဗာလိုမျိုး Mass-market (အရေအတွက်အများအပြားထုတ်လုပ်တဲ့) ထုတ်ကုန်များအတွက် နိုင်ငံတကာဆက်သွယ်ရေးကွန်ရက်တွေကို ထောက်ပံ့ပေးသွားပါမယ်" ဟု NEC ကွန်ပျူတာကုမ္ပဏီ၏ တရုတ်နှင့် အာရှပစိဖိတ်အရောင်းဌာနအထွေထွေမန်နေဂျာ ဆာကာမိုတိုက ၎င်း၏ တရားဝင်ဝက်ဘ်ဆိုက်စာမျက်နှာတွင် ပြောကြားထားသည်။

စင်ကာပူနိုင်ငံမှ MDR နည်းပညာကုမ္ပဏီမှာလည်း မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍ၌ မိုဘိုင်းဖုန်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ အဓိကထား လုပ်ကိုင်သွားမည်ဖြစ်ပြီး ပြည်တွင်းရှိ ပုဂ္ဂလိက နည်းပညာကုမ္ပဏီများနှင့်လည်း ပူးပေါင်းသွားရန် အစီအစဉ်ရှိကြောင်း ၎င်းတို့၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

နိုင်ငံတကာမှ နည်းပညာကုမ္ပဏီများ ဝင်ရောက်လာခြင်းသည်ပြည်တွင်း၏ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ရန်အတွက် များစွာ အထောက်အကူ ဖြစ်စေသော်လည်း အစိုးရအနေဖြင့် မူကြမ်းအဆင့်သာထွက်ရှိသေးပြီး ဝေဖန်ခံနေရသော

**စာမျက်နှာ(၂၄)သို့ »**

## ဆက်သွယ်ရေးအော်ပရေတာ လုပ်ငန်းနှစ်ခုအတွက် ကုမ္ပဏီများရွေးချယ်ရန် ဥရောပ အကြံပေးအဖွဲ့ ငှားရမ်း

**ယုဇနကိုကို**

**ရန်ကုန်၊ ဒီဇင်ဘာ- ၂၇**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို ပုဂ္ဂလိကအသွင်ကူးပြောင်းရာတွင် ပေါ်ထွက်လာမည့် အစိုးရမဟုတ်သော ဆက်သွယ်ရေး အော်ပရေတာ လုပ်ငန်းကြီးလေးခု၌ ကျန်နေသေးသည့် နှစ်နေရာအတွက် အတွေ့အကြုံရှိနိုင်ငံတကာ နည်းပညာကုမ္ပဏီများကို ရွေးချယ်မည်ဖြစ်ရာ ယင်းရွေးချယ်မှုအတွက် အကဲဖြတ်ပေးမည့် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေး အကြံပေးအဖွဲ့ (Telecommunication Tender Consultant) ကို ဥရောပနိုင်ငံများထဲမှ ရွေးချယ်လိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို ပထမဆုံး ပုဂ္ဂလိကအသွင်ကူးပြောင်းရာ၌ တယ်လီကွန်း အော်ပရေတာလေးခုကို လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ကြောင်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနက ကြေညာထားသည်။

မြန်မာတယ်လီကွန်းနှင့် ရတနာပုံတယ်လီပို့တယ်လီကွန်းဟူ၍ ပုဂ္ဂလိက ဆက်သွယ်ရေးအော်ပရေတာနှစ်ခုကို ဆက်သွယ်

**စာမျက်နှာ(၂၄)သို့ »**



# မြန်မာ-ထိုင်းနှစ်နိုင်ငံအကြား ရေအောက် ကေဘယ် ချိတ်ဆက်မည်

**ယုဇနကိုကို**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၇**

မြန်မာနှင့် ထိုင်းနှစ်နိုင်ငံအကြား အင်တာနက်ဝန်ဆောင်မှု အသုံးပြုနိုင်ရေး အစီအစဉ်အတွက် ရေအောက် ကေဘယ်ချိတ်ဆက်မှု အစီအစဉ်ကို ပြုလုပ်သွားရန်ရှိကြောင်း ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှ သတင်းရရှိသည်။

ယခုကဲ့သို့ မြန်မာ-ထိုင်း ရေအောက် ကေဘယ်စနစ်ချိတ်ဆက်ရန် ဆောင်ရွက်ခြင်းမှာ ထားဝယ်ရေနက် ဆိပ်ကမ်းတွင် လာရောက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နေပြီဖြစ်သည့် ရေနံကုမ္ပဏီနှင့် အခြားသော ထိုင်းကုမ္ပဏီများ၏ တောင်းဆိုမှုများကြောင့် နှစ်နိုင်ငံ၏ ဆက်သွယ်ရေးဝန်ကြီးများ ဆွေးနွေးခဲ့ကြခြင်းဖြစ်ကြောင်း မြန်မာ့ဆက် သွယ်ရေးလုပ်ငန်း၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ထားဝယ်စီးပွားရေးဇုန်၏ လုပ်ငန်းဆောင်ရွက်ရာတွင် ဆက်သွယ်ရေးကောင်းမွန်သည့် အင်တာနက်ဝန်ဆောင်မှုများ ရရှိရန် လိုအပ်သဖြင့် ယခုကဲ့သို့ ဆောင်



ရွက်ရခြင်းဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နှစ်နိုင်ငံရေအောက် ကေဘယ်ဖိုက်ဘာဆက်ကြောင်းများ တည်ဆောက်ရေးအတွက် ချိတ်ဆက်မည့် နေရာဒေသများကို မကြာမီ အသေးစိတ်ညှိနှိုင်းသွားရန် ရှိကြောင်းလည်း မြန်မာ့ဆက်သွယ်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အရှေ့တောင်အာရှ အားကစားပွဲတော် မတိုင်မီတွင် ထိုင်းနှင့် မြန်မာနိုင်ငံအကြား မိုဘိုင်းဖုန်းများ သယ်ဆောင်သွားနိုင်ကာ ဆက်သွယ်ပြောဆိုနိုင်မည့် အပြန်အလှန် (Outbound and Inbound) Roaming စနစ်များကိုပါ ဆောင်ရွက်သွားရန်ရှိကြောင်း သတင်းရရှိသည်။

ထို့အပြင် ထိုင်းနိုင်ငံအနေဖြင့် ထားဝယ်အထူးစီးပွားရေးဇုန်အတွင်းတွင် အခြားသော ဆက်သွယ်ရေးကွန်ရက်များကို လာရောက်တည်ဆောက်ရန် ရှိကြောင်း စုံစမ်းသိရှိရသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံနှင့် ဆက်သွယ်ပြီးသော နယ်စပ်ဖြတ်ကျော် အင်တာနက်ဆက်ကြောင်းအချို့မှာ မြန်မာ-တရုတ် နယ်စပ်ဖြတ်ကျော် ဖိုက်ဘာဆက်ကြောင်း၊ ထိုင်း-မြန်မာနယ်စပ်ဖြတ်ကျော်ဖိုက်ဘာဆက်ကြောင်းတို့ ဖြစ်ကြသည်။

စာမျက်နှာ(၂၃)မှ

## ဂျပန်နှင့်စင်ကာပူ နည်းပညာကုမ္ပဏီများ မြန်မာ့ဆက်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမည်

ဆက်သွယ်ရေးဥပဒေကို နိုင်ငံတကာမှလည်း လက်ခံနိုင်သည့် အနေအထားတစ်ခုဖြစ်အောင်ရေးဆွဲရန်လိုအပ်ကြောင်း ကွန်ပျူတာပညာရှင်အချို့က သုံးသပ်သည်။

"နိုင်ငံရဲ့ဆက်သွယ်ရေးကဏ္ဍကို တိုးဝင်ဖို့ နိုင်ငံတကာရဲ့ စိတ်ဝင်စားမှုကတော့ အရမ်းမြင့်တက်နေတယ်။ နိုင်ငံတကာက ဝင်လာရင်လည်း တစ်ဟုန်ထိုးတိုးတက်သွားမှာသေချာပဲ။ တစ်ခုရှိတာက ဆက်သွယ်ရေးတာဝန်ရှိသူတွေ ဆက်သွယ်ရေးဥပဒေကို နိုင်ငံတကာနဲ့ လိုက်လျောညီထွေဖြစ်အောင် ရေးဆွဲဖို့ လိုတယ်။ အခုထွက်ထားတဲ့ ဥပဒေမူကြမ်းဟာ လွတ်လပ်တဲ့အင်တာနက်အသုံးပြုခွင့်တောင် အပြည့်အဝရှိတယ်လို့ ပြောလို့မရသေးဘူး" ဟု ကွန်ပျူတာပညာရှင်တစ်ဦးဖြစ်သူ ဦးရဲမြတ်သူက သုံးသပ်ပြောကြားသည်။

အစိုးရက ယခုနှစ်လယ်ပိုင်းတွင် နိုင်ငံတကာကုမ္ပဏီများကို ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံခွင့်ပြုရန် တရားဝင် ခွင့်ပြုပြီး နောက်ပိုင်း မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍအပေါ် စိတ်ဝင်စားမှုနှင့် ရင်းနှီးမြှုပ်နှံလိုသူများ မြင့်တက်လာသော်လည်း အများစုမှာ ဆက်သွယ်ရေးဝန်ကြီးဌာန၏ ယခင်အစိုးရလက်ထက် အရိပ်များလွှမ်းမိုးနေဆဲရှိသော ဥပဒေမူကြမ်းကို သတိထားစောင့်ကြည့်နေကြကြောင်း သတင်းရရှိသည်။

စာမျက်နှာ(၂၃)မှ

## ဆက်သွယ်ရေးအော်ပရေတာ လုပ်ငန်းနှစ်ခုအတွက် ကုမ္ပဏီများရွေးချယ်ရန် ဥရောပ အကြံပေးအဖွဲ့ ငှားရမ်း

ရေးဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်ခွင့်ပြုပေး လိုက်ပြီဖြစ်ပြီး ကျန်နှစ်နေရာကို ပြည်ပနိုင်ငံများထဲမှ ရွေးချယ်သွားမည်ဟု မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြီးခဲ့သည့် အောက်တိုဘာလတွင်းက ပြောကြားခဲ့သည်။

ကျန်ရှိနေသေးသည့် တယ်လီကွန်းအော်ပရေတာလုပ်ငန်းကြီးနှစ်ခုကို နိုင်ငံတကာကုမ္ပဏီများထဲမှ ရွေးချယ်သွားမည်ဖြစ်ယင်းသို့ရွေးချယ်ရာတွင် တိကျမှုဖြစ်စေရန်နှင့် အမှားအယွင်းမရှိစေရန်အတွက် အတွေ့အကြုံရှိ နိုင်ငံတကာ ဆက်သွယ်ရေးဆိုင်ရာ အကြံပေးကုမ္ပဏီများကို ရွေးချယ်ရခြင်းဖြစ်ပြီး ထိုကုမ္ပဏီနှစ်ခုက လုပ်ငန်းများ စတင်ဆောင်ရွက်တော့မည်ဖြစ်သည်။

ရွေးချယ်လိုက်သော ဥရောပမှ နိုင်ငံတကာဆက်သွယ်ရေးဆိုင်ရာ အကြံပေးကုမ္ပဏီနှစ်ခုသည် မည်သည့်နိုင်ငံများမှ ဖြစ်သည်ကို မူလတ်တလောအချိန်တွင် အတိအကျ ထုတ်ဖော်ပြောဆိုနိုင်ခြင်း မရှိသေးကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ အင်ဂျင်နီယာချုပ်တစ်ဦးက ဆိုသည်။




7 DAY NEWS JOURNAL
Vol.11, No.43 ▪ JANUARY 3 , 2013



# ဂန္ဓလရာဇ် ခရီးသည် (၆)

ကျော်ဝင်း

စီးပွားရေးတိုးတက်မှု၏ ဝိရောဓိများ (၂ နိုဝင်ဘာ ၂၀၁၂)

**■ CNMC**

ထိုနေ့အစီအစဉ်အရ ပြည်သူ့နေ့စဉ် ဝက်ဘ်ဆိုက်သို့ ရုံးစိုက်ရာသို့ သွားရောက်လေ့လာကြဖို့ဖြစ်သည်။ "ပြည်သူ့နေ့စဉ်" တို့ "ပရာပဒါး" တို့ ဆိုသည်မှာ တစ်ခါမှမဖတ်ဖူး၊ မတွေ့ဖူးသည့်တိုင် ဆယ်ကျော်သက်သာသာ ကတည်းက စိတ်ဝင်တစား ကြားဖူး၊ သိဖူးနေသည့် သတင်းစာကြီးများ ဖြစ်သည်။ "ပြည်သူ့နေ့စဉ်"က တရုတ်ကွန်မြူနစ်ပါတီ၏ အာဘော်။ "ပရာပဒါး"(အမှန်တရားဟု အဓိပ္ပာယ်ရသည်)က ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ပါတီ၏အာဘော်။ ယခုပြည်သူ့နေ့စဉ်သတင်းစာတိုက်သို့ ကိုယ်တိုင်သွားရောက်လေ့လာခွင့်ရမည်ဆိုသောအခါ စိတ်လှုပ်ရှားမိသည်။ သို့နှင့်တိုင် ဘာကြောင့်ရယ်မသိ။ ဤအစီအစဉ်ကို ဖျက်လိုက်ရာ မသွားဖြစ်ခဲ့ပါ။

သို့ဖြင့် ထိုနေ့အတွက် ဒုတိယအစီအစဉ်ကိုသာ မူလသတ်မှတ်ချိန်ထက် စော၍ အစပြုဖြစ်လိုက်သည်။ ထိုအစီအစဉ်ကား CNMC ရုံးချုပ်သို့ သွားရောက်လေ့လာကြဖို့ဖြစ်သည်။ CNMC ဆိုသည်မှာ China Nonferrous Metal Mining (Group) Co. Ltd. ဖြစ်သည်။ သံဓာတ်မပါသော သတ္တုတွင်းတူးဖော်ရေး ကုမ္ပဏီဆိုပါစို့။ လက်တွေ့တွင် သတ္တုတူးဖော်ရေးသာမက ဆောက်လုပ်ရေး လုပ်ငန်းပါ ဆောင်ရွက်သည့် ကုမ္ပဏီကြီးဖြစ်သည်။ ပေကျင်းအခြေစိုက် အစိုးရပိုင်ကုမ္ပဏီပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံမှ 'တကောင်း၊ နစ်ကယ် မိုင်း' ကို တာဝန်ယူမည့် ကုမ္ပဏီလည်းဖြစ်သည်။

မနက် ၁၀ နာရီဝန်းကျင်တွင် CNMC ရုံးချုပ်သို့ ရောက်သွားသည်။ CNMC ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ မစ္စတာလော့ထောင်းက ကျွန်တော်တို့ကို ကြိုဆိုပါသည်။ မစ္စတာလော့ထောင်းမှာ အသက်ငါးဆယ်ဝန်းကျင် လူလတ်ပိုင်း။ ထောင်ထောင်မောင်းမောင်း ဝဝ ဖိုင့်ဖိုင့်ပင်။ သူကပင် သူ့အတွင်းရေးမှူးမလေး (အမည်မမှတ်မိ) နှင့် မိတ်ဆက်ပေးသည်။ ကလေးမမှာ အသက်နှစ်ဆယ်သာသာ သုံးဆယ်အတွင်းလောက်သာ ရှိပါလိမ့်မည်။ သို့တစေ အင်္ဂလိပ်ဘာသာ စကားကို သွက်သွက်လက်လက် ပိုင်ပိုင်နိုင်နိုင် ပြောဆိုနိုင်သည်။ သူမက ဦးဆောင်ပြီး ကျွန်တော်တို့အဖွဲ့ကို CNMC က ပြခန်းသို့ ခေါ်သွားပါသည်။

CNMC ပြခန်းမှာ ပြတိုက်တစ်ခုလောက်ပင် ကြီးမားကျယ်ဝန်းသည်။ CNMC က ရင်းနှီးမြှုပ်နှံသော ကုမ္ပဏီများကို မြေပုံနှင့်တကွ ဖော်ပြထားသည်။ အများစုမှာ အာဖရိကနိုင်ငံများ ဖြစ်နေသည်ကို သတိပြုမိသည်။ အချို့သော ပရောဂျက်များကို ပုံစံငယ်လေးများဖြင့် ဖော်ပြထားသည်ကို တွေ့ရသည်။ တစ်နေရာတွင် "တကောင်းတောင်စီမံကိန်း" ပုံစံငယ်ကိုလည်း တွေ့ရသည်။ မှတ်တမ်းဓာတ်ပုံများလည်း ရှိရာ ၂၀၁၂ (ယခုနှစ်) ခရီးစဉ်အတွင်း ရိုက်ကူးထားသော သမ္မတဦးသိန်းစိန်နှင့် CNMC ဥက္ကဋ္ဌ မစ္စတာလော့ထောင်းတို့၏ ဓာတ်ပုံကြီးကို တခမ်းတနား ချိတ်ဆွဲပြထားသည်။

အတွင်းရေးမှူးကလေးမက ပြခန်းကို လိုက်ပြရင်း တရုတ်ပြည်၏ စီးပွားရေးအတွေ့အကြုံများကိုလည်း အလျဉ်းသင့်သလို ရှင်းပြသွားရာ ဘာသာစကားသာမက လုပ်ငန်းပိုင်းတွင်ပါ ကျွမ်းကျင်ပိုင်နိုင်ကြောင်း ဆဝါးမိသည်။ အထူးသဖြင့် စာရွက်စာတမ်း အကိုးအကားမပါဘဲ ကိန်းဂဏန်းအချက်အလက်များကို လက်တန်းပြောသွားရာ ထိုမိန်းကလေး၏ မှတ်ဉာဏ်ကိုမအံ့သြဘဲမနေနိုင်၊ လက်ဖျားခါမိသည်။

တရုတ်ပြည်မှာ အထိုက်အသင့် သယံဇာတကြွယ်ဝသော နိုင်ငံကြီး တစ်ခုဖြစ်သည်မှာ မှန်သည်။ သို့နှင့်တိုင် ဆယ်စုနှစ်သုံးခု နီးပါးမျှ အမြင့်ဆုံးစီးပွားရေး တိုးတက်မှုနှုန်းကို အောင်မြင်ရရှိလိုက်သော အခါ တရုတ်ပြည်၏ ကုန်ကြမ်းနှင့် စွမ်းအင်လောင်စာ လိုအပ်ချက်မှာ ပြည်တွင်းအရင်းအမြစ်များမှ ထောက်ပံ့နိုင်စွမ်းထက် ကျော်လွန်သွားတော့သည်။ သို့နှင့်အမျှ နိုင်ငံရပ်ခြားမှတင်သွင်းမှုအပေါ် ပို၍ပို၍ မှီခိုလာရတော့သည်။ ကျွန်တော်မှတ်မိသလောက် ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂၈ ရက်ထုတ် လန်ဒန်တိုင်း(မ်) သတင်းစာ၏ သတင်းပေးပို့ချက်အရ တရုတ်ပြည်မှာ နစ်ကယ်ကြေးနီ၊ အလူမီနီယံ၊ သံမဏိ၊ ကျောက်မီးသွေးနှင့် သံရိုင်းတင်သွင်းမှုတွင် ကမ္ဘာ့အဆင့်နံပါတ်တစ်ဖြစ်နေပြီဟု ဆိုပါသည်။

အတွင်းရေးမှူးမလေးကမူ အဆိုပါပြဿနာကို မိတ်ဆွေ နိုင်ငံများနှင့် အကျိုးတူစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျော်လွှားနိုင်ပါလိမ့်မည်ဟု ရဲရဲတင်းတင်းဆိုသည်။ အထူးသဖြင့် အာဆီယံနိုင်ငံများနှင့် ရင်းရင်းနှီးနှီး လက်တွဲဆောင်ရွက်လျက်ရှိသည်ဟု ပြောသည်။ တစ်ဆက်တည်းမှာပင် မြန်မာနိုင်ငံသို့ တရုတ်ပြည်၏ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို နှစ်အလိုက် ကိန်းဂဏန်းများဖြင့် ပြောပြနေတော့သည်။ ၂၀၀၄ ခုနှစ်က အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၉ သန်းသာ ရှိခဲ့ရာမှ ၂၀၀၅ ခုနှစ်တွင် ၁၁ ဒသမ ၅၄ သန်း ဖြစ်လာသည်။ ၂၀၀၉ ခုနှစ်တွင်မူ ၃၇၆ ဒသမ ၇၀ သန်းထိ တက်လာရာ မြန်မာပြည်မှာ အာဆီယံနိုင်ငံများအနက် ဒုတိယအများဆုံး ရင်းနှီးမြှုပ်နှံရာ နိုင်ငံဖြစ်လာပြီဟု ဆိုပါသည်။ (မြန်မာ၏ အထက်တွင် စင်ကာပူရှိသည်။) လက်ပံတောင်းနှင့် တကောင်းတို့မှာ အဆိုပါ ရင်းနှီးမြှုပ်နှံမှုများထဲမှ စီမံချက်များဖြစ်ပါလိမ့်မည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ထုတ်ပြန်သော တရားဝင်စာရင်းဇယားများအရ ဆိုလျှင် ၂၀၁၀ ဇူလိုင် ၃၁ ရက်အထိ မြန်မာနိုင်ငံရှိ ကဏ္ဍစုံစုတွင်ရှိသော တရုတ်ပြည်၏ ရင်းနှီးမြှုပ်နှံမှု အစုစုမှာ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၃ ဘီလီယံရှိသည်ဟု သိရသည်။ သတ္တုတူးဖော်ရေး ကဏ္ဍ ၁ ဒသမ ၈၈ ဘီလီယံ၊ လျှပ်စစ်ဓာတ်အား ၅ ဒသမ ၃၁ ဘီလီယံ၊ ရေနံနှင့် ဓာတ်ငွေ့ ၄ ဒသမ ၉၅ ဘီလီယံ အသီးသီးဖြစ်သည်။ လျှပ်စစ်ဓာတ်အားမှာ အများဆုံးဖြစ်၍ ရေနံနှင့်ဓာတ်ငွေ့မှာ ဒုတိယအများဆုံး ဖြစ်ပါသည်။

အဆိုပါ ကိန်းဂဏန်းများကို စဉ်းစားမိလိုက်သောအခါ ကျွန်တော့်အတွေးတွေမှာ စကားပြောကောင်းသော အတွင်းရေးမှူးမလေးဆီတွင် နေလို့မရတော့။ "မြစ်ဆုံ" နှင့် "ပိုက်လိုင်း" ကိစ္စများသို့ လွင့်သွားတော့သည်။ နိုင်ငံတကာ စွမ်းအင်အေဂျင်စီ၏ ခန့်မှန်းချက်အရ တရုတ်ပြည်၏ ရေနံအသုံးပြုမှုမှာ ၂၀၀၅ ခုနှစ်က တစ်နေ့လျှင် ရေနံစိမ်း ပီပါပေါင်း ၆ ဒသမ ၇ သန်း ရှိခဲ့ရာမှ ၂၀၁၅ တွင် ၁၁ ဒသမ ၁ သန်း ရှိလိမ့်မည်။ ၂၀၃၀ ရောက်လျှင် တစ်နေ့ပီပါပေါင်း ၁၆ ဒသမ ၅ သန်းပင် ရှိလိမ့်မည်ဟု ဆိုပါသည်။ ရာခိုင်နှုန်းနှင့် တွက်ကြည့်လိုက်လျှင် တစ်နှစ်ပျမ်းမျှ ၃ ဒသမ ၇ ရာခိုင်နှုန်း တိုးလာမည့်သဘောဖြစ်ပါသည်။

သို့နှင့်အမျှ တရုတ်ပြည်၏ ရေနံတင်သွင်းမှုမှာလည်း သိသိသာသာ တိုးလာခဲ့ရသည်။ ၂၀၁၅ ခုနှစ်က တစ်နေ့ ပေပါပေါင်း ၃ ဒသမ ၁ သန်းသာရှိခဲ့ရာမှ ၂၀၃၀ အရောက်တွင် ၁၃ ဒသမ ၁ သန်း ရှိလာလိမ့်မည်ဟု ခန့်မှန်းရသည်။ အဆိုပါ ရေနံအများစုကိုလည်း အရှေ့အလယ်ပိုင်း နိုင်ငံများမှ မလ္လကာရေလက်ကြားကို ဖြတ်၍ တင်ပို့ရရာ ကုန်ကျစရိတ်ကြီးရုံ၊ အချိန်ကြန့်ကြာရုံမျှမက အချိန်မရွေးအန္တရာယ်ကျရောက်နိုင်သည့် အနေအထားတွင် ရှိနေသည်။ အကြောင်းမူမလ္လကာအပါအဝင် ပစိဖိတ်ချိုင့်ဝှမ်းတစ်ခုလုံးကို အမေရိကန်ရေတပ်က စိုးမိုးထားခြင်းကြောင့် ဖြစ်သည်။ သို့အတွက် လောင်စာစွမ်းအင် စဉ်ဆက်မပြတ် ရရှိနိုင်ရေးမှာ တရုတ်စီးပွားရေးအတွက် စိန်ခေါ် ချက် တစ်ရပ်လိုဖြစ်လာရသည်။ စွမ်းအင်လောင်စာလုံခြုံရေးမှာလည်း တရုတ်ပြည်အတွက် အသက်တမျှအရေးကြီးလှသော မဟာဗျူဟာတစ်ရပ် ဖြစ်လာရတော့သည်။ ဤသည်ပင် ကျောက်ဖြူ-ကူမင်း ရေနံနှင့်ဓာတ်ငွေ့ပိုက်လိုင်း၏ နောက်ကွယ်မှ တွန်းအားများ ဖြစ်လေမည်လားစဉ်းစားဖို့ ရှိလာသည်။

ကျွန်တော့်အတွေးတွေမှာ ထိုနေ့ နေ့လယ် အစီအစဉ်ရောက်သည်အထိ ဆုံးပဲမဆုံးနိုင်။ မစ္စတာလော့ထောင်းတည်ခင်းသော နေ့လယ်စာကိုပင် ဘာဟင်းလျာတွေပါလို့ ဘာမှန်း သတိမထားမိ။ ဘာတွေစားလို့စားလိုက်မှန်းပင် မသိ။



**■ အခွင့်အလမ်းနှင့် စိန်ခေါ် ချက်**

ထိုနေ့လယ်အစီအစဉ်မှာ တရုတ်အုပ်ချုပ်ရေး အကယ်ဒမီမှ ဒေါက်တာ မာရှောင်ဖန်း၏ လက်ချာဖြစ်သည်။ ဒေါက်တာမာမှာ အသက် ၃၀ ဝန်းကျင် အမျိုးသမီးငယ်တစ်ယောက်။ သွယ်သွယ်လျလျ လှလှပပ။ ပေကျင်းတက္ကသိုလ်မှ ပထမဘွဲ့ရပြီး အမေရိကန်တက္ကသိုလ်ကြီးတစ်ခုမှ ပါရဂူဘွဲ့ရထားသူဟု သိရသည်။ ဒေါက်တာမာက အင်္ဂလိပ်ဘာသာစကားဖြင့်ပင်တိုက်ရိုက်ပို့ချပါသည်။ သူမရွေးချယ်လိုက်သော ခေါင်းစဉ်မှာ "တရုတ်ပြည် တံခါးဖွင့်ရေးနှင့် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အတွေ့အကြုံများ"။ ကျွန်တော့်အတွက်တော့ မနက်ပိုင်းက အဆုံးမသတ်နိုင်သေးသော အတွေးများအတွက် အခန်းဆက် စဉ်းစားဖွယ်ရာများ ဖြစ်နေတော့သည်။

ဒေါက်တာမာက ၁၉၇၀ ပြည့်လွန်နှစ်များလောက်မှစ၍ ၂၀၀၀ ပြည့်လွန်နှစ်များလောက်ထိ တရုတ်ပြည်၏ ဂျီဒီပီတိုးတက်မှုများကို ဇယားတွေ၊ ဂရပ်ပုံတွေနှင့် ရှင်းပြနေသည်။ တစ်ဆက်တည်းမှာပင် စီးပွားရေးတိုးတက်မှုနှင့်အတူ ကွဲကူးရေပါ ဖြစ်လာသည်။ ဝိရောဓိများ . . ။ ဒေါက်တာမာက လောင်စာစွမ်းအင်မလုံလောက်မှုမှ စကိုင်သည်။ ထို့နောက် . . တရုတ်ပြည်၏ စွမ်းအင်ပေါ်လစီ။ ကုသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ကမ္ဘာလုံးအတိုင်းအတာ စွမ်းအင်မြေပုံတစ်ခု ရေးဆွဲထားသည်ဟု ဆိုသည်။ စွမ်းအင်အရင်းအမြစ်ကြွယ်ဝသော နိုင်ငံများ၏ အရပ်ရပ်အခြေအနေကို သုတေသနပြုပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကော်မရှင်အတွက် အညွှန်းအဖြစ် နှစ်စဉ်ထုတ်ပြန်ပေးနိုင်ဖို့ဖြစ်သည်။

အဆိုပါ အညွှန်းမြေပုံတွင် ၂၀၀၄ ခုနှစ်အထိ မြန်မာနိုင်ငံ မပါပါ။ ၂၀၀၄ ခုနှစ်မှစ၍ မြန်မာနိုင်ငံမှာ တရုတ်စွမ်းအင်ပေါ်လစီ၏ ဖိုးကပ်(စ)ဖြစ်လာခဲ့သည်။ မြန်မာနိုင်ငံမှာ ရေနံသယံဇာတ အထိုက်အသင့်ရှိရုံမျှမက သဘာဝဓာတ်ငွေ့အရန်အင်အားမှာ အရှေ့တောင်အာရှတွင် အများဆုံး ကမ္ဘာ့အဆင့် ၁၀ နေရာတွင် ရှိသည်။ တရားဝင်ခန့်မှန်းချက်များအရ မြန်မာနိုင်ငံ၏ ရေနံအရန်အင်အားမှာ ပီပါပေါင်း ၃ ဒသမ ၂ ဘီလီယံရှိသည်။ သဘာဝဓာတ်ငွေ့ အရံအင်အားဆိုလျှင် ၂ ဒသမ ၅၄ ထရီလီယံ ကုဗအထိပင် ရှိသည်။ ဤအရန်အင်အားသည်ပင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို အကောင်းဆုံး ဆွဲဆောင်နိုင်မည့် မြန်မာနိုင်ငံ၏ အားသာချက်ဟု တရုတ်တို့က ယူဆဟန် ရှိပါသည်။

ကျွန်တော့်အတွေးတွေမှာ တရုတ်ပြည်ကြီး တံခါးဖွင့် ခါစ ၁၉၇၀ ပြည့်လွန်နှစ်များသို့ ပြန်ရောက်သွားသည်။ ထိုအချိန်က ဥရောပနှင့် အမေရိကရှိ ဖွံ့ဖြိုးပြီး နိုင်ငံကြီးများမှာ ဝန်ဆောင်မှု စီးပွားရေးသို့ ဦးတည်လှည့်ပြောင်းလျက် ရှိနေရာ ၎င်းတို့၏ တည်ဆဲစက်မှုလုပ်ငန်းများ (တစ်နည်း ထုတ်လုပ်ရေးလုပ်ငန်းများ) ကို စရိတ်စက သက်သာသော နိုင်ငံများသို့ရွှေ့ပြောင်းလုပ်ကိုင်နေချိန်ဖြစ်သည်။ (off Shoring) ဤတွင် ချိန်ခါသင့်ဆိုသလို တံခါးဖွင့်လာသော တရုတ်ပြည်ကြီးသို့ အနောက်တိုင်း တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွေ လှိမ့်ဝင်လာလေတော့သည်။ ထိုစဉ်က တရုတ်ပြည်၏ အားကောင်းချက်မှာ လုပ်အားခဈေးချိုခြင်း၊ ဈေးကွက်ကျယ်ခြင်းနှင့် ကောင်းမွန်သော စီးပွားရေးပတ်ဝန်းကျင် တည်ဆောက်ထားနိုင်ခြင်းတို့ပင် ဖြစ်သည်။ ဤအားသာချက်များနှင့် နိုင်ငံတကာမှလာသော အခွင့်အလမ်းတို့ ပေါင်းစပ်မိရာမှ တရုတ်ပြည်ကြီး စီးပွားရေး အတက်ကြမ်းသွားခြင်းပင်ဖြစ်ပါသည်။

ယခု အဆိုပါ စီးပွားရေး အတက်ကြမ်းမှုကို၏ ဝိရောဓိအဖြစ် လောင်စာစွမ်းအင်မလုံလောက်မှုနှင့် ရင်ဆိုင်နေရရာ မြန်မာနိုင်ငံလို သဘာဝအရင်းအမြစ် အားသာချက်ရှိသော နိုင်ငံများအတွက် အခွင့်အလမ်းမဖြစ်နိုင်လော . . ။ အသေအချာ ဖြစ်နိုင်စရာရှိသည်ဟု ထင်ပါသည်။ သို့နှင့်တိုင် . . သတိကြီးကြီးထား ကိုင်တွယ်ကြရမည့် ပြဿနာများလည်း ရှိနေသည်။

စာ(၄၀) သို့

7 DAY NEWS JOURNAL
Vol.11, No.43 • JANUARY 3 , 2013

# မိုင်ထောင်ချီ ပျံသန်းသွားသော ကြိုးကြာ

( အ နု ပ ညာ ရှင် ရုပ် ပုံ လွှာ )

**ချမ်းငြိမ်း**



*(ယခင်အပတ်မှအဆက်)*

(၅)

မဟာဆန်သူထွက်ပြီး တစ်နှစ်အကြာ **ကြိုးကြာသံ** စီးရီးထွက်လာသည်။

မိုးဦးဝင်ရောက်လာတဲ့အခါ
ရိုးမပေါ်ဖြတ်ပျံရင်း
မြောက်ဘက်ကိုဦးတည်လှည့်ကာ
သားဖောက်ရာအရပ်ဆီ
မိုင်ထောင်ချီ ပျံလေပြီ
ကြိုးကြာငှက်တို့ရဲ့ မိုင်ထောင်ချီ
ခရီးစဉ် . . . ။

ကမ္ဘာတွင် ချိုးငှက်သည်ငြိမ်းချမ်းရေးသင်္ကေတဖြစ်သလို အာရှတိုက်တွင် ကြိုးကြာငှက်သည်ငြိမ်းချမ်းရေးသင်္ကေတ၊ ကြိုးကြာသည် အာရှ ရေမြေတောတောင်နှင့် လိုက်လျောညီထွေ ကျက်စားသည့် ငှက်တစ်မျိုးဖြစ်သည်။ ကြိုးကြာသံကို ရေးဖွဲ့သောအခါ ကိုမောင်မောင်သည် အာရုံခံစားမှုဖြင့် ရေးခဲ့ပြီး အနှစ်သာရအားဖြင့် သစ္စာတရားကို ရည်ရွယ်သော သီချင်းတစ်ပုဒ်ဖြစ်သည်။ **အရုပ်တစ်ထောင်ပြည့်လျှင် ရှင်သန်နိုင်သည်** ဆိုသော ဂျပန်လူမျိုးတို့၏ အယူအဆတစ်ရပ်ကိုလည်း ထည့်သွင်းရေးသားထားသည်။ မိုင်ထောင်ချီ ပျံသန်းလေ့ရှိသော ကြိုးကြာတို့သည် ခရီးဦးတည်ချက်ရောက်အောင်ပျံသန်းရာ၌ လေစီးကြောင်းထဲရောက်အောင် ပျံရပြီး ထိုသို့ရောက်ရှိသွားပါက အတန်ငယ်အားစိုက်လိုက်ရုံမျှဖြင့် အလိုက်သင့် မျောပါသွားကာ ရည်ရွယ်ရာရောက်နိုင်ပုံကို ဘဝအားမာန် သီချင်းအဖြစ် အဓိပ္ပာယ်လေးနက်စွာ၊ သံစဉ်ပိုင်းလှပစွာ ဖွဲ့စည်းစပ်ဆိုထားသည်။ ထိုစီးရီးထဲတွင် ကြိုးကြာသံနှင့်အတူ **အတွေးပန်းချီ၊ ညီစေမင်း၊ ပန်းတို့ပွင့်တယ်လို့** သီချင်းများ ထင်ရှားခဲ့သည်။ ထိုစီးရီးထဲမှာပင် ကိုမောင်မောင်ရေးသည့် သီချင်းတစ်ပုဒ် ရှိသေးသည်။ **ငုဝါခြွေတဲ့မိုး၊** ဦးသန့်အရေးအခင်းကာလတွင် စစ်အာဏာရှင်များ၏ သတ်ဖြတ်ဖိနှိပ်ခြင်းခံရသော ကျောင်းသား၊ ကျောင်းသူများအား နိမိတ်ပုံယူ၍ အာဏာရှင်ကို **နွေ**၊ နွေကို အန်တုသောကျောင်းသားများအဖြစ် **ငုဝါ** ကို ညွှန်းဆိုထားသည်။ အချိန်မတန်ခင် ရွာသည့်မိုးကြောင့် ငုဝါပန်းများ ကြွေလွင့်ရခြင်းကို ကျောင်းသားလူငယ်များ သတ်ဖြတ်ခံရခြင်းဖြင့် ကိုတိုးက နိမိတ်ပုံဆောင်ကြဉ်းသီဆိုခဲ့သည်။ ကြိုးကြာသံတွင် မဖြိုမလှိုင်း၏ စုစည်းညီညွတ်မှုကို ပြသနိုင်ခဲ့သလို ခင်မောင်တိုး အမည်မှာလည်း စတီရီယိုကိုယ်ပိုင်သံစဉ်လောကထဲ တခမ်းတနားရေးထိုးနိုင်ခဲ့သည်။

(၆)

လူပုဂ္ဂိုလ်အားဖြင့်ဆိုလျှင် ကိုတိုးသည် အသားညိုညို၊ အရပ်မြင့်မြင့်၊ ဂုတ်ပေါ်အထိ ဝဲကျရစ်ခွေနေသော ဆံပင်ရှည်ရှည်၊ အမြဲလိုလို ခံစားချက်တစ်မျိုးမျိုး ကိန်းအောင်းနေတတ်သော မျက်ဝန်းအစုံ၊ ရယ်(ရီ)လိုက်လျှင် သွားတက်ကလေးတွေဖွေးခနဲပေါ်လာသည်။ ဝတ်စား ဆင်ယင်ရာတွင်လည်း သေသပ်စွာ ဝတ်ဆင်တတ်ပြီး ရေဘင်မျက်မှန်တပ်ဆင်ရခြင်းကိုနှစ်သက်သူ တစ်ဦးဖြစ်သည်။ စကားပြောလျှင် သိမ်မွေ့နူးညံ့စွာ ပြောတတ်ပြီး တစ်စုံတစ်ရာကို မျှော်တွေးနေတတ်သည်။

ဘောလုံးစကားနှင့်ဆိုရလျှင် ကိုတိုးသည် တိုက်စစ်မှူးကောင်းတစ်ယောက်၊ သို့ရာတွင် ထိုတိုက်စစ်မှူး ဂိုးရရှိရေးသည် တစ်ဦးတစ်ယောက်တည်း ကောင်းနေ၍မရ။ ပံ့ပိုးမှုအားကောင်းသော အစုအဖွဲ့ကောင်း ရှိဖို့လိုပါသည်။ ထိုအစုအဖွဲ့ကောင်းအဖြစ် ကိုရဲလွင်၊ ကိုနေဝင်း၊ ကိုမောင်မောင်၊ ကိုဇော်မျိုးထွဋ် အစရှိသည့် အမြုတေအဖွဲ့က ဖန်တီးပေးခဲ့သည်။

ကိုတိုးကတော့ဂိုးသွင်းအဆုံးသတ်သေချာသည့် တိုက်စစ်မှူး၊ ကိုတိုး၏ အဆိုပိုင်နိုင် ညက်ညောမှုဖြင့် မဖြိုမလှိုင်းအဖွဲ့သားများ ရေးသားတီးခတ်ခဲ့သော သီချင်းတွေ ပေါက်သွားသည်မှာလည်း မဆန်း၊ သို့သော် ဆန်းသည်က မဖြိုမလှိုင်းအဖွဲ့သည် ပရိသတ်အကြိုက် လိုက်၍ ပင်ကိုအစွမ်းကို လျှော့မချခဲ့ခြင်းဖြစ်သည်။ ၎င်းတို့၏ ဂီတခံယူချက်၊ ရပ်တည်ချက်နှင့် စာသားအသုံးအနှုန်းများကို ပရိသတ်လက်ခံနားလည်အောင် ဆွဲတင်ညှိယူခဲ့ကြသည်။ အဆိုရောအတီးပိုင်းပါ အဆင့်မြင့်မြင့် ခံစားတတ်ရန် ဆွဲတင်ခဲ့ခြင်းဖြစ်သည်။ ဤသည်မှာ မဖြိုမလှိုင်း၏ ရပ်တည်မှု၊

အောင်မြင်ခဲ့ပြီဖြစ်သော ကိုတိုးသည် လက်ရွေးစင်သီချင်းများ စုစည်းကာ New Version အသံသွင်း၍ **မျက်သွယ်**စီးရီး ထုတ်သည်။ ယခင် မအောင်မြင်သော သီချင်းအချို့ အောင်မြင်သွားသည်။ ဤသည်မှာ မဖြိုမလှိုင်း၏ ထားရှိခဲ့သော ရပ်တည်မှုကို ပရိသတ်က နားလည်လာခြင်း ဆိုနိုင်၏။ ပရိသတ်သည် နှစ်ကာလအတန်ကြာအောင် ဆွဲတင်ခဲ့သော တန်းတစ်ခုအထိ လိုက်ပါနိုင်ခဲ့သည်။ ထို့နောက် ကိုတိုးသည် မန္တလေးရီမြင့် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးသော **မမစိမ်း** ဇာတ်ကားတွင် ဇာတ်ဝင်သီချင်းများအဖြစ် **ရိုးရိုးလေး** နှင့် **နှင်းဆီပန်းသူ** သီဆိုပေးရသည်။ ဆက်လက်၍ **ဒဏ္ဍာရီ** ဇာတ်ကားအတွက် **ပန်းချစ်သူ** နှင့် **ဒဏ္ဍာရီ** သီချင်းများ ဆိုရသည်။ **မြစ်တို့၏မာယာ**ဇာတ်ကားတွင် ဇာတ်ဝင်သီချင်း သီဆိုရသည်။ ဒဏ္ဍာရီ သီချင်းသည် မဟာဆန်သူအခွေကတည်းက ပေါက်ပြီး ဖြစ်သည်။ ထိုစဉ်က ဒဏ္ဍာရီကို ကိုမောင်မောင်နှင့်အတူ ကိုနေဝင်းက ကလပ်ဆီကယ်ဂစ်တာဖြင့် တီးခတ်ပေးခဲ့သည်။ ရုပ်ရှင်ကားမှာတော့ အပို့ဂီတ (Dubbing) နှင့် ကလပ်ဆီကယ်ဂစ်တာကို ကိုမောင်မောင်နှင့် တေးရေးနိုင်မင်းတို့ တီးခတ်ခဲ့သည်။ ဒဏ္ဍာရီသည် ရုပ်ရှင်သီချင်းဖြစ်ခါမှ လူထုထဲ ပိုမိုပျံ့နှံ့သွားသလို ဖြစ်ခဲ့သည်။

ကိုတိုးသည် ၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံကြီး စပ်ကူးမပ်ကူးကာလတွင် **ရောင်စဉ်ခုနစ်သွယ်** စီးရီး သီဆိုခဲ့ပြီး **ရောင်စဉ်ခုနစ်သွယ်၊ အို၊ ရင်ခုန်သံ၊ ကာရန်သီ၊ ညီစေ့မယ်၊ နန်းချယ်ရီ** သီချင်းများ ထင်ရှားခဲ့သည်။ ယင်းနောက် နိုင်ငံရေးအခြေအနေကြောင့် ဂီတဈေးကွက်လည်း ပျက်သလိုရှိခဲ့ပြီး ၉၃-၉၄ နှစ်များကျမှ **မြစ်တစ်စင်းဖြစ်တည်မှု၊ ပန်တော်ဦး၊ ဝေးခဲ့ပြီပန်းခရမ်းပြာ၊ လေးညို့ရှင်** စီးရီးများ ဆက်လက်ထွက်ရှိနိုင်ခဲ့သည်။

ပန်းခရမ်းပြာသီချင်းသည် ခရမ်းပြာဆောင်ဟု အမည်ပေးထားကြသည့် တံတားဖြူနားက အဆောင်မှာ နေထိုင်စဉ် ကိုရဲလွင်ရေးဖွဲ့ခဲ့ခြင်းဖြစ်ပြီး အဆိုတော်အောင်နိုင်နှင့် ကိုခင်ဝမ်းတို့ သီဆိုခဲ့သည်။ ယခုတစ်ဖန် ခရမ်းပြာကို လွမ်းမက်မပြေနိုင်လွန်း၍ **ဝေးခဲ့ပြီပန်းခရမ်းပြာ** သီချင်းကို ကိုရဲလွင်နှင့်အတူ ခရမ်းပြာ၌နေခဲ့ဖူးသော တောင်ငူတက္ကသိုလ် ဒဿနိကဌာနမှ ကိုအောင်ဝင်းတို့ ပေါင်းစပ်ရေးဖွဲ့ခဲ့ခြင်းဖြစ်သည်။ သံစဉ်ပိုင်းမြူးကြွသော်လည်း စာသားကဆန့်ကျင်ဘက် အလွမ်းကို ပေါင်းစပ်ထားသည်။

ဝေးခဲ့ပြီ ပန်းခရမ်းပြာရေ
တစ်ခါတစ်ရံမှာ အိပ်မက်လို
ပင်ညိုညိုရိပ်တွေ
မြမြက်စိမ်းစိမ်းတွေ
ဘယ်ဆီမှာလဲ မသိတော့ပါ. . .

ရောင်စဉ်ခုနစ်သွယ်စီးရီးထဲမှ **နန်းချယ်ရီ**နှင့် မြစ်တစ်စင်းဖြစ်တည်မှုစီးရီးထဲမှ **ညဥ့်လယ်ယံတေး** တို့ကို မေစတူဒီယို၌ အသံသွင်းစဉ်က ကိုမောင်မောင်ကိုယ်တိုင် ကလပ်ဆီကယ်ဂစ်တာ တီးပေးခဲ့သည်။ လူတွေက မဖြိုမလှိုင်း၏ ရပ်တည်ချက်ကို နားလည်လာကြသလို ကိုတိုးကိုလည်း လေးစားချစ်ခင်လာကြသည်။

(၇)

၁၉၉၅ မတ်လ ၂၂ ရက်၊ နွေခေါင်ခေါင် မိုးကြိုးပစ်ချလိုက်သလို မမျှော်လင့်ဘဲ ကိုမောင်မောင် ကွယ်လွန်သွားသည်။ ကိုမောင်မောင် ကွယ်လွန်ခြင်းသည် မဖြိုမလှိုင်းအတွက်သာမက စတီရီယို ကိုယ်ပိုင်သံစဉ်လောကအတွက်ပါ ကြီးစွာသော ဆုံးရှုံးမှု ဖြစ်ခဲ့သည်။ ကိုမောင်မောင်သည် မဖြိုမလှိုင်း၏ မာလိန်မှူးတစ်ဦး ဖြစ်သလို စတီရီယို ကိုယ်ပိုင်သံစဉ်များ တစ်ခေတ်ဆန်းသစ်အောင် တီထွင်ရေးဖွဲ့ခဲ့သူ ဖြစ်သည်။ ကိုမောင်မောင်၏ ဂီတအနုပညာသည် အမျိုးသားဟန်နှင့် ခေတ်သစ်တူရိယာ သံစဉ်များ ပေါင်းစပ်ထားသော ဟန်ဖြစ်သည်။ ကိုမောင်မောင် ကွယ်လွန်ပြီး တစ်နှစ်အကျော် ၁၉၉၆ အောက်တိုဘာလအတွင်း စန္ဒရားမောင်မျိုးခင် ကွယ်လွန်သည်။ မရှေးမနှောင်းမှာပင် မဖြိုမလှိုင်း၏ ပင်တိုင်အဆိုရှင်တစ်ဦးဖြစ်သူ ဒင်းနစ်(မွန်းအောင်) တောခိုသွားသည်။ သိပ်မကြာ၊ ကိုခင်ဝမ်းဆုံးသည်။ ယင်းအဖြစ်အပျက်များသည် မဖြိုမလှိုင်းအတွက် အထိနာစေသော ဖြစ်ရပ်များ ဖြစ်ခဲ့သည်။

သို့သော် . . . မဖြိုမလှိုင်းသည် မဖြိုမလှိုင်းပဲ ဖြစ်ပါသည်။ ရဲဘော်ရဲဘက်အသစ်တွေ ထပ်မံဖြည့်တင်းကာ ဂီတခရီးလမ်းကို ဆက်လျှောက်သည်။ ဂီတလမ်းကြောင်းပေါ်မှ တစ်လက်မလေးမျှ သွေဖည်မသွား . . . ။

ကိုတိုးသည် မွန်းအောင် အမှတ်တရသီချင်းများအဖြစ် **ရင်ခတ်အလွမ်း** စီးရီးကို သီဆိုခဲ့ပြီး ကွယ်လွန်သူ ကိုခင်ဝမ်းအတွက် **ခုနစ်နှစ်အလွန်** စီးရီး သီဆိုခဲ့ရာ အလွန်အောင်မြင်ခဲ့သည်။ ပြည်မြို့မှ အဆိုတော်၊ ပန်းချီဆရာ၊ တေးရေးဆရာ ကိုခင်ဝမ်း၏ ထင်ရှားသည့် သီချင်းများကို ဗီစီဒီ ရိုက်ကာ ထုတ်ဝေတော့လည်း ပရိသတ်က အားပေးကြသည်။ ဆက်လက်၍ မန္တလေးကို ချစ်သော၊ မန္တလေးဇာတိသား တစ်ဝက်ဖြစ်သော ကိုတိုးသည် ထင်ရှားသည့် မန္တလေးသီချင်းများကို စုစည်းကာ **အကြိုက်ဆုံးမန္တလေးသီချင်းများ** အဖြစ် ရွှေမြို့တော်ကို ဂုဏ်ပြုသီဆိုခဲ့သည်။ ကိုတိုးသည် မီမီဝင်းဖေနှင့်တွဲ၍ **ဒဏ္ဍာရီ**စိုင်းထီးဆိုင်နှင့်တွဲ၍ **လွယ်လွယ်နဲ့မဖြစ်ဘူး**၊ စံလင်းနှင့်တွဲ၍ **ခွာညိုသက်တား**စီးရီးများ သီဆိုခဲ့သလို တေးစီးရီးပေါင်း သုံးဆယ့်ငါးခွေ သီဆိုခဲ့သည်။ သည်ကြားထဲ နိုင်ငံရပ်ခြားမှ ဖိတ်ကြားသော ရှိုးပွဲတွေ သွားရောက်သီဆိုခဲ့ရသည်။ ရေခြားမြေခြားသို့ ရောက်နေသော မြန်မာတို့၏ အိမ်လွမ်းဖိတ်မန္တကပြုမှုဖြင့် ကိုတိုးသည် ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ဂျပန်၊ ကိုရီးယားစသဖြင့် နိုင်ငံခြား ခရီးစဉ်တွေဆက်ခဲ့သည်။ ကိုတိုး၏ ဝါသနာတစ်ခုမှာ ဒစ်ဂျစ်တယ် ပစ္စည်းများ ခုံမင်နှစ်သက်ခြင်းဖြစ်သည်။ ကင်မရာ တကိုင်ကိုင်ဖြင့် ကိုတိုးကို မကြာခဏမြင်ရလေ့ရှိသည်။ ရောက်လေရာ ကင်မရာ တဖျတ်ဖျတ်ရိုက်တတ်သည်။ X မျိုးဆက် တစ်ဦးဆိုနိုင်သော ကိုတိုးသည် မြန်မာပြည်တွင် iPhone သုံးသူများထဲ အစောဆုံးပါဝင်ခဲ့သူ ဖြစ်သည်။ ကိုတိုး iPhone သုံးစဉ်က ယခုလို ခေတ်မစားသေး။ iPhone သုံးစွဲတတ်သူ အနည်းငယ်မျှသာ ရှိသေးသည်။

(၈)

ကျန်းမာရေးအရဆိုလျှင် ကိုတိုးမှာ နှလုံးမကောင်းတာလေးတစ်ချက်တော့ရှိသည်။ သို့သော်. . . ကံကြမ္မာကို မည်သူမျှ ကြိုမမြင်နိုင်။ ၂၀၁၂ နှစ်ဆန်းပိုင်းမှစ၍ ကိုတိုးကျန်းမာရေး ချူချာလာသည်။ မကြာခဏ ဆေးစစ်ရသည်။ အသည်းမကောင်းဟု ဆေးစစ်ချက်တွေက ပြသနေသည်။ အရက်လုံးလုံးမသောက်တတ်သော ကိုတိုးကျမှ သည်ဝေဒနာက လာငြိတွယ်သည်။ ၂၀၁၂ နိုဝင်ဘာလဆန်း စင်ကာပူသို့ သွားရောက်ကုသစဉ် ရောဂါက မမျှော်လင့်ဘဲ ကြီးထွားလာသည်။

စင်ကာပူဆေးရုံကြီးပေါ်၌ အသည်းကင်ဆာဖြင့် တက်ရောက်ကုသမှုခံယူနေသော ကိုတိုးခန္ဓာကိုယ်ထဲ ဆေးပိုက်တွေ သွင်းကြသည်။ ဆေးရည်တွေ ထိုးထည့်သည်။ သေမင်းလက်ထဲပါမသွားအောင် ဆရာဝန်ကြီးတွေက တတ်စွမ်းသမျှ လုကြသည်။ မိသားစုကလည်း အနားမှာ ဖေးဖေးမမ။ သို့ရာတွင် ဆေးရုံခုတင်ထက် ပက်လက်မြောနေသော ကိုတိုးမှာ အသိအာရုံဝေဝါးခဲ့ချေပြီ။

ခန္ဓာဝန်ရှင်သန်ရေး
ဓာတုဆေးဝါးကျားကန်ရင်း
ရင်ထဲဝင်ရောက်ကူးစက်တဲ့
ပြင်ပဇီဝပိုးမွှားကြောင့်
အာရုံထွေကာ ဟိုဒီလွင့်စဉ်နေတုန်း
ကြောက်မက်ဖွယ်
ခြောက်လှန့်သံတွေ
ဆူညံနေတယ်
ရင်မှာမိုးချုန်းသည့်နှယ် . . .

ကိုတိုး သီဆိုခဲ့သည့် **ခန္ဓာဝန်** သီချင်းထဲကလို နောက်ဆုံးတွင် သေမင်းကိုအလျှော့ပေးခဲ့ရသည်။ မှတ်မှတ်ရရ ၂၀၁၂ နိုဝင်ဘာ ၁၅ ရက် နံနက် ၈ နာရီ ၁၈ မိနစ်တွင် ကိုတိုးကွယ်လွန်သွားသည်။ အမိမြန်မာပြည်တွင် ဂီတဖြင့် အလုပ်အကျွေးပြုခဲ့သူ ကိုတိုးသည် ရေခြားမြေခြားမှာ ကွယ်လွန်ခဲ့ရှာပြီ။ သူ့ကိုချစ်သော ပရိသတ်ကြီးမှာ နောက်ဆုံး ခရီးကိုပင် လိုက်မပို့နိုင်ကြ။ ကွယ်လွန်သည့် နေ့မှာပင်မိသားစုကကိုတိုးကို နေ့ချင်းပြီး စင်ကာပူ၌မီးသဂြိုဟ်ခဲ့ကြပြီး အရိုးပြာများအား အိုးတစ်လုံးထဲ ထည့်ကာ မြန်မာပြည်သို့ ပြန်လည် ယူဆောင်ခဲ့ကြသည်။ ထိုနေ့က စင်ကာပူ ချန်ဂီလေဆိပ်မှအထွက် လေယာဉ်ပေါ်မှာ လူတစ်ယောက် လျော့နေပါသည်။

(၉)

၂၀၁၂ တန်ဆောင်မုန်း လပြည့်နေ့၊ ညနေ ဆည်းဆာရီတွင် ငှက်သမွန်လေးနှစ်စီးသည် ရှေးဟောင်းမင်းကွန်းပုထိုးတော်ကြီးဆီမှ ဧရာဝတီမြစ်အတွင်းသို့ လှော်ခတ်ခုတ်မောင်းသွားသည်။ လှော်တက်ဖြင့် ထိုးခွဲလိုက်သောအခါ မြစ်ရေပြင်ဘေးတစ်ဖက်တစ်ချက်မှာ လှိုင်းကြက်ခွပ်လေးတွေ ထသွားသည်။ ဆောင်းရဲ့ မြောက်ပြန်လေသည် ရေပြင်ထက်မှာ ဝဲဝဲလွင့်လွင့်လေး တိုက်ခတ်နေသည်။ မြစ်တစ်ဖက်ကမ်းမှာတော့ မြူတွေရစ်ဆိုင်းလျက် . . . နေလုံးသည်ဖျော့တော့စွာကျဆင်းနေလေပြီ။

ကိုတိုးမိသားစုနှင့် မိတ်ဆွေရင်းချာအချို့သည် ကိုတိုးအရိုးပြာအိုးအား ဧရာဝတီမြစ်ထဲ မျှောချရန် ရောက်လာကြခြင်းဖြစ်သည်။

*စာ(၃၀) သို့*

7DAY NEWS JOURNAL

# Current Affairs

Vol.11, No.43 • JANUARY 3 , 2013

# “ပြေလည်အောင် ဆွေးနွေးချင်တဲ့ ဆန္ဒပေါ်မှာဘဲ မူတည်ပါတယ်၊ ဆန္ဒရှိရင် နည်းလမ်းရှိရမှာပေါ့”

## ကချင်လွတ်လပ်ရေးတပ်မတော်(ကေအိုင်အေ) ဒုတိယစစ်ဦးစီးချုပ် ဗိုလ်ချုပ်ဂွန်မော်နှင့် တွေ့ဆုံခြင်း

**အေးမြကျော်**

ဒီဇင်ဘာလလယ်မှစကာ ကချင်ပြည်နယ်တွင် တိုက်ပွဲများအရှိန်မြင့်ဖြစ်ပွားနေသည်။ အထူးသဖြင့် ကေအိုင်အို(ကချင်လွတ်လပ်ရေးအဖွဲ့)၏ ဗဟိုဌာနချုပ်ရှိရာ လိုင်ဇာမြို့အနီးတွင် ခရစ္စမတ်ကာလ၌ တိုက်ပွဲများ ပြင်းထန်လျက်ရှိသည်။ ဖြစ်ပွားနေသော တိုက်ပွဲအခြေအနေများနှင့် ပတ်သက်ပြီးသိရှိရန် ကချင်လွတ်လပ်ရေးတပ်မတော် (ကေအိုင်အေ)ဒုတိယစစ်ဦးစီးချုပ် ဗိုလ်ချုပ်ဂွန်မော်ကို ခရစ္စမတ်အပြီး ဒီဇင်ဘာ ၂၆ ရက်တွင် လိုင်ဇာမြို့၌ သီးသန့်တွေ့ဆုံမေးမြန်းခဲ့သည်။


ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**လက်ရှိတိုက်ပွဲတွေရဲ့အခြေအနေ ပြောပြပေးလို့ရမလား။**

လက်ရှိကတော့ ဒီဇင်ဘာလထဲမှာ အစိုးရတပ်တွေ တိုးလာတယ်။ နောက်ပြီး တိုက်ပွဲတွေပိုများလာတယ်။ ၂၄ ရက်မှာတော့ PCG (ငြိမ်းချမ်းရေး အကျိုးဆောင်အဖွဲ့) ကတစ်ဆင့် မြောက်ပိုင်းတိုင်းကနေတစ်ဆင့်တပ်တွေဆုတ်ပေးဖို့ဆိုပြီး စာရောက်လာတယ်။ တိုက်ပွဲတွေကတော့ နေ့တိုင်းဖြစ်နေတုန်းပဲ။

**တိုက်ပွဲတွေက တစ်ရက်ကို ပျမ်းမျှ ဘယ်နှကြိမ်လောက်ဖြစ်နေလဲ။**

တစ်ရက်ကို တိုက်ပွဲက ခုနစ်နေရာလောက်မှာကို ဖြစ်နေတာ။ **၂၀၁၂ မြေကနေ အခုထိ တိုက်ပွဲတွေက ခပ်စိပ်စိပ်ဖြစ်လာတယ်။ နှစ်ဖက်အရမ်းတင်းမာနေတဲ့အခါကျတော့ ပြေလည်အောင်ဖြေရှင်းနိုင်မယ့် နည်းလမ်းရှိလား။ အဲဒီနည်းလမ်းက ဘာဖြစ်မယ်လို့ ထင်ပါလဲ။**

အဓိကကတော့ ပြေလည်အောင် ဆွေးနွေးချင်တဲ့ ဆန္ဒပေါ်မှာပဲ မူတည်မှာပါ။ ဆန္ဒရှိတယ်ဆိုရင် နည်းလမ်းကတော့ ရှိရမှာပေါ့။ ဆန္ဒမရှိဘူးဆိုရင် နည်းလမ်းကလည်း မရှိနိုင်ဘူး။

**ဗိုလ်ချုပ်ဂွန်မော်တို့ဘက်က ဆန္ဒကရော ဘယ်လိုရှိပါလဲ။**

ကျွန်တော်တို့ဘက်က ရှိပါတယ်။ ကျွန်တော်တို့ဘက်က ဆန္ဒကတော့ နိုင်ငံရေးအရ ဆွေးနွေးမယ်။ နိုင်ငံရေး ဆွေးနွေးရအောင်လို့ ပြောတဲ့အခါမှာ ကြိုတင်ကန့်သတ်ချက် မထားရှိသော နိုင်ငံရေးဆွေးနွေးပွဲကို ကျွန်တော်တို့လိုချင်တယ်။ ဥပမာ ၂၀၀၈ အခြေခံဥပဒေအရ ရွေးကောက်ပွဲဝင်ပါ၊ လွှတ်တော်ထဲလာပါဆိုတဲ့ ပုံစံမျိုး မဟုတ်ဘဲနဲ့ ဘာမှအကန့်အသတ်မထားဘဲနဲ့ အားလုံးတစ်စုတစ်စည်း ဆွေးနွေးတဲ့ နိုင်ငံရေးဆွေးနွေးပွဲပုံစံမျိုးကို ကျွန်တော်တို့တောင်းဆိုထားတာ။ ဒီ နိုဝင်ဘာ အစည်းအဝေးမှာ အဲဒီလိုတောင်းဆိုထားတာ။

**အစိုးရဘက်က ကမ်းလှမ်းထားတဲ့ ဇန်နဝါရီလထဲမှာ တွေ့ဆုံဆွေးနွေးဖို့က ဘယ်လိုအခြေအနေရှိလဲ။**

အဲဒီကိစ္စက ကျွန်တော်တို့ စဉ်းစားရမယ်။ ဒီတိုက်ပွဲအခြေအနေတွေ ကြည့်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ တိုက်ပွဲတွေ ပြင်းထန်နေတဲ့ အခါမှာ ဆွေးနွေးပွဲ ဟာ နှစ်ဖက်တွေ့ပြီးတော့ တင်းမာမှုရှိတဲ့ ဆွေးနွေးပွဲကိုလုပ်မယ့်အစား ယာယီ ရွှေ့ဆိုင်းထားဖို့လိုအပ်ရင်လည်း ကျွန်တော်တို့ရွှေ့ဆိုင်းထားမှာဖြစ်ပါတယ်။

**အခုအနေအထားက ရွှေ့ဆိုင်းဖို့ လိုအပ်တယ်လို့ထင်လား။**

ကျွန်တော်တို့ အခုသုံးသပ်ချက် မလုပ်သေးဘူး။ တိုက်ပွဲကိစ္စတွေ စောင့်ကြည့်နေတုန်းပဲ။

**ဌာနချုပ်အနီးမှာ တိုက်ပွဲတွေ တအားပြင်းထန်လာတဲ့ အပေါ်မှာရော ဘာပြောချင်ပါလဲ။**

ကျွန်တော်တို့ဘက်ကတော့ ဌာနချုပ်ကို အတတ်နိုင်ဆုံး ခုခံကာကွယ်သွားမှာပါ။ ဒါပေမဲ့ ကျွန်တော်တို့အမြဲတမ်းပြောနေတာက ဌာနချုပ်က အဓိကမဟုတ်ပါဘူး။ လူတွေရဲ့စိတ်ဓာတ်က အဓိကဖြစ်ပါတယ်။

**၁၉၉၃ တုန်းကဆိုရင် KIO ဘက်က တစ်ဖက်သတ် အပစ်အခတ်ရပ်ခဲ့တယ်။ အခုအနေအထားရော အလားတူဖြစ်လာနိုင်တဲ့ အနေအထားရှိလား။**

လောလောဆယ်တော့မဖြစ်နိုင်သေးဘူး။ ၉၃ မှာတော့ ကျွန်တော်တို့ဘက်က အရင်စပြီး အပစ်အခတ်ရပ်ဆိုင်းရေး လုပ်ခဲ့တယ်။ ၉၄ မှာ စာချုပ်ချုပ်ခဲ့တယ်။ ဒီတစ်ကြိမ်မှာတော့ ကျွန်တော်တို့ဘက်က အပစ်အခတ် ရပ်ထားမယ်ဆိုတဲ့ အနေအထား လောလောဆယ်တော့ မဖြစ်နိုင်သေးဘူး။ တိုက်ပွဲတွေက နေရာအနှံ့ဖြစ်ပြီးတော့ တပ်တွေကရောထွေးနေတယ်။ အဲဒီတော့ ဒီကိစ္စက တော်တော်ခက်ပါတယ်။

**၂၀၁၁ ဇွန်လကတည်းက ဖြစ်ခဲ့တဲ့ တိုက်ပွဲတွေကြောင့် အခုအထိ KIA ဘက်က ဘယ်လောက်ကျဆုံးခဲ့ပြီလဲဆိုတဲ့ စာရင်းကိုရော ပြောလို့ရမလား။**

ကျွန်တော်တို့ဘက်က အကြမ်းဖျင်း ပြောလို့ရပါတယ်။ အအတိအကျ မဟုတ်ပေမယ့် ဒဏ်ရာရတာရော၊ ကျဆုံးတာရောဆို အားလုံးနှစ်ရာကျော်၊ သုံးရာနီးပါးရှိသွားပါပြီ။ တိုက်ပွဲအကြိမ်ရေကတော့ ၂၃၀၀ လောက်ရှိသွားပြီ။

**ဘယ်ကာလအပိုင်းအခြားမှာက တိုက်ပွဲတွေ အကြိမ်ရေ များလာတာလဲ။ ဒါဆို စာရင်းဇယားတွေအရ ခုနစ်လအတွင်းမှာ တိုက်ပွဲပေါင်း တစ်ထောင်နီးပါးဖြစ်ခဲ့တာပေါ့။ (၂၀၁၂ ခုနှစ် မေလအတွင်းက မေးမြန်းချက်အရတိုက်ပွဲပေါင်း ၁၄၀၀ဖြစ်ခဲ့သည်)**

အောက်တိုဘာ ဒီဘက်ပိုင်းမှာအကြိမ်အရေအတွက်က တော်တော်များလာတယ်။ အခု ၂၃၀၀ ကျော်ရှိပြီ။ ဒါမှတ်တမ်းဝင်တဲ့ဟာတွေပေါ့။ တချို့က ရှေ့တန်းကဟာတွေ သတင်းနောက်ကျတာတွေရှိနိုင်သေးတယ်။

**မြင်ရတာက တစ်ဖက်နဲ့တစ်ဖက် ယုံကြည်မှုက မရှိတော့သလောက်ဖြစ်နေတော့ ပြန်ပြီးယုံကြည်မှုတည်ဆောက်မယ်ဆိုရင် ဘယ်လိုအနေအထားမှာမှ တည်ဆောက်လို့ရနိုင်သလဲ။ ဘယ်လောက်ကြာနိုင်သလဲ။**

အနေအထားလို့ ပြောတာထက် အခြေခံမှုကို ညှိနှိုင်းရမယ်လို့ ဒီလိုဘဲထင်တယ်။ ဥပမာ- လက်နက်ကိုင်ထားတဲ့ တိုင်းရင်းသားတွေရဲ့ အရေးဟာ နိုင်ငံရေးကြောင့် ဖြစ်လာတဲ့ ပြဿနာဖြစ်တယ်လို့ ကျွန်တော်တို့တောက်လျှောက်ပြောနေတယ်။ ဒါပေမဲ့ အစိုးရက ဒီနေ့အထိ ပြောနေတာက ဒါကသောင်းကျန်းတဲ့ အလုပ်တဲ့၊ လက်နက်ကိုင်ပြီး သောင်းကျန်းနေတယ်လို့ ပြောနေတယ်။ အဲဒီတော့ ဒီအဓိကကျတဲ့ အခြေခံယူဆချက်ကိုတောင်မှ အမြင်ကမတူနိုင်သေးဘူး ဖြစ်နေတာ။ ဒါကြောင့် ကျွန်တော်တို့က ဝန်ကြီးဦးသန်းအောင်နဲ့ တွေ့တဲ့အခါ မေးတာက ကျွန်တော်တို့ကေအိုင်အိုအပါအဝင် တိုင်းရင်းသားလက်နက်ကိုင်တွေကို အစိုးရအသစ်က ဘယ်လိုသဘောထားသလဲလို့ ကျွန်တော်စပြီးမေးတယ်။ သောင်းကျန်းနေတဲ့ သူတွေလို့ ယူဆသလား။ တကယ်ဘဲ ကိုယ့်ရဲ့ပြည်နယ်အတွက် အခွင့်အရေးတောင်းနေတဲ့ အဖွဲ့အစည်းလို့ ယူဆသလား။ ဒီကနေ့အထိ အဖြေက မရသေးဘူး။ တကယ်လို့သာ ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင်အင်အားစုတွေကို ဒါလက်နက်ကိုင်ပြီး သောင်းကျန်းနေတဲ့ သူတွေလို့ ယူဆနေတုန်းပဲ ဆိုလို့ရှိရင်တော့ ဒီအယူအဆအပေါ်မှာဘဲ ကျွန်တော်တို့ အရင်ညှိနှိုင်းရမှာဖြစ်ပါတယ်။

**ဒီကာလက ခရစ္စမတ်ကာလလည်းဖြစ်တယ်။ ဗိုလ်ချုပ်ဂွန်မော်ကိုယ်တိုင်ကလည်း ခရစ်ယာန်ဘာသာဝင်တစ်ယောက်ဖြစ်နေတော့ မနေ့က(ခရစ္စမတ်နေ့) မှာ လက်နက်ကြီးပစ်သံတွေ ခဏခဏကြားရတယ်။ တကယ်လို့ ဗိုလ်ချုပ်တစ်ယောက်အနေနဲ့ မဟုတ်ဘဲ ရိုးရိုးခရစ်ယာန်ဘာသာဝင်တစ်ယောက်အနေနဲ့ဆို ဒီအပေါ်မှာ ဘယ်လိုခံစားမှုမျိုး ဝင်မိမလဲ။**

သာမန် ခရစ်ယာန်ဘာသာဝင်တစ်ယောက်အနေနဲ့ ပြောရမယ်ဆိုရင် စိတ်ထဲမှာတော့ ခံပြင်းတဲ့စိတ်တွေ ဖြစ်လာနိုင်ပါတယ်။ သာမန်လူထုတစ်ယောက်ပေါ့။ ဘယ်သူမဆို ဒါတော့ ခံစားရမှာဘဲ။

**လိုင်ဇာမြို့အနှံ့မှာ ဆိုင်းဘုတ်တွေ ချိတ်ထားတာ တွေ့ခဲ့တယ်။ ကဘူဂရာအီခရစ္စမတ်၊ ပျော်ရွှင်စရာခရစ္စမတ် ဆိုပြီးတော့။ ဒီနှစ် ခရစ္စမတ်က တကယ်ရော ပျော်ရွှင်စရာ ခရစ္စမတ် ဖြစ်ခဲ့ရဲ့လား။**

ပျော်ရွှင်တယ်ဆိုတာက တော့ကိုယ့်ရဲ့စိတ်နှလုံးအပေါ်မှာ မူတည်ပါတယ်။ ခံယူချက်ပါ။ တိုက်ပွဲတွေဖြစ်နေပေမယ့်လည်း ဘာသာရေးအရ စိတ်နှလုံးအေးချမ်းခြင်းက သူ့ဟာနဲ့သူ သီးသန့်ရှိနိုင်ပါတယ်။ ကိုးကွယ်တဲ့ဘာသာဝင်တွေရဲ့ ခံယူချက်ဖြစ်ပါတယ်။

**အရင်နှစ် ဒီဇင်ဘာ ၁၀ ရက်က သမ္မတကနေ ထိုးစစ်တွေရပ်ဖို့ စာထုတ်တာ ဒီနေ့ဆိုရင် တစ်နှစ်ပြည့်ပြီးလို့ ၁၆ ရက်တောင် စွန်းခဲ့ပြီ။ အဲဒီကာလမှာပဲ ထိုးစစ်တွေ ဆင်လာတယ်။ ရဟတ်ယာဉ်တွေပါ သုံးလာတဲ့အပေါ်မှာ ဘာများမှတ်ချက်ပြုချင်ပါလဲ။**

ကျွန်တော်ကတော့ ဘာမှအထူးအထွေ မှတ်ချက်ပြုစရာမရှိဘူး။ ထိုးစစ်၊ ခံစစ်လို့ပြောတဲ့ အဓိပ္ပာယ်က ရှုပ်ထွေးပါတယ်။ တိုက်ပွဲဖြစ်တာတော့ တိုက်ပွဲဖြစ်တာပဲ။ တစ်ခါတလေမှာ ထိုးစစ်က ခံစစ်လည်းဖြစ်နိုင်တာပေါ့။ တစ်ခါတလေ ခံစစ်က ထိုးစစ်ဖြစ်နိုင်တယ်။ အဲဒီတော့ ဒီထိုးစစ်နဲ့ ခံစစ်လို့ပြောနေရင် ဒီဝေါဟာရက လူထုကြားထဲမှာလည်း သိပ်ရှုပ်ထွေးမယ်။ ဘာပဲဖြစ်ဖြစ် တိုက်ပွဲဖြစ်နေတယ်ဆိုတာတော့ အဓိကကျပါတယ်။

**ရွှေလီဆွေးနွေးပွဲမှာ ဗိုလ်ချုပ်ဂွန်မော် မလာခဲ့ဘူးဆိုပြီး ဝေဖန်မှုတွေ တော်တော်လေးထွက်ခဲ့ပါတယ်။ အဲဒါကိုရော ဘယ်လိုဖြေရှင်းချက်ပေးချင်ပါလဲ။**

ရွှေလီမှာ ကျွန်တော်တို့ဆီက အဖွဲ့နဲ့ ဦးအောင်မင်း မဟုတ်ဘဲ အရင် ဦးအောင်သောင်းတို့နဲ့ပါ ဆွေးနွေးရေး ခြောက်ကြိမ်လုပ်ခဲ့ပြီးပြီ။ ခြောက်ကြိမ်စလုံး ကျွန်တော်မပါဘူး။ ပြောချင်တာက ကေအိုင်အိုက ဆွေးနွေးရေးအဖွဲ့မှာ ကျွန်တော်မပါဘူး။ အဲဒီတော့ ဒီတစ်ခေါက်မှာ ဆွေးနွေးရေးအဖွဲ့သွားတဲ့အခါ ကျွန်တော်က ဆွေးနွေးရေး အဖွဲ့ဝင် မဟုတ်တဲ့အတွက်မပါတာ။ တကယ်တော့ကျွန်တော်ကို လာဖို့ဆိုပြီး ကြိုတင်ညှိထားတာလည်း မရှိဘူး။ သူတို့ဆီက ဘယ်သူတွေလာမယ် ဆိုတာလည်း ကြိုတင်အကြောင်းကြားထားတာ မရှိဘူး။ အဲဒီတော့ ပို့တဲ့စာထဲမှာလည်း ဆွေးနွေးရေး အဖွဲ့တွေ ငြိမ်းချမ်းရေး အကောင်အထည်ဖော်ရေးလာမယ်။ ကျွန်တော်တို့ဘက်ကနေ ကိုယ်စားလှယ်တွေ သွားတယ်။ အဲဒါပါဘဲ။ ဒီတစ်ကြိမ်မှကျွန်တော်မသွားတာ မဟုတ်ပါဘူး။ အရင်ခြောက်ကြိမ်ကလည်း ကျွန်တော်မပါဘူး။ ကျွန်တော် ပြောချင်တာက ကျွန်တော်တို့ရဲ့ ဆွေးနွေးရေးအဖွဲ့ကို အခွင့်အာဏာတွေ ပေးအပ်ထားပြီးသား။

**အခုဆိုရင် အချိန်တွေက တစ်ဖြည်းဖြည်း ကြာလာပြီ။ လူမှုကွန်ရက်တွေမှာ အပြန်အလှန်ပြောဆိုနေကြတာတွေနဲ့ လူထုကြားမှာ လူမျိုးရေးမုန်းတီးမှုပြဿနာမျိုး အသွင်ဆန်လာမှာကို ပူပန်နေကြသူတွေရှိတယ်။ အဲဒါနဲ့ပတ်သက်ပြီး ကေအိုင်အိုရဲ့သဘောထားက ဘယ်လိုရှိပါသလဲ။**

ကေအိုင်အိုကလည်း ဒီဟာကို စိုးရိမ်ပါတယ်။ ဒါကြောင့်မို့ ဒီတိုက်ပွဲတွေ စပြီးဖြစ်တဲ့အချိန် ဇွန်လ ၁၁၊ ၁၂ ရက်ဝန်းကျင်မှာပဲ ကျွန်တော်တို့က ဝန်ကြီးဦးအောင်သောင်းနဲ့ ဦးသိန်းဇော်တို့ကို ဒီကိစ္စ အကြောင်းကြားထားပြီးသား ဖြစ်ပါတယ်။ အချိန်ကြာလာတာနဲ့အမျှ မလိုလားအပ်တဲ့ပြဿနာတွေ ဖြစ်လာနိုင်တယ်။ ဒါကြောင့်မို့ တိုက်ပွဲတွေကို အမြန်လျှော့ချဖို့ လိုတယ်လို့ တိုက်ပွဲတွေဖြစ်တာနဲ့ အကြောင်းကြားပြီးသားဖြစ်ပါတယ်။ ဒီကနေ့အထိ ဒီစိုးရိမ်စိတ်က ကျွန်တော်တို့မှာရှိပါတယ်။ မလိုလားပါဘူး။

**ကာမိုင်းကိစ္စ၊ ဖားကန့်ကကိစ္စတွေမှာဆိုရင် လူတွေပြောလာကြတာက KIA က အကြမ်းဖက်လာတယ်ဆိုပြီးတော့။ အဲဒါကိုရော ဒီဘက်က ဘယ်လိုတုံ့ပြန်ပြီးပြောချင်ပါသလဲ။**

ကာမိုင်းကိစ္စကတော့ ရဲစခန်းမှာ ဝင်ပစ်တာကို လူထုအနေနဲ့ကတော့ အရပ်ဘက်ဆိုင်ရာလို့ ထင်မြင်ယူဆကောင်း ယူဆနိုင်ပါတယ်။ ဒါပေမဲ့ ရှေ့တန်းမှာကတော့ စစ်တပ်ရယ်၊ ရဲရယ်၊ အခြားပြည်သူ့စစ်လို အဖွဲ့အစည်းတွေလည်း အကုန်လုံးက တိုက်ပွဲထဲမှာ ပါဝင်နေတာပါ။ တိုက်ပွဲဖြစ်နေတဲ့အချိန်မှာကတော့ ဒီလိုဟာမျိုးက ခွဲခြားရခက်ပါတယ်။ လူထုကို ထိခိုက်တာမျိုး မဖြစ်အောင်တော့ ကေအိုင်အိုက အမြဲသတိထားပါတယ်။

**တစ်နှစ်နဲ့ခြောက်လ ကြာခဲ့ပေမယ့် စစ်ဘေးဒုက္ခသည်တွေအနေနဲ့ နေရပ်မပြန်နိုင်သေးတဲ့အပြင် ဒုက္ခသည်ဦးရေထပ်တိုးလာပါသေးတယ်။ အခုထိကေအိုင်အိုထိန်းချုပ်နယ်မြေမှာ ဒုက္ခသည်ဦးရေဘယ်လောက်ရှိသွားပြီလဲ။**

ခုနစ်သောင်းကျော်ကျော်လောက် ရှိပါတယ်။

**သူတို့ကို ကေအိုင်အိုက တာဝန်ယူနေရတော့ အဲဒီတာဝန်က ဘယ်လောက်ကြီးပါသလဲ။**

တာဝန်ကတော့ကြီးပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့လည်း အတတ်နိုင်ဆုံး ဖြေရှင်းနေရပါတယ်။ အခြားလူမှုအဖွဲ့အစည်းတွေလည်း ဝိုင်းကူညီတာရှိတယ်။ ကေအိုင်အိုအနေနဲ့လည်း အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်အောင်ကြိုးစားနေပါတယ်။

**စစ်ဘေးဒုက္ခသည်တွေကို ကူညီထောက်ပံ့နေရတဲ့ အသုံးစရိတ်က ဘယ်လောက်ရှိခဲ့ပါပြီလဲ။**

နှစ်စဉ်ဘဏ္ဍာရေးမှာ ပညာရေး၊ ကျန်းမာရေး စသဖြင့် ကဏ္ဍအလိုက် ဘတ်ဂျက်တွေရှိပါတယ်။ ဒါကတော့ စာရင်းဇယားကြည့်မှ သိရမယ်။

စာ(၃၀) သို့

မျက်နှာဖုံးမှ

# ခရစ္စမတ်တေးသံတွေထက် ပုံးသံတွေကြောင့် စိုးထိတ်နေသော ကချင်မြေ

ခရစ်ယာန်ဘာသာဝင်များ အထွတ်အမြတ်ထားရာ ခရစ်တော်၏မွေးနေ့ကို ကြိုဆိုဂုဏ်ပြုသည့် ခရစ္စမတ်နေ့ ကူးပြောင်းချိန် သန်းခေါင်ယံတွင် မြန်မာနိုင်ငံအနှံ့၌ ခရစ္စမတ်တေးသံများ၊ ဆုတောင်းသံများ ညံနေသော်လည်း လိုင်ဇာမြို့တွင်တော့ သေနတ်သံများဖြင့်သာ စတင်ခဲ့သည်။

ကချင်ဘာသာဖြင့် ကဘူဂရာအီ ခရစ္စမတ်ဟု ပျော်ရွှင်စရာ ခရစ္စမတ်ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းထားသည့် အနီရောင်စာတန်းများ နေရာအနှံ့ချိတ်ဆွဲထားသော လိုင်ဇာမြို့တွင် ခရစ္စမတ်နေ့၌ ၁၀၅ မမ၊ ၁၂၀ မမ အမြောက်ဆန်များ ကျသည့်အသံကို အကြိမ်ရေ ၅၀ ထက်မနည်း ကြားခဲ့ကြရသည်။

၁၇ နှစ်ကြာ အပစ်အခတ်ရပ်စဲထားခဲ့ရာမှ ၂၀၁၁ ခုနှစ် ဇွန် ၉ ရက်တွင် ပြန်လည်စတင်လာသော ကချင်ပြည်နယ်တွင်း စစ်ပွဲများမှာ ယခုဆိုလျှင် တစ်နှစ်နှင့်ခြောက်လ ကြာမြင့်ခဲ့ပြီဖြစ်သည်။ ဒီဇင်ဘာလဆန်းမှစကာ အစိုးရတပ်နှင့် ကချင်လွတ်လပ်ရေးတပ်မတော်တို့အကြား တိုက်ပွဲများ ပိုမိုပြင်းထန်လာခဲ့ရာ တစ်နေ့လျှင် တိုက်ပွဲအကြိမ်ရေပျမ်းမျှ ခုနစ်ကြိမ်ခန့်ဖြစ်ပွားနေပြီး လက်နက်ကြီးများ အမြောက်ဆန်များဖြင့် ခပ်စိပ်စိပ် ပစ်ခတ်နေသံများက ကချင်ပြည်နယ်လူထုကို အကြောက်ပိုစေခဲ့သည်။

တစ်နှစ်တာ မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲများကို နှစ်ကုန်ခါနီး စာရင်းချုပ်လျှင် ကချင်စစ်ပွဲများအရေးနှင့် ပတ်သက်ပါက အနုတ်လက္ခဏာ ပြလျက်ရှိသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ထိုးစစ်များရပ်တန့်ထားရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ စာပို့သည်ခဲ့သည်မှာ ယခုနှစ် ခရစ္စမတ်နေ့ဆိုလျှင် တစ်နှစ်ပြည့်မြောက်ကာ ၁၅ ရက်ပင် လွန်မြောက်ခဲ့လေပြီ။ တိုက်ပွဲများ စတင်ချိန်မှ ခရစ္စမတ်နေ့အထိ အစိုးရတပ်မတော်နှင့် ကချင်လွတ်လပ်ရေးတပ်မတော်တို့အကြား တိုက်ပွဲပေါင်း ၂,၃၀၀ ကျော် ဆင်နွှဲခဲ့ပြီးဖြစ်ကြောင်း ကေအိုင်အေဘက်မှပြောကြားသည်။

စစ်ရေးအရှိန်မြင့်ကာ ပြင်းထန်လာသော တိုက်ပွဲများကြောင့် ကေအိုင်အေဘက်မှ ဒဏ်ရာရ၊ သေဆုံးရဲဘော်စာရင်းမှာ ၃၀၀ နီးပါးအထိ မြင့်တက်လာနေကြောင်း ကေအိုင်အေ ဒုတိယစစ်ဦးစီးချုပ် ဗိုလ်ချုပ်ဂွန်မော်ကဆိုသည်။ အစိုးရတပ်မတော်ဘက်မှ ထိခိုက်ဒဏ်ရာရ၊ ကျဆုံးစာရင်းကို ထုတ်ဖော်ပြောဆိုခြင်း မရှိသော်လည်း ထို့ထက်များသော ကိန်းဂဏန်းရှိခဲ့ပြီဟု စစ်ရေးလေ့လာစောင့်ကြည့်သူများက ခန့်မှန်းကြသည်။ တိုက်ပွဲများကြား သေဆုံးမှုများတွင် နှစ်ဖက်တပ်သားများအပြင် မြေစာပင် အရပ်သားဒေသခံများလည်း ပါဝင်သည်။

ကမ္ဘာပေါ်တွင် သက်တမ်းအရှည်ကြာဆုံး ပြည်တွင်းစစ်နှင့် အထိခိုက်အကျဆုံးများသော စစ်ပွဲများရှိသော နိုင်ငံအဖြစ် မြန်မာနိုင်ငံမှာ မှတ်တမ်းဝင်၍လာလေပြီ။

နိုင်ငံတော်သမ္မတဦးသိန်းစိန်ကအောက်တိုဘာ ၂၁ရက်တွင် နေပြည်တော်၌ ကျင်းပသည့် ပြည်တွင်းသတင်းထောက်များနှင့် ပထမဆုံး သတင်းစာရှင်းလင်းပွဲတွင် "ကေအိုင်အေစစ်သားတစ်ယောက် ဆုံးရှုံးသွားတာဟာတိုင်းပြည်ရဲ့ဆုံးရှုံးမှုဖြစ်သလို ဗမာစစ်သားတစ်ယောက် ဆုံးရှုံးတာဟာလည်း တိုင်းပြည်ရဲ့ဆုံးရှုံးမှုဖြစ်ပါတယ်"ဟုပြောကြားခဲ့သည်။

၁၉၆၁ ခုနှစ်က စတင်ကာ တည်ထောင်ခဲ့သော ကချင်လွတ်လပ်ရေးတပ်မတော်(ကေအိုင်အေ)နှင့် အစိုးရတို့ ၁၉၉၄ ခုနှစ်က အပစ်အခတ်ရပ်စဲရေးသဘောတူညီမှု လက်မှတ်ရေးထိုးနိုင်ခဲ့သော်လည်း ၁၇ နှစ်ကြာပြီးနောက် တရုတ်နိုင်ငံနယ်စပ်တွင်ရှိသော တာပိန်ရေအားလျှပ်စစ် ထုတ်လုပ်ရေးအနီးရှိကေအိုင်အေတပ်များကို အစိုးရစစ်တပ်မှ စတင်ဝင်ရောက် တိုက်ခိုက်ရာမှ တိုက်ပွဲများ ပြန်လည်စတင်ခဲ့သည်။

တိုက်ပွဲများ ပြန်လည်စတင်ပြီး မကြာမီကတည်းက စ၍ အောက်တိုဘာလကုန်အထိ ငြိမ်းချမ်းရေးနှင့် အပစ်အခတ်ရပ်ရေးသဘောတူညီမှုရရန် နှစ်ဖက်အကြိမ်ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ကြသော်လည်း ယနေ့အထိ မအောင်မြင်သေးဘဲ တိုက်ပွဲအကြိမ်ရေများသာ ပိုမိုတိုးပွားလာနေသည်။

ဆွေးနွေးရာတွင် မအောင်မြင်နိုင်သေးသည့်အဓိကအကြောင်းအရင်းမှာ အစိုးရဘက်မှ ဦးစွာအပစ်အခတ်ရပ်စဲလိုပြီး ကေအိုင်အိုဘက်မှ ကြိုတင်ကန့်သတ်မထားသော နိုင်ငံရေးဆွေးနွေးပွဲကို ဦးစွာဆွေးနွေးလိုကာတစ်ဖက်နှင့်တစ်ဖက် ယုံကြည်မှု လျော့နည်းနေခြင်းဖြစ်သည်။ ထိုအချိန် ရှေ့တန်းရှိ နှစ်ဖက်တပ်များ ရှုပ်ထွေးပြီး တိုက်ပွဲများ မကြာခဏဖြစ်ပွားရာမှ အခြေအနေပိုမိုတင်းမာလာခြင်းဖြစ်သည်။

ဧပြီလကတည်းက ပြန်လည်အရှိန်မြင့်လာကာ ဆက်တိုက်ဖြစ်ပွားခဲ့သော တိုက်ပွဲများမှာ စဲမသွားဘဲ တိုး၍သာလာသည်။ ဧပြီမှ ယနေ့အထိ တိုက်ပွဲပေါင်း ၁,၀၀၀ ကျော် ဖြစ်ပွားခဲ့ပြီး ဒီဇင်ဘာလတွင်တော့ အဆိုးဆုံးအခြေအနေသို့ ရောက်ရှိလာခဲ့သည်။

ထို့ကြောင့် ကချင်ပြည်နယ်သူ၊ သားများအတွက် ယခုနှစ် ဒီဇင်ဘာသည် မချိုသော ဒီဇင်ဘာအဖြစ် ကျန်ခဲ့လေပြီ။

စာ( ၂၉)သို့



အစိုးရတပ်မတော်ဘက်မှ မီ–၂၄ပီအမျိုးအစား တိုက်ခိုက်ရေးရဟတ်ယာဉ်ဖြင့် လဂျားယန် ဘွမ်းရဲလ်စခန်းအနီးတွင် ပစ်ခတ်နေသည်ကို ဒီဇင်ဘာ ၂၈ရက်ကတွေ့ရစဉ်။ အစိုးရမှ တာဝန်ရှိသူတစ်ဦးကမူ ရဟတ်ယာဉ်ကို သယ်ယူပို့ဆောင်ရေးအတွက်သာ အသုံးပြုသည်ဟု ပြောခဲ့သည်။



စာ(၂၈)မှ

ထိုတိုက်ပွဲများကြောင့်ပင် ကချင်ပြည်နယ်အနှံ့တွင်စစ်ဘေးဒုက္ခသည်ပေါင်း တစ်သိန်းကျော်မှာ နေရပ်မှစွန့်ခွာကာ ထွက်ပြေးတိမ်းရှောင်နေကြရသည်။

ထိုတစ်သိန်းကျော်သော စစ်ဘေးဒုက္ခသည်များတွင် ပြီးခဲ့သောနှစ် အောက်တိုဘာလကမှ စစ်ပွဲကြောင့် ဒုက္ခိတဘဝသို့ ရောက်ခဲ့ရသော လဖိုင်ဇော်ဆန်း တစ်ယောက်လည်း အပါအဝင်ဖြစ်သည်။

ကေအိုင်အေရဲဘော် တစ်ယောက်ဖြစ်ခဲ့သော လဖိုင်ဇော်ဆန်းသည် အသက် ၃၄နှစ်အရွယ် ကလေးနှစ်ယောက်ဖခင်ဖြစ်ပြီး တိုက်ပွဲများပြင်းထန်ခဲ့သော နန့်ဆန်ယန်ဒေသအနီးတွင် မြေမြှုပ်မိုင်းနင်းမိရာမှ ဒူးဆစ်နေရာမှစကာ သူ၏ညာဘက်ခြေထောက်အောက်ပိုင်းတစ်ခုလုံး ဖြတ်တောက်ပစ်ခဲ့ရသည်။

ခြေထောက်တုတပ်ထားသော လဖိုင်ဇော်ဆန်းသည် နာမကျန်းဖြစ်နေသော ဇနီးသည်ကို အဖော်ပြုကာ ဂျယန်းဒုက္ခသည်စခန်းတွင်းမှ ဝါးတဲထဲတွင် သူတို့၏ ခရစ္စမတ်ချိန်ခါကို ကုန်ဆုံးနေရသည်။ ထိုနေ့မှာပင် ရဲဘော်ဘဝက ခင်မင်လာပြီး သူကဲ့သို့ပင်မိုင်းထိထားသူတစ်ဦးလည်း တဲအတွင်းသို့ အလည်အပတ်ရောက်နေသည်။ စစ်မှုထမ်းခဲ့သူများဖြစ်ပြီး စစ်ရိပ်စစ်ကဲ ခတ်တတ်သူများဖြစ်သည့်အတွက် ရှိသည့်ဆန်နို့ဆီဘူးအနည်းငယ်နှင့် အဝတ်အစားအချို့ ထုပ်ပိုးကာ အသင့်ပြင်ထားရန် လဖိုင်ဇော်ဆန်းတို့မိသားစုကို ထိုသူ့သည်က လာဆော်ဩခြင်းဖြစ်သည်။

လဖိုင်ဇော်ဆန်းတို့ စစ်ဘေးခိုလှုံနေရာ ဂျယန်းစစ်ဘေးဒုက္ခသည်စခန်းမှာ လိုင်ဇာတစ်ဝိုက်တွင် အကြီးဆုံးနှင့် လူဦးရေအများဆုံးစခန်းဖြစ်ပြီး လူဦးရေ ခုနစ်ထောင်ကျော် နေထိုင်သည်။ လွန်ခဲ့သော တစ်ပတ်ကျော်က စခန်းမှ နာရီဝက်ခန့်သွားလျှင်ရောက်သော လဂျားယန်တွင် တိုက်ပွဲသံများ ကြားပြီးကတည်းက တိုက်ပွဲများ ဒီဘက်သို့ ရောက်လာမည်ကို စိုးရိမ်ပူပန်ခဲ့ကြောင်း လာရောက်သတိပေးသည့် ‌ညွှ့သည်ကပြောသည်။

သူတို့၏နှစ်တဲကျော်တွင်တော့ အဒေါ်ဖြစ်သူနှင့် တူမရှစ်တန်းကျောင်းသူတို့မှာလည်း မလှမ်းမကမ်းတွင် ကျင်းပနေသော စုပေါင်းခရစ္စမတ်ဆုတောင်းပွဲသို့ပင် မသွားနိုင်အား။ အထားမှားကာ ပျောက်နေသော မှတ်ပုံတင်ကို ရှိသမျှပစ္စည်းများအကြား မွှေနှောက်ရှာဖွေနေကြသည်။ မည်သည့်အတွက် ရှာဖွေနေကြသည်ကို မပြောကြသော်လည်း သူတို့၏စိုးရိမ်ပူပန်မှုက မျက်နှာပေါ်တွင် အထင်းသား။

တောင်ကုန်းငယ်တစ်ခုတွင် အတန်းလိုက်ဆောက်ထားသော သူတို့တဲများဆီသို့ တောင်ခြေယာယီဘုရားကျောင်းမှ ခရစ္စမတ်ဆုတောင်းတေးသံများ တစ်ချက်တစ်ချက် ပျံ့လွင့်လာသည်။

သူတို့နေထိုင်ရာ စခန်းတွင် လူဦးရေ၏ထက်ဝက်ကျော်မှာ ကလေးငယ်များဖြစ်သည်ဟု စခန်းတာဝန်ခံ ဦးနော်ဂျာက ပြောသည်။ ဂျယန်းစစ်ဘေးဒုက္ခသည်စခန်းမှာ လိုင်ဇာနှင့် ၇ မိုင်ကျော်သာ ကွာဝေးပြီး တရုတ်နိုင်ငံနှင့် ဂျယန်းတောင်ကျ ချောင်းတစ်ခုသာခြားသည်။

ဒီဇင်ဘာ ၂၄ ရက်ကတည်းက တင်းမာလာသောအခြေအနေများကြောင့် တရုတ်နိုင်ငံဘက်တွင်လက်နက်ကိုင်နယ်ခြားစောင့်လုံခြုံရေးရဲများ နေရာချထားပြီဖြစ်ကြောင်းလည်း နယ်စပ်ကိုဖြတ်ကာ လိုင်ဇာသို့ရောက်ရှိလာသူတစ်ဦးကပြောသည်။

ဒီဇင်ဘာ ၄ ရက်မှစတင်ကာ စစ်လေယာဉ်များကိုယခင်က ရိုက္ခာပို့၊ လူနာသယ်ရန်သာ အသုံးပြုခဲ့သော အစိုးရတပ်များက မီတွမ်တီဖိုးပီ အမျိုးအစား စစ်လေယာဉ်များဖြင့် ကေအိုင်အေတပ်စုစခန်းတစ်ခုကို ပစ်ခတ်ခဲ့ပြီးနောက် စစ်လေယာဉ်များကို တိုက်ပွဲများတွင် ဆက်တိုက်သုံးလာခြင်းက စစ်ဘေးဒုက္ခသည်များနှင့် ဒေသခံများကို ကြောက်ရွံ့တုန်လှုပ်စေခဲ့သည်။

“ဘယ်အချိန် လေယာဉ်နဲ့ စခန်းကို လာပစ်မလဲဆိုတာပဲ စိုးရိမ်နေရတယ်”ဟု လိုင်ဇာမြို့ရှိ စစ်ဘေးဒုက္ခသည် သုံးထောင်ကျော်နေထိုင်လျက်ရှိသော ဝမ်ဂျိုင်ဒုက္ခသည်စခန်းမှ အသက် ၅၀အရွယ် ကချင်အမျိုးသမီးဒေါ်လုထယ်က ခရစ္စမတ်မတိုင်မီတစ်ရက်က ပြောကြားသည်။

စစ်ရေးတင်းမာမှုများမှာ ဒီဇင်ဘာလလယ်မှ အစပျိုးခဲ့ပြီး ဒီဇင်ဘာ ၂၃ရက်နေ့ နေ့စွဲဖြင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး လက်မှတ်ရေးထိုး ပေးပို့သော အုပ်ချုပ်ရေးကိစ္စများဆောင်ရွက်ရန် ဒီဇင်ဘာ ၂၅ ရက်နောက်ဆုံးထားကာ လဂျားယန်ရှိတပ်များ နောက်ဆုတ်ပေးရေးအကြောင်းကြားစာကြောင့် နှစ်ဖက်တင်းမာမှုများကို အထွတ်အထိပ်သို့ရောက်အောင် တွန်းပို့ပေးလိုက်သကဲ့သို့ဖြစ်ခဲ့သည်။

ကေအိုင်အေဘက်မှ ထိုစာကို ရာဇသံပေးသည်ဟု ထင်မြင်ယူဆကာ ယင်းတို့၏တပ်များကို ဒီဇင်ဘာ ၂၄ ရက်မှစကာ တပ်လှန့်ထားလိုက်ပြီး လိုင်ဇာမြို့တွင်လည်း လုံခြုံရေးအခြေအနေကြောင့် ည ၉ နာရီကျော်လျှင် ညမထွက်ရအမိန့်တစ်ရပ်ကိုထုတ်ပြန်ခဲ့သည်။

ထိုစာမှာ တပ်များအရွှေ့အပြောင်းနှင့် တပ်လမ်းကြောင်းရှင်းရန်အတွက်ဖြစ်ကြောင်း အစိုးရဘက်မှ ပြောသည်။

ထိုနေ့ရက်များမှ စတင်ကာ ကေအိုင်အို ဗဟိုဌာနချုပ်ရှိရာ လိုင်ဇာတစ်ဝိုက်တွင် လက်နက်ကြီးဖြင့် ပစ်ခတ်သံများ နေ့စဉ်ညစဉ်လိုလို ကြားလာရသည်။ လိုင်ဇာဒေသခံများ ဗုံးခိုကျင်းများတူးကာ ပြင်ဆင်ကြသည်။

“လက်နက်ကြီးနဲ့ပစ်သံတွေကြားနေရတာ သုံးရက်လောက်ရှိပြီ။ အရင်မကြားဖူးတော့ စိတ်ပူတယ်။ တစ်ခါတလေ မနက်မလင်းခင် ဘုန်းခနဲကြားပြီဆိုပြန်အိပ်မပျော်တော့ဘူး”ဟု လိုင်ဇာမြို့တွင် ထမင်းဆိုင်ဖွင့်လှစ်ရောင်းချနေသော အမျိုးသမီးတစ်ဦးက ဒီဇင်ဘာ ၂၆ရက်ညတွင် သူ၏စားသုံးသူများကိုပြောသည်။

ဒီဇင်ဘာ ၂၄ရက်နေ့က လည်း မြစ်ကြီးနားမြို့ကို အဓိက လျှပ်စစ်မီးပေးဝေနေသော မလိရေအားလျှပ်စစ် ထုတ်လုပ်ရေးစခန်းကို လေကြောင်းမှတိုက်ခိုက်ခဲ့မှုများကြောင့် လျှပ်စစ်တာဝါတိုင်များ ကျိုးပျက်ခဲ့ရပြီး မြစ်ကြီးနားမြို့တစ်မြို့လုံး လျှပ်စစ်မီးပြတ်တောက်မှုနှင့် ကြုံတွေ့ခဲ့ရသည်။

မြစ်ကြီးနားမြို့ ဒုက္ခသည်စခန်းများအများစုတွင်လည်း ခရစ္စမတ်အချိန်အခါကို အမှောင်ထုထဲမှာပင် ကုန်ဆုံးခဲ့ကြရသည်။

ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ခေါင်းဆောင်တစ်ဦးဖြစ်သော ဦးအောင်မင်းက ရန်ကုန်မြို့တွင် ကျင်းပသော ခရစ္စမတ်ဆုတောင်းပွဲတစ်ခု၌ “သူတို့(ကချင်ပြည်နယ်မှစစ်ဘေးဒုက္ခသည်များ)တွေ နောင်နှစ် ခရစ္စမတ်ပွဲတော်ကို ငြိမ်းချမ်းစွာဆင်နွှဲနိုင်ဖို့ ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိတယ်”ဟု ပြောကြားခဲ့သည်။

ဒီဇင်ဘာ ၂၉ ရက်အထိ ရရှိသော သတင်းများအရ အစိုးရတပ်မတော်မှ အသုံးပြုလာသည်မှာ တစ်လနီးပါးရှိပြီဖြစ်သော စစ်လေယာဉ်များမှာ လိုင်ဇာမြို့အပေါ်မှပင် ဖြတ်၍ပျံသန်းခဲ့သဖြင့် ဒေသခံများနှင့် စစ်ဘေးရှောင်နေသော ဒုက္ခသည်များမှာ နေစရာမရှိအောင်ပင် ကြောက်ရွံ့နေကြသည်။

ဒီဇင်ဘာ ၂၇ ရက် နံနက်ကလည်း လဂျားယန်အနီး တွမ်ဖုန်းကျေးရွာတွင် အစိုးရစစ်တပ်မှ ပစ်လိုက်သော၁၀၅မမအမြောက်ဆန်ထိမှန်သဖြင့် ဖရဲခင်းအတွင်း အလုပ်လုပ်နေသော ရွာသားတစ်ဦး ပွဲချင်းပြီးသေဆုံးကာ သုံးဦးမှာ ဒဏ်ရာအပြင်းအထန်ရခဲ့သည်။

ဒီဇင်ဘာ၁၈ရက်က ကာမိုင်းရဲစခန်းအား ကေအိုင်အေ ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် သူနာပြုဆရာမတစ်ဦးသေဆုံးခဲ့သည်။ ထိုသို့ တစ်ဖက်နှင့်တစ်ဖက် တိုက်ခိုက်မှုများကြောင့် ပိုမိုနာကြည်းလာမှုကလည်း ပိုမိုတင်းမာလာစေသည်။

ထိုသို့ တိုက်ပွဲများအတွင်း ဒဏ်ရာရသူများကို မကြာခဏလက်ခံဆေးကုသပေးနေရသော လိုင်ဇာဆေးရုံမှ ဆေးရုံအုပ်ကြီး ဦးတူးအောင်က စစ်၏အနိဋ္ဌာရုံကို ယခုကဲ့သို့မှတ်ချက်ပြုသည်။

“စစ်ဆိုတာကြာလေနာလေ၊ နာလေဆိုးလေ၊ ဆိုးလေပျက်လေပဲ”

စာ(၃၀)သို့



## စာ- ၂၉၊ ခရစ္စမတ်တေးသံတွေတိတ် ပုံးသံတွေကြောင့် စိုးထိတ်နေသော ကချင်မြေ မှ

စစ်ဘေးဒုက္ခသည်ပေါင်း သုံးထောင်ကျော်၏ နေ့စဉ်ဘဝများကို စီမံနေရသည့် ဝမ်ဂျိုင်ဒုက္ခသည်စခန်း တာဝန်ခံက သူ၏စခန်းမှ အချို့သူများသည် သူတို့ရွာများ မီးရှို့ခံရပြီး တစ်နှစ်ကျော်ကြာ ကိုယ့်အိမ်ကိုယ့်ရွာတွင် မနေရဘဲ ခုနစ်ပေပတ်လည် သာသာ သုံးထပ်သားကာ အခန်းများတွင် ကျပ်ကျပ်တည်းတည်း နေရသည်မှာ အချိန်ကြာလာသည်နှင့် ဒုက္ခသည်များစိတ်တွင် နာကြည်းချက်များ၊ မုန်းတီးမှုများနှင့် စိတ်ဒဏ်ရာများ ရလာကြသည်ဟုပြောသည်။

“ကျွန်တော် သူတို့ကို အမြဲပြောတယ်။ ငါတို့ဗမာတွေနဲ့တိုက်နေတာမဟုတ်ဘူး။ မူကိုမကြိုက်လို့တိုက်နေတာ။ အခုတိုက်တယ်ဆိုတာ လက်နက်နဲ့။ အောက်ပိုင်းက ဗမာတွေဆို လက်နက်မပါဘဲ တိုက်နေကြတာဆိုပြီး အဲဒီလိုမျိုး ခဏခဏပြောတယ်”ဟု အသက် ၄၀ အရွယ် စခန်းတာဝန်ခံ ဦးဇော်မိုင်က ပြောသည်။

စစ်ပွဲများ ကာလကြာလာသည်နှင့်အမျှ စောင့်ကြည့်လေ့လာနေသူများ စိုးရိမ်ပူပန်နေသည်မှာ လူမျိုးရေး မုန်းတီးမှုများ ဖြစ်လာမည်ကိုပင်။

“ကေအိုင်အိုကလည်း ဒီဟာကို (လူမျိုးရေးမုန်းတီးမှုဖြစ်လာမည်ကို)စိုးရိမ်တယ်။ ကျွန်တော်တို့မလိုလားဘူး”ဟု ကေအိုင်အေ ဒုတိယစစ်ဦးစီးချုပ် ဗိုလ်ချုပ်ဂွန်မော် က လိုင်ဇာမြို့တွင် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

စစ်ပွဲများ အချိန်ကြာမြင့်လာသည်နှင့်အမျှ ပိုမိုဒုက္ခရောက်ကြရသူများမှာ သာမန်လူထုပင်ဖြစ်ကြောင်း ကချင်အရေးကို အနီးကပ်စောင့်ကြည့်နေသူတစ်ဦးဖြစ်သည့် မြန်မာ့တပ်မတော်တွင် တာဝန်ထမ်းခဲ့ဖူးသော ဦးအောင်ကျော်ဇောက မှတ်ချက်ပြုသည်။

“လိုင်ဇာကိုရတာထက်ပိုဆိုးလာမှာက ကချင်လူမျိုးတွေရဲ့ နာကြည်းမှုတွေပဲ”ဟု ၎င်းက ပြောသည်။ ကချင်အရေးမှာ အစိုးရအတွက် အရေးအတကြီး ဖြေရှင်းရန်လိုအပ်လာသည့် အရေးကိစ္စတစ်ခု ဖြစ်၍လာသည်။ ဖြေရှင်းရမည့်နည်းလမ်းကို ရှာဖွေရန် ပြည်တွင်းမှရောပြည်ပကပါတိုက်တွန်းနေချိန်တွင် ကချင်ပြည်နယ်တွင်တော့တိုက်ပွဲများအခြေအနေက စိုးရိမ်ရေမှတ်ကို ရောက်ရှိနေလေပြီ။ လိုင်ဇာမြို့ မနောကွင်းအနီး ဈေးဖွင့်လှစ်ရန် ဆောက်ထားသော ဈေးရုံများအဖြစ်မှ စစ်ဘေးဒုက္ခသည်စခန်းအဖြစ် ၂၀၁၁ ခုနှစ် ဇွန်လကတည်းက အသွင်ပြောင်းသွားသော အမှတ်(၃)ဈေးဒုက္ခသည်စခန်းတွင် နေထိုင်နေသည့် မတ်တတ်ပြေးအရွယ်နှင့် သုံးနှစ်အရွယ်ကလေးနှစ်ဦး မိခင် မအာမီက သူမ၏ ခရစ္စမတ်ဆုတောင်းကို မျှဝေခဲ့သည်။

“ကျွန်မရဲ့ခရစ္စမတ်ဆုတောင်းကတော့ ကိုယ့်အိမ် ကိုယ့်ရွာမှာ လွတ်လွတ်လပ်လပ် ပြန်နေပါရစေဆိုတဲ့ဆုပါ”။ ။

## စာ – ၂၇၊ ဗိုလ်ချုပ်ဂွန်မော်နှင့် တွေ့ဆုံခြင်း မှ

ဗဟိုဌာနချုပ်တစ်ဝိုက်မှာတောင်မှ ဆေးဝါးနဲ့ ပတ်သက်တာက လစဉ်ကျပ်သိန်း၅၀၀ လောက်အသုံးပြုရတယ်။

**မနှစ်က အခြေအနေမှာ လွယ်လွယ်နဲ့ ဖြေရှင်းလို့ရနိုင်တဲ့ အနေအထားရခဲ့ရဲ့သားနဲ့ အခုထိ အခြေအနေမျိုးတင်းမာလာတဲ့အထိဖြစ်လာရတာလဲ။ အဲဒါကို ဘာများပြောချင်ပါလဲ။**

အဓိကကတော့ အမြင်ချင်းမတူတဲ့ ဖြေရှင်းနည်းပေါ့။ ဥပမာ ဦးသန်းအောင်တို့နဲ့လဂျားယန်မှာ ပထမဆုံးတွေ့တဲ့အခါ ကျွန်တော်တို့ပြောတာက ဘာမှကန့်သတ်ချက်မပါဘဲနဲ့ အပစ်အခတ်ရပ်စဲရေးစာချုပ်ချုပ်ဖို့တင်ပြတယ်။ အဲဒီတော့ ဦးသန်းအောင်က လက်မှတ်ထိုးလို့မရဘူး။ လက်မှတ်ထိုးလို့မရဘဲ နှုတ်ကတိနဲ့ လုပ်မယ်လို့ပြောတော့ ကျွန်တော်တို့က လက်မှတ်ထိုးဖို့ပြောတယ်။ အဲဒီနောက်ပိုင်းမှာလည်း နောက်တစ်ကြိမ် ရွှေလီမှာတွေ့တဲ့အခါ အဆင့်သုံးဆင့်ပါတဲ့ Proposal တစ်ခု တင်ထားတယ်။ ဒါပေမဲ့ အခုချိန်ထိတော့ Proposal အပေါ်မှာ မသွားဘဲနဲ့ တိုက်ပွဲတွေကို အရင် Cease fire Agreement စာချုပ် အရင်ချုပ်ရအောင်လို့ အစိုးရဘက်က ဒီလိုပြောတယ်။ ကျွန်တော်တို့ဘက်ကတော့ Cease fire ပြီးရင် ဘာလုပ်မလဲဆိုတဲ့ Process တွေကို အရင်ဆွေးနွေးချင်တယ်။ ပြီးတော့ နိုင်ငံရေးဆွေးနွေးပွဲပုံစံဖြစ်ချင်တယ်။ အဲဒီလို ကျွန်တော်တို့ဘက်က တောင်းဆိုတာနဲ့ အစိုးရဘက်က ကျွန်တော်တို့ကိုပြန်ပြီးဖြစ်စေချင်တဲ့ သဘောထားနှစ်ခုက ညှိလို့မရသေးဘူး ဖြစ်နေတယ်။ အဲဒါကြောင့်ပါ။

**အမေရိကန်ကနေ အစိုးရတပ်မတော်ကို ကူညီပေးမယ်ဆိုတာကိုရော ဘယ်လိုထင်မြင်ပါသလဲ။**

အမေရိကန်လို နိုင်ငံကတော့ နိုင်ငံကြီးဖြစ်လို့ သူ့သိက္ခာကို သူကြည့်ပါလိမ့်မယ်။ ဒါ ကျွန်တော်တို့ ယူဆချက်ပေါ့။ ပေးသင့်တဲ့ အကူအညီပေးတာကိုတော့ ကျွန်တော်တို့ဘက်က ပြောစရာမရှိပါဘူး။ သို့သော်လည်း မပေးသင့်တဲ့ အကူအညီကို မပေးမိဖို့တော့ ဖြစ်စေချင်တဲ့ဆန္ဒ ရှိပါတယ်။

**စာမျက်နှာပေါ်ကနေပြီးတစ်ဆင့် ကချင်ပြည်နယ်သူ၊ပြည်နယ်သားတွေနဲ့ တစ်နိုင်ငံလုံးက လူထုကိုပါးချင်တဲ့ သတင်းစကားများ ရှိပါလား။**

အဓိကကတော့ ကျွန်တော်တို့ ကေအိုင်အိုက အခုအချိန်ထိ တိုက်ပွဲတွေနဲ့ ဒီလိုဖြစ်နေတဲ့ အနေအထားက ဘာလဲဆိုတော့ တကယ်စစ်မှန်တဲ့ ဖက်ဒရယ် တည်ဆောက်နိုင်ရေးကိုအဓိကဦးတည်တာဖြစ်ပါတယ်။ တောက်လျှောက် ကျွန်တော်တို့ ပြောနေတာကလည်း စစ်မှန်တဲ့ ပြည်ထောင်စု၊ စစ်မှန်တဲ့ ဖက်ဒရယ်။ အဲဒီတော့ ဒီလို တည်ဆောက်နိုင်ဖို့ဆိုရင် ကချင်တစ်ဖွဲ့တည်းနဲ့ လုပ်လို့မရဘူး။ အဲဒီတော့ ကျွန်တော်တို့ တောင်းဆိုနေတာက ပါဝင်သင့်တဲ့သူတွေ အကုန်လုံးပါဝင်ပြီးတော့ ကြိုတင်ကန့်သတ်ချက်မရှိတဲ့ နိုင်ငံရေးဆွေးနွေးပွဲကို ပြုလုပ်ပေးဖို့ဆိုပြီး အစိုးရကိုလည်း ဒီအတိုင်း တောင်းဆိုထားပါတယ်။ အဲဒီတော့ လူထုကိုလည်း ကျွန်တော်တို့ရဲ့ သဘောထားအမြင်ကိုတစ်ဆင့် ဒီလို အသိပေးချင်ပါတယ်။

**နောက် အခုနောက်ပိုင်း ကျယ်ကျယ်လောင်လောင် ပြောလာကြတဲ့ ကေအိုင်အိုက အခွန်ကောက်တယ်။ ဆက်ကြေးတောင်းတယ်လို့ ပြောလာကြတဲ့ အပေါ်မှာရော ဘာပြောချင်ပါသလဲ။**

အခွန်ကောက်တယ်၊ ဆက်ကြေးလို့ ပြောတာကတော့ အဆိုးမြင်တဲ့အနေနဲ့ ပြောတာပါ။ အခွန်ပါပဲ။

**သွားလာရေးတွေ၊ တချို့ စီးပွားရေးလုပ်ငန်းတွေကိုတစ်သီးပုဂ္ဂလ အခွန်ကောက်နေတာရော ရှိပါလား။**

ရှေ့တန်းမှာတော့ ဒါမျိုးရှိနိုင်ပါတယ်။ ဒါပေမဲ့ ဒါတရားဝင်ဆက်ကြေး မဟုတ်ဘူး။ ဥပမာ ရှေ့တွင်းတို့ ဘာတို့ဆိုရင် အခွန်ဆောင်ခိုင်းတာပေါ့။ တစ်နှစ်မှာ ဘယ်လောက်ဆိုပြီး သတ်မှတ်ထားတယ်။ ဒီဟာက အထူးတလည်ရှင်းပြစရာမလိုပါဘူး။ အခွန်ဆောင်ခိုင်းတာရှိတယ်။ ကုမ္ပဏီတွေကအစ အဓိကကတော့ လုပ်ငန်းကြီးတွေကို အခွန်ကောက်တာပါ။

**ထပ်ပြီးဖြည့်စွက် ပြောချင်တာများ ရှိပါသလား။**

ဘာဖြစ်လို့တိုက်ပွဲတွေ မရပ်သလဲသို့ လူတိုင်းကမေးတယ်။ တိုက်ပွဲတွေရပ်ပြီးတော့ ဘာလုပ်ရမလဲဆိုတဲ့ အဖြေကို ရှာဖွေလို့ မတွေ့ခင်မှာ တိုက်ပွဲတွေရပ်ဖို့ ခက်ပါတယ်။ အပစ်အခတ်ရပ်ဆိုင်းပြီးရင် ဘာလုပ်ကြမလဲ။ ဒါ အဓိက ကျွန်တော်တို့ရှာဖွေနေတဲ့ အဖြေပါ။နောက်တစ်ခုကတော့အခြေခံဥပဒေ၊ ကျွန်တော်တို့မြန်မာနိုင်ငံမှာက မတူညီတဲ့ လူမျိုးစုတွေ နေထိုင်ကြတယ်။ ၂၀၀၈ ဥပဒေက မတူညီတဲ့ လူမျိုးစုတွေ စုပေါင်းနေထိုင်လို့ရတဲ့ ဥပဒေမဟုတ်ဘူးလို့ မြင်တယ်။ အဲဒီတော့ အစိုးရက အတူတကွ နေထိုင်နိုင်တဲ့ အခြေခံဥပဒေတစ်ရပ်ကို သေချာရေးဆွဲဖို့ လိုတယ်။ အဲဒီလို အတူတကွနေထိုင်နိုင်တဲ့ အခြေခံဥပဒေတစ်ရပ် မရှိဘဲနဲ့တော့ အပစ်အခတ်ရပ်ထားရုံနဲ့တော့ အေးချမ်းသွားမှာ မဟုတ်ဘူး။ ငြိမ်းချမ်းရေးလည်း ရမှာမဟုတ်ဘူး။ ဒါ ကျွန်တော်တို့ အမြင်ပဲ။

**ကျေးဇူးတင်ပါတယ်။** ။

**Myanma Awba Group of Company**

**No. (33), Shwe Paduak Yeik Mon, Bayintnaung Rd, Kamayut Tsp., Yangon.**

**01- 538231, 527082,504864.**

**I. Position: Operation Manager — M/F (1) Post**

Major Duties & Responsibilities

- Implement business strategies align with company's overall strategies
- Lead the team by motivation and constructive organizing
- Perform for achieving targets and business development

Key Requirements:

1. Any graduate (preferable in Management Degree & Diploma)
2. At least 3 yrs experience in related field & Age under (35)
3. Must have general knowledge in Marketing & Public Relations system
4. Knowledge in Banking, Accounting, Micro-finance can be an asset
5. Computer literate in MS Office , Internet & E-mail
6. Able to travel outskirt & Must have driving license & can drive well

**II. Position: Finance & Account Manager — M/F (1) Post**

Major Duties & Responsibilities

- Setting accounting policies and procedures
- Prepare Budgeted Financial statements and supervise to the account team.

Key Requirements:

1. B.Com (CPA) (preferable in MBA degree holder)
2. At least 3 yrs experience in Accounting field & Age under (35)
3. Knowledge of Banking, Micro-finance and computerized accounting are more preferable.
4. Computer literate in MS Office, Internet & E-mail
5. Able to travel occasionally.

Interested person can submit CV with (2) recent color photos, related education documents & other certificates, copies of labor registration card, recommendation of police station and census to above address not later than (9.1.2013).

TRADEMARK CAUTION

Apollo Tyres A.G., a company(Aktiengesellschaft) incorporated under the law of Switzerland at Landis+Gyr-Strasse1,6300 Zug, Switzerland is the Owner and Sole Proprietor of the following Trade-marks:-

AMAZER 3G
Reg : No.4/259/2010

AMAZER 3G MAXX
Reg:No.4/261/2010

ACELERE MAXX
Reg:No. 4/257/2010

ASPIRE MAXX
Reg:No.4/260/2010

In respect of : Int' l : Tyres, tubes and flaps for automobiles.

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 3 Jan 2013



# လွတ်လပ်ရေးရဲ့ တေးကဗျာ

မောင်သာချို

(တစ်)

ကျွန်တော်တို့ နိုင်ငံအတွက် ပထမဦးဆုံးသော လွတ်လပ်ရေးကို ပေးအပ်ခဲ့သူမှာ ဂျပန်ဖြစ်ပါသည်။ တိတိကျကျ ပြောရလျှင် ရိုးရိုး ဂျပန်မဟုတ်။ ဖက်ဆစ်ဂျပန်။ ၁၈၈၅ ၌ မြန်မာတို့၏ နောက်ဆုံးဘုရင် သီပေါမင်း အင်္ဂလိပ်တို့လက်သို့ ပါတော်မူရာကစ၍ ကျွန်ဖြစ်ခဲ့ရသော မြန်မာနိုင်ငံသည် လွတ်လပ်ရေးကို တိုင်းတစ်ပါး၏ အကူအညီယူကာ လက်နက်ဆွဲကိုင် တိုက်ပွဲဝင်ပါမှ ရမည်ဟု ယုံကြည်သူ လူငယ်တစ်စုတို့ အမှတ်မထင် ဂျပန်သို့ ရောက်ရှိစစ်ပညာသင်ကြားကာ ဂျပန်တို့နှင့်အတူ အမိမြန်မာပြည်ထဲသို့ ချဉ်းနင်းဝင်ရောက်ခဲ့ကြရာက အင်္ဂလိပ်ဆုတ်ခွာသွားသည့် ၁၉၄၂ မှသည် ၁၉၄၅ အကြား၌ ဂျပန်ခေတ်ဟူ၍ ဖြစ်ပေါ်ကာ ဖက်ဆစ်တို့၏ ခြေဖဝါးအောက်သို့ မြန်မာပြည်ကျရောက်ခဲ့ရပါသည်။

ထိုဖက်ဆစ်ဂျပန်ခေတ်ကာလ ၁၉၄၂ နှင့် ၁၉၄၅ အကြားမှာပင် မြန်မာနိုင်ငံက ပထမဦးဆုံးအကြိမ် လွတ်လပ်ရေးရခဲ့ခြင်းဖြစ်ပါသည်။ ဖက်ဆစ်ဂျပန်က ပေးသည့် လွတ်လပ်ရေး။ တစ်နည်းအားဖြင့် ရွှေရည်စိမ်လွတ်လပ်ရေး။

၁ ဩဂုတ် ၁၉၄၃ သည် ဂျပန်ကပေးသည့် လွတ်လပ်ရေးနေ့။ ဂျပန်စစ် ဗဟိုဌာနချုပ် စစ်သေနာပတိ ဒုတိယဗိုလ်ချုပ်ကြီး ကာဝါဘီက စစ်အုပ်ချုပ်ရေး ဖျက်သိမ်းကြောင်း ကြေညာကာ ထိုနေ့နံနက် ၇ နာရီ မိနစ် ၃၀ ၌ လွတ်လပ်သော မြန်မာနိုင်ငံအဖြစ်သို့ ရောက်ရှိကြောင်း အမိန့်ထုတ်ပြန်လျက် နံနက် ၈ နာရီတွင် အစိုးရဂေဟာ၌ လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပကာ လွတ်လပ်ရေးကြေညာစာတမ်းကို ဗန်္ဓုလဦးစိန်က ဖတ်ကြားပေးခဲ့ရကြောင်း အမှတ်အသား ရှိပါသည်။

သည်တုန်းကဖြင့် ငါတို့တကယ်များ လွတ်လပ်ခဲ့ကြလေပြီလားဟု အတွေးဝင်သူတို့ ရှိကောင်းရှိခဲ့နိုင်ပါသည်။ ထို့ကြောင့် နောက်တစ်နှစ် ၁ ဩဂုတ် ၁၉၄၄ မှာပင်လျှင် လွတ်လပ်ရေး နှစ်ပတ်လည်နေ့ ကျင်းပခဲ့ကြပါသေးသည်။

ထိုလွတ်လပ်ရေး နှစ်ပတ်လည်နေ့ ၁ ဩဂုတ် ၁၉၄၄ တွင် ဗမာ့ခေတ် သတင်းစာ၌ ဆရာဇော်ဂျီက ကဗျာတစ်ပုဒ်ရေးခဲ့ပါသေးသည်။ ဤသို့ဖြစ်ပါသည်။

<u>**ဒေါင်းသံ**</u>

**လွတ်ပြီတဲ့ ကျွတ်ပြီ**
**ကျွတ်ပြီတဲ့ လွတ်ပြီ။**
**နေမင်းမောင် လင်းရောင်လွှတ်**
**ဒေါင်းလွတ်ခဲ့ပြီ။**
**တစ်ဖက်ကွက ခြေချီ**
**လည်တိုင်ငဲ့ တွန်ကြွေး။**
**လက်ရုံးရည် ရာအထောင်နဲ့**
**နှလုံးရည် ရာအထောင်နဲ့**
**ဒို့ခေါင်းဆောင်ညွှန်တဲ့ လမ်းကိုလ**
**လှမ်းကြမယ် အဆွေကောင်းရယ်**
**ဒေါင်းသံနှင့်လေး။ ။**

ဂျပန်ပေးသည့် လွတ်လပ်ရေးကို တကယ့်လွတ်လပ်ရေး အထင်နှင့် ရိုးသားစွာ ရေးဖွဲ့မိသော ကဗျာတစ်ပုဒ်ဟု နားလည်ရပါသည်။ သို့သော် ကျော့ချမှ ဓားပြမှန်းသိဟုဆိုသလို ဖက်ဆစ်သံဖနောင့်ဖြင့် ခပ်ကြမ်းကြမ်း၊ ခပ်ရမ်းရမ်း၊ ခပ်သွမ်းသွမ်း အနင်းစေခံလိုက်ရတော့မှ ရွှေရည်စိမ်ထားသည့် လွတ်လပ်ရေးအတုမှန်းသိကာ နီးစပ်ရာရာ ဓားနှင့်လှံကို လှမ်းဆွဲပြီး ခုခံတွန်းလှန်ဖို့ သတိရသွားခဲ့ကြခြင်း ဖြစ်ပါပေသည်။

(နှစ်)

မြန်မာ့လွတ်လပ်ရေးကိုတင်ကြိုပြီး ဖွဲ့ရာ၌ ဆရာမင်းသုဝဏ်သည်လည်း ထင်ရှားပါသည်။ အံ့ဩဖွယ်ရာ တိုက်ဆိုင်မှုအဖြစ် လွတ်လပ်ရေးမရမီ ၁၀ နှစ်တိတိ၌ ဤကဗျာကို ဆရာမင်းသုဝဏ် ဖွဲ့ဆိုခဲ့ခြင်းမှာ ထူးဆန်းလှပါသည်။ “သပြေညို”ဆိုသည့် ကဗျာ။ ၄ ဇန်နဝါရီ ၁၉၃၈ တွင် ရေးသည်ဆိုတော့ လွတ်လပ်ရေးမရမီ ၁၀ နှစ်တိတိပဲပေါ့။

**သူ့ခေါင်းမှာတဲ့ သပြေညို**
**ငါ့ခေါင်းမှာတဲ့ သပြေညို။**
**တို့ပြည်မှာ တို့မေကမ်းပါတဲ့**
**သပြေညို ရွှေဘိုပန်းဟာက**
**လန်းလျက်ပါကို။**
**ဘာမလျှော့လေနဲ့**
**လာတော့မကွဲ့ ရွှေပဟိုရ်**
**လေချိုက အသွေး။**
**လင်းကြက်အဆော်**
**ကွင်းထက်မှာ တူပျော်ပျော်နဲ့**
**စည်တော်ကို ရည်မျှော်မှန်းကာပ**
**ရောင်နီမှာအောင်စည်ရွှမ်းရအောင်**
**သပြေညို ရွှေဘိုပန်းရယ်နဲ့**
**လှမ်းကြစို့လေး။ ။**

သို့ဖြင့် ဆရာမင်းသုဝဏ် ကဗျာ နိမိတ်ဖတ်ခဲ့သည့်အတိုင်း “သပြေညို” ကဗျာရေးပြီးသည့်နောက် ၁၀ နှစ်အတိအကျ ဖြစ်သော ၄ ဇန်နဝါရီ ၁၉၄၈ ၌ မြန်မာနိုင်ငံ လွတ်လပ်ရေးရပါသည်။ နံနက် ၄ နာရီ မိနစ် ၂၀ တိတိ။ ရန်ကုန်မြို့ အတွင်းဝန်များရုံးအတွင်းရှိယာယီပါလီမန် အဆောက်အအုံရှေ့၌ လွတ်လပ်ရေးနေ့ကို ကျင်းပခဲ့ခြင်း ဖြစ်ပါသည်။ အလံတိုင်ပေါ်မှ ဗြိတိသျှယူနီယံ ဂျက်အလံကို အောက်သို့ချကာ ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံကို လွှင့်တင်ခြင်းဖြင့် လွတ်လပ်သော နိုင်ငံတော်အဖြစ်သို့ ရောက်ရှိသွားခဲ့ရခြင်း ဖြစ်ပါသည်။ သည်တစ်ခါ လွတ်လပ်ရေးပေးသည်က မြန်မာပြည်သို့ ဒုတိယအကြိမ်ပြန်ဝင်လာသည့် အင်္ဂလိပ်အစိုးရက ပေးခဲ့ခြင်း ဖြစ်ပါသည်။

သို့သော် ဟုတ်ပါသည်။ သို့သော်ပဲ ဖြစ်ပါသည်။ လွတ်လပ်ရေးနှင့်အတူ ငြိမ်းချမ်း စိမ်းလန်းလိမ့်မည်ဟု ထင်ခဲ့သော နိုင်ငံတော်က သွေးစီးကြောင်းကြီးတွေထဲမှာ မျော၍ မျောကာပါသွားခဲ့ရပြန်ပါပြီ။

ဘယ်သူ့ကြောင့် ဘယ်ဝါ့ကြောင့် ဘာ့ကြောင့် ဆိုသည်များကို အသာထား ဘာတွေဖြစ်ခဲ့ကြသလဲဆိုသည်ကို ပြန်ကြည့်တော့ ဖဆပလထဲမှာပါခဲ့သည့် အစုတစ်စုဖြစ်သော ကွန်မြူနစ်ပါတီက နှစ်ခြမ်းကွဲပါသည်။ သခင်စိုးဦးဆောင်သော အလံနီကွန်မြူနစ်ပါတီနှင့်သခင်သန်းထွန်းဦးဆောင်သည့် ဗမာပြည်ကွန်မြူနစ်ပါတီ။

လွတ်လပ်ရေး ကြေညာပြီးသည်နှင့် သခင်စိုးက ပြည်တွင်းစစ်သည် လိုအပ်ချက်ဟုဆိုကာ တစ်ပြည်လုံး လက်နက်ကိုင်တော်လှန်ရေးလုပ်ဖို့ ဆော်ဩပါသည်။ သခင်သန်းထွန်း၏ ဗကပက ထို ၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက်တွင် တောခိုသည်။

ဖဆပလ၏ နောက်အစုတစ်စုမှာ ဗမာ့မျိုးချစ်တပ်မတော်ဖြစ်ပါသည်။ ဗမာ့မျိုးချစ်တပ်မတော်၌ ပြည်သူ့ရဲဘော်အဖွဲ့ဟု ရှိရာ ထိုအဖွဲ့၌ တပ်နီ၊ ရဲဘော်ဖြူ၊ ရဲဘော်ဝါဟူ၍ ရှိပြီး ဝန်ကြီးချုပ် ဦးနု၏ မူကို မကြိုက်သူ ရဲဘော်ဖြူတို့က ဇူလိုင်လ ၂၉ ရက်၌ တောခိုကြပြန်ပါသည်။ ထိုမျှသာမက ဗမာ့မျိုးချစ်တပ်မတော်အစုက တပ်ရင်း -၁ မင်္ဂလာဒုံနှင့် တပ်ရင်း-၃ သရက်တို့ကပါ ဩဂုတ် ၁၈ ရက်၌ တောခိုကြပြန်ပါသည်။

ထို့ပြင် ကရင်အမျိုးသားတို့ကလည်း ၁၉၄၉ ဇန်နဝါရီ ၂၀ ရက်မှ စကာ KNDO (Karen National Union Defence Organization) လက်နက်ကိုင်တော်လှန်ရေးကို စတင်လိုက်ကြပါသည်။

ပြောရလျှင် ထိုအချိန်က ပြည်တွင်းစစ်၏ မီးတောက်မီးလျှံများသည် နေရာတိုင်း၌ လောင်ကျွမ်းသွားနေခဲ့ခြင်းဖြစ်ပါသည်။

ဟင်္သာတ၊ သာယာဝတီ၊ ပျဉ်းမနား၊ ရမည်းသင်း၊ မြင်းခြံ၊ ပခုက္ကူတို့က ကွန်မြူနစ်တို့၏ လက်အောက်မှာ။ ပြည်၊ သရက်၊ မကွေး၊ မင်းဘူး၊ ရေနံချောင်း၊ ချောက်၊ သံတောင်၊ ကျောက်ဖြူတို့က ပြည်သူ့ရဲဘော်နှင့်တောခိုတပ်တို့၏ လက်အောက်မှာ။ ရသေ့တောင်နှင့် ဘူးသီးတောင်တို့က မူဂျာဟစ်တို့၏ လက်အောက်မှာ။ ပုသိမ်၊ အင်းစိန်၊ တွံ့တေး၊ ပန်းတနော်၊ အိမ်မဲ၊ ညောင်လေးပင်၊ တောင်ငူ၊ မိတ္ထီလာ၊ ကျောက်ဆည်၊ ပြင်ဦးလွင်၊ မန္တလေး၊ လွိုင်ကော်၊ တောင်ကြီး၊ လားရှိုး၊ နမ့်ခမ်း၊ မော်ချီး၊ ဖာပွန်၊ သထုံတို့က ကေအင်ဒီအိုတို့၏ လက်အောက်မှာ။

ရန်ကုန်အစိုးရဟု ခေါ်ရလောက်အောင်ကိုပင်လျှင် နေရာတိုင်းလိုလို၌ ရောင်စုံသူပုန်တို့ဖြင့် လွှမ်းမိုးထားလေရာ နိုင်ငံတော်သည် လွတ်လပ်ရေးရပြီးလျှင် ပြီးချင်းမှာပင်လျှင် သွေးစက်များ၊ မျက်ရည်စီးကြောင်းများဖြင့် ပြည့်လျှံ၍ နေခဲ့ရပါသည်။

ယင်းကို ဆရာဇော်ဂျီက ကဗျာတစ်ပုဒ် ဖွဲ့ပါသည်။ ခေါင်းစဉ်က “၁၉၄၈ ခုနှစ် လွတ်လပ်ရေးနေ့တွင်” တဲ့။

**ဆွေးမိသည်တည့် ဆွေးမိသည်။**
**မလေးမောင်**
**သည်ယနေ့ ဆွေးမြည့်မိသည်။**
**သွေးစက်နဲ့ ကျမျက်ရည်**
**ပြည်နိုင်ငံ့အရေး။**
**လူ့လမ်းစဉ် လူ့ခရီးမှာ**
**စီးရတယ်လေး။**
**ငေးမိသည်တည့် ငေးမိသည်။**
**မလေးမောင် သည်ယနေ့**
**ငေးမေ့မိသည်။**
**ဝမ်းမဝမျှမညီ**
**ပြည်နိုင်ငံ့အရေး။**
**လူ့လောကီသည်ရှုပ်ထွေး**
**ရှင်းပါမှလေး။**
**ရေးမိသည်တည့် ရေးမိသည်။**
**မလေးမောင် သည်ယနေ့**
**ရေးမွေ့မိသည်။**
**စီးခဲ့တဲ့သွေးမျက်ရည်**
**ပြည်နိုင်ငံအရေး။**
**စာတေးသည် မြိုင်ချောင်က**
**သည်ကလောင် ရောင်ခြည်လွှတ်**
**ဦးညွှတ်တယ်လေး။ ။**

သည်ကဗျာက ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေး ရရချင်း နေ့မှာပင် ဆရာဇော်ဂျီ ရေးသော ကဗျာဖြစ်ပါသည်။ သွေးစက်တွေရယ်၊ မျက်ရည်တွေရယ်၊ ဆင်းရဲချမ်းသာကွာဟ မညီမျှမှုတွေရယ်တဲ့။ ၁၉၄၈ ဇန်နဝါရီ ၄ ၏ မြန်မာ့အခြေအနေ။ ဒါ့ကြောင့် စာဆိုဆွေးရပါသတဲ့။ ငေးရပါသတဲ့။ မျက်ရည်တွေနဲ့ သည်ကဗျာတေးကို ရေးပါသတဲ့။

(သုံး)

အခု ၂၀၁၃ ဇန်နဝါရီ ၄ မှာ ဖြင့် မြန်မာ့လွတ်လပ်ရေး ၆၅ နှစ် တိုင်ခဲ့ပြန်ပါပြီ။ ယိုစီးနေတဲ့ သွေးတွေတိတ်ပြီလား။ မျက်ရည်တွေကရော ခန်းခြောက်သွားကြပါပြီလား။ နိုင်ငံသားတိုင်းတို့ ဝမ်းဝဖို့ရာကိုရော မျှမျှညီညီ စီမံခန့်ခွဲနိုင်ခဲ့ကြပြီလား။

တရားမျှတ လွတ်လပ်ခြင်းနဲ့ မသွေး တို့ . . ပြည် . . တို့မြေ ဆိုသည့် နိုင်ငံတော် သီချင်းစာသားထဲကအတိုင်း တရားမှု(Justice)၊ မျှတမှု (Equality)၊ လွတ်လပ်မှု (Freedom) တို့သည် နိုင်ငံသားတိုင်း နိုင်ငံသားတိုင်းတို့၏ နေ့စဉ်လူနေမှု ဘဝများဆီသို့ သက်ရောက်မှုရှိပါစ။

သည်အမေးတွေကိုဖြင့် အစိုးရသာမက လက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများအပြင် ပြည်သူလူထုကပါ ဖြေဆိုကြရန် ဖြစ်ပါသည်။

အကယ်၍ တရားမှု၊ မျှတမှု၊ လွတ်လပ်မှု(Justice, Equality and Freedom)တို့ မရှိသေးဘဲ သွေးများ၊ မျက်ရည်များ၊ ဝမ်းမဝမျှမညီမှုများနှင့်ရှိနေသေးသည်ဆိုလျှင် ယင်းတို့မှ လွတ်မြောက်ရာလမ်းသို့ သွားရန် အားလုံး၌ တာဝန်ရှိပါသည်။

၆၅ နှစ်တဲ့။ ၁၉၄၈ ကနေ အခု ၂၀၁၃ အထိ။ ရက်တွေ၊ လတွေ၊ နှစ်တွေ၊ နိုင်ငံသားတို့ရဲ့ ဘဝတွေ၊ နှမြောစရာ ကောင်းလွန်လှပါဘိ။ ။

---

## စာ(၂၆) မိုင်ထောင်ချီပျံသန်းသွားသော ကြိုးကြာ မှ

မိသားစုသည် မနက်ပိုင်းက ကိုတိုးအတွက် ရည်စူးကာ မင်းကွန်းမိုးမိတ်ဓမ္မနာဒ ကျောင်းတိုက်၌ သံဃာတော်များအား သင်္ကန်းကပ်လှူခဲ့သည်။ နေ့လယ်ပိုင်းမှာတော့ အသံသာယာ ညင်းပျောင်းမှုအပေါ် တိမ်းညွတ်လွယ်လွန်းသည့် ကိုတိုးအတွက် မင်းကွန်းပုထိုးတော်ကြီးကို ခေါင်းလောင်းထိုး၍ အမျှအတန်းဝေခဲ့သည်။

သမ္မွန်လေးသည် မင်းကွန်းပုထိုးတော်ကြီး၏ အရှေ့တည့်တည့်သို့ လှော်ခတ်သွားပြီး မိသားစုက အရိုးပြာအိုးအား အသာအယာရေချလိုက်၏။ ပြာအိုးသည် ရေပေါ်တွင် ခေတ္တမျှ ပေါ်နေပြီး ခဏအကြာ မြစ်ရေအောက်ငံ့လျှိုးပျောက်ကွယ်သွားသည်။ ကိုတိုး၏ ခန္ဓာကိုယ်မှ ကြွင်းရစ်သော ပြာမှုန်ပြာစတို့သည် ဧရာဝတီမှ မုတ္တမပင်လယ်ကွေ့၊ ယင်းမှ တစ်ဆင့် ပင်လယ်သမုဒ္ဒရာထဲ ထိတိုင် သယ်ဆောင်သွားပါလိမ့်မည်။ ကြိုးကြာငှက်ကား မိုင်ထောင်ချီ ပျံသန်းသွားလေပြီ။

(၁၀)

ဆောင်းရဲ့နှင်းမှုန်အကြွင်း အကျန်နဲ့အတူ အဝေးမှ သီချင်းတစ်ပုဒ် ပျံ့လွင့်လာသည်။ ကိုတိုးသီဆိုသော **ဝေနှင်း** ဆိုသည့်သီချင်း . . ကုန်လွန်ကာသွားတဲ့နေ့တွေ ပြန်လည်ကိုယ်စားတော့ မရနိုင်ဘူး မေ မျှော်လေဦး နောက်ကွယ် ဟိုအဝေးမှာ ကြိုနေမြဲ ကမ်းလက်ရှိရာ သင်လိုတဲ့လမ်း ဆုံးဖြတ်ထားတဲ့အတိုင်းပါပဲ ဝေနှင်းရေ . . . ပိုင်ဆိုင်သူ အသိတစ်လှည့်မင်းမူ ယုံကြည်၍ အားကိုးမိပြန်လည်းလေ မရေရာခြင်းများစွာ ဖြတ်သန်းရာ နွေအိပ်မက် လွင့်ရစ်ပျောက်ကွယ် ကွယ်ပါစေမင်း တို့အတွက် တောင်းဆုဆက်ခံဆဲ ဝေနှင်းရေ ဝေနှင်းရေ . . . ဝေနှင်းရေ . . .

ကိုခင်မောင်တိုးသည် လိမ္မာရေးခြားရှိသော သမီးငယ်လေးကို ဖြင့် **ဝေနှင်း** ဟု အမည်ပေးခဲ့လေသည်။ ။

7 ရ ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.43 • JANUARY 3 , 2013

7 ရ ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ယုဇနကိုကို၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ မြတ်စုမွန်၊ အေးသူစံ၊ သန်းဌေး၊ ဇာဇာနီ၊ သန်းထူး |
| သတင်းထောက်များ | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ ကြူကြူဟာန်၊ ခိုင်ချို့နွယ် |
| အငယ်တန်းသတင်းထောက် | ခန့်ထက်၊ ခိုင်ခိုင်စိုး၊ ဆွေမွန်၊ ရဲနောင်၊ အောင်သစ်လွင်၊ ဖွဲ့ဉာဏ် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| ဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| လက်ထောက်ဒီဇိုင်နာ | နွယ်မွန်ဖြိုး |
| ကွန်ပျူတာစာစီ | စန်းစန်း၊ မေဇင်သိန်းဇော်၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင် |
| သရုပ်ဖော် | စိုးသော်တာ |
| ပြင်ပဆက်သွယ်ရေး | သက်ပိုင်ဌေး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12) မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၀၀၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com

Hotline : 0973032006

လွန်ခဲ့သော ၃ နှစ်ခန့်က အစားအသောက်နှင့်ပတ်သက်ပြီး အိမ်နီးချင်းအင်အားကြီး နိုင်ငံကြီးတစ်ခုဆီက ထိတ်လန့်ဖွယ်သတင်းတစ်ပုဒ် ကမ္ဘာကျော်သွားခဲ့သည်။ ထိုနိုင်ငံ၏ ထိပ်တန်းနို့မှုန့်ထုတ်လုပ်သည့် ကုမ္ပဏီတစ်ခုက ထုတ်လုပ်လိုက်သည့် နို့မှုန့်များတွင် မယ်(လ)မင်း ပါဝင်သည့်သတင်း။ ထိုနို့မှုန့်ကို စားသုံးမိကြသည့် ကလေးငယ်အချို့ သေဆုံးခဲ့ကြပြီး ကလေးများစွာ ဆေးကုသမှု ခံယူခဲ့ရသည်။ ထုတ်လုပ်သူလုပ်ငန်းရှင်ကြီးကိုလည်း သူတို့အစိုးရက သေဒဏ်ပေးခဲ့သည်။ ဤသတင်းကိုကြားစဉ်က စီးပွားရေးသမားများ၏ ဝိသမလောဘကို ထိတ်လန့်ကြောက်ရွံ့ခဲ့မိ၏။



# ရုပ် ကို စောင့် မည့် အာ ဟာ ရ
# သံသယကင်းချင်သည်

**မင်းသန်းထိုက်(ဒေးဒရဲ)**

ပြီးခဲ့တဲ့ နှစ်ထဲကပဲ ထိုနိုင်ငံကြီးဆီမှပင် အစားအသောက်နှင့် ပတ်သက်သည့် နောက်ထပ် သတင်းတစ်ပုဒ် ထပ်မံကြားရပြန်သည်။ စွန့်ပစ်ထားသည့် ဆီများကို Recycle လုပ်ကာ အကြီးအကျယ် ထုတ်လုပ်ရောင်းချသည့် သတင်းဖြစ်သည်။ သတင်းအရ သက်ဆိုင်ရာက အင်အားသုံး၍ ဝင်ရောက်စီးနင်းရှာဖွေနေပုံတွေကို DVB ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်သွားတာကို ကြည့်လိုက်ရသည်။ သြော် . . တို့မြန်မာပြည်မှာ မဟုတ်လို့ တော်သေးရဲ့ဟု ထိုစဉ်ကစိတ်ဖြေမိ၏။ သို့သော် အစားအသောက်နှင့်ပတ်သက်ပြီး သည်လောက် တားမြစ်တင်းကျပ် စစ်ဆေးအပြစ်ပေးအရေးယူလုပ်နေသည့်နိုင်ငံကြီးမှာတောင် ဝိသမစီးပွားရေးသမားတွေက ဘယ်သူ့မျက်နှာကိုမျှမကြည့်၊ ကိုယ်ကြီးပွားဖို့ တစ်ခုတည်းကြည့်ပြီးသည်လိုမျိုးတွေလုပ်နေကြသည်ဆိုလျှင်စစ်ဆေး အရေးယူမှုအားနည်းသော ကျွန်တော်တို့မြန်မာနိုင်ငံမှာရောဒီလို ဝိသမ စီးပွားရေးသမားတွေ မရှိနိုင်ဘူးလားဟု ထိုစဉ်ကတည်းကပင် သံသယဖြစ်ခဲ့မိသည်။

ဟော - ခုတော့ဖြင့် သံသယစိတ်တွေက အမှန်ပါ ထိတ်စေခဲ့ပြီ။ 7 Day News ဂျာနယ် အတွဲ(၁၁)၊ အမှတ် (၃၈)တွင် "ငရုတ်သီးမှုန့်နှင့်နနွင်းမှုန့်အချို့တွင် ကင်ဆာနှင့်မျိုးရိုးဗီဇကို ထိခိုက်စေနိုင်သည့် ဆိုးဆေးများတွေ့" ဟူသော သတင်းတစ်ပုဒ်ကို ဖတ်လိုက်ရသည်။ ထိုသတင်းအရတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဈေးကွက်များအတွင်း ရောင်းချနေသည့် ငရုတ်သီးမှုန့်၊ နနွင်းမှုန့် နမူနာပေါင်း ၁,၀၀၀ နီးပါးကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ရာ ငရုတ်သီးမှုန့်တံဆိပ် ၂၀ နှင့် နနွင်းမှုန့် အမှတ်တံဆိပ် ၂ မျိုးတို့တွင် စားသုံးရန်မသင့်သည့်ဓာတုဆိုးဆေးများ အသုံးပြုထားကြောင်း တွေ့ရှိရသည် ဆို၏။ သတင်းထဲမှာ ကုန်ပစ္စည်းအမှတ်တံဆိပ်အမည်များနှင့်တကွ ဖော်ပြထားသော်လည်း ဗဟုသုတခေါင်းပါး၊ စာပေဖတ်ရှုလေ့လာမှုအားနည်းသော ကျွန်တော်တို့လို နယ်မြို့များတွင်တော့ ကင်ဆာရောဂါဖြန့်ဖြူးနေသော ထိုကုန်ပစ္စည်းများက ဈေးကွက်များအတွင်း အောင်ပွဲခံနေဆဲပါ။

ငါးပိပြုလုပ်ရာတွင် ဓာတ်မြေသြဇာအသုံးပြုနေကြောင်း သတင်းတစ်ပုဒ်ဖတ်လိုက်ရပြန်တော့ မျက်လုံးပြူးသွားပြန်သည်။ ဘယ်အချိန်မှာမှ စားသုံးသူတွေက ပေးရတဲ့ တန်ဖိုးနဲ့ညီမျှတဲ့ ထုတ်ကုန်တွေ၊ ဝန်ဆောင်မှုတွေ ရမလဲ။ ဘယ်အချိန်မှာမှ အန္တရာယ်ကင်းတဲ့ စားသောက်ကုန်တွေ စားရမလဲ။

မီးဖိုချောင်သုံး စားသောက်ကုန်ပစ္စည်းတွေ အဓိကထုတ်လုပ်သည့် ပုဂ္ဂလိက စက်ရုံတစ်ရုံမှာ အလုပ်လုပ်နေသည့် ရွာကလူငယ်လေးတစ်ယောက် ဟိုတလောဆီက ရွာကို ခဏအလည်ပြန်လာသည်။ ရန်ကုန်ကို ပြန်ခါနီးတစ်ရက်၊ ကျွန်တော့်ဆီ လာနှုတ်ဆက်တော့ အာလာပသလ္လာပ ပြောကြရင်း ငရုတ်သီးမှုန့်၊ နနွင်းမှုန့်တွေမှာ ဆိုးဆေးတွေ တွေ့တဲ့ သတင်းဆီ ရောက်သွားသည်။ ကျွန်တော်က "မင်းတို့စက်ရုံနာမည်တော့ မပါဘူးကွ။ တော်သေးတာပေါ့။ ကိုယ့်စက်ရုံက သန့်သန့်ရှင်းရှင်းလုပ်တော့ နာမည်မပျက်ဘူးပေါ့ကွာ။ နို့မို့ ဂျာနယ်ထဲ နာမည်ကြီးပါလာရင် ရှက်စရာကြီး" လို့ ဆိုလိုက်တော့ လူငယ်လေးက မဲ့ပြုံးပြုံးပြီး "ဂျာနယ်ထဲမပါတာပဲ ရှိတာပါဆရာ၊ ကုလားပဲရွက်တွေ၊ ကုလားပဲခွံတွေနဲ့ရောကြိတ်ပြီး အရောင်ဆိုး၊ အစပ်ရည်ဖျန်းထားတာချည်းပါပဲ။ အကောင်းဆုံးက ကိုယ့်မိရိုးဖလာအတိုင်း ငရုတ်သီး အတောင့်လိုက်ဝယ်ပြီး အိမ်မှာထောင်းစား၊ အဲဒါအန္တရာယ်အကင်းဆုံးပဲဆရာ" တဲ့။

လူငယ်လေးရဲ့ စကားကိုကြားရတော့ အတော်ကိုရင်မောမိသည်။ ကျွန်တော်တို့ကိုယ်တိုင် အရောအနှောကင်းမည်ထင်ရသည့် နာမည်ရပြီးသား ကုန်အမှတ်တံဆိပ်များပါသည့် ငရုတ်သီးမှုန့်၊ နနွင်းမှုန့်များကို စားသုံးလာခဲ့သည်မှာ ဆယ်စုနှစ် တစ်စုမကကြာခဲ့၍ ဖြစ်၏။ ကျွန်တော်တို့ကိုယ်ထဲမှာ ကင်ဆာပိုးတွေက ဘယ်လောက်များ နေရာယူပြီးကြပြီလဲ။ မျိုးရိုးဗီဇကို ထိခိုက်စေနိုင်သည့် ဓာတုပစ္စည်းတွေကရော ဘယ်လောက်များ များနေကြပြီလဲ။ လူ့သက်တမ်းအတိုဆုံးနိုင်ငံစာရင်းထဲမှာ မြန်မာနိုင်ငံပါသည်။ ကင်ဆာဖြစ်ပွားမှု အများဆုံး နိုင်ငံစာရင်းထဲမှာ မြန်မာနိုင်ငံပါသည်။ ဒါတွေဟာ အစားအသောက်တွေ မသန့်ရှင်းမှုကြောင့် ဖြစ်လာတဲ့ ဆိုးကျိုးရလဒ်တွေ မဟုတ်ပါလား။

ကျွန်တော်တို့ဆီက စားသုံးသူတွေက ကျန်းမာရေး ဗဟုသုတကလည်းနည်း၊ အရောင်လှလှ၊ အနံ့မွှေးမွှေးလေးတွေလည်း ကြိုက်တတ်ကြတော့ ဝိသမစီးပွားရေးသမားတွေအတွက် ကိုယ့်ကုန်ပစ္စည်း ရောင်းစွံဖို့ ဘာမှဦးနှောက်စားနေစရာမလိုတော့ဘူး။ ဓာတုနည်းနဲ့ ပြုလုပ်ထားတဲ့ အရောင်ဆိုးဆေးတွေ၊ လိုချင်တဲ့အနံ့ရနိုင်တဲ့ အရည်တွေ ဆိုးပေး၊ ဖျန်းပေးလိုက်ကြသည်။ ဟောပြောပွဲတစ်ခုမှ ဆရာဦးအောင်သင်းပြောသလို ကျွန်တော်တို့မြန်မာများကလည်း အရောင်မရှိတာကို ဆေးဆိုးစားသည်။ အရောင်ရှိတာကို အရောင်ချွတ်စားသည်။ ငါးပိဆို ရဲနေမှ၊ ပုစွန်ခြောက်ဆို ရဲနေမှ၊ သကြားဆိုဖွေးနေမှ ကြိုက်ကြသည်။ သည်တော့ ထုတ်လုပ်သူများက စားသုံးသူများအကြိုက် လိုက်လုပ်ကြသည်။ အစကတော့ ရိုးရိုးသားသား။ နောင်ကျတော့ ကိုစိန်ခို လူရည်လည်သွားသည်။ စားသုံးရန်မသင့်သည့် ဆိုးဆေးများကိုပဲ အလွယ်တကူသုံးလိုက်ကြတော့၏။

အချို့ကျတော့ လောဘကြီးလှ၍တော့မဟုတ်။ ကိုယ်တိုင်က ဗဟုသုတနည်းပါးသဖြင့် ကိုယ်သုံးလိုက်တဲ့ ဆိုးဆေးတွေက စားသုံးသူတွေကို အန္တရာယ်ပေးနိုင်မှန်းမသိဘဲ သုံးနေကြခြင်းဖြစ်၏။ ဥပမာ- ပြောင်းဖူးထဲမှာ ဆေးသကြားထည့်ပြီး ပြုတ်တာမျိုး၊ ဖီးကြမ်းငှက်ပျောသီးကို မီးနဲ့မအုပ်တော့ဘဲ ဆေးရည်ထဲနှစ်ပြီးမှ ပြန်ဆယ်ယူကာ မြန်မြန်မှည့်စေတာမျိုး၊ ပုစွန်ချဉ်ကို ယမ်းစိမ်းနဲ့ပက်ပြီး မြန်မြန်လည်းချဉ်၊ အရောင်လည်းလှအောင်လုပ်တာမျိုး . . . စတာတွေကို တစ်ပိုင်တစ်နိုင်ဈေးသည်လေးတွေ ပေါ်ပေါ်ထင်ထင် လုပ်နေကြတာ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ အများအပြား တွေ့နေရသည်။

အဲ . . . စက်မှုဇုန်တွေမှာ စက်ရုံကြီးတွေ အကြီးအကျယ်ဆောက်။ ကိုယ့်ကုန်ပစ္စည်းကို နိုင်ငံအနှံ့ပို့ဆောင် ဖြန့်ဖြူးနေကြတဲ့ လုပ်ငန်းရှင်ကြီးတွေက ကျန်းမာရေးအတွက် စားသုံးဖို့မသင့်တဲ့ ဆိုးဆေးတွေ ရောနှောရောင်းနေတာကတော့ ဝိသမလောဘစိတ်နှင့် လုပ်ကြခြင်းဖြစ်သည်။ သည်ဆေးတွေမှာ သည်လို အန္တရာယ်ရှိတယ်ဆိုတာ သိသိကြီးနဲ့ တမင်လုပ်နေကြခြင်းဖြစ်သည်။ သက်ဆိုင်ရာက စစ်ဆေးတွေ့ရှိသွားလျှင်လည်း စားသုံးရန်မသင့်ကြောင်း သတင်းစာထဲ ထည့်ကြော်ငြာတာမျိုး၊ ခေါ်ယူ သတိပေးတာမျိုးလောက်ပဲ ရှိလေတော့ အသံလေးနည်းနည်းညံလာလျှင် အရောအနှောတွေ ခဏရပ်ထားလိုက်ကြ။ နောက်တော့လည်း ပိုနေမြဲ ကျားနေမြဲ ဖြစ်သွားကြတာချည်းပင်။ ကြားထဲက စားသုံးသူများသာ မသိလို့ရောတဲ့ဒဏ်ရော၊ သိလျက်နဲ့ရောတဲ့ဒဏ်ပါ စုခံရလေတော့သည်။

ပြောင်းလဲလာသော ၂၁ ရာစု ကမ္ဘာကြီးမှာ နည်းပညာတွေက အရှိန်အဟုန်ဖြင့် တိုးတက်လာသည်။ ကျွန်တော်တို့ ဘိုးဘေးတွေ ခေတ်တုန်းကလို နောက်ချေး(နွားချေး)တွေကို အိမ်ခြံဝင်းထဲမှာ တစ်နှစ်လုံး စုပုံသိမ်းထား။ မိုးကျခါနီးမှ လယ်ကွင်းတွေထဲ လိုက်ပုံ၊ မိုးကျလို့ ထွန်လိုက်ယက်လိုက်တဲ့အခါ လယ်ကွင်းထဲက မြေကြီးတွေနဲ့ သမသွားပြီး မြေဆီသြဇာဖြစ်သည်။ သည်မြေပေါ်မှာမှ အညှောက်ဖောက်ပြီးသား မျိုးစေ့ကလေးတွေကို ကြဲပက်ပြီး စိုက်ပျိုးရတဲ့ ခေတ်မဟုတ်တော့။

*စာ(၁၈) သို့*

# Business

7DAY NEWS JOURNAL

Vol.11, No.43 · JANUARY 3 , 2013




ကမာရွတ်မြို့နယ်အတွင်းမှ တည်ဆောက်ပြီးနှင့်တည်ဆောက်ဆဲ ကွန်ဒိုတိုက်ခန်းတွဲ တစ်တွဲ

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## တန်ဖိုးမြင့် ကွန်ဒိုခန်းများ ပြည်တွင်းဝယ်လိုအားကိုသာ အဓိက အားထားနေရ

**ရဲနောင်၊ ဆွေမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ- ၂၉**

ရန်ကုန်မြို့တွင်ကွန်ဒိုတည်ဆောက်မှု ပိုများလာသော်လည်း ပြည်တွင်းဝယ်လိုအားကိုသာ အဓိကထား ဆောက်လုပ်နေခြင်းဖြစ်ပြီး နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများ၏ ဈေးကွက်မှာကြီးကြီးမားမား မရှိသေးကြောင်းဆောက်လုပ်ရေးလုပ်ငန်းရှင်များထံမှ သတင်းရရှိသည်။

"အခုကွန်ဒိုဈေးကွက်က လူလတ်တန်းစားနဲ့ အထက်တန်းလွှာဝင်ငွေများတဲ့ သူတွေကို အဓိက အားထားနေတာ၊ နိုင်ငံခြားက အမည်ခံဝယ်တာက နည်းပါတယ်"ဟု Naing Group ဆောက်လုပ်ရေးကုမ္ပဏီမှ ဒါရိုက်တာကိုထက်နိုင်ဦးက ပြောကြားသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အထပ်မြင့်(ဓာတ်လှေကားပါ)အဆောက်အအုံ ၆၆ လုံးခန့် တည်ဆောက်ခွင့် ချထားပေးခဲ့ပြီး အထပ်နိမ့်အပါအဝင် ၂၀၂ လုံးခန့် ဆောက်လုပ်ခွင့်ချထားပေးရန် ကျန်ရှိနေသေးကြောင်း အထက်ပါကော်မတီမှ သိရှိရသည်။

နိုင်ငံခြားလုပ်ငန်းရှင်များသည် ရုံးခန်းများ ဖွင့်လှစ်ရန် ငှားရမ်းမှုများနှင့် အမည်ခံဖြင့်ဝယ်ယူမှုများရှိနေသော်လည်း တရားဝင်ဝယ်ယူပိုင်ခွင့် မရှိသေးသည့်အတွက် ပြည်တွင်းဈေးကွက်ကိုသာ အဓိက အားထားနေရကြောင်း တော်ဝင်မိသားစု ဆောက်လုပ်ရေးကုမ္ပဏီ ဥက္ကဋ္ဌဦးကိုကိုထွေးက ပြောသည်။

"ဝယ်လိုအားက နေရာနဲ့ စီးပွားရေး အချက်အချာကျတဲ့ အနေအထားပေါ် မူတည်တယ်"ဟု ၎င်းက ပြောသည်။

လက်ရှိတွင် အာရှနိုင်ငံများမှ လုပ်ငန်းရှင်များက အမည်ခံဝယ်ယူမှုများနေပြီး ဥရောပနိုင်ငံများဘက်ကမူ တရားဝင်ဝယ်ယူနိုင်မှုကို လေ့လာစောင့်ဆိုင်းနေခြင်းများ ရှိနေသည်ဟုထင်ကြောင်း ရွှေမင်းသားအိမ်ခြံမြေ အကျိုးဆောင်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးမြတ်သူဝင်းက ပြောသည်။

"နိုင်ငံခြားသား အများစုက ကိုလိုနီခေတ် အဆောက်အအုံနဲ့ နီးတဲ့နေရာတွေကို စိတ်ဝင်စားမှု ပိုများတယ်" ဟု အိမ်ခြံမြေအကျိုးဆောင်တစ်ဦးက ပြောသည်။

ကွန်ဒိုဈေးကွက်တွင် ဝန်ဆောင်မှုနှင့် အခန်းအကျယ်အဝန်းပေါ် မူတည်ပြီး အမြင့်ဆုံးအနေဖြင့် အငှားဈေးမှာ ပေ ၆၀ ပတ်လည် ကွန်ဒိုတစ်ခန်းလျှင် တစ်လ ကျပ်သိန်း ၂၀ ဝန်းကျင်ရှိပြီး အရောင်းဈေးမှာ တစ်စတုရန်းပေလျှင် ကျပ်နှစ်သိန်းဝန်းကျင်ခန့်ရှိကြောင်း အိမ်ခြံမြေဈေးကွက်မှ သတင်းရရှိသည်။

ဈေးကွက် အလားအလာမှာလည်း နိုင်ငံတော်အစိုးရ၏ မူဝါဒများပေါ် မူတည်၍ ပြောင်းလဲတိုးတက်လာနိုင်ပြီး နိုင်ငံခြားသားဝယ်ယူမှုအပေါ်ကိုလည်းလာမည့်နှစ်များတွင် အားထားနိုင်ရန် မျှော်မှန်းထားကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များကပြောကြားသည်။

ဓာတ်လှေကားပါဝင်ပြီးကွန်ဒိုမဟုတ်သည့် အဆင့်မီတိုက်ခန်း

**စာမျက်နှာ(၃၄)သို့ »**

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၅၄ | ၈၆၄ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၅၄ | ၈၆၄ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၉၄ | ၇၀၆ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၁၂၅ | ၁၁၄၃ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၇. ၇၂ | ၂၇. ၈ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၃၅ | ၁၃၇ | ကျပ် |

၂၀၁၂ ဒီဇင်ဘာ ၃၀ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၁၈၃ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၅၆၄ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၆. ၀၈ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၂၃၁၃ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၄. ၇၅၅ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၂၃ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၆၇. ၄၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၅၉၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၆၀ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၇၇၄. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၁၅. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၁. ၀၃ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၁၁ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၆၃၇ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၁၉၂ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၉၆၁ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၀. ၃၅၆၆ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၈ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၆၅၃. ၀၀ |
| ရေနံစိမ်း | စည် | ၁၁၁. ၁၀ |
| ငွေ | ၁ အောင်စ | ၂၉. ၉၈ |
| ကြေးနီ | ပေါင် | ၃၅၈. ၃၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၄၆ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၂ ဒီဇင်ဘာ ၃၀ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။




Hot Line – ၀၉-၄၃၀-၂၂၂-၂၅ ၀၉-၉၁-၀၀၀-၇၅၃၊ ၀၉-၅၅-၂၂-၁၂၃ ၊ ၀၉-၇၃၀-၁၇၀-၇၃၊ ၀၉-၅၀၂-၁၁-၄၄

7 DAY NEWS JOURNAL
Vol.11, No.43 • JANUARY 3 , 2013

# မွေးမြူရေးငါး အီးယူသို့ နှစ်ဆန်းပိုင်း စတင် တင်ပို့မည်

**သန်းဌေး**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၈**

မြန်မာ့မွေးမြူရေးငါးများကို ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ(အီးယူ)သို့တင်ပို့ရန် စီမံချက်ရေးဆွဲပြီး၍ လာမည့် ဘဏ္ဍာနှစ်ဆန်းပိုင်းတွင် တင်ပို့နိုင်တော့မည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနနှင့် လုပ်ငန်းရှင်များထံမှ သတင်းရရှိသည်။

ယနေ့အထိ မြန်မာ့ပင်လယ်ပြင်မှ ဖမ်းဆီးရမိသော ငါး၊ ပုစွန်များကို အစားအသောက်ဘေးကင်းလုံခြုံရေး ဥရောပစံနှုန်းများနှင့်အညီ စစ်ဆေးပြီးမှသာ အီးယူနိုင်ငံများသို့ တင်ပို့ခွင့်ရရှိနေသည်။ ထို့ကြောင့် မွေးမြူရေး ငါးများကို အီးယူနိုင်ငံများသို့ တင်ပို့ခွင့်ရရှိရန် ဒိန်းမတ်နိုင်ငံမှ အစားအစာဘေးကင်းလုံခြုံရေးဆိုင်ရာ စီမံချက်ရေးဆွဲရေး အကြီးတန်း အကြံပေးဖြစ်သူ ၂၀၁၂ နိုဝင်ဘာလတွင် မြန်မာနိုင်ငံသို့ လာရောက်ကာသင်တန်းပေးခဲ့သည်။

"စီမံချက်ရေးဆွဲပြီးပြီ။ လူကြီးတွေကိုလည်း တင်ပြပြီးပြီ။ လုပ်ငန်းရှင်တွေက ပူးပေါင်းဆောင်ရွက်မှ စီမံချက်အောင်မြင်မှာ။ မြန်မာ့မွေးမြူရေးငါးတွေကို စားသုံးသူတွေ အန္တရာယ်မဖြစ်ရအောင် အီးယူက စစ်ဆေးတဲ့အခါကုန်ကျစရိတ်တွေရှိတယ်။ အဲဒါကိုလုပ်ငန်းရှင်တွေက အကုန်အကျခံဖို့ ညှိနေပါတယ်" ဟုငါးလုပ်ငန်းဦးစီးဌာန၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်မှတ်ထုတ်ပေးရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်ဝေက ပြောသည်။

အီးယူက တားမြစ်ထားသော ဆေးဝါးများကို မွေးမြူရေးငါးကန်များတွင် မသုံးစွဲဘဲ ကောင်းမွန်သောမွေးမြူရေးကျင့်စဉ် (ဂျီအေပီ) ဖြင့် စနစ်တကျမွေးမြူထားပြီး အီးယူအဆင့်မီ အအေးခန်းသိုလှောင်ရုံများတွင်ထားကာ အဆင့်ဆင့်စစ်ဆေးခံပြီးမှသာ တင်ပို့ခွင့်ရမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

"ကျွန်တော်တို့မွေးထားတဲ့ ငါးတွေကို အီးယူကိုပို့မယ်ဆို အဆင်ပြေပါတယ်။ ပို့ခွင့်ရဖို့ စည်းမျဉ်းစည်းကမ်းတွေအတိုင်း လိုက်လုပ်ပေးရမှာပေါ့။ စစ်ဆေးမယ့် တချို့ကိရိယာတွေက မြန်မာမှာမရှိဘူး။ ထိုင်းမှာစစ်ဖို့တော့ကုန်ကျစရိတ်များမယ်။ အန်ကယ်တို့ ငါးကန်တွေက ရေမိုးစစ်ဆေးခံရမှာပေါ့။ ကျွေးတဲ့အစာတွေလည်း အစစ်ဆေးခံရမှာပေါ့။ လေယာဉ်နဲ့ပို့ပြီးစစ်တာတွေ၊ တချို့အချက်အလက်တွေကိုတော့ အီးမေးလ်နဲ့ အပြန်အလှန်ပို့ပေးရတာတွေ ရှိမှာပါ" ဟုမြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးသန်းလွင်က ပြောသည်။

ထိုကဲ့သို့ မွေးမြူရေးငါးများကို ဂျီအေပီစနစ်အတိုင်းမွေးမြူကာကန်မှဖော်ယူပြီးမှသာ အီးယူသို့တင်ပို့ရန် သယ်ယူ၊ သိုလှောင်ခြင်းနှင့် လိုအပ်သော အခြားအဆင့်ဆင့်တို့ကို အီးယူစံနှုန်းနှင့်အညီ ပြည်ပသို့တင်ပို့သူများက ဆောင်ရွက်ပေးရန် အဆင့်သင့်ရှိနေကြောင်းပြည်ပသို့မွေးမြူရေးငါးများတင်ပို့နေသော ဂျီအက်ဖ်တီအိုင်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးမျိုးညွန့်ကပြောသည်။

"ကျွန်တော်တို့စက်ရုံတွေက အီးယူအဆင့်အတန်းမီ လက်မှတ်ရပြီးပြီ။ မွေးမြူရေးငါးတွေ အီးယူပို့ဖို့ကတော့ အဲဒီငါးတွေ ဘယ်လိုမွေးတယ်။ ဘယ်လို အစာတွေကျွေးတယ်။ ဓာတုဆေးဝါးဓာတ်ကြွင်းတွေ ကင်းစင်တယ်ဆိုတာ စိစစ်ကွပ်ကဲနေတယ်ဆိုတဲ့ စနစ်တွေပြည့်စုံရင် ပို့လို့ရပြီ" ဟု၎င်းကပြောသည်။

အဆိုပါစစ်ဆေးမှုများတွင် ကုန်သေတ္တာတစ်လုံးစာအတွက် ကျပ်ငွေငါးသိန်းခန့် ကုန်ကျနိုင်ကြောင်း သိရှိရပြီး မွေးမြူသူ၊ တင်ပို့သူနှင့် ငါးဦးစီးမှ စီစဉ်စစ်ဆေးပေးသူများ ညှိနှိုင်းပြီးပါက မြန်မာ့မွေးမြူရေးငါးများ လာမည့် ဘဏ္ဍာနှစ်အစတွင် အီးယူသို့တင်ပို့နိုင်တော့မည်ဖြစ်ကြောင်းသတင်းရရှိသည်။



ငါးဈေးကြီးတွင် မွေးမြူရေးငါးမြစ်ချင်းများအား ကားပေါ်တင်နေစဉ် ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# နယ်စပ်မှရွှေများ ပြည်တွင်းဈေးကွက်သို့ ဝင်ရောက်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၈**

ပြည်တွင်းရွှေဈေးနှုန်းများသည် နယ်စပ်ပေါက်ဈေးနှင့်ယှဉ်လျှင် ဈေးများနေသဖြင့် ပြည်တွင်းဈေးကွက်သို့နယ်စပ်ရွှေများပြန်လည်ဝင်ရောက်နေကြောင်း သတင်းရရှိသည်။

"ဈေးနိမ့်နေတော့ အရပ်ဘက်က အဝယ်လိုက်တယ်။ ဈေးက တက်ရိပ်ပြနေပေမယ့် ပြန်ထုတ်ရောင်းတဲ့သူမရှိသေးဘူး။ ဒီရက်ပိုင်းမှာဈေးတွေကပြည်တွင်းဈေးကမြင့်နေတာကြောင့်တရုတ်နယ်စပ်ဘက်ကရွှေတွေ ပြန်ဝင်နေတယ်" ဟု အပိုင်းဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်သူတစ်ဦးက ပြောသည်။

လက်ရှိ ပြည်တွင်းရွှေဈေးကွက်မှာ နယ်စပ်ပေါက်ဈေးနှုန်းများနှင့်နှိုင်းယှဉ်လျှင် ကျပ်၅,၀၀၀ ဝန်းကျင် ဈေးမြင့်နေသဖြင့် ယခုကဲ့သို့ ပြင်ပရွှေများ ဝင်ရောက်လာခြင်းဖြစ်သည်။

ကမ္ဘာ့ရွှေဈေးနှုန်းများမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ၁,၆၅၀ ဒေါ်လာနှင့် ၁,၆၆၀ ဒေါ်လာကြားတွင် ဈေးနှုန်းအတက်အကျ ဖြစ်နေပြီး ပြည်တွင်းရွှေဈေးနှုန်းများမှာ ကျပ် ၁၀,၀၀၀ အတွင်း အတက်အကျ ဖြစ်နေသည်။

သို့သော် ရွှေဈေးနှုန်းမှာ ဈေးအနိမ့်ပိုင်းတွင်သာ ရှိနေ၍ အပိုင်း၊ ဖြက်စနှင့် အထည်ဈေးကွက်သုံးမျိုးလုံးတွင် ဝယ်လိုအားမှာ ကောင်းနေဆဲဖြစ်ကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များက ပြောသည်။

"ရွှေဝယ်လို အားတွေက ကောင်းနေတယ်။ ဒီရက်ပိုင်းမှာ ဈေးတွေကလည်း တက်ရိပ်ပြတာတွေရှိတော့ ဝယ်လိုအားက ပိုကောင်းနေတယ်" ဟု ရွှေလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ပြည်တွင်းရွှေဈေးနှုန်းများမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ၇၅၈,၀၀၀ ကျပ် ဝန်းကျင်တွင် ရှိနေသည်။

စာမျက်နှာ(၃၃)မှ

## တန်ဖိုးမြင့် ကွန်ဒိုခန်းများ ပြည်တွင်းဝယ်လိုအားကိုသာ အဓိကအားထားနေရ

များတွင် ပေ ၁၂×၅၀ ခြောက်ထပ်အမြင့်ခန်းဖြစ်သော်လည်း ကျပ်သိန်း ၁,၂၀၀ ဝန်းကျင်ခန့်ဈေးရှိပြီး စမ်းချောင်းမြို့နယ်ရှိ မြေညီထပ် ပေ ၂၅×၅၀ အခန်းဈေးနှုန်းမှာ ကျပ်သိန်း ၁,၃၀၀ ဝန်းကျင်ခန့်ပင်ရှိနေကြောင်း စမ်းချောင်းမြို့နယ်မှ အိမ်ခြံမြေအကျိုးဆောင်တစ်ဦးက ပြောသည်။

ကွန်ဒိုတိုက်ခန်း ဆောက်လုပ်မှုအားကောင်းလာခြင်းနှင့်အတူ တန်ဖိုးနည်း အိမ်ရာတည်ဆောက်နေခြင်းများလည်း ရှိနေပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနများမှ တန်ဖိုးနည်းအိမ်ရာ စီမံကိန်းများကိုပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ ဖော်ဆောင်မှုများ လည်း ရှိနေကြောင်း သိရသည်။



7 DAY NEWS JOURNAL
Vol.11, No.43 • JANUARY 3 , 2013

# Commodity Watch

## စားအုန်းဆီဈေး အနည်းငယ်တက်



ဓာတ်ပုံ-ထက်ပိုင်ဖြိုး(ဇဝန)

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၉**

စားအုန်းဆီဈေးနှုန်းများသည် ဆယ်ရက်အတွင်း တစ်ပိဿာလျှင် ကျပ် ၅၀ (တစ်ပီပါလျှင် ၅၅၀၀ ကျပ်)ဝန်းကျင်တက်လာခဲ့ကြောင်း စားအုန်းဆီဈေးကွက်မှ သတင်းရရှိသည်။

"ဆီဈေးတွေမြင့်တက်လာတာက နိုင်ငံခြားဈေးတက်ရိပ်ပြလာတော့ အဝယ်လိုက်လာတာကြောင့်လည်း ပါတယ်။ မလေးရှားဘက်လည်းအခွန်ပြန်ကောက်မယ်ဆိုတဲ့ သတင်းတွေကြောင့်လည်းပါတယ်" ဟု ဆီကုန်သည်တစ်ဦးက ပြောသည်။

ဒီဇင်ဘာ ၁၉ ရက်တွင် စားအုန်းဆီ တစ်ပိဿာလျှင် ၁၃၂၀ ဝန်းကျင်သာ ရှိနေရာမှ ဒီဇင်ဘာ ၂၈ ရက်တွင် တစ်ပိဿာ ၁၃၇၀ ကျပ်ထိဈေးနှုန်းများမြင့်တက်လာခဲ့သည်။

"ဈေးတက်တာက နိုင်ငံခြားဈေးတွေတက်လာတာထက်ပြည်တွင်းက ကုန်သည်တွေ ဈေးကွက်ကစားတာတွေကြောင့်လည်း ပါတယ်။ ဆိပ်ကမ်းရောက်ဈေးတွေက တောက်လျှောက်မတက်ဘဲ ဒီဘက်ဈေးကွက်က ဈေးတွေပဲ အတက်အကျဖြစ်နေတာကြောင့်လည်း ပါတယ်" ဟု ဆီအရောင်းအဝယ်ပြုလုပ်နေသော ကုန်သည်တစ်ဦးက ပြောသည်။

စားအုန်းဆီဈေးကွက်တွင် ကြိုရောင်းကြိုဝယ် ကိစ္စများရှိနေပြီး ယင်းဈေးကွက်မှ ကုန်သည်များ ဈေးကစားခြင်းကြောင့်လည်း ဈေးနှုန်းပြောင်းလဲမှုများ ဖြစ်ပေါ်လေ့ရှိသည်။ ယင်းကြိုပွဲငှင့်ဈေးကွက်မှာ ပဲဈေးကွက်ကဲ့သို့ ဈေးကွက်မကြီးသော်လည်း ဈေးနှုန်းပြောင်းလဲမှုများကြောင့်ကျပ်သိန်းဆယ်ချီ၍ အရှုံးပေါ်မှုများလည်း ဖြစ်လေ့ရှိသည်။

ကြိုပွဲငှင့်ဖြင့် ရောင်းချထားသော ဈေးနှုန်းများမှာ ဇန်နဝါရီပေးဆိုလျှင် တစ်ပိဿာ ၁,၃၈၀ ကျပ်ရှိပြီး မတ်လပေးအတွက်ဆိုလျှင် တစ်ပိဿာ ၁,၄၁၀ ကျပ် ရှိသည်။ ထို့ကြောင့် စားအုန်းဆီဈေးနှုန်းများမှာ လာမည့်လများတွင် လက်ရှိဈေးနှုန်းများထက်မြင့်တက်နိုင်သည့် အနေအထားများတွင် ရှိနေကြောင်း စားအုန်းဆီ လုပ်ငန်းရှင်များက ခန့်မှန်းပြောသည်။

## စာ(၄၂) ကျွန်းစုကမ္ဘာ တနင်္သာရီဒေသနှင့် အဏ္ဏဝါခရီးသွားအလားအလာ မှ

တနင်္သာရီတိုင်းဒေသကြီးအား ပင်လယ်အခြေပြု ခရီးသွားလုပ်ငန်းရပ်ဝန်းတစ်ရပ်အဖြစ် လုပ်ကိုင်ရန်အတွက် သယ်ယူပို့ဆောင်ရေးတွင် လေကြောင်းနှင့် ရေလမ်းခရီးသာမက တောင်ဘက်စွန်းဒေသများအထိ ပေါက်ရောက်နိုင်သည့် သုံးရာသီသွားလာနိုင်သော ကားလမ်းများ ဖောက်လုပ်ပေးရမည်ဖြစ်သည်။ ထို့အပြင် ပင်လယ်ပြင်အတွင်းရှိ ကျွန်းအများစုသို့ သွားရောက်ခွင့်ကို အစိုးရအနေဖြင့် လမ်းဖွင့်ပေးရန်လိုအပ်ပြီး တပ်မတော်(ရေ) အနေဖြင့်လည်း ယခုထက်ပိုမိုကာ ပင်လယ်ပြင်ကို စိုးမိုးရန်လိုအပ်ကြောင်း ဦးဖြိုးဝေရာဇာက သုံးသပ်သည်။

ကမ္ဘာတစ်ဝန်းမှ မြန်မာနိုင်ငံအား ကျောခိုင်းနေရာမှ ပြန်လည်ခြေဦးလှည့်လာချိန်တွင် ချွတ်ခြုံကျနေသော နိုင်ငံစီးပွားရေးအား ကုစားနိုင်ရန် အတွက်ပင်လယ်အခြေပြုခရီးသွားလုပ်ငန်းကိုကမ္ဘာ့ဈေးကွက်သို့ အချိန်မီတင်ပို့ရန် လိုအပ်နေသည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 103,500 |
| Galaxy GIO | 123,500 |
| Galaxy Ace | 154,000 |
| Galaxy Ace Plus | 185,000 |
| Galaxy Ace 2 | 224,000 |
| Galaxy S Advance | 268,000 |
| Galaxy S2 | 328,000 |
| Galaxy S3 | 435,000 |
| Galaxy Note II | 498,000 |
| Galaxy Tab 7.1 | 295,000 |

**YANGON MOBILE ဆိုင်မှ ဈေးနှုန်းများဖြစ်သည်။**

### HTC

| Model | Price |
|---|---|
| Explorer | 114,000 |
| Desire One V | 260,000 |
| Desire VC | 240,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (64 GB) | 790,000 |
| iPhone 5 (32 GB) | 730,000 |
| iPhone 4S (64 GB) | 690,000 |
| iPhone 4S (32 GB) | 645,000 |
| iPhone 4S (16 GB) | 554,000 |

### Huawei

| Model | Price |
|---|---|
| C 8800 | 87,000 |
| C 8812 | 110,000 |
| C 8810 | 97,000 |
| U 8818 D | 110,000 |
| C 8825 D | 124,000 |
| U 8836 D | 169,000 |
| U 8825 D | 116,000 |
| C 8950 D | 170,000 |
| U 8950 D | 162,000 |
| Ascend P1 | 268,000 |

**ဒီဇင်ဘာ(၂၈) ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။**

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Toshiba (LCD) | 32BX10T | 210,000 |
| Panasonic(LCD) | 32SC4S | 235,000 |
| Sony (LCD) | 35BX | 240,000 |
| Toshiba (TV) | LZE 21-28 | 100,000 |
| **DVD** | | |
| EVD (coeco) | 8082 | 20,000 |
| EVD(Sony) | DVK75 | 20,000 |
| I-MAX | DVD-SR81220XDM2 | 28,500 |
| EVD (AEK) | HDMI | 27,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 160,000 |
| Hitachi | 190W | 215,000 |
| Panasonic | NR.BT224 | 220,000 |
| **Washing** | | |
| Samsung | $WA85V_3$ | 145,000 |
| Samsung | WT8J | 165,000 |
| **Aircon** | | |
| Chigo | 1.0HP | 180,000 |
| Mitsubishi | 1.0HP | 225,000 |
| Samsung | 1.0HP | 180,000 |

**အထက်ပါဈေးနှုန်းများမှာ ဒီဇင်ဘာ(၂၉) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။**

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၃၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၆၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၉၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၈ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၅ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၉၃ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၂၂၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၁,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၀၀၀ |
| ကျောက် | တစ်ကျင်း | ၄၀,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၀၀-၆၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၉၀၀ |
| Posco ကြယ်စိမ်း (၆၊၇၊၈ ပေ) | ၁ ပေနှုန်း | ၄၆၀ |
| Posco ကြယ်စိမ်း (၉၊၁၀ ပေ) | ၁ ပေနှုန်း | ၄၆၅ |
| Posco ကြယ်စိမ်း (၁၁၊၁၂ ပေ) | ၁ ပေနှုန်း | ၄၇၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ ၆၊၇၊၈၊၉၊၁၀၊၁၁၊၁၂) | ၁ ပေ | ၅၃၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင် ၆၊၇၊၈) | ၁ ပေနှုန်း | ၂၅၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

**အထက်ပါဈေးနှုန်းများမှာ ဒီဇင်ဘာ(၂၉) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။**

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၇၀၀-၁,၇၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၉၀၀-၁,၃၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၆၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၄၅၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၁,၁၀၀-၁,၃၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀-၁,၈၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀-၁,၂၅၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၂၀၀ |
| အာလူး | တစ်ပိဿာ | ၆၀၀-၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၀၀-၇၂၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၀၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၅၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၅၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၅,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀-၄၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၅၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၃၀၀-၁,၈၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၄၀၀-၃,၂၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၄,၅၀၀-၃၆,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၄၀၀-၃,၂၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၈၀၀-၄,၅၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၅,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

**ဒီဇင်ဘာ(၂၈)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။**

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ | ဒီဇယ် | Octane | Premier |
|---|---|---|---|---|
| Dec(23) | 3,650 | 3,950 | 4,000 | 4,000 |
| Dec(24) | 3,650 | 3,950 | 4,000 | 4,000 |
| Dec(25) | 3,650 | 3,950 | 4,000 | 4,000 |
| Dec(26) | 3,650 | 3,950 | 4,000 | 4,000 |
| Dec(27) | 3,650 | 3,950 | 4,000 | 4,000 |
| Dec(28) | 3,650 | 3,950 | 4,000 | 4,000 |
| Dec(29) | 3,650 | 3,950 | 4,000 | 4,000 |

**ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှုအနည်းငယ် ရှိနိုင်သည်။**

## Note Book

| | |
|---|---|
| **Acer** | |
| Intel 1.86 GHz, 2GB DDR3, 320GB HDD, 10.1" | 253,500 |
| Intel 1.5 GHz, 2GB DDR3, 320GB HDD, 11.6" | 254,000 |
| Intel 1.7 GHz, 6GB DDR3, 500GB HDD, HD, 14" | 760,000 |
| Intel 2.5 GHz, 4GB DDR3, 750GB HDD, HD, 14" | 645,000 |
| **MSI** | |
| Intel 2.1 GHz, 2GB DDR3, 320GB HDD, 1GB VGA,14" | 400,000 |
| Intel 2.1 GHz, 2GB DDR3, 500GB SATA, HD, 14" | 435,000 |
| Intel 2.5 GHz, 4GB DDR3, 500GB SATA,HD, 14" | 574,000 |
| Intel 2.5 GHz, 2GB DDR3, 500GB HDD, 1GB VGA, 14" | 550,000 |
| **Asus** | |
| Intel 2.4 GHz, 4GB DDR3, 500GB HDD, 1GB VGA,14" | 433,000 |
| Intel 2.4 GHz, 2GB DDR3, 500GB HDD, HD, 14" | 379,000 |
| Intel 2.4 GHz, 4GB DDR3, 750GB HDD, 2GB VGA, 14" | 709,000 |
| Intel 2.3 GHz, 4GB DDR3, 1TB HDD, 2GB VGA, 14" | 853,500 |

7DAY NEWS JOURNAL
Vol.11, No.43 • JANUARY 3 , 2013

ကျွန်တော် ကုလသမဂ္ဂ လက်ထောက်အထွေထွေ အတွင်းရေးမှူးတာဝန်ထမ်းဆောင်နေတုန်းက အထူးသဖြင့် သာမန်လူထု လူတန်းစားကလူတွေနဲ့ ပြောဆိုဆက်ဆံရပြီ ဆိုရင်ကျွန်တော်အမေးခံရတဲ့ အခက်အခဲဆုံးမေးခွန်း တစ်ခုကတော့ "ကမ္ဘာကြီးကို တိုးတက်အောင်လုပ်ဖို့ အရေးအကြီးဆုံးတစ်ခုတည်းသောအရာက ဘာလဲ" ဆိုတာပဲ ဖြစ်ပါတယ်။



# ကျောင်းသူများနှင့် ကမ္ဘာ

ကြည်နေဝင်းမင်း

ဒီလိုမေးခွန်းမျိုးဆိုတာ တိုက်ရိုက်အကျဆုံး ပြောဆိုဆက်ဆံနိုင်သူတွေဆီကတောင် ဗျူရိုကရက်ညဉ်ကိုပေါ်ထွက်လာစေပါတယ်။ အကြောင်းကတော့ လူသားတစ်ရပ်လုံး ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေရဲ့ ရှုပ်ထွေးပွေလီမှုကို ရှင်းပြဖို့ လိုအပ်တယ်လို့ ခံစားရလို့ပဲ ဖြစ်ပါတယ်။ ရည်မှန်းချက်တွေ အများကြီးထဲက တစ်ခုတည်းကို ရွေးထုတ်လို့ မဖြစ်နိုင်တာ၊ ငြိမ်းချမ်းရေးအတွက် ရုန်းကန်ရတာ၊ ဆင်းရဲမွဲတေမှု တိုက်ဖျက်နေရတာ၊ ရောဂါဘယတွေ ကင်းစင်အောင် လုပ်ဆောင်နေရတာ၊ ဒါတွေအားလုံးကို ဦးစားပေး မထားနိုင်ဘဲ လုပ်ဆောင်နေရတာ စသဖြင့် စသဖြင့် စိတ်တွေ ထုံကျဉ်နောက်ကျိသွားတဲ့အထိပေါ့။

အဲဒီလို သတိပေးစကားတွေ အထပ်ထပ်ပြောပြီးတဲ့ နောက်မှာတော့ အထက်ပါ ဖြေဖို့ မဖြစ်နိုင်လောက်တဲ့ မေးခွန်းရဲ့ အဖြေကို စွန့်စွန့်စားစား ဖြေကြည့်ပါတယ်။ ဒါပေမဲ့ အခုဆိုရင် ကျန်တာတွေအားလုံးထက် ဦးစားပေးပြီး တစ်ခုပဲ ရွေးချယ်ရမယ်ဆိုရင်တော့ စကားလုံး နှစ်လုံးတည်းပဲ ကျွန်တော် ဖြေပါတယ်။ "မိန်းကလေးတွေကိုပညာသင်ပေး" ဆိုတာပါပဲ။

အဲဒီလောက်ကို ရိုးစင်းပါတယ်။ အမျိုးသမီးငယ် ကျောင်းသူတွေကိုပညာသင်ကြားပေးခြင်းထက် လူသားမျိုးနွယ်အတွက် ပိုကောင်းအောင် လုပ်ပေးနိုင်တဲ့ လုပ်ရပ်မရှိပါဘူး။ ပညာရှင်တွေရဲ့ လေ့လာမှုတွေ သုတေသန စီမံကိန်းတွေကလည်း ကျွန်တော်တို့ရင်ထဲမှာ သိနေတဲ့အကြောင်းအရာကို အတည်ပြုထားကြပြီဖြစ်ပါတယ်။ ယောကျ်ားလေးတစ်ယောက်ကို ပညာသင်ပေးရင် လူတစ်ယောက်ကိုပဲ ပညာသင်ခြင်းမည်ပါတယ်။ မိန်းကလေးတစ်ယောက်ကို ပညာသင်ပေးရင် မိသားစုတစ်ခုကို ပညာသင်ပေးခြင်းမည်ပြီး လူ့အဖွဲ့အစည်းတစ်ရပ်လုံးကို အကျိုးဖြစ်ထွန်းပါတယ်။

အထောက်အထားတွေ အများကြီး ရှိပါတယ်။ မိခင်တွေ ကျောင်းပညာတတ်မြောက်မှုမြင့်မားတယ်ဆိုရင် သူ့ကလေးတွေရဲ့ ကျန်းမာရေး၊ ပညာရေးနဲ့ လူကြီးဘဝ လုပ်နိုင်ကိုင်နိုင်စွမ်းအပေါ် တိုင်းတာလို့ရအောင် သက်ရောက်မှုရှိပါတယ်။ ပညာတတ်မိခင်တွေရဲ့ ကလေးတွေဟာ ပညာတတ်ဖခင်တွေနဲ့ စာမတတ်၊ ပေမတတ် မိခင်တွေက ပေါက်ဖွားတဲ့ကလေးတွေထက် အစဉ်အဆက်ပိုပြီး ထက်မြက်ကြပါတယ်။ သာမန်အားဖြင့် ကြည့်ရင်လည်း ကလေးတွေဟာ မိခင်တွေနဲ့ ထိတွေ့ဆက်ဆံချိန် ပိုပြီးများတဲ့အတွက် ဒါဟာ အံ့သြစရာ မဟုတ်ပါဘူး။

ခြောက်နှစ်လောက် ကျောင်းပညာသင်ကြားခဲ့ရတဲ့ အမျိုးသမီးငယ်တစ်ဦးဟာ ဆရာဝန်နဲ့ တွေ့ဆုံဆွေးနွေး အကြံဉာဏ်ယူဖို့၊ သူ့ကလေးတွေကို ကာကွယ်ဆေးတွေ ထိုးဖို့ အခြေခံပိုကောင်းပြီး လက်ဆေးတာကနေ ရေကိုကျိုချက်သောက်ဖို့အထိ ကျန်းမာရေး အလေ့အကျင့်တွေ အရေးကြီးတယ်ဆိုတာ ပိုပြီး သတိထားမိတတ်ကြပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO)ရဲ့ လေ့လာမှု တစ်ခုမှာ "အာဖရိကတိုက်တွင် ကျောင်းပညာရေး ငါးနှစ်သင်ကြားခဲ့ရသော မိခင်များ၏ ကလေးများသည် အသက် ၅ နှစ်နှင့်အထက် အသက်ရှင်ကျန်နိုင်ရန် အလားအလာ ၄၀ ရာခိုင်နှုန်း ပိုများသည်" လို့ ဖော်ပြထားပါတယ်။

ယေးလ်တက္ကသိုလ် လေ့လာမှုတစ်ရပ်မှာလည်း အခြေခံပညာတတ်မြောက်ခဲ့တဲ့ မိခင်တွေရဲ့ မွေးကင်းစကလေးငယ်အရပ်နဲ့ ခန္ဓာကိုယ် အလေးချိန်ဟာ စာမတတ်၊ ပေမတတ် မိခင်တွေရဲ့ ကလေးတွေထက် ပိုများတယ်လို့ ဆိုထားပါတယ်။ ယူနက်စကိုအဖွဲ့ စီမံကိန်းတစ်ရပ်မှာလည်း မိခင်တစ်ယောက် ကျောင်းပညာရေး တစ်နှစ်ပိုသင်ရတိုင်း၊ မွေးဖွားခါစ ကလေးငယ် သေဆုံးနိုင်ခြေ ၅ ရာခိုင်နှုန်းကနေ ၁၀ ရာခိုင်နှုန်း လျော့နည်းသွားတယ်လို့ ဆိုပါတယ်။

ပညာရေးကြောင့် ရရှိတဲ့ ကျန်းမာရေးအကျိုးကျေးဇူးတွေဟာ ကလေးမွေးဖွားတာ၊ ကလေးငယ် ကျန်းမာရေးဆိုတဲ့ ကိစ္စတွေထက် ပိုပါတယ်။ ကျောင်းနေဖူးတဲ့မိန်းကလေးတွေထက် ကျောင်းမနေဖူးတဲ့ မိန်းကလေးတွေ ကြားထဲမှာ အေအိုင်ဒီအက်စ် ရောဂါပျံ့နှံ့မှု နှစ်ဆ ပိုများတယ်ဆိုပြီး ဇမ်ဘီယာနိုင်ငံမှာ ပြုလုပ်ခဲ့တဲ့ လေ့လာမှုတစ်ရပ်မှာ တွေ့ရှိခဲ့ပါတယ်။ ပညာတတ်မိန်းကလေးတွေဟာ စောစောစီးစီးလည်း အိမ်ထောင်မပြုတတ်ကြဘဲ ကိုယ့်ထက် အသက်ကြီးတဲ့ ယောကျ်ားတွေရဲ့ စော်ကားခံရဖို့လည်း အလားအလာ ပိုနည်းပါတယ်။ ဒါ့အပြင် ပညာတတ်အမျိုးသမီးတွေဟာ ကလေးနည်းနည်းပဲ ယူတတ်ကြပြီး ကလေးပြုစုစောင့်ရှောက်ချိန်ရအောင် သားဆက်ခြားတာကိုစနစ်တကျလုပ်ဆောင်ကြပါတယ်။ လေ့လာမှုတစ်ခုမှာလည်း အခြေခံပညာ ၇ နှစ် သင်ကြားခဲ့တဲ့ အမျိုးသမီးတွေဟာ ကျောင်းမနေဖူးတဲ့ အမျိုးသမီးတွေထက် ကလေး ၂၊ ၃ ယောက် လျော့ပြီး ယူကြတယ်လို့ ဆိုပါတယ်။

ကမ္ဘာ့ဘဏ်ကလည်း သူ့ထုံးစံအတိုင်း သင်္ချာနဲ့တကွ တိတိကျကျ တွက်ချက်ထားရာမှာ ကျောင်းပညာရေး လေးနှစ်ပိုတက်တိုင်း မိခင်တစ်ဦးရဲ့ ကလေးမွေးနှုန်း တစ်ယောက်နည်းသွားတယ်လို့ ဖော်ပြထားပါတယ်။ ဒါကြောင့်လည်း အိန္ဒိယနိုင်ငံ ကီရာလာပြည်နယ်မှာ ဇနီးမောင်နှံတစ်စုံ၊ ကလေး ၁ ဒသမ ၇ ဦးနှုန်း ရှိနေပေမယ့် ဘီဟာပြည်နယ်မှာ ဇနီးမောင်နှံတစ်စုံ ကလေး လေးဦးနှုန်းထက် ကျော်ပါတယ်။ အကြောင်းကတော့ ကီရာလာပြည်နယ်က အမျိုးသမီး အများစုဟာ ပညာတတ်ပြီး ဘီဟာပြည်နယ် အမျိုးသမီးထက်ဝက်လောက်ဟာ ကျောင်းမတက်ခဲ့ကြလို့ပဲ ဖြစ်ပါတယ်။ အထက်တန်းကျောင်းပညာတတ်တဲ့ မိန်းကလေးပိုများလေ၊ တိုင်းပြည်ရဲ့ တစ်ဦးချင်းဝင်ငွေ ဖွံ့ဖြိုးတိုးတက်မှု ပိုများလေလို့လည်း ကမ္ဘာ့ဘဏ် လေ့လာတွေ့ရှိချက်က ဆိုထားပါတယ်။

ဒါ့အပြင် အမျိုးသမီးတွေဟာ အခြားအမျိုးသမီးတွေဆီက သင်ယူလေ့လာတတ်ကြပါတယ်။ ဒါကြောင့်လည်း ပညာမတတ်တဲ့ အမျိုးသမီးတွေဟာ ပညာတတ်တဲ့ အမျိုးသမီးတွေရဲ့ အောင်မြင်မှုကို အားကျကြပါတယ်။ နောက် အမျိုးသမီးတွေဟာ သူတို့ရတဲ့ဝင်ငွေကို မိသားစုအတွက် ပိုပြီး သုံးစွဲကြပါတယ်။ ယောကျ်ားတွေကတော့ အဲဒီလို လုပ်ချင်မှ လုပ်တာပါ။ (တကယ်တော့ အိန္ဒိယနိုင်ငံ ကျေးလက်က ထန်းရည်ဆိုင်တွေဟာ ကိုယ့်အတွက် ကိုယ်သုံးဖြုန်းတဲ့ ယောကျ်ားတွေကြောင့် တွင်ကျယ်နေတာပါ)။ နောက် ပညာတတ်မိန်းကလေးတွေ လယ်ကွင်း၊ စိုက်ခင်းတွေမှာ အလုပ်လုပ်ကြတဲ့အခါမှာ သူတို့ရဲ့ ကျောင်းပညာဗဟုသုတကြောင့် စိုက်ပျိုးရေး ကုန်ထုတ်လုပ်မှု ပိုမိုတိုးတက်လာပြီး အာဟာရချို့တဲ့မှု ပြဿနာကျဆင်းလာပါတယ်။ ဒါကြောင့် မိန်းကလေးတစ်ယောက်ကိုပညာသင်ပေးရင် လူ့အဖွဲ့အစည်းကို အကျိုးပြုခြင်း မည်ပါတယ်။

ဒါပေမဲ့လည်း ဝမ်းနည်းစရာကောင်းတာက ကမ္ဘာ့နိုင်ငံတွေက မိန်းကလေးတွေကိုပညာသင်ပေးရေး စိန်ခေါ်မှုမှာ အလျင်စလို မပါဝင်ချင်ကြပါဘူး။ ဖွံ့ဖြိုးဆဲကမ္ဘာမှာ မိန်းကလေးတွေဟာ ပညာ သင်ကြားခွင့်ရကြရာမှာ ယောကျ်ားလေးတွေ နောက်ရောက်နေဆဲဖြစ်ပါတယ်။ ခန့်မှန်းခြေအားဖြင့် ကမ္ဘာပေါ်က မိန်းကလေး ၆၅ သန်းဟာ ကျောင်းခန်းထဲ မရောက်ဖူးကြပါဘူး။ သူတို့ကို ပညာမသင်ပေးနိုင်တာဟာ သင်ပေးနိုင်တာထက် ကမ္ဘာကြီးကို ကုန်ကျစရိတ် ပိုများစေပါတယ်။



*—Ref: A World of Schoolgirls*

*By; Shashi Tharoor*

7DAY NEWS JOURNAL
Vol.11, No.43 • JANUARY 3 , 2013




ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)








# ထာဝရအလင်းတန်းများရဲ့ အကယ်ဒမီည





**အေးသူစံ**

ရန်ကုန်မြို့တွင် ဒီဇင်ဘာ ၃၀ ရက်က ပြန်လည်ကျင်းပခဲ့သော ၂၀၁၁ ခုနှစ်အတွက်မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲတွင် ဇာတ်ကားတစ်ကားတည်းက ထူးချွန်ဆုရှစ်ဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြင့် "ထာဝရအလင်းတန်းများ" ရုပ်ရှင်ဇာတ်ကားမှာ ဆုအများဆုံးရသောစံချိန်သစ်တင်နိုင်ခဲ့သည်။

သို့သော် ယင်းဇာတ်ကားမှာ ၁၉၉၉ ခုနှစ်က တရုတ်ရုပ်ရှင်ဒါရိုက်တာ ကျန်ရီမူ ရိုက်ကူးခဲ့ သည့် The Road Home ရုပ်ရှင်ဇာတ်ကား၏ ဇာတ်ကွက်အချို့၊ အချို့ဇာတ်ဝင်ခန်းချင်းဆင်တူနေကြောင်း ရုပ်ရှင်ချစ်သူ ပြည်တွင်းပြည်ပပရိသတ်များ၏ ဝေဖန်ပြောဆိုမှုများ ထွက်ပေါ်နေသည်။

"တရုတ်ကားနဲ့ ဇာတ်လမ်းချင်း တူတယ်။ ဒါ ညာလို့မရဘူး။ မှီငြမ်းတာပါပဲ။ ဒါပေမဲ့ မြန်မာမှုပြုတာပါ။ တိုက်ရိုက်ကော်ပီတော့ မပါပါဘူး" ဟု အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုရရှိခဲ့သည့် ထုတ်လုပ်သူ ဦးဇော်မြင့်က တုံ့ပြန်ပြောကြားသည်။

'ထာဝရအလင်းတန်းများ' ရုပ်ရှင်ဇာတ်ကား၏ ဇာတ်လမ်းကို ကာတွန်းမိုးကြိုးက ရေးသားခဲ့ပြီး ဇာတ်ညွှန်းကို ဦးမြင့်ဆောင်နှင့် စိုးကျော်ဆန်းတို့က ပူးတွဲရေးသားခဲ့သည်။

ယင်းဇာတ်လမ်းကို ရိုက်ကူးရန် ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)က လွန်ခဲ့သည့် ၁၅ နှစ်ဝန်းကျင်ကတည်းက ဒါရိုက်တာထွန်းအောင်ဇော်ကို တိုက်တွန်းခဲ့သည်။ အထူးသဖြင့် အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုရရှိခဲ့သော မယ်လိုဒီ၏ အကယ်ဒမီဆုထိုက်တန်သည့် ပြကွက်များဖြစ်သည့် ရွာသို့ ကျောင်းဆရာအသစ်အဖြစ် ရောက်လာစဉ်


**အချပ်ပို(D)သို့**



7 DAY NEWS JOURNAL
Vol.11, No.43 • JANUARY 3 , 2013

7DAY BOOK REVIEW

# တော်လှန်ရေး၏ မြုပ်ကွက် ရှုပ်ကွက်များ (ဦးဗဆွေ–ဝန်ကြီးချုပ်ဟောင်း)




မြန်မာ့နိုင်ငံရေးလှုပ်ရှားမှု ဖြစ်ရပ်ဖြစ်စဉ်များထဲတွင် **ဗဆွေ(ဘဆွေ)** ဟူသောအမည်မှာ လူသိများ ထင်ရှားခဲ့သည့် အမည်ဖြစ်ပါသည်။ သို့ရာတွင် ထိုဗဆွေ(ဘဆွေ)များမှာ တစ်ဦးတည်း မဟုတ်ဘဲ သုံး၊ လေးဦးဖြစ်နေ၍ ထင်ယောင်ထင်မှား ရောထွေးတတ်ကြသည်။ ကျားကြီးဗဆွေ၊ ရန်ကုန်ဘဆွေ၊ မြောင်းမြဘဆွေဟူ၍ ထင်ရှားသည့် အမည်ခံ သုံးဦးရှိခဲ့ရာ ကျားကြီးဗဆွေမှာ နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးဗဆွေဖြစ်ပြီး ရန်ကုန်ဘဆွေဟု အမည်ရှိသော ပုဂ္ဂိုလ်မှာ ဖက်ဆစ်တော်လှန်ရေး မြေအောက်လှုပ်ရှားမှုများ၌ ရေဝတီတိုင်း တာဝန်ခံ တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့ပြီး ပါတိတ်ပန်းချီဖြင့် ထင်ရှားခဲ့သူ စာရေးဆရာ၊ ပန်းချီဆရာ၊ နိုင်ငံရေးသမား ရန်ကုန်ဘဆွေဖြစ်ပါသည်။ ကျန်ပုဂ္ဂိုလ်တစ်ဦးမှာ တစ်ပါတီစနစ်ကို လက်နက်ကိုင် ဆန့်ကျင်ခဲ့သော ဒီမိုကရေစီပါတီ၌ ပါဝင်လှုပ်ရှားခဲ့သူ မြောင်းမြဘဆွေဖြစ်သည်။ ယခုစာအုပ်ရေးသူမှာ ဝန်ကြီးချုပ်ဟောင်း ဦးဗဆွေဖြစ်ပြီး ၎င်းကြုံတွေ့ဖြတ်သန်းခဲ့ရသော နိုင်ငံရေးအဖြစ်အပျက်များထဲမှ လူသိနည်းသည့် မြုပ်ကွက်အချို့ကို မှတ်တမ်းတင်ရေးသားထားခြင်းဖြစ်သည်။

ထားဝယ်ခရိုင် ကျောင်းသားခေါင်းဆောင်၊ တကသ ဥက္ကဋ္ဌ၊ ဗကသ အတွင်းရေးမှူး၊ ပြည်သူ့အရေးတော်ပုံပါတီဖွဲ့စည်းရာတွင် ခေါင်းဆောင်တစ်ဦးအဖြစ် ပါဝင်ခဲ့သူ၊ တို့ဗမာအစည်းအရုံးဝင်သခင်၊ ဖဆပလအထွေထွေအတွင်းရေးမှူး ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ တည်မြဲဖဆပလဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့သော ဦးဗဆွေသည် ၁၉၇၁ ဖေဖော်ဝါရီမှ ၁၉၇၂ ဖေဖော်ဝါရီလအတွင်း ရွှေတူဂျာနယ်၌ ဆောင်းပါးများ ရေးခဲ့ရာ ယခုစာအုပ်သည် ထိုဆောင်းပါးများကို စုစည်းထားခြင်းဖြစ်ပါသည်။ စာအုပ်တွင် အမှာအဖြစ် ချီးမြှင့်ရေးသားပေးသော ရန်ကုန်တက္ကသိုလ် သမိုင်းဌာနအငြိမ်းစားပါမောက္ခ ဒေါက်တာကျော်ဝင်း၏ အမှာ၌ " ဦးဗဆွေသည် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်တို့ဖြင့်အမြဲတက်ကြွနေသည်။ ကျောင်းသားခေါင်းဆောင်၊ တက္ကသိုလ်သမဂ္ဂအတွင်းရေးမှူး၊ အလုပ်သမားခေါင်းဆောင်၊ နိုင်ငံရေးခေါင်းဆောင်၊ ကေဘိုတိုင်ဗိုလ်ချုပ်၊ ဖ. ဆ. ပ. လခေါင်းဆောင်စသည်ဖြင့် ဘဝပေါင်းစုံကို ဖြတ်သန်းခဲ့သည်။ နိုင်ငံနှင့်လူမျိုးအတွက် ပေးသမျှတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်။ အာဏာမမက်၊ ကိုယ်ကျိုးမဖက်သဖြင့် နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များ၏ လေးစားခြင်းကို ခံယူရခြင်းဖြစ်သည်။

ဦးဗဆွေက 'တော်လှန်ရေး၏ မြုပ်ကွက်ရှုပ်ကွက်များ' ဆောင်းပါးအား ရေးသားရသည့် ရည်ရွယ်ချက်ကို ဖော်ပြရာတွင်-

"ဤမြုပ်ကွက်ရှုပ်ကွက်များကို ဖော်ထုတ်နိုင်သူတို့မှာလည်း တစ်နေ့တခြား လုံးပါးပါးလျက်ရှိလေပြီ။ ကြာလျှင် တုတ်ထမ်း၊ ဓားထမ်းပြောရမည်ကိုပင် စိုးရိမ်မိတော့သည်။ ဤမြုပ်ကွက်ရှုပ်ကွက်များကို ဖော်နိုင်သူတို့မှာလည်း ယနေ့အဖို့ဆိုလျှင် လက်တစ်ဖက်ရှိလက်ချောင်းများထက် မပိုတော့။ ထိုအထဲ ဤစာရေးသူလည်း တစ်ဦးအပါအဝင်ဖြစ်ရာ ကြီးလေးသောတာဝန်ရှိသူပင်ဖြစ်နေတော့သည်" ဟူ၍ ရေးသားခဲ့ပါသည်။

အထက်ပါရည်ရွယ်ချက်နှင့်အညီ ဝန်ကြီးချုပ်ဟောင်း ဦးဗဆွေသည် သူ၏ အခန်းဆက်ဆောင်းပါးတွင် တော်လှန်ရေး၏ မြုပ်ကွက်ရှုပ်ကွက်များကို တတ်နိုင်သမျှ ထောက်ပြသွားသည်ကို ဖတ်ရှုရပါသည်။ သာဓကအားဖြင့် ဦးဗဆွေသည် 'ရန်ကုန်မြို့ကို မည်သူသိမ်းသနည်း' ဟူသော ဆောင်းပါး၌ တော်လှန်ရေးတိုင်းကြီး ၇ တိုင်းနှင့်စပ်လျဉ်း၍ ထုတ်ပြီးသမျှ စာအုပ်စာတမ်းများတွင် တိုင်း ၇ တိုင်းကိုသာ ဖော်ပြကြောင်း၊ ထို ၇ တိုင်းတွင် ရန်ကုန်၊ အင်းစိန်နှင့် ဟံသာဝတီမပါဝင်ကြောင်း၊ တိမ်မြုပ်နေသောအချက်မှာ တိုင်းကြီး ၇ တိုင်းအပြင် လျှို့ဝှက်တိုင်းအဖြစ် ရန်ကုန်တိုင်းကို သီးခြားဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်ရေးသားခဲ့သည်" ဟူ၍ ဖော်ပြပါရှိသည်။

စာအုပ်ကို ခေတ်ပြတိုက် စာပေက တန်ဖိုး ၃၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

Knowledge ဗဟုသုတ


## ကမ္ဘာ့အရှည်ဆုံး မြန်နှုန်းမြင့်ရထားလမ်း ဘယ်နိုင်ငံမှာရှိသလဲ

တရုတ်ပြည်သည် ပြီးခဲ့သောရက်ပိုင်းကပင် ကမ္ဘာ့အရှည်ဆုံး မြန်နှုန်းမြင့် ရထားလမ်းကြောင်းတစ်ခုကို မြို့တော်ဘေကျင်းနှင့် တောင်ပိုင်းမှ စီးပွားရေးမြို့တော် ကွမ်ကျိုးတို့အကြား ဆက်သွယ်ဖွင့်လှစ်ခဲ့သည်။ အဆိုပါမြန်နှုန်းမြင့် ရထားလမ်းကြောင်းတွင် ကျည်ဆန် ရထားများသည် တစ်နာရီ ၃၀၀ ကီလိုမီတာ (၁၈၇ မိုင်နှုန်း) ဖြင့်သွားလာနိုင်မည်ဖြစ်သည်။ ခရီးလမ်းအရှည်မှာ ၂,၂၉၈ ကီလိုမီတာရှိပြီး လမ်းတွင်ရထားရပ်နားမည့်ဘူတာ ၃၅ ခုရှိသည်။ ထိုရထားလမ်းဖြစ်ပေါ်လာ၍ ယခင်က ၂၂ နာရီကြာ ခရီးကို ယခုအခါကျည်ဆန်ရထားဖြင့် ၁၀ နာရီအတွင်း ရောက်နိုင်မည်ဖြစ်သည်။ တရုတ်ပြည်သည် ကမ္ဘာပေါ်တွင် မြန်နှုန်းမြင့် ရထားလမ်းများသွယ်တန်းထားသည့် အကြီးမားဆုံးလမ်းကွန်ရက်ရှိသည့် နိုင်ငံလည်းဖြစ်သည်။

—Source: BBC


# တစ်ပတ်တာကံကြမ္မာ

ဒီဇင်ဘာ ၂ ရက်မှ ၈ ရက် အထိ



## ARIES မိဿရာသီဖွား (မတ် ၂၁ - ဧပြီ ၂၀)

ကြုံတွေ့နေသော စိတ်အနှောင့်အယှက်နှင့်အညံ့များ ကင်းဝေးသွားမည်။ ရည်မှန်းချက် အောင်မြင်မည်။ အလိုပြည့်မည်။ ကိုယ်စွမ်းကိုယ်စကို အခြေတည်၍ တိုးတက်မှုရမည်။ အခက်အခဲများ ဖြေရှင်းနိုင်မည်။ စိတ်ကူးသစ်ကို အသုံးချ၍ လုပ်ရာမှ အဆင့်မြင့်မားသော တက်လမ်းများ ပေါ်ပေါက်မည်။ ဝေးကွာနေသောသူများနှင့် ပြန်လည်ဆက်သွယ်ခြင်းရှိမည်။




## TAURUS ပြိဿရာသီဖွား (ဧပြီ ၂၁ - မေ ၂၁)

ရည်ရွယ်ချက်များကို လက်တွေ့အကောင်အထည်ဖော်၍ မြင့်မားသော အဆင့်တိုးတက်မည်။ ဂုဏ်သိက္ခာမြင့်မားခြင်းနှင့် အများတကာ၏ လေးစားမှုကို ရရှိမည်။ ကာလအတန်ကြာအောင် စောင့်စားနေသော ဆန္ဒလိုအင်ပြည့်ဝမည်။ အပင်ပန်းခံရကျိုးနပ်မည်။ ဆောင်ရွက်သလောက် ထိရောက်မည်။ အောင်မြင်မှု သရဖူဆောင်းရမည်။ အိုးအိမ်နေရာ အပြောင်းအလဲနှင့် တိုးတက်မည်။




## GEMINI မေထုန်ရာသီဖွား (မေ ၂၂ - ဇွန် ၂၁)

ဂုဏ်သိက္ခာအပေါ် အလေးအမြတ်ပြုခြင်းခံရမည်။ ဆောင်ရွက်ထားသည့် ကိစ္စများမှ အဆင့်မြင့်သော တက်လမ်းများ ရရှိမည်။ အရေးကြီးသော ဆုံးဖြတ်ချက်များ ချမှတ်နိုင်သည်။ ဖြစ်ပေါ်လာသော အခြေအနေသစ်နှင့် အခွင့်အရေးသစ်တို့ကို ယုံကြည်မှုခိုင်မာစွာနှင့် လက်ခံ၍ ဦးတည်ချက်ပြောင်းလဲကာ ဆောင်ရွက်ခြင်းဖြင့် အဆင့်ဆင့် တိုးတက်မှုများ ရရှိမည်။



## CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂ - ဇူလိုင် ၂၂)

ဖြစ်မှဖြစ်ပါ့မလားဟု တွေဝေတွန့်ဆုတ်နေသည့်ကိစ္စများကို စမ်းတဝါးဝါးလုပ်ရင်း ထူးခြားသော ကောင်းကျိုးရရှိမည်။ နေအိမ်ကိစ္စ၊ နေရာထိုင်ခင်းကိစ္စများအတွက် စကားပြောဆိုမှုများ အောင်မြင်မည့်ကာလ ဖြစ်သည်။ အိမ်တွင်းရေး၊ လူမှုရေးကိစ္စများ ပါဝင်ဆောင်ရွက်ရမည်။ စွပ်စွဲတိုက်ခိုက် ဒုက္ခပေးသူများအား ကျော်လွှားနိုင်မည်။




## LEO သိဟ်ရာသီဖွား (ဇူလိုင် ၂၃ - ဩဂုတ် ၂၃)

ငွေကြေးကံကောင်းမည်။ အကုန်အကျများလင့်ကစား ဝင်ငွေတိုးမည်။ အခက်အခဲမည်မျှရှိစေ အားလုံးကို ကျော်လွှားနိုင်မည်။ မူလလုပ်ကိုင်ဖူးခြင်းမရှိသော အလုပ်စီးပွားများ လုပ်ကိုင်ရန် အခါကျရောက်သည်။ လုပ်ငန်းခွင်မှသူများ အလုပ်စီးပွား၊ ရာထူးအဆင့်တိုးတက်မည်။ ကိုယ်ပိုင်လုပ်ငန်း စီးပွားလုပ်သူများ အထူးစီးပွားကံကောင်းမည်။ ငွေကြေးကိစ္စ၊ စာရွက်စာတမ်းကိစ္စ ကြားဝင်တာဝန်ယူခြင်းမပြုရ။




## VIRGO ကန်ရာသီဖွား (ဩဂုတ် ၂၄ - စက်တင်ဘာ ၂၂)

အလုပ်တိုးတက်မည်။ မိတ်ဆွေအကြီးအကဲအကူအညီရမည်။ ဝင်ငွေတိုးပွားမည်။ ဥစ္စာတိုးပွားမည်။ ပြောရေးဆိုရေး လုပ်ရေးကိုင်ရေး အဆင်ပြေမည်။ ရန်များမည်။ အပြိုင်များမည်။ စာရွက်စာတမ်း၊ ငွေကြေးလက်လွှဲလက်ပြောင်းတွင် စနစ်တကျ ဆောင်ရွက်ပါ။ ဘာသာစကား လေ့လာနိုင်သည်။ လုပ်ငန်းခွင်ပညာသင်တန်းများ အကျိုးပေးမည်။



## LIBRA တူရာသီဖွား (စက်တင်ဘာ ၂၃ - အောက်တိုဘာ ၂၃)

ရင်းနှီးမြှုပ်နှံမှု အသစ်များ စတင်ပါ။ စကားပြောပါ။ လက်ခက်သူများထံမှ ငွေပြန်တောင်းပါ။ လူမျိုးကွဲ၊ လူမျိုးခြား အကျိုးပေးမည်။ မိသားစုနှင့်ပတ်သက်၍ စိတ်ချမ်းမြေ့ရမည်။ ခြံမြေနေရာထိုင်ခင်းကိစ္စများအတွက် စကားပြောရတတ်သည်။ အခက်အခဲများ မည်မျှရှိစေ မိသားစု စီးပွားကံ၊ ဥစ္စာကံ တိုးတက်မည်။ ယာဉ် ကားကိုယ်တိုင် မောင်းနှင်မှု သတိရှိပါ။



## SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၄ - နိုဝင်ဘာ ၂၂)

မူလကြိုတင်ပြင်ဆင်စိတ်ကူးထားခြင်း မရှိဘဲ အခွင့်အရေးရ၍ စိတ်ကူးပေါက်၍လည်းကောင်း၊ ရုတ်ခြည်းပြောင်းလဲသော အခြေအနေကို အသုံးချ၍ လည်းကောင်း လုပ်လိုက်သော ကိစ္စများသည် ရှေ့ရေးအတွက်ပါ အလားအလာကောင်းသည့် အကျိုးတစ်ခုရရှိမည်။ မိသားစုတွင် နေရာထိုင်ခင်း ကိစ္စများအတွက် ပြောဆိုဆောင်ရွက်ခြင်းများ အောင်မြင်မည်။ လူမျိုးကွဲ အကျိုးပေးမည်။



## SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ ၂၃ - ဒီဇင်ဘာ ၂၁)

အိမ်ပူမည်။ စကားများရမည်။ ကိုယ့်ကိစ္စမဟုတ်ဘဲ အချိန်ကုန်၊ ငွေကုန်လုပ်ရသည့်ကိစ္စအတွက် ပဋိပက္ခဖြစ်ရမည်။ လူလိမ်လူကောက်များ မကြာခဏဝင်တတ်သည်။ မေတ္တာရှိသည်ဟု လိမ်ညာသည့်သူများ မိမိဝန်းကျင်တွင် ဝန်းရံနေသည်။ ငွေကြေးစုဆောင်းရန်ထက် စနစ်တကျ သုံးစွဲရန် ပြင်ဆင်ထားပါ။ အလုံးလိုက်အခဲလိုက် များများစားစား ငွေကုန်မည်။




## CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ ၂၂ - ဇန်နဝါရီ ၂၀)

မတော်တဆထိခိုက်မှုများ ဂရုစိုက်ရမည်။ စာရွက်စာတမ်းကိစ္စ၊ ငွေကြေးကိစ္စများ သတိနှင့်ဆောင်ရွက်ပါ။ မနာလို ရန်အတိုက်အခံများတတ်သည်။ သူတစ်ပါးအပေါ် အလွယ်တကူ မယုံသင့်။ ရင်းနှီးသောသူများနှင့် စကားများရမည်။ သံယောဇဉ်ရှိသော သူများနှင့် စိတ်ဝမ်းကွဲတတ်သည်။ မကြာခဏ ချူချာမည်။ လည်ချောင်း၊ အဆုတ် ဒုက္ခပေးတတ်သည်။



## AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ ၂၁ - ဖေဖော်ဝါရီ ၁၈)

ကိုယ့်ကိစ္စမဟုတ်လင့်ကစား မတော်မတရားသည်ကိုမြင်က ဝင်ပါတတ်၊ ပြောတတ်သောကြောင့် ရန်များမည်။ ရင်းနှီးစွာ ပေါင်းသင်းနေသူများမှ အနီးကပ် ဒုက္ခပေးတတ်သည်။ မိမိက သူတစ်ပါးအပေါ် အေးချမ်းစွာဆက်ဆံတတ်သည်။ အရာရာပေးဆပ်လိုက်လျောသည်။ အနစ်နာခံသည်။ ကိုယ်ကကောင်းသလောက် ကိုယ့်အပေါ်ပြန်ကောင်းသူတွေ့ရန် ခဲယဉ်းသည်။ မတော်တဆထိခိုက်မှုများ ဖြစ်တတ်သည်။



## PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ ၁၉ - မတ် ၂၀)

နေအိမ်အနီးအပါး သူခိုးကပ်တတ်သည်။ ပစ္စည်းများ လုံခြုံစွာသိမ်းဆည်းပါ။ အမှတ်တမဲ့ ချထားသည့် ပစ္စည်းများမှအစ အဖိုးထိုက်တန်သည့် ပစ္စည်းအထိ အထားမှားကာ ပျောက်ဆုံးတတ်သည်။ ဆွေမျိုးအကျိုး မပေး။ သူစိမ်း လူမျိုးကွဲအကျိုးပေးမည်။ အကြီးအကဲကျန်းမာရေး အညံ့ရှိသည်။ ဝမ်းဗိုက်ဒုက္ခပေးမည်။ အဆုတ် အအေးမိမည်။ ယာဉ်ကားမောင်းနှင်မှု သတိရှိပါ။

7DAY NEWS JOURNAL

Vol.11, No.43 • JANUARY 3 , 2013

# စာ(၂၅) ဂန္ထလရာဇ် ခရီးသည် မှ

ဆိုရလျှင် တရုတ်ပြည်ကြီး မှားခဲ့သော အမှားမျိုး ထပ်ကျော့မမှားမိစေဖို့ဖြစ်သည်။ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုနှင့် လူမှုဘဝဆိုင်ရာ ထိခိုက်မှုများ (EIA နှင့် SIA) ကို တွက်ချက်ဆန်းစစ်ပြီး သဘာဝအရင်းအမြစ်များကို ရေရှည်အမြင်ဖြင့် စနစ်တကျ ထုတ်ယူသုံးစွဲနိုင်ဖို့ ဖြစ်ပါသည်။

ဤနေရာတွင် ဒေါက်တာမာ အဆိုပြုသော 'အစိမ်းရောင်ဖွံ့ဖြိုးရေး' ဆိုသည်မှာ ဘဝင်ကျဖွယ်ရာဖြစ်ပါသည်။ မြန်မာပြည်ရှိစီမံချက်များကိုလည်း အဆိုပါ အစိမ်းရောင်ဖွံ့ဖြိုးရေးအမြင်ဖြင့် ချိန်ခွင်လျှာမျှနိုင်မည်ဆိုလျှင် နှစ်ဦးနှစ်ဖက်လည်း အကျိုးရှိ တရုတ်-မြန်မာ ဆက်ဆံရေးကိုလည်း မထိခိုက်။ သားရွှေအိုးထမ်းကိန်း ဆိုက်နိုင်စရာရှိပါသည်။ အခွင့်အလမ်းတိုင်းတွင် စိန်ခေါ်ချက်များ ကပ်ပါလာနိုင်သလို စိန်ခေါ်ချက်တိုင်းတွင် လည်း အခွင့်အလမ်းများ ရှိနိုင်သည်ကို သတိချပ်ကြဖို့ ဖြစ်သည်။

အတွေးတွေကို ဖွတ်ဖြတ်၍ ဒေါက်တာမာ၏ လက်ချာကို ပြန်အာရုံစိုက်ရသည်။ သူမက ယခုလောလောဆယ် တရုတ်ပြည်ကြီး မျက်မှောက်ပြုနေရသည့် စိန်ခေါ်ချက်များကို ရှင်းပြနေသည်။ 'အစိမ်းရောင် ဖွံ့ဖြိုးရေး' မှာ အဆိုပါ စိန်ခေါ်ချက်များထဲမှ တစ်ခုပင်။ နောက်ထပ် စိန်ခေါ်ချက်တစ်ခု အကြောင်းရောက်တော့ စာရေးသူ မျက်လုံးပြူးသွားသည်။ "ဆင်းရဲမွဲတေမှု" ဆိုပါလား. . ။ ဤမျှ မြန်နှုန်းမြင့်သော စီးပွားရေး တိုးတက်မှုနှုန်းကို ဆယ်စုနှစ်များနှင့်ချီ၍ ရနေသော တရုတ်ပြည်လို တိုင်းပြည်မျိုးတွင် ဆင်းရဲမှု ပြဿနာရှိနေဆဲပင်လော. . ။ ဒေါက်တာမာ အလေးထားထောက်ပြသည်မှာ မြို့ပြဆင်းရဲမှု ပြဿနာဖြစ်သည်။

သူမက ဆင်းရဲမှုကို ဝင်ငွေနှင့် စားသုံးမှု ရှုထောင့်နှစ်ရပ်မှ ချဉ်းကပ်ပြီး သုံးမျိုးသုံးစား ခွဲပြကာ ကိန်းဂဏန်းအတိအကျနှင့် ဖော်ပြသည်။ မြို့ပြဒေသ လူဦးရေ၏ ၉ ဒသမ ၄ ရာခိုင်နှုန်းမှာ ယခုထက်တိုင် ဆင်းရဲနေဆဲဟု သူမက ထောက်ပြသည်။ အဆိုပါ ဆင်းရဲသားများအနက် ၂၉ ရာခိုင်နှုန်းမှာ ဝင်ငွေချို့တဲ့သလို စားသုံးမှုပါ ဆင်းရဲသူများဖြစ်သည်။ ၂၀ ရာခိုင်နှုန်းကမူ ဝင်ငွေချို့တဲ့သည့်တိုင် စားသုံးမှုတွင် မဆင်းရဲလှဟု ဆိုပါသည်။ ၅၁ ရာခိုင်နှုန်းကမူ ဝင်ငွေချို့တဲ့လှသည်မဟုတ်။ စားသုံးမှု ဆင်းရဲသူများဖြစ်ကြသည်။ ဝင်ငွေ အသင့်အတင့်ရှိပါလျက် မစားရက် မသောက်ရက် စားသုံးမှု ဆင်းရဲနေသူများ ဖြစ်နေသည်။ တရုတ်လူမျိုးတို့၏ နှမြောတတ်သော ဓလေ့စရိုက်နှင့်ဆိုလေမည်လား စဉ်းစားမိသည်။

ကျွန်တော် အထူးစိတ်ဝင်စားသော စိန်ခေါ်ချက် တစ်ရပ်ကိုမူ ဒေါက်တာမာက ခပ်ပါးပါးပင် တို့ထိသွားပါသည်။ နိုင်ငံရေး စိန်ခေါ်ချက်ပင်။ ရှေ့လာမည့် နှစ်များအတွင်း တရုတ်ပြည်အနေနှင့်အထူးဂရုစိုက်ထား ကိုင်တွယ်ကြရမည်မှာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုဖြစ်ဖွယ်ရှိသည်ဟူ၍တော့ သူမက ထိန်းထိန်းသိမ်းသိမ်းထောက်ပြပါသည်။ ကျွန်တော်တို့ တရုတ်ပြည်ရောက်နေချိန်မှာ တရုတ်ခေါင်းဆောင်မှု အပြောင်းအလဲနှင့် ချိန်ခါသည့် တိုက်ဆိုင်လျက်ရှိရာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို တရုတ်ပညာတတ်များက မျှော်လင့်နေသည်လည်းဖြစ်ကောင်းဖြစ်နိုင်ပါသည်။ 'လေးမျိုးခေတ်မီရေး'ဖြင့် ပြုပြင်ပြောင်းလဲရေးလမ်းကို စတင်ဖောက်ခဲ့သော တရုတ်ပြည်ကြီးမှာ အစကတည်းက 'ပဉ္စမမြောက် ခေတ်မီရေး' (နိုင်ငံရေးခေတ်မီမှု) မပါခဲ့ပါ။ ယခုချိန်အထိလည်း မည်မည်ရရ မမြင်ရသေး။ ဤဘက်က စဉ်းစားကြည့်လိုက်လျှင် မြန်မာ့ပြုပြင်ပြောင်းလဲရေးမှာ တရုတ်တို့ထက် ပို 'မြိုင်' သည်ဟု ဆိုရမည်ထင်သည်။ သို့နှင့်အမျှ ပို၍သိမ်မွေ့လိမ့်မည်ဟုလည်း မှန်းဆရသည်။

**■ စွယ်တော်ဖူး**

တရုတ်ပြည်မှ ဗုဒ္ဓမြတ်စွယ်တော်မြန်မာပြည်သို့တစ်ကြိမ်မက ဒေသစာရီ ကြွချီဖူးပါသည်။ စာရေးသူမှာ ဖူးခွင့်မသာ၍ တစ်ခါမှ မဖူးလိုက်ရ။ ကုသိုလ်ကောင်းချင်တော့ ယခုတရုတ်ပြည် ခရီးစဉ်တွင် စွယ်တော်မြတ်ကို အနီးကပ်အားပါးတရ ဖူးခွင့်ရလိုက်ပါသည်။ အမှန်စင်စစ် စွယ်တော်ဖူးဖို့မှာ မူလအစီအစဉ်တွင် မပါခဲ့။ နိုဝင်ဘာ ၁ ရက်နေ့ CPI ဌာနချုပ်တွင် ကျင်းပခဲ့သော 'တရုတ်မြန်မာ ပြည်သူလူထုချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး' စကားဝိုင်းတွင် တက်ရောက်လာသော စွယ်တော်ဆရာတော်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့မှ သမ္မတ၏ ဥပဒေအကြံပေး အဖွဲ့ခေါင်းဆောင် ဦးစစ်အေးတို့ စကားစပ်မိရာမှ ဆရာတော်၏ အစီအစဉ်ဖြင့် စွယ်တော်ဖူးဖို့ အကြောင်းဖန်လာခြင်းဖြစ်သည်။ ဤအတွက် မူလစီစဉ်ထားသော တရုတ်ရိုးရာ လက်ဖက်ရည် အနုပညာပွဲတော်နှင့်မူ လွဲခဲ့ရသည်။ သို့သော် တန်ပါသည်။

စွယ်တော်ဖူးဖို့ ဟိုတယ်မှ ထွက်တော့ နေစောင်းစပြုနေပါပြီ။ နေချိုလာသည်နှင့် အအေးပိုလာသည်မို့ ထူထူထဲထဲ ဝတ်ရသည်။ စွယ်တော်မျှော်စင်ရှိရာ လင်ကွမ်းကျောင်းတော်ရောက်တော့ ဘုရားဖူးတွေပင် သိပ်မရှိတော့။ အထိမ်းအမှတ်ပစ္စည်း ရောင်းရာ ဆိုင်လေးများပင် သိမ်းစပြုနေပါပြီ။ ပထမဆုံး ဆရာတော်ကို ဝင်ဖူးကြသည်။ ဆရာတော်မှာ အသားဝါဝါ၊ သင်္ကန်းဝါဝါဖြင့် ရွှေရောင်လက်နေသလိုရှိသည်။ မျက်နှာဝိုင်းဝိုင်းတွင် အပြုံးချိုချိုက အမြဲနေရာယူထားရာ လပြည့်ည လဝန်းလို ကျက်သရေရှိသည်။ အေးမြသည်။ မြန်မာတွေမှာ ဗုဒ္ဓဘာသာဝင်တွေများသည်မို့ ဘာသာရေးအရ မိမိနှင့်ဆွေမျိုးတော်ကြောင်း ဆရာတော်က မိန့်သည်။ ကျွန်တော်တို့အဖွဲ့လည်း မိမိတို့တတ်နိုင်သမျှ တစ်ယောက်ယွမ်တစ်ရာစီစုကာ စွယ်တော်မြတ်ကို လှူဒါန်းခဲ့ရာ ဆရာတော်က သာဓုခေါ်ပါသည်။ ပြီး ပုတီးတစ်ကုံး၊ ကျောက်စိမ်းဆွဲပြားနှင့် စွယ်တော်ပုံတော် တစ်ခုစီ ပြန်စွန့်သည်။

ဆရာတော်တာဝန်ပေးလိုက်သော ဦးပဉ္စင်းတစ်ပါးက ဦးဆောင်ပြီး စွယ်တော်မျှော်စင်ကို တက်ခဲ့ကြသည်။ ယောကျ်ား၊ မိန်းမ မခွဲ။ ကျွန်တော်တို့အားလုံး တက်ခွင့်ရသည်။ စွယ်တော်မြတ် ကိန်းဝပ်ရာ မျှော်စင်ထိပ်ထိ တက်ခွင့်ရပြီး အနီးကပ် ဖူးမြော်ခွင့်ပေးသည်။ စိတ်ကြိုက်ဓာတ်ပုံ ရိုက်ခွင့်ပါ ပေးသည်။ သာမန်ဘုရားဖူးများဆိုလျှင် ဤမျှအထိ ခွင့်မပြုပါ။ ဗုဒ္ဓဘာသာဝင် မြန်မာမိတ်ဆွေများမို့ အထူးအခွင့်အရေးပေးခြင်းဖြစ်သည်ဟု ဦးပဉ္စင်းက ရှင်းပြသည်။

စွယ်တော်ကြုတ် ရှေ့တည့်တည့်ရှိ ပန်းနုသွေးပြေးနေသော ဗုဒ္ဓရုပ်ပွားတော်မှာ သပ္ပာယ်ကြည်ညိုဖွယ်ရာ ကောင်းလှသည်။ မျှော်စင်အမိုးနှင့် နံရံထက်မှ ရွှေပိန်းချရုပ်ကြွများမှာလည်း ရင်သပ်ရှုမောဖွယ်ရာပင်။ ကျွန်တော်တို့တတွေမှာ စွယ်တော်ကြုတ်သာမက ဗုဒ္ဓရုပ်ပွားတော်ရော၊ နံရံပန်းပုရုပ်ကြွများကိုပါ အလုအယက် ဓာတ်ပုံရိုက်ကြသည်။ သည်လိုနှင့် အချိန်အတော်လင့်သွားသည်။ စွယ်တော်မျှော်စင်ထက်မှဆင်းတော့ မှောင်စပြုနေပါပြီ။ သိသိသာသာလည်း အေးလာသည်။

စွယ်တော်စင်နှင့် မနီးမဝေး အဆောက်အအုံ တစ်ခုကို တွေ့တော့ မနေနိုင်။ အနားတိုးစူးစမ်းရသည်။ စွယ်တော်မျှော်စင်၏ ပန္နက်တော်နှင့် မနီးယိုးစွဲတူသော အဋ္ဌဂံပုံ အုတ်ခုံဟောင်းတစ်ခု။ အင်္ဂလိပ်ဘာသာဖြင့် ကမ္ပည်းတင်ထားသော ကျောက်စာတစ်ချပ်လည်းရှိလေရာ မှောင်တရီတွင် ပီပီသသမမြင်ရသည့်တိုင် ကြိုးစားဖတ်ရသည်။ 'ဤအဆောက်အအုံကို ၁၀၇၁ ခုနှစ်က တည်ထားခဲ့သည်' ဟု ဆိုရာ ပုဂံနှင့် ခေတ်ပြိုင်လောက် ဖြစ်လိမ့်မည်။ လျှောင်နန်းတော်၊ နန်းရေးဝန် ယဲ့လွီရန်ရှန်က ကွယ်လွန်သူ မိခင်ကြီးအတွက် ရည်စူးလှူဒါန်းခဲ့သည်ဟုဆိုသည်။ မူလအဆောက်အအုံမှာ အထပ်ဆယ့်သုံးထပ် ပါသော အဋ္ဌဂံပုံ မျှော်စင်ဟု သိရသည်။ မျှော်စင်နံရံပတ်လည်တွင် သံထည်မီးအိမ်များ ထွန်းညှိပူဇော်ထားသော ဂလိုင်ပေါက် ၁၆ ခု ပါရှိသည်။ အုတ်ချပ်တိုင်းတွင် လက်ရာမြောက်လှသော ဗုဒ္ဓရုပ်ပွားတော်ပုံတော်များ ထွင်းထုထားရာ "ဗုဒ္ဓတစ်ထောင်စေတီတော်" ဟု အမည်တွင်ခဲ့သည် ဆိုပါသည်။

ကျောက်စာကို ကြိုးစားပြီး ဆက်ဖတ်လိုက်ရာ စိတ်ဝင်စားစရာ ဇာတ်လမ်းကို တွေ့လိုက်ရသည်။ ၁၉၀၀ ပြည့်နှစ် 'ဘောက်ဆာသူပုန်'(ယိတွယ်တန်လှုပ်ရှားမှု) ကာလ။ အရေးတော်ပုံ တပ်သားများ လင်ကွမ်းကျောင်းတော်တွင် ခိုအောင်းနေခဲ့ရာ '၈ နိုင်ငံ မဟာမိတ်တပ်ဖွဲ့' များက ဝိုင်းဝန်းပစ်ခတ်တိုက်ခိုက်ရာမှ ယခုစေတီတော်ကြီးပြိုကျခဲ့ရသည်ဟုကမ္ပည်းတင်ထားသည်။ အရေးတော်ပုံအပြီး ကျန်နေရာတစ်ဝိုက်ကို ပြန်လည်ရှင်းလင်းကြရာ ကိုရင်လေးတစ်ပါးက အပျက်အစီးပုံများကြားမှ ကျောက်သားသေတ္တာတစ်ခုကို တွေ့ရသည်ဟု ဆိုသည်။ ကျောက်သေတ္တာကို ဖွင့်လိုက်ရာမှ စန္ဒကူးသားဖြင့် ထွင်းထုထားသော ကြုတ်တစ်ခုကို တွေ့ရပြန်သည်။ ကြုတ်ပေါ်တွင် ရေးထားသည်မှာကား "ဤကြုတ်အတွင်းရှိ ရတနာမှာ သကျမုနိဘုရားရှင်၏ စွယ်တော်မြတ်ဖြစ်သည်။ တန်ကွေးပြက္ခဒိန် သတ္တမမြောက်နှစ်. . . " သည်တော့မှ လွန်ခဲ့သော နှစ်ပေါင်း ၈၃၀ ကျော်က ဌာပနာထားခဲ့သော တကယ့်အမွန်အမြတ် ပစ္စည်းမှန်းသိကာ ယခုလက်ရှိ မျှော်စင်တွင် ကိန်းဝပ်စံပယ်စေခဲ့ခြင်း ဖြစ်ပါသည်။ အမှောင်နှင့် အအေးက သည်းထန် ပြင်းထန်လာသည်မို့ ကျွန်တော်တို့တစ်တွေ မပြန်ချင့်၊ ပြန်ချင်ပြန်ခဲ့ကြရသည်။ ဆရာတော်ပေးလိုက်သော ပုတီးကိုစိတ်ပြီး ထိုညက အိပ်ရာဝင်ဖြစ်သည်။ နက်ဖြန်ဆိုလျှင် ဝမ်ရှို ဟိုတယ်ကို နှုတ်ဆက်ထွက်ခွာရပေတော့မည်။ ပေကျင်းမြို့တော်၏ နောက်ဆုံးည။

*(ဆက်လက်ဖော်ပြပါမည်)*

## JOKE

### အိပ်မပျော်ဘူးလား

အမျိုးသားတစ်ဦး ဆရာဝန်ထံသွား၍ ညဘက်အိပ်မပျော်နိုင်ဖြစ်နေကြောင်း ပြောသည်။ ဆရာဝန်က ၎င်းအား အသေချာစစ်ဆေးပြီးနောက် ရုပ်ပိုင်းဆိုင်ရာအရ အားလုံးကောင်းမွန်ကြောင်း ပြောကြားပြီး ယခုလိုအကြံပေးသည်။

"ခင်ဗျားရဲ့ အိပ်မပျော်တဲ့ ရောဂါပျောက်ချင်တယ်ဆိုရင် တော့ည အိပ်တော့မယ်ဆိုရင် ခင်ဗျားရဲ့ပြဿနာတွေကို အိပ်ရာထဲ ယူမသွားပါနဲ့" ဟုပြောရာ အမျိုးသားက "ကျွန်တော်သိပါတယ်ဒေါက်တာရယ်။ ဒါပေမဲ့မရပါဘူး။ ကျွန်တော့်မိန်းမက ဘယ်တော့မှ တစ်ယောက်တည်းမအိပ်ဘူး" ဟု ပြောပါတော့သည်။

### ကိုးကားစရာ

- "အုပ်စုလိုက် တက်ညီလက်ညီ အလုပ်လုပ်တယ်ဆိုတာ လူတွေအများကြီး ငါပြောတဲ့အတိုင်းလိုက်လုပ်ကြတာပဲ"(အရောင်းဌာနအကြီးအကဲ - Citrix Corporation)
- "အပြန်အလှန်ဆက်သွယ်ရေးဟာ ပြဿနာတစ်ရပ် ဖြစ်နေတယ်ဆိုတာ သိပါတယ်။ ဒါပေမဲ့ ဒီကိစ္စကို ကုမ္ပဏီက ဝန်ထမ်းတွေနဲ့ ဆွေးနွေးပြောဆိုမှာ မဟုတ်ဘူး" (AT&T ဆက်သွယ်ရေးကုမ္ပဏီ)
- "ဒီပရောဂျက်ဟာ အရမ်းကိုအရေးကြီးပါတယ်။ ဒီထက်အရေးကြီးတာတွေတောင် ဒီကိစ္စမှာ အနှောင့်အယှက်မဖြစ်ပါစေနဲ့" (ဈေးကွက်ရှာဖွေရေးမန်နေဂျာ- UPS Company)

**Golden Hawks International Ltd.**

**No.158 ,Bogyoke Aung San Road ,Pazundaung Township,Yangon.**

**Ph:01-294317,01-9000541,01-9000542,01-294635**

**Email –goldenhawks .info@gmail.com ,PO.Box –(753)**

We are one of the leading trading houses dealing in pharmaceutical products, medical equipments & lubricants with the excellent distribution network within the country. We are recruiting experienced & energetic persons for the following positions:

**(1)Chief Accountant** Male &Female (1)Post
- MBA/CPA/ACCA/B.Com
- 10 years experience in accounting field.
- Computer skills is excellent (Word, Excel, Power point).
- Good commend of spoken & written English.
- Be able to perform detailed financial analysis with a strong report writing skills.
- Be a self-motivated and dedicated person with effective team working skills.
- MBC accounting software, Age over 35.

**(2 )Human Resource Manager** Male/ Female (1) Post
-MBA or B.Com or ABE or equivalent Degree Holder
- Minimum 5 years experience in Human Resource Management
- Familiar with Full spectrum of HR Management functions
- Possess good communication and interpersonal skill
-Good commend of spoken & written English.
-Computer skills require (Word, Excel, Powerpoint).
- Training and Event planner
- Performance Appraisal
- Age over 30

**(3) Business Development Manager** Male (1-Post)
-Any Gradute (or) M.B.B.S (M B A Preferable) At Least 5 Years Experiance in Sales & Marketing Role.
-Management of Sales & Marketing Policy (Target ,Achievement ,Budget and Staff Control)
-Development a Situation analysis of company swot annual assist in the development of a strategic plan 4 business.
-Willing in Travel within Myanmar .
-Computer Skill is excellent (Word ,Excel,Power Point )
-Age Over 35 Years .Fluent in English.

**(4)Admin & Operation Manager** Male &Female (1)Post
-Any Graduate.
-3 years experience in Delivery system of the whole country.
-Computer skills is excellent (Word, Excel, Powerpoint).
-Management of stock control, data base system and vehicles.
-Good commend of spoken & written English.
-Ability to organize, coordinate with all department (Sale, Marketing, Account, Admin...)
-Age over 35.
-Knowledge in Administration.

**(5)Sales &Marketing Manager (lubricant)** Male & Female (2)Post
-B.E (Mechanical).
-At last 5 years experience in Sales & Marketing at international pharmaceutical company .
-Management of Sales policy (Target, achievement, budget and staff control).
-Self motivated dynamic, smart, hardworking and intelligent.
-Good knowledge on pharmaceutical formulations.
-Able to communicate in English.
-Able to travel within Country.
-Must be good personality.
-Age over 35.

**(6)Medical Sale Representative/Medical Promotion Officer Male/Female(2)Post**
-M.B.B.S/B.D.S/B.V.S or Paramedical or Science graduate.
-At least 1 year experience in Medical equipment (or) laboratory equipment & materials.
-Willing to travel.
-Good commend of spoken & written English.
-Must be initiative, hardworking, honest and aggressive.
-Computer skills require (Word, Excel, Powerpoint).
-Age 25-35 years.

**Interest candidates should sent CV, one recent photo, copy of NRC Card and Other related documents to above address within 2 weeks.**

Environment
7DAY NEWS JOURNAL
Vol.11, No.43 • JANUARY 3 , 2013

# မြန်မာ – တရုတ် ရွှေပိုက်လိုင်းသဘာဝပတ်ဝန်းကျင် ထိခိုက်မှု စစ်တမ်းတစ်စောင်ထုတ်ပြန်

**အိဖြူမွန်**

**ရန်ကုန်၊**
**ဒီဇင်ဘာ - ၂၈**

မြန်မာ-တရုတ်ရွှေသဘာဝဓာတ်ငွေ့နှင့် ရေနံပိုက်လိုင်းစီမံကိန်းဖြတ်သန်းရာ ဒေသတစ်လျှောက်တွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု၊ လူမှုစီးပွားထိခိုက်မှုများနှင့် ပတ်သက်၍ ဒုတိယအကြိမ်မြောက် စစ်တမ်းတစ်စောင်ကို မြန်မာ-တရုတ်ပိုက်လိုင်းစောင့်ကြည့်ရေးကော်မတီက ထုတ်ပြန်သည်။

ပထမအကြိမ်ထုတ်ပြန်ခဲ့စဉ်က မြန်မာ-တရုတ်ပိုက်လိုင်းဖြတ်သန်းမှုအား ဦးဆောင်ပြုလုပ်နေသော ကုမ္ပဏီများက တွေ့ရှိချက်ကို ငြင်းဆိုသောကြောင့် စစ်တမ်းကိုဒုတိယအကြိမ်ကောက်ယူခြင်းဖြစ်ကြောင်း စစ်တမ်းစောင့်ကြည့်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်သစ်က နိုဝင်ဘာလအတွင်းက ပြောကြားခဲ့သည်။

ကော်မတီကိုမန္တလေးအခြေစိုက် စိမ်းရောင်စို သဘာဝပတ်ဝန်းကျင်အဖွဲ့အပြင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားသူများပါဝင်သော အရပ်ဘက် လူ့အဖွဲ့အစည်း ၁၂ ဖွဲ့ဖြင့် ဖွဲ့စည်းထားသည်။

ယင်းကော်မတီက ဒေသခံပြည်သူများ၏ တွေ့ကြုံရမှုများကို နှစ်လအကြာ ကွင်းဆင်းကောက်ယူထားခြင်းဖြစ်သည်။

ဒုတိယအကြိမ် ကောက်ယူမှုပိုက်လိုင်း စတင်ဖြတ်သန်းရာ ကျောက်ဖြူမြို့နယ်မှစပြီး ငဖဲ၊ ရေနံချောင်း၊ တံတားဦး၊ ပြင်ဦးလွင်၊ နောင်ချို၊ ကျောက်မဲနှင့် သီပေါမြို့နယ်တို့တွင် မြေယာနှင့်သီးနှံလျော်ကြေးမရသည့် ကိစ္စများ၊ တောင်းဆိုသည့်လျော်ကြေးများပေးမည်ဟု ကတိပြုထားသော်လည်း မရရှိခြင်း၊ သီးနှံစိုက်ပျိုးမြေအတွက် လိုအပ်သော ချောင်း၊ မြောင်းများ စီမံကိန်းကြောင့်ပျက်စီးခြင်း၊ လမ်းများပျက်စီးခြင်း၊ အလုပ်သမားအခွင့်ရေးချိုးဖောက်ခြင်း၊ ပလပ်မြေ သတ်မှတ်ခံရမှုကြောင့် လျော်ကြေးမရသည့် ကိစ္စရပ်များ၊ အခြားလူမှုရေးပြဿနာများကို ယင်းထုတ်ပြန်ချက်တွင် အသေးစိတ် ဖော်ပြထားသည်။

ထုတ်ပြန်ချက်တွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနှင့် ပတ်သက်၍ မန်းသစ်တောကြိုးဝိုင်း၊ မင်းဘူးမြို့နယ်နှင့် ရေနံချောင်းမြို့နယ်များတွင်း အဆိုပြုကြိုးပြင်ကာကွယ်တောများ၊ ရှမ်းပြည်နယ်ရှိနောင်ချိုကြိုးဝိုင်း၊ ဂုတ်ထိပ်ကြိုးဝိုင်း၊ မိုးတေကြိုးဝိုင်း တောများရှိ သစ်တောများ ပျက်စီးဆုံးရှုံးခဲ့သည်။



မြန်မာ–တရုတ်ဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းစဉ် ဓာတ်ပုံ-အောင်သူရ

ပျက်စီး ဆုံးရှုံးမှုများတွင် ရွှေစက်တော် သဘာဝဘေးမဲ့တောများ၏ အစိတ်အပိုင်းအချို့လည်းပါဝင်သည်။ ငဖဲမြို့နယ်ရှိ အရှိုချင်းလူမျိုး ၄၂ ဦးဖြင့် ဖွဲ့စည်းထားသော ဧက ၁၀၀ ရှိသည့် အစုဖွဲ့ပိုင်သစ်တောမှ ဧက ၂၀ ပျက်စီးဆုံးရှုံးခဲ့သော်လည်း လျော်ကြေးတစ်စုံတစ်ရာမျှ မရရှိဟု စစ်တမ်းတွင် ဖော်ပြထားသည်။

# လက်ပံတောင်းတောင် ကြေးနီစီမံကိန်း၏ EIA ၊ SIA ကို မြန်မာ့ပတ်ဝန်းကျင် သိပ္ပံအဖွဲ့ စုံစမ်းပြီ

**အိဖြူမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၇**

အသစ်ဖွဲ့စည်းထားသော မြန်မာ့ပတ်ဝန်းကျင်သိပ္ပံအဖွဲ့က လက်ပံတောင်းတောင် ကြေးနီစီမံကိန်း၏ သဘာဝပတ်ဝန်းကျင် ထိခိုက်မှု (EIA) နှင့် လူမှုဘဝအကျိုးသက်ရောက်မှု (SIA) ရလဒ်များပါသော ကနဦးအစီရင်ခံစာကို နှစ်ပတ် အတွင်း စုံစမ်းရေးကော်မရှင်သို့တင်ပြမည်ဟု ကော်မရှင်က ဒီဇင်ဘာ ၂၆ ရက်စွဲဖြင့် သတင်းထုတ်ပြန်သည်။

"ဒီလကုန်ပြီးတစ်ပတ်လောက်ကြာရင် အစီရင်ခံစာပြီးမယ်လို့ထင်တယ်။ ရတဲ့ရလဒ်ကို အများပြည်သူသိအောင် ထုတ်ပြန်မှာပါ" ဟု ပုလဲမြို့နယ် လွှတ်တော်အမတ် ဒေါ်ခင်စန်းလှိုင်က ပြောသည်။

လက်ပံတောင်းတောင်ကြေးနီစီမံကိန်း၏ EIA နှင့် SIA တို့ကို မြန်မာ့ပတ်ဝန်းကျင်သိပ္ပံအဖွဲ့တွင် ပါဝင်သော ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးကျွမ်းကျင်ပညာရှင် ၁၂ ဦးက စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်နေပြီဖြစ်သည်။



ဓာတ်ပုံ - ရန်နိုင်ကျော်

ထို့အပြင် ဂေဟစနစ်၊ သဘာဝဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှု၊ စီမံကိန်းဖွံ့ဖြိုးတိုးတက်ရေးဆန်းစစ်လေ့လာသူ၊ ကျန်းမာရေး၊ ဘေးကင်းလုံခြုံမှုနှင့် သဘာဝပတ်ဝန်းကျင်အတိုင်ပင်ခံ၊ သဘာဝပတ်ဝန်းကျင် အင်ဂျင်နီယာအတိုင်ပင်ခံ၊ ရေမြေသဘာဝပတ်ဝန်းကျင် တိုင်းတာရေး၊ လေထုအရည်အသွေး၊ ယဉ်ကျေးမှုဆိုင်ရာ ပညာရှင်များလည်း တစ်ဦးစီ ထည့်သွင်း ခန့်အပ်ထားသည်။

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းကို ပြန်လည်ဆန်းစစ်ရန် ပြည်သူ့လွှတ်တော်က အတည်ပြုပြီးနောက် ယင်းစီမံကိန်းကို ယခင်လုပ်ဆောင်ခဲ့သော အိုင်ဗင်ဟိုး ကုမ္ပဏီက သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနှင့် လူမှုရေးအကျိုးသက်ရောက်မှုများကိုလေ့လာခဲ့ကြောင်း၊ ဆန်းစစ်မည်ဆိုပါက နိုင်ငံတကာ အရည်အချင်းများနှင့် ကိုက်ညီသော ကျွမ်းကျင်ပညာရှင်များနှင့် မျှမျှတတ ဆောင်ရွက်စေချင်ကြောင်း ကုမ္ပဏီဘက်က ပြောဆိုခဲ့သည်။

ဒေသခံများက စီမံကိန်းရပ်ဆိုင်းရန် တောင်းဆိုနေသော ကိုင်တွယ်ရခက်ခဲမည့် လက်ပံတောင်းတောင် စီမံကိန်း၏ ဆန်းစစ်ချက် ရလဒ်ထွက်လာပါက အငြင်းပွားမှု ပြဿနာများ ဖြစ်လာနိုင်သောကြောင့် ဆန်းစစ်မှုများကို လူထုလက်ခံသော နိုင်ငံတကာ အသိအမှတ်ပြု ကျွမ်းကျင်ပညာရှင်များနှင့် ဖွဲ့စည်းထားခြင်း ဖြစ်သည်ဟု ပုလဲမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်က ကတိပြုပြောကြားလိုက်သည်။

## အင်းလေးကန်ထိန်းသိမ်းရေး အရပ်ဘက် လူမှုအဖွဲ့အစည်းများ ဖိတ်ခေါ်

**အိဖြူမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ ၂၈**

အင်းလေးကန်ထိန်းသိမ်းရေး ဒုတိယစီမံကိန်းအတွက် ဇန်ဝါရီလမှစ၍ ပူးပေါင်းဆောင်ရွက်ရန် အရပ်ဘက်လူမှုအဖွဲ့အစည်းများကို ဖိတ်ခေါ်မည်ဖြစ်ကြောင်း ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် UNDP မှ အင်းလေးကန်စီမံကိန်းတာဝန်ခံ ဦးထွန်းပေါ်ဦးက ပြောသည်။

"ဘယ်ရက်ရယ်လို့ မဆုံးဖြတ်ရသေးပေမယ့် နောက်ထပ်စီမံကိန်းအတွက်ဇန်နဝါရီလမှာ ခေါ်ဖို့ရှိတယ်။ ခေါ်ပြီး နှစ်ပတ်ကြာရင် အဖွဲ့တွေကို ရွေးချယ်မယ်။ မူလလက်တွဲထားတဲ့အဖွဲ့တွေကိုပေးဖို့ မစီစဉ်ထားပါဘူး။ ကြိုက်တဲ့ အရပ်ဘက်အဖွဲ့အစည်းတွေလျှောက်နိုင်ပါတယ်" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။ ဒုတိယတစ်နှစ် စီမံကိန်း တွင် ယခင် ပထမတစ်နှစ်စီမံကိန်းတွင် လုပ်ဆောင်ခဲ့သော ကျေးရွာ ၇၁ အနက် အဓိကကျသော ကျေးရွာများရွေးချယ်ပြီး ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ဆက်စပ်သည့်လုပ်ငန်းများကို လုပ်ဆောင်မည်ဖြစ်သည်။

ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ဆက်စပ်သောလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် ပထမတစ်နှစ်စီမံကိန်းတွင် အဖွဲ့ ၁၂ ဖွဲ့အား ရွေးချယ်ခဲ့သော်လည်း ယခုအကောင်အထည်ဖော်မည့် စီမံကိန်းအတွက် အဖွဲ့အရေအတွက်ကိုပြောဆို၍ မရသေးကြောင်း အထက်ပုဂ္ဂိုလ်က ပြောသည်။ နော်ဝေအစိုးရက အလှူငွေဒေါ်လာနှစ်သန်းနှင့် ကုလသမဂ္ဂလဖွံ့ဖြိုးရေးအစီအစဉ်မှ အလှူငွေဒေါ်လာခြောက်သိန်းဖြင့် ယင်းစီမံကိန်းကို ၂၀၁၂ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၃ နှစ်ကုန်တွင် စီမံကိန်းပြီးဆုံးမည်ဖြစ်သည်။ ပထမတစ်နှစ်စီမံကိန်းတွင် အင်းလေးကန်သို့ အဓိကစီးဝင်သော ကလောင်ချောင်း ရေဝေရေလဲဒေသများတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသော တောင်ယာစိုက်ပျိုးနည်းများ၊ သစ်တောပြုန်းတီးမှု လျော့နည်းစေရေး၊ မြေယာထိန်းသိမ်းရေး၊ လူမှုစီးပွားရေးတို့ကို အဓိကလုပ်ဆောင်ခဲ့သည်။






# Tourism

7 DAY NEWS JOURNAL

Vol.11, No.43 • JANUARY 3 , 2013


## ကျွန်းစုကမ္ဘာ တနင်္သာရီဒေသနှင့် အဏ္ဏဝါခရီးသွားအလားအလာ

**ရန်မျိုးနိုင်၊ ခိုင်ချို**

ဖြူလွလွ သဲခုံများ၊ ညို့မှိုင်းနေသော သစ်ပင်ကြီးများပေါ်တွင် ပျံဝဲနေသော ပင်လယ်ပျော် ငှက်ငယ်များ၊ သန္တာကျောက်တန်းများဖြင့် သာယာလှပနေသည့် ကျွန်းစုပေါင်းများစွာကို တနင်္သာရီကမ်းရိုးတန်းတစ်လျှောက် ရေကြောင်းဖြင့် ခရီးသွားပါက မျက်စိပသာဒအပြည့်တွေ့မြင်ရမည်ဖြစ်သည်။

သဘာဝ တရားက ပေးအပ်ထားသော အလှများကို ပိုင်ဆိုင်ထားသည့် ကပ္ပလီပင်လယ်ပြင်ရှိ ကျွန်းပေါင်း ၈၀၀ ကျော်သည် တနင်္သာရီတိုင်းဒေသကြီး၏ တန်ဖိုးမဖြတ်နိုင်သောသဘာဝအမွေအနှစ်တစ်ခုဖြစ်သည်။ ဒေသဖွံ့ဖြိုးတိုးတက်ရန်နှင့် ဆင်းရဲမွဲတေမှုလျှော့ချနိုင်ရေးတို့အတွက် ခရီးသွားလုပ်ငန်း လုပ်ကိုင်နိုင်ရေးအတွက် အထောက်အကူများစွာပြုနိုင်သည့်အနေအထားတွင် ရှိနေသည်။

"မြန်မာနိုင်ငံမှာ ပင်လယ်အခြေပြု ခရီးသွားလုပ်ငန်း (Marine Tourism)က တွင်ကျယ်မှုမရှိသေးဘူး" ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်း စျေးကွက်မြှင့်တင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဖြိုးဝေရာဇာက ပြောသည်။

အာဆီယံဒေသတွင်း နိုင်ငံများဖြစ်သော ထိုင်းနိုင်ငံသည် ဖူးခက်၊ ပတ္တရားစသော ပင်လယ်ကမ်းခြေများနှင့်လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံသည် နာမည်ကျော် ဘာလီကျွန်းအလှများနှင့်လည်းကောင်း၊ ပြည်ပခရီးသွားဧည့်သည်များကို အပြိုင်အဆိုင်ဆွဲဆောင်ပြီး ဒေါ်လာသန်းချီကာ ခရီးသွားလုပ်ငန်းမှ ဝင်ငွေရရှိနေချိန်တွင် မြန်မာနိုင်ငံ တောင်ပိုင်းကပ္ပလီပင်လယ်ပြင်ရှိ မြိတ်ကျွန်းစု အလှအပများက အထီးကျန်လျက်ပင် ရှိနေသည်။

ကပ္ပလီပင်လယ်ပြင်အတွင်း သွားရောက်လည်ပတ်နိုင်သော ထင်ရှားသော နေရာများအဖြစ် ၂၀၀၃ ခုနှစ်အာဆီယံအမွေအနှစ်စာရင်းတွင်ပါဝင်ခဲ့သည့်လန်ပိအမျိုးသားဥယျာဉ်၊ မလိကျွန်းဘေးမဲ့တော၊ သူဌေးကျွန်းနှင့် ပင်လယ်ဂျစ်ပစီများဟု ခေါ်ဝေါ်ကြသည့် ဆလုံတိုင်းရင်းသားများ နေထိုင်ကြသည့် ကျွန်းစုများသည် ပြည်ပခရီးသွား အများစုကို ဆွဲဆောင်နိုင်သော နေရာများဖြစ်သည်။

သို့သော် ပြည်တွင်းရှိ ခရီးသွား အေဂျင်စီ အများစုသည် ကျွန်းများသို့ ဧည့်သည်များ သွားရောက်လည်ပတ်နိုင်ရန် စီစဉ်ပေးမှု လုပ်ဆောင်နိုင်ခြင်း မရှိသည့်



မြိတ်ကျွန်းစုအလှ

ဓာတ်ပုံ-Gatty image

အပြင် ဒေသတွင်း အခြားသော နိုင်ငံများကဲ့သို့ ရွက်လှေစခန်းများ မရှိခြင်း၊ သာယာလှပသော ကျွန်းများ အနီးတွင် ဧည့်သည်များ ရေငုပ်အပန်းဖြေရာတွင် ရေငုပ်ကျွမ်းကျင်သူများနှင့် ဝန်ဆောင်မှုပေးခြင်းမျိုးတို့ များစွာလိုအပ်ကြောင်း ခရီးသွားလုပ်ငန်း လုပ်ကိုင်နေသူအများစုက သုံးသပ်သည်။

ထို့ကြောင့် ထိုင်းနိုင်ငံမှ ခရီးသွားအေဂျင်စီအချို့သည် တနင်္သာရီ တိုင်းဒေသကြီးအတွင်းရှိ ကျွန်းများကို နိုင်ငံခြား ခရီးသွားများအား လှည့်လည်ပြသမှု အချို့ရှိကြောင်း ဦးဖြိုးဝေရာဇာက ဆိုသည်။

"နိုင်ငံခြားသားတွေ ဒီဘက်ကို လာတာ အများစုက ဟိုဘက် (ထိုင်း)မှာ ပြည်ဝင်ခွင့် ဗီဇာသက်တမ်းကုန်လို့ ခဏလာတာတွေပဲ များတယ်"ဟု မြန်မာ-ထိုင်း နယ်စပ်မြို့ဖြစ်သော ကော့သောင်းမြို့ ဒေသခံ ကိုရဲလင်းထက်က ပြောသည်။

မြန်မာနိုင်ငံ တောင်ပိုင်းတွင် ခရီးသွားလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်ရန်အတွက်မှာ ပြည်ပခရီးသွားများ၏ အာရုံစိုက်မှုလိုအပ်ပြီး ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် စက်မှုဇုန်စီမံကိန်းများ ပြီးစီးချိန်တွင်သာ ပြည်ပ ဧည့်သည်များ အာရုံစိုက်လာနိုင်ကြောင်း လောင်းလုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးအောင်စိုးက သုံးသပ်သည်။

ဒေသခံအများစုသည်လည်း လက်ရှိအချိန်တွင် ခရီးသွားလုပ်ငန်းကို စိတ်ဝင်စားမှု နည်းပါးကာ မိရိုးဖလာအသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သော ရေလုပ်ငန်းကိုသာ လုပ်ကိုင်ရန် ဆန္ဒသာရှိကြသည်ဟု ဦးအောင်စိုးက ပြောကြားသည်။

သဘာဝ အလှအပတရားများနှင့်အတူ ပျက်စီးယိုယွင်း မရှိသေးသော ကပ္ပလီပင်လယ်ပြင်ရှိ ကျွန်းများကို ဒေသ၏ အဓိကဝင်ငွေရရှိမည့် ခရီးသွားလုပ်ငန်းအဖြစ် ဖန်တီးနိုင်ပါက ဒေသခံများအတွက် အလုပ်အကိုင် အခွင့်အလမ်းသစ်များ ရရှိလာမည် ဖြစ်သည်။ သို့သော် အဆင်ပြေချောမွေ့သော သယ်ယူပို့ဆောင်ရေး မရှိခြင်းကြောင့် သွားလာရေး စရိတ်ကြီးမြင့်ခြင်းနှင့် အခြေခံအဆောက်အအုံ လိုအပ်ချက်သည် အဓိကစိန်ခေါ်နေမှုများဖြစ်နေကြောင်း ဒေသခံများနှင့် ခရီးသွားလုပ်ငန်းလုပ်ကိုင်နေသူများက သုံးသပ်သည်။

တနင်္သာရီ ကမ်းရိုးတန်းမှ ၁၂ မိုင်ကွာဝေးကာ ရေလမ်းတစ်ခုတည်းဖြင့်သာ သွားလာနိုင်သည့် အာဆီယံအမွေအနှစ် ဖြစ်သည့် လန်ပိကျွန်းကို သွားရောက်လည်ပတ်ရန် ကုန်ကျငွေများသောကြောင့် ပြည်ပဧည့်သည်အများစုသည် စရိတ်သက်သာသော အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံများရှိ သဘာဝအခြေခံ ကျွန်းများသို့သာ ပိုမိုသွားကြကြောင်း ဒေသခံဧည့်လမ်းညွှန်တစ်ဦးက ပြောသည်။

*စာ(၃၅) သို့*

## ရင်းနှီးမြှုပ်နှံမှု ဒေါ်လာသန်း ၃၀၀ ရှိသော စီမံကိန်း စက်မှု (၁) ဝန်ကြီးဌာနရုံးဟောင်းတွင် စတင်တည်ဆောက်

**ခိုင်ချို**

**ရန်ကုန်၊**
**ဒီဇင်ဘာ - ၂၈**

ဗီယက်နမ်နိုင်ငံမှ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ရင်းနှီးမြှုပ်နှံသည့် ဟိုတယ်နှင့် စီးပွားရေး အဆောက်အအုံ စီမံကိန်းတစ်ခုကို ယခင်စက်မှု(၁)ဝန်ကြီးဌာန ရုံးဟောင်းနေရာတွင် စတင်ဆောက်လုပ်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းပေါ်တွင် နိုင်ငံတကာအဆင့်မီဟိုတယ်၊ စီးပွားရေးဗဟိုဌာန၊ ရုံးခန်းနှင့် အဆင့်မြင့် လူနေအိမ်ခန်းများပါဝင်သော စီမံကိန်းအား ယခုလကုန်ပိုင်းမှ စတင်ဆောင်ရွက်နေပြီး ၂၀၁၇ ခုနှစ်တွင် အပြီးသတ်ဆောင်ရွက်သွားမည်ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

"ဒီစီမံကိန်းက စနေပါပြီ။ ဗီယက်နမ်က အပြည့်အဝရင်းနှီးမြှုပ်နှံတာပါ။ FDI ရင်းနှီးမြှုပ်နှံမှုတစ်ခုပေါ့။ ၂၀၁၇ ခုနှစ်မှာ အပြီးသတ်မယ်လို့ သိရပါတယ်"ဟု ရန်ကုန်ဟိုတယ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ စီမံကိန်းအား ဗီယက်နမ်နိုင်ငံရှိ Hoang Anh Construction & Development House Joint Stock Company က ရင်းနှီးမြှုပ်နှံမှုဖြင့် တည်ဆောက်သွားမည်ဟု ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနနှင့် Hoang Anh Gia Lai Myanmar Company Limited တို့သည် တည်ဆောက်ဆောင်ရွက်ပြန်လည်လွှဲပြောင်းမှု သဘောတူစာချုပ်နှင့် မြေငှားရမ်းမှု သဘောတူညီချက်များကို ဒီဇင်ဘာ ၁၈ ရက်က နေပြည်တော် အမရဟိုတယ်တွင် လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ Hoang Anh Lai Myanmar Centre တွင် နိုင်ငံတကာအဆင့်မီ ဟိုတယ်အိပ်ခန်း ၄၁၄ ခန်း၊ အစည်းအဝေးခန်းများနှင့် အခြားအထောက်အကူပြုလုပ်ငန်းများ၊ စီးပွားရေးဗဟိုဌာနတွင် စျေးဆိုင်ကြီးများ၊ အရောင်းဆိုင်များ၊ စားသောက်ဆိုင်များနှင့် အပန်းဖြေနေရာများ၊ ရုံးခန်း၊ အဆောက်အအုံများနှင့် အဆင့်မြင့်လူနေတိုက်ခန်းများလည်း ပါဝင်မည်ဖြစ်သည်။

"ဟိုတယ်အခန်းတွေ ထပ်တိုးခဲ့တာ ကောင်းပါတယ်။ ဒီနှစ်က နိုင်ငံခြားသားဧည့်သည် အဝင်များတယ်။ သူတို့က ပြည်တွင်းဟိုတယ်တွေထက် FDI ဟိုတယ်တွေကို ပိုကြိုက်တယ်။ မြန်မာနိုင်ငံသားပိုင် ဟိုတယ်တွေကိုလည်း ထပ်မံတိုးချဲ့ဖို့ လိုတယ်" ဟု ခရီးသွားဟိုတယ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

စီမံကိန်း ကာလအားဖြင့် အဆင့်နှစ်ဆင့်ဖြင့် ခွဲခြားတည်ဆောက်မည်ဖြစ်ပြီး အဆင့် ၁ ကို ၂၀၁၅ ခုနှစ်တွင် လည်းကောင်း၊ အဆင့် ၂ ကို ၂၀၁၇ ခုနှစ်တွင်လည်းကောင်း အပြီးသတ်ဆောင်ရွက်မည်ဖြစ်သည်။

ထိုစီမံကိန်းအား ရန်ကုန်မြို့တွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများအတွက်သာမက စီးပွားရေးလုပ်ငန်းများအတွက်ပါ ရည်ရွယ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနမှ သိရသည်။

ယနေ့အထိ မြန်မာနိုင်ငံတွင် စုစုပေါင်းဟိုတယ် ၇၈၂ လုံးနှင့် အခန်းပေါင်း ၂၇,၉၆၈ ခန်းရှိရာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်နှင့်အဆင့်မြင့်ကာလရှည် တည်းခိုအိမ်ရာ ၂၁ လုံးနှင့် အခန်း ၃,၇၇၀ ခန်း ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ စာရင်းများအရ သိရသည်။




7 DAY NEWS JOURNAL
Vol.11, No.43 • JANUARY 3 , 2013

# The Cartoon Logo















7DAY NEWS JOURNAL
Vol.11, No.43 • JANUARY 3 , 2013


# အုပ်စုလိုက် အဓမ္မပြုကျင့်ခံရပြီး ကွယ်လွန်သွားသော အမျိုးသမီးငယ်အတွက် အထူးဝမ်းနည်းကြောင်း မန်မိုဟန်ဆင်းပြောကြား

**နယူးဒေလီ၊ ဒီဇင်ဘာ – ၂၉**
မကြာမီက မြို့တော်ဒေလီတွင် ဘတ်စ်ကားတစ်စီးပေါ်၌ အုပ်စုလိုက်အဓမ္မပြုခံရပြီး ဒဏ်ရာများဖြင့်ဆေးရုံတင်ထားရသော (၂၃ နှစ်) အရွယ် မိန်းမပျိုတစ်ဦးမှာ ယမန်နေ့က သေဆုံးသွားခဲ့သဖြင့် အထူးပင် ဝမ်းနည်းကြေကွဲရကြောင်း အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ပြောကြားလိုက်သည်။

ဝန်ကြီးချုပ်ဆင်းက ထိုအမျိုးသမီးငယ်၏ သေဆုံးမှုနှင့် ပတ်သက်၍ “ကျွန်တော်တို့ဟာ ဒီဇင်ဘာ ၁၆ ရက်က ဖြစ်ပေါ်ခဲ့တဲ့ အဲဒီအကြမ်းဖက်မှုဖြစ်ရပ်နဲ့ ပတ်သက်လို့ နက်နက်ရှိုင်းရှိုင်း ဝမ်းနည်းမိရပါတယ်” ဟု ၎င်း၏ဝက်ဘ်ဆိုက်တွင်ရေးသားဖော်ပြခဲ့သည်။ ထို့ပြင်ယင်းမိန်းကလေး အဓမ္မပြုခံခဲ့ရပြီးနောက် မြို့တော်ဒေလီတွင် လူအများကြား ဒေါသပေါက်ကွဲကာဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ခြင်းနှင့် ပတ်သက်၍ ၎င်းက “ဆန္ဒပြမှုတွေကို ဖြစ်စေခဲ့တဲ့ စိတ်လှုပ်ရှားမှုတွေနဲ့ စွမ်းအင်တွေကို ကျွန်တော်တို့ မြင်ခဲ့ပါတယ်။ ဒါတွေဟာ အပြောင်းအလဲကို လိုချင်နေတဲ့ နုပျိုတဲ့ အိန္ဒိယဆီကလာတဲ့ တုံ့ပြန်မှုတွေဆိုတာ နားလည်နိုင်ပါတယ်” ဟု စာနာပြောကြားသည်။

မြို့တော်နယူးဒေလီတွင် ယင်းအမျိုးသမီးငယ်အား လူခြောက်ဦးပါဝင်သော အုပ်စုတစ်စုက ဘတ်စ်ကားပေါ်၌ မတရားပြုကျင့်ပြီး ဒဏ်ရာများနှင့်ပစ်ထားခဲ့ရာမှ လူများစုကသတင်းကြောင့် ပေါက်ကွဲပြီး ဆန္ဒပြမှုများ အရှိန်အဟုန်ဖြင့် ပေါ်ပေါက်ခဲ့သည်။ ယခုအခါစင်ကာပူရှိဆေးရုံတစ်ရုံတွင် ဆေးကုသခံရင်းကွယ်လွန်ခဲ့ရသော ယင်းအမျိုးသမီး၏ ရုပ်အလောင်းကို အိန္ဒိယသို့ပြန်လည်သယ်ဆောင်ကာ သဂြိုဟ်မည်ဟု သိရသည်။

*—Ref: AFP/ CNA*




*အိန္ဒိယကျောင်းသားကျောင်းသူများ အာမီဒါဘက်မြို့၌ပြုလုပ်သည့်လူထုချီတက်ပွဲတွင် ကြွေးကြော်သံစာသားများကိုင်ဆောင်ပါဝင်ချီတက်နေသည်ကို ဒီဇင်ဘာ ၂၉ ရက်ကတွေ့ရစဉ်။ အဓမ္မပြုကျင့်ခံရသော ၂၃ နှစ်အရွယ် ဆေးပညာကျောင်းသူမှာ စင်ကာပူဆေးရုံတွင် သေဆုံးသွားကြောင်း သတင်းများထွက်ပေါ်လာပြီးနောက် မြို့တော် နယူးဒေလီတွင် ရဲတပ်ဖွဲ့ဝင်များ ထူထပ်စွာ ချထားခဲ့ရသည်။* **Photo - AFP**

# တရုတ်ပြည်သူ့ အမျိုးသားကွန်ဂရက် မတ်လတွင် ကျင်းပမည်

**ဘေကျင်း၊ ဒီဇင်ဘာ – ၂၉**
တရုတ်အမြင့်ဆုံးဥပဒေပြုအဖွဲ့အစည်းဖြစ်သော အမျိုးသားပြည်သူ့ကွန်ဂရက် (NPC) ၏ ၁၂ ကြိမ်မြောက် နှစ်စဉ်အစည်းအဝေးကို လာမည့် မတ်လ ၅ ရက်တွင် စတင်ကျင်းပကာ နိုင်ငံတော်သမ္မတသစ်အပါအဝင် ထိပ်တန်းနိုင်ငံ့ခေါင်းဆောင်များကို ရွေးချယ်သွားမည်ဟု သိရသည်။ ဒီဇင်ဘာ ၂၈ ရက်ကကျင်းပခဲ့သော ၁၁ ကြိမ်မြောက် ကွန်ဂရက်ကော်မတီ၏ အကြိမ် ၃၀ မြောက်အစည်းအဝေး၌ ထိုသို့ လာမည့် (၁၂) ကြိမ်မြောက် ကွန်ဂရက်၏ နိုင်ငံ့ခေါင်းဆောင်ရွေးချယ်မည့်ပထမဆုံး နှစ်စဉ်အစည်းအဝေးကို နှစ်ပတ်ကြာခန့် ကျင်းပသွားမည်ဟု ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဆုံးဖြတ်ချက်အရထိုအစည်းအဝေးတွင် NPC ကော်မတီ၏ ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌများ၊ နိုင်ငံ၏ သမ္မတနှင့် ဒုသမ္မတများကို ရွေးချယ်မည်ဖြစ်သည်။ ထို့ပြင် တရုတ်နိုင်ငံတော်ကောင်စီ၏ ဝန်ကြီးချုပ်နှင့် ဒုဝန်ကြီးများ၊ နိုင်ငံတော်ကောင်စီဝင်များ၊ အစိုးရဌာနများအတွက် ဝန်ကြီးများကိုလည်း ရွေးချယ်သွားမည်ဖြစ်သည်။ အစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဗဟိုစစ်ကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော်ပြည်သူ့တရားရုံး၏ အကြီးအကဲများကိုလည်း ရွေးချယ်သွားမည်ဟု သတင်းတွင်ဖော်ပြထားသည်။

*—Ref: Xinhua*

# ဖေဖော်ဝါရီလတွင်ကျင်းပမည့် ရွေးကောက်ပွဲ၌ အလယ်အလတ်ဝါဒီများကို မစ္စတာမွန်တီ ဦးဆောင်မည်

**ရောမ၊ ဒီဇင်ဘာ – ၂၉**
အီတလီနိုင်ငံအား ယာယီတာဝန်ယူထားသူ ဝန်ကြီးချုပ် မာရီယိုမွန်တီက လာမည့်ဖေဖော်ဝါရီလ ရွေးကောက်ပွဲများတွင် အလယ်အလတ်ဝါဒီညွန့်ပေါင်းကို ဦးဆောင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

“ဒီညွန့်ပေါင်းအဖွဲ့ရဲ့ ဦးဆောင်တာဝန်ကို ရယူဖို့ ကျွန်တော်သဘောတူပါတယ်။ ဒီစစ်ဆင်ရေး အောင်မြင်အောင်လုပ်ဖို့ရာ ကျွန်တော်စိတ်ပိုင်းဖြတ်ထားပါတယ်” ဟုဘယ်၊ ညာအယိမ်းအနွဲ့မရှိအလယ်အလတ်ဗဟိုအုပ်စုကိုယ်စားလှယ်များ၊ လူမှုအဖွဲ့ကိုယ်စားလှယ်များနှင့် လေးနာရီကြာအစည်းအဝေးအပြီးတွင် မစ္စတာမွန်တီက ပြောကြားသည်။

အီတလီနိုင်ငံအား ဘဏ္ဍာရေးအကျပ်အတည်းမှ ဆွဲထုတ်ရန် ပညာရှင်များပါဝင်သည့် အစိုးရအဖွဲ့ကို ၁၃ လကြာဦးဆောင်ပြီးနောက် အစိုးရအကြီးအကဲ အဖြစ်မှနုတ်ထွက်မည်ဟု မာရီယိုမွန်တီ (၆၉ နှစ်)က လွန်ခဲ့သော တစ်ပတ်တွင် ကြေညာခဲ့သည်။

ရာသက်ပန် အထက်လွှတ်တော်အမတ်နှင့် ဥရောပကော်မရှင်နာဟောင်းလည်း ဖြစ်သူ မစ္စတာမွန်တီသည် သဘောတရားရေးရာအရ ဝန်ကြီးချုပ်နေရာ ဝင်ပြိုင်ခွင့်မရှိသော်လည်း ဖေဖော်ဝါရီ ၂၄၊ ၂၅ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲ၌ ၎င်းထောက်ခံသော ညွန့်ပေါင်းအဖွဲ့ဖြစ်စေ၊ ပါတီဖြစ်စေ အနိုင်ရရှိခဲ့ပါက တစ်ကျော့ပြန် ဝန်ကြီးချုပ်ဖြစ်လာနိုင်သည်။

နာမည်ပျက်များရှိနေသော ဝန်ကြီးချုပ်ဟောင်း ဆီဗီယိုဘာလူစကိုနီတစ်ယောက် အာဏာပြန်ရလာပြီး ခက်ခက်ခဲခဲရရှိခဲ့သည့် ပြုပြင်ပြောင်းလဲမှုများကို ပြန်ဖျက်ပစ်ခြင်းမှ ကာကွယ်ရန်အတွက် မစ္စတာမွန်တီမှာ အကူအညီရနိုင်သူဟု ရှုမြင်ခံရသည်။

*—Ref: AFP*

# အင်တာနက်အသုံးပြုရာတွင် အမည်ရင်းဖြင့် အသုံးပြုရေး တရုတ်နိုင်ငံတွင် ထုတ်ပြန်



**ဘေကျင်း၊ ဒီဇင်ဘာ – ၂၉**
တရုတ်အစိုးရသည် အင်တာနက်အသုံးပြုမှုအပေါ် ထပ်မံတင်းကျပ်သည့်အနေဖြင့် နိုင်ငံတစ်ဝန်း အင်တာနက်အသုံးပြုသူများအား အမည်ရင်းအစစ်မှန်ဖြင့် သုံးစွဲကြရန် ဥပဒေစည်းမျဉ်းသစ်များ ထုတ်ပြန်လိုက်ကြောင်း သိရသည်။ နိုင်ငံ၏အဓိက ဥပဒေပြုအဖွဲ့ဖြစ်သော အမျိုးသားပြည်သူ့ကွန်ဂရက် (NPC) သည် ယခုစည်းမျဉ်းများကိုဒီဇင်ဘာ ၂၈ ရက်ကပြုလုပ်သည့် အစည်းအဝေး၌ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဆင်ဟွာ၏ ဖော်ပြချက်၌ “ဆက်သွယ်ရေး ကွန်ရက်ဝန်ဆောင်မှုပေးတဲ့ကုမ္ပဏီ၊ အဖွဲ့တွေဟာ အင်တာနက်အသုံးပြုသူတွေကို အင်တာနက်ချိတ်ဆက်ခြင်း၊ အထိုင်လိုင်းဖုန်းသုံးခြင်း (သို့မဟုတ်) မိုဘိုင်းဖုန်း ဆက်သွယ်ခြင်းတို့ ပြုလုပ်တဲ့အခါ စစ်မှန်တဲ့ကိုယ်ရေးအထောက်အထား အချက်အလက်တွေကို ပေးအပ်ကြဖို့ တောင်းဆိုပါလိမ့်မယ်” ဟုဖော်ပြထားသည်။

တရုတ်နိုင်ငံတွင်အမေရိကန်မှ တွစ်တာဝက်ဘ်ဆိုက်ကဲ့သို့ပင် လူသုံးများသော လူမှုကွန်ရက်နှင့် ဘလော့ဂ်ဆိုက်များတွင် အာဏာပိုင်များ၏ အမှားအယွင်းများကို ဝေဖန်မှုများ၊ အစိုးရ၏ ခြစားမှုများကိုဖော်ထုတ်ပြောဆိုမှုများမှာ ခေတ်စားသည်။ ဘေကျင်းသည် ၎င်း၏ နိုင်ငံတွင်း အင်တာနက်အသုံးပြုမှုကို နည်းမျိုးစုံဖြင့် ဆင်ဆာပြုလုပ်ပြီး ကန့်သတ်ထားလေ့ရှိသည်။

တရုတ်နိုင်ငံပိုင် မီဒီယာကမူ ယခုကဲ့သို့ အသုံးပြုသူများ၏ အမည်အစစ်အမှန်များ ဖော်ပြစေခြင်းမှာ နိုင်ငံ၏ လုံခြုံရေး ကာကွယ်ရန်နှင့် အသုံးပြုသူများကို ကာကွယ်ပေးရန်ဖြစ်ပြီး အသုံးပြုသူများအနေဖြင့် အမည်ရင်းနှင့် မှတ်ပုံတင်ထားသော်လည်း ၎င်းတို့၏ တင်ပြချက်များကို အင်တာနက်ပေါ်တွင် နှစ်သက်ရာအခြားအမည်များဖြင့် တင်ပြခွင့်ပေးထားကြောင်း ဖော်ပြသည်။ ဆင်ဟွာသတင်း၏ အဆိုအရ ပြီးခဲ့သည့်လအထိ တရုတ်နိုင်ငံတွင် အထိုင်ဖုန်းအသုံးပြုသူ အားလုံးနီးပါးနှင့် မိုဘိုင်းဖုန်းလိုင်း အသုံးပြုသူ ၇၀ ရာခိုင်နှုန်းခန့်သည် ၎င်းတို့၏ ကိုယ်ပိုင်အမည်ရင်းများဖြင့် မှတ်ပုံတင်အသုံးပြုနေကြောင်း အစိုးရ၏ သတင်းနည်းပညာနှင့် စက်မှုဝန်ကြီးဌာနကို ကိုးကားဖော်ပြထားသည်ကို တွေ့ရသည်။

*—Ref: AFP*

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.43 • JANUARY 3 , 2013

နောက်ကျောဖုံး မှ

## ပါလက်စတိုင်းနှင့် ငြိမ်းချမ်းရေးကိစ္စ ပြီးပြတ်အောင် လုပ်ဆောင်ရန် အစ္စရေးသမ္မတတိုက်တွန်း

"မတူညီတဲ့ အမြင်တွေရှိတယ်ဆိုတာ ကျွန်တော်သိပါတယ်"ဟု မစ္စတာပီရက်စ်က ပြောရင်း "ဒါဟာ အယူဝါဒခံယူချက်ကိစ္စမဟုတ်ပါဘူး။ အခြေအနေကိုစနစ်တကျ သုံးသပ်ရေးကိစ္စဖြစ်ပါတယ်" ဟု ၎င်းကဆက်လက်ပြောသည်။ လွန်ခဲ့သောနှစ်ပေါင်း ၃၀ ကပင် မစ္စတာအဘတ်စ်ကို သိကျွမ်းခဲ့ပြီး မည်သူကမျှ မစ္စတာအဘတ်စ်အပေါ် ထားရှိသော မစ္စတာရှီမွန်ပီရက်စ်အမြင်အပေါ် ပြောင်းလဲနိုင်မည်မဟုတ်ကြောင်း မစ္စတာရှီမွန်ပီရက်စ်က ဆိုသည်။ "အချိန် သိပ်မကျန်တော့ဘူး" ဟူ၍လည်း ၎င်းကသတိပေးစကားပြောကြားသည်။

အစ္စရေးနှင့် ပါလက်စတိုင်းတို့၏ ဆွေးနွေးပွဲကို ၂၀၁၀ ပြည့်နှစ်စက်တင်ဘာလမှစ၍ ဆိုင်းငံ့ထားခဲ့သည်။ ဆွေးနွေးပွဲများပြန်လည်မစတင်မီ အစ္စရေးတို့က အိမ်ရာဆောက်လုပ်နေမှုများ ရပ်ထားရမည်ဟု ပါလက်စတိုင်းတို့က ပြောကြားနေပြီး အစ္စရေးတို့ကမူ ဆွေးနွေးပွဲအတွက် မည်သည့်သတ်မှတ်ချက်မှ မထားရှိရဟု ပြောကြားသည်။

ပြီးခဲ့သည့်လအတွင်း ကုလသမဂ္ဂက ပါလက်စတိုင်းအား အဖွဲ့ဝင်မဟုတ်သောလေ့လာသူနိုင်ငံအဖြစ် အဆင့်မြှင့်တင်ခဲ့သည်။ ယင်းနောက်တွင် အစ္စရေးက အနောက်ဘက်ကမ်းခြေဒေသနှင့် အရှေ့ဂျေရုဆလင်တွင်အိမ်ရာများ ထပ်မံဆောက်လုပ်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

—Ref: AFP

နောက်ကျောဖုံး မှ

## ပါကစ္စတန်နိုင်ငံတွင် ဘုရားဖူးများ သေဆုံးခြင်းနှင့် ရဲ ၂၁ ဦး သတ်ဖြတ်ခံရခြင်းအတွက် ဘန်ကီမွန်း ပြင်းထန်စွာရှုတ်ချ



ပါကစ္စတန်နိုင်ငံတွင်မကြာသေးမီက အီရန်နိုင်ငံသို့ ဘုရားဖူးသွားသော ရှီးဟိုက်မူဆလင်ဘုရားဖူးများကို တင်ဆောင်လာသည့် ဘတ်စ်ကားသုံးစီးအား ကားဗုံးခွဲတိုက်ခိုက်ခဲ့ရာ လူ ၁၉ ဦး သေဆုံးပြီး ၂၅ ဦး ဒဏ်ရာရခဲ့သည်။ ထို့ပြင် နိုင်ငံအနောက်မြောက်ပိုင်းတွင်လည်း ပါကစ္စတန် တာလီဘန်တပ်များက ပြန်ပေးဆွဲခဲ့သော ရဲတပ်ဖွဲ့ဝင် ၂၁ ဦး၏ ရုပ်အလောင်းများမှာ သတ်ဖြတ်ခံရသည့်အနေအထားဖြင့် တွေ့ရှိခဲ့ရသည်။

—Ref: AFP

## Leader's Profile

# ဂါနာသမ္မတ ဂျွန်ဒရာမာနီ မာဟာမာ

ရဲမင်း



ဂျွန်ဒရာမာနီ မာဟာမာသည် ဂါနာနိုင်ငံရေးသမား တစ်ဦးဖြစ်ပြီး ၂၀၁၂ ခုနှစ် ဇူလိုင်လမှစ၍ ဂါနာနိုင်ငံ၏ သမ္မတအဖြစ် တာဝန်ထမ်းဆောင်လျက် ရှိသည်။ ၂၀၀၉ မှ ၂၀၁၂ ခုနှစ်အထိ ဂါနာ ဒုတိယသမ္မတလည်းဖြစ်သည်။

ဂျွန်မာဟာမာသည် ဂျွန်ဂျာမျိုးနွယ်အုပ်စုမှဖြစ်ပြီး ဘိုလီဒေသတွင် မွေးဖွားခဲ့သည်။ ဖခင်ဖြစ်သူ အီမယ်နျူရယ် မာဟာမာမှာ ဂါနာနိုင်ငံစတင်ထူထောင်ချိန်မှာ ပင်ဒါမွန်ဂို-ဒါဘိုယာဒေသကိုယ်စားပြု လွှတ်တော်အမတ် ဖြစ်သည်။ မာဟာမာသည် နိုင်ငံမြောက်ပိုင်း တာမာလီဒေသတွင် ကျောင်းအိပ် ကျောင်းစားဖြင့် အထက်တန်း ပညာသင်ယူခဲ့ပြီး လီဂွန်မြို့ရှိ ဂါနာတက္ကသိုလ်တွင် တက်ရောက်ခဲ့သည်။ သမိုင်းအထူးပြုဖြင့် ၁၉၈၁ တွင် ဘွဲ့ရရှိခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် ဆက်သွယ်ရေးဆိုင်ရာ ဘွဲ့လွန်ဒီပလိုမာ ရရှိခဲ့သည်။ ၁၉၈၈ တွင် ဆိုဗီယက်ပြည်ထောင်စု လူမှုရေးသိပ္ပံအင်စတီကျုဒ်မှ လူမှုရေးစိတ်ပညာဘွဲ့ရရှိခဲ့သည်။

ဂျွန်မာဟာမာသည် ပထမဘွဲ့ရရှိပြီးချိန်တွင် အထက်တန်းကျောင်းတစ်ကျောင်း၌ သမိုင်းဘာသာရပ်ကို နှစ်အတန်ကြာဝင်ရောက်သင်ကြားပေးခဲ့သည်။ ဆိုဗီယက်ပြည်ထောင်စုမှပြန်လာပြီးချိန်တွင်မူ ဂါနာနိုင်ငံ မြို့တော်အက်ခရာရှိ ဂျပန်သံရုံး၌ သတင်းထုတ်ပြန်ရေး၊ ယဉ်ကျေးမှုနှင့် သုတေသနအရာရှိအဖြစ် ၁၉၉၁ မှ ၁၉၉၅ အထိ လုပ်ကိုင်ခဲ့သည်။ ယင်းအချိန်အတွင်း ဂျပန်တို့၏ အလုပ်လုပ်ပုံစနစ်များ ၎င်းအပေါ် စွဲမြဲလာစေခဲ့သည်ဟု မစ္စတာမာဟာမာက နောက်ပိုင်းတွင် အသိအမှတ်ပြု ပြောကြားခဲ့သည်။

ယင်းနောက် မစ္စတာမာဟာမာသည် ဆင်းရဲမှုတိုက်ဖျက်ရေး အစိုးရမဟုတ်သော Plan International ၏ ဂါနာရုံးတွင် နိုင်ငံတကာဆက်ဆံရေး စပွန်ဆာများနှင့်ဆက်ဆံရေး၊ ထောက်ပံ့ငွေမန်နေဂျာအဖြစ် လုပ်ကိုင်ခဲ့သည်။ ထိုအတောအတွင်း ဂျပန်နှင့် ကင်ညာနိုင်ငံတို့က ပေးအပ်သည့် သင်တန်းများ တက်ရောက်ခဲ့သည်။

မစ္စတာ မာဟာမာသည် ၁၉၉၆ ခုနှစ်တွင် ၎င်းမွေးဖွားရာဇာတိ ဘိုလီဘမ်ဘွေးခရိုင်အား ကိုယ်စားပြု၍ ဂါနာပါလီမန်သို့ ရွေးကောက်တင်မြှောက်ခံရသည်။ ၁၉၉၇ ခုနှစ်တွင် ဆက်သွယ်ရေးဒုဝန်ကြီး၊ ၁၉၉၈ တွင် ဆက်သွယ်ရေး ဝန်ကြီးတာဝန်များ ထမ်းဆောင်ခဲ့သည်။ ၎င်း၏ မိခင်ပါတီ အမျိုးသားဒီမိုကရက်တစ်ကွန်ဂရက်(NDC) သည် ၂၀၀၂ ခုနှစ် ရွေးကောက်ပွဲ ရှုံးနိမ့်သဖြင့် ရာထူးမှ ထွက်ရသည်။ သို့သော် ၂၀၀၀၊ ၂၀၀၄ ရွေးကောက်ပွဲများတွင် ပါလီမန်အမတ်အဖြစ် ထပ်မံရွေးချယ်ခံရသည်။ ၂၀၀၁ မှ ၂၀၀၄ အထိ ပါလီမန်လူနည်းစုအဖွဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ယူသည်။

မစ္စတာမာဟာမာသည်ပါလီမန်အမတ်၊ ဆက်သွယ်ရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ချိန်အတွင်း နိုင်ငံ၏ ဆက်သွယ်ရေးလုပ်ငန်းများ တည်ငြိမ်အောင် လုပ်ဆောင်နိုင်ခဲ့သလို ၂၀၀၀ ပြည့်နှစ်လူဦးရေ စာရင်းကောက်ခြင်းကော်မတီအဖွဲ့ဝင် ဂါနာအေ့ဒ်စ်ရောဂါကော်မရှင် တည်ထောင်သူ အဖွဲ့ဝင်၊ တန်ဖိုးမြှင့်အခွန်အကောက်လျှော့ဆော်ရေး ကော်မတီ ဒုဥက္ကဋ္ဌ တာဝန်များထမ်းဆောင်ခဲ့သလို အာဖရိကတိုက်လုံးဆိုင်ရာ ပါလီမန်အမတ် UNDP ၏ ဂါနာပဋိပက္ခ ဖြေရှင်းရေး ကော်မတီအကြံပေးအဖွဲ့ဝင် တာဝန်များကိုလည်း ထမ်းဆောင်ခဲ့သည်။

၂၀၀၉ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် ဂါနာနိုင်ငံ၏ ဒုတိယသမ္မတအဖြစ် ခန့်အပ်ခံရသည်။ ၂၀၁၂ ခုနှစ် ဇူလိုင်လတွင် လက်ရှိနိုင်ငံ သမ္မတ ဂျွန်အက်တာမီးလ်တိမ်းပါးသွားခဲ့ပြီးနောက် ဂါနာသမ္မတဖြစ်လာသည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပသည့် ရွေးကောက်ပွဲ၌ ထောက်ခံမှု ၅၀ ဒသမ ၇ ရာခိုင် နှုန်းဖြင့် နိုင်ငံ၏ သမ္မတအဖြစ် ထပ်မံရွေးကောက်တင်မြှောက်ခံရသည်။

ဂါနာတိုင်းရင်းသား ဘာသာစကား အများအပြား ကျွမ်းကျင်စွာ ပြောတတ်သူ မစ္စတာဂျွန်ဒရာမာနီ မာတာမာသည် ဇနီးသည် လော်ဒီနာမာဟာမာနှင့်သားသမီး ခုနစ်ဦး ထွန်းကားခဲ့သည်။

—Ref: Wikipedia

နောက်ကျောဖုံး မှ

## အရှေ့တီမောတွင် ၁၃ နှစ်ကြာ တပ်စွဲထားသော ကုလငြိမ်းချမ်းရေးတပ်ဖွဲ့များ စတင်ရုပ်သိမ်း



Photo - Reuters

အဆိုပါ ကုလတပ်ဖွဲ့တွင် တပ်ဖွဲ့ဝင် ၁,၅၀၀ ခန့်ပါဝင်ပြီး တပ်များရုပ်သိမ်းရာတွင် မပြီးပြတ်သေးသော တာဝန်အချို့ကို လက်စသတ်ရန် ၇၉ ဦးမှာ ကျန်ရှိနေမည်ဖြစ်သည်။

ယခုကဲ့သို့ကုလတပ်များ ရုပ်သိမ်းမှုမှာ ပြီးခဲ့သည့် အောက်တိုဘာတွင် စတင်ခဲ့ပြီး ထိုစဉ်က ပါလီမန်နှင့် သမ္မတသစ်တို့ကို ငြိမ်းချမ်းစွာ ရွေးကောက်တင်မြှောက်နိုင်ပြီးနောက် အရှေ့တီမောတပ်ဖွဲ့များက နိုင်ငံ့လုံခြုံရေးကို ပြန်လည်လွှဲပြောင်းရယူခဲ့ကြသည်။ တီမောရှိ ကုလအဖွဲ့အစည်း အကြီးအကဲ ဖင်းရတ်စကီနီယယ်ဆင်၏ကြေညာချက်တွင် "လုပ်စရာတွေ အများကြီးကျန်သေးပေမယ့် ဒါဟာ တိုးတက်လာမှုတွေကို အသိအမှတ်ပြုတဲ့ သမိုင်းဝင်ကာလလေးတစ်ခုပါ။ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့တွေ ပြန်ရုပ်သိမ်း တာနဲ့အတူ မိမိတို့ဟာ လူမှုရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အဆင့်သစ်ကို ဆက်လက်လုပ်ဆောင်ဖို့ရှိနေပါတယ်"ဟု ဖော်ပြထားသည်။

လေ့လာသူများကမူ အရှေ့တီမောမှ ကုလတပ်များ ရုပ်သိမ်းပြီးနောက်ကာလတို့တွင်း အကြမ်းဖက်မှုများ အသစ်ဖြစ်ပေါ်နိုင်ကြောင်း၊ နိုင်ငံ၏ ရဲတပ်ဖွဲ့နှင့် တရားစီရင်ရေး အဖွဲ့အစည်းများမှာ အားနည်းနေသေးကြောင်း ထောက်ပြထားသည်။

—Ref: AFP

နောက်ကျောဖုံး မှ

## အမေရိကန်ဘဏ္ဍာရေး ဆွေးနွေးမှုအခြေအနေ အဖြေမထွက်သေး

ဇန်နဝါရီလ ၁ ရက်တွင် စတင်အသက်ဝင်လာမည့် သုံးစွဲမှုဖြတ်တောက်ရေးနှင့် အခွန်တိုးမြှင့်ရေး အစီအစဉ်ကို ရှောင်လွှဲနိုင်ရန် အမေရိကန်အထက်လွှတ်တော်မှ ပါတီခေါင်းဆောင်များက နှစ်ဖက်လက်ခံနိုင်သည့် သဘောတူညီချက် ရရှိရန် ကြိုးပမ်းခဲ့ကြသည်။

ထိပ်သီးခေါင်းဆောင်များ ညလုံးပေါက် ဆွေးနွေးညှိနှိုင်းခဲ့ကြသော်လည်း ဆွေးနွေးပွဲအောင်မြင်မှု အရေးမှာ အလှမ်းဝေးနေသေးကြောင်း အထက်လွှတ်တော်ရီပက်ဘလေကန် လူနည်းစုအုပ်စုခေါင်းဆောင် မစ်ချ်မက်ကော်နယ်က သတိပေးပြောကြားသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ ၎င်း၏ မိတ်ဆွေဟောင်းလည်းဖြစ်၊ ဆွေးနွေးငြင်းခုံဖက်လည်းဖြစ်သူ ဒုတိယသမ္မတ ဂျိုးဘစ်ဒန်ထံ နှစ်ကြိမ်တိုင် ဖုန်းခေါ်ဆိုခဲ့ကြောင်း မစ္စတာမက်ကော်နယ်က ပြောသည်။

အထက်လွှတ်တော် ဒီမိုကရက်တစ် လူများစု ခေါင်းဆောင် ဟယ်ရီရိဒ်ကလည်း ဆွေးနွေးပွဲများ ရှေ့မတိုးနိုင်ဖြစ်နေသည်ကို ဝန်ခံပြီး အမေရိကန်နိုင်ငံသားများသည် ဘဏ္ဍာရေး အစွန်းထွက်မှု ဘတ်ဂျက် အကျပ်အတည်းမှ မရှောင်လွှဲနိုင်ဘဲ နှစ်သစ်ကို ကြိုဆိုရမည့် အခြေအနေရှိသည်ဟု သတိပေးပြောကြားသည်။

နှစ်ဖက်စလုံးမှနေ၍ အခြားတစ်ဖက်က အလျှော့မပေးခြင်းကို ပြစ်တင်ပြောကြားနေပြီး စောစောပိုင်းတွင်လည်း သမ္မတအိုဘားမားက ယခု အရှုပ်အထွေးမှာ ရီပက်ဘလေကန်များကြောင့် ဖြစ်ပေါ်လာရသည်ဟု စွပ်စွဲပြောကြားသည်။

—Ref: AFP

7 DAY NEWS JOURNAL
Vol.11, No.43 ▪ JANUARY 3 , 2013



# ၂၀၁၂ တစ်နှစ်တာ ပုဂ္ဂိုလ်ဆုရ အမေရိကန်သမ္မတအိုဘားမား နှင့် တွေ့ဆုံခြင်း

**ကျော်မျိုး**

အမေရိကန်သမ္မတ အိုဘားမားဟာ ၂၀၁၂ ခုနှစ်အတွက် တိုင်းမ်မဂ္ဂဇင်းက သတ်မှတ်ရွေးချယ်ခဲ့တဲ့ "တစ်နှစ်တာပုဂ္ဂိုလ်ဆု" ကို မကြာမီကရရှိခဲ့ပါတယ်။ အိုဘားမားဟာအမေရိကန်ရဲ့ ပထမဆုံးလူမည်းသမ္မတဖြစ်ခဲ့သလို နှစ်ကြိမ်ဆက်အရွေးခံရတဲ့ ရှားရှားပါးပါး ဒီမိုကရက်တစ် သမ္မတတစ်ဦးအဖြစ်လည်း စာရင်းဝင်ခဲ့တာပါ။ ဒါ့ကြောင့်တိုင်းမ်မဂ္ဂဇင်းရဲ့ မန်နေဂျင်းအယ်ဒီတာ ရစ်ချက်စတင်ဂယ်လ်၊ အိမ်ဖြူတော်သတင်းထောက်မိုက်ကယ်ရှာရာနဲ့ အမှုဆောင်အယ်ဒီတာ ရတ်ဒီကာဂျုန်းစ်တို့က အိုဘားမားနဲ့ အိမ်ဖြူတော်မှာ တွေ့ဆုံပြီး ၎င်းရဲ့သမ္မတသက်တမ်းအကြောင်း၊ လင်ကွန်းရုပ်ရှင်အကြောင်း၊ ဂေးလက်ထပ်ခွင့်အကြောင်း၊ အရှေ့အလယ်ပိုင်းနဲ့ အာရှဒေသအကြောင်း၊ ဒိုင်ယာရီရေးတတ်တဲ့ အလေ့အကျင့်အကြောင်း သောင်းပြောင်းထွေလာမေးမြန်းထားတာတွေကို ကောက်နုတ်ဖော်ပြလိုက်ပါတယ်။

**ဟုတ်ကဲ့ ကျွန်တော်တို့စတင်ကြပါစို့။ နှစ်ကြိမ်ဆက် အရွေးချယ်ခံရတဲ့ ဒီမိုကရက်တစ်သမ္မတ တစ်ဦးအနေနဲ့ ကိုယ့်ရဲ့ဂုဏ်သတင်းအမွေအနှစ်ကို ပြန်ကြည့်လိုက်မယ်ဆိုရင် ရော်နယ်ရေဂင်လက်ထက်မှာနဲ့ ဖရန်ကလင်ဒီရုစဗဲ့လက်ထက်မှာ စွမ်းဆောင်ခဲ့တာတွေလည်းသိထားပါတယ်။ ဒီတော့ သမ္မတကြီးရဲ့သက်တမ်းနှစ်ဆက်အတွက် လူတွေပြောကြတာ ဘာများဖြစ်စေချင်ပါသလဲ။**

လူတွေကို ကျွန်တော်ပြောချင်တာကတော့ ကျွန်တော်တို့ရဲ့စီးပွားရေးဟာ ပြိုလဲမှုကမ်းပါးမှာရောက်နေတဲ့ အချိန်၊ လူလတ်တန်းစားမိသားစုတွေရဲ့ ဘဝဟာ ပို၍ပို၍ဆိုးဝါးလာတဲ့ ဆယ်စုနှစ်တစ်ခုထဲဖြတ်ကျော်မိလာချိန်၊ နိုင်ငံတကာအနေအထားအရလည်း ကျွန်တော်တို့ဟာ စစ်ပွဲနှစ်ခုထဲ ပတ်သက်ဝင်ပါပြီးပေမယ့် ကျွန်တော်တို့ရဲ့ခေါင်းဆောင်မှုကိုတစ်ကမ္ဘာလုံးမှာ မေးခွန်းထုတ်ခံနေရချိန်၊ ဒီလိုအချိန်မျိုးမှာ ကျွန်တော်တို့ဟာ လူတိုင်းအတွက် အလုပ်လုပ်ပေးခဲ့တဲ့(နိုင်ငံ့)စီးပွားရေးကိုပြန်မောင်းနှင်နိုင်အောင် ပဲ့ကိုင်ခဲ့ပါတယ်။ ပြီးတော့ နိုင်ငံတကာအပိုင်းမှာလည်း ၂၁ ရာစုတစ်လျှောက်လုံးအတွက် ကမ္ဘာမှာ အမေရိကန် ဦးဆောင်မှုဆက်ရှိဖို့ အခြေခံမှုဘောင်ကို ကျွန်တော်တို့ဖန်တီးခဲ့ပါတယ်။ ဒီအတွင်း ကမ္ဘာကြီးဟာ ပြောင်းလဲနေပြီး ကျွန်တော်တို့ဟာ ကမ္ဘာရဲ့ အခြားအစိတ်အပိုင်းတွေမှာလည်းဒီလိုဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးသင့်တယ်လို့သိနားလည်ထားပါတယ်။ ဒါပေမဲ့ရေရှည်အရတော့ အဲဒါဟာ ကမ္ဘာအတွက်ရော၊ ကျွန်တော်တို့အတွက်ပါ ကောင်းမွန်ရမယ်ပေါ့လေ။ အဲဒီလို ကျွန်တော်ထင်ပါတယ်။

**လင်ကွန်းရုပ်ရှင်အကြောင်း မေးချင်ပါတယ်။ အိမ်ဖြူတော်မှာ သမ္မတကြီးဒီကားကို ကြည့်ခဲ့တယ်လို့လည်း သိရပါတယ်။ ဒီကားကို ကြည့်လိုက်ရတာဟာ လင်ကွန်းနဲ့ သုံးနာရီလောက် အတူနေလိုက်ရသလိုပါပဲ။ ဒီရုပ်ရှင်ကြည့်နေချိန်မှာ သမ္မတကြီးဘယ်လိုခံစားရသလဲသိချင်ပါတယ်။**

ဟုတ်ကဲ့ အရင်ဆုံးပြောရရင်တော့(လင်ကွန်းကားမှ ရုပ်ရှင်မင်းသား) ဒင်နီယယ်ဒေးလူးဝစ်ကလည်း ကျွန်တော့်အနောက်နားမှာထိုင်နေခဲ့တာပါ။(ရယ်သံများ) ဒါ့ကြောင့် ရုပ်ရှင်ပြီးသွားတာတောင်မှ လင်ကွန်းနဲ့ ကိုယ်ချိတ်ဆက်မိနေဆဲပါ။ ဒင်နီယယ်ဟာ ဒီ အခန်းကဏ္ဍမှာ ကျွမ်းကျင်လှပါတယ်။ လင်ကွန်းဟာ ကျွန်တော့်အကြိုက်ဆုံး သမ္မတတစ်ဦးလို့ ဆိုတာလည်း လူသိများပြီးသားထင်ပါတယ်။ ဒါ့ကြောင့် လင်ကွန်းနဲ့အနီးစပ်ဆုံး သရုပ်ဖော်ချက်ကို ကြည့်ရတာနဲ့ သူ့ကိုရင်ဆိုင်နေတဲ့ စိန်ခေါ်မှုတွေကိုအချိန်တစ်ခုအတွင်း မြင်ရတာဟာ သိပ်ပြီးအားကောင်းခဲ့ပါတယ်။ ဘယ်သမ္မတမဆို လင်ကွန်းနဲ့မနှိုင်းယှဉ်မိဖို့က ယေဘုယျအားဖြင့် ကောင်းတဲ့ အကြံပဲလို့ထင်တယ်လေ။ (ရယ်သံများ)

ဒီကားမှာ သင်ခန်းစာယူစရာတွေ ရှိတယ်လို့ထင်တယ်။ လင်ကွန်းက ကျွန်တော်တို့ကို သင်ပေးတဲ့တစ်ပိုင်းကတော့ အမြင့်ဆုံးစံနှုန်းတွေနဲ့ အစိတ်အပိုင်း စေ့ဆော်မှုကို ရဖို့အတွက်ဆိုရင် ခင်ဗျားအနေနဲ့ ညှိနှိုင်းဖို့ လိုအပ်သလို ကိုယ့်လက်တွေညစ်ပတ်နေဖို့လည်း လိုတယ်လို့ဆိုတာပါပဲ။ အပေးအယူဖလှယ်မှုတွေ ရှိမယ်။ သဘောတူညှိနှိုင်းရမှာတွေ ရှိပါတယ်။ လင်ကွန်းကိုထူးခြားတဲ့သူတစ်ဦးအနေနဲ့ မှတ်သားလောက်ဖွယ် သမ္မတတစ်ဦးအနေနဲ့ ဖန်တီးပေးတဲ့ အချက်ကတော့ ကျွန်တော်တို့ဒီမှာ ရှင်သန်နေရတဲ့ အချက်နဲ့အတူ တချို့သောအဆုံးမဲ့ အမှန်တရားတွေလည်း ရှိနေတယ်ဆိုတာနဲ့ အဲဒီမှာ ယခုဆိုတာဟာ ရှုပ်ထွေးပြီး ခက်ခဲတဲ့ အရာတွေဖြစ်တယ် ဆိုတဲ့ အိုင်ဒီယာကို သူ့မှာ ချိန်ညှိနိုင်စွမ်းရှိလို့ပါ။

**ပေါ်လစီဆိုင်ရာ မေးခွန်းတစ်ခုလည်းမေးချင်ပါတယ်။ သမ္မတကြီးရဲ့ အစိုးရဟာ နိုင်ငံတော် တရားရုံးမှာ ဂေးလက်ထပ်ထိမ်းမြားခွင့်ကို တင်နိုင်မယ်လို့ မျှော်လင့်ထားပါတယ်။**

လက်ရှိမှာ ဒီအမှုကိစ္စတွေကိုကျွန်တော်တို့ကြည့်နေပါတယ်။ DOMA နဲ့ပတ်သက်လို့တော့တော်တော်ရှင်းပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ ရပ်တည်ထားတဲ့ အနေအထားကို ဆက်လုပ်မယ်ဆိုတာသံသယဖြစ်ရာမရှိပါဘူး။ ဒီ DOMA ကိစ္စဟာ အခြေခံဥပဒေဘောင်ထဲမဝင်ပါဘူး။ ပယ်ချသင့်ပါတယ်။ ပြီးတော့ အဆိုပြုချက် (၈) အမှုကိစ္စဟာလည်း ဖွင့်ဆိုရှင်းလင်းမှုတွေ ရေးနေဆဲဖြစ်လို့ ဒါနဲ့ပတ်သက်လို့သီးခြားမှတ်ချက်တွေပေးဖို့ ကျွန်တော်သေချာဂရုစိုက်သင့်တယ်ထင်ပါတယ်။ (မှတ်ချက် - DOMA ဆိုသည်မှာ Defense of Marriage Act လက်ထပ်ထိမ်းမြားမှုကာကွယ်ရေးဥပဒေကိုရည်ညွှန်းခြင်းဖြစ်ပြီး လိင်တူထိမ်းမြားခွင့်ကို အသိအမှတ်မပြုထားပေ)

**ရှေ့မှာဆက်လုပ်ရမယ့် လေးနှစ်ကို ကြည့်လိုက်ရင် အမေရိကန်နယ်နိမိတ်တွေ ပြင်ပကို ကြည့်လိုက်ရင်ပေါ့လေ။ အရှေ့အလယ်ပိုင်းမှာ အာဖရိက တိုးတက်မှုတချို့ရှိလာမယ်လို့ သမ္မတကြီးမြင်မိပါသလား။ အခုကစလို့လေးနှစ်အတွင်းမှာ ငါတော့ ပိုကောင်းအောင် လုပ်မယ်လို့ သမ္မတကြီးမျှော်လင့်မိတဲ့စိတ်ထဲထင်ထားတဲ့ နေရာဒေသတွေက ဘာတွေများဖြစ်မလဲ။**

ဟုတ်ကဲ့။ ပြီးခဲ့တဲ့လေးနှစ်ကိုကြည့်လိုက်ရင် အာရှကို ဦးတည်ပြီး ကျွန်တော်တို့ရဲ့ ရပ်တည်မှု၊ ကျွန်တော်တို့ရဲ့ သံတမန်ရေးထိတွေ့ဆက်ဆံမှုတွေကို အားကောင်းအောင် ဆောင်ရွက်ခဲ့ပါတယ်။ အာရှပစိဖိတ်ဒေသကို ကူညီပံ့ပိုးပေးခဲ့ပါတယ်။ ဒါဟာအရေးကြီးပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဒါဟာ လူဦးရေနဲ့ စီးပွားရေးတိုးတက်မှုတို့ရဲ့ ဗဟိုချက်ဖြစ်လာနေလို့ပါ။ ဒေသတွင်းမှာအမေရိကန် ခေါင်းဆောင်မှုကို တောင်းဆိုနေတဲ့ စစ်မှန်တဲ့ဆန္ဒတစ်ရပ်ရှိနေပါတယ်။ ဒီဆန္ဒဟာ တရုတ်ပြည်က ဆက်လက်တိုးတက်နေမှုကို အသိအမှတ်ပြုတဲ့ ခေါင်းဆောင်မှုကို လိုချင်တဲ့ဆန္ဒဖြစ်ရပါမယ်။ တည်ငြိမ်စွာနဲ့ အချိန်တွေကုန်လွန်ပြီး ပြောင်းလဲနေတဲ့ တရုတ်ဟာ ပိုပြီးလွတ်လပ်ပွင့်လင်းပြီး ဒီမိုကရေစီနည်းကျ လူ့အဖွဲ့အစည်းဖြစ်လာမယ်ဆိုရင် ကျွန်တော်တို့အတွက် စီးပွားရေးရော၊ နိုင်ငံရေးအရပါ သိပ်ကောင်းပါလိမ့်မယ်။ လုံခြုံရေးရှုထောင့်က ကြည့်ရင်ရောပေါ့။ အိန္ဒိယကိုလည်း ဒီလိုပဲမြင်ပါတယ်။

မြန်မာပြည်ကို ကျွန်တော်သွားခဲ့တဲ့ ခရီးမှာလည်းအနည်းဆုံးအားဖြင့်တော့ ဒီကစလို့နှစ်ပေါင်း ၂၀ အတွင်း ငါးဆယ့် ငါးသန်းသော ပြည်သူတွေဟာ ရုတ်တရက် မဲပေးနိုင်၊ စုဝေးနိုင်၊ လွတ်လပ်စွာပြောဆိုနိုင်ပြီး ကမ္ဘာကြီးနဲ့ ဆက်သွယ် ဖွင့်လှစ်ဖို့၊ ထိုင်း၊ အင်ဒိုနီးရှား၊မလေးရှားနဲ့ စင်ကာပူတို့လို နေရာတွေမှာဖြစ်နေတာတွေကို အမီလိုက်နိုင်ဖို့ ဖြစ်နိုင်ခြေ တစ်ခုရှိတာကို သွားကြည့်တာပါ။ ပြည်သူငါးဆယ့်ငါးသန်း ရုတ်တရက်လွတ်လပ်လာတာ ကြီးမားတဲ့ ကိစ္စပါ။ အမေရိကန်ဦးဆောင်မှုဟာ ဒီကိစ္စရဲ့ အစိတ်အပိုင်း တစ်ခုဖြစ်နိုင်တယ်။

အခုဆိုရင် အရှေ့အလယ်ပိုင်းဒေသဟာလည်း သူ့ကိုယ်ပိုင်အသွင်ပြောင်းလဲမှုကနေ သွားနေပါပြီ။ ကျွန်တော်ကိုယ်တိုင်လည်း ပိုပြီး လွတ်လပ်ပွင့်လင်းတဲ့၊ စီးပွားရေးအရအောင်မြင်တဲ့ မြောက်အာဖရိကနဲ့ အရှေ့အလယ်ပိုင်းဒေသကို ကျွန်တော်တို့မြင်နိုင်စွမ်းရှိမလားဆိုတာနဲ့ ပတ်သက်လို့ သတိကြီးကြီးနဲ့ အကောင်းမြင်နေပါတယ်။

**သမ္မတကြီးဟာ ဒိုင်ယာရီစာအုပ် ဆောင်ထားတယ်လို့ ကြားဖူးပါတယ်။ ဒါပေမဲ့ အဲဒါကို သမ္မတကြီး ပြောသံတစ်ခါမှ မကြားဖူးပါဘူး။ ဒိုင်ယာရီစာအုပ် ဆောင်ထားနေတုန်းပဲလား။**

ပြောပြပါမယ်။ ပထမ (သမ္မတ) သက်တမ်းလေးနှစ်အတွင်းတော့ ကျွန်တော်ဟာ ဖြစ်သင့်သလောက်တော့ လုံ့လဝီရိယမရှိခဲ့ပါဘူး။ ကျွန်တော်မေ့သွားတဲ့ အလုပ်ကိစ္စအရာအားလုံးကို တခြားလူတွေကို မေးမြန်းရလေ့ရှိပါတယ်။ မှုန်ဝါးနေတဲ့ လမ်းကြောင်းတွေလည်းရှိပါတယ်။ ဒါ့ကြောင့် ကျွန်တော်ဟာ လူငယ်တုန်းကလို ပြီးခဲ့တဲ့လေးနှစ်အတွင်း ဒိုင်ယာရီတစ်အုပ်ထားဖို့ သိပ်ပြီးအစွဲမကြီးခဲ့ပါဘူး။ ဒါပေမဲ့ လာမယ့်လေးနှစ်မှာတော့ တစ်ခုခုရေးဖြစ်ဖို့ရှိပါတယ်။

*—Ref: Setting the Stage for second Term.*

7 DAY NEWS JOURNAL

# Entertainment

Vol.11, No.43 • JANUARY 3 , 2013

## "ဖြစ်လာတာကို ဘယ်လိုရင်ဆိုင်မလဲဆိုတဲ့ ဘဝကိုပဲ ကျွန်မက နေခဲ့တာ"

**တေးသံရှင် မာမာအေးနှင့် တွေ့ဆုံခြင်း**



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

အမေရိကန်နိုင်ငံရှိ ဆေးရုံတစ်ရုံမှာ Medical Office Assistant ရာထူးနဲ့ အလုပ်လုပ်ကိုင်နေပြီး ဘီဘီစီအသံလွှင့်ဌာနမှာလည်း Contributor အနေနဲ့ အသံလွှင့်အစီအစဉ်တွေကို ထုတ်လွှင့်တင်ဆက်နေတဲ့ ဒေါ်မာမာအေးဟာ မြန်မာနိုင်ငံကို ဒီဇင်ဘာ ၇ ရက်က ရောက်ရှိလာခဲ့ပါတယ်။ ၁၉၉၈ ခုနှစ်မှာ အင်္ဂလန်က ဘုရားထီးတင်ပွဲတစ်ပွဲကို သွားရောက်ရာကနေ အမိမြေကို ပြန်မလာဖြစ်တော့တဲ့ ဒေါ်မာမာအေးဟာ ပြည်ပမှာဘဝရပ်တည်မှု၊ ကျန်းမာရေးအတွက် ရန်းကန်လှုပ်ရှားမှုတွေအကြောင်း ယခုအင်တာဗျူးမှာ ပြောကြားထားပါတယ်။ ၂၀၁၃ ဇန်နဝါရီ ၁၂ ရက်နေ့မှာ ရန်ကုန်မှာ "ပြည်သူချစ်သော မာမာအေးရဲ့ ရသနလုံးသားပေးဆပ်ပွဲ" အမည်နဲ့ဖျော်ဖြေပွဲကိုလည်း ပြုလုပ်တော့မှာ ဖြစ်ပါတယ်။ မြန်မာပြည်ခရီးစဉ်မှာ သုံးလကြာနေထိုင်မှာဖြစ်ပြီး တစ်နှစ်တစ်ခေါက်လောက်တော့ ပုံမှန်ပြန်လာချင်ပါတယ်ဆိုတဲ့ ဒေါ်မာမာအေးနဲ့ တွေ့ဆုံမေးမြန်းခဲ့တာတွေကို ပြန်လည်ဖော်ပြလိုက်ပါတယ်။

**အေးသူစံ**

**ပြည်ပမှာ ဆယ်စုနှစ်တစ်ခုကျော်ကြာနေထိုင်ဖို့ ရွေးချယ်လိုက်တာ ဘာကြောင့်များပါလဲ။**

ကျွန်မက အင်္ဂလန်ကို ဘုရားထီးတင်ပွဲသွားရင်း အပြန်မှာ အမေရိကက သူငယ်ချင်းတွေဆီ သွားလည်တယ်။ ဒါဒုတိယအကြိမ်သွားတာ။ ဗီဇာက ခြောက်လရတော့ အင်္ဂလိပ်စာသင်တန်းလေး တက်လိုက်တာ။ အဲဒီလိုနေရင်းနဲ့ ကိုယ်ဘာအပြစ်မှ မလုပ်ပေမယ့် ကိုယ့်ကိုအပြစ်လို့မှတ်ယူနေတဲ့ သဘောတွေတွေ့နေရပြီဆိုတော့ ဒီကိုပြန်လာပြီးတစ်ခုခုဖြစ်ရင် ဘာလုပ်လို့လုပ်ရမှန်း မသိတော့တဲ့ဘဝမှာ ဘဝကိုကြိုးစားပြီး ဆောက်တည်ရတာပေါ့။

**စာ(၄၉)သို့**



## ထားသခင်နေရာတွင် သရုပ်ဆောင်ရန် ဖွေးဖွေးကိုရွေးချယ်

**အေးသူစံ**

**ရန်ကုန်၊ ဒီဇင်ဘာ ၂၈**

'ကျွန်မက နှင်းဆီပါမောင်' ရုပ်ရှင်ဇာတ်ကား၏ အဓိကမင်းသမီးနေရာတွင် ဖွေးဖွေးနှင့် ရိုက်ကူးသွားရန် သေချာသွားပြီဖြစ်ကြောင်း ဇာတ်ကားရိုက်ကူးမည့် ဒါရိုက်တာ ဝိုင်းက ပြောသည်။

ယင်းဇာတ်ကားမှာ စာရေးဆရာမပုညခင်၏ဝတ္ထုကို နေတိုး၊ သက်မွန်မြင့်တို့နှင့် ရိုက်ကူးရန် စီစဉ်ထားရာမှ ဇာတ်ညွှန်းတွင်ပါဝင်သော မင်းသားအား နမ်းသည့် ဇာတ်ဝင်ခန်းများကြောင့် သက်မွန်မြင့်မှ ရိုက်ကူးရန် လက်လွှတ်ခဲ့သည့်ဇာတ်ကားဖြစ်သည်။ ယခုအခါ 'ထားသခင်' ဇာတ်ရုပ်အတွက် ဖွေးဖွေးကိုရွေးချယ်ထားပြီး ဂုင်းရေးသားထားသော ဇာတ်ညွှန်းပါဇာတ်ဝင်ခန်းများအပေါ် ပြင်ဆင်မှုလုံးဝမရှိဘဲ မူရင်းအတိုင်း ရိုက်ကူးသွားမည်ဖြစ်ကြောင်း ဒါရိုက်တာဝိုင်းက ပြောသည်။

"မင်းသားရဲ့ ရင်ဘတ်၊ နှုတ်ခမ်းနဲ့ နားရွက်တို့ကို နမ်းရတယ်ဆိုပေမယ့် တစ်ခုမှ အစစ်နမ်းတာ မပါပါဘူး။ ပြီးတော့ အမုန်းနဲ့ နာကြည်းပြီး နမ်းတာ။ စာရွက်ပေါ်က စကားလုံးအတိုင်း အပြုအမူကို တွဲမြင်နေကြတာပါ။ မြန်မာနိုင်ငံမှာ ဘယ်လိုလုပ်ပြီး နှုတ်ခမ်းချင်း နမ်းတဲ့အခန်းကို တဲ့ရိုက်ပြလို့ရမှာလဲ" ဟု ဒါရိုက်တာဝိုင်းက ပြောသည်။ ဖွေးဖွေးသည် ဒါရိုက်တာဝိုင်းဖြင့်ပင် 'လက်ပံ' ရုပ်ရှင်ဇာတ်ကားတစ်ကားရိုက်ကူးထားပြီး ယင်းဇာတ်ကားကို ၂၀၁၃ ခုနှစ်တွင် ရုံတင်ပြသမည် ဖြစ်သည်။

အဓိကသရုပ်ဆောင်မင်းသမီးပြောင်းလဲသွားသော်လည်း ကြိုတင်ပြင်ဆင်ထားသော ရိုက်ကူးမှုပိုင်းပြောင်းလဲသွားမည်မဟုတ်ကြောင်း၊ ယင်းဇာတ်ကား မရိုက်ကူးမီကာလအတွင်း 5 Movie အတွက် မင်းမော်ကွန်းနှင့် ဇာတ်ကားတစ်ကား ရိုက်ကူးခြင်း၊ ထုတ်လုပ်မှုပိုင်းအတွက် လေ့လာခြင်းများ ပြုလုပ်မည်ဖြစ်သည်။



ဓာတ်ပုံ-People

## MISS PEOPLE 2012ဆု ခိုင်သဇင်ယုဝါရရှိ

**အေးသူစံ**

**ရန်ကုန်၊ ဒီဇင်ဘာ ၂၇**

Myanmar People မဂ္ဂဇင်းက ကြီးမှူးကျင်းပသည့် ခုနစ်ကြိမ်မြောက် Miss People ပြိုင်ပွဲတွင် မော်ဒယ် ခိုင်သဇင်ယုဝါက ၂၀၁၂ ခုနှစ်အတွက် Miss People ဆုကိုဆွတ်ခူးသွားသည်။

ခိုင်သဇင်ယုဝါမှာပြိုင်ပွဲတွင် နောက်ဆုံးအဆင့် ဆန်ခါတင် ၁၅ ဦးထဲမှ Miss People ဆုကို ရရှိခဲ့ခြင်း ဖြစ်သည်။ ဗဟုသုတဆိုင်ရာ ဉာဏ်စမ်းမေးခွန်းများ ဖြေကြားရာတွင် မြန်မာနိုင်ငံတွင် အမျိုးသမီးများအတွက် လတ်တလောတွင် ဖြေရှင်းရမည့်လုပ်ငန်းစဉ်မှာဘာလဲဟု ဒိုင်များ၏ မေးမြန်းမှုအတွက် ရေးဖြေကဏ္ဍတွင် "မိန်းကလေးဆိုတာ ပညာတတ်ဖို့အရေးကြီးတယ်။ နောက်ပြီး ဝတ်စားဆင်ယင်မှုမှာလည်း ရိုးရာမပျက်ဘဲ ဆင်ခြင် ဝတ်စားသင့်ပါတယ်"ဟု ပြန်လည်ဖြေကြားခဲ့ပြီး 'သင်သာ ရပ်ကွက် အုပ်ချုပ်ရေးမှူးဖြစ်ခဲ့ပါက မည်သို့လုပ်ဆောင်မည်လဲ' ဟူသည့် နှုတ်ဖြေကဏ္ဍတွင်လည်း အမြန်ဆုံးနှင့် အကောင်းဆုံးဖြေကြားနိုင်ခဲ့ခြင်းကြောင့် အလှဆုံးမိန်းကလေး ၁၅ ဦးအနက် ယခုဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း ခိုင်သဇင်ယုဝါကပြောသည်။

"Miss People ဆုအတွက် ယှဉ်ပြိုင်ချိန်မှာ မေးတဲ့မေးခွန်းတွေကို စိတ်အေးအေးထားပြီး ဖြေနိုင်ခဲ့တဲ့အပေါ် အရမ်းဂုဏ်ယူမိပါတယ်။ လက်ရှိမှာတော့ မော်ဒယ်တစ်ယောက်ပေမယ့် Miss People ဆုရပြီးချိန်မှာ သရုပ်ဆောင်လုပ်ဖို့ ကြိုးစားပါတယ်။ သမီးရဲ့ရည်မှန်းချက်ကတော့ မတင်မိုးလွင်လို အကောင်းဆုံး အခမ်းအနားစီစဉ်တင်ဆက်သူ ဖြစ်ချင်ပါတယ်" ဟု အသက် ၁၈ နှစ်အရွယ် ခိုင်သဇင်ယုဝါက ပြောသည်။

ခိုင်သဇင်ယုဝါသည် ၂၀၁၀ ခုနှစ်က မော်ဒယ်အဖြစ် အနုပညာလောကသို့ ရောက်ရှိခဲ့သူဖြစ်ပြီး Miss Ushido ပြိုင်ပွဲတွင် တတိယဆု၊ Miss လပြည့်ဝန်းပြိုင်ပွဲတွင် ခန္ဓာကိုယ်အလှဆုံးဆု၊ Miss Oramin F ပြိုင်ပွဲတွင် ဒုတိယဆု၊ ချက်ထရီယမ်ဟိုတယ်က ပြုလုပ်သည့် Miss လွိုင်ကထုံ ဆုတို့ကိုရရှိထားသည်။ Miss People အဖြစ် ဆုငွေကျပ် သိန်းလေးဆယ်ရရှိခဲ့ပြီး အခြား Title ဆု ၁၀ ဆုကိုလည်း Myanmar People မဂ္ဂဇင်းက ဆုရရှိသူများအား ပေးအပ်ခဲ့သည်။

ယခုနှစ်အတွက် ဒိုင်များအဖြစ် လူမင်း၊ အိန္ဒြာကျော်ဇင်၊ Rဇာနည်၊ ဒေါ်သီတာဝင်း (Dozo)၊ မလတ်(လတ်လတ်ဖက်ရှင်)၊မမဍူ (Zu Zu Collection) နှင့် ပြည်စိုးအောင်တို့က ဆောင်ရွက်ခဲ့ပြီး ပြိုင်ပွဲဝင်မော်ဒယ်များကို ရုပ်ရည်ချောမောမှု၊ ကိုယ်ခန္ဓာ၊ အသားအရေ၊ လမ်းလျှောက်ပုံ၊ စကားပြောပြေပြစ်မှု၊ စွမ်းရည်၊ သွက်လက်ချက်ချာမှု၊ ဖြတ်ထိုးဉာဏ်ကောင်းမှု၊ စည်းကမ်းလိုက်နာမှုစသည့် အခြေခံအချက်ပေါ် မူတည်၍ အဆင့်ဆင့် ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

# Entertainment

7DAY NEWS JOURNAL
Vol.11, No.43 • JANUARY 3 , 2013

## လေဒီဂါဂါ၏ ဒေါက်ဖိနပ် မိုက်ကယ်ဂျက်ဆင်၏ ဦးထုပ်များ ပါရီတွင် လေလံတင်မည်





**ပါရီ၊ ဒီဇင်ဘာ - ၂၉**

နာမည်ကျော် ပေါ့ပ်အဆိုတော်များဖြစ်သော မိုက်ကယ်ဂျက်ဆင်နှင့်လေဒီဂါဂါတို့၏ ဒေါက်ဖိနပ်နှင့်ဦးထုပ်များကိုလာမည့်ဖေဖော်ဝါရီလတွင် ပါရီမြို့၌ လေလံတင်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ဒရိုရော့လေလံကုမ္ပဏီက ဖေဖော်ဝါရီ ၁၁ရက်တွင် ပြုလုပ်မည့် ယင်းလေလံပွဲ၌ နာမည်ကျော်အနုပညာရှင်များ၏ ပစ္စည်းများစွာပါဝင်ပြီး လေဒီဂါဂါ၏ ငွေရောင်ဖိနပ်၊ ဂျက်ဆင်၏ ဦးထုပ်၊ မာရီလင်မွန်ရိုး၏ စာရေးစားပွဲ အံဆွဲ၊ ပြင်သစ်နောက်ဆုံးဘုရင် နပိုလီယံ-၃ ၏ အိတ်ဆောင်ဓားငယ်တို့ပါဝင်ကြသည်။

၂၀၀၉ ခုနှစ်က သူမ၏ Monster Ball ကမ္ဘာလှည့်ဖျော်ဖြေပွဲအတွင်း ပါရီတွင် လေဒီဂါဂါ ဝယ်ယူခဲ့သည့် ဂျော်ဂျီယိုအာမာနီတံဆိပ်ဒေါက်ဖိနပ်ကို လေလံပွဲ၌ ယူရို ၉,၀၀၀ ခန့်ဈေးရရန် ရည်မှန်းထားသည်ဟုဆိုသည်။ လေဒီဂါဂါသည် ပါရီတွင် ဖျော်ဖြေစဉ် စင်ပေါ်မှ ထိုဖိနပ်တစ်ရန်လုံးကို ပရိသတ်ထံ ပစ်ပေးခဲ့ရာ ယခုလေလံတင်သော ဖိနပ်မှာ ညာဘက်တစ်ရန်ဖြစ်သည်။ မိုက်ကယ်ဂျက်ဆင်၏ ဦးထုပ်မှာမူ ၁၉၈၄ခုနှစ်တွင် အဆိုတော်ဂျိုနသန်ဒေးဗစ် အားဂျက်ဆင်က လက်ဆောင်ပေးခဲ့ခြင်း ဖြစ်သည်။

—Ref: AFP

## အဲလ်ဗစ်ပရက်စလေနှင့် ဘီတဲလ်အဖွဲ့ ထိုးမြဲလက်မှတ်များ အတုအပပြုခံရဆုံးဟုဆို





**လန်ဒန်၊ ဒီဇင်ဘာ - ၂၉**

ကွယ်လွန်သူအဆိုတော် အဲလ်ဗစ်ပရက်စလေနှင့် ဘီတဲလ်တေးဂီတအဖွဲ့ဝင်များ၏ ထိုးမြဲလက်မှတ်များသည် အတုအပပြုခြင်း အခံရဆုံးအနုပညာရှင်တို့၏ လက်မှတ်များဖြစ်ကြောင်း အမှတ်တရပစ္စည်းများ စစ်မှန်မှုကို စစ်ဆေးပေးသည့် PSA/ DNA အဖွဲ့က ပြောကြားသည်။ ယင်းအဖွဲ့၏ အဆိုအရ ပရက်စလေနှင့် ဘီတဲလ်အဖွဲ့ဝင်များ၏ တွေ့ရသမျှထိုးမြဲလက်မှတ်များတွင် ထက်ဝက်မရှိတရှိသာ အစစ်အမှန် လက်မှတ်များဖြစ်ကြောင်းဆိုသည်။

PSA/ DNA အဖွဲ့၏ ဥက္ကဋ္ဌ ဂျိုးအော်လန်ဒိုက နာမည်ကျော်များထဲတွင် မိမိလက်မှတ်တန်ဖိုးကို ကောင်းကောင်းသိသူမှာ လပေါ်သို့ပထမဆုံးခြေချဖူးသည့်လူသားဖြစ်သော အာကာသယာဉ်မှူးနေးလ်အမ်းစ်ထရောင်းပင်ဖြစ်သည်ဟုပြောသည်။ အဖွဲ့သည် ၂နှစ်တစ်ကြိမ် နာမည်ကျော်များ၏လက်မှတ်များမှ အတုအပပြုခံရဆုံး စာရင်းကို ထုတ်ပြန်လေ့ရှိပြီး ယခုနှစ်တွင် နေးလ်အမ်းစ်ထရောင်းမှာစာရင်းတွင်အတုအပပြုခံရဆုံးလက်မှတ်ပိုင်ရှင်စာရင်း၌ တတိယနေရာရခဲ့သည်။

ယခုကဲ့သို့ နာမည်ကျော်အနုပညာရှင်များ၊ ပုဂ္ဂိုလ်များ၏ လက်မှတ်များကို အတုပြုလုပ်ခြင်းများပြားလာရခြင်းမှာ ၎င်းတို့၏ လက်မှတ်ပါပစ္စည်းများကို လေလံတင်ရောင်းချရာ၌ ဈေးကောင်းရ၍ ဖြစ်ကြောင်းဆိုကြသည်။

—Ref:BBC






7 DAY NEWS JOURNAL
Vol.11, No.43 • JANUARY 3 , 2013

## တေးသံရှင် မာမာအေးနှင့် တွေ့ဆုံခြင်း

နောက် တစ်ခုက အဲဒီအချိန်မှာ ဂီတလောကမှာ စတူဒီယိုကြီးတွေနည်းတော့ ကျွန်မပထမတစ်ခေါက်ပြန်လာကတည်းကစတူဒီယိုပစ္စည်းတွေပါလာတယ်။ ဒါပေမဲ့ကိုယ့်မှာပိုက်ဆံမလောက်တော့ ဦးပိုင်မှာပိုက်ဆံချေးတယ်။ ဒုတိယတစ်ခေါက်မထွက်ခင်မှာ ကျွန်မပြန်လာရင် အကုန်ဆပ်ပါ့မယ်လို့ပြောသွားတယ်။ အမေရိကရောက်ပြီး တစ်လလောက်လည်းကြာရော ကျွန်မကို ပိုက်ဆံအကုန် ပြန်ဆပ်၊ မဆပ်ရင် အိမ်သိမ်းမယ်လို့ပြောတယ်။ ကိုယ်ကလည်း ချက်ချင်းပြန်မသွားနိုင်ဘူးလေ။ သူငယ်ချင်းက ပိုက်ဆံထုတ်ပေးလို့ အဲဒီပိုက်ဆံနဲ့အိမ်ကို ပြန်ရွေးရတယ်။ အဲဒီပိုက်ဆံကို ရရာအလုပ်လုပ်ပြီး ပြန်ဆပ်တယ်။ ဗီဇာကို သက်တမ်းထပ်တိုးရတယ်။ အဲဒါနဲ့နေဖြစ်သွားတယ်။

**အဲဒီလိုနေရင်းက ဘာကြောင့် အမေရိကန်နိုင်ငံသားအဖြစ် ခံယူခဲ့တာပါလဲ။**

အမေရိကမှာနေဖြစ်သွားတော့ Visit နဲ့ပဲ တစ်နှစ်တစ်ခါ သက်တမ်းတိုးရတယ်။ ကိုယ့်ကိုယ်ရေးရာဇဝင်လည်း အမြဲပို့ရတယ်။ ၂၀၀၇ မှာ နှလုံးခွဲရတော့ သံရုံးကိုလည်း အကြောင်းကြားတယ်။ ဒါပေမဲ့ ဘယ်သူမှ ဂရုမစိုက်ပါဘူး။ ကိုယ်ကတော့ ကိုယ့်သံရုံးကို အားကိုးတကြီး ပြောတာပေ့ါ။ နောက်ပိုင်းတောက်လျှောက် ပတ်စ်ပို့ကို သက်တမ်းတိုးမပေးတော့ဘူး။ နေမကောင်းတဲ့အတွက်ကြောင့် နိုင်ငံခြားမှာနေရဖို့ဖြစ်လာတယ်။ အခု-ကျတော့ အသက်က ၆၅ ကျော်တော့ ကျွန်မနိုင်ငံသားမ လျှောက်လည်း ထောက်ပံ့ပါတယ်။ ဒီနေ့အထိ အဲဒီအစိုးရအတွက် ဘာမှ မလုပ်ပေးခဲ့ပါဘူး။

**နိုင်ငံခြားသား တစ်ယောက်အနေနဲ့ ကိုယ့်အိမ်ကို ပြန်လာရတဲ့ အပေါ် ဘယ်လိုခံစားမိလဲ။**

ဘယ်လိုမှ မနေဘူး။ တစ်ခုတော့ ဖီလင်အောက်ဖူးတယ်။ နိုင်ငံခြားသားအဖြစ်နဲ့ နိုင်ငံသားဖြစ်ခွင့်လျှောက်တာ စာမေးပွဲဖြေလို့ အောင်သွားသည့်တိုင်အောင် ဒီတိုင်းပြည်ရဲ့သစ္စာကို မဖောက်ဘဲနဲ့ သစ္စာခံဖြစ်ပါ့မယ်လို့ သစ္စာဆိုရတယ်။ သစ္စာရှိပါ့မယ့် လို့ ပြောထားတဲ့ သူတစ်ယောက်အနေနဲ့ ကျွန်မလူမျိုးအပေါ်မှာသစ္စာရှိသလိုသူတို့အပေါ်မှာလည်း ကျွန်မသစ္စာရှိသော ပြည်သူပြည်သားတစ်ယောက် အနေနဲ့နေရလိမ့်မယ်။ သူတို့နိုင်ငံသားအဖြစ်နေဖို့ စိတ်ကူးမရှိသူဆိုတော့ အဲဒီလိုသစ္စာဆိုရတဲ့နေ့မှာ ကျွန်မမျက်ရည်ပေါက်ပေါက်ကျတယ်။ အရမ်းခံစားရတယ်။ ဒါပေမဲ့ အခုပြန်ပြီး ပြောင်းလဲပါဆို မပြောင်းလဲပါဘူး။ လူပီပီ ကတိတည်ရပါမယ်။ သူတို့ဆီမှာနေရင် သူတို့တိုင်းပြည်ရဲ့ဥလေ့အတိုင်းပဲ နေရမယ်။ ဒါကျွန်မတိုင်းပြည်အပေါ် သစ္စာဖောက်တာမှမဟုတ်ဘဲ။ လူသားတစ်ယောက်ဟာ ကျွန်မဘယ်နိုင်ငံကပါလို့ မကြွေးကြော်နိုင်တဲ့ ဘဝကို ကျွန်မ မယူနိုင်ပါဘူး။ ဒါကြောင့် နိုင်ငံသားခံယူလိုက်ရပါတယ်။

**ပြည်ပမှာနေတုန်း ကျန်းမာရေးပါ မကောင်းတော့ အိမ်လွမ်းစိတ်နဲ့ ပြန်ချင်တဲ့စိတ်က တခြားသူတွေထက် ပိုပြီးထုထည် များနိုင်လား။**

မများပါဘူး။ တရားကြောင့်ပါ။ မြတ်စွာဘုရားဟောကြားသလိုပဲ လူဟာ ကိုယ့်သံချိုင်းရှိတဲ့ နေရာမှာ ကိုယ်သေရမယ်တဲ့။ သေ ခြင်းတရားဆီက ဘယ်သူမှ ပြေးလို့မရဘူး။ ကိုယ်မသေခင်မှာ အ ကောင်းဆုံး ဘာတွေလုပ်နိုင်မလဲပေ့ါ။ အသက်လည်း ၇၀ ကျော်ပြီဆိုတော အမျိုးစုံလည်း ဒုက္ခရောက်ပြီးပြီ။ ပျော်စရာတွေလည်းတွေ့ပြီးပြီ။ လွမ်းစရာတွေလည်းတွေ့ဖူးပြီ။ ဒီမိန်းမကြီးမှာ ဘာမှတုန်လှုပ်စရာ မရှိတော့ဘူး။ တရားကလည်း ထိန်းသိမ်းတယ်။ ကိုယ့်အတွေ့အကြုံတွေကလည်း ဆုံးမတယ်။ သင့်တင့်လျောက်ပတ်စွာ နေထိုင်ခြင်းလေးနဲ့ နေတတ်နေပါပြီ။

**တစ်ချိန်ချိန် ပြန်လာခွင့်ရဖို့ မျှော်လင့်ခဲ့လား။**

မမျှော်လင့်ဘူး။ ကျွန်မက ဖြစ်လာတာကို ဘယ်လိုရင်ဆိုင်မလဲဆိုတဲ့ ဘဝကိုပဲ နေခဲ့တာ။ မဟုတ်ရင် ကျွန်မအပြစ်ရှိရှိ၊ မရှိရှိ မဖြစ်ဖြစ်အောင် ပြန်လာပြီး လူကြီးတွေကို တက်ပြောရင်ရတယ် ဆိုတာနားလည်ပါတယ်။

**အန်တီပြည်ပကို ထွက်မသွားခင်မှာ ဂီတအစည်းအရုံးနဲ့ ပတ်သက်လို့ သဘောထားကွဲလွဲမှုလေးတွေဖြစ်ခဲ့တဲ့အပေါ် ရှင်းပြပါဦး။**

၁၉၈၈ နောက်ပိုင်း အစည်းအရုံးကိုစလုပ်ဖြစ်တယ်ပေ့ါ။ ဆွေးနွေးပွဲတွေလုပ်ပြီး ဂီတကောင်စီစဖြစ်လာတယ်။ ဦးနေဝင်းခေတ်ပေ့ါ။ ၈၈ မှာအဆင့်ဆင့် ပြောင်းလာပြီး ပါတီကောင်စီလက်အောက်ရောက်သွားတယ်။ အစိုးရနဲ့ ဂီတသမားတွေကြားမှာ ဘာမှမရှိဘူးလေ။ အဲဒါနဲ့ အသင်းအဖွဲ့တွေ တင်ပါဆိုတဲ့အခါမှာ တင်လိုက်တော့ မြန်မာနိုင်ငံဂီတပညာရှင်များအဖွဲ့ချုပ် ပေါ်လာတယ်။ ခုနစ်လ၊ ရှစ်လအကြာမှာ ရွေးကောက်ပွဲပေါ်လာတယ်။ ပြန်ဖွဲ့တဲ့အခါ ဆိုတီးရေး သုံးခုကနေ တေးသံသွင်းနဲ့ ထုတ်လုပ်ပါလာပြီး ငါးခုဖြစ်သွားတယ်။ ဂီတဟာ ဂီတသမားပဲ လုပ်တာကောင်းတယ်။ ကျန်တာက ဂီတကို ထုတ်လုပ်ပေးတဲ့သူ။ ဂီတသမားမဟုတ်ဘူးပြောတော့ အဲဒီမှာ ပြဿနာဖြစ်တာ။ နဂိုသိတာက အဖွဲ့ငါးဖွဲ့မှာ သူ့အဖွဲ့နဲ့ သူနေမယ်။ သူ့ဥက္ကဋ္ဌနဲ့ သူဒီလိုပဲ သိတာ။ ပြဿနာဖြစ်လာလည်း အဲဒီလို အဖွဲ့နဲ့ ဝိုင်းစိစစ်ကြမယ်လို့ပဲ သိထားတယ်။ တကယ့်ရွေးကောက်ပွဲကျတော့ ကျွန်မက အမှတ်အများဆုံးရနေတယ်။ ဒါပေမဲ့ အမှုဆောင် ၂၇ ဦးသဘောတူတဲ့သူကမှ ဥက္ကဋ္ဌလုပ်ဆိုတော့ ကိုယ်မရိုသေနိုင်တဲ့ သူက ဥက္ကဋ္ဌဖြစ်သွားတော့ မလုပ်တော့ဘူး။ မာမာအေးက မှန်တဲ့ကိစ္စနဲ့ဥပဒေပေါ်မှာပဲနေတာ။

**ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကို စလုပ်တုန်းက ဝိုင်းဝန်းလုပ်ဆောင်ခဲ့စဉ်မှာ အန်တီပါခဲ့တယ်။ ဒီပြိုင်ပွဲက နောက်ပိုင်းမှာ ပြည်သူတွေလက်ခံ မှုလျော့ကျလာတဲ့အပေါ် ဘာများ အကြံပြုချင်ပါသလဲ။**

အကြံပေးဖို့ နေနေသာသာ မာမာအေးဆို သူပုန်လို့ အောက်မေ့တာ။ ကိုယ့်ဂီတလောကလည်း ထောင်းခံရမယ်ဆိုတော့ ဘယ်သူမှ မဆက်သွယ်ရဲဘူး။ အခုနောက်ဆုံးလုပ်သွားတဲ့ ဆို၊ က၊ ရေး၊ တီးမှာ ကျွန်မသီချင်း ပိတောက်လမ်း ပါလာတော့ သီချင်းကို ဘယ်လိုဆိုဆိုပြီး ဘီဘီစီကနေ သုံးပတ်အသံလွှင့်ပေးတယ်။ ကိုယ့်သီချင်း ပြန်ပါလာတာကိုလည်း မအံ့သြပါဘူး။ ဒါသဘာဝလိုပဲ။ ပိတ်ချင်တဲ့အချိန်တုန်းက ပိတ်ပြီး ဖွင့်ချင်ရင်လည်း ပြန်ဖွင့်တာပဲ။

**ရန်ကုန်မှာလုပ်မယ့် အန်တီ့ရဲ့ ၁၂ ရက် ဖျော်ဖြေပွဲအကြောင်း သိပါရစေ။**

ဖျော်ဖြေပွဲကိုတော့ ပွဲလုပ်တဲ့သူတွေဘက်က ဘယ်သူတွေကို ထည့်ချင်တယ်လို့ ပြောတာရှိတယ်။ ကိုယ်ကလည်းဘယ်သူတွေထည့်ချင်လဲပေ့ါ။ ညှိတုန်းပါပဲ။ အခု လောလောဆယ် ကိုရန်အောင်ပါမယ်ဆိုတာ သိတယ်။ ဘယ်သူတွေ ထည့်သင့်တယ်လို့ အကြံပေးထားတာလည်း ရှိတယ်။ ပွဲထုတ်မယ့် သူ တစ်ယောက်တော့ ရှိတယ်။ နိုင်ငံတကာမှာလည်း ဂီတကို သင်ပေးနေတယ်ဆိုတာ ပရိသတ်တွေသိအောင် ကျွန်မသင်ပေးနေတဲ့ ဆန်ဖရန်စစ္စကိုက မိန်းကလေးတစ်ယောက်ပါလိမ့်မယ်။ နိုင်ငံတ ကာမှာ ကျွန်မသင်ပေးနေတဲ့ ကလေးတွေ ရှိတယ်။

**ပြည်တွင်းမှာ အန်တီ ကိုယ်တိုင်ကိုယ်ကျ မသင်ပေးရပေမယ့် အန်တီ့ကို ဆရာအဖြစ်စံထားပြီး အတုယူနေတာတွေ ရှိတယ်လေ။ ပြည်တွင်းမှာရော ဂီတပညာကို ဘယ်လို ဖြန့်ဝေပေးချင်ပါလဲ။**

နိုင်ငံတော်က စီစဉ်ပေးရင်ကောင်းမယ်။ နယ်တွေမှာ ဘယ်နေ့ဘယ်ရက်မှာ ဘယ်လိုသင်ပေးမယ်ဆိုတာ ကြေညာပေးရင် ကျွန်မက သင်ပေးချင်ပါတယ်။ နယ်တကာမှာ ရုပ်ရှင်တွေတောင် ပြခဲ့သေးတာပဲ။ နိုင်ငံတော်က အမျိုးသားရေးကဏ္ဍတစ်ခုအနေနဲ့ ဂီတကို ထိန်းသိမ်းပေးရမယ်။ မြန်မာသံ တွေဆုံးရှုံးရတာ မြန်မာ့အသံကွယ်သွားလို့လည်း ပါတယ်။ အရင်က မြန်မာ့အသံမှာ တီးဝိုင်းတွေ အသံလွှင့်ခဲ့တယ်။ တီးခဲ့တယ်။ အခု တီးဝိုင်းတွေမရှိလို့ မြန်မာသံ အဆိုတော်တွေ မထွက်လာနိုင်ဘူး။ အပြင်ကနေအသံသွင်းပြီး ပို့တော့လည်း မှန်မှန်ကန်ကန် ထွက်မလာဘူး။ အခုလောလောဆယ် တာဝန်ကျနေတဲ့ သူတွေကလည်း မြန်မာ့ဂီတကို နားလည်လို့ ဝင်လုပ်နေတဲ့ သူတွေမဟုတ်ဘူး။ ဝါသနာပါလို့ မြန်မာ့အသံကို လာလုပ်နေတဲ့ သူတွေ မဟုတ်ဘူး။ မိုးကျရွှေကိုယ်တွေ များလာတယ်။ ကျွန်မတို့အပြင်မှာ သီချင်းတစ်ပုဒ်ဆိုရင် မြန်မာ့အသံကပေးတဲ့ လခ မက ရတယ်။ ဒါပေမဲ့ မြန်မာ့အသံကို ဘာလို့သွားလုပ်လဲဆို ကိုယ့်တိုင်းပြည်က လူတွေချစ်လို့ လုပ်အား ပေးအနေနဲ့ လုပ်တာ။

**အန်တီ့ရဲ့ ကျန်းမာရေးကြောင့် ဖျော်ဖြေပွဲအပေါ် အပြည့်အဝ အာရုံမစိုက်နိုင်မှာ စိတ်ပူလား။**

စိတ်တော့မပူဘူး။ သီချင်းဆိုတဲ့နေ့မှာတော့ ဆရာဝန်တစ်ယောက်လောက် အမြဲတမ်းထားမယ် စဉ်းစားတယ်။ အသက်ရှူလို့မရရင် ချက်ချင်းရှူလို့ ရအောင် လုပ်တဲ့စက် ကျွန်မအိတ်ထဲမှာ အမြဲပါပါတယ်။ တစ်ခုခုဖြစ်ရင် သောက်ရမယ့် ဆေးလည်း ရှိပါတယ်။

**မြန်မာနိုင်ငံမှာနေတဲ့ သုံးလ အတွင်းဖျော်ဖြေရေးခရီးစဉ် (Music Tour) လုပ်ဖို့ရှိပါသလား။**

တကယ်တော့ ကျွန်မက Music Tour လုပ်ချင်တာ။ ဖျော်ဖြေရေးသွားမယ်ဆိုရင် ကားနှစ်စီးပါမယ်။ တစ်စီးပေါ်မှာ တီးဝိုင်းပစ္စည်းအစုံနဲ့ တီးတဲ့သူတွေတင်၊ တစ်စီးပေါ်မှာ သီချင်းဆိုမယ့်သူတွေပါမယ်။ ရောက်တဲ့နေရာမှာ ဖျော်ဖြေချင်တာ။ ခုအထိတော့ အခြေအနေမပေးသေးဘူး။ နောက်တော့ဖြစ်ကောင်း ဖြစ်လာနိုင်မှာပါ။

**ကျေးဇူးတင်ပါတယ်။**

## ၁၉း၁၈ ဂီတဖျော်ဖြေပွဲ ကျင်းပမည်

**ကြူကြူဟန်**

**ရန်ကုန်၊**
**ဒီဇင်ဘာ ၂၉**

Plus Three Band မှ ဥက္ကာဦးသာစီစဉ်သော ဆောင်းဦးလှိုင်၊ စည်သူလွင်၊ အဲလက်စ်တို့၏ ၁၉း၁၈ ဂီတဖျော်ဖြေပွဲကို ဇန်နဝါရီ ၁၂ ရက်တွင် အမျိုးသားဇာတ်ရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဒီပွဲလေးကတော့ အနုပညာသက်သက်ပဲ ဖြစ်ပါတယ်။ ဖျော်ဖြေပွဲအချိန် သုံးနာရီလောက်ပဲကြာမယ့်အချိန်ကို ပရိသတ်စိတ်ချမ်းမြေ့မှု ဘဝအမောပြေစေပါမယ်လို့ ပြောချင်ပါတယ်” ဟု ဆောင်းဦးလှိုင်က ပြောသည်။

ဖျော်ဖြေပွဲတွင် တေးသီချင်းအနည်းဆုံး ၂၅ ပုဒ် သီဆိုရန် စီစဉ်ထားပြီး သီချင်းသစ်များလည်းပါဝင်မည်ဖြစ်ကာ Featuring အဆိုရှင်အဖြစ် မျိုးကျော့မြိုင်ပါဝင်မည်ဖြစ်သည်။

တေးသံရှင် သုံးဦး၏ လေးနှစ်ကြာမှ ပြန်လည်ဆုံစည်းသည့် ၁၉း၁၈ ဂီတဖျော်ဖြေပွဲကို ပုဂ္ဂလိကရုပ်သံလိုင်းတွင် တိုက်ရိုက်ထုတ်လွှင့်နိုင်ရန် စီစဉ်နေကြောင်း ဆောင်းဦးလှိုင်ကပြောသည်။

ဆောင်းဦးလှိုင်၊ စည်သူလွင်၊ အဲလက်စ် သုံးဦး၏ လေးခွေ မြေ-ာက် ၁၉း၁၈ စီးရီးကို ထွက်ရှိမည်ဖြစ်ပြီး “တစ်ယောက်ချင်းစီ လုပ်ရမယ့် အပိုင်းတွေကပြီးနေပြီ။ လူစုံပြီးလုပ်ရမယ့်အပိုင်းပဲ ကျန်ပါတယ်။ မကြာခင်ထွက်မှာပါ”ဟုအဆိုတော် စည်သူလွင်ကပြောသည်။


## TOP 10 MOVIES IN AMERICA

### ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | The Hobbit: An Unexpected Journey | Warner Bros. Pic: | ၁၄၉,၈၅၈,၀၀၀ | ၂ |
| ၂။ | Jack Reacher | Paramount Pic: | ၁၅,၆၀၀,၀၀၀ | ၁ |
| ၃။ | This Is 40 | Universal Pic: | ၁၂,၀၃၀,၇၀၀ | ၁ |
| ၄။ | Rise of the Guardians | DreamWorks Studio | ၇၉,၆၉၄,၀၀၀ | ၅ |
| ၅။ | Lincoln | Touchstone Pic: | ၁၁၆,၇၈၁,၀၀၀ | ၇ |
| ၆။ | The Guilt Trip | Paramount Pic: | ၇,၄၂၁,၀၀၀ | ၁ |
| ၇။ | Monster, Inc. | Walt Disney Pictures | ၆,၅၂၅,၀၀၀ | ၁ |
| ၈။ | Skyfall | Sony Pic: | ၂၇၉,၉၇၂,၀၀၀ | ၇ |
| ၉။ | Life of Pi | 20th Century Fox | ၇၆,၁၅၆,၂၀၀ | ၅ |
| ၁၀။ | The Twilight Saga: Breaking Dawn Part Two | Summit Entertainment | ၂၈၁,၆၀၆,၀၀၀ | ၆ |

## Movie Review

### The Impossible




မာရီယာနှင့် ဟင်နရီတို့သည် သားသုံးယောက်နှင့်အတူ အရှေ့တောင်အာရှထိုင်းနိုင်ငံတွင် အပန်းဖြေခရီးထွက်ရင်း အပူပိုင်းဒေသအရသာကိုခံစားကြသည်။ သို့သော်ခရစ်စမတ်အပြီးနောက် တစ်ရက်ဟိုတယ်ရေကန်နား အပန်းဖြေနေစဉ်ကမ္ဘာမြေအောက်မှကြောက်လန့်ဖွယ်ရာ ပေါက်ကွဲသံကြီးနှင့်အတူ ရေလုံးကြီးများ ဟိုတယ်အတွင်းသို့ လှိမ့်ဝင်လာရာ မာရီယာတို့ မိသားစုမှာ သူစိမ်းများနှင့်အတူ ဆိုးဝါးသော သဘာဝဘေးအန္တရာယ်အတွင်း ကူညီရိုင်းပင်းမှု၊ သံယောဇဉ်နှင့် သတ္တိတို့ဖြင့် ကြံ့ကြံ့ခံရင်း လွတ်မြောက်အောင် ကြံစည်ရသည်။

ဒါရိုက်တာ Juan Antonio Bayona ရိုက်ကူးထားသောသည်းထိတ်ရင်ဖို၊ ဒရာမာဇာတ်ကားတွင် Naomi Watts, Ewan McGregor တို့အဓိကပါဝင် သရုပ်ဆောင်ထားပြီး ထိုင်းနှင့်စပိန် နိုင်ငံတို့တွင် ရိုက်ကူး ထားသည်။ Summit Entertainment က ဒီဇင်ဘာ ၂၁ ရက်တွင် ဖြန့်ချိ သည်။

# Sports

7DAY NEWS JOURNAL
Vol.11, No.43 • JANUARY 3 , 2013

# မျိုးဆက်သစ်တွေ ဘယ်လိုမွေးထုတ်ပေးမလဲ မြန်မာနေရှင်နယ်လိဂ်

■ဗိုလ်ဗိုလ်ဝင်း



**မြန်မာ့**ဘောလုံး တိုးတက်ရေး ဟူသော ရည်ရွယ်ချက်ဖြင့် ၂၀၀၉ ခုနှစ်မှ စတင်ကျင်းပလာခဲ့သည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲသည် ၂၀၁၃ ခုနှစ် ဘောလုံးရာသီပြိုင်ပွဲ အဖြစ် ဇန်နဝါရီ ၅ ရက်တွင် စတင်တော့မည်ဖြစ်သည်။ ငါးနှစ်သက်တမ်းအတွင်းသို့ဝင်ရောက်လာပြီဖြစ်သည့် မြန်မာနေရှင်နယ်လိဂ်အတွက် ပြိုင်ပွဲဝင်ကလပ်အသင်းများအနေဖြင့်လည်း ပြင်ဆင်လာပြန်ပြီဖြစ်သည်။

ငွေသုံးနိုင်သည့် ကလပ်အသင်းကြီးများ၊ ဘတ်ဂျက်အားသင့် တင့်ရုံဖြင့် ပြင်ဆင်နေသည့် အသင်းအချို့ပြည်တွင်းကစားသမားများဖြင့်သာ ယှဉ်ပြိုင်မည့် အသင်းအနည်းငယ် စုစုပေါင်းပြိုင်ပွဲဝင် ၁၂ သင်းသည် လာမည့်ပြိုင်ပွဲအတွက် ကြိုတင်လှုပ်ရှားနေကြသည်။

ပြိုင်ပွဲဝင်ကလပ်များအနေဖြင့် ယခုနှစ်ဘောလုံးရာသီတွင် ရှစ်လအတွင်း ပွဲစဉ်အားလုံး ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး လာမည့်သြဂုတ်လတွင် ၂၀၁၃ မြန်မာလိဂ်အမှတ်ပေးပြိုင်ပွဲ ပြီးဆုံးမည်ဖြစ်သည်။ နှစ်ပေါင်းလေးဆယ်ကျော်မှ ပြန်လည်ကျင်းပခွင့်ရသည့် ဆီးဂိမ်းပြိုင်ပွဲဝင် မြန်မာအသင်းအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်ချိန် ပိုမိုရရှိစေရေးအတွက် ပြည်တွင်းအမှတ်ပေးလိဂ်ပြိုင်ပွဲအား ယခင်နှစ်များထက် ဆောလျင်စွာ အပြီးကျင်းပခြင်းဖြစ်သည်။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအား ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပမည်ဖြစ်သည့်အတွက်မြန်မာအသင်းအနေဖြင့် ပြိုင်ပွဲမတိုင်မီ ကြိုတင်စုစည်းမှုအဖြစ် အချိန်သုံးလခန့် ရရှိလာမည်ဖြစ်သည်။ ပြီးခဲ့သည့် ဆုဇူကီးဖလားတွင်မြန်မာအသင်းအနေဖြင့် ကြိုတင်ပြင်ဆင်ချိန်နည်းပါးမှုက ပြိုင်ပွဲဝင်လက်ရွေးစင်အသင်းအတွက် အခက်အခဲဖြစ်ပေါ်စေခဲ့ကြောင်း နည်းပြချုပ်ပတ်ဆောင်ဟွာက ဆိုခဲ့ပြီး လာမည့် ဆီးဂိမ်းပြိုင်ပွဲဝင် အသင်းအတွက် ၎င်းအခက်အခဲကို ပြေလည်လာနိုင်စရာရှိသည်။

သို့သော်မြန်မာအသင်းနည်းပြချုပ်အတွက် ကြီးမားသည့် အခက်အခဲဖြစ်လာနိုင်စေသည့် အကြောင်းအရာမှာ ကစားသမားများ ရွေးချယ်ရမည့်အပိုင်း ဖြစ်လာမည်ဖြစ်ကြောင်း လေ့လာသူများက ပြောသည်။ နှစ်ပေါင်းများစွာ မျိုးဆက်သစ်ကစားသမားပြတ်လပ်မှုဒဏ်ကို ငွေကြေးကျပ်သိန်းပေါင်းများစွာ အကုန်အကျခံကာ ထလုပ်သည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကလည်း ကုစားနိုင်ခြင်းမရှိသေးဘဲ ဆက်လက်ချီတက်နေဆဲဖြစ်သည်။

၂၀၁၂ ဆုဇူကီးဖလားပြိုင်ပွဲဝင် မြန်မာအသင်းတွင် အဓိကကစားသမားအချို့ ဒဏ်ရာရရှိမှုကြောင့် မပါဝင်နိုင်ခဲ့သည့်အချိန်တွင် ကလပ်အသင်းမှ အရန်ကစားသမားများအား ရွေးချယ်ခဲ့သည်အထိ ခေါင်းရှုပ်ခဲ့ရသော နည်းပြပတ်ဆောင်ဟွာအနေဖြင့် လာမည့်ဆီးဂိမ်းပြိုင်ပွဲဝင်အသင်းအတွက် ကစားသမားများ ရွေးချယ်ရာတွင် စိန်ခေါ်မှုများ ရှိလာဦးမည်ဖြစ်သည်။

အထူးသဖြင့် အသက် ၂၃ နှစ်အောက် ကစားသမားများသာကန့်သတ်ထားသော ဆီးဂိမ်းဘောလုံးပြိုင်ပွဲအတွက် ပြီးခဲ့သည့် အာရှယူ-၂၂ ခြေစစ်ပွဲအောင်အသင်းမှ ကစားသမားအများစုကို အခြေခံသွားမည်ဖြစ်ပြီး လာမည့်မြန်မာလိဂ်ပြိုင်ပွဲမှလည်း ခြေစွမ်းပြလူငယ်ကစားသမားများ ပေါ်ထွက်လာရန်ကို မျှော်လင့်ပါကြောင်း လက်ရွေးစင်နည်းစနစ်မှူးနှင့် အုပ်ချုပ်သူ ဦးတင်မြင့်အောင်ကပြောသည်။

"ကလပ်အသင်းတွေအနေနဲ့ အောင်မြင်မှုရရှိရန်အတွက် နိုင်ငံခြားသားကစားသမားတွေ ခေါ်ကစားတာကို မပြောလိုပါဘူး။ ဒါပေမဲ့ နည်းပြဆရာတွေကို မေတ္တာရပ်ခံချင်တာကတော့ လူငယ်ကစားသမားလေးတွေကိုလည်း အခွင့်အရေးပေးစေချင်ပါတယ်။ လူငယ်လေးတွေအနေနဲ့လည်း ကစားခွင့်မရဘူးဆိုရင် အတွေ့အကြုံတွေ ရမလာဘူးဆိုရင် တိုးတက်လာဖို့မရှိဘူး။ ပွဲရဲ့အခြေအနေကိုကြည့်ပြီး လူငယ်လေးတွေကိုလည်း နေရာပေးစေချင်ပါတယ်"ဟု ဦးတင်မြင့်အောင်က ဆိုသည်။

ကလပ်အသင်းအများစုက လာမည့်ပြိုင်ပွဲတွင် ပြည်တွင်းလူငယ်ကစားသမားများကို ဦးစားပေးပါမည်ဟု ဆိုနေကြသော်လည်း မြန်မာလိဂ်စတင်ချိန်က လက်ရွေးစင်အသင်းအား အထောက်အကူပြုရန်ဆိုကာ ပြည်တွင်းကစားသမားများကိုသာ အသုံးပြုခဲ့သည့် ကမ္ဘောဇအသင်းသည်ပင် မူဝါဒပြောင်းလဲကာ နောက်ပိုင်းတွင် နိုင်ငံခြားသားကစားသမားများကို ခေါ်ယူခဲ့သည့်သာဓကလည်းရှိသည်။



အေအက်ဖ်စီဖလားပြိုင်ပွဲဝင်မည့် အသင်းများအနေဖြင့်လည်း အသင်းအားပိုအားကောင်းရန်နှင့် ပြည်တွင်းလိဂ်ချန်ပီယံအတွက် အသင်းတွင် နိုင်ငံခြားသားကစားသမားများကို အားကိုးမည့် အသင်းကြီးများ ရှိနေဦးမည်သာဖြစ်ကြောင်း လေ့လာသူများကလည်း သုံးသပ်သည်။ သို့သော် ၂၀၁၃ မြန်မာလိဂ်ပြိုင်ပွဲ ပထမအကျော့တွင် ပြည်တွင်းအားကစားသမားများကို အခွင့်အရေးပေးကာ ပြိုင်ပွဲဝင်မည်ဖြစ်ကြောင်း ရခိုင်ယူနိုက်တက်နည်းပြချုပ် ဦးအောင်နိုင်က ပြောသည်။

"လူငယ်တွေ နေရာများများ ရစေချင်တယ်။ ကစားခွင့်ရမှလည်း ရွေးချယ်ပိုင်ခွင့်ရမှာလေ။ ကျွန်တော်တို့အသင်းမှာ ပါဝင်တဲ့ကစားသမားတွေက ပျမ်းမျှ အသက် ၂၁ ဝန်းကျင်ပဲ ရှိပါတယ်။ မနှစ်ကအသင်းမှာနိုင်ငံခြားကစားသမားတွေပါတယ်။ အဆင့် (၈) ရတယ်။ လာမယ့် ဘောလုံးရာသီမှာတော့ ပြည်တွင်းလူငယ်လေးတွေ ကစားခွင့်ကို နံပါတ်တစ်ဦးစားပေးထားပြီး အဆင့်(၈) အောက် မနိမ့်ကျဖို့က ဒုတိယရည်မှန်းချက်ပါ"ဟု ဦးအောင်နိုင်က ဆိုသည်။ ၂၀၁၃ မြန်မာလိဂ်ပထမအကျော့ပြိုင်ပွဲတွင် ပြည်တွင်းအားကစားသမားများဖြင့်သာပြိုင်ပွဲဝင်ရန် ပြင်ဆင်နေသည့် အသင်းနှစ်သင်းမှာ ရခိုင်ယူနိုက်တက်အသင်းနှင့် ဆောက်သမ်းမြန်မာအသင်းတို့ဖြစ်ကြသည်။

လူငယ်ကစားသမားများအနေဖြင့်လည်း မိမိကလပ်၌ ပွဲထွက်ခွင့် အခွင့်အရေးအား ထိုင်စောင့်နေခြင်းထက် အရည်အချင်းအား အမြဲမြှင့်တင်ကာ ကြိုးပမ်းနေရန်လိုအပ်ကြောင်း လက်ရွေးစင်ကစားသမားဟောင်းများက အကြံပြုပြောကြားသည်။

"ကစားသမားတစ်ဦးအနေနဲ့ ခံယူချက်က အရေးကြီးပါတယ်။ ကိုယ့်အသင်းမှာရှိတဲ့ နိုင်ငံခြားသားကစားသမားတွေထက် ဘယ်လိုပိုကောင်းအောင် ကြိုးစားနေမယ်ဆိုတဲ့စိတ် ဖြစ်နေရမယ်။ ပွဲထွက်ခွင့်ရဖို့နဲ့ ကိုယ့်အရည်အချင်းကို ဘယ်လိုတိုးတက်အောင် ကြိုးစားမလဲဆိုတာ အမြဲစဉ်းစားနေရမယ်"ဟု မြန်မာ့လက်ရွေးစင်တိုက်စစ်မှူးဟောင်း ဦးမျိုးလှိုင်ဝင်းကပြောသည်။

"မြန်မာဘောလုံးသမားတွေအနေနဲ့ ပြည်ပက ကစားသမားတွေရဲ့ ပရိုစိတ်နဲ့ပြုမူကြိုးစားလေ့ကျင့်ပုံတွေကို အတုယူသင့်တယ်လို့ထင်ပါတယ်။ ဥပမာ ဆံပင်ပုံစံ ဆန်းတာလောက်ကို အတုယူနေကြတာလည်း တွေ့နေရပါတယ်။ ပြီးခဲ့တဲ့ ဆုဇူကီးဖလားပြိုင်ပွဲဝင်အသင်းတွေမှာဆိုရင် ဆေးမင်ကြောင်အရုပ်တွေ အများဆုံးထိုးထားတာ။ ကြည့်မိသမျှ အသင်းတွေထဲမှာ မြန်မာအသင်းသားမှာအများဆုံးတွေ့ရတယ်လို့ ထင်တယ်။ လူကိုလည်း အလှဆင်သလို ကစားကွက်၊ ကစားအားလှဖို့လည်း ပိုအားစိုက်စေချင်တယ်ဗျ။ စိတ်ဓာတ်ပိုင်းကအစပေါ့ဗျာ။ စိတ်ဓာတ်ပိုင်းမှာတော့ နောက်ပိုင်းမှာ အမျိုးသမီးကစားသမားတွေကို မမီတာကို သတိထားမိတယ်"ဟု မြန်မာဘောလုံးပရိသတ်တစ်ဦးက ၎င်း၏အမြင်ကို ပြောသည်။

၂၀၁၂ ခုနှစ်အား ဆုဇူကီးဖလားတွင် အုပ်စုအောက်ဆုံးမှ ရပ်တည်ကာ အရှုံးဖြင့် နှုတ်ဆက်ခဲ့ရသော မြန်မာ(အမျိုးသား)ဘောလုံးအနေဖြင့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း နှစ်ပေါင်းလေးဆယ်ကျော်မှပြန်လည်ကျင်းပခွင့်ရရှိလာသည့် ဆီးဂိမ်းပြိုင်ပွဲတွင် မည်သို့ရလဒ်ဖြစ်ပေါ်လာမည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

(အမျိုးသား)ဘောလုံးသမားများထက် ပံ့ပိုးမှုအားနည်းခဲ့သော်လည်း ဒေသတွင်းနိုင်ငံများတွင် ပြိုင်ပွဲဝင်တိုင်း မျက်နှာမငယ်ရသော လက်ရွေးစင်အမျိုးသမီးအသင်းအနေဖြင့် လာမည့်ဆီးဂိမ်းတွင် ဗိုလ်စွဲရန် တာစူနေပြီဖြစ်သော်လည်း လက်ရွေးစင် (အမျိုးသား)ဘောလုံးအသင်း၏ အခြေအနေကိုမူ အားကစားဝါသနာရှင်များနှင့် ပရိသတ်များက ကြိုတင်စိတ်ပူနေကြပြီဖြစ်သည်။

# ဘတ်စကက်ဘောကစားသမားများ အမေရိကန်သို့ ပထမဆုံးအကြိမ် စေလွှတ်ခွင့်ရ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဒီဇင်ဘာ - ၃၀**

ဘတ်စကက်ဘောအင်အားကြီး အမေရိကန်နိုင်ငံသို့မြန်မာလူငယ်ကစားသမား ၁၂ ဦး ပထမဆုံးအကြိမ် သွားရောက်၍ အခြေခံနည်းစနစ်များကို ရက်သတ္တပတ်နှစ်ပတ်ကြာ သင်ကြားလေ့လာခွင့်ရရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ အစီအစဉ်ဖြစ်ပေါ်လာရန်အတွက် အမေရိကန်နိုင်ငံဘက်မှ ဖိတ်ကြားခဲ့ခြင်းဖြစ်ပြီး မြန်မာလူငယ်အဖွဲ့သည် ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် အမေရိကန်နိုင်ငံသို့ စတင်ထွက်ခွာမည်ဖြစ်သည်။

“မြန်မာလူငယ်လေးတွေအနေနဲ့ ဝါရှင်တန်ဒီစီနဲ့ မြောက်ကယ်ရိုလိုင်းနားမှာ တစ်ပတ်စီ စုစုပေါင်း ၁၄ ရက် ဘတ်စကက်ဘောအခြေခံနည်းစနစ်တွေကို လေ့လာသင်ယူခွင့်ရရှိမှာဖြစ်ပါတယ်” ဟု မြန်မာနိုင်ငံဘတ်စကက်ဘော အဖွဲ့ချုပ် တွဲဘက်အတွင်းရေးမှူး ဒေါ်ဥမ္မာအောင်က ပြောသည်။

၂၀၁၂ ခုနှစ်၊ ဩဂုတ်လအတွင်းက အမေရိကန် အင်န်ဘီအေမှ ကစားသမားဟောင်းများ၊ နည်းပြများ ရန်ကုန်မြို့သို့လာရောက်၍ သုံးရက်ကြာ မြန်မာလူငယ်များကို ဘတ်စကတ်ဘောအခြေခံနည်းစနစ်များကို သင်ကြားပြသပေးခဲ့သည်။

“အင်န်ဘီအေကအဖွဲ့တွေ ပြန်သွားပြီး အမေရိကန်ရောက်တော့ မြန်မာနိုင်ငံမှာ လေ့ကျင့်သင်ကြားခဲ့တာတွေပြန်လည်ပြောပြတော့ မြန်မာပြည်က ဘတ်စကက်ဘော ဝါသနာပါတဲ့ကလေးတွေကို သင်ပေးချင်တယ်ဆိုပြီး ပြည်နယ်အစိုးရက အမေရိကန်သံရုံးကတစ်ဆင့် အဖွဲ့ချုပ်ကို ဖိတ်ကြားလာခြင်းဖြစ်ပါတယ်” ဟု အဖွဲ့ချုပ်တာဝန်ရှိသူတစ်ဦးက ဆိုသည်။

၎င်းတို့ဘက်မှ ကမ်းလှမ်းချက်တွင် လက်ရွေးစင်အဆင့်၊ အားကစားကျောင်းများမှ လူငယ်များဖြစ်ရမည် မဟုတ်ဟု ပါရှိပြီး ဘတ်စကက်ဘောအားကစားနည်းအား ဝါသနာပါကာ ကစားရန်ခက်ခဲသည့် လူငယ်များကိုဦးစားပေးစေလွှတ်ရမည်ဟု ပါရှိကြောင်း အဖွဲ့ချုပ်တာဝန်ရှိသူက ဆက်ပြောသည်။

အဖွဲ့ချုပ်အနေဖြင့်ပြည်နယ်တိုင်းဒေသကြီးများကို ဦးစားပေး၍ အခြေခံပညာဦးစီးဌာနများသို့ ဆက်သွယ်ကာ ပဏာမ လူငယ်ကစားသမားနှစ်ဆယ်ဦးထဲမှ အကောင်းဆုံး ကျား၊ မ ခြောက်ဦးစီ (စုစုပေါင်း ၁၂ ဦး) အား ရွေးချယ်စေလွှတ်ခြင်းဖြစ်ကြောင်း အမျိုးသမီးအသင်းအုပ်ချုပ်သူ ဒေါ်ဥမ္မာအောင်က ပြောသည်။

ဘတ်စကက်ဘော အားကစားနည်းတွင် မြန်မာနိုင်ငံမှ အမေရိကန်နိုင်ငံသို့ သွားရောက်လေ့လာသင်ယူခွင့်ရရှိခြင်းသည်ပထမဆုံးအကြိမ်ဖြစ်ပြီး အားကစားနည်းများထဲတွင်လည်း ပထမဆုံးအကြိမ် သွားရောက်ရခြင်းဖြစ်ဖွယ်ရှိကြောင်း အားကစားအဖွဲ့ချုပ်မှ လုပ်သက် ၂၆ နှစ်ရှိ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

“ဘတ်စကက်ဘောအားကစားနည်းဟာ အမေရိကန်ကစခဲ့တာဆိုတော့ တကယ်ဝါသနာပါတဲ့ မြန်မာလူငယ်လေးတွေ အနေနဲ့ စနစ်ကျပြီး အခြေခံကျတဲ့ နည်းစနစ်တွေကို နာမည်ကြီး အင်န်ဘီအေ ကစားသမားဟောင်း နည်းပြတွေဆီကနေ သင်ယူခွင့်ရရှိမှာဖြစ်တဲ့အတွက် အဖိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံတွေ ရရှိစေမှာဖြစ်ပါတယ်” ဟု ဒေါ်ဥမ္မာအောင်က ပြောသည်။

Sports United Exchange Program အရဖြစ်ပေါ်လာသည့် အဆိုပါအစီအစဉ်တွင် မြန်မာလူငယ်လေးများ၏ပြည်တွင်းကုန်ကျစရိတ်များကို မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှလည်းကောင်း၊ ပြည်ပကုန်ကျစရိတ်များအားလုံးကို အမေရိကန်နိုင်ငံဘက်မှလည်းကောင်း ကုန်ကျခံခြင်းဖြစ်သည်။ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်သည် အဆိုပါလူငယ်လေးများအားလည်း ၎င်းခရီးစဉ်မှအပြန်တွင်မျိုးဆက်သစ်အုပ်စုအဖြစ် ဆက်လက်စခန်းသွင်း လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ၉၄ ကမ္ဘာ့ဖလားချန်ပီယံ ဘရာဇီးအသင်းမှ ကစားသမားအများစု ရန်ကုန်တွင် ခြေစမ်းပွဲကစားမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ဒီဇင်ဘာ-၂၈**



၉၄ ကမ္ဘာ့ဖလားချန်ပီယံ ဘရာဇီးအသင်းမှ ဘောလုံးသမားအများစုပါဝင်မည့် အသင်းသည် လာမည့် ဇန်နဝါရီ တတိယပတ်အတွင်း ရန်ကုန်မြို့တွင် ခြေစမ်းပွဲတစ်ပွဲ လာရောက်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

“ခြေစမ်းပွဲက ဇန်နဝါရီ ၂၁ (သို့မဟုတ်) ၂၂ ရက်မှာ ဖြစ်ပါမယ်။ ၉၄ ကမ္ဘာ့ဖလားချန်ပီယံအသင်းက နာမည်ကြီးတွေဆိုရင် ကာဖူး၊ ရော်နယ်လ်ဒို၊ ရောဘတ်တိုကားလို့စ်၊ ဘီဘက်တို၊ ရိုမာရီယိုနဲ့ အခြားဘရာဇီးလက်ရွေးစင်ဟောင်းတွေရယ်၊ ဂျာမနီအသင်း လက်ရွေးစင်အသင်းခေါင်းဆောင်ဟောင်း လိုသာမာသီးယပ်စ်လည်း ပါလာမယ်လို့ သိရတယ်” ဟု ဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူတစ်ဦးကပြောသည်။

ဘရာဇီးလက်ရွေးစင်ဟောင်းများပါဝင်မည့်အသင်းသည်ရန်ကုန်မြို့သို့ ဇန်နဝါရီလ ၂၀ ရက်တွင် ရောက်ရှိမည်ဖြစ်ပြီး ၉၃ ငွေတံဆိပ်ရအသင်းမှ မြန်မာ့လက်ရွေးစင် ကစားသမားဟောင်းများ၊ လက်ရွေးစင်ဟောင်းများနှင့် လက်ရှိလက်ရွေးစင်အချို့ ပါဝင်မည့် (ညွန့်ပေါင်း)အသင်းနှင့် ခြေစမ်းပွဲတစ်ပွဲယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်းမြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မီဒီယာဒါရိုက်တာ ဦးစိုးမိုးကျော်က ဒီဇင်ဘာ ၂၈ ရက်တွင်ပြောသည်။

ဘရာဇီး လက်ရွေးစင်ဟောင်းများသည် ရန်ကုန်မြို့တွင် သုံးရက်ခန့် နေထိုင်စဉ်ကာလအတွင်း မြန်မာလူငယ်လေးများအတွက် ဘောလုံးအားကစားနည်းများနှင့် ပတ်သက်၍ သင်ကြားပို့ချသွားရန်ရှိပြီး မြန်မာပရိသတ်များနှင့် ထိတွေ့မည့် အစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူကဆိုသည်။

ခြေစမ်းပွဲဖြစ်ပေါ်လာရေးအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဘရာဇီးသံရုံး၊ ဘရာဇီးဘောလုံးအဖွဲ့ချုပ်အပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

# ကွန်မြူနတီဖလားပြိုင်ပွဲ ကွင်းဝင်ကြေးအပါအဝင် ကျပ်သိန်း၁၀၀ ပရဟိတကျောင်းများသို့လှူ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၃၀**

ကွန်မြူနတီဖလားပြိုင်ပွဲတွင် ကွင်းဝင်ကြေးအပါအဝင်မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းများမှ စုစုပေါင်းငွေကျပ် သိန်းတစ်ရာကို ပရဟိတကျောင်းများကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

၂၀၁၃ မြန်မာနေရှင်နယ်လိဂ်ဘောလုံးရာသီ အကြိုကျင်းပခဲ့သည့် ကွန်မြူနတီဖလားပြိုင်ပွဲတွင် ၂၀၁၂ ခုနှစ် အမှတ်ပေးချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်းက ရှုံးထွက်ဖလားချန်ပီယံ ရောဝတီယူနိုက်တက် အသင်းကို (၁-၀)ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ပြီးခဲ့သည့်နှစ် ပြိုင်ပွဲတွင်လည်း အဆိုပါနှစ်သင်းတွေ့ဆုံခဲ့ရာတွင် ရောဝတီ ယူနိုက်တက်အသင်းက အနိုင်ရရှိခဲ့ပြီး ယခုနှစ်တွင်မူ ရန်ကုန်ယူနိုက်တက်အသင်းက ရှုံးကြွေးပြန်ဆပ်နိုင်ခဲ့သည်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်က အောင်ဆန်းကွင်း၌ ကျင်းပခဲ့သည့် ကွန်မြူနတီဖလားပြိုင်ပွဲမှ ရရှိခဲ့သည့် ကွင်းဝင်ကြေး ကျပ်ဆယ်သိန်းကျော်နှင့် ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းများမှ လှူဒါန်းငွေ စုစုပေါင်းကျပ်သိန်းတစ်ရာကို ပဲခူးတိုင်းရွှေကျင်မြို့နယ် ပရဟိတကျောင်း၊ တံတားဘုရားကြီး ပရဟိတကျောင်း၊ မင်းဘူးမဏ္ဍိမလွင်ပြင်ပရဟိတကျောင်းနှင့် ဒေးဒရဲ မိဘမဲ့ကျောင်းများသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ပြီးခဲ့သည့် နှစ် ကွန်မြူနတီဖလားပွဲစဉ်မှ ရရှိသည့်ကွင်းဝင်ကြေးများနှင့် အလှူရှင်များ၏ လှူဒါန်းငွေစုစုပေါင်း ကျပ်သိန်းငါးရာကိုလည်း မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းမီးလောင်ပေါက်ကွဲမှုတွင် မီးဘေးသင့်ပြည်သူများ ကယ်ဆယ်ရေးစခန်းသို့ ပေးအပ်လှူဒါန်းခဲ့သည်။

# ယူ ၁၉ လက်ရွေးစင်အသင်း ဆီမီးပရိုလိဂ်တွင် ဝင်ပြိုင်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ဒီဇင်ဘာ-၃၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ၂၀၁၃ ဘောလုံးရာသီတွင် ကျင်းပမည့်ဆီမီးပရိုလိဂ်(MNL-2)တွင် ပဏာမမြန်မာ့လက်ရွေးစင်(ယူ-၁၉)အသင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

“ယူ-၁၉ အသင်းက ကစားသမားများ အတွေ့အကြုံရရှိစေရန်နဲ့ နိုင်ငံတကာပြိုင်ပွဲတွေမှာလည်း အဆင့်မြင့်မြင့် ပါဝင်ယှဉ်ပြိုင်နိုင်ဖို့ MNL-2 မှာ ယှဉ်ပြိုင်ရခြင်းဖြစ်ပါတယ်။ လာမယ့် ၂၀၁၃ ဆီးဂိမ်းဝင်ဖို့ ရည်ရွယ်ထားတဲ့ ဗီယက်နမ်အသင်းကလည်း သူတို့ပြည်တွင်းဗိုလိဂ်မှာ ဝင်ရောက်ယှဉ်ပြိုင်မှာပါ။ ဒီလိုပါပဲ။ ကျွန်တော်တို့ ကစားသမားတွေလည်း ပွဲကစားခွင့်တွေ များများရပြီး အတွေ့အကြုံရစေချင်တဲ့ ရည်ရွယ်ချက်ပါ”ဟု ဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူကပြောသည်။

၂၀၁၃ ဘောလုံးရာသီမှ စတင်ကာ တန်းတက်တန်းဆင်းစနစ်စတင်ကျင့်သုံးမည်ဖြစ်ပြီး ယူ-၁၉ အသင်းအနေဖြင့်မူ တန်းတက်ခွင့်ရရှိမည်မဟုတ်ကြောင်း ၎င်းက ပြောသည်။ ဆီမီးပရိုပြိုင်ပွဲတွင် ပြိုင်ပွဲဝင်မည့် အသင်းများမှာ ယခင်နှစ်မြန်မာလိဂ်အမှတ်ပေးပြိုင်ပွဲမှ တန်းဆင်းခဲ့ရသည့် ချင်းယူနိုက်တက်နှင့် မောဝ်ဝတီ၊ အသင်းသစ်များဖြစ်သည့် ဒဂုံအက်ဖ်စီ၊ Horizon FC ၊ Royal Land FC၊ GFA ၊ မြဝတီနှင့် ပဏာမ မြန်မာ့လက်ရွေးစင်(ယူ-၁၉)အသင်းများဖြစ်ကြသည်။

လိဂ်ပြိုင်ပွဲပြီးဆုံးချိန်တွင် ဆီမီးပြိုင်ပွဲမှ အမှတ်အနည်းဆုံးနှစ်သင်းသည် တန်းတက်ရမည်ဖြစ်ပြီး မြန်မာနေရှင်နယ်လိဂ်မှ အမှတ်အနည်းဆုံး နှစ်သင်းသည် MNL-2 သို့ တန်းဆင်းရမည်ဖြစ်သည်။ ပြိုင်ပွဲဝင် ရှစ်သင်းဖြင့် ဆီမီးပရိုပြိုင်ပွဲကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလနောက်ဆုံးပတ်တွင်ပဒုမ္မာနှင့် စလင်းကွင်းများတွင် ကျင်းပသွားရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။

# မြန်မာအမျိုးသမီးဘောလုံးအသင်း အာရှဖလားခြေစစ်ပွဲတွင် တိုင်ပေ၊ ပါလက်စတိုင်း၊ အိန္ဒိယနှင့် ရင်ဆိုင်ရမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၆**

၂၀၁၄ အာရှအမျိုးသမီး ဘောလုံးပြိုင်ပွဲအတွက် ခြေစစ်ပွဲအုပ်စုများခွဲဝေခဲ့ရာ မြန်မာအမျိုးသမီးအသင်းသည် အုပ်စု(ဃ)တွင် တရုတ်(တိုင်ပေ)၊ ပါလက်စတိုင်း၊ အိန္ဒိယအသင်းများနှင့် ကျရောက်လျက်ရှိသည်။

အာရှဘောလုံး အဖွဲ့ချုပ် (AFC) က ကြီးမှူးသော လေးနှစ်တစ်ကြိမ် ကျင်းပသည့် အဆိုပါပြိုင်ပွဲ၏ ခြေစစ်ပွဲအဆင့်တွင် စုစုပေါင်း ၁၆ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ လေးသင်းစီပါဝင်မည့် အုပ်စုတစ်စုစီမှ ထိပ်ဆုံးအသင်းများသည် ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ပြီး တိုက်ရိုက်ကစားခွင့်ရ လက်ရှိချန်ပီယံ ဩစတြေးလျ၊ ဂျပန်၊ တရုတ်၊ တောင်ကိုရီးယားအသင်းများနှင့်အတူနောက်ဆုံးအဆင့် ပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ခြေစစ်ပွဲစဉ်များကို ၂၀၁၃ ခုနှစ် မေလအတွင်း ကျင်းပသွားမည်ဖြစ်ပြီး မြန်မာအသင်းပါဝင်သည့် အုပ်စု (ဃ)ပွဲစဉ်များကို ပါလက်စတိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။ အုပ်စု(က)တွင်ဥဇဘက်ကစ္စတန်၊ ဂျော်ဒန်၊လက်ဘနွန်၊ကူဝိတ်၊အုပ်စု(ခ)တွင် ထိုင်း၊ အီရန်၊ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်၊ အုပ်စု (ဂ)တွင် ဗီယမ်နမ်၊ ဟောင်ကောင်၊ ကာဂျစ္စတန်၊ ဘာရိန်းအသင်းများ ပါဝင်ကြောင်း သိရသည်။

မြန်မာအမျိုးသမီးအသင်းသည် အဆိုပါခြေစစ်ပွဲနှင့် လာမည့် ဆီးဂိမ်းပြိုင်ပွဲအတွက် ပဏာမလက်ရွေးစင် (၂၈)ဦးဖြင့် ဂျပန်နည်းပြဆရာကူမာဒါက လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး ကစားသမားသစ်များကိုလည်း ရွေးချယ်သွားရန်ရှိကြောင်း အသင်းလက်ထောက်နည်းပြ ဒေါ်သက်သက်ဝင်းက ပြောသည်။ မြန်မာအမျိုးသမီးအသင်းသည် ပြီးခဲ့သည့် ၂၀၁၀ အာရှဖလားပြိုင်ပွဲတွင် နောက်ဆုံးအဆင့်ထိ တက်ရောက်နိုင်ခဲ့သည်။

# Sports

7DAY NEWS JOURNAL
Vo 3 • JANUARY 3 , 2013



နှစ်သစ်ရဲ့အဖွင့်မှာ

# အရှိန်မြင့်လာတဲ့ ဥရောပလိဂ်ပွဲစဉ်များ

## ပွဲကြိုခန့်မှန်းချက်

ကိုအေးမြတ်

ဒီတစ်ပတ် ဥရောပလိဂ်ပွဲစဉ်တွေကတော့ ၂၀၁၃ နှစ်သစ်ရဲ့ အစပိုင်းမှာ အကြိတ်အနယ်ရင်ဆိုင်ရမယ့်ပွဲတွေချည်းပါပဲ။ ပရီးမီးယားလိဂ်တွေထဲမှာပွဲစဉ် ၂၁ ရယ်၊ စီးရီးအေလေးပွဲ၊ လာလီဂါသုံးပွဲကို ခန့်မှန်းပေးလိုက်ပါတယ်။

**ပရီးမီယားလိဂ်**

**<u>ဇန်နဝါရီ ၃၊ ကြာသပတေးနေ့</u>**

**ချယ်လ်ဆီး - ကျူပီအာ**

(နံနက် ၂း၁၅ နာရီ)

ပကျော့ရလဒ် ၀-၀

ချယ်လ်ဆီးတို့ သတိထားရမယ့် လန်ဒန်ဒါဘီပွဲပါပဲ။ ကျူပီအာဟာ ချယ်လ်ဆီး၊ အာဆင်နယ်စတဲ့ လန်ဒန်မြို့ခံအသင်းကြီးတွေနဲ့ ဆုံတိုင်း ဒုက္ခပေးနိုင်ပါတယ်။ ကျူပီအာကို ချယ်လ်ဆီးအိမ်ကွင်းရှုံးပွဲမရှိသေးပေမယ့် ကျူပီအာကို ဂိုးအနည်းနဲ့ပဲ နိုင်ဖို့ ရှိပါတယ်။

**လီဗာပူး - ဆန်းဒါးလန်း**

(နံနက် ၂း၁၅ နာရီ)

ပကျော့ရလဒ် ၁-၁

နောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်မှာ သုံးကြိမ်သရေကျထားတယ်။ လီဗာပူးကပ်နိုင်ဖို့ပဲ ရှိပြီးဒါတောင် ဂိုးအရင်သွင်းထားမှ သေချာမှာပါ။ မထင်မှတ်ဘဲ သရေလည်းဖြစ်နိုင်တယ်။

**နယူးကာဆယ် - အဲဗာတန်**

(နံနက် ၂း၃၀ နာရီ)

ပကျော့ရလဒ် ၂-၂

နယူးကာဆယ်ခြေကျနေပြီး အဲဗာတန် တောက်လျှောက်ကောင်းနေတာကြောင့်ခက်ခဲတဲ့ပွဲပါ။ ညှော့သည် အဲဗာတန်ဘက်က နေသင့်ပါတယ်။ အပြန်အလှန်သွင်းဂိုးတွေနဲ့ အဲဗာတန်ကပ်နိုင်ဖို့ရှိတယ်။

**စီးရီးအေ**

**<u>ဇန်နဝါရီ ၆၊ တနင်္ဂနွေ။</u>**

**လာဇီယို - ကတ်ဂလီယာရီ**

(နံနက် ၂း၁၅ နာရီ)

ပကျော့ရလဒ် ၁-၀

နောက်ဆုံးတွေ့ဆုံမှုတွေမှာ လာဇီယိုတို့ ကတ်ဂလီယာရီကို မရှုံးဖူးသေးပါဘူး။ ဂိုးနည်းနည်းနဲ့ပဲ လာဇီယိုကပ်နိုင်သွားမှာပါ။

**အူဒီးနီးစ် - အင်တာမီလန်**

(ညနေ ၆း၀၀ နာရီ)

ပကျော့ရလဒ် ၁-၃

အင်တာတို့ရှုံးပွဲတချို့ကြုံနေတာမို့ ဂရုစိုက်ကစားရမယ်။ အူဒီးနီးစ်သရေပွဲတွေ များနေပြီး အိမ်ကွင်းရှုံးပွဲတစ်ပွဲပဲ ရှိသေးတာမမေ့ပါနဲ့။ အင်တာ တစ်ဂိုးအသာလောက်နဲ့ပဲ ကပ်နိုင်မှာပါ။

**ဂျူဗင်တပ် - ဆမ်ဒိုးရီးယား**

(ည ၈း၃၀ နာရီ)

ပကျော့ရလဒ် ၀-၀

နောက်ဆုံးတွေ့ဆုံမှုငါးကြိမ်မှာ သုံးကြိမ်သရေကျထားတဲ့ နှစ်သင်းတွေ့တာပါပဲ။ ဂျူဗင်တပ် ဒီရာသီ အိမ်ကွင်းရလဒ်ပိုင်းအကောင်းဆုံးဖြစ်နေပြီး ဆမ်ဒိုးရီးယားအရှုံးများနေတယ်။ ဂျူဗီတို့ အိမ်ကွင်းမှာ နှစ်ဂိုးလောက်ရနိုင်တယ်။

**နာပိုလီ - ရိုးမား**

(နံနက် ၂း၁၅ နာရီ)

ပကျော့ရလဒ် ၂-၂

ဇယားမှာ အမှတ်မကွာတဲ့ နှစ်သင်းလာတွေ့တဲ့ပွဲပါပဲ။ နှစ်သင်းစလုံး ခြေမကွာပေမယ့် အိမ်ကွင်းရလဒ်ပိုင်းမှာ နာပိုလီကောင်းနေတာကြောင့် အိမ်ရှင်ကိုစိတ်ချလက်ချရွေးရမှာပါ။ ရိုးမားအမြင့်ဆုံး သရေပဲ ရပါမယ်။

**လာလီဂါ**

**<u>ဇန်နဝါရီ ၆၊ တနင်္ဂနွေ။</u>**

**ဒီပို့တီဗို - မာလာဂါ**

(နံနက် ၁း၃၀ နာရီ)

ပကျော့ရလဒ် ၀-၀

ရလဒ်တွေကောင်းနေတဲ့ ဇယားထိပ်နားက ညှော့သည်မာလာဂါတို့ ဒီပို့ကို အနိုင်ယူသွားမှာပါ။ ပထမအကျော့သရေဆိုပေမယ့် ဒီပွဲမာလာဂါနိုင်ခြေပိုများတယ်။

**ရီးရဲလ်မက်ဒရစ် - ရီးရဲလ်ဆိုစီဒက်**

(ည ၁၀း၃၀ နာရီ)

ပကျော့ရလဒ် ၅-၁

ရီးရဲလ်မက်ဒရစ်တို့ပထမအကျော့ကအနိုင်ပြတ်သားခဲ့သလို ဒီပွဲမှာလည်း သွင်းဂိုး နှစ်ဂိုးလောက်တော့ရနိုင်ပါတယ်။ ဆိုစီဒက် သရေရဖို့ မရှိပါ။

**<u>ဇန်နဝါရီ ၇၊ တနင်္လာ။</u>**

**ဘာစီလိုနာ - အက်စ်ပန်ညို**

(နံနက် ၀၀း၃၀ နာရီ)

ပကျော့ရလဒ် ၄-၀

ဘာကာတို့ အိမ်ကွင်းမှာ နှစ် ဂိုးလောက် ရသွားမယ့်ပွဲပါ။ အက်စ်ပန်ညိုတို့ ဂိုးနည်းနည်းပဲ ပေးရဖို့ ကြိုးစားရမှာပါ။

# ဆီးဂိမ်းတွင် မြန်မာအောင်ပွဲရရန် တရုတ်ကူညီ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၆**

တရုတ်နိုင်ငံမှ နည်းပြဆရာ (၂၆) ဦးသည် ဆီးဂိမ်းပြိုင်ပွဲအတွက်ပြင်ဆင်နေသည့် မြန်မာအားကစားအဖွဲ့များအနက်မှ အားကစားနည်း (၁၂)မျိုးအား တစ်နှစ်ကြာကူညီသင်ကြားပြသပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။



တရုတ်နည်းပြများကို တွေ့ရစဉ်

နှစ်နိုင်ငံသဘောတူညီချက်အရ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံက အိမ်ရှင်ပြုလုပ်မည့်(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် တရုတ်နိုင်ငံကပေးမည့် အကူအညီများထဲမှ တစ်ခုဖြစ်သည့် နည်းပြ (၂၆)ဦးပါဝင်သောအဖွဲ့သည် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်တွင် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

အဆိုပါအဖွဲ့တွင် ပြေးခုန်ပစ်အားကစားနည်းပြ ငါးဦး၊ ဝူရှူးအားကစားနည်းပြ လေးဦး၊ စက်ဘီး အားကစားနည်းပြ သုံးဦး၊ သေနတ်ပစ်နှင့် ကျွမ်းဘားအားကစားနည်းပြ နှစ်ဦးစီ၊ ရေကူး၊ ဒိုင်ဗင်၊ ကနူး/ကယက်လှေ၊ အနောက်တိုင်းလှေ၊ ဘတ်စကက်ဘော၊ အလေးမနှင့် လက်ဝှေ့အားကစားနည်းပြ တစ်ဦးစီ၊ ကာယနည်းပြဆရာ သုံးဦး၊ အဖွဲ့အုပ်ချုပ်သူတစ်ဦးနှင့် ဘာသာပြန်တစ်ဦးအပါအဝင် စုစုပေါင်း(၂၈)ဦး ပါဝင်လာသည်။

“မြန်မာအားကစားအဖွဲ့တွေကို ကူညီပြသပေးမယ့် တရုတ်နည်းပြဆရာတွေဟာ ပြည်နယ်အားကစားသမားတွေကို သင်ကြားခဲ့တဲ့ အဆင့်မြင့်နည်းပြဆရာတွေဖြစ်ပြီး နိုင်ငံတော်အဆင့်မြင့်နည်းပြဆရာအချို့လည်း ပါဝင်လာပါတယ်” ဟု တရုတ်သံရုံးအရာရှိတစ်ဦးက ပြောသည်။

နှစ်ပေါင်းလေးဆယ်ကျော်မှ အိမ်ရှင်အဖြစ် ပြန်လည်လက်ခံကျင်းပမည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် တရုတ်နိုင်ငံအနေဖြင့် အားကစား နည်းပြများ စေလွှတ်ခြင်း၊ မြန်မာအားကစားသမား ၁၇၀ ကျော်အား တရုတ်နိုင်ငံသို့ ခေါ်ယူကာ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ပေးခြင်း၊ အားကစားနည်းအချို့အတွက် လေ့ကျင့်ရေး ကိရိယာများနှင့် ပြိုင်ပွဲဝင်ပစ္စည်းများ ထောက်ပံ့ပေးခြင်း၊ အားကစားပြိုင်ပွဲ ဖွင့်ပွဲ ပိတ်ပွဲအခမ်းအနားများအတွက် ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အားကစားဝန်ကြီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်က ပြောသည်။

တရုတ်နိုင်ငံအနေဖြင့် ယခု မြန်မာနိုင်ငံသို့ပေးသည့် အားကစားကဏ္ဍအကူအညီသည် ပြည်ပသို့ ကူညီသည့် အကြီးဆုံးအားကစားဆိုင်ရာ အကူအညီပေးရေးအစီအစဉ်ဖြစ်ကြောင်း တရုတ်သံရုံးအရာရှိက ဆိုသည်။ အကူအညီပေးရသည့် ကုန်ကျငွေပမာဏကို ထုတ်ပြန်မကြေညာသေးသော်လည်း ယခု နည်းပြအဖွဲ့၏ စရိတ်အားလုံးကို တရုတ်အစိုးရက တာဝန်ယူ ကုန်ကျခံမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

“၂၀၁၃ ခုနှစ် မတ်လကနေ စက်တင်ဘာလ အတွင်းမှာ တရုတ်နိုင်ငံကို မြန်မာအားကစားနည်း (၁၁) မျိုးက အားကစားသမား (၁၇၆) ဦး ပူးတွဲလေ့ကျင့်မှုတွေသွားရောက် ပြုလုပ်ဖို့ရှိပါတယ်” ဟု ဦးခွန်ဂျာအောင်က ဆိုသည်။ အားကစား လေ့ကျင့်ရေး ကိရိယာများနှင့် ပြိုင်ပွဲဝင်ပစ္စည်းများမှာလည်း လာမည့် တစ်လအတွင်း မြန်မာနိုင်ငံသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း အဆိုပါ တရုတ်သံရုံးအရာရှိက ပြောသည်။

အားကစားနည်းပြ(၃၀)ဝန်းကျင်ခန့် ထည့်သွင်းကျင်းပရန် စီစဉ်ထားသည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ၂၀၁၃ ဒီဇင်ဘာလ ၁၁ မှ ၂၂ ရက်ထိ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ငွေဆောင်ကမ်းခြေများတွင် ကျင်းပသွားမည်ဖြစ်သည်။ လက်ရှိတွင် တရုတ်နည်းပြဆရာ ၂၀ ဦးသည် နေပြည်တော်ရှိ မြန်မာအားကစားအဖွဲ့များကို လေ့ကျင့်သင်ကြားပြသသွားမည်ဖြစ်ပြီး ကနူး/ကယက်၊ အနောက်တိုင်းလှေ၊ လက်ဝှေ့၊ ရေကူး၊ ဒိုင်ဗင်၊ ဘတ်စကက်ဘော၊ အားကစားနည်းများအတွက် တရုတ်နည်းပြဆရာ ခြောက်ဦးသည် ရန်ကုန်မြို့တွင် အားကစားသမားများကို လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# လင်မယားကွာရှင်းပြတ်စဲရေးတွင် အီတလီဝန်ကြီးချုပ်ဟောင်း ဘာလူစကိုနီ ယူရို ၃၆ သန်းပေးမည်



**ရောမ၊ ဒီဇင်ဘာ - ၂၉**

အီတလီဝန်ကြီးချုပ်ဟောင်း ဘာလူစကိုနီသည် ဇနီးသည် ဗာရိုနီကာလာရီယိုနှင့် ကွာရှင်းပြတ်စဲမှုအတွက် တစ်နေ့လျှင် ယူရိုငွေ တစ်သိန်းပေးအပ်ရန် သဘောတူညီလိုက်ကြောင်း Corriere della သတင်းစာတွင် ရေးသားဖော်ပြသည်။

သုံးနှစ်ကြာ အပေးအယူလုပ်ညှိနှိုင်းမှုများ ရှိခဲ့ပြီးနောက် ယူရိုငွေ ၃၆ သန်းတန် ကွာရှင်းပြတ်စဲမှုကိစ္စကို ခရစ်စမတ်ကာလအတွင်းမီလန်မြို့တော်ရှိတရားရုံး တစ်ခုသို့တင်လိုက်ခြင်းဖြစ်ကြောင်း သတင်းက ဖော်ပြသည်။

သတင်းကို အတည်ပြုနိုင်ရန် ဘာလူစကိုနီနှင့် ၎င်း၏ဇနီးသည် လာရီယို၏ ရှေ့နေများနှင့် တရားရုံးဆီသို့ အီးမေးလ်များ၊ တယ်လီဖုန်းများဖြင့် ဆက်သွယ်ခဲ့သော်လည်း မည်သည့်မှတ်ချက်မှ မရရှိခဲ့ပေ။

လာမည့်ဖေဖော်ဝါရီလ ရွေးကောက်ပွဲတွင် ဗဟိုနှင့် လက်ယာယိမ်းအဖွဲ့များကို ဦးဆောင်၍ နိုင်ငံရေး ရှေ့တန်းမျက်နှာစာသို့ ပြန်လာရေး ဘာလူစကိုနီ ပြင်ဆင်နေချိန်မှာပင် ယခုသတင်းထွက်ပေါ်လာခြင်းဖြစ်သည်။

ရုပ်ရှင်သရုပ်ဆောင်ဟောင်း တစ်ဦးဖြစ်သူ မစ္စစ်လာရီယိုသည် မစ္စတာဘာလူစကိုနီနှင့် ၂၂ ကြာ ပေါင်းသင်းခဲ့သည်။ ဘီလျံနာသူဌေးဘာလူစကိုနီ (၇၆ နှစ်) သည် ၁၇ နှစ်အရွယ်အမျိုးသမီး ငယ်တစ်ဦးနှင့်ဖောက်ပြန်နေကြောင်း မစ္စစ်လာရီယိုက စွပ်စွဲပြီး ၂၀၀၉ ခုနှစ်တွင် ကွာရှင်းပြတ်စဲခွင့် လျှောက်ခဲ့သည်။ ထိုအချိန်မှစ၍ မစ္စတာဘာလူစကိုနီ၏ နာမည်မှာ ကျော်မကောင်း၊ ကြားမကောင်းလိင်မှု စွပ်စွဲချက်များတွင် ပါဝင်ပတ်သက်လေ့ရှိပြီး ယမန်နှစ်ကလည်း ဆယ်ကျော်သက်အပျော်မယ်တစ်ဦးနှင့် ၎င်း၏နေအိမ်၌ ပျော်ပါးခဲ့သည်ဟု စွပ်စွဲခံခဲ့ရသည်။ *—Ref: Reuters*



# ဆူဒန်ခေါင်းဆောင်နှင့် တွေ့ဆုံရန်အသင့်ရှိဟု တောင်ဆူဒန်သမ္မတ ပြောကြား

**ကျူးဘား၊ ဒီဇင်ဘာ - ၂၉**

ဆူဒန်နိုင်ငံခေါင်းဆောင် အိုဘာဟတ်ဆန် အယ်လ်ဘာရှားနှင့် တွေ့ဆုံပြီး ရေနံဖြတ်သန်းမှုပြန်လည်စတင်ရေးနှင့် နှစ်ဖက်ကြားအခြားပဋိပက္ခများကို ဖြေရှင်းရန်စိတ်အားထက်သန်နေကြောင်း တောင်ဆူဒန်သမ္မတ ဆယ်လ်ဗာကီရာက ပြောကြားသည်။


နှစ်ဖက်ထိပ်သီးဆွေးနွေးပွဲကျင်းပရန် ဆူဒန်ခေါင်းဆောင် အယ်လ်ဘာရှားက စောစောပိုင်းကသဘောတူခဲ့သည်။

နယ်စပ်ဒေသတွင် စစ်ရေးကင်းမဲ့ဇုန်ထူထောင်ရေးဆူဒန်နှင့် တောင်ဆူဒန်နိုင်ငံတို့က ၂၀၁၂ စက်တင်ဘာလအတွင်းသဘောတူညီခဲ့ပြီး ယင်းမှာကုန်းတွင်းပိတ်ဖြစ်နေသောတောင်ဆူဒန်မှနေ၍ ဆူဒန်နိုင်ငံကို ကျော်ဖြတ်ရေနံတင်ပို့ရေးအတွက် အရေးပါသော သတ်မှတ်ချက်ဖြစ်သည်။ ရေနံမှာနှစ်နိုင်ငံစလုံးအတွက် အသက်သွေးကြောဖြစ်သည်။

သို့သော် နှစ်ဖက်စလုံးက စစ်တပ်များကို နယ်စပ်ဒေသမှ မရုပ်သိမ်းရသေးပေ။ နယ်ခြားဒေသမှ သူပုန်များအားထောက်ပံ့နေသည်ဟုလည်း အပြန်အလှန်စွပ်စွဲနေကြသည်။

အာဖရိက သမဂ္ဂက ကြားဝင်၍ နှစ်ဖက်နိုင်ငံခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးကြရန် တိုက်တွန်း ပြောကြားခဲ့ပြီးနောက် တောင်ဆူဒန်ခေါင်းဆောင်နှင့် တွေ့ဆုံရန် ဆန္ဒရှိသည်ဟု ဆူဒန်သမ္မတ အယ်လ်ဘာရှားကပြောကြားသည်။ အီသီယိုပီးယားသမ္မတဟယ်လီမာရီယန်ကလည်း ဆူဒန်နှင့် တောင်ဆူဒန်နှစ်နိုင်ငံသို့ သွားရောက်၍ သမ္မတနှစ်ဦးကြားပြေလည်မှုရရှိရန် ကြားဝင်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

*—Ref: Reuters*

7DAY NEWS JOURNAL
Vol.11, No.43 • JANUARY 3 , 2013

# ရုရှားလေယာဉ်တစ်စီး မော်စကိုမြို့ပြင် လမ်းမပေါ် ပျက်ကျ



Photo - AFP

**မော်စကို၊ ဒီဇင်ဘာ- ၂၉**

ရုရှားခရီးသည်တင် လေယာဉ်တစ်စီးသည် မော်စကိုမြို့ လေဆိပ်တစ်ခုတွင်ပြေးလမ်းကို ကျော်လွန်သွားပြီး လမ်းမကြီးတစ်ခုပေါ် ပျက်ကျသွားခဲ့ရာ အနည်းဆုံး လူလေးဦးသေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗူနိုကိုလေဆိပ်သို့ဆင်းသက်လာသော လေယာဉ်ခရီးစဉ် RWZ 9268 ၊ တူပိုလက်ဗ် - ၂၀၄ လေယာဉ်ပေါ်တွင် လေကြောင်းဝန်ထမ်း ၈ ဦးမှ ၁၂ ဦးအထိ လိုက်ပါလာသည်ဟု သတင်းများတွင် ဖော်ပြသည်။

လေယာဉ်ပျက်ကျသောမြင်ကွင်းဓာတ်ပုံများအရ လေယာဉ်မှာ အပိုင်းပိုင်းအပြတ်ပြတ် ကျိုးပျက်သွားခဲ့ပြီး လေယာဉ်ဦးပိုင်းမှာလမ်းမပေါ်ရောက်နေသည်ကို တွေ့ရသည်။

လေယာဉ်ပျက်ကျမှုကြောင့် လေယာဉ်မှူးနှစ်ဦး၊ အင်ဂျင်နီယာတစ်ဦးနှင့် လေယာဉ်မယ်တစ်ဦး သေဆုံးပြီး အခြားလူလေးဦးမှာ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။ လေယာဉ်၏ ခေါင်းပိုင်းနှင့် အမြီးပိုင်း ဖြတ်ထွက်သွားခဲ့ပြီး လောင်စာကန် အစိတ်အပိုင်းမှာ တွဲလျက်ရှိနေသည်။

ချက်နိုင်ငံမှ ပျံသန်းလာသော လေယာဉ်ပျက်ကျပြီး မီးစွဲလောင်ခဲ့၍ မီးသတ်ကားများ၊ အရေးပေါ်ကားများ၊ ဆေးအဖွဲ့ ၆၄ ဦး အရေးပေါ်ဆောင်ရွက်ခဲ့ကြောင်း ရုရှားသတင်းဌာန နိုဗိုစတီက ဖော်ပြသည်။

တူပိုလက်ဗ်- ၂၀၄ ခရီးသည်တင် လေယာဉ်များမှာ စိတ်ချယုံကြည်နိုင်သည့် မှတ်တမ်းရှိသော ခေတ်မီဂျက်လေယာဉ်များဖြစ်ပြီး ခရီးသည် ၂၀၀ ကျော် တင်ဆောင်နိုင်သည်။ ယင်းလေယာဉ်ပျက်ကျမှု အား စုံစမ်းစစ်ဆေးရန် ရုရှားဝန်ကြီးချုပ် မက်ဗီဒက်က အမိန့်ပေးထားကြောင်း သိရသည်။

*—BBC/Rio Novosti*

# ငြိမ်းချမ်းရေးဆွေးနွေးရန် မော်စကို ဖိတ်ကြားချက်ကို ဆီးရီးယား အတိုက်အခံ ခေါင်းဆောင်ပယ်ချ

**အလက်ပို၊ ဒီဇင်ဘာ - ၂၉**


ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် ရုရှားနိုင်ငံ၏ ဖိတ်ကြားမှုကို ဆီးရီးယားအတိုက်အခံ ခေါင်းဆောင်က ပယ်ချလိုက်ကြောင်း သိရသည်။ ယင်းမှာ ၂၁ လကြာ ဆီးရီးယားပြည်တွင်းစစ် အဆုံးသတ်ရေး သံတမန်ရေး ပြန်လည်အသက်သွင်းရန် မျှော်လင့်ချက်များအတွက်ထိုးနှက်ချက်တစ်ရပ် ဖြစ်သည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြသည်။

နိုင်ငံတကာတွင် ဆီးရီးယားအားအဓိက အကာအကွယ်ပေးနေသူ ရုရှားအစိုးရက ဒီဇင်ဘာ ၂၈ ရက်တွင်ဆီးရီးယား အမျိုးသားမဟာမိတ်အဖွဲ့ ခေါင်းဆောင် မိုအက်စ်အယ်လ်ကာတစ်ထံသို့ ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ကြားခဲ့သည်။

သို့သော် အယ်လ်ဂျာဇီးယားရုပ်သံနှင့် ပြုလုပ်သည့် အင်တာဗျူးတွင် မစ္စတာအယ်ကာတစ်က မော်စကိုခရီးစဉ်ကို ပယ်ချထားပြီးဖြစ်ကြောင်းနှင့် မစ္စတာအာဆတ်အားထောက်ခံခြင်းအတွက် မော်စကိုက တောင်းပန်ခြင်းကို အလိုရှိကြောင်း ပြောကြားသည်။

"မော်စကိုကို မသွားဘူးလို့ ကျွန်တော်တို့ ရှင်းရှင်းလင်းလင်း ပြောကြားထားပြီး ဖြစ်ပါတယ်။ ရှင်းလင်းပြတ်သားတဲ့ အစီအစဉ်တစ်ရပ်ရှိတယ်ဆိုရင် ကျွန်တော်တို့ အာရပ်နိုင်ငံတစ်နိုင်ငံမှာ တွေ့ကြမယ်" ဟုဆီးရီးယားအတိုက်အခံခေါင်းဆောင်က ပြောကြားသည်။

"အခုအချိန်မှာ (ရုရှားနိုင်ငံ



ရေးဝန်ကြီး) မစ္စတာလက်ဗ်ရော့ဆီက ဝန်ချတောင်းပန်တာကို ကျွန်တော်တို့လိုချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခုချိန်ထိ တစ်လျှောက်လုံးမှာ ပြည်သူတွေဟာ သူတို့ရဲ့ ကံကြမ္မာကို သူတို့ဟာသူတို့ ဆုံးဖြတ်လိမ့်မယ်လို့ နိုင်ငံခြားကကြားဝင်ဖြေရှင်းတာ မလိုဘူးလို့ ပြောခဲ့တယ်။ ရုရှားက ကြားဝင်နေတာပဲ။ အဲဒီအချိန်မှာပဲ ဆီးရီးယားပြည်သူတွေကို အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတွေဖြစ်နေတယ်။ သူတို့ပျော်ပွဲစား ထွက်နေသလိုဆက်ဆံခံရတယ်" ဟု မစ္စတာအယ်လ်ကာတစ်က ဆက်လက်ပြောသည်။

"ဆီးရီးယားနိုင်ငံတွင်းက အခြေအနေတွေကို စေ့စေ့စပ်စပ် လက်တွေ့ကျကျ သုံးသပ်ကြရင်တော့ အကျိုးသင့်အကြောင်းသင့် စဉ်းစားတဲ့ အတိုက်အခံအဖွဲ့တွေအနေနဲ့ နိုင်ငံရေးအရ နှစ်ဖက်ဆွေးနွေးရေးကိစ္စ စတင်ကြလိမ့်မယ်လို့ကျွန်တော်ထင်ပါတယ်" ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီး မစ္စတာဆာဂျီလက်ဗ်ရော့က ဒီဇင်ဘာ ၂၈ တွင် ပြောကြားသည်။

*—Ref: Reuters*

# အမေရိကန်များက ရုရှားကလေးငယ်များအား မွေးစားမှု ပိတ်ပင်သောဥပဒေ ရုရှားသမ္မတ လက်မှတ်ထိုး

**မော်စကို၊ ဒီဇင်ဘာ - ၂၉**

အမေရိကန်နိုင်ငံသားများက ရုရှားကလေးငယ်များအား မွေးစားမှုကိုပိတ်ပင်ခြင်းနှင့် အခြားအမေရိကန်အား ပစ်မှတ်ထား၍ လက်တုံ့ပြန်ခြင်းများ ပါဝင်သောအငြင်းပွားဖွယ်ရာ ဥပဒေမူကြမ်းအား ရုရှားသမ္မတ ဗလာဒီမာပူတင်က အတည်ပြု လက်မှတ်ထိုးလိုက်ကြောင်းသိရသည်။

လွတ်လပ်သော သဘောထားရှိသူ ဘလော့ဂ်ဂါများ၊ အရပ်ဘက်အုပ်စုများနှင့် အစိုးရတွင်းမှ ထိပ်တန်းအရာရှိကြီး အချို့၏ ကန့်ကွက်မှုများ ရှိနေသော်ငြား အမေရိကန်မွေးစားမှု ပိတ်ပင်သည့် ဥပဒေမှာ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်အသက်ဝင်လာမည်ဖြစ်သည်။

ယင်းမှာ အမေရိကန်သမ္မတ အိုဘားမားက နိုဝင်ဘာလအတွင်း လက်မှတ်ထိုးပြဋ္ဌာန်းခဲ့သည့် US Magnitsky ဥပဒေအား ပါးကိုက်နားကိုက် တုံ့ပြန်မှု တစ်စိတ်တစ်ပိုင်းဖြစ်သည်။ အမေရိကန်ဥပဒေတွင် လူ့အခွင့်အရေးချိုးဖောက်ခြင်းသံသယရှိသူရုရှားအရာရှိများအား ပိတ်ပင်မှုများချမှတ်ရေး ပြဋ္ဌာန်း ထားသည်။

၂၀၀၉ ခုနှစ်အတွင်း အမှုမရင်ဆိုင်မီ မော်စကိုမြို့ အချုပ်ခန်းတစ်ခုအတွင်း သေဆုံးခဲ့သော အချက်ပေးခေါင်းလောင်းထိုးသူ ရှေ့နေ Magnitsky ၏ အမည်ဖြင့် မှည့်ခေါ်ထားခြင်း ဖြစ်သည်။

ကလေးမွေးစားမှုပိတ်ပင်ခြင်းဥပဒေတွင် ရုရှားနိုင်ငံသားများ၏ အခွင့်အရေးများချိုးဖောက်သောအမေရိကန်နိုင်ငံသားအား (ရုရှား) ဗီဇာပိတ်ပင်ခြင်း၊ ရုရှားရှိ ၎င်းတို့ပိုင်ဆိုင်မှုများကို ထိန်းချုပ်ထားခြင်း၊ အစိုးရမဟုတ်သော အဖွဲ့များအား အမေရိကန် ထောက်ပံ့ငွေ ပိတ်ပင်ခြင်းများလည်းပါဝင်သည်။

*—Ref: Ria Novosti*

# အမေရိကန်စီးပွားရေး အမျိုးသမီးများ ကယ်တင်သွားမည်ဟု ဝါရင်းဘတ်ဖတ်ပြောကြား

**လန်ဒန်၊ ဒီဇင်ဘာ-၃၀**

အမေရိကန်နိုင်ငံအနေဖြင့် ဘဏ္ဍာရေးအစွန်းထွက်မှုကို ကျော်လွှားသွားနိုင်လိမ့်မည်ဟု အကောင်းမြင်ထားကြောင်းနှင့် စီးပွားရေးလည်း ဆက်လက်တိုးတက်စည်ပင်မည်ဟု အမေရိကန် ဘီလျံနာသူဌေးကြီး ဝါရင်းဘတ်ဖတ်က ပြောကြားသည်။

အကြောင်းမှာ အမေရိကန်နိုင်ငံသည် နောက်ဆုံးတွင် အမျိုးသမီးများ၏ ထူးခြားသော ပင်ကိုစွမ်းရည်များ အသုံးချလာခဲ့သည်ဟု ဘီဘီစီရုပ်သံတွင် ဘီလ်ဂိတ်စ်ဖောင်ဒေးရှင်း အဓိကပဲ့ကိုင်ရှင်တစ်ဦးဖြစ်သူ မလင်ဒါဂိတ်စ်နှင့် တွေ့ဆုံမေးမြန်းခန်းတွင်ဝါရင်းဘတ်ဖတ်က ပြောကြားသည်။

"ဒီနိုင်ငံရဲ့ ထူးခြားတဲ့ ပါရမီရှင် ၅၀ ရာခိုင်နှုန်းကို နှစ်ပေါင်း ၂၀၀ ရောက် ကျွန်တော်တို့ဘေးကပ်ထားခဲ့ကြသည်။ အခုဆိုရင် ဒါကို ၁၀၀ ရာခိုင်နှုန်းစပြီး အသုံးချနေပြီဆိုတော့ ကျွန်တော် တကယ်ပဲ အားတက်မိပါတယ်" ဟု မစ္စတာဝါရင်းဘတ်ဖတ် (၈၂ နှစ်) က ပြောသည်။

ယောကျ်ားနှင့် မိန်းမတန်းတူ အခွင့်အရေး ရရှိရေး အများကြီးလုပ်ကိုင်စရာ ရှိသေးသော်လည်း ၎င်းငယ်စဉ် အစ်မနှစ်ဦးနှင့်အတူနေခဲ့ချိန်မှစ၍ များစွာတိုးတက်လာခဲ့ပြီဟု မစ္စတာဝါရင်းဘတ်ဖတ်က ပြောသည်။

မစ္စစ်ဂိတ်စ်သည် ဘီဘီစီရေဒီယို၏ ဧည့်အယ်ဒီတာအဖြစ် မစ္စတာဝါရင်းဘတ်ဖတ်အား တွေ့ဆုံမေးမြန်းခြင်းဖြစ်ပြီး ကမ္ဘာ့တတိယအချမ်းသာဆုံးနှင့် ရက်ရောစွာ ပေးကမ်းစွန့်ကြဲတတ်သူလည်းဖြစ်သူ ဘီလျံနာသူဌေးကြီးက ကမ္ဘာ့အမျိုးသမီးများ သန္ဓေတားဆေးများကို လက်လှမ်းမီရန် ကိစ္စကိုလည်း ထောက်ခံပြောကြားခဲ့သည်။

*—The Star*

7DAY NEWS JOURNAL
Vol.11, No.43 • JANUARY 3 , 2013

# ယူရိုဇုန်အကျပ်အတည်း မပြီးဆုံးသေးကြောင်း ဂျာမနီအဓိပတိပြောကြား



**ဘာလင်၊ ဒီဇင်ဘာ-၃၁**

ယူရိုဇုန်နိုင်ငံများ ကြွေးမြီအကျပ်အတည်း၏ ပြဿနာရင်းမြစ်ကို ကိုင်တွယ်ရေးလုပ်ဆောင်ခဲ့ခြင်းအတွက် အသီးအပွင့်များ စတင်ထွက်ပေါ်လာနေသော်လည်း ယင်းအကျပ်အတည်း အဆုံးသတ်ရန် ဝေးနေသေးကြောင်း ဂျာမနီအဓိပတိ အန်ဂျလာမာကယ်လ်က ၎င်း၏ နှစ်သစ်ကူးမိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။

ယူရိုဇုန်အကျပ်အတည်းမှာ သုံးနှစ်တာ ကြာမြင့်လာခဲ့ပြီဖြစ်သော်လည်း သည်းခံစိတ်ရှည်ကြရန် ဂျာမန်ပြည်သူများအား မစ္စစ်မာကယ်လ်က တိုက်တွန်းပြောကြားသည်။ ဒီဇင်ဘာ ၃၁ ရက်တွင်ထုတ်လွှင့်မည့် အင်တာဗျူး၌ မစ္စစ်မာကယ်လ်က ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

"ကျွန်မတို့ရဲ့ သာယာဝပြောရေးနဲ့ ဥရောပရဲ့ သွေးစည်းညီညွတ်မှုအတွက်တော့ ကျွန်မတို့ မျှခြေညီအောင် လုပ်ဖို့လိုပါတယ်" ဟု မစ္စစ်မာကယ်လ်က ပြောကြားရင်း ယင်းသို့မျှ ခြေညီရန် မည်မျှအရေးကြီးကြောင်းကို ဥရောပကြွေးမြီအကျပ်အတည်းကပြသနေသည်ဟု ၎င်းက ဆက်ပြောသည်။

"ကျွန်မတို့ စတင်ခဲ့တဲ့ ပြုပြင်ပြောင်းလဲမှုတွေရဲ့ အကျိုးသက်ရောက်မှု မြင်နေရပါပြီ။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မတို့ နောက်ထပ်ဆက်လက် စိတ်ရှည်သည်းခံရပါမယ်။ အကျပ်အတည်း မပြီးဆုံးသေးပါဘူး" ဟုမစ္စစ်မာကယ်လ်က သတိပေးပြောကြားသည်။

တစ်ဖက်တွင်လည်း မစ္စစ်မာကယ်လ်က ၁၉၉၀ ခုနှစ်တွင် ဂျာမနီနှစ်နိုင်ငံ ပေါင်းစည်းခဲ့ပြီးနောက်ပိုင်း ဂျာမနီနိုင်ငံ၏ အလုပ်လက်မဲ့နှုန်း အနိမ့်ဆုံးဖြစ်နေသည်ဟု ဂုဏ်ယူဝံ့ကြွားစွာ ပြောကြားသည်။ မစ္စစ်မာကယ်လ်သည် လာမည့် စက်တင်ဘာ ရွေးကောက်ပွဲတွင် တတိယသက်တမ်း တာဝန်ထမ်းဆောင်ခွင့်ရရန် ကြိုးပမ်းမည်ဖြစ်သည်။ *—Ref: Reuters*

# ပို၍တိကျသော အီရန်လုပ်ဒုံးကျည်များ ဆီးရီးယား အသုံးပြုနေဟုဆို

**ဝါရှင်တန်၊ ဒီဇင်ဘာ- ၂၉**

ဆီးရီးယား သူပုန်များအား ပို၍တိကျစွာ တိုက်ခိုက်နိုင်ရန် ရည်ရွယ်ပုံရသည့် လုပ်ရပ်၌ ဆီးရီးယားအစိုးရသည် ယခင်ရက်သတ္တပတ်အတွင်း အီရန်နိုင်ငံလုပ် တာတိုပစ် ပဲ့ထိန်းဒုံးကျည်အနည်းဆုံး နှစ်စင်းပစ်လွှတ်ခဲ့သည်ဟု အမေရိကန်အရာရှိများက စီအင်န်အင်န်သတင်းဌာနအား ပြောကြားသည်။

Fateh A-110 ဒုံးကျည်များသည် လက်ရှိ ဆီးရီးယားအစိုးရတပ်ဖွဲ့များ အသုံးပြုနေသော ပုံစံဟောင်းစကတ်ဒုံးကျည်များထက် ပို၍တိကျသည်။

သတင်း၏ အကဲဆတ်သော အနေအထားကြောင့် အမေရိကန်အရာရှိများက ၎င်းတို့၏ အမည်နာမကို ထုတ်ဖော်ပြောကြားခြင်း မရှိပေ။ အီရန်အစိုးရကလည်း ယင်းကိစ္စအပေါ် မည်သည့် မှတ်ချက်မှ မပေးပေ။

စကတ်ဒုံးကျည်မှာ ၁၈၅ မိုင်အကွာအဝေးကို ပစ်ခတ်နိုင်ပြီး Fateh ဒုံးကျည်မှာ ၁၂၅ မိုင်သို့သာ လှမ်းပစ်နိုင်သည်။ သို့သော် စကတ်ဒုံးကျည်ပစ်မှတ် ရွေ့လျားမှု အဝန်းအဝိုင်းမှာ ၁၄၈၀ ပေရှိပြီး Fateh ၏ အဝန်းအဝိုင်းမှာ ၃၃၀ ပေ သာရှိကာ ပို၍တိကျသည်။

ဒုံးကျည်ပစ်ခတ်မှုများမှာ တူရကီ နယ်စပ်သို့ ရောက်ရှိခြင်းမရှိပေ။ သို့သော် ယင်းသို့ဆီးရီးယားက ပဲ့ထိန်းဒုံးကျည်များ အသုံးပြုနေခြင်းကြောင့် နေတိုးအဖွဲ့က ၎င်းတို့၏ မဟာမိတ် တူရကီနိုင်ငံအား ကာကွယ်ရန် ပက်ထရီရော့ ဒုံးခွင်းဒုံး ကာကွယ်ရေးစနစ်များ ချထားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဒုံးခွင်းဒုံး ပစ်စင် ခြောက်ခုအား ဇန်နဝါရီလကုန်တွင် တူရကီနယ်စပ်၌ချထားမည်ဟု မျှော်လင့်ရသည်။ *—Ref: CNN*



Photo - AFP

# ဘနာဇာဘူတို၏သား ပါကစ္စတန်နိုင်ငံရေးလောကထဲ ဝင်ရောက်

**အစ္စလာမာဘတ်၊ ဒီဇင်ဘာ-၂၉**

လုပ်ကြံခံခဲ့ရသော ပါကစ္စတန်ဝန်ကြီးချုပ် ဘနာဇာဘူတို၏ သား ဘီဝါလယ်ဘူတိုဇာဒါရီသည် မိခင်သေဆုံးပြီး ငါးနှစ်မြောက်နှစ်ပတ်လည်နေ့တွင် နိုင်ငံရေးလောကထဲ စတင်ဝင်ရောက်လာသည်။

လက်ရှိသမ္မတ အဇစ်အလီဇာဒါရီ၏ သားလည်းဖြစ်သူ ဘီဝါလယ်ဘူတို ၂၄ နှစ်သည် နိုင်ငံတောင်ပိုင်းဆင်းဒ်ခရိုလာကာနာဒေသရှိ ၎င်းတို့မိသားစုသုသာန်၌ ၎င်း၏ ပထမဆုံး လူထုမိန့်ခွန်း ပြောကြားခဲ့သည်။

မျှော်လင့်ထားသည့်အတိုင်း ရွေးကောက်ပွဲများကို လာမည့်နွေရာသီတွင်ကျင်းပခဲ့ပါက အောက်စ်ဖို့ဒ်ပညာတတ် ဘူတိုဇာဒါရီမှာ အသက် ငယ်လွန်းနေသေးကြောင်းအေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။ နိုင်ငံရေး ရာထူးရယူရန် အနည်းဆုံး အသက်အရွယ်မှာ ၂၅ နှစ် ဖြစ်သည်။

မိခင်ဖြစ်သူ ဘနာဇာဘူတိုမှာ ဝန်ကြီးချုပ်အဖြစ် နှစ်ကြိမ်ရွေးကောက် တင်မြှောက်ခံခဲ့ရပြီး ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်တွင် ပါကစ္စတန် စစ်ဘက်ဌာနချုပ်ရုံးဆိုက်ရာ ရာဝါပင်ဒီမြို့၌ လုပ်ကြံခံခဲ့ရသည်။

ဘူတိုဇာဒါရီ လူထုသို့ မိန့်ခွန်းပြောကြားခြင်းမှာ ၎င်းအား နိုင်ငံရေးလောကနှင့် တရားဝင်မိတ်ဆက်ခြင်းဖြစ်သည်ဟု နိုင်ငံရေးခွဲခြမ်းစိတ်ဖြာ လေ့လာသူ ဟတ်ဆန်အကာရီက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

ဘူတိုဇာဒါရီက ၎င်း၏ မိန့်ခွန်းတွင် ပါကစ္စတန်နိုင်ငံ၏ ပြဿနာများကို အသိအမှတ်ပြုခဲ့ပြီး ၎င်း၏ မိခင်သေဆုံးခဲ့သည့် အကြမ်းဖက်လုပ်ရပ်ကို ရှုတ်ချခဲ့ကာ ယင်းအတွက် မည်သူ့ကိုမျှ ဖမ်းဆီးအပြစ်ပေးခြင်းမရှိသည်ကိုလည်း မေးခွန်းထုတ်ခဲ့ကြောင်း သိရသည်။ *—Al Jazeera / CNN*

# ကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်အား ဆေးရုံတင်ထား

**နယူးယောက်၊ ဒီဇင်ဘာ-၃၁**

ဦးခေါင်းကို ထိခိုက်မိရာမှတစ်ဆင့် သွေးခဲမှုဖြစ်၍ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးအား ဆေးရုံတင်ထားရကြောင်း အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာနက ကြေညာချက်တစ်ရပ်ထုတ် ပြန်သည်။

မစ္စစ်ဟီလာရီကလင်တန်အား နယူးယောက်မြို့ Presbyterian Hospital က သွေးခဲမှုကို သက်သာစေမည့် ဆေးဝါးများဖြင့် ကုသနေသည်ဟု ကန်နိုင်ငံခြားရေးဝန်ကြီးဌာန အကြီးတန်းအကြံပေး မစ္စတာ ဖိလစ်ရိုင်းနက်စ်က ပြောကြားသည်။ သူမအား ဆေးရုံတွင် ၄၈ နာရီကြာ စောင့်ကြည့်ကုသသွားမည်ဟု၎င်းက ဆက်လက်ပြောကြားသည်။

"ဆရာဝန်တွေက သူ့အခြေအနေကို ဆက်ပြီးစောင့်ကြပ်ကြည့်ရှုနေပါတယ်။ အဲဒီလို ကြည့်ရှုတဲ့အထဲမှာ ဦးခေါင်းထိခိုက်မှုကြောင့် တခြားပြဿနာတွေရှိသေးလားဆိုတာတွေလည်း ပါဝင်ပါတယ်။ တခြားကုသမှုပုံစံ လိုအပ်သေးလားဆိုတာကို ဆရာဝန်တွေက ဆုံးဖြတ်သွားပါမယ်" ဟု မစ္စတာဖိလစ်က ပြောသည်။

ယခုလ အစောပိုင်းတွင် ဖြစ်ပေါ်ခဲ့သော ဦးခေါင်းထိခိုက်မှုကို နောက်ဆက်တွဲ ကြည့်ရှုစစ်ဆေးရာမှ သွေးခဲမှု ဖြစ်ပေါ်နေသည်ကို ဆရာဝန်များက တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက စီအင်န်အင်န်အား ပြောကြားသည်။

ယခုနှစ်အတွင်း နိုင်ငံခြားရေးဝန်ကြီးရာထူးမှ ဆင်းပေးမည့် မစ္စစ်ဟီလာရီကလင်တန် (၆၅နှစ်) သည် ဝမ်းဗိုက်ဗိုင်းရပ်စ် တစ်မျိုးကြောင့်ရေဓာတ်ခန်းခြောက်မှုဖြစ်ပေါ်ပြီး မူးလဲရာမှ ဦးခေါင်းတွင် ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။ *—Ref: BBC*

# နယူးဒေလီတွင် အုပ်စုလိုက် အဓမ္မပြုကျင့်ခံရသူမိန်းကလေး စျာပနကျင်းပ

**နယူးဒေလီ၊ ဒီဇင်ဘာ-၃၀**

အိန္ဒိယနိုင်ငံ မြို့တော် နယူးဒေလီတွင် ဘတ်စ်ကားတစ်စီးပေါ်၌ အုပ်စုလိုက် အဓမ္မပြုကျင့်ခံခဲ့ရသော အမျိုးသမီးငယ်လေး၏ စျာပနကို ကျင်းပခဲ့သည်။

အမျိုးသမီးငယ်၏ ရုပ်အလောင်းအား စင်ကာပူနိုင်ငံမှနေ၍ အစိုးရစီစဉ်သော အထူးလေယာဉ်ဖြင့် ပြန်လည်သယ်ဆောင်လာပြီး နာရီအနည်းငယ်အကြာမှာပင် စျာပနကိုကျင်းပခဲ့ခြင်းဖြစ်သည်။

ပြင်းထန်သော ဒဏ်ရာများကို ကုသရန် အသက် ၂၃ နှစ်အရွယ် ဆေးပညာကျောင်းသူအား စင်ကာပူနိုင်ငံသို့ ပို့ဆောင်ခဲ့သော်လည်း စင်ကာပူနိုင်ငံ မောင့်အယ်လိဇဘက်ဆေးရုံတွင် ၂ ရက်တာ ဆေးကုသခံယူပြီးနောက် ဒီဇင်ဘာ ၂၉ ရက်တွင် သေဆုံးသွားခဲ့သည်။

ယင်းနေ့မှာပင် အမျိုးသမီးများအတွက် ပိုမိုအကာအကွယ်ပေးရန် တောင်းဆိုရေး လူထောင်ပေါင်းများစွာ အိန္ဒိယနိုင်ငံ တစ်ဝန်း ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့ကြသည်။

အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းသည်လည်း အမျိုးသမီးငယ်ရုပ်အလောင်းအား သယ်ဆောင်လာသော လေယာဉ်ရောက်ရှိလာချိန်တွင် လေဆိပ်တွင် ရောက်ရှိနေခဲ့ကြောင်း အေအက်ဖ်ပီ သတင်းတွင် ဖော်ပြသည်။

အမျိုးသမီးငယ်၏ မိဘများနှင့် ရွှေရောင်အခေါင်းတစ်ခု သယ်ဆောင်သွားသော ယာဉ်တန်းအား သူမနေထိုင်ရာ ဂျာနက်ပူရီအရပ်သို့ သယ်ဆောင်သွားခဲ့ကြောင်း မျက်မြင်သက်သေများက ပြောကြားသည်။

စျာပနအခမ်းအနားအား လုံခြုံရေးတင်းကျပ်စွာချ၍ ကျင်းပခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာ ၁၆ တွင် ဖြစ်ပွားသော အဓမ္မမှုအတွက် အမျိုးသားခြောက်ဦးအား ဖမ်းဆီးထားပြီး လူသတ်မှုဖြင့် တရားစွဲဆိုထားသည်။ ပြစ်မှုထင်ရှားကြောင်းတွေ့ရှိပါက သေဒဏ်ကျခံရမည်ဖြစ်သည်။ *—Ref:BBC*

7 DAY NEWS JOURNAL

# International

Vol.11, No.43 • JANUARY 3 , 2013



ဂျာမနီနိုင်ငံ ဆီဗက်စ်ဒေါဖ်ဒေသတွင် လူလေးဦးက ညနေခင်းကောင်းကင်အား နောက်ခံထား၍ ၂၀၁၃ ကို မီးရှူးမီးပန်းများဖြင့် ပုံဖော်နေစဉ်
Photo - AFP

## ပါကစ္စတန်နိုင်ငံတွင် ဘုရားဖူးများ သေဆုံးခြင်းနှင့် ရဲ ၂၁ ဦး သတ်ဖြတ်ခံရခြင်းအတွက် ဘန်ကီမွန်း ပြင်းထန်စွာရှုတ်ချ

**နယူးယောက်၊ ဒီဇင်ဘာ-၃၁**

ကုလအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပါကစ္စတန်နိုင်ငံတွင် မကြာသေးမီက ဖြစ်ပေါ်ခဲ့သော ကားဗုံးပေါက်ကွဲမှုများကြောင့် ရှီးဟိုက်ဘုရားဖူး ၁၉ ဦး သေဆုံးခဲ့မှုနှင့် ပြန်ပေးဆွဲခံရသော ရဲတပ်သား ၂၁ ဦး သေဆုံးရမှုတို့အတွက် အကြမ်းဖက်မှု ကျူးလွန်သူများကို ပြင်းထန်စွာ ရှုတ်ချလိုက်သည်။

အထွေထွေအတွင်းရေးမှူးချုပ်၏ ပြောခွင့်ရပုဂ္ဂိုလ်က ထုတ်ပြန်သော ကြေညာချက်တွင်



Photo - AFP

*ဒီဇင်ဘာ ၃၀ ရက်က ပါကစ္စတန်နိုင်ငံ ကွတ်တာနယ်တောင်ဘက် ကီလိုမီတာ ၃၀ အကွာ မတ်စတန်အရပ်၌ ရှီးဟိုက်မွတ်ဆလင်ဘုရားဖူးများအား ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် သေဆုံး၊ ဒဏ်ရာရသူများကို စေတနာ့ဝန်ထမ်းကယ်ဆယ်ရေးသမားများက ရှာဖွေနေစဉ်*

"ဘာသာရေးအရ လူနည်းစုဖြစ်သော ပုဂ္ဂိုလ်များအား ပစ်မှတ်ထား အကြမ်းဖက်မှုကို ရှုတ်ချကြောင်း၊ ထို့ပြင် အစိုးရကျောထောက်နောက်ခံပြုထားသည့် လူမျိုးစုရဲတပ်ဖွဲ့ဝင် ၂၁ ဦးအား သတ်ဖြတ်မှုကိုလည်း ပြင်းထန်စွာ ရှုတ်ချကြောင်း" ဖော်ပြသည်။

ဘန်ကီမွန်းက ထိုပြစ်မှုကျူးလွန်သူများသည် ဥပဒေရှေ့မှောက်၌ အပြစ်ပေးခံရမည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂသည်လည်း ပါကစ္စတန်အစိုးရ၊ ပြည်သူလူထုနှင့် အတူတကွ အကြမ်းဖက်မှုများကို ရင်ဆိုင်သွားမည်ဖြစ်ကြောင်း ဆိုသည်။

စာမျက်နှာ(၄၅)သို့ »

## ပါလက်စတိုင်းနှင့် ငြိမ်းချမ်းရေးကိစ္စ ပြီးပြတ်အောင်လုပ်ဆောင်ရန် အစ္စရေးသမ္မတ တိုက်တွန်း



**ဂျေရုဆလင်၊ ဒီဇင်ဘာ-၃၁**

အစ္စရေးအနေဖြင့် ပါလက်စတိုင်းတို့နှင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ပြန်လည်စတင်ရန် အစ္စရေးသမ္မတ ရှီမွန်ပီရက်စ်က တိုက်တွန်းလိုက်သည်။ ပါလက်စတိုင်းသမ္မတမာမွတ်အဘတ်စ်မှာလည်း ငြိမ်းချမ်းရေးအတွက် စိတ်အားထက်သန်နေပြီး ၎င်းနှင့်သဘောတူညီမှုတစ်ရပ် ရရှိနိုင်သည်ဟု မစ္စတာရှီမွန်ပီရက်စ်က ပြောသည်။

အစ္စရေး သံတမန်များနှင့် ၎င်း၏ နေအိမ်တွင်တွေ့ဆုံစကားပြောကြားရာ၌ မစ္စတာရှီမွန်ပီရက်စ်က ဒေသတွင်း ဖြစ်ပေါ်နေသည့် အစိုးမရသော အခြေအနေကို အပြုသဘောသက်ရောက်မှုရှိစေရန်မှာ ပါလက်စတိုင်းနှင့် အပြီးသတ်ငြိမ်းချမ်းရေး သဘောတူညီမှု ရရှိအောင် လုပ်ခြင်းဖြစ်သည်ဟု ပြောကြားသည်။

စာမျက်နှာ(၄၅)သို့ »

## အရှေ့တီမောတွင် ၁၃ နှစ်ကြာ တပ်စွဲထားသော ကုလငြိမ်းချမ်းရေးတပ်ဖွဲ့များ စတင်ရုပ်သိမ်း

**ဒီလီ(အရှေ့တီမော)၊ ဒီဇင်ဘာ-၃၁**

ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့များသည် အင်ဒိုနီးရှားမှ ခွဲထွက်လာသော အာရှ၏အသေးငယ်ဆုံးနိုင်ငံ အရှေ့တီမောတွင် ငြိမ်းချမ်းရေးအတွက် တပ်များ ၁၃ နှစ်တိုင် ချထားခဲ့ခြင်းကို ရုပ်သိမ်းပြီး ပြန်လည်ထွက်ခွာတော့မည်ဖြစ်သည်။ စာမျက်နှာ(၄၅)သို့ »

## အမေရိကန်ဘဏ္ဍာရေး ဆွေးနွေးမှုအခြေအနေ အဖြေမထွက်သေး

**ဝါရှင်တန်၊ ဒီဇင်ဘာ-၃၁**

အမေရိကန်နှင့် ကမ္ဘာ့စီးပွားရေးအား ကပြောင်းကပြန် ဖြစ်စေနိုင်သော ဘဏ္ဍာရေးအစွန်းထွက်မှုကို ရှောင်လွှဲနိုင်ရန် ရုန်းကန်နေရသည့် အမေရိကန်နိုင်ငံရေး ခေါင်းဆောင်များကြားတွင် နှစ်ရက်ကြာ နောက်ဆုံးမိနစ် ဆွေးနွေးပွဲများ ပြုလုပ်ခဲ့သော်လည်း မည်သည့် သဘောတူညီချက်မျှ ထွက်ပေါ်မလာခဲ့ကြောင်း သိရသည်။

စာမျက်နှာ(၄၅)သို့ »

### INTERVIEW



၂၀၁၂ တစ်နှစ်တာ ပုဂ္ဂိုလ်ဆုရ အမေရိကန်သမ္မတအိုဘားမားနှင့် တွေ့ဆုံခြင်း

စာမျက်နှာ(၄၆)သို့ »

### NEWS ANALYSIS



ကျောင်းသူများနှင့် ကမ္ဘာ

စာမျက်နှာ(၃၆)သို့ »

ဂု ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL အချပ်ပို
Vol.11, No.43 • JANUARY 3 , 2013

# လာဘ်ပေးလာဘ်ယူမှုနှင့်ပတ်သက်၍ တရားသူကြီးတစ်ဦးက တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီသို့ ပထမဆုံးအကြိမ် တိုင်ကြား

**အေးသူစံ**

**ရန်ကုန်၊ ဒီဇင်ဘာ ၂၇**

မြို့နယ်တရားသူကြီးတစ်ဦးကိုယ်တိုင်က တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီထံသို့လာဘ်ပေးလာဘ်ယူမှုနှင့်ပတ်သက်၍ တိုင်ကြားလာကြောင်း တရားဥပဒေ စိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီအဖွဲ့ဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က ပြောသည်။

“တရားသူကြီးကိုယ်တိုင်က (အခြားတရားသူကြီး)တရားသူကြီး လာဘ်စားပါတယ်လို့စာဖြင့်ရေးနှုတ်ဖြင့်ပါ လာရောက်တိုင်ကြားထားတာရှိပါတယ်။ ဒီစာကို အထူးသီးသန့်အနေနဲ့ သိမ်းဆည်းထားပါတယ်” ဟု ၎င်းက ပြောသည်။


တိုင်စာပါဖြစ်စဉ်များ အနက် အကြောင်းအရာတစ်ခုမှာ တရားခွင်တစ်ခုတွင် တရားသူကြီးတစ်ဦးက ၎င်းဒေသရှိလွှတ်တော်ကိုယ်စားလှယ်နှင့်ပေါင်း၍ လာဘ်စားမှုများ ဖြစ်ပေါ်နေသည်၊ တိုင်ကြားသူ တရားသူကြီးက လာဘ်စားခြင်းအပေါ် အလိုမတူမှုကြောင့် ၎င်းကို ဖိနှိပ်ကိုင်တွယ်လာခြင်းအပေါ် တိုင်ကြားလာခြင်းဖြစ်သည်ဟု ဆိုသည်။ ယခင်က တရားဥပဒေ စိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီထံ တရားရေးဘက်မှ ဝန်ထမ်းများ တိုင်ကြားမှု မရှိသလောက် နည်းပါးခဲ့ပြီး ယခုတရားသူကြီး တစ်ဦး၏ တိုင်ကြားမှုမှာ ပထမဆုံးဖြစ်ကြောင်း၊ တိုင်ကြားသူမှာ လက်ရှိရာထူးနှင့်တာဝန် ရယူထားခြင်းကြောင့် ၎င်း၏ အလုပ်အကိုင်ကို ထိခိုက်မည်စိုး၍ အထူးသီးသန့်အနေဖြင့် ယင်းအမှုကို ကိုင်တွယ်သွားမည်ဖြစ်ကြောင်း ဦးသိန်းညွန့်က ပြောသည်။

ဝေဖန်မှုများ ခံယူနေရဆဲဖြစ်သော မြန်မာနိုင်ငံ၏ တရားစီရင်ရေးတည့်မတ်ရန်မှာ အချိန်ယူရမည်ဖြစ်ပြီး အမှန်အတိုင်း ပြုမူဆောင်ရွက်ရန်မှာ အောက်ခြေကအစ လိုက်ပါပြောင်းလဲရန်လိုကြောင်း ဦးသိန်းညွန့်က ပြောသည်။ “မန္တလေးမှာ သတင်းထုတ်ပြန်ခဲ့တဲ့ တရားသူကြီးတွေ အရေးယူမှုမှာ ကော်မတီက သွားရောက်မစစ်ဆေးခင်ဖြစ်တယ်။ ဒါကိုပဲ ဌာနဆိုင်ရာ အရေးယူမှုအဖြစ် သတင်းထုတ်ပြန်မှုကိုကြည့်ပြီး ပြုပြင်ပြောင်းလဲရေး အမှန်တကယ်စတင်နေပြီလို့ပြောရင်တော့မှားမယ်။ ဒါက ကော်မတီက စစ်ဆေးတွေ့ရှိမှုမှမပါတာ”ဟု၎င်းကပြောကြားသည်။

# ကွန်တိန်နာ ငှားရမ်းခများ ဈေးတက်

**ပြည်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊ ဒီဇင်ဘာ-၃၁**



ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)

ပင်လယ်ရေကြောင်းမှ ကုန်ပစ္စည်းများ တင်သွင်းရာတွင် ကွန်တိန်နာ ငှားရမ်းမှုများ ယခုနှစ်ကုန်ပိုင်းတွင် ဈေးနှုန်းမြင့်တက်လာကြောင်း ပြည်တွင်းမှ ကွန်တိန်နာ ငှားရမ်းသူများက ပြောသည်။

ပြည်တွင်းမှ စိုက်ပျိုးရေးထွက်ကုန်များဖြစ်သည့်ဆန်၊ ပဲမျိုးစုံ ပြည်ပတင်ပို့မှုမှာ လျော့နည်းနေပြီး အပြန်လမ်းခရီးတွင် ကွန်တိန်နာလွတ်ဖြစ်နေသည့်အတွက် သွင်းကုန်အပေါ်မှာ ငှားရမ်းခမြှင့်တင်ရခြင်းဖြစ်ကြောင်း အထက်ပါလုပ်ငန်းရှင်များက ဆိုသည်။

“ဒါကတော့ ထုံးစံပဲ။ တစ်ဖက်က မကောင်းရင် တစ်ဖက်က ဈေးပိုယူတာပဲ” ဟု မြန်မာနိုင်ငံဆန်စပါးလုပ်ငန်း အသင်းချုပ်မှ ဗဟိုအလုပ်အမှုဆောင် ဦးမျိုးသူရအေးက ဆိုသည်။

လက်ရှိ ပြည်ပမှသွင်းကုန်များအတွက် ကွန်တိန်နာငှားရမ်းခမှာ ၂၀ မှ ၄၀ ရာခိုင်နှုန်းကြား ဈေးမြင့်ကြောင်း၊ ယခင်က ပေ ၂၀ ကွန်တိန်နာတစ်လုံးလျှင် အမေရိကန်ဒေါ်လာ ၈၀၀ မှ ၁,၀၀၀ ဝန်းကျင်ထိ ဈေးမြင့်လာကြောင်း ကျောက်တံတားမြို့နယ်မှ အေးဂျင့်လုပ်ငန်းရှင်တစ်ဦးက ရှင်းပြသည်။

မြန်မာနိုင်ငံ၏ ပင်လယ်ရေကြောင်းမှ အဓိကပို့ကုန်များတွင် စိုက်ပျိုးရေး ထွက်ကုန်များ အများစုဖြစ်ပြီး ပို့ကုန် စုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းခန့်ရှိနေကြောင်း အေးဂျင့်များက ဆိုသည်။

ပြည်ပ ပို့ကုန်များအတွက် ကွန်တိန်နာ ဈေးနှုန်းများမှာ ရန်ကုန်မှဟောင်ကောင်သို့ပေ ၂၀ ကွန်တိန်နာ တစ်လုံးလျှင် အမေရိကန်ဒေါ်လာ ၂၅၀ ဝန်းကျင်သာရှိသည်။ အင်ဒိုနီးရှား၊ မလေးရှားတို့အဓိက အများဆုံးသွားသည့် ကုန်သည်ဖြစ်သည့် ပဲမျိုးစုံမှာ ယခုနှစ်တွင် လွန်စွာနည်းပါးခဲ့သည်။

# တိုက်ပွဲများကြောင့် ကချင်ရိုးရာမနောပွဲ မကျင်းပ

**မြတ်စုမွန်**

**ရန်ကုန်၊ဒီဇင်ဘာ-၂၉**

ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသည့် တိုက်ပွဲများကြောင့် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် (၆၅)နှစ်မြောက် ကချင်ရိုးရာမနောပွဲကို ယခုနှစ်တွင်လည်း ကျင်းပနိုင်ဦးမည်မဟုတ်ကြောင်း မနောပွဲဖြစ်မြောက်ရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“မဖြစ်နိုင်တော့ပါဘူး။ ဒီပွဲကငြိမ်းချမ်းတဲ့အချိန်မှာ လုပ်ရတဲ့ပွဲပါ။ ဒီလောက်စစ်ဖြစ်နေတဲ့အ ချိန်မှာ လုပ်မယ်ဆိုရင် ဘာအဓိပ္ပာယ်မှ မရှိဘူးလေ။ နှစ်တိုင်းလုပ်နေကျဖြစ်ပြီး အနယ်နယ်၊ အရပ်ရပ်က လူတွေဆုံကြတဲ့ပွဲကို စစ်ကြီးကြောင့်မလုပ်ဖြစ်တာ စိတ်ထဲမကောင်းဘူး”ဟု ကချင်ပြည်နယ် မနောပွဲဖြစ်မြောက်ရေးကော်မတီမှ အကြံပေးပုဂ္ဂိုလ်ဦးဆန်အောင်က ပြောသည်။

မြစ်ကြီးနားမြို့ရှိစီတာပူရပ်မနောကွင်းတွင် ကျင်းပလေ့ရှိသည့် မနောပွဲကို နှစ်စဉ် ဇန်နဝါရီလဆန်း၌ ပြုလုပ်လေ့ရှိပြီး ပြည်တွင်းနှင့် ကမ္ဘာလှည့်ခရီးသည်များ ဆွဲဆောင်သည့်တိုင်းရင်းသားပွဲတော်တစ်ခုဖြစ်သည်။ စစ်ပွဲများကြောင့် ယင်းသို့မကျင်းပဖြစ်သည်မှာ ၂နှစ်ရှိခဲ့ပြီဖြစ်သည်။ ကချင်ရိုးရာအရအရေးကြီးသော မနောပွဲငါးမျိုးရှိပြီး ၎င်းတို့မှာ စစ်အောင်ချိန်တွင် အောင်ပွဲခံသည့်ပဒါန်မနောပွဲ၊ နေဥစ္စာတိုး တက်ချိန်၌ မနာလိုဝန်တိုမှုများမရှိ ပေးဆပ်ရန်အကြွေးများမရှိ၊ ရယူရန်အကြွေးမရှိစုံစမ်းကာ ဆွေသစ်မျိုးသစ် မိတ်သင်္ဂဟဖွဲ့သည့် ဆွတ်မနောပွဲ၊ မကျန်းမာသည့်အခါနှင့် အသက်အရွယ်ကြီးရင့်သည့် အဘိုးအို၊ အဘွားအိုများ သေဆုံးသောအခါ ကျင်းပသည့် ဂျူမနောပွဲ၊ အိမ်သားဖြစ်သူ ညီအစ်ကိုတစ်ဦးဦး နယ်မြေသစ်တည်ထောင်နေထိုင်သော အချိန်တွင်မဒိုင်နတ်ကို ဝေချမ်းပင့်ဆောင်ယူသော အထိမ်းအမှတ်ဖြင့် ကျင်းပသည့် ဂွမ်ရမ်မနောပွဲနှင့် နယ်မြေသစ်တည်ထောင်ပြီး မဒိုင်နတ်အား နေရာပြသော အထိမ်းအမှတ်၊ နယ်မြေသစ်ရှိ မကောင်းဆိုးဝါးများကို နှင်ထုတ်သော အထိမ်းအမှတ်ဖြင့်ပြုလုပ်သည့် ရှဒတ်မနောပွဲတို့ဖြစ်သည်။

# ဖေဖော်ဝါရီ ၂၀ ကို ချင်းအမျိုးသားနေ့ သတ်မှတ်နိုင်ရန် ချင်းအမျိုးသားပါတီ ကြိုးပမ်း

**အောင်နိုင်**

**ရန်ကုန်၊ ဒီဇင်ဘာ ၂၉**

ဖေဖော်ဝါရီလ ၂၀ ရက်ကို ချင်းအမျိုးသားနေ့အဖြစ် တရားဝင်သတ်မှတ်ကျင်းပရန် ပြည်နယ်လွှတ်တော်တွင် သဘောတူညီချက်ရရှိခဲ့သောကြောင့်နိုင်ငံတော်သမ္မတထံတင်ပြထားကြောင်းချင်းအမျိုးသားပါတီ ဥက္ကဋ္ဌ ဦးဇိုဇမ်က ပြောသည်။

“လွှတ်တော်က သဘောတူလို့ သမ္မတကြီးဆီ တင်ပြထားပါတယ်။ သဘောတူမယ်လို့လည်း ယုံကြည်တယ်။ အခမ်းအနားကျင်းပရန် သမ္မတကြီးကို ဟားခါးကို ဖိတ်ဖို့ ရည်မှန်းထားတယ်” ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

လွတ်လပ်ရေးရပြီးအချိန်မှစတင်၍ ယခင်အစိုးရ လက်ထက်များတွင် ဇန်နဝါရီလ ၃ ရက်ကိုသာ ချင်းပြည်နယ်နေ့အဖြစ် သတ်မှတ်ခဲ့သည်။ “ချင်းဝိသေသတိုင်းကနေ ပြည်နယ်အဖြစ် ပြောင်းလဲခဲ့တဲ့ အထိမ်းအမှတ် ချင်းပြည်နယ်နေ့လို့ပဲ အရင်က သတ်မှတ်ခဲ့တယ်” ဟု အရှိချင်းအမျိုးသားပါတီ အထွေထွေအတွင်းရေးမှူး ဆလိုင်းအောင်မင်းလှိုင်က ပြောသည်။

ယခင်က ချင်းအမျိုးသားနေ့ဟူသော အသုံးအနှုန်းကို ခွင့်မပြုခဲ့သော်လည်း ချင်းပြည်သူများကမူ ဖေဖော်ဝါရီ ၂၀ ရက်ကိုသာ အမျိုးသားနေ့အဖြစ် သတ်မှတ်ရန်ခေတ်အဆက်ဆက်တောင်းဆိုလာခဲ့သည်ဟု ဆိုသည်။

အဆိုပါ နေ့သည် ချင်းပြည်နယ်တွင် ပဒေသရာဇ်စနစ်မှ အများပြည်သူက ရွေးချယ်သောသူကြီးများ အုပ်ချုပ်မှုစနစ်ကို ချင်းအမျိုးသားနေ့အဖြစ် သတ်မှတ်ရန် လိုလားကြခြင်း ဖြစ်သည်။

“ချင်းလူထုကြားမှာ ဒီမိုကရေစီကို စကျင့်သုံးတဲ့ နေ့ရက်ဖြစ်တယ်။ ဒါကြောင့် အမျိုးသားရေး၊ နိုင်ငံရေးအရ ပိုပြီး အနှစ်သာရရှိတယ်”ဟု ဆလိုင်းအောင်မင်းလှိုင်က ပြောသည်။ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်သည်(၆၅) နှစ်မြောက် ချင်းအမျိုးသားနေ့ဖြစ်ကြောင်း သိရသည်။

# စေတီပုထိုးနှင့် သာသနိက အဆောက်အအုံ ၃၃၀ ကျော် ပြန်လည်တည်ဆောက်ရန် ကျပ်သိန်း ၁၅,၀၀၀ ခန့် လိုအပ်

**ရဲနောင်**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၈**

အင်အား ၆ ဒသမ ၈ ရစ်ချ်တာစကေးရှိသော သပိတ်ကျင်းငလျင်ကြောင့် ပျက်စီးသွားသည့် မန္တလေးတိုင်းဒေသကြီးမှ စေတီပုထိုးနှင့် သာသနိကအဆောက်အအုံ ၃၃၀ ကျော် ပြန်လည်တည်ဆောက်ပြုပြင်သွားမည်ဟု သာသနာရေးဦးစီးဌာနက ဒီဇင်ဘာ ၂၇ ရက်တွင် ထုတ်ပြန်သည်။

စက်တင်ဘာလအတွင်းလှုပ်ခတ်ခဲ့သော သပိတ်ကျင်း ငလျင်ကြောင့် မန္တလေးတိုင်းအတွင်းရှိ စေတီပုထိုးပေါင်း ၃၁၅ ဆူနှင့် သာသနိကအဆောက်အအုံ ၁၉ ခု ပျက်စီးခဲ့ပြီး ပြန်လည်ပြုပြင်ရန် အလှူငွေကျပ်သိန်းပေါင်း ၁၅,၀၀၀ လိုအပ်နေသည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင်လည်း စေတီပုထိုး ၇၆ ဆူနှင့် သာသနိကအဆောက်အအုံ ၃၂ ခုပျက်စီးခဲ့သည်။

“ကျွန်တော်တို့ ရန်ကုန်၊ နေပြည်တော်၊ မန္တလေးဆိုပြီး သုံးပိုင်းခွဲလုပ်ဆောင်နေပါတယ်။ အခုတော့ အလှူငွေတွေလက်မခံသေးပါဘူး။ ဘယ်ဘုရားကို လှူချင်တယ်ဆိုပြီး စာရင်းပေးထားတာတွေတော့ရှိပါတယ်” ဟု မန္တလေးတိုင်းဒေသကြီး သာသနာရေးမှူး ဦးဇော်မင်းက ပြောသည်။

စေတီပုထိုးများ ပြန်လည်ပြုပြင်ရေးနှင့် ပတ်သက်၍ “ဒီဘက်မှာတော့ ဘာသံမှ မကြားသေးဘူး။ အဖွဲ့အစည်းတွေကနေပြီး အလှူခံမဏ္ဍပ် ဖွင့်တာတွေမရှိသေးဘူး” ဟု မန္တလေးမြို့မှ ဆရာတော် ဦးဝီရသူက ပြောသည်။

အချို့ဘုရား၊ စေတီများမှာ အလှူရှင်ရှိပြီးဖြစ်သော်လည်း ယင်းဘုရားကိုပင် ထပ်မံလှူဒါန်းလိုသော အလှူရှင်များ ရှိသောကြောင့် အခြားရွေးချယ်လှူဒါန်းနိုင်မည့် ဘုရားများကို အကြံပြုသည်များ ရှိပြီး ပြုပြင်ပြီးစီးမည့် ကာလကို အတိအကျ မပြောနိုင်သေးကြောင်း တိုင်းဒေသကြီး သာသနာရေးမှူးက ဆိုသည်။

“ရှေးဟောင်းလက်ရာအားဖြင့်လည်း အရေးကြီးတယ်။ တကယ်ပဲ ရှေးကျတဲ့ဘုရားတွေဆိုရင်တော့ မူရင်းအတိုင်းပြင်ဖို့ လိုတယ်။ ဒေသဆိုင်ရာ ရှေးဟောင်းသုတေသနပညာရှင်တွေနဲ့ ပူးပေါင်းပြီး လုပ်စေချင်တယ်” ဟု သမိုင်းပညာရှင် ဒေါက်တာ တိုးလှက စေတီပုထိုးများ ပြုပြင်ရေးနှင့်စပ်လျဉ်း၍ အကြံပြုသည်။ ငလျင် အတွေ့အကြုံများအရ ငလျင်လှုပ်လျှင် စေတီပုထိုးများစွာ ပြိုပျက်လေ့ရှိပြီး အနာဂတ်တွင် စေတီပုထိုးများ ငလျင်ဒဏ်ခံနိုင်ရန် သမားရိုးကျ စေတီများတည်ရာ၌ ငှက်ပျောဖူး အလယ်မှ သံတိုင်ကိုတစ်တိုင်သာ ထားခြင်း ထက်များများထည့်၍ ငှက်ပျောဖူးအောက် တစ်လက်မခွဲမှ အာစီထည့်ကာ ကွန်ကရစ်လောင်းလျှင် ငလျင်ဒဏ်ကို ပိုမိုခံနိုင်သည်ဟု ဘူမိဗေဒပညာရှင် ဦးအေးကိုက အကြံပြုသည်။

# ရပ် / ကျေးအုပ်ချုပ်ရေးမှူး ရွေးချယ်ပွဲ ဒေသအများစု၌ အငြင်းပွား

**သတင်းအဖွဲ့**

**ရန်ကုန်၊ ဒီဇင်ဘာ - ၃၁**

ယခုနှစ်ဆန်းပိုင်းတွင် စတင်တာဝန်ထမ်းဆောင်ရမည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ရွေးချယ်ခန့်ထားရာတွင် ဒေသအများစု၌ အငြင်းပွားမှုများ ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

7 Day News ဂျာနယ်မှ မြို့နယ် ၃၀ကျော်သို့ ဆက်သွယ်မေးမြန်းခဲ့ရာ ဒေသအများစုတွင် အငြင်းပွားမှုများ ကြုံတွေ့ခဲ့သည်ဟု သတင်းရရှိသည်။ သို့သော် ရပ်ကွက်အချို့တွင်မူ ပြဿနာတစ်စုံတစ်ရာမရှိဘဲ ငြိမ်းချမ်းစွာ ပြီးဆုံးသွားသည်။

ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ရွေးချယ်ရာတွင်ကြီးကြပ်ရေးအဖွဲ့အား စနစ်တကျ ရွေးချယ်မှုမရှိခြင်း၊ အုပ်ချုပ်ရေးမှူးများ ရွေးချယ်ရာတွင် သတင်းထုတ်ပြန်မှု အားနည်းခြင်း၊ တာဝန်ရှိသူအချို့က ရွေးချယ်ရေးလုပ်ငန်းစဉ်အဆင့်ဆင့်ကို တိကျစွာ နားလည်မှု မရှိခြင်း၊ သတ်မှတ်ချက်(၁၁)ချက်နှင့် ညီ၊မညီသုံးသပ်ရာ အမြင်များမတူညီခြင်း၊ယခင်အုပ်ချုပ်ရေးမှူးဟောင်းများကိုသာ ပြန်လည်ခန့်အပ်ထားခြင်းတို့ကြောင့် အငြင်းပွားမှုပြဿနာများဖြစ်ရကြောင်း ဒေသပေါင်းစုံမှ အထက်ပါပုဂ္ဂိုလ်တို့က ပြောသည်။

"အိမ်ခြေတစ်ထောင့်နှစ်ရာရှိတဲ့ ရပ်ကွက်မှာ အိမ်ခြေခုနစ်ဆယ်လောက်ပဲဖိတ်ပြီး ရပ်မိရပ်ဖ ရွေးထားတာ။ ရပ်ကွက်ထဲကလူတော်တော်များများ မသိလိုက်ကြဘူး" ဟု ဒီဇင်ဘာ ၂၄ ရက်တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူး ရွေးပွဲပျက်သွားခဲ့သည့် ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်ရပ်ကွက်မှ အမျိုးသမီး တစ်ဦးက ပြောသည်။

"ရပ်မိရပ်ဖ ငါးဦးထဲက ပုဂ္ဂိုလ်တစ်ယောက်က ရပ်ကွက်အုပ်ချုပ်ရေးမှူးဖြစ်ချင်သူတွေ သူနဲ့ လာတွေ့ဖို့ မိုက်နဲ့ ကြေညာပါတယ်။ ဆန္ဒမဲပေးတဲ့နေ့မှာလည်း နံနက် ၁၁ နာရီလို့ကြေညာထားပြီး နံနက် ၈ နာရီမှာ စခဲ့လို့ ရွာထဲက တော်တော်များများ မဲပေးခွင့် မရခဲ့ကြပါဘူး" ဟု ဟင်္သာတမြို့နယ် လက်ပံလှကျေးရွာမှ ကျောင်းဆရာ ကိုစိုးသက်ခိုင်က ပြောသည်

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာတွင်လည်း မြို့နယ်မှ ရွေးချယ်လိုက်သောကြီးကြပ်ရေးအဖွဲ့ကို ကျေးရွာသားများက ကန့်ကွက်ခဲ့သော်လည်း လက်ရှိရပ်ကွက်အုပ်ချုပ်ရေးမှူးက အိမ်ထောင်စုအချို့အားမိသားစုဝင် သုံးယောက်စီ မဲထည့်ခိုင်း၍ ဆန္ဒမဲအတည်ပြုသွားသောကြောင့် ဒေသခံများ စုပေါင်းလက်မှတ်ထိုး၍ နိုင်ငံတော်သမ္မတထံ ကန့်ကွက်စာတင်ထားကြောင်းယင်းကျေးရွာတွင်နေထိုင်သူတစ်ဦးကပြောကြားသည်။

ထိုသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ရွေးချယ်ရာတွင် ပြဿနာများဖြစ်ပွားခဲ့သည့်အတွက် လက်ရှိအချိန်တွင် အငြင်းပွားမှုများ ရှိနေသေးပြီး အချို့နေရာများတွင် အကြိမ်ကြိမ် ပြန်လည်ရွေးချယ်ခဲ့ရကြောင်းလည်း သတင်းရရှိသည်။

မကွေးမြို့နယ် တည်ပင်ကန်ပေါက်ကျေးရွာတွင်လည်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ရွေးချယ်ပွဲတွင် အုပ်ချုပ်ရေးမှူးရုံးသို့ ခဲဖြင့်ပစ်ပေါက်ခြင်းရှိခဲ့သည့်အတွက် (ပ)၄၄/၁၂၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၆/၃၅၃ ဖြင့် အမှုဖွင့်ထားသည်။

"အရင်လူတွေ ပြန်အရွေးခံရတယ်ဆိုတာ သူတို့ရဲ့ လက်ရှိလုပ်ဆောင်မှုကြောင့် ဆန္ဒမဲပေးရွေးချယ်ခံရတာပဲ။ သူတို့ကို မကြိုက်ရင် ဘယ်သူမှ ရွေးချယ်မှာမဟုတ်ဘူး" ဟု ဒလမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက ပြောသည်။

ရွေးချယ်ပြီးသည့် မြို့နယ်များတွင် အများစု၌ ယခင်ရပ်ကွက်အုပ်ချုပ်ရေးမှူးများကိုသာ ပြန်လည် ရွေးချယ်ခံရသည်။ နေရာအချို့၌သာ အမျိုးသမီးအုပ်ချုပ်ရေးမှူးများ ရွေးချယ်ခဲ့ရပြီး ပခုက္ကူမြို့နယ် အမှတ်(၆)ရပ်ကွက်တွင် အသက် ၄၃ နှစ်အရွယ် အမျိုးသမီးတစ်ဦး ရွေးချယ်ခံခဲ့ရသည်။

လက်ရှိအချိန်တွင် သန့်ရှင်းသောအစိုးရ၏ အင်္ဂါရပ်များအရည်အသွေးများ ချို့ယွင်းအားနည်းနေခြင်းကြောင့် မြို့နယ်အဆင့်တွင် ပြည်သူနှင့် ထိတွေ့ဖြေရှင်းနိုင်စွမ်းမရှိသည့်ပြဿနာများ၊ အချို့ဒေသတွင် ရပ်ကွက်ကျေးရွာအဆင့် အုပ်ချုပ်မှုကို ပြည်သူများက လိုလားနှစ်သက်မှု မရှိသည့်အတွက်အောက်ခြေရပ်ကျေးအဆင့်မှ ပြည်ထောင်စုအဆင့်ထိ ပြုပြင်ပြောင်းလဲရန် လိုအပ်သည်ဟု နိုင်ငံတော်သမ္မတဦးသိန်းစိန်က ဒီဇင်ဘာ ၂၆ရက်တွင်ပြောကြားခဲ့သောမိန့်ခွန်း၌ ထည့်သွင်း ပြောကြားသွားသည်။

## ရန်ကုန်နှစ်သစ်ကူးည ယာဉ်တိုက်မှုတစ်ခုဖြစ်

**အေးမြတ်သူ**

ရန်ကုန်၊ဇန်နဝါရီ-၁

နှစ်သစ်ကူးညတွင် ရန်ကုန်မြို့၌ ယာဉ်တိုက်မှုတစ်ခုသာဖြစ်ပွားခဲ့ကြောင်း ရန်ကုန်တိုင်းယာဉ်ထိန်းတပ်ဖွဲ့မှ သတင်းရရှိသည်။ ဒီဇင်ဘာ ၃၁ ည ၈ နာရီတွင် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကွေ့အလွန် ရွှေကောင်းဟော့ပေါ့ဆိုင်အရှေ့လမ်းမပေါ်တွင် ယာဉ်ငါးစီးဆင့်တိုက်ခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာရ၊ သေဆုံးမှုမရှိခဲ့ပေ။

## ပြည်သူများ အရည်အချင်းတိုးတက်ရန် ဒေါ်အောင်ဆန်းစုကြည် နှစ်သစ်ဆုမွန်တောင်း

**ထွန်းနိုင်**

**ရန်ကုန်၊ ဇန်နဝါရီ - ၁**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က နှစ်သစ်တွင် ပြည်သူတို့၏ အရည်အချင်းတိုးတက်နိုင်ပါစေကြောင်း မြန်မာ့ရုပ်မြင်သံကြားမှ ဒီဇင်ဘာလ ၃၁ရက် ည ၁၂နာရီတွင် နှစ်သစ်ဆုတောင်းအစီအစဉ်မှတစ်ဆင့် ပြောကြားသွားသည်။

"နိုင်ငံတစ်နိုင်ငံရဲ့ တကယ့်အနှစ်သာရက နိုင်ငံသူနိုင်ငံသားတွေပါ။ အရည်အချင်းရှိမှ နိုင်ငံလည်းတိုးတက်မယ်။ နိုင်ငံလည်း အဆင့်ရှိမယ်။ ဒါကြောင့်မို့ ကျွန်မတို့ရဲ့ပြည်သူပြည်သားများ တစ်နေ့ထက်တစ်နေ့ ပိုပြီးအရည်အချင်းတွေ တိုးတက်နိုင်ပါစေ။ ကိုယ့်ရဲ့ တာဝန်တွေကို ကျေပွန်စွာနဲ့ ကိုယ်ရသင့်ရထိုက်တဲ့အခွင့်အရေးတွေအတွက် လုပ်ရဲကိုင်ရဲပါစေလို့ ကျွန်မအနေနဲ့ ဆုတောင်းမေတ္တာပို့လိုက်ပါတယ်" ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

## အနာဂတ်စိန်ခေါ်မှုများကို လက်တွေ့ကျ ညှိနှိုင်းအဖြေထုတ်သောနည်းဖြင့် ဖြေရှင်းရမည်ဟု သမ္မတ ပြောကြား

**မိုးညို**

**ရန်ကုန်၊ ဇန်နဝါရီ-၁**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ပထမဆုံး နှစ်သစ်ကူးမိန့်ခွန်းတွင် သမ္မတက အနာဂတ်၌ ကြုံတွေ့ရမည့်စိန်ခေါ်မှုများကိုဖြေရှင်းရာတွင် လက်တွေ့ကျမှုကို အခြေခံ၍ နှစ်ဦးနှစ်ဖက် ညှိနှိုင်းအဖြေထုတ်သော နိုင်ငံရေးဓလေ့ဖြင့် ဝိုင်းဝန်းကြိုးပမ်းရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

"လွတ်လပ်ပွင့်လင်းမှုရှိလာတဲ့ အခြေအနေကို ရင့်ကျက်မှုရှိရှိနဲ့ တုံ့ပြန်နိုင်မှသာ ကျွန်တော်တို့ရဲ့ တူညီတဲ့ ရည်မှန်းချက်ကို အရောက်လှမ်းနိုင်မှာဖြစ်ပါတယ်။ အနာဂတ်မှာ ကြုံတွေ့ရမယ့် စိန်ခေါ်မှုတွေကို ဖြေရှင်းတဲ့နေရာမှာ လက်တွေ့ကျမှုကို အခြေခံပြီး အပြုသဘောဆောင်တဲ့ ရှုမြင်မှုမျိုး နှစ်ဦးနှစ်ဖက် ညှိနှိုင်းအဖြေထုတ်တဲ့ နိုင်ငံရေးဓလေ့မျိုး အစွန်းမရောက်တဲ့ အမြင်မျိုး ဖြစ်စေရန် ဝိုင်းဝန်းကြိုးပမ်းကြရမှာ ဖြစ်ပါတယ်"ဟု သမ္မတက ဇန်နဝါရီ ၁ ရက် နံနက် ၇ နာရီတွင် မြန်မာ့အသံနှင့် အက်ဖ်အမ်ရေဒီယို အစီအစဉ်များမှတစ်ဆင့် ပြောသော မိန့်ခွန်း၌ ထည့်သွင်းပြောကြားခဲ့သည်။

သမ္မတသည် ယင်းရေဒီယိုမိန့်ခွန်းတွင် အစိုးရနှင့် ပြည်သူအကြား အပြန်အလှန် ယုံကြည်မှုကို ပြန်လည်တည်ဆောက်သွားရေးသည် မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းရေး အောင်မြင်ဖို့အတွက် အရေးကြီးဆုံး လိုအပ်ချက်တစ်ခုဖြစ်ကြောင်း ထည့်သွင်း ပြောကြားသွားခဲ့သည်။

ပြည်သူများ၏ လိုအပ်ချက်များနှင့် အစိုးရယန္တရား၏ ဖြည့်ဆည်းနိုင်စွမ်းအကြားတွင် ရှိသော ကွာဟမှုကို ပြည်သူများနှင့် အစိုးရတို့ အထူးသတိပြုရမည့် ကိစ္စရပ်ဖြစ်ကြောင်း သမ္မတကဆိုသည်။

"ပြည်သူတွေအနေနဲ့ အကောင်းဆုံးမျှော်လင့်တာ သဘာဝကျတဲ့ကိစ္စ ဖြစ်ပါတယ်။ မျှော်လင့်ချက်တွေအတွက် ဆန္ဒထုတ်ဖော် တောင်းဆိုပိုင်ခွင့်လည်း ရှိကြပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့လူ့အဖွဲ့အစည်း တစ်ရပ်လုံးအတွက် အရေးကြီးဆုံးကတော့ အခုလက်ရှိ ဖော်ဆောင်နေတဲ့ ပြုပြင်ပြောင်းလဲမှုများကတစ်ဆင့် သေချာရေရာတဲ့ အနာဂတ်ဖြစ်အောင် တည်ဆောက်ရေးပဲ ဖြစ်ပါတယ်" ဟု သမ္မတဦးသိန်းစိန်ကဆိုသည်။

လွတ်လပ်ပွင့်လင်းမှုရှိလာတဲ့ အခြေအနေကို ရင့်ကျက်မှုရှိရှိနဲ့ တုံ့ပြန်နိုင်မှသာ တူညီသည့် ရည်မှန်းချက်ကို အရောက်လှမ်းနိုင်မှာဖြစ်ကြောင်း ၎င်းမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

## မျက်နှာဖုံး-နေရာဒေသအလိုက် ဆေးတက္ကသိုလ် ဝင်ခွင့်ပြုသောစနစ် ပြောင်းလဲ မှ

မန္တလေးဆေးတက္ကသိုလ်တွင် မန္တလေးတိုင်းဒေသကြီးမှ ကျောင်းသား၊ ကျောင်းသူများနှင့် မကွေးဆေးတက္ကသိုလ်တွင် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးများမှကျောင်းသား၊ကျောင်းသူများအား ကျောင်းဝင်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

ယခုပညာသင်နှစ်တွင် ရန်ကုန်ဆေးတက္ကသိုလ်(၁၊(၂)တို့နှင့် မန္တလေးဆေးတက္ကသိုလ်တို့၌ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကျောင်းဝင်ခွင့်ပြုခဲ့ကြောင်း သိရသည်။

"ဒီနှစ်ရဲ့ ထူးခြားချက်က ရန်ကုန်ဆေးတက္ကသိုလ်(၁)နဲ့(၂)မှာ ရန်ကုန်တိုင်းဒေသကြီးအပြင် ရန်ကုန်နဲ့နီးတဲ့ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီးက ကျောင်းသားတွေကို ဝင်ခွင့်ပြုလိုက်တယ်။ မန္တလေးဆေးတက္ကသိုလ်ကတော့ မန္တလေးတိုင်းဒေသကြီးအပြင် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) က ကျောင်းသားတွေကိုဝင်ခွင့်ပြုလိုက်တယ်။ ကျန်တိုင်းဒေသကြီးနဲ့ ပြည်နယ်နဲ့ ဝေးလံပြီး လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့ ဒေသတွေက ဆေးတက္ကသိုလ်ဝင်ခွင့်ရကျောင်းသားတွေကို မကွေးဆေးတက္ကသိုလ်ကို ဝင်ခွင့်ပြုတယ်" ဟု ဆေးသိပ္ပံပညာဦးစီးဌာန၊ ဘွဲ့ကြိုဌာနစိတ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုပညာသင်နှစ်တွင် ရန်ကုန်ဆေးတက္ကသိုလ် (၁) တွင် ကျောင်းသား၊ ကျောင်းသူ ၄၃၀ ဦး၊ ရန်ကုန်ဆေးတက္ကသိုလ် (၂) တွင် ကျောင်းသား၊ ကျောင်းသူ ၃၆၀ ဦး၊ မန္တလေးဆေးတက္ကသိုလ်တွင် ကျောင်းသား၊ ကျောင်းသူ ၃၇၉ ဦးနှင့် မကွေးဆေးတက္ကသိုလ်တွင် ကျောင်းသား၊ ကျောင်းသူ ၉၉ ဦးတက်ရောက် ပညာသင်ယူခွင့်ရရှိခဲ့သည်။

ဆေးတက္ကသိုလ်ဝင်ခွင့် အမှတ်သတ်မှတ်ချက်မှာ ဆေးတက္ကသိုလ်လေးခုလုံးအတွက် တစ်ပြေးညီ သတ်မှတ်ထားခြင်းဖြစ်ပြီး ယခင်နှစ် တက္ကသိုလ်ဝင်တန်းရမှတ်များထက် သိသိသာသာမြင့်တက်သွားခဲ့ကာ ကျား-၄၉၀ ဦးနှင့် မ-၅၀၈ မှတ်ထိ ရောက်ရှိခဲ့သည်။

7 ရ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL

**ကိုယ့်ဒေသမှာပင် သတင်းထောက်လုပ်လိုသူများအတွက် အထူးအခွင့်အလမ်း**

**ကိုယ့်မွေးရပ်မြေတွင်နေထိုင်၍ သတင်းထောက်အဖြစ် အသက်မွေးဝမ်းကျောင်းပြုလိုသူများကို 7Day News က အလိုရှိသည်။ ထားဝယ်၊ မြိတ်၊ မိတ္ထီလာ၊ တောင်ကြီး၊ မူဆယ်၊ လားရှိုး၊ တာချီလိတ်၊ မြစ်ကြီးနား၊ မကွေး၊ ကလေး၊ မော်လမြိုင်၊ ဟားခါး၊ ဘားအံ၊ ပုသိမ်၊ လပွတ္တာမြို့များမှ သတင်းထောက်အလုပ်ကို အမှန်တကယ် စိတ်ဝင်စားသူ၊ အနိမ့်ဆုံး တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသူ၊ အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်း (အထက်ပါမြို့များတွင် နေထိုင်သူ)ရှိသူများ လျှောက်ထားနိုင်သည်။ လိုအပ်လျှင် ခရီးထွက်နိုင်ရမည်ဖြစ်သည်။ သတင်းစာပညာသင်ကြားပေးမည်ဖြစ်၍ သတင်းထောက်အဖြစ် မလုပ်ကိုင်ဖူးသူများ ဦးစားပေးမည်။**

**7 Day News ဂျာနယ်တွင် တာဝန်ထမ်းဆောင်ရန် အခွင့်အရေး**

၁။ **စာပြင် (Proof Reader)** (၃) ဦး (ကျား/မ)
စာပြင်အတွေ့အကြုံရှိသူ ဦးစားပေးမည်။ မြန်မာစာဘာသာရပ်ဖြင့် ဘွဲ့ရပြီးသူ (သို့မဟုတ်) မြန်မာစာ သဒ္ဒါကျွမ်းကျင်သူ၊ အထွေထွေဗဟုသုတကြွယ်ဝသူ ဦးစားပေးမည်။ နေ့၊ ည မရွေး တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။ (လုပ်ငန်းအတွေ့အကြုံမရှိသူများလည်း လျှောက်ထားနိုင်သည်။)

၂။ **Layout Designer** (၅) ဦး (ကျား/မ)
Adobe Indesign (Expert), Adobe Photoshop (Essential), Adobe Acrobat(Essential), Adobe Illustrator(Essential), Newspaper Layout Design ကို ကောင်းမွန်စွာ နားလည်တတ်ကျွမ်းရမည်ဖြစ်ပြီး ဒီဇိုင်းအမြင်ရှိရမည်။

၃။ **Admin Staff** (၁) ဦး (မ)
တက္ကသိုလ်မှ ဘွဲ့တစ်ခုခု ရရှိပြီးသူဖြစ်ရမည်။ ရုပ်ရည်ပြေပြစ်ပြီး ဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။

၄။ **စာစီစာရိုက်ကျွမ်းကျင်** (၅) ဦး (ကျား)
Adobe Indesign ကျွမ်းကျင်ရမည်။ တက္ကသိုလ်မှ ဘွဲ့တစ်ခုခု ရရှိပြီးသူဖြစ်ရမည်။ နေ့၊ ည မရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။

**မှတ်ချက်** ✵ ✵ **အမှတ်စဉ် ၂ မှ ၄ အတွင်း လျှောက်ထားသူများသည် အသက် ၃၀ အောက်ဖြစ်ရမည်။**

လျှောက်ထားလိုသူများ ကိုယ်ရေးရာဇဝင်နှင့်ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင် မိတ္တူ၊ ပညာအရည်အချင်း အထောက်အထားမိတ္တူတို့နှင့်အတူ အောက်ပါလိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။
အခန်းအမှတ်(G-12)၊ မြေညီထပ်၊ တိုက်(B)၊ Diamond Center ၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ Ph : 512887, 513515~519

Diamond Centre (G-12) မြေညီထပ်၊ တိုက်(B)၊ အမှတ်(၄၉၇)၊
ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

# သတင်းဂျာနယ်ရှစ်စောင် နေ့စဉ်သတင်းစာထုတ်ရန် ပြင်ဆင်နေ

**ဖိုလ်ဖိုလ်ဝင်း၊အိဖြူလွင်၊သိမ့်သိမ့်စိုး**
**ရန်ကုန်၊**
**ဒီဇင်ဘာ-၃၁**

ပုဂ္ဂလိကသတင်းစာများ ထုတ်ဝေခွင့်ရတော့မည်ဖြစ်၍လက်ရှိထုတ်ဝေနေသော သတင်းဂျာနယ် ရှစ်စောင် သတင်းစာထုတ်ရန် ပြင်ဆင်လျက်ရှိသည်။

သတင်းဂျာနယ်များထဲမှ 7Day News ၊ Eleven Media Group ၊ မြန်မာတိုင်း(မ်)၊ Messenger ၊ Popular News ၊ The Voice၊ ရန်ကုန်တိုင်း(မ်)နှင့် ဒီလိုင်း ဂျာနယ်တို့က နေ့စဉ်သတင်းစာ ပြောင်းလဲထုတ်ဝေရန် ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း အဆိုပါ ဂျာနယ်များ၏ တာဝန်ရှိသူများက ပြောကြားသည်။

သတင်းစာများကို နှစ်သက်ရာဘာသာစကားတစ်မျိုးမျိုးနှင့် ထုတ်ဝေနိုင်သည့်အတွက် မြန်မာတိုင်းမ်ဂျာနယ်အနေဖြင့် အင်္ဂလိပ်ဘာသာကို ဦးစားပေးမည်ဖြစ်ပြီး အင်္ဂလိပ်၊ မြန်မာနှစ် မျိုးလုံးနှင့် ထုတ်ဝေခွင့်ရရှိပါကလည်း ထုတ်ဝေဖြစ်မည်ဟု ထင်ကြောင်း အယ်ဒီတာ(မြန်မာ) ဦးဇော်မြင့်က ပြောကြားသည်။

သတင်းစာထုတ်ဝေခွင့် ရရှိရန်အတွက် ယခင်ကတည်းက မျှော်မှန်း၍ ကြိုတင်ပြင်ဆင်မှုများလည်း ပြုလုပ်ထားသည်ဟု ၎င်းက ဆိုသည်။

"ကျွန်တော်တို့ဂျာနယ်အနေနဲ့က သတင်းစာထွက်ဖို့အတွက်ကို အစောကြီးကတည်းက ကဏ္ဍမျိုးစုံ ပြင်ဆင်ထားတာပါ။ အားလုံးကိုလည်း ကြိုတင်ကြေညာထားပါတယ်။ လူအင်အား၊ စက်အင်အားတွေ ပြင်ဆင်ထားပါတယ်။ ဒါ တင်မကသေးဘူး။ ကျွန်တော်တို့က မာလ်တီမီဒီယာအထိ ထွက်ဖို့ကို ပြင်ဆင်ထားပါတယ်" ဟု Weekly Eleven ဂျာနယ် အယ်ဒီတာချုပ်ဦးဝေဖြိုးကဆိုသည်။

အပတ်စဉ်ဂျာနယ်မှ နေ့စဉ်ထုတ်အဖြစ် ပြောင်းလဲရမည်ဖြစ်၍ လူအင်အားသာမကစက်ပိုင်းဆိုင်ရာနှင့် ဖြန့်ချိရေးပိုင်းဆိုင်ရာပြင်ဆင်မှုများလည်း လိုအပ်ကြောင်း သတင်းဂျာနယ်နှင့် ပုံနှိပ်လုပ်ငန်းရှင်များကပြောသည်။ ပြင်ဆင်မှုများတွင် သတင်းထောက်များကို သတင်းစာပညာနှင့် ပတ်သက်၍ အရည်အသွေးမြင့်လာစေရန် သင်တန်းပေးခြင်းများ ပြုလုပ်ပြီး ပုံနှိပ်စက်နှင့် အယ်ဒီတာအဖွဲ့များလည်း ပို၍ အင်အားကောင်းလာစေရန် ပြင်ဆင်ထားသည်ဟု Messenger News မှ တာဝန်ခံအယ်ဒီတာ ဦးအောင်ပေါ်ထွန်းက ပြောသည်။

သတင်းခန်းအနေဖြင့် ကြိုတင်ပြင်ဆင်မှုများ၊ လေ့ကျင့်မှုများ ပြုလုပ်ထားပြီး နေ့စဉ်ထုတ်အဖြစ် ပြောင်းလဲရန် ရာနှုန်းပြည့်နီးပါး စိတ်ကျေနပ်မှု မရရှိသော်လည်း အားလုံးနီးပါးပြင်ဆင်ထားပြီဖြစ်ကြောင်း ပေါ်ပြူလာသတင်းဂျာနယ် အယ်ဒီတာချုပ် ဦးဖိုးနိုင်လင်းက ပြောသည်။

အခြေအနေကြောင့်သာ နိုင်ငံ၏မူဝါဒအရဂျာနယ်အမည်ခံပြီး ထုတ်နေရသော်လည်း ဂျာနယ်ထုတ်နေရသည်ဟု မယူဆဘဲ သတင်းစာတစ်စောင်ထုတ်နေသည်ဟုသာ ယူဆလုပ်ကိုင်ခဲ့သောကြောင့် သတင်းစာထုတ်ဝေခွင့်ရမည့်နေ့ရက်အမီ ထုတ်ဝေနိုင်ရန် ပြင်ဆင်လျက်ရှိကြောင်း ရန်ကုန်မီဒီယာဂရုပ်၏ ဥက္ကဋ္ဌဦးကိုကိုက ပြောကြားသည်။

ကြုံတွေ့လာနိုင်သည့်အခက်အခဲအချို့နှင့် ပတ်သက်၍ The Voice ဂျာနယ် အယ်ဒီတာချုပ် ဦးကျော်မင်းဆွေက "အစိုးရပိုင်းတွေနဲ့ လုပ်ရတဲ့အလုပ်တွေမှာ မျှတမှုရှိအောင်၊ တိကျခိုင်မာမှုရှိအောင် သတင်းယူရတဲ့အခါမှာ အခက်အခဲတွေ ရှိနိုင်တယ်။ အခုထိကို ဒီအပိုင်းတွေက အဆင်မချောသေးဘူး။ တာဝန်ခံ ဖြေကြားမှုတွေ မရှိသေးဘူး။ ဌာနဆိုင်ရာတွေမှာ တာဝန်ယူမှုတွေ၊ တာဝန်သိတာတွေ မရှိကြသေးတော့ ထပ်ပြီးအခက်အခဲတွေ ဖြစ်နေနိုင်ပါတယ်"ဟု ပြောကြားပါသည်။

"ကျွန်တော် ထင်တာကတော့ အဓိကကျတဲ့ အခက်အခဲက လူသားအရင်းအမြစ်အပိုင်းဖြစ်မလားလို့ တွေးမိတယ်။ အပတ်စဉ်လုပ်တဲ့အနေအထားတောင်တော်တော်လေး ကသီလင်တဖြစ်တဲ့ အနေအထားရှိတယ်။ လူသားအရင်းမြစ် နည်းတဲ့အတွက် အပတ်စဉ်ဂျာနယ်သစ်တွေ ပေါ်လာတဲ့အခါမှာ အသုတ်လိုက်ပြောင်းတာတွေက တွေ့ရတယ်။ အဲဒီတော့ နေ့စဉ်အဖြစ် လုပ်မယ်ဆိုရင် အခုအဓိကကျတဲ့ အပတ်စဉ်ထုတ်ဂျာနယ်ကြီးတွေကတော့ ထုတ်ကြမှာပဲ။ အဲဒီအခါမှာ လူသားအရေအတွက်နဲ့ အရည်အသွေးနဲ့က တော်တော်လေးကို ကွာဟချက်အနေအထားဖြစ်လာမယ်လို့။ ဒါကတစ်ခုပေါ့။ နောက်တစ်ခုကတော့သတင်းခန်းစီမံခန့်ခွဲမှုပိုင်းက နေ့စဉ်သတင်းစာသွားဖို့အတွက် ပုဂ္ဂလိက ဂျာနယ်တွေမှာ သတင်းခန်းစီမံခန့်ခွဲမှုနဲ့ စနစ်ကျနမှု ရှိရဲ့လားဆိုတာ နည်းနည်းသံသယဖြစ်မိတယ်။ အဲဒါက အဓိက အခက်အခဲဖြစ်မလားလို့ ထင်ပါတယ်"ဟု သတင်းစာဆရာ ဦးရဲမိုးကသုံးသပ်ပြောကြားသည်။

ကြုံတွေ့လာနိုင်သည့်အခြားအခက်အခဲများမှာအချိန်မီရိုက်နှိပ်နိုင်မည့် ပုံနှိပ်စက်၊ တစ်နိုင်ငံလုံးသို့ အချိန်မီဖြန့်ချိနိုင်ရန်၊ ဈေးကွက်ရရှိရန်၊ ကြော်ငြာရရှိရန် စသည့် အချက်များ ဖြစ်လာနိုင်ကြောင်း ဂျာနယ်များမှ တာဝန်ရှိသူများက သုံးသပ်ပြောသည်။

Venus News နှင့် True News ဂျာနယ်များအနေဖြင့်မူ နေ့စဉ်သတင်းစာများထုတ်ဝေသွားရန် အစီအစဉ်မရှိကြောင်း သတင်းရရှိသည်။

ဆယ်စုနှစ်လေးခုကျော်ကြာ ထုတ်ဝေခွင့် ပိတ်ထားခဲ့သော ပုဂ္ဂလိကနေ့စဉ်သတင်းစာများကို ၂၀၁၃ ဧပြီ ၁ ရက်မှစ၍ ပြန်လည်ထုတ်ဝေခွင့်ပြုမည်ဖြစ်ပြီး ထုတ်ဝေလိုသူများသည် ဖေဖော်ဝါရီ ၁ ရက်မှစတင်ကာ ပြန်ကြားရေးဝန်ကြီးဌာနသို့ ထုတ်ဝေခွင့်လျှောက်ထားနိုင်ပြီဖြစ်သည်။

# ကချင်ပြည်နယ်ငြိမ်းချမ်းရေးအတွက် နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးအဖြေရှာမှု ဘယ်တော့မှ လက်မလျှော့ဟု ဦးအောင်မင်း ပြောကြား

**အောင်သူရ**
**ရန်ကုန်၊**
**ဇန်နဝါရီ-၁**



ကချင်ပြည်နယ်၌ငြိမ်းချမ်းရေး အမြန်ဆုံးရရှိရန် ရန်ကုန်မြို့တွင် ဇန်နဝါရီ ၁ ရက်က ဆုတောင်းပွဲကျင်းပစဉ်
ဓာတ်ပုံ - ကျော်ဇင်သန်း



*လိုင်ဇာမြို့ ဝမ်ဂျိုင်စစ်ဘေးဒုက္ခသည်စခန်းမှ ဒုက္ခသည် အဘွားအိုတစ်ဦးကို ဒီဇင်ဘာ ၂၄ ရက်က တွေ့ရစဉ်*
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

အစိုးရတပ်မတော်နှင့် ကေအိုင်အေတို့ကြား တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွားနေသော်လည်း ကေအိုင်အို၊ ကေအိုင်အေနှင့်ငြိမ်းချမ်းရေးရရှိရန် နိုင်ငံရေး နည်းလမ်းဖြင့် ဆွေးနွေးအဖြေရှာမှုကို မဖြစ်ဖြစ်အောင် ဆောင်ရွက်မည်ဟု ကတိပေးကြောင်း ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်း ကော်မတီ ဒုဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ဇန်နဝါရီ ၁ ရက်တွင် ပြောကြားလိုက်သည်။

"ကတိပေးတယ်ဗျာ။ ဖြစ်အောင်လုပ်မယ်။ ဘယ်တော့မှ မလျှော့ဘူး။ တပ်အတွက်လည်း မဟုတ်ဘူး။ အစိုးရအတွက်လည်း မဟုတ်ဘူး။ ပြည်သူသန်း ၆၀ အတွက်၊ စစ်ဆိုတာ ကောင်းမှ မကောင်းတာဗျာ" ဟု ဝန်ကြီး ဦးအောင်မင်းက ပြောသည်။

ကေအိုင်အိုအဖွဲ့မှလွဲ၍ ကျန်အပစ်အခတ်ရပ်စဲထားသောတိုင်းရင်းသား အဖွဲ့အစည်းများနှင့် မကြာမီ နိုင်ငံရေးဆွေးနွေးပွဲများ စတင်တော့မည်ဖြစ်ရာ ထိုဆွေးနွေးပွဲများတွင် ကေအိုင်အိုကိုပါ ပါဝင်လာအောင်ဆောင်ရွက်သွားမည်ဟု ဝန်ကြီးဦးအောင်မင်းက ဆိုသည်။

"အပြန်အလှန်တိုက်ရင်းနဲ့ အမှတ်တစ်ခုကို ရောက်တော့မယ်။ အဲဒီအမှတ်က ဒီထက်တက်လာမယ်ဆိုရင် အကြီးအကျယ် ပိုပြီးပြဿနာဖြစ်လာနိုင်တဲ့ အနေအထားရှိတယ်။ လူမျိုးရေးအမြင်မျိုးတွေ ပိုကြီးလာမှာကိုလည်း စိုးရိမ်တယ်"ဟု ပဋိပက္ခရေးရာ ကျွမ်းကျင်သူ၊ ငြိမ်းချမ်းရေးစင်တာမှ အပစ်အခတ်ရပ်စဲရေး ဒါရိုက်တာ ဒေါက်တာမင်းဇော်ဦးကပြောသည်။ ထို့အပြင် ဒေါက်တာမင်းဇော်ဦးက စစ်ပွဲများဖြင့် ငြိမ်းချမ်းရေးရရန် မလုပ်နိုင်ကြောင်း၊ တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်း နည်းဖြင့်သာ ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ကြောင်း ပြောသည်။ လက်ရှိ အခြေအနေတွင် မြန်မာ့တပ်မတော်နှင့် ကေအိုင်အေတို့ကြားစစ်ရှိန်လျှော့ချနိုင်ရန်မှာ တွေ့ဆုံဆွေးနွေးမှုအဆင့်သို့သွားရန် အရေးကြီးသောအဆင့်ဖြစ်ကြောင်း ပြော သည်။

၂၀၁၂ ဒီဇင်ဘာလ နောက်ဆုံးပတ်အတွင်း ကေအိုင်အိုဌာနချုပ်အနီးတွင် တိုက်ပွဲများပြင်းထန်လာခဲ့ပြီး လက်နက်ကြီးများဖြင့် အပြန်အလှန်ပစ်ခတ်ခဲ့ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ကေအိုင်အိုဌာနချုပ် တည်ရှိရာ လိုင်ဇာမြို့ကို မသိမ်းရန် တပ်မတော်ကို မှာကြားထားကြောင်း ဝန်ကြီးဦးအောင်မင်းကဆိုသည်။

သမ္မတ ဦးသိန်းစိန် လက်ထက်တွင် တိုင်းရင်းသားလက်နက်ကိုင် ၁၀ ဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူနိုင်ခဲ့သော်လည်း ကေအိုင်အိုနှင့်မူ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု မရသေးဘဲ တိုက်ပွဲများဖြစ်ပွားခဲ့သည်မှာ တစ်နှစ်နှင့်ခြောက်လကျော်ကြာခဲ့ပြီဖြစ်သည်။

# မတော်တဆဖြစ်သော အဲပုဂံလေယာဉ် အာမခံလျော်ကြေး ဒေါ်လာလေးသန်း ရမည်

**မိုးညို၊ခန့်ထက်**
**ရန်ကုန်၊**
**ဒီဇင်ဘာ-၃၁**

ဟဲဟိုးလေဆိပ်၌ မတော်တဆမှုဖြစ်ပွားခဲ့သော အဲပုဂံလေယာဉ်သည် စင်ကာပူအာမခံကုမ္ပဏီမှ အမေရိကန်ဒေါ်လာလေးသန်း ရရှိမည်ဖြစ်ပြီး သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများအား ထောက်ပံ့ကြေးများ ပေးအပ်သွားမည်ဟု အဲပုဂံက သတင်းထုတ်ပြန်သည်။

အဲပုဂံလေကြောင်းလိုင်းမှ XY-AGC လေယာဉ်အမျိုးအစား F-100 အား မြန်မာ့အာမခံလုပ်ငန်းမှတစ်ဆင့် စင်ကာပူအာမခံကုမ္ပဏီတွင် ထားရှိခြင်းဖြစ်ကြောင်း မြန်မာ့အာမခံလုပ်ငန်း၏ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမင်းသိန်းကပြောသည်။

မြန်မာ့ အာမခံလုပ်ငန်းက မတော်တဆမှုတွင် သေဆုံးခဲ့သူ ညှော့လမ်းညွှန် မနွယ်လင်းရှိန်ကို ခရီးသွားအာမခံလျော်ကြေး ကျပ်သိန်း ၅၀ နှင့် မြေပြင်တွင် သေဆုံးသွားခဲ့သူဦးပြား၏ ဆိုင်ကယ်သည် လိုင်စင်ရှိသဖြင့် ဆိုင်ကယ်အာမခံလျော်ကြေး ကျပ်ငါးသိန်း လျော်ကြေးပေးအပ်မည်ဖြစ်ကြောင်း အထက်ပါ ဦးဆောင်ညွှန်ကြားရေးမှူးကပြောသည်။

အဲပုဂံလေကြောင်းလိုင်းက မနွယ်လင်းရှိန်အား သီးသန့်လျော်ကြေးအဖြစ် ငွေကျပ် သိန်း ၁၀၀ ပေးအပ်ခဲ့ပြီး မြေပြင်တွင် သေဆုံးခဲ့သူ ဦးပြားအား နာရေးထောက်ပံ့ကြေး ငွေကျပ် သိန်း ၄၀ ပေးအပ်ခဲ့သည်။

ဒဏ်ရာရရှိသော ခရီးသည်များအား တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၂,၀၀၀ နှင့် မြန်မာငွေကျပ် သုံးသိန်းစီ ထောက်ပံ့ကူညီပေးပြီးဖြစ်ကြောင်း ဒီဇင်ဘာ ၂၆ ရက်၌ ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် အဲပုဂံလေကြောင်းလိုင်း မန်နေဂျင်း ဒါရိုက်တာ ဦးထူးသက်ထွေးက ပြောသည်။

ထို့အပြင် မနွယ်လင်းရှိန်အား ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအပါအဝင် ခရီးသွားလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့များက စုစုပေါင်း ထောက်ပံ့ကြေးငွေကျပ် (၄၂) သိန်းကျော် ပေးအပ်ခဲ့ကြောင်း ဒီဇင်ဘာ ၃၀ ရက်ထုတ်မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြပါရှိသည်။

သေဆုံးသူနှစ်ဦး၏ လျော်ကြေးငွေနှင့် ပတ်သက်၍ ကာယကံရှင်မိသားစုနှစ်စုအား ကျေနပ်မှု ရှိ၊ မရှိကို ဆက်သွယ်မေးမြန်းရာတွင် လတ်တလောမှတ်ချက်ပြုဖြေကြားခြင်း မရှိသေးပေ။

## စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဝန်ကြီးအချို့ပြောင်းလဲ

**ထွန်းခိုင်**
**ရန်ကုန်၊ ဇန်နဝါရီ - ၁**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရ အဖွဲ့အတွင်းတွင် ဝန်ကြီးအချို့ကိုအပြောင်းအလဲပြုလုပ်ခဲ့ကြောင်း နိုင်ငံတော်သမ္မတရုံး၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးအစိုးရအဖွဲ့၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးဦးစိန်ဝင်းသည် ကျန်းမာရေးအားနည်းမှုကြောင့် ရာထူးမှနုတ်ထွက်ခွင့်ပြုပါရန် တင်ပြလာသည်ကို ခွင့်ပြုလိုက်ကြောင်း နိုင်ငံတော်သမ္မတရုံးက ဒီဇင်ဘာ ၃၁ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်။ ထို့အပြင် ဝန်ကြီးဌာနနှစ်နေရာစာအတွက် ဝန်ကြီးများအဖြစ် ဦးစောမြင့်ဦးကို စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနတွင် ဝန်ကြီးအဖြစ်လည်းကောင်း၊ ဦးတင်ဝင်းကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနတွင် ဝန်ကြီးအဖြစ်လည်းကောင်း ပြောင်းလဲတာဝန်ပေးအပ်လိုက်ကြောင်း နိုင်ငံတော်သမ္မတရုံးက ဒီဇင်ဘာ ၃၁ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်။

မျက်နှာဖုံး

## ဂျပန်ဘောလုံးအသင်းအားကူညီခဲ့သူဦးကျော်ဒင်၏ ဆွေမျိုးသားချင်းများကို ရှာဖွေနေ


ဦးကျော်ဒင်

"ဦးကျော်ဒင်က ၁၉၀၀ ခုနှစ် မွေးတာဆိုတော့ မရှိလောက်တော့ပါဘူး။ သူ့ရဲ့မျိုးဆက်ကို ရှာနေတာ ခုထိတော့ အဆက်အသွယ်မရသေးပါဘူး" ဟု ဦးကျော်ဒင်၏ မျိုးဆက်အား လိုက်လံရှာဖွေနေသူ ဂျပန်လူမျိုး မစ္စတာ အိုးချိအားအိခိရိုရှိ(အထက်တန်းသမိုင်းပြဆရာ) က ဒီဇင်ဘာ ၃၀ ရက်တွင် ပြောသည်။

၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်က ဆီဒိုးနား ဟိုတယ်တွင် ပြုလုပ်ခဲ့သည့် ဂျပန်နိုင်ငံ ဂျေလိဂ်နှင့် မြန်မာလိဂ်တို့ နားလည်မှု စာချွန်လွှာ လက်မှတ်ရေးပွဲတွင် ဂျေလိဂ်ဥက္ကဋ္ဌ ကာဇူမီအိုဂူရိုက မြန်မာလူမျိုး ဦးကျော်ဒင်သည် ဂျပန်ဘောလုံးလောကကို ကျေးဇူးရှိခဲ့ဖူးသည့်အတွက် ပြတိုက်တွင် အမှတ်တရရုပ်တု ပြုလုပ်ထားကြောင်း ပြောကြားခဲ့ဖူးသည်။

"သူ (ဦးကျော်ဒင်) က ဂျပန်ကို ဘောလုံးလာသင်တာတော့ မဟုတ်ဘူး။ ၁၉၂၀ ဝန်းကျင်ခန့်က ဂျပန်တက္ကသိုလ်မှာ အင်ဂျင်နီယာဘာသာရပ်နဲ့ ကျောင်းလာတက်တယ်လို့သိရပါတယ်။ တက္ကသိုလ်ကျောင်းဝင်းထဲမှာ သူက ပြေးခုန်ပစ်ကစားနေတုန်း ဂျပန်လက်ရွေးစင်ဘောလုံးသမားတွေ လေ့ကျင့်နေတာကို ဝင်သင်ပေးရင်းနဲ့ နည်းပြပေးခဲ့ပြီး အဲဒီအသင်းက သူမြန်မာနိုင်ငံကို ပြန်သွားပြီး သုံးနှစ်အကြာ(၁၉၂၇)မှာ အာရှအဆင့်ပြိုင်ပွဲတစ်ခုမှာ ဗိုလ်စွဲသွားလို့ ဦးကျော်ဒင်က အစပြုခဲ့တဲ့ ကျေးဇူးကို အမှတ်ရ ဖြစ်စေခဲ့တာပါ" ဟု တစ်နှစ်လျှင် နှစ်ကြိမ်ခန့် မြန်မာနိုင်ငံသို့ ရောက်ရှိချိန်တွင် ဦးကျော်ဒင်၏ မျိုးဆက်အား စုံစမ်းနေသူ မစ္စတာ အိုးချိအား အိခိရိုရှိက ရှင်းပြသည်။

ဦးကျော်ဒင်အကြောင်းအား ဂျပန်နိုင်ငံဘောလုံးအဖွဲ့ချုပ်ကလည်း စိတ်ဝင်တစားစုံစမ်းလျက်ရှိကြောင်းနှင့် ၎င်းအနေနှင့်မူ ကိုယ်တိုင်စိတ်ဝင်စားမှုရှိသည့် မိမိအစီအစဉ်ဖြင့် လိုက်လံစုံစမ်းနေခြင်းဖြစ်ကြောင်း ဆိုသည်။ ဦးကျော်ဒင် အနေဖြင့် ၁၉၂၀ ဝန်းကျင်တွင် ဂျပန်နိုင်ငံသို့ရောက်ရှိလာပြီး ၁၉၂၃ တွင် " How to Play Association Football" စာအုပ်အား အင်္ဂလိပ်ဘာသာဖြင့် ရေးသားထုတ်ဝေခဲ့ကြောင်းနှင့် ၁၉၂၄ တွင် မြန်မာနိုင်ငံသို့ ပြန်သွားခဲ့ပြီး စက်မှုလုပ်ငန်းများ လုပ်ကိုင်ခဲ့သည်ဟု သိရှိရကြောင်း ဂျပန်လူမျိုး သမိုင်းပြဆရာ၏ ပြောပြချက်အရ သိရသည်။

"တိုကျိုမြို့မှာရှိတဲ့ ဂျပန်ဘောလုံးအဖွဲ့ချုပ် ပြတိုက်မှာ ဦးကျော်ဒင်ရေးခဲ့တဲ့ စာအုပ်နဲ့ သူ့ရုပ်တုကို ပြသထားတာ တွေ့ရှိခဲ့ရပါတယ်။ ဂျပန်လူမျိုးတွေအနေနဲ့ ဘောလုံးကို ဒီစာအုပ်ကြောင့် စနစ်တကျ ကစားတတ်လာခဲ့တာဖြစ်ကြောင်းလည်း ပြောပြကြပါတယ်။ မြန်မာဘောလုံးအသင်းသွားတိုင်း သေချာလေးလေးစားစားနဲ့ ဦးကျော်ဒင်ရဲ့ ကျေးဇူးရှိတဲ့အကြောင်း ပါးစပ်ကလည်း ထုတ်ဖော်ပြောကြပါတယ်" ဟု ၂၀၁၂ခုနှစ် စက်တင်ဘာလအတွင်း ဂျေလိဂ်သို့ သွားရောက် လေ့လာခဲ့သည့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဘောလုံးအဖွဲ့ချုပ်အနေဖြင့်လည်း ဦးကျော်ဒင်၏ မျိုးဆက်အား တတ်နိုင်သည့်ဘက်မှ စုံစမ်းနေသော်လည်း ယခုအချိန်ထိ မတွေ့သေးကြောင်း ၎င်းက ဆက်ပြောသည်။ "မြန်မာလူမျိုးတစ်ယောက်က ဂျပန်ဘောလုံးလောကကို ကျေးဇူးရှိခဲ့ဖူးတယ်ဆိုတာကို ဂျပန်မှာ မသိသေးတဲ့ သူတွေအတွက်လည်း ဖော်ထုတ်ပေးချင်တာပါ။ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးတက်လာရေးအတွက်လည်း ရည်ရွယ်ပါတယ်" ဟု မစ္စတာအိုးချိအားအိခိရိုရှိက ပြောသည်။

မြန်မာလူမျိုးတစ်ယောက်အနေဖြင့် ဂျပန်ဘောလုံးအသင်းကို ကျေးဇူးပြုခဲ့ဖူးသည်ဟု ၎င်းတို့ ပြောကြားချက်အရ သိရှိရသော်လည်း လက်ရှိအခြေအနေတွင်မူ ဂျပန်ဘောလုံးလောကနှင့် မြန်မာဘောလုံးလောကသည် ကွာခြားနေပြီဖြစ်သည်။ ၂၀၁၂ခုနှစ် ဒီဇင်ဘာလ ကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင် ဂျပန်ဘောလုံးအသင်းက ကမ္ဘာ့အဆင့် ၂၂ ဖြင့် အာရှနိုင်ငံများတွင် ထိပ်ဆုံးမှ ဦးဆောင်ထားပြီး မြန်မာအသင်းမှာ ကမ္ဘာ့အဆင့် ၁၆၂ ဖြစ်သည်။

စာ-၃၇မှ

## ထာဝရအလင်းတန်းများရဲ့ အကယ်ဒမီည

ထိုစဉ် ကျောင်းဆရာ၏ စာသင်ကြားနေမှုကို လေးစားချစ်ခင်စိတ်ဖြင့် ကျောင်းဆရာ မသိအောင် လိုက်ကြည့်သည့် အခန်း၊ ရေထမ်းသည့်အခန်း၊ ကျောင်းဆရာပေးခဲ့သည့် တစ်ခုတည်းသောလက်ဆောင် ဆံညှပ်ကလစ်ကလေး ကျပျောက်သွားရာ အိမ်ခြံဝင်းအတွင်းမှ ပြန်လည်ရှာတွေ့သဖြင့်ဝမ်းသာသွားသော စသော ဇာတ်ဝင်ခန်းများမှာ The Road Home တရုတ်ရုပ်ရှင်ကားထဲမှ မင်းသမီး ကျန်းကျိယီ သရုပ်ဆောင်ထားသော ဇာတ်ဝင်ခန်းနှင့်ထပ်တူထပ်မျှတူညီနေသည့်အပေါ် အကောင်းဆုံးဒါရိုက်တာဆုရရှိခဲ့သည့် ဒါရိုက်တာ ထွန်းအောင်ဇော်က ယခုကဲ့သို့ ရှင်းပြသည်။

"ဆရာမိုးကြိုးရဲ့ ဇာတ်လမ်းထဲမှာ မင်းသမီးဇာတ်မပါပါဘူး။ အဲဒီတော့ကျွန်တော်ကကျွန်တော်ကြည့်ဖူးတဲ့ တရုတ်ဇာတ်ကားကို သတိရမိတယ်။ ဒီနေ့မှာ အဲဒီတရုတ်ဒါရိုက်တာကိုလည်း မေတ္တာပို့ပြီးမြင်ဆရာအဖြစ် ကန်တော့ပါတယ်။ သူ့ဆီက အမျိုးသမီးဇာတ်ကောင်ရဲ့ သရုပ်ဆောင်မှုလေးတွေကိုကြည့်ပြီးတော့ကျွန်တော်ကြိုက်လို့ကျွန်တော်ရိုက်ပါတယ်။ ဒါလေး မှီငြမ်းတာဝန်ခံပါတယ်။ ဒါပေမဲ့ ဇာတ်လမ်းကျောရိုးကတော့ ဘာမှမဆိုင်ပါဘူး။ ကျွန်တော် လိုချင်တဲ့ ပလော့လေးတွေ ဖြည့်တဲ့အခါ အဲဒါတွေ ပါသွားတာပါ။ ကိုမျိုးမင်း စကားငှားပြောရရင် ဆရာမိုးကြိုးဇာတ်လမ်းက ကျွန်တော်တို့ ရင်တွင်းဖြစ်ပါ"ဟု ပြောကြားခဲ့သည်။

'ထာဝရ အလင်းတန်းများ' ဇာတ်ကားမှာ အမှီဇာတ်ကားတစ်ကား ဖြစ်ခဲ့ကြောင်းကို မသိရှိခဲ့ကြောင်း၊ တရုတ်ကားကို မှီငြမ်းထားသည်ဟုသာ သိရှိခဲ့ပါက ဆုရွေးချယ်မှုမှာ တစ်မျိုးတစ်မည်ပြောင်းလဲသွားနိုင်ကြောင်း၊ဖန်တီးမှုဆိုသည်မှာ Original ဖြစ်ရမည်ဖြစ်ပြီး ကိုယ်ပိုင်ဖန်တီးမှုကို အခြေခံရမည်ဖြစ်ကြောင်း ၂၀၁၁ ခုနှစ်အတွက် အကောင်းဆုံးမြန်မာ့ရုပ်ရှင်ထူးချွန်ဆု ဒုတိယအဆင့် စိစစ်အကဲဖြတ်ရေးအဖွဲ့မှ အဖွဲ့ဝင် ချစ်ဦးညိုက ဆိုသည်။

"မှီငြမ်းဆိုတာသိခဲ့ရင် ကျွန်တော့်မှတ်ချက်မှာ 'အမှီးဇာတ်လမ်းဖြစ်နေပါသဖြင့်' ဆိုတာ ထည့်ခဲ့မှာပါ။ ကော်ပီနဲ့ ကိုယ်ပိုင်ဖန်တီးမှုက တန်ဖိုးချင်းမတူပါဘူး" ဟု ၎င်းကပြောသည်။

ရုပ်ရှင်ထူးချွန်ဆုသမိုင်းတွင် ထူးချွန်ဆုခုနစ်ဆုဖြင့် ဆုအများဆုံးချိတ်ထားနိုင်သော 'ငါသူတစ်ပါးယောကျာ်းမိန်းမ'၊ 'အမေ့နို့ဖိုး'၊ 'လျှို့ဝှက်သောနှင်း' ဇာတ်ကားတို့သာ ရှိခဲ့ဖူးသည်။ ဇာတ်ပို့ဆုရှင် မော့စ်ရရှိခြင်းအပေါ် ပရိသတ်များအားလုံး လက်ခံကျေနပ်မှုရှိခဲ့သည်။ 'ကျွန်တော့် အသက် ၅၉ နှစ်ကျမှ မိတဲ့အကယ်ဒမီ' ဟု ကျေးဇူးတင်စကားတွင် ထည့်သွင်းပြောကြားသွားခဲ့သည့် ဟာသ သရုပ်ဆောင်မော့စ်မှာ ဆုရရှိချိန်တွင် အသည်းရောဂါအပြင်းအထန် ခံစားနေရသည့် အချိန်လည်းဖြစ်သည်။

ဆုပေးပွဲ မကျင်းပမီ ရေပန်းစားနေသော နိုင်းနိုင်း၊ သူထူးစံ၊ မင်းအုပ်စိုးနှင့် နောင်နောင်တို့အနက် မင်းအုပ်စိုးမှလွဲ၍ ကျန်သုံးဦးမှာ ၎င်းတို့၏ အနုပညာသက်တမ်းတွင် ပထမဆုံးအကြိမ် ဆန်ခါတင် အဆင့်ဝင်ခဲ့ခြင်းဖြစ်သည် အကောင်းဆုံး အမျိုးသား ဇာတ်ဆောင်ဆုကို ၎င်း၏ ပထမဆုံး ရုပ်ရှင်ဇာတ်ကား'ထာဝရအလင်းတန်းများ' ဖြင့် နောင်နောင်က ရရှိခြင်းအပေါ် လှိုက်လှိုက်လှဲလှဲဝမ်းသာစွာဖြင့် ထိုက်တန်ကြောင်း အားပေးကြသူများရှိသလို သရုပ်ဆောင်ရသည့်ဇာတ်ကောင်စရိုက်နှင့် ဇာတ်ဝင်ခန်းများ၏ အားသာချက်များအရ နောင်နောင့်နေရာတွင် အခြားမင်းသားတစ်ဦး သရုပ်ဆောင်ပါကလည်း ဆုရရှိနိုင်သည်ဟုလည်း ထင်မြင်ချက်များ ပေးသူများလည်း ရှိသည်။

ထူးချွန်ဆုအများကြီး ရနိုင်ခြေရှိသည်ဟု ခန့်မှန်းထားကြသည့် 'ပန်းကြာဝတ်မှုန်' ရုပ်ရှင်ဇာတ်ကားမှာ အကောင်းဆုံး ဓာတ်ပုံဆုနှင့် အကောင်းဆုံး အသံဆုနှစ်ဆု ရရှိခဲ့သည်။

အမျိုးသမီး ဇာတ်ပို့ဆုအတွက် ရေပန်းစားနေသော ချစ်စနိုးဦးမှာ အနုပညာသက်တမ်း ကိုးနှစ်အကြာတွင် အစ်ကိုနှစ်ယောက်အပေါ် တစ်မျိုးစီ သိတတ်နားလည်ငဲ့ညှာသော ညီမငယ်တစ်ယောက်၏ ဇာတ်ရုပ်အတိုင်း 'ရင်ကွဲနာ' ဇာတ်ကားတွင် ကွက်တိ သရုပ်ဆောင်နိုင်ခဲ့သောကြောင့် ရွှေစင်ဆုကို လက်ဝယ်ပိုင်ဆိုင်ခဲ့ပြီ ဖြစ်သည်။ အများမျှော်လင့်ထားသည်နှင့် အလွဲကြီးလွဲသွားခဲ့သည့် ဆုနှစ်ဆုမှာ အမျိုးသားဇာတ်ဆောင်ဆုနှင့် အမျိုးသမီးဇာတ်ဆောင်ဆုများပင်ဖြစ်သည်။ အမျိုးသားဇာတ်ဆောင်ဆုအတွက် နိုင်းနိုင်းကို တစ်ထစ်ချ မျှော်လင့်ထားကြသည့် မီဒီယာအများစုမှာ ဆုမကြေညာခင်ကတည်းက နိုင်းနိုင်းအနားတွင် ဝိုင်းအုံနေသော်လည်း ဆုကြေညာပြီးသောအခါ စင်၏ညာဘက်ခြမ်းက နောင်နောင်ထံ အပြေးအလွှားသတင်းရယူကြရပြန်သည်။ နိုင်းနိုင်းနည်းတူ သက်မွန်မြင့်ထံသို့ ချိန်ထိုးထားသည့် ကင်မရာများမှာ ဆုကြေညာပြီးနောက် မယ်လိုဒီထံသို့ ဝိုင်းအုံပြေးလွှားကြရပြန်သည်။

ယခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲကို ယခင်နှစ်များကထက် အချိန်စောစွာ ကျင်းပခဲ့ပြီး အစီအစဉ်တစ်ခုနှင့်တစ်ခု ကြားရပ်နားမှု၊ လေးဖင့်မှုမရှိဘဲ ဆက်တိုက်ကျင်းပသွားခဲ့ရာ ညခုနစ်နာရီတွင်အောင်မြင်စွာကျင်းပပြီးစီးခဲ့သည်။

### ၂၀၁၁ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရသူများ စာရင်း

(၁) **တင့်ဆန်း**-ပန်းကြာဝတ်မှုန်ဇာတ်ကား၊ အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆု။
(၂) **ဟိန်းထက်(လယ်ဝေး)**-ထာဝရအလင်းတန်းများဇာတ်ကား၊ အကောင်းဆုံး ရုပ်ရှင်တည်းဖြတ်ဆု။
(၃) **ဇော်မျိုးထွန်း**-ထာဝရအလင်းတန်းများဇာတ်ကား၊ အကောင်းဆုံး ရုပ်ရှင်တေးဂီတဆု။
(၄) **ဆန်းဦး**-ပန်းကြာဝတ်မှုန်ဇာတ်ကား၊ အကောင်းဆုံးရုပ်ရှင်အသံဆု။
(၅) **မော့စ်**-ထာဝရအလင်းတန်းများဇာတ်ကား၊ အကောင်းဆုံးရုပ်ရှင် အမျိုးသားဇာတ်ပို့ဆု။
(၆) **ချစ်စနိုးဦး** - ရင်ကွဲနာဇာတ်ကား၊ အကောင်းဆုံး ရုပ်ရှင်အမျိုးသမီး ဇာတ်ပို့ဆု။
(၇) **မြင့်ဆောင်၊ စိုးကျော်ဆန်း** - ထာဝရအလင်းတန်းများဇာတ်ကား၊ အကောင်းဆုံးရုပ်ရှင်ဇာတ်ညွှန်းဆု။
(၈) **နောင်နောင်**-ထာဝရအလင်းတန်းများဇာတ်ကား၊ အကောင်းဆုံး ရုပ်ရှင်အမျိုးသားဇာတ်ဆောင်ဆု။
(၉) **ရီမြင့်ရုပ်ရှင်ထုတ်လုပ်ရေး**-ထာဝရအလင်းတန်းများဇာတ်ကား၊ အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆု။
(၁၀) **မယ်လိုဒီ**-ထာဝရအလင်းတန်းများဇာတ်ကား၊ အကောင်းဆုံးရုပ်ရှင်အမျိုးသမီးဇာတ်ဆောင်ဆု။
(၁၁) **ထွန်းအောင်ဇော်**-ထာဝရအလင်းတန်းများဇာတ်ကား၊ အကောင်းဆုံးရုပ်ရှင် ဒါရိုက်တာဆု။

**Farmer Auto ၏ ၂၀၁၃ခုနှစ်မျှော်စင်ကျွန်းစိန်ခေါ်ပွဲ**

❖ ကားတင်သွင်းသည့် CIF ဈေးနှုန်းပြောင်းလဲတာကိုစောင့်ပြီး ၂၀၁၃ခုနှစ်တွင် ကားဝယ်ရန် စောင့်ဆိုင်းနေသူများအတွက်
❖ အမျိုးအစားစုံလင်သည့် ကားအစီးပေါင်း(၃၀၀)ကျော်အား တစ်နေရာထဲတွင် ပိုင်ရှင်တစ်ဦးထဲထံမှ ခေါင်းခေါက်ရွေးချယ်နိုင်ခွင့်ရသည့် အခွင့်အရေး
❖ ဝယ်ယူပြီးသားကားအား ၆လတစ်ကြိမ် ခေတ်မီစက်ဖြင့် အခမဲ့စစ်ဆေးပေးတဲ့ နိုင်မာသည့် အာမခံချက်ပေးနိုင်သည့်
❖ (၁၂)လနဲ့(၂၄)လ အရစ်ကျဝယ်ယူနိုင်အောင်ဘဏ်(၆)ခုနဲ့လက်မှတ်ရေးထိုးထားပြီး မြန်မာနိုင်ငံ၏ပထမဦးဆုံးသော MPU ကဒ်နဲ့ငွေပေးချေနိုင်တဲ့
❖ ဈေးဘယ်လောက်လျှော့ပေးမလဲ မေးစရာမလိုသည့် Farmer Auto ၏ "ရှုံခါ ဝိုဒေါင်ရှင်း"သည့်ပွဲ
❖ ကားဝယ်မည့်သူများ မလွတ်တမ်းလာသင့်သည့် Farmer Auto ၏ရန်ကုန်မြို့၊ မျှော်စင်ကျွန်းမှ စိန်ခေါ်နေသည့် "ငွေပေါ် အရင်းပြုတ်" ကားရောင်းပွဲတော်အား ၂.၁.၂၀၁၃ မှ ၆.၁.၂၀၁၃ အထိကျင်းပမည်။

အရောင်းပြခန်း(၁)-အမှတ်(၆၄)ဆေးရာစုလမ်း၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။ဖုန်း-၅၄၂၅၄၄၊၀၉၇၃၂၅၂၄၃၇။
အရောင်းပြခန်း(၂)-အမှတ်(၁၉)ပြည်လမ်း၊(Ocean Centre ရှေ့)၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၆၆၁၅၈၈၊၀၉၇၃၂၅၂၄၃၈။

၇ ရက် သတင်းဂျာနယ်

7DAY NEWS JOURNAL


# ပြန်လှည့်ကြည့်ခြင်း ၂၀၁၂


Vol.11, No.43 • JANUARY 3 , 2013


၂၀၁၂ခုနှစ်၏ အထင်ရှားဆုံးပုဂ္ဂိုလ်အဖြစ်
ဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်ကို 7Day Newsက
ပူးတွဲရွေးချယ်လိုက်ပါသည်။



7 DAY NEWS JOURNAL
Vol.11, No.43 • JANUARY 3 , 2013



# ၂၀၁၂ခုနှစ် ရာသီဥတုနဲ့ ထူးခြားမှု(၁၀)

မောင်ထွန်းလွင်(မိုးလေဝသ)

## ၂၀၁၃ ဟာ မင်္ဂလာရှိသော နှစ်သစ်ပါ။

၂၀၁၂ ခုနှစ်ဟာ ကုန်ဆုံးခဲ့ပြန်ပါပြီ။ ဒီတစ်ခါ နှစ်သစ်ကို ကြိုဆိုရတာဟာ ဘယ်တုန်းကနဲ့မှ မတူအောင် အရသာရှိ ချိုမြိန်လှပါတယ်။ တကယ့်မင်္ဂလာနှစ်သစ်ပါ။ ဘာပြုလို့လဲဆိုတော့ ပြီးခဲ့တဲ့ ဒီဇင်ဘာလ ၂၁ ရက်မှာ အများစိုးရိမ်သလို ကမ္ဘာမပျက်ခဲ့လို့ ဖြစ်ပါတယ်။ ကမ္ဘာပျက်မယ်ဆိုတဲ့ သတင်းကလည်း ကြီးလှပါတယ်။ ဒီဇင်ဘာလ ရောက်ကတည်းက ဒါနဲ့ပတ်သက်ပြီး ကျွန်တော့်ကို အနယ်အနယ် အရပ်ရပ်က ဆက်သွယ်မေးမြန်း နေကြတာတွေကိုဖြေနေခဲ့ရပါတယ်။ ဒါကို အတူနေတဲ့ ကျွန်တော့်ရဲ့ ကိုးနှစ်အရွယ် သုံးတန်းကျောင်းသား မြေးငယ်က နေ့စဉ်တွေ့နေရတော့ တစ်နေ့တော့ ပြောလာပါတယ်။ "ဘိုးဘိုး. . ဒီတစ်ခါကမ္ဘာပျက်မှာလားလို့ မေးလာရင် မပျက်ဘူးလို့သာ ဖြေလိုက်ပါ။ ဘာပြုလို့လဲဆိုတော့ဒီဇင်ဘာလ(၂၁) ရက်မှာ ကမ္ဘာကြီး တကယ်မပျက်ခဲ့ရင် ဘိုးဘိုးကို လူတွေက မှန်တယ်ဆိုပြီး ကျေးဇူးတင်ကြလိမ့်မယ်။ တကယ်ပျက်ခဲ့ရင်လည်း ဘာမှာပူစရာ မလိုဘူးလေ။ ဘာပြုလို့လဲဆိုတော့ အားလုံးသေကုန်ကြပြီပဲ" ပါတဲ့ဗျာ။

**၂၀၁၂ ခုနှစ်ဟာ ဘယ်လိုရာသီဥတုမျိုး ရှိတဲ့နှစ်လဲ။**

"၂၀၁၂ ခုနှစ်ကို မိုးကောင်းတဲ့ နှစ်လား၊ မိုးညံ့တဲ့နှစ်လား။ မိုးမှန် တဲ့နှစ်လား"လို့မေးလာရင် တော်တော်ဖြေရခက်တဲ့ မေးခွန်းဖြစ်ပါလိမ့်မယ်။ ဘာပြုလို့လဲဆိုတော့ ၂၀၁၂ ခုနှစ်အတွင်း မြန်မာနိုင်ငံမှာ မိုးမရွာလို့ မိုးခေါင်တဲ့ နေရာတွေက မိုးခေါင်နေပြီး မိုးများလို့ ရေကြီးတဲ့နေရာတွေက ကြီးနေခဲ့လို့ပါပဲ။ဘာပဲပြောပြော ပုံမှန်ရာသီဥတုမျိုး မရှိခဲ့ဘဲ ထူးခြားမှုတွေ အများအပြားနဲ့ ကကြိုးစုံနဲ့ မရိုးအောင် ရှိခဲ့တဲ့ နှစ်တစ်နှစ် ဖြစ်နေခဲ့ပါတယ်။

**ထူးခြားမှု(၁)- ခံစားရတဲ့ အပူချိန်တွေမြင့်မားနေခဲ့ပါတယ်။**

၂၀၁၂ ခုနှစ်ရဲ့ ရာသီဥတု ထူးခြားမှုတွေကို မိုးရာသီ မစမီ နွေရာသီ ကာလကတည်းက စတွေ့ကြရပါတယ်။ မိုးကြိုကာလဖြစ်တဲ့ ဧပြီလနဲ့ မေလဆန်းတွေမှာ မကြုံစဖူး အပူဒဏ်ကို ခံကြရတာပဲ ဖြစ်ပါတယ်။ ထူးခြားတာက အမြင့်ဆုံးအပူချိန်တွေ ပုံမှန်အတိုင်း ရှိနေခဲ့ပေမယ့် လူတွေဟာ အပူဒဏ်ကို သိသိသာသာ ခံစားခဲ့ကြရပါတယ်။ ဒီနှစ်နွေမှာ သာမိုမီတာနဲ့ တိုင်းတာရခဲ့တဲ့ အမြင့်ဆုံး အပူချိန်တွေဟာ စံချိန်မတင်ခဲ့ကြပါဘူး။ ဒါပေမဲ့ ခံစားရတဲ့ အပူဒဏ်တွေကတော့ မြင့်မားနေတာကြောင့် လူတွေ အသက် ဆုံးရှုံးရတဲ့အထိ ဖြစ်ခဲ့ပါတယ်။ အကြောင်းကတော့ အပူချိန်ဟာ ပုံမှန်နွေကာလ အပူချိန်လောက်နဲ့ ရေငွေ့တွေရှိပြီး တိမ်တွေဖြစ်လာခဲ့ပေမယ့် မိုးမရွာတဲ့နေ့တွေ များလာလို့ ဖြစ်ပါတယ်။ ဧပြီလနဲ့ မေလဟာ နွေကာလမို့ အပူချိန်တွေ မြင့်တက်လာပါတယ်။ ဒါပေမဲ့ ဧပြီလ ၁၅ ရက်ကစပြီး မိုးကြိုကာလ ရောက်လာကတည်းက လေထုထဲမှာ ဘင်္ဂလားပင်လယ်အော်ထဲကရေငွေ့ပါတဲ့လေတွေတိုက်ခတ်လာပြီး တိမ်တွေဖြစ်၊ မိုးတွေရွာနဲ့ ဧပြီလနဲ့ မေလတို့ရဲ့ မြင့်တက်လာတဲ့ အပူဒဏ်ကို တိမ်ထုတွေ ထစ်ချုန်းမိုးလေးတွေနဲ့ အကာအကွယ် ပေးလေ့ရှိပါတယ်။ "မလျော့မတင်း စောင်းကြိုးညင်း" ဆိုတဲ့ စကားလို မိခင်သဘာဝက အပူဒဏ်ကို မလွန်ကဲရလေအောင် ထိန်းပေးစေလေ့ ရှိပါတယ်။ အခုတော့ မိုးကြိုကာလသာမက မိုးတွင်းကာလမှာပါ ဖောက်ပြန်လာတဲ့ မုတ်သုံရဲ့ ပြောင်းလဲမှုတွေကြောင့် လေထုထဲမှာ ရေငွေ့တွေ အမြောက်အမြားနဲ့ ပူနွေးစွတ်စိုတဲ့ လေထုထဲမှာ တိမ်တွေဖုံးနေပေမယ့် မိုးမရွာတဲ့နေ့တွေဟာ များများလာပါတယ်။ ဒီတော့ ရိုးရိုးအပူချိန်မြင့်ပြီး ခြောက်သွေ့တဲ့ လေထုထက် အပူချိန်မြင့်ပြီးရေငွေ့နဲ့စွတ်စိုနေတဲ့ လေထုက လေအပူချိန်အပြင် ရေငွေ့ကြောင့် ရလာတဲ့အပူချိန်ပါ ထပ်ဆောင်းလာတဲ့အတွက် ခံစားရတဲ့ အပူချိန်တွေဟာ မြင့်မားလာစေပါတော့တယ်။ ဒီနှစ်နွေရာသီကာလအတွင်း အမြင့်ဆုံးအပူချိန် 36°C လောက်နဲ့ ရေငွေ့ပါဝင်မှု ၈၀ ရာခိုင်နှုန်းလောက်ရှိပေမယ့် မိုးမရွာတဲ့အတွက် ခံစားရတဲ့အပူချိန်ဟာ 50°C ကျော်လွန်ခဲ့တဲ့ နေ့တွေ ရန်ကုန်မှာ မကြာမကြာ ဖြစ်ပေါ်ခဲ့ပါတယ်။ အချို့နေ့တွေမှာ 60°C ကျော်တဲ့အထိ ရှိခဲ့ပါတယ်။ ကြောက်ခမန်းဖြစ်ပါတယ်။ ဒီအခြေအနေဟာ လူတွေရဲ့ ကျန်းမာရေးအတွက် အန္တရာယ်အများကြီး ရှိတဲ့အဆင့်ဖြစ်ပါတယ်။ Heat stroke ဖြစ်စေနိုင်တာကြောင့် လေဖြတ်တာတို့ ဦးနှောက်ကြောပြတ် အသက်ဆုံးရှုံးတာတို့ ဖြစ်စေနိုင်တယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ် (WHO)က သတ်မှတ်ထားပါတယ်။

**ထူးခြားမှု(၂)-မုတ်သုံအဝင်ဟာ မြန်မာနိုင်ငံအလယ်ပိုင်းကို တက်သုတ်ရိုက်ဝင်ခဲ့ပါတယ်။**

ဒီနှစ် မုတ်သုံအဝင်ဟာ တောင်ပိုင်း ဒေသတွေကို ၁၀ ရက်ခန့်နဲ့ မြစ်ဝကျွန်းပေါ်ဒေသတွေကို ခုနစ်ရက်ခန့်နောက်ကျခဲ့ပြီး မေလတတိယ ဆယ်ရက်ပတ်အတွင်းမှာ ဝင်ခဲ့ပါတယ်။ ဒါပေမဲ့ ကျန်နေသေးတဲ့ မြန်မာနိုင်ငံအလယ်ပိုင်းနဲ့ မြောက်ပိုင်းဒေသတွေကိုတော့ မေလ အကုန်လောက်အတွင်း တက်သုတ်ရိုက်ဝင်ခဲ့ပါတယ်။ မုတ်သုံလေအဝင်မြန်ခဲ့တာကြောင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွေဟာ မုတ်သုံအဝင်မှာရလေ့ရှိတဲ့ မိုးကိုဒီနှစ် ကောင်းကောင်းမရလိုက်ခဲ့ပါဘူး။ မြန်မာနိုင်ငံ အလယ်ပိုင်းအနေနဲ့ အခွင့်အရေးတစ်ရပ်ဆုံးရှုံးသွားခဲ့ရပါတယ်။

**ထူးခြားမှု(၃)-မုတ်သုံလေဦးဟာ မြောက်ပိုင်းဒေသများမှာ ကျောက်ချနေခဲ့ပါတယ်။**

မေလ ကုန်လောက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းကို ဝင်ရောက်ခဲ့တဲ့ မုတ်သုံလေဦးဟာ အစဉ်အလာ အရကတော့ မြောက်ပိုင်းဒေသကိုဝင်ပြီးတာနဲ့ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းကို ပြန်လည်ဆင်းလာပြီး မိုးတွင်းကာလတစ်ခုလုံး အထိုင်ချနေရလေ့ရှိပေမယ့် ဒီနှစ်မှာတော့ မုတ်သုံလေဦး မြောက်ပိုင်းက ပြန်ဆင်းမလာခဲ့ဘဲ မိုးတွင်းတစ်တွင်းလုံး မြောက်ပိုင်း ကုန်းပေါ်ဒေသတွေမှာသာ ကျောက်ချနေခဲ့ ပါတယ်။

**ထူးခြားမှု(၄)-ကချင်ပြည်နယ်နဲ့ စစ်ကိုင်းအထက်ပိုင်း ဒေသတွေမှာ နေ့စဉ်ရက်ဆက် မိုးကောင်းနေခဲ့ပါတယ်။**

မုတ်သုံလေဦးဟာမြန်မာနိုင်ငံ မြောက်ပိုင်းဒေသတွေအပေါ်မှာ နေ့စဉ်ကျောက်ချနေလေတော့၊ ကချင်ပြည်နယ်နဲ့ စစ်ကိုင်းတိုင်း အထက်ပိုင်းဒေသတွေမှာ အထိုင်ကျပြီး ကျောက်ချနေလေတော့ ကချင်ပြည်နယ်နဲ့ စစ်ကိုင်းတိုင်း အထက်ပိုင်း ဒေသတွေမှာ နေ့စဉ်ရက်ဆက်မိုးတွေ ရွာနေစေခဲ့ပါတယ်။ ဒီတော့ ကချင်ပြည်နယ်မှာ မြစ်ဖျားခံတဲ့ ဧရာဝတီမြစ်နဲ့ စစ်ကိုင်းတိုင်းအထက်ပိုင်းမှာမြစ်ဖျားခံတဲ့ ချင်းတွင်းမြစ်တွေမှာ ရေအဝင်တွေ များလာစေခဲ့ပါတယ်။

**ထူးခြားမှု(၄)-ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းမှာ မုန်တိုင်းတွေ အဖြစ်နည်းစေခဲ့ပါတယ်။**

တကယ်တော့မုတ်သုံလေဦးဆိုတာ သူ့အထဲမှာ ဖြစ်ပေါ်နေတဲ့လေဖိအားနည်းရပ်ဝန်းတွေ ပိုမိုအားကောင်းလာတိုင်းမုန်တိုင်းတွေစတင်ပေါက်ဖွားရာဒေသဖြစ်ပါတယ်။ ဒါမျိုးကို ဘင်္ဂလားပင်လယ်အော်ရဲ့မြောက်ပိုင်းရေပြင်ပေါ်မှာ ပုံမှန်နှစ်တွေဆိုရင် ရက်သတ္တနှစ်ပတ်တစ်ကြိမ်နှုန်းလောက် ဖြစ်ပေါ်လေ့ရှိပါတယ်။Biweekly oscillation လို့ခေါ်ပါတယ်။ ၂၀၁၂ ခုနှစ်မှာတော့ မုတ်သုံလေဦးဟာ ကုန်တွင်းမှာပဲ အထိုင်ချနေလေတော့ မုတ်သုံလေဦးအတွင်း လေဖိအားနည်း ရပ်ဝန်းလေးတွေ တန်းစီဖြစ်နေပေမယ့် သူတို့ကို ပိုအားကောင်းလာစေဖို့ လိုအပ်တဲ့ စွမ်းအင်တွေကို ထုတ်လုပ်ပေးမယ့် ရေငွေ့ပံ့ပိုးမှု မရနိုင်တာကြောင့် မုန်တိုင်းတွေ ဖြစ်မလာ နိုင်တော့ပါဘူး။

**ထူးခြားမှု(၅)- ဘင်္ဂလားပင်လယ်အော်မှာ မိုးရာသီကုန်ဆုံးတဲ့အထိ မုန်တိုင်းတစ်ကြိမ်မှ မဖြစ်ခဲ့ပါဘူး။**

မုတ်သုံလေဦးကုန်းတွင်းပိုင်းမှာ အခြေချနေခဲ့တဲ့ အကျိုးဆက်ကတော့ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းမှာ ပုံမှန်အတိုင်း ဖြစ်ပေါ်လေ့ရှိတဲ့ လေဖိအားနည်း ရပ်ဝန်းတွေ၊ မုတ်သုံမုန်တိုင်းတွေ မဖြစ်နိုင်တော့ပါဘူး။ ၂၀၁၂ ခုနှစ် မိုးရာသီကုန်ဆုံးတဲ့ စက်တင်ဘာလအကုန်အထိ မုန်တိုင်းတစ်ကြိမ်မျှ မဖြစ်ပေါ်ခဲ့တော့ပါဘူး။

**ထူးခြားမှု(၅)-အရှေ့ဘက်ကလေပွေလှိုင်းနဲ့မုန်တိုင်းအကြွင်းအကျန်တွေ ဇူလိုင်လအကုန်အထိ မြန်မာနိုင်ငံဘက်ကို တစ်ကြိမ်မျှ ရောက်မလာခဲ့ပါဘူး။**

တကယ်တော့မြန်မာနိုင်ငံရဲ့ အရှေ့ဘက်မှာရှိတဲ့ ပစိဖိတ်သမုဒ္ဒရာ အနောက်ပိုင်းနဲ့ တောင်တရုတ်ပင်လယ်ပြင်ဟာ တစ်နှစ်ကို မုန်တိုင်း ၂၉ လုံးလောက် ပုံမှန်ဖြစ်လေ့ရှိတဲ့ ဒေသပါ။ ကမ္ဘာပေါ်မှာ အပူပိုင်းမုန်တိုင်း အများဆုံးဖြစ်တဲ့ဒေသ ဖြစ်ပါတယ်။ အဲဒီအထဲက သုံးပုံတစ်ပုံလောက်ဟာ အင်ဒိုချိုင်းနား၊ ဗီယက်နမ်နိုင်ငံ ကမ်းခြေကို ဖြတ်ပြီးတိုင်း မြန်မာနိုင်ငံဘက်ကို ရွေ့လာလေ့ရှိပါတယ်။ ဒါကို အရှေ့လေပွေလှိုင်း၊ ဒါမှမဟုတ် တိုင်းဖွန်းအကြွင်းအကျန်လို့ ခေါ်ပါတယ်။ ၂၀၁၂ ခုနှစ်မှာတော့ ဖြစ်သမျှ တိုင်းဖွန်းမုန်တိုင်းတွေဟာ တောင်တရုတ်ပင်လယ်ပြင် အတွင်းကနေပြီး အရှေ့မြောက်ဘက် တရုတ်နိုင်ငံနဲ့ ဂျပန်နိုင်ငံဘက်ကိုဘဲ ပြန်ကွေ့ကွေ့သွားကြလို့ ဇူလိုင်လကုန်လောက်အထိ မြန်မာနိုင်ငံဘက်ကို အရှေ့လေပွေလှိုင်းတွေ တစ်ကြိမ်မျှ ရောက်မလာနိုင်ခဲ့ပါဘူး။

**ထူးခြားမှု(၆) - မြန်မာနိုင်ငံ အလယ်ပိုင်းမှာ မိုးခေါင်နေခဲ့ပါတယ်။**

တကယ်တော့ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသဟာ မိုးကွယ်အရပ်ဖြစ် ပါတယ်။ ဒီဒေသဟာ မုတ်သုံမိုးနဲ့ မိုးရတဲ့ ဒေသမဟုတ်ပါဘူး။ ဒီဒေသဟာ မုတ်သုံအဝင်အထွက်မှာ ရွာတဲ့မိုး၊ ဘင်္ဂလားပင်လယ်မှာဖြစ်တဲ့ မုန်တိုင်းမိုး၊ အရှေ့လေပွေလှိုင်းကရတဲ့ မိုးစတဲ့မိုးတွေနဲ့သာ မိုးအများဆုံးရလေ့ရှိပါတယ်။ ၂၀၁၂ ခုနှစ်မှာတော့ မုတ်သုံအဝင်မှာလည်း မိုးကောင်းကောင်း မရလိုက်ပါဘူး။ ဘင်္ဂလားပင်လယ်အော်မှာလည်း မုန်တိုင်းတစ်လုံးမှ မဖြစ်လို့ မုန်တိုင်းမိုး တစ်စက်မှလည်း မရခဲ့ပါဘူး။

အချပ်ပို(၁၅)သို့



နိုင်ငံတကာ ပွင့်လင်းမြင်သာမှုအဖွဲ့၏ ၂၀၁၂အတွက် အစီရင်ခံစာအရ မြန်မာနိုင်ငံသည် အဂတိလိုက်စားမှု အကင်းဆုံးစာရင်းတွင် ၁၇၆နိုင်ငံ၌အဆင့်၁၇၂တွင်ရှိနေသည်။ အောက်ဆုံးမှရေတွက်လျှင် အဆင့်-၅ဖြစ်သည်။ ယမန်နှစ်ထက်အဆင့်နှစ်ဆင့်တိုးတက်လာခြင်းဖြစ်ပြီး မြန်မာနိုင်ငံထက် အဆင့်နိမ့်သော တိုင်းပြည်များမှာ ဆူဒန်၊ အာဖဂန်နစ္စတန်၊ မြောက်ကိုရီးယားနှင့် ဆိုမာလီယာတို့ဖြစ်သည်။



ဒေါ်အောင်ဆန်းစုကြည်၏ ပထမဆုံးမဲဆွယ်ပွဲအဖြစ် ထားဝယ်သို့ရောက်ရှိလာစဉ်



# အထူးခြားဆုံးဖြစ်ရပ် ၁၀

## ရခိုင်ပဋိပက္ခ

၂၀၁၂ မေလကုန်ပိုင်းတွင် ရခိုင်တိုင်းရင်းသူတစ်ဦး အဓမ္မပြုကျင့်ခံရခြင်းက စတင်လိုက်သည့် လူမျိုးရေးအသွင်ဆောင်သည့် ရခိုပြည်နယ်တွင်း ပဋိပက္ခမီးက ၂၀၁၂ နှစ်ကုန်သည့်တိုင် မငြိမ်းနိုင်သေး။ ဘင်္ဂါလီလူမျိုးသုံးဦး၏ အဓမ္မပြုကျင့်ခံရသည့် မသီတာထွေး၏ သတင်းနှင့် ဓာတ်ပုံများ လူထုအတွင်းပျံ့နှံ့ထွက်ပေါ်လာပြီးနောက် ဇွန် ၃ ရက်တွင် တောင်ကုတ်မြို့ခံများက အဝေးပြေးကား တစ်စီးပေါ်လိုက်ပါလာသည့် အစ္စလာမ်ဘာသာဝင် ၁၀ ဦးအား ဝိုင်းဝန်းရိုက်နှက် သတ်ဖြတ်လိုက်ကြသည်။

ဤတွင် ဘာသာရေး၊ လူမျိုးရေးအသွင်ဆောင်သည့် ပဋိပက္ခက အကြီးအကျယ် စတင်တော့သည်။ ညမထွက်ရအမိန့်များထုတ်ပြန်ရသည်။ စစ်တပ် တပ်ရင်း ၅၁ ရင်းနှင့်န. စ. ကအင်အား၁,၀၀၀၊ ရဲအင်အား ၅,၀၀၀ တို့ အလုံးအရင်းချကာ ပဋိပက္ခကို တားဆီးရန် ကြိုးစားရသည်။ နိုင်ငံအနှံ့ အပြန်အလှန် ဆန့်ကျင်ဆန္ဒပြကြသည်။ နိုင်ငံတကာက ထိုပဋိပက္ခကို မျိုးတုံးသတ်ဖြတ်မှုအဖြစ် အမည်တပ်လာကြသည်။ အစိုးရကိုင်တွယ်မှုညံ့ဖျင်းပုံကို ဝိုင်းထောက်ပြကြ၏။ အစ္စလာမ်ကမ္ဘာမှ ခြိမ်းခြောက်သံကို စကြားရ၏။ နိုင်ငံအတွင်း ပြုပြင်ပြောင်းလဲမှုများအပေါ် သံသယနှင့်စိုးရိမ်သံများ ထွက်ပေါ်လာရသည်။

ခြောက်လကြာ ကာလအတွင်း လောင်စာများစွာဖြင့် ပိုအရှိန်မြင့် လာသည့် ရခိုင်ပဋိပက္ခက ငြိမ်လိုက်၊ ဖောက်လိုက်။ နှစ်ကုန်ပိုင်းတွင် အနည်းငယ် ငြိမ်သက်လာပြီဟု ယူဆနိုင်သော်လည်း မြို့နယ်အချို့တွင် ညမထွက်ရအမိန့် မရုပ်နိုင်သေးပါ။ ရခိုင်ပြည်နယ်မှ ပဋိပက္ခလုံးဝချုပ်ငြိမ်းရန်မှာ ညင်သာသိမ်မွေ့စွာဖြင့် ကာလရှည် ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်သည်။

## လွှတ်တော်နိုင်ငံရေးသို့ ဝင်ရောက်လာသည့် အင်န်အယ်လ်ဒီ

နိုင်ငံရေးအခင်းအကျင်းသစ်များနှင့် လွှတ်တော်နိုင်ငံရေးသို့ ဝင်ရောက်လာသော ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ၂၀၁၂ မြန်မာ့နိုင်ငံရေးမှတ်တမ်းတွင် အခန်းကဏ္ဍ ကြီးကြီးမားမားမှ ပါဝင်ခဲ့သည်။

အတိုက်အခံ ပါတီအဖြစ်မှ ကြားဖြတ် ရွေးကောက်ပွဲဝင်ရန်ဆုံးဖြတ်ပြီး လွှတ်တော်နိုင်ငံရေး လမ်းကြောင်းပေါ် လျှောက်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခြင်းကပင် ပြည်တွင်းပြည်ပ အသိုင်းအဝိုင်းက ရွေးကောက်ပွဲအပေါ် ပိုမိုအာရုံစိုက်စေခဲ့သည်။ ရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဒီချုပ်မှ လွှတ်တော်ကိုယ်စားလှယ် ၄၃ နေရာ အနိုင်ရခဲ့သည်။ ရွေးကောက်ပွဲအောင်ပွဲပြီးနောက် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ စကားရပ်တစ်ခုကြောင့် လွှတ်တော်တက်ရေး၊ မတက်ရေးကလည်း အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အတွက် နိုင်ငံရေး အကျပ်တည်းတစ်ခုသို့ ရောက်စေခဲ့သည်။ နောက်ဆုံးတွင် ဒီချုပ်သည် လွှတ်တော်တက်မည်ဟုကြေညာပြီး ၎င်းအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျမ်းသစ္စာ ကျိန်ဆိုခဲ့သည်။

ထို့နောက်ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည်က ၎င်းလုံးကို လှုပ်နှိုးစေခဲ့သည်။ နော်ဝေနိုင်ငံ အော်စလိုမြို့တွင် နိုဗယ်ငြိမ်းချမ်းရေးဆု ကိုယ်တိုင်ကိုယ်ကျလက်ခံရယူစဉ် ပြောကြားသောမိန့်ခွန်း အပါအဝင် ဥရောပခရီးစဉ်တစ်လျှောက် ၎င်း၏ အရှိန်အဝါကြီးမားမှုကိုလည်း တစ်ချိန်တည်းမှာပဲ မြင်ခဲ့ကြရသည်။

နောက်နှစ်လအကြာ စက်တင်ဘာတတိယပတ်အတွင်းသွားရောက်ခဲ့သော အမေရိကန်ခရီးစဉ်ကလည်း အမေရိကန် အပါအဝင်အနောက်အုပ်စု၏မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူထားမှု



၏ နှစ်ပေါင်းနှစ်ဆယ်ကျော်အတွင်း ပထမဆုံးပြည်ပခရီးအဖြစ် ထိုင်းနိုင်ငံခရီးစဉ်ကို မေလကုန်ပိုင်းတွင် ထွက်ခွာခဲ့သည်။ ထို့နောက် ဗြိတိန်နိုင်ငံအပါအဝင် ဥရောပခရီးရှည်ကိုဇွန်လအတွင်း ၁၇ ရက်ကြာ ထွက်ခွာခဲ့သည်။ ထိုခရီးစဉ်ကတော့ ထူးခြားမှုများနှင့် ပြည့်နှက်နေသည်။ အထူးသဖြင့် ဗြိတိသျှ ပါလီမန်တွင် ပြောကြားသော မိန့်ခွန်းက တစ်ကမ္ဘာများကို အကြီးမားဆုံး ဖြေလျှော့မှုများ ဖြစ်ပေါ်စေခဲ့သည်။

## နိုင်ငံရေးအကျဉ်းသား အများဆုံးလွှတ်

အရပ်သားအစိုးရက လွတ်ငြိမ်းချမ်းသာခွင့် တစ်နှစ်အတွင်း ငါးကြိမ်ပေးခဲ့သည်။ လွတ်ငြိမ်းချမ်းသာခွင့်တွင် ပါဝင်သူများက နိုင်ငံရေးသမားများနှင့် ရာဇဝတ်သားများဖြစ်သည်။ ဒုတိယအကြိမ်မြောက် လွတ်ငြိမ်းချမ်းသာခွင့်တွင်

မှု ယခင်အစိုးရလက်ထက်ရောယခု အရပ်သားအစိုးရ လက်ထက်တွင်ပါ ပေးခဲ့ဖူးသမျှ လွတ်ငြိမ်းချမ်းသာခွင့်များတွင် နိုင်ငံအတွင်း အကြီးမားဆုံးဂယက်ရိုက်ခဲ့သည့် လွတ်ငြိမ်းချမ်းသာခွင့်က ဇန်နဝါရီ ၁၃ ရက်က ဖြစ် သည်။ ကိုကိုကြီး၊ မင်းကိုနိုင် အပါ အဝင် ၈၈ မျိုးဆက် ကျောင်းသား များအဖွဲ့နှင့် ဦးခွန်ထွန်းဦး တို့ကဲ့သို့သော တိုင်းရင်းသားခေါင်းဆောင်များအား လွှတ်ပေးခဲ့ခြင်းဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်ပြီးလျှင် ပြည်တွင်းတွင်သာမက နိုင်ငံတကာကပါ ပြင်းပြင်းထန်ထန်တောင်းဆိုခဲ့သည့် နိုင်ငံရေးအကျဉ်းသားများ ပါဝင်လာခဲ့ခြင်းဖြစ်သည်။ သို့သော် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီနှင့် ၈၈ မျိုးဆက် ကျောင်းသားများအဖွဲ့စာရင်းများအရမူ နိုင်ငံရေး အကျဉ်းသားများ အကျဉ်းထောင်များထဲတွင်ကျန်ရှိနေဆဲဖြစ်သည်။

## စာပေစိစစ်မှုရပ်နား

နိုင်ငံအတွင်း ပုံနှိပ်ထုတ်ဝေသည့် စာလုံးတစ်လုံးတိုင်း၊ ရုပ်ပုံတစ်ပုံတိုင်းကို ပုံနှိပ်ထုတ်ဝေခြင်းမပြုမီ စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနသို့ကြိုတင်ခွင့်ပြုချက်တောင်းခံရသည့် ဆယ်စုနှစ် ငါးခုနီးပါးကြာ စာပေစိစစ်မှုဝါဒကို ၄၈ နှစ်နှင့်နှစ်ပတ်ကြာ ၂၀၁၂ ဩဂုတ်လ ၂၀ ရက်တွင် ရပ်နားလိုက်ပြီဖြစ်သည်။

ထိုနေ့မှစကာ ပြည်တွင်း၌ လွတ်လပ်စွာ ရေးသားထုတ်ဖော်ခွင့် အပြည့်အဝရရှိခဲ့ပြီဟု ဆိုနိုင်သော်လည်း ရေးသားထုတ်ဝေပြီးသမျှကို စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနသို့ ပြန်လည်တင်ပြနေရခြင်း၊ ၁၉၆၂ ပုံနှိပ်ဥပဒေအား ပြင်ဆင်ပယ်ဖျက်ခြင်း မရှိသေးခြင်း၊ ပုံနှိပ်မီဒီယာဥပဒေမှာယခုအချိန်အထိ မူကြမ်းအဆင့်ပင် ထွက်မလာသေးခြင်းတို့က လွတ်လပ်စွာရေးသားဖော်ထုတ်ခွင့်ရရှိသော နိုင်ငံတစ်နိုင်ငံအဖြစ်ကြေညာမှတ်သားနိုင်ရန် အဟန့်အတားဖြစ်နေသေးသည်။

သို့သော် ၂၀၁၂ ကုန်လုနီးအချိန် ဒီဇင်ဘာ ၂၈ ရက်က ပြန်ကြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ချက်တစ်ရပ် ကြေညာခဲ့သည်။ အရပ်သားအစိုးရသက်တမ်း ၂ နှစ်ပြည့်မည့် ဧပြီ ၁ ရက်တွင် နေ့စဉ်ထုတ်သတင်းစာများ ခွင့်ပြုမည့်သတင်းဖြစ်သည်။ ပြည်တွင်း မီဒီယာလောကသားများ တောင်းဆိုနေခဲ့ကြသည့် နေ့စဉ်ထုတ်သတင်းစာများ ထုတ်ဝေခွင့်ရတော့မည်ဖြစ်သည်။ ထို့ကြောင့် ၂၀၁၂ က သတင်းမီဒီယာသမားများအတွက် မင်္ဂလာနှစ်ဆိုက လည်းမှားမည်မထင်။

## လက်ပံတောင်းတောင်အရေး

နိုဝင်ဘာ ၂၉ ရက် အရုဏ်တက်လုနီးနီး နံနက် ၃ နာရီဝန်းကျင်က မုံရွာမြို့အနီးလက်ပံတောင်းတောင် ကြေးနီစီမံကိန်းတွင် ဖြစ်ပွားခဲ့သော စီမံကိန်းဆန့်ကျင်ရေး သပိတ်စခန်းများအား အင်အားသုံးဖြိုခွင်းမှုက အစိုးရသစ်လက်ထက် အကြမ်းတမ်းဆုံးနှင့်ရုပ်အဆိုးဆုံး ကိုင်တွယ်ဖြေရှင်းမှုတစ်ရပ် ဖြစ်ခဲ့သည်။ ထိုဒေသသို့ ဒေါ်အောင်ဆန်းစုကြည်ရောက်ရှိမည့်နေ့တွင် တိုက်ဆိုင်စွာ အဆိုပါ ဖြိုခွင်းမှုကြီး ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ သပိတ်စခန်းခြောက်ခုကို မီးသတ်ကားများဖြင့် ရေအားသုံး စတင်ဖြိုခွင်းပြီးနောက် မီးလောင်ဗုံးဟု ပြောဆိုနေကြသည့် လက်နက်တစ်မျိုးဖြင့် ပစ်ခတ်ခဲ့ရာ သပိတ်စခန်းများအတွင်း မီးလောင်ပေါက်ကွဲမှုများဖြစ်ပြီး သံဃာတော်များနှင့် ဒေသခံများ စုစုပေါင်း ၄၀ ကျော် မီးလောင်ဒဏ်ရာများ ရရှိခဲ့သည်။ အထူးသဖြင့် သံဃာတော်များတွင် ဆိုးရွားသည့် မီးလောင်ဒဏ်ရာများပြင်းထန်စွာ ရရှိခဲ့ခြင်းဖြစ်သည်။

အချပ်ပို(၄)သို့

7 DAY NEWS JOURNAL
Vol.11, No.43 • JANUARY 3 , 2013

အချုပ်ပိုင်း(၃)

# အထူးခြားဆုံးဖြစ်ရပ် – ၁၀

ထိုအကြောင်းအရာကပင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အစိုးရအဖွဲ့အား ပြည်သူများက တစ်ခဲနက်ဝေဖန်ရှုတ်ချခဲ့ကြသည့် အဓိကအကြောင်းအရာဖြစ်ခဲ့သည်။ တစ်ဆက်တည်းပင် သံဃာတော်များ၏ဆန္ဒဖော်ထုတ်ပွဲများကလည်း နေရာအနှံ့ ဖြစ်ပွားခဲ့သည်။ ထို့ကြောင့် နောက်ဆုံးတွင် အစိုးရအဖွဲ့ကိုယ်စား သမ္မတရုံးဝန်ကြီးဦးလှထွန်းက သံဃာထုကို ဝန်ချတောင်းပန်ခဲ့ရသည်။ အခင်းဖြစ်ပွားရာ နေရာသို့ ရောက်ရှိခဲ့သည့်ဒေါ်အောင်ဆန်းစုကြည်က ယင်းစီမံကိန်းနှင့် ပတ်သက်၍ လက်ပံတောင်းတောင်အရေး စုံစမ်းရေးကော်မရှင်တွင် ဦးဆောင်သူအဖြစ် ပါဝင်ခဲ့သည်။ စုံစမ်းရေးကော်မရှင်၏ ရလဒ်တစ်စုံတစ်ရာ ထွက်မလာသေးသော်လည်း ယင်းအဖွဲ့အစီရင်ခံစာကို ၂၀၁၃ ဇန်နဝါရီလအတွင်း အစိုးရအဖွဲ့ထံတင်သွင်းသွားမည်ဖြစ်သည်။

### တရားဝင်ဆန္ဒပြခွင့်ပေး

လူငါးယောက်ထက် ပိုမို စုဝေးလျှင် အဖမ်းခံရနိုင်သော အခြေအနေအောက်တွင် ဆယ်စုနှစ်ငါးခုကြာ နေထိုင်ခဲ့ရသည့် မြန်မာပြည်သူများမှာ ၂၀၁၂ ဇူလိုင် ၅ ရက်မှစ၍ တရားဝင်ဆန္ဒပြနိုင်ခဲ့သည်။ ပြည်ထဲရေးဝန်ကြီးဌာနက "ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ နည်းဥပဒေ" ကို ပြဋ္ဌာန်းခဲ့၍ ဖြစ်ပါသည်။ နိုင်ငံသားများအတွက် မိမိတို့၏ ရပိုင်ခွင့်နှင့်ဆန္ဒများ ဥပဒေနှင့်အညီ ဆန္ဒပြခွင့်ရသော အဆိုပါဥပဒေက အာဆီယံနိုင်ငံအချို့ထက်ပင် နိုင်ငံရေး၌ ပိုမိုပွင့်လင်းလာကာ စစ်အာဏာရှင်မှ ဒီမိုကရေစီနိုင်ငံသို့ ကူးပြောင်းမှု ပိုမိုအားကောင်းစေခဲ့သည်။ ဥပဒေထွက်ပြီး အခွင့်အရေး ပထမဆုံးအသုံးချသူများမှာ စက်မှုဇုန်များကြောင့် လယ်ယာမြေအသိမ်းခံရသော လယ်သမားများဖြစ်ပြီး ဇူလိုင် ၁၅ ရက်က ဥပဒေနှင့်အညီ ဆန္ဒပြခဲ့သည်။ ထို့နောက် အကြောင်းအရာ မျိုးစုံအတွက် ဆန္ဒပြမှုများမှာ နိုင်ငံတစ်ဝန်း မကြာခဏပြုလုပ်လာကြသည်။ ခွင့်ပြုချက်ဖြင့် ဆန္ဒပြသူများစွာရှိသကဲ့သို့ ခွင့်မပြုဘဲပြသူများလည်း ရှိခဲ့သည်။ သို့သော် နိုင်ငံရေးလှုပ်ရှားသူနှင့် ဆန္ဒပြပွဲများ ဦးဆောင်ကူညီပေးသော လှုပ်ရှားတက်ကြွသူများက နည်းဥပဒေပါ အချို့အချက်အချို့ကို မကြိုက်နှစ်သက်ကြပေ။




### တစ်ဒေါ်လာခြောက်ကျပ်၏ နိဂုံး၊ ထိန်းချုပ်ငွေလဲနှုန်းရှင်နိဒါန်း

တစ်ဒေါ်လာခြောက်ကျပ်နှင့် ညီသည်ဟု မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ခေတ်က သတ်မှတ်ခဲ့သော အစိုးရ၏ တရားဝင်ငွေလဲနှုန်းမှာ ၂၀၁၂ ဧပြီ ၂ ရက်တွင်မှ နိဂုံးချုပ်သွားသည်။ ခေတ်စနစ်နှင့်မလျော်ညီ၍ စီးပွားရေးပညာရှင်နှင့် လုပ်ငန်းရှင်တိုင်းက အစိုးရငွေ၏ တရားဝင်ငွေလဲနှုန်းပြောင်းလဲစေလိုသော ဆန္ဒမှာ ဧပြီ ၂ ရက်တွင်မှ ဗဟိုဘဏ်က တစ်ဒေါ်လာလျှင် ၈၁၈ ကျပ်ဖြင့် စတင်၍ ထိန်းချုပ်ငွေလဲနှုန်းရှင် စနစ် (Manage Floating System) ကျင့်သုံးလိုက်သောအခါတွင်မှ ပြည့်ခဲ့သည်။ ထိန်းချုပ်ငွေလဲနှုန်းရှင်စနစ် စတင်ကျင့်သုံးမှုမှာ အစိုးရသစ်လက်ထက် ငွေကြေးမူဝါဒ၊ ဘဏ်လုပ်ငန်းဆိုင်ရာ မူဝါဒပြောင်းလဲမှုများတွင် ယခုအချိန်အထိ အကြီးမားဆုံး ပြောင်းလဲမှုဖြစ်သည်။ တစ်ဒေါ်လာ ခြောက်ကျပ် သတ်မှတ်စဉ်က မှောင်ခိုဈေးကွက်အတွင်းမှ ဈေးနှုန်းနှင့် ကွာဟမှုလွန်စွာများပြားခဲ့သော်လည်း ယခုအခါ ကွာဟမှုများစွာ ကျဉ်းမြောင်းသွားပြီး မှောင်ခိုဈေးကွက်၏ ပမာဏကိုလျှော့ချနိုင်ခဲ့သည်။ သို့သော် ငွေလဲနှုန်းမှာ တရားဝင်နှုန်း၊ အပြင်ဈေးကွက်နှုန်း၊ FEC ဈေးနှုန်းဟူ၍ သုံးမျိုးရှိနေသေးပြီး ပို့ကုန်ရငွေနှုန်းမှာသာ မှစ၍ မရှိတော့ပေ။ ဗဟိုဘဏ်က ဆောင်ရွက်နေသော နိုင်ငံခြားငွေ တစ်ခုတည်းသောနှုန်း ပေါင်းစည်းရေးအတွက် ထိန်းချုပ်ငွေလဲနှုန်းရှင်စနစ်အောင်မြင်စွာ ကျင့်သုံးမှုမှာ ကြီးမားသော ခြေလှမ်းတစ်လှမ်းဖြစ်ခဲ့ပြီး ယခင်ထက် ငွေလဲနှုန်းများစွာ တည်ငြိမ်သွားသော်လည်း ပို့ကုန်အခြေပြု မြန်မာနိုင်ငံတွင် လက်ရှိငွေလဲနှုန်းများမှာ ပို့ကုန်လုပ်ငန်းများကိုကူညီပေးနိုင်သော ပို့ကုန်လုပ်ငန်းရှင်များအကြိုက်နှုန်း မဟုတ်သေးပါ။ ဒေါ်လာနှင့်ကျပ်ငွေလဲနှုန်း တိုက်ရိုက်ချိတ်ဆက်နိုင်သော်လည်း လယ်ယာထွက်ကုန်၊ အထည်နှင့်ရေထွက်ကုန်စသော ပို့ကုန်လုပ်ငန်းများကို ကူညီနိုင်သော နှုန်းမဖြစ်သေးခြင်းကြောင့်ပင် ကျဆင်းနေသော မြန်မာစီးပွားရေးအပေါ် ထိန်းချုပ်ငွေလဲနှုန်းရှင် သတ်မှတ်မှုက အကျိုးသက်ရောက်မှုများစွာ မရှိစေခဲ့ပါ။ ပို့ကုန်လုပ်ငန်းများကတော့ ၎င်းတို့အား ပိုမိုအကူအညီဖြစ်စေမည့် နှုန်းရောက်ရန် မျှော်လင့်နေဆဲဖြစ်သည်။

### အိုဘားမား၏ သမိုင်းဝင်ခြောက်နာရီ

ယခုနှစ်ပိုင်းအတွင်း မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော အိမ်မက်ဆန်ဆန် အဖြစ်အပျက်၊ အပြောင်းအလဲများထဲတွင် အိုဘားမား၏ခရီးစဉ်လည်းပါသည်။ ကမ္ဘာ့စူပါပါဝါ အမေရိကန်သမ္မတ အိုဘားမားက Air Force လေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ လာမည်ဟု ၂၀၁၂ အောက်တိုဘာလခန့်က ပြောသူရှိလာလျှင် ထိုလူ ရူးနေသည်ဟုပင် သတ်မှတ်ကြလိမ့်မည်။ အမေရိကန်သမ္မ အိုဘားမားနှင့် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်တို့ စီးနင်းလာသော Air Force လေယာဉ်ကြီး နှစ်စီးမှာ နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီ မိနစ် ၄၀ ဝန်းကျင်တွင် ရန်ကုန်လေဆိပ်သို့ ရောက်ရှိလာကာ သမိုင်းဝင် ခြောက်နာရီ ခရီးစတင်ခဲ့သည်။ အမေရိကန်သမ္မတများထဲတွင် ပထမဆုံးမြန်မာနိုင်ငံသို့လာသော အိုဘားမားက နိုင်ငံတော်သမ္မတဦးသိန်းစိန်၊ ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်၊ လွှတ်တော်ဥက္ကဋ္ဌ နှစ်ဦး၊ အရပ်ဘက်အဖွဲ့အစည်းများမှ ထင်ရှားသူများနှင့် တွေ့ဆုံဆွေးနွေးသွားခဲ့ပြီး ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် မိနစ် ၃၀ ကြာ သမိုင်းဝင်မိန့်ခွန်းပြောကြားခဲ့သည်။ အိုဘားမားခရီးစဉ် မတိုင်မီမှာပင် အမေရိကန်က မြန်မာအပေါ်ပိတ်ဆို့ထားသည်များမှ မြန်မာ ပို့ကုန်များကို တရားဝင် တင်သွင်းခွင့်ပြုခဲ့ခြင်း၊ ခရီးစဉ်အတွင်း မြန်မာနိုင်ငံအတွက် ၂နှစ်အတွင်း ဒေါ်လာ သန်း ၁၇၀ ပေးအပ်ရန် ကြေညာခဲ့ခြင်းတို့ပြုလုပ်ခဲ့သည်။ သို့သော် ယင်းတို့ထက် တန်ဖိုး ရှိသည်မှာ တရုတ်နိုင်ငံ၏ လွှမ်းမိုးလာမှုကို ပြန်လည်ထိန်းညှိနိုင်ရန် အမေရိကန်နှင့် ဆက်ဆံရေး ခြေတစ်လှမ်းတိုးနိုင်ခြင်း၊ အိုဘားမားခရီးစဉ်ကြောင့် မြန်မာနိုင်ငံ၏ ပုံရိပ်ကိုကမ္ဘာကပိုမိုသတိထားအသိအမှတ်ပြုလာခြင်းနှင့် ရင်းနှီးမြှုပ်နှံမည့်သူများအတွက် ယုံကြည်မှုတိုးလာခြင်းဖြစ်ကြောင်း နိုင်ငံရေးလေ့လာသူများက သုံးသပ်သည်။



### အစိုးရအဖွဲ့အတွင်း အကြီးမားဆုံးအပြောင်းအလဲ

နိုင်ငံရေးအပြောင်းအလဲ ပြုလုပ်နေချိန်တွင် ခေတ်နောက်ပြန်ဆွဲလိုသူများကို ချန်ထားခဲ့ရစ်မည်ဟု နိုင်ငံတော်သမ္မတက ပြောကြားအပြီး သုံးလကျော်အကြာတွင်သမ္မတက အစိုးရအဖွဲ့အတွင်း ကြီးမားသော အပြောင်းအလဲများကို ပြုလုပ်ခဲ့သည်။ ဩဂုတ်လ ၂၇ ရက် ၁၈ နာရီ (ညနေ ၆ နာရီ) ၄၅ မိနစ်တွင် နိုင်ငံတော်သမ္မတက ပြည်ထောင်စုဝန်ကြီးကိုးဦး ပြောင်းလဲ တာဝန်ပေးပြီး ဒုတိယဝန်ကြီး ၁၅ ဦးအား အသစ်ခန့်အပ်ကာ အစိုးရအဖွဲ့အတွင်းအပြောင်းအလဲကို အရှိန်ပြင်းပြင်းဖြင့် စတင်ခဲ့သည်။ ဩဂုတ် ၂၈ရက်တွင် ပြည်ထောင်စုဝန်ကြီးနှစ်ဦးနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ကို ရာထူးမှနုတ်ထွက်ခွင့်ပြုသည်။ စက်တင်ဘာ ၄ရက်တွင် သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်ကို ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်ပြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်ကို ကာကွယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်သည်။ အပြောင်းအလဲများမှာ ဤတွင် မပြီးသေးဘဲ ယခင်ပြည်ထောင်စုဝန်ကြီးဌာန ၃၄ ဌာနတွင် ပြည်ထောင်စုဝန်ကြီး ၃၀ ဦး ခန့်အပ်ထားရာမှ ဩဂုတ် ၃၁ ရက်တွင် ပြည်ထောင်စုဝန်ကြီးဌာန ၃၆ ဌာနတွင် ပြည်ထောင်စုဝန်ကြီး ၃၆ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာနကိုမူ ဖျက်သိမ်းခဲ့သည်။ ထူးခြားမှုမှာ အစိုးရအဖွဲ့တွင် အရပ်သားပညာရှင်များကို ခန့်အပ်ခဲ့ပြီး အမျိုးသမီးလေးဦးမှာလည်း အစိုးရအဖွဲ့တွင်း ခန့်အပ်ခြင်းခံခဲ့ရသည်။ ယခင်ဝန်ကြီးဌာနသုံးခုပင် ရှိနေသော သမ္မတရုံးဝန်ကြီးဌာနကို ခြောက်ခုအထိ ထပ်မံတိုးချဲ့ခဲ့သည့်အတွက် အစိုးရအဖွဲ့နှင့် လွှတ်တော်အားပြိုင်မှုများ ဖြစ်ခဲ့ပြီးနောက် သမ္မတရုံးဝန်ကြီးဌာနကို ထပ်မံတိုးချဲ့ခဲ့ခြင်းဖြစ်သည်ဟု နိုင်ငံရေးလေ့လာသူအချို့ကလည်း သုံးသပ်မှုများရှိသည်။

### ပိတ်ဆို့မှုများ ပြန်လည်ရုပ်သိမ်း

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အစိုးရက အမြဲလိုလားခဲ့သော အနောက်နိုင်ငံများမှ မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ ပိတ်ဆို့မှုများ ဖယ်ရှားပေးခြင်းကို နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ၏ ဆုလာဘ်အဖြစ် ၂၀၁၂ တွင် ရရှိခဲ့သည်။

ပိတ်ဆို့မှုများကို ဖယ်ရှားပေးပြီး အကူအညီအမြန်ဆုံး ပေးသော နိုင်ငံမှာ နော်ဝေနိုင်ငံဖြစ်ကာဩစတြေးလျကလည်းဇန်နဝါရီလဆန်းတွင် မြန်မာဝန်ကြီးများအပေါ် ငွေကြေးနှင့် ခရီးသွားလာခွင့်များပိတ်ပင်စာရင်းမှ ပယ်ဖျက်ပေးခဲ့သည်။ဥရောပသမဂ္ဂက မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများအနက် ပထမအဆင့်အဖြစ် သမ္မတအပါအဝင် အစိုးရထိပ်ပိုင်းအရာရှိများကို ဗီဇာပိတ်ပင် တားမြစ်ထားခြင်းကို ဇန်နဝါရီ ၂၃ ရက်တွင် ဖယ်ရှားပေးခဲ့ကြောင်း ကြေညာသည်။ ထို့နောက် ဧပြီလနောက်ဆုံးပတ်တွင် ဥရောပသမဂ္ဂအဖွဲ့က လက်နက်ရောင်းချ ပိတ်ပင်မှုမှလွဲ၍ စီးပွားရေးအရ ပိတ်ဆို့မှုအားလုံး တစ်နှစ်ဆိုင်းငံ့လိုက်သည်။ အမေရိကန်နိုင်ငံကလည်း ၁၅နှစ်အတွင်း ပထမဆုံးအကြိမ် အမေရိကန်ကုမ္ပဏီများ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံခွင့်ကို ဇူလိုင် ၁၁ ရက်မှ စတင်ခွင့်ပြုခဲ့သည်။ သို့သော် လက်နက်တင်ပို့ရောင်းချမှုကို ဆက်လက်တားမြစ်ထားသည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများကြောင့် အမေရိကန်နှင့်ဥရောပမှ ဖြေလျှော့မှုများ ဆက်တိုက် ပြုလုပ်ခဲ့ပြီး နိုဝင်ဘာ ၁၈ ရက်တွင် မြန်မာပို့ကုန်များ အမေရိကန်သို့ တင်သွင်းခွင့် အိုဘားမားက ခွင့်ပြုပေးခဲ့သည်။ ပိတ်ဆို့အရေးယူမှုများ ဖယ်ရှားပေးရခြင်း၏ အဓိက အကြောင်းရင်းမှာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများနှင့် ဒေါ်အောင်ဆန်းစုကြည်၏ အခန်းကဏ္ဍမှာ အဓိကကျသည်။ ပိတ်ဆို့မှုအများစုဖယ်ရှားသွားပြီဖြစ်သော်လည်း ကမ္ဘာ့ဈေးကွက်နှင့် ကာလရှည်ပြတ်တောက်နေခဲ့သော အခြေအနေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေထွက်ရှိခြင်း၊ ဘဏ်လုပ်ငန်း၊ မြေဈေးနှုန်းကြီးမြင့်ခြင်း၊ ကျွမ်းကျင်လုပ်သားရှားပါးမှု စသော အခြေခံအဆောက်အအုံများ အဆင်သင့်မဖြစ်သေးခြင်းတို့ကြောင့် နိုင်ငံခြားကုမ္ပဏီကြီးများ အင်နှင့်အားနှင့် ဝင်မလာနိုင်သေးပါ။ အကျိုးဆက်အဖြစ် နိုင်ငံ၏ပုံရိပ် ပိုမိုကောင်းမွန်လာသလို အစိုးရထိပ်ပိုင်းခေါင်းဆောင်များနှင့် လုပ်ငန်းရှင်ကြီးများမှာ စီးပွားရေး ပိတ်ဆို့မှုဖယ်ရှားခြင်း ရလဒ်ကို ခံစားနေရပြီဖြစ်သော်လည်း ပြည်သူများအနေဖြင့် မခံစားရသေး ပေ။

■



ဗိုလ်တလောင်ဆိပ်ကမ်းရှိ ကုန်သေတ္တာများကို တွေ့ရစဉ်

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# အပျိုစင်နိုင်ငံမှ နာလန်မထူနိုင်သေးသော ပြည်သူများ

■ အောင်သူရ၊ ပြည်သိမ်း၊ သိမ့်သိမ့်စိုး၊ မိုးညို

"များများမျှော်လင့်ချက်ကြီးတဲ့လူ၊ များများခံရတဲ့နှစ်"

၂၀၁၂ ခုနှစ် စီးပွားရေး အခြေအနေနှင့် ပတ်သက်၍ စီးပွားရေးလုပ်ငန်းများစွာ လုပ်ကိုင်နေသည့် ဝါးခယ်မ ရောင်းဝယ်ရေးကုမ္ပဏီ ဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက မှတ်ချက်ပြုခြင်း ဖြစ်သည်။

မရှုံးအောင်လုပ်နိုင်သူကိုလူတော်ဟု ခေါ်ရမည့်နှစ်ဟုလည်း ထပ်မံပြောဆိုကြသည်။

ကမ္ဘာက မြန်မာနိုင်ငံအား အခွင့်အလမ်း၊ အရင်းအမြစ်များစွာ နဂိုအတိုင်းရှိနေပြီး အလားအလာအလွန်ကောင်းသော အပျိုစင်နိုင်ငံဟုတင်စားနေချိန်တွင်မြန်မာ့စီးပွားရေးမှာမူ နာလန်မထူနိုင်ဘဲ ဆက်လက်ကျဆင်းနေသည်။

ပြည်တွင်းဝယ်လိုအား သိသိသာသာ ကျဆင်းခဲ့သည့်အတွက် သွင်းကုန်လုပ်ငန်းများ အလုပ်မဖြစ်ခဲ့သလို ပို့ကုန်လုပ်ငန်းများလည်း ထုတ်လုပ်မှုစရိတ်များ ကြီးမားနေဆဲဖြစ်သဖြင့်ထင်သလောက် အလုပ်မဖြစ်ခဲ့ပေ။

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ " Look (ကြည့်)၊ Listen (နားထောင်)၊ Learn (မှတ်သား)၊ Leave (ပြန်ထွက်သွား)တဲ့ အနေအထားသာရှိတယ်"ဟု ကုန်သည်စက်မှုအသင်းချုပ် ဒုဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက ပြောသည်။

ကုန်သွယ်မှုပမာဏနှင့် ရေထွက်ကုန် တင်ပို့မှုမှာ ကိန်းဂဏန်းအရ တက်လာသည်ဆိုသော်လည်း ထုတ်လုပ်မှုစရိတ်များ ကြီးမြင့်နေသေးသဖြင့် အားလုံးမှာ အရှုံးခံရောင်းနေရသည့်နှစ်ဟုလည်း ဦးဝင်းကြိုင်ကမှတ်ချက်ပြုသည်။

ရှားရှားပါးပါး ၂၀၁၂ခုနှစ်အတွက် အလုပ်ဖြစ်ခဲ့သော လုပ်ငန်းများနှင့်ပတ်သက်၍ "ခရီးသွားလုပ်ငန်း အလုပ်ဖြစ်တယ်။ မြေအရောင်းအဝယ် အလုပ်ဖြစ်တယ်။ မော်တော်ယာဉ်တင်သွင်းတဲ့လုပ်ငန်းကတော့ လုပ်ငန်းတစ်ခုဖြစ်လာတယ်။ ရတဲ့လူရတယ်။ မရတဲ့လူမရဘူး။ လယ်ယာနဲ့ သားငါးကဏ္ဍကတော့ကျဆင်းနေတုန်းပါပဲ"ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးချစ်ခိုင်ကဆိုသည်။

၂၀၁၂ ခုနှစ်တွင် တရုတ် နယ်စပ် အပါအဝင် နိုင်ငံတကာသို့ ဆန်တန်ချိန် ရှစ်သိန်းကျော် တင်ပို့နိုင်ခဲ့သော်လည်း ထိုက်သင့်သည့်စျေး မရရှိခဲ့ဟု ဦးချစ်ခိုင်က ပြောသည်။

လုပ်ငန်းရှင်ကြီးများ အလုပ်မကောင်းချိန်တွင် တစ်ပိုင်တစ်နိုင် လုပ်ကိုင်စားသောက်သူများမှာ ပိုမိုကျပ်တည်းနေကြသည်။

"ဒီနှစ်မှာ အရောင်းအဝယ်က အရမ်းပါးလာတယ်။ လူတွေလည်း အပိုသိပ်မဖြုန်းနိုင်ကြဘူးနဲ့ တူတယ်။ ငွေကြေးရှာဖွေရတာလည်း ခက်လာတယ်"ဟု စမ်းချောင်းမြို့နယ်တွင် ထမင်းဆိုင်ဖွင့်လှစ်ရောင်းချသူ ဦးပေါက်စီက ပြောသည်။

ဦးသိန်းစိန်ခေါင်းဆောင်သော အစိုးရသစ် တက်လာပြီးနောက်ပိုင်း နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများပြုလုပ်လာခဲ့သဖြင့် စီးပွားရေးနှင့် ပတ်သက်၍ ၂၀၁၂ ခုနှစ်တွင် မျှော်လင့်ချက်ထားရှိခဲ့ကြသည်။

သမ္မတဦးသိန်းစိန်၏ မတ်လ ၁ ရက်က အများပြည်သူသို့ ပြောကြားသော အစိုးရ သက်တမ်း တစ်နှစ်ပြည့် မိန့်ခွန်းတွင် စီးပွားရေးနှင့်ပတ်သက်၍ "စီးပွားရေးနယ်ပယ်မှာပုဂ္ဂလိကလုပ်ကိုင်နိုင်စွမ်းမြှင့်တင်ပေးနေသလိုနိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများကိုလည်း စွမ်းဆောင်ရည်မြင့်မားလာအောင် ဖွဲ့စည်းတည်ဆောက်မှုအပြောင်းအလဲတွေဆောင်ရွက်နေပြီဖြစ်ပါတယ်။ အရင်းအနှီးစျေးကွက်၊ ငွေကြေးစျေးကွက် ထွန်းကားရှင်သန်လာအောင် နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီးပြင်ဆင်မှုများ ဆောင်ရွက်နေပြီဖြစ်သလို အများပိုင် ကုမ္ပဏီတွေတိုးပွားရှင်သန်အောင်လည်း ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ပုဂ္ဂလိကဘဏ်တွေခိုင်မာကောင်းမွန်လာအောင်မြှင့်တင်ပျိုးထောင်ပေးနေသလိုအသေးစားနဲ့အလတ်စားစက်မှုလုပ်ငန်းရှင်တွေ အရင်းအနှီး၊ နည်းပညာ တိုးမြှင့်ရရှိစေရေးအတွက်လည်းကြိုးပမ်းဆောင်ရွက်နေပါတယ်။ ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းတွေမှာလက်ဝါးကြီးအုပ် ခြယ်လှယ်ချုပ်ကိုင်ထားတာတွေ လျှော့နည်းကျဆင်းသွားပြီး နိုင်ငံသားတိုင်း လက်လှမ်းမီ ရယူသုံးစွဲနိုင်ရေးအတွက် ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နိုင်ငံပိုင်လုပ်ငန်းများကို ပုဂ္ဂလိကပိုင် ပြောင်းလဲရာမှာလည်း လူတစ်စုလက်ဝယ်သို့ မရောက်ရှိစေရန်၊ မညီမျှမှုများ မဖြစ်ပေါ်စေရန်၊ စွမ်းရည်မြှင့်တင်မှုကို အဟန့်အတားမဖြစ်စေရန် အဖက်ဖက်က သုံးသပ်ပြီး ဆောင်ရွက်နေပါတယ်" ဟု ပြောဆိုခဲ့သည်။

သမ္မတက ၎င်း၏ ဒုတိယမြောက်နှစ်တွင် စီးပွားရေးကို ဦးစားပေး လုပ်ကိုင်သွားမည်ဖြစ်ကြောင်း တိုင်းပြည်ကို အသိပေးခဲ့သည်။

ထို့အပြင် နိုင်ငံတော်အစိုးရက ဘဏ္ဍာရေးကဏ္ဍတွင် ပြောင်းလဲမှုများစွာ ပြုလုပ်ပေးခဲ့သည်။ ပုဂ္ဂလိကဘဏ်များကို ဘဏ်ခွဲများစွာ ဖွင့်ခွင့်ပြုပေးခဲ့သည့် အပြင် ပြည်တွင်း ငွေကြေးစီးဆင်းမှုတွင် အရေးပါသည့်ဗဟိုဘဏ်ကိုသမ္မတကိုယ်တိုင် ဦးဆောင်၍ သီးခြားဖွဲ့စည်းရန် ပြင်ဆင်ခဲ့သည်။ ဗဟိုဘဏ်ဥပဒေကြမ်းကိုလည်း အများပြည်သူများ လေ့လာနိုင်ရန် နိုင်ငံပိုင်မီဒီယာများတွင် ကြေညာပေးခဲ့သည်။

ယခင် နှစ်ပေါင်းနှစ်ဆယ်ကျော်က ပြုပြင်နိုင်ခြင်းမရှိသည့် အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်သည့်နှုန်းကိုလည်း ယခုနှစ်ဧပြီ ၁ မှစတင်၍ ကန့်သတ်ထိန်းချုပ်နှုန်းရှင်ဖြင့် တစ်ဒေါ်လာလျှင် ၈၅၀ ကျပ်ဝန်းကျင် စတင်သတ်မှတ်ခဲ့သည်။ ယခင်အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲနှုန်းမှာအစိုးရကတရားဝင်သတ်မှတ်ချက်တွင် တစ်ဒေါ်လာလျှင် ခြောက်ကျပ်သာ သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ဘဏ္ဍာရေးနှင့် ပတ်သက်၍ ဇွန် ၁၅ ရက်တွင် ကျပ်တစ်သောင်းတန် ငွေစက္ကူကို ရိုက်နှိပ်ထုတ်ဝေခဲ့သော်လည်း ပြည်တွင်းစီးပွားရေးတွင် ငွေကြေးဖောင်းပွမှု ကြီးမားစွာမဖြစ်ပွားခဲ့ပေ။ နိုင်ငံတော်မှ အဆိုပါငွေကျပ်တစ်သောင်းတန်ကို ထိန်းထိန်းသိမ်းသိမ်း ထုတ်ဝေခဲ့ခြင်းကြောင့် ဖြစ်သည်။

ထို့အပြင် နိုင်ငံခြားဘဏ်များနှင့် ချိတ်ဆက်ခွင့်အပါအဝင် ကုန်သွယ်ရာတွင် ငွေပေးချေနိုင်ရန် L/C (Letter Credit) နှင့် T/T (Telegraph Transfer) တို့ကိုဖွင့်လှစ်ခွင့်ပြုခဲ့သည်။

နိုဝင်ဘာ ၁၅ ရက်တွင် ပြည်တွင်း ဘဏ်ဝန်ဆောင်မှုများ ဖြစ်သည့် နာမည်ကြီး Visa ၊ Master ကတ်ကုမ္ပဏီ ငွေလွှဲလုပ်ငန်း လုပ်ကိုင်သော Euro Money ကုမ္ပဏီနှင့်မြန်မာနိုင်ငံရှိ ပုဂ္ဂလိကဘဏ်အချို့ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည်။

အရင်းအနှီးစျေးကွက်ပေါ်ပေါက်ရန် ဂျပန်အကူအညီဖြင့် မဟာဗျူဟာကို ၂၀၁၂ခုနှစ်မှစတင်ရေးဆွဲသည့် အနေအထားသာရှိခဲ့ပြီး အများပိုင်ကုမ္ပဏီများတည်ထောင်ခွင့်ပြုခဲ့သည်။ စိုက်ပျိုးရေးအခြေပြု အများပိုင်ကုမ္ပဏီတစ်ခုဖြစ်သည့် MAPCO အများပိုင်ကုမ္ပဏီက ရှယ်ယာများရောင်းချခဲ့သည်။

အစိုးရ၏ နိုင်ငံရေးနှင့် ပတ်သက်သော ပြုပြင်ပြောင်းလဲမှုများကြောင့် ပိတ်ဆို့ထားမှုများကို နော်ဝေနိုင်ငံက ဦးစွာဖယ်ရှားပေးခဲ့ပြီး ဥရောပသမဂ္ဂက မြန်မာနိုင်ငံအပေါ် ပိတ်ဆို့မှုများကို ဧပြီလမှစတင်၍ တစ်နှစ်ဆိုင်းငံ့ပေးခဲ့သည်။

အမေရိကန်နိုင်ငံကလည်း မြန်မာနိုင်ငံတွင်း ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ရန် အမေရိကန်အစိုးရကလည်း ၎င်း၏ကုမ္ပဏီများကို ခွင့်ပြုပေးခဲ့သည်။ ယင်းအကျိုးဆက်အဖြစ် GE Electronic ကုမ္ပဏီအပါအဝင် ပက်စီ၊ ကိုကာကိုလာ အချိုရည်ကုမ္ပဏီများ ရင်းနှီးမြှုပ်နှံမှု၌ ပြန်ဝင်လာခဲ့သည်။

ထို့အပြင် နိုဝင်ဘာ ၁၈ ရက်မှစ၍ အမေရိကန်အစိုးရက မြန်မာ့ပို့ကုန်များအပေါ် ပိတ်ဆို့မှုများ ဖယ်ရှားပေးခဲ့သလို ဥရောပနိုင်ငံများနှင့် ဩစတြေးလျနိုင်ငံတို့က မြန်မာနိုင်ငံအပေါ် ပိတ်ဆို့မှုများ ဖယ်ရှားပေးခဲ့သည်။

ဂျပန်နိုင်ငံကလည်း မြန်မာနိုင်ငံသို့ အင်အားကောင်းကောင်းဖြင့် ဝင်လာသည်။ အကြွေးအများစုကို လျှော်ပစ်ခဲ့သည်။

*အချပ်ပို(၆) သို့*

အချပ်ပို(၆) သို့

**၁၅** မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ပေးဆပ်ရန်ရှိသည့် ကြွေးမြီ အတိုးအရင်းစုစုပေါင်းမှာ အမေရိကန် ဒေါ်လာ ၁၅ ဘီလီယံ(၁၅,၀၈၉ ဒသမ ၄၃၄ သန်း)ကျော်ရှိသည်။ ပြည်ပသို့ပေးဆပ်ရမည့် ကြွေးမြီများအပြင် ပြည်တွင်းကြွေးမြီစုစုပေါင်း ကျပ်သန်းပေါင်း ၉,၉၈၈,၈၅၇ ရှိကြောင်းလည်း ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးမောင်မောင်သိမ်းကအောက်တိုဘာ ၂၄ ရက်တွင် ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေး၌ ကိုယ်စားလှယ်တစ်ဦး၏ မေးမြန်းမှုကို ဖြေကြားစဉ် ထည့်သွင်းပြောကြားသွားသည်။

7DAY NEWS JOURNAL
Vol.11, No.43 • JANUARY 3 , 2013



ဒေါက်တာနေဝင်းမောင်

# ကမ္ဘာမြေကို နှုတ်ဆက်သွားကြသူများ

ဥက္ကာကိုကို၊ ဗိုလ်ဗိုလ်ဝင်း



ဆရာလူထုစိန်ဝင်း



ဖဒိုစောဒေးဗစ်တော



ခင်မောင်တိုး

ကမ္ဘာ့နောက်ဆုံးနှစ်အဖြစ် ကောလာဟလများ ကျယ်ပြန့်စွာ ထွက်ပေါ်ခဲ့သော ၂၀၁၂ ကိုဖြတ်သန်းကုန်ဆုံးခဲ့ပါပြီ။

ယခုနှစ်တွင် မြန်မာနိုင်ငံ၏ တန်ဖိုးမဖြတ်နိုင်သော ပညာရှင်များစွာ ကြွေလွင့်ခဲ့ရပါသည်။ သိက္ခာတော်ရ ဆရာတော်ကြီးများစွာ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ကြသည်။ တိုင်းကျိုးပြည်ပြုစာပေလောကသားများစွာ ကြွေလွင့်ခဲ့ကြသည်။ ဂီတစာဆိုများ၊ တေးပြုသူများ၊ နိုင်ငံ့ဂုဏ်ဆောင်မော်ကွန်းဝင်ပုဂ္ဂိုလ်များ၊ သတင်းစာဆရာကြီးများ၊ နိုင်ငံရေးသမားကြီးများ တိမ်းပါးခဲ့ကြသည်။

မြန်မာနိုင်ငံအတွက် အပြောင်းအလဲများ လျင်မြန်များပြားစွာ ဖြစ်ပေါ်ခဲ့သည့် နှစ်တစ်နှစ်ဖြစ်သကဲ့သို့ နယ်ပယ်အသီးသီးမှ ကျွမ်းကျင်ပညာရှင်များ၊ အောင်မြင်ကျော်ကြားသူ များစွာကိုလည်း ဝမ်းနည်းဖွယ် ဆုံးရှုံးခဲ့ရသည့် နှစ်တစ်နှစ်လည်း ဖြစ်ပါသည်။

ယခုနှစ်တွင် အရွယ်ကြီးရင့်နေပြီဖြစ်သည့် ရဟန်းသံဃာတော်ကြီးများ၊ စာပေပညာရှင်ကြီးများ၊ စစ်ဘက်ဆိုင်ရာအရာရှိကြီးများ အများဆုံး ကြွေလွင့်ခဲ့ကြသည်ကို တွေ့ရသည်။

၂၀၁၂ အတွင်းကြွေလွင့်ခဲ့သည့် နယ်ပယ်အသီးသီးမှ ထူးချွန် ကျော်ကြားသူတို့အနက်မှ အောင်မြင်ထင်ရှားသူ အချို့ကြွေလွင့်ခဲ့သည့်မှတ်တမ်းများကိုထုတ်နုတ်ဖော်ပြလိုက်ပါသည်။

ယခုနှစ်အစ ဇန်နဝါရီ၁ရက် နံနက်၁နာရီ၁၀မိနစ်တွင် Living Color မဂ္ဂဇင်းနှင့် The Voice Weekly ဂျာနယ်ပဲ့ကိုင်ရှင် အမှုဆောင် အရာရှိချုပ်၊ Myanmar Egress တည်ထောင်သူများထဲမှတစ်ဦးဖြစ်သူ ဒေါက်တာနေဝင်းမောင် (ဆောင်းပါးရှင် အောင်ထွန်း)သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ နှလုံးရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။

ဇန်နဝါရီ ၁၅ ရက်တွင် အသက် ၆၅ နှစ်အရွယ် ရန်ကုန်အဝေးသင် တက္ကသိုလ်၊ မြန်မာစာဌာန၊ တွဲဖက်ပါမောက္ခ (ငြိမ်း)၊ မြန်မာစာဆရာကြီး ဦးလှထွန်းကွယ်လွန်ခဲ့သည်။ ဆရာဦးလှထွန်းသည် နာဂသိန်ဦးလှထွန်း အမည်ဖြင့် ပညာရေးလောကတွင် နာမည်ကျော်ကြားခဲ့သည်။

ဖေဖော်ဝါရီ ၂၄ရက်တွင် ရုပ်ရှင်သရုပ်ဆောင်ဦးသိုက်စိုး(ခ) ဗိုလ်သိန်းလွင်(ငြိမ်း)၊ မော်ကွန်းဝင် တတိယဆင့်ကွယ်လွန်ခဲ့ပြီး ကွယ်လွန်ချိန်တွင် အသက် ၈၉ နှစ်ရှိပြီဖြစ်သည်။

မတ်လ ၁၉ ရက် တွင် အသက် ၈၅ နှစ်အရွယ် အမျိုးသားစာပေဆုရ၊ လူမှုထူးချွန် ပထမဆင့်၊ စာပေနှင့်ဂီတ ကန်တော့ခံသက်ကြီး ပညာရှင်၊ မြန်မာ့အသံသီချင်းကြီး စိစစ်ရေးဘုတ်အဖွဲ့ဝင်၊ နိုင်ငံတော် ဆိုင်းအဖွဲ့ဝင် နှဲ ဦးမြကြီး (ကော့မှူး) ကွယ်လွန်ခဲ့သည်။

မေ ၅ ရက်တွင် ကန်တော့ခံသက်ကြီး စာပေပညာရှင် ဦးအေးဖေ(တိုင်းရင်းမေဂျာနယ်)(၉၉နှစ်) ကွယ်လွန်ခဲ့ပြီး မေ ၁၇ ရက်တွင် တေးသံ ရှင် ဒေါ်မြသက်မူ(ခ) ဒေါ်အေးငြိမ်း(၇၆နှစ်)ကွယ်လွန်ခဲ့သည်။

မေလအတွင်း ကွယ်လွန်သူများမှာ မေ ၅ ရက်တွင်မြန်မာ့အသံ ညမွှေးပန်းဂီတအဖွဲ့မှ ဂီတစာဆို ညမွှေးပန်းကိုတင်ထွတ်(၇၂ နှစ်)၊ မေလ ၁၃ ရက်တွင် မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး ဥက္ကဋ္ဌ ဦးစိန်မာဒင် (၇၉နှစ်)၊ မေလ ၁၇ ရက်တွင် နိုင်ငံကျော် ဦးဂျမ်းလုံချည်မှ ဦးဂျမ်း(၈၆ နှစ်)၊ မေလ ၂၁ ရက်တွင်ဦးလှမောင်(ခ) ကာယဗလလှ မောင်လေး (၁၀၂ နှစ်)တို့ ဖြစ်ကြသည်။

နိုင်ငံကျော်ဆိုင်း ဆရာကြီး ဦးစိန်မြင့်ခိုင်(ခ) ဦးမြင့်သိန်း(၆၅ နှစ်) သည် ဇွန်လ ၁၃ ရက်တွင် ကွယ်လွန်ခဲ့ပြီး ဇွန်လ ၁၇ ရက်တွင် အသက် ၇၂ နှစ်အရွယ်ရှိပြီဖြစ်သည့် စာရေးဆရာ၊ သတင်းစာဆရာကြီး လူထုစိန်ဝင်း(ခ)ဦးဝင်းဖော် ကွယ်လွန်သွားခဲ့သည်။ မြန်မာနိုင်ငံ ဂီတအစည်းအရုံးမှ ၈၄ နှစ်အရွယ် အဆိုတော်ရဲဘော်စိုးနိုင်သည် ဇွန် ၂၆ ရက်တွင် ကွယ်လွန်ခဲ့သည်။

ဇူလိုင်လ ၄ ရက်တွင် အငြိမ်းစား သံအမတ်ကြီး ဝဏ္ဏကျော်ထင် ဦးသက်ထွန်း(၈၆နှစ်) ကွယ်လွန်ခဲ့သည်။

ဩဂုတ်လ ၈ ရက်တွင်မြန်မာနိုင်ငံ ဓာတ်ပုံအသင်း နာယက တက္ကသိုလ်ကျော်စိန်(၇၅နှစ်)ကွယ်လွန်ခဲ့သည်။

စက်တင်ဘာ ၂၃ ရက်တွင် ကန်တော့ခံသက်ကြီး စာပေပညာရှင်၊ ထွန်းဖောင်ဒေးရှင်းစာပေဆုရှင်၊ ဂျပန်ခေတ် စစ်တက္ကသိုလ် အပတ်စဉ်(၃)၊ လွတ်လပ်ရေးမော်ကွန်းဝင်ဒုတိယအဆင့်၊ နိုင်ငံ့ဂုဏ်ရည် ဒုတိယအဆင့်စာရေးဆရာကြီး ဝမ်းအိုဝမ်းကျော်ဝင်းမောင် (ခ) ဝလီမိုဟာမွဒ် (၉၃ နှစ်) ကွယ်လွန်ခဲ့သည်။

ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော (၉၃ နှစ်) သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့ ဆေးရုံ၌ အောက်တိုဘာ ၁၀ရက် နံနက် ၃ နာရီခွဲ အချိန်တွင် ကွယ်လွန်ခဲ့သည်။

အောက်တိုဘာ ၁၂ ရက်တွင် ၉၃ ဆီးဂိမ်းငွေတံဆိပ် ရမြန်မာ့လက်ရွေးစင် ဘောလုံးအသင်းနောက်တန်း ကစားသမားဟောင်း၊ ဆောက်သမ်းမြန်မာ လက်ထောက်နည်းပြ ဦးစောဘမြင့်သည် လေ့ကျင့်ခန်းပြုလုပ်အပြီး နားနေချိန်တွင် ရုတ်တရက် နှလုံးခုန်ရပ်ကာ ကွယ်လွန်သွားသည်။

အောက်တိုဘာ ၁၄ ရက်တွင် အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး ရရှိရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သော ကရင်အမျိုးသား အစည်းအရုံးမှဗဟိုတရားရေးတာဝန်ခံ ဖဒိုစောဒေးဗစ်ထော(၆၅နှစ်) ကွယ်လွန်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်စိတ်ပညာဌာန၊ အငြိမ်းစားပါမောက္ခ ဆရာမကြီး ဒေါ်ခင်အေးဝင်း (၇၄နှစ်) သည် အောက်တိုဘာ ၁၅ ရက် နေ့လယ်ပိုင်းက ဘန်ကောက်မြို့တွင် အဆုတ်ရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။

နိုဝင်ဘာ ၁၅ ရက်တွင် စင်ကာပူစံတော်ချိန် နံနက် ၈ နာရီ ၁၈ မိနစ်၌ စတီရီယိုခေတ်ဦးကာလ အဆိုတော်ကြီး တစ်ဦးဖြစ်သူ ဦးခင်မောင်တိုး(၆၃ နှစ်)သည် အသည်းကင်ဆာရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။

အကြောင်းအမျိုးမျိုးကြောင့် ၂၀၁၂ခုနှစ်တွင် ချစ်သောမိသားစုနှင့် အသိုင်းအဝိုင်းကို ခွဲခွာ၍ ဘဝတစ်ပါးသို့ကူး ပြောင်းသွားကြသူများအားလုံး ကောင်းရာဘုံဘဝသို့ ရောက်ရှိနိုင်ကြပါစေကြောင်း 7Day News မှ ဆုတောင်းအပ်ပါသည်။

## အချုပ်ပို(၅) အပျိုစင်နိုင်ငံမှ နာလန်မထူနိုင်သေးသော ပြည်သူများ မှ

အစိုးရက ပွင့်လင်းမြင်သာရှိရန် ယခုနှစ်အတွင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် သတင်းစာများမှတစ်ဆင့် အိတ်ဖွင့်တင်ဒါများလည်း ခေါ်ယူခဲ့သည်။

"ထင်သာမြင်သာရှိအောင်လုပ်လားဆိုတော့ ပြောရတာ ခက်သေးတယ်။ သတင်းကြိုရတဲ့သူက ပြင်ဆင်နိုင်တယ်။ တချို့ကြေညာတယ်ဆိုတာကလည်း ကြော်ငြာဘုတ်မှာကပ်ထားတဲ့ အနေအထားမျိုးပဲရှိသေးတယ်"ဟု စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဒေါက်တာစိုးထွန်းကပြောသည်။

လွှတ်တော်၏ ဆောင်ရွက်ချက်နှင့် ပတ်သက်၍ ပြည်သူ့လွှတ်တော်အမတ် ဦးကြည်မြင့် (လသာ)က "အဓိက ထင်ရှားတာကတော့ FDI Law (နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ)ပေါ့။ တစ်နှစ်လုံးမှာ လွှတ်တော်က ဒီကိစ္စပဲ အဓိကဆောင်ရွက်ခဲ့တယ်"ဟုဆိုသည်။ သို့သော် အဆိုပါ ဥပဒေမှာ နည်းဥပဒေမထွက်သေး၍ အသက်မဝင်သေးပေ။

အထူးစီးပွားရေးဇုန်များနှင့် ပတ်သက်၍ ထားဝယ်အထူးစီးပွားရေးဇုန်ကို ထိုင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန် ကတိပြုခဲ့သည်။ ထားဝယ်အထူးစီးပွားရေးဇုန်ကို ၂၀၁၀ မှ ၂၀၁၉ နှစ်များအတွင်း အီတာလျံထိုင်းကုမ္ပဏီနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ရန် သဘောတူညီထားသော်လည်း ၂၀၁၂ နှစ်လယ် ဇူလိုင်လတွင် ထိုင်း-မြန်မာ နှစ်နိုင်ငံအစိုးရချင်း ပူးပေါင်းဆောင်ရွက်ရန် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးခဲ့သည်။ သီလဝါအထူးစီးပွားရေးဇုန်ကိုလည်း ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန် ပဏာမ သဘောတူညီခဲ့ကြသည်။

စီးပွားရေးတွင်ပြုပြင်ပြောင်းလဲမှုအချို့ ရှိခဲ့သော်လည်း ရာသီဥတု ဖောက်ပြန်မှုများကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ အထိနာခဲ့ကြသည်။ ဇူလိုင်နှင့် ဩဂုတ်လများတွင် မြန်မာနိုင်ငံအလယ်ပိုင်း၌ မိုးခေါင်ခဲ့သဖြင့် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ အဓိကစိုက်ပျိုးသော တောင်သူများ အထိနာခဲ့သည်။ မြန်မာပြည်အောက်ပိုင်းတွင်မူ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းဒေသကြီးတို့တွင် မိုးများပြီး လယ်များ ရေမြုပ်ခဲ့သဖြင့် မျိုးစပါးအပါအဝင် စိုက်ပျိုးစရိတ် အရင်းအနှီးများ ဆုံးရှုံးခဲ့ရသည်။ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မိုးစပါးစိုက်ဧက ငါးသိန်းကျော် ပျက်စီးခဲ့ရသည်။ စပါးပေါ်ချိန်တွင်လည်း အချိန်အခါမဟုတ်မိုးကြောင့်စပါးခင်းများ ပျက်စီးခဲ့ရပြန်သည်။

သမ္မတဦးသိန်းစိန် အစိုးရအနေဖြင့် ယခင်က စိုက်ပျိုးရေးကို အခြေခံပြီး အခြားသောစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးအဖြစ် ဦးတည်ခဲ့သည်။ ယခုအခါ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအဖြစ်သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။ သို့သော် ရာသီဥတုဖောက်ပြန်ခြင်းနှင့် ဈေးကွက်အခိုင်အမာ မရှိခြင်းတို့ကြောင့် တစ်နှစ်ထက်တစ်နှစ် ပိုဆိုးလာခဲ့သည်။

အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၏ ထုတ်ပြန်ချက်အရ ပြုပြင်ပြောင်းလဲမှုများ လမ်းကြောင်းအပေါ် ဆက်လျှောက်လှမ်းပါက မြန်မာ့စီးပွားရေးတွင် ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) မှာ ၇ မှ ၈ ရာခိုင်နှုန်းအထိ တိုးတက်လာနိုင်သည်ဟု ခန့်မှန်းထားခဲ့သည်။ စိုက်ပျိုးရေးကို အခြေခံသော စီးပွားရေးမှ ကုန်ချောထုတ်လုပ်ခြင်းနှင့် ဝန်ဆောင်မှုကဏ္ဍများ ချဲ့ရန်လိုအပ်သည်ဟု အကြံပြုထားသည်။

သို့သော် ရာသီဥတုပြောင်းလဲမှု၊ စီးပွားရေးလုပ်ဆောင်မှုများ ညစ်ညမ်းမှုများနှင့် ပြည်တွင်းရေးမှ ပဋိပက္ခများမှ တင်းမာမှုများကြောင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုအတွက် စွန့်စားရနိုင်ခြေများရှိနိုင်သည်ဟု အာရှဖွံ့ဖြိုးရေးဘဏ်က ထောက်ပြထားသည်။

သမ္မတဦးသိန်းစိန်အနေဖြင့် ငါးနှစ်တာကာလအတွင်း စီးပွားရေးကို ငါးဆတိုးရန်၊ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP)ကို တစ်နှစ်လျှင်ပျမ်းမျှ ၇ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းဆောင်ရွက်နေကြောင်း ဇွန်လ ၉ ရက်တွင် ပြုလုပ်ခဲ့သော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်သော မိန့်ခွန်း၌ အထက်ပါအတိုင်း ပြောကြားခဲ့သည်။

မြန်မာ့စီးပွားရေးသည် ၂၀၁၂ ခုနှစ်အတွင်း တိုးတက်မှုနှုန်း ၅ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ၆ ဒသမ ၃ ရာခိုင်နှုန်းရှိလိမ့်မည်ဟု ကမ္ဘာ့ဘဏ်က ခန့်မှန်းထားသည်။ ပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်နေသော်လည်း မြန်မာသည်အာရှတိုက်၏ အဆင်းရဲဆုံးနိုင်ငံများ တွင်ပါဝင်နေပြီး လေးဦးတွင် တစ်ဦးဆင်းရဲနေကာ တစ်နေ့ဝင်ငွေတစ်ဒေါ်လာအောက်သာရှိသည့်ဆင်းရဲမွဲတေမှု မျဉ်းအောက်မှာသာ ရှိနေဆဲဖြစ်ကြောင်း ကမ္ဘာ့ဘဏ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။


"ပေါ်လစီအားလုံးကောင်းပါတယ်။ Plan တွေအားလုံးကောင်းတယ်။ အကောင်အထည်ဖော်တဲ့အပိုင်းမှာ အားနည်းချက်တွေရှိတယ်။ အခြေခံလိုအပ်ချက်တွေကို မဖြည့်နိုင်ဘူး"ဟု ပေါ်လစီရေးရာကျွမ်းကျင်သူ ဒေါက်တာစိုးထွန်းကသုံးသပ်သည်။

ဒီဇယ်တင်သွင်းမှု အပါအဝင် မှောင်ခိုလုပ်ငန်းများ လျော့ကျအောင် ဆောင်ရွက်ရန် လုပ်ငန်းများ ချထားပေးရာတွင် လူတစ်စုသာရရှိနေမှုများနှင့် တရားဥပဒေစိုးမိုးမှု အားနည်းနေခြင်း၊ အခြေခံအဆောက်အအုံ အားနည်းနေခြင်းနှင့် မြေဈေးများကြီးမားနေခြင်းတို့ကို ပြင်ဆင်ရန် လိုအပ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်များက အကြံပြုကြသည်။

၂၀၁၃ ခုနှစ် စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်၍ ကုန်သည်စက်မှုအသင်းချုပ် ဒုဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက "မရေရာတဲ့စနစ် မဖြစ်စေချင်ဘူး"ဟု မှတ်ချက်ပြု ပြောကြားပြီး မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်ကမူ "၂၀၁၃ မှာရော အလုပ်ဖြစ်မှာလား။ အိမ်မက်မက်လို့ကော ရပ့်မလား"ဟုမှတ်ချက်ပေးသည်။

7 ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.43 • JANUARY 3 , 2013





# လူမိုက်တွေ ရမ်းကားခဲ့သောနှစ်

**သန်းငွေး၊အေးမြတ်သူ**

**"ဆင်းရဲနွမ်းပါးမှုသည် ရာဇဝတ်မှုတို့၏ မိခင်ဟုဆိုလျှင် စိတ်ထားကောင်းမရှိခြင်းမှာ ရာဇဝတ်မှုတို့ ၏ ဖခင်ပင်ဖြစ်သည်"**

-ယန်း၊ ဒီ၊ လာ၊ ဘရူယဲ (၁၆၄၅-၁၆၉၆)
ပြင်သစ်သရော်စာ စာရေးဆရာ။

မြန်မာနိုင်ငံတစ်ဝန်းမှာတော့သွေးလန့် တုန်လှုပ်ချောက်ချားဖွယ်ကောင်းသော အုပ်စုဖွဲ့အကြမ်းဖက်၊ ရိုက်နှက်၊ သတ်ဖြတ်၊ မီးရှို့၊ လူသတ်မှု များစွာဖြစ်ပွားခဲ့ပါသည်။ အထူးသဖြင့် ယခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် မှုခင်းများကြောင့် လူထုအနေဖြင့် စိုးရိမ်ကြောင့်ကြ၊ ထိတ်လန့်တုန်လှုပ်မှုများ ဖြစ်ခဲ့ကြပြီး မိမိတို့၏ လုံခြုံရေးအတွက် ပူပန်စိုးရိမ်မှုများပင် ရှိခဲ့ကြသည်။

ဧပြီ ၄ ရက် ညသန်းခေါင်ကျော် လူခြေတိတ်ချိန်တွင် သင်္ဃန်းကျွန်းမြို့နယ်လေးထောင့်ကန်လမ်းမကြီးထက် စက်ပျက်၍ ရပ်ထားသော ပါရမီအဓိပတိ(အဖြူ)ယာဉ်လိုင်းမှ ကားတစ်စီးကို ဂျစ်ကားတစ်စီး ဝင်တိုက်မှုနှင့်ပတ်သက်၍ အဓိပတိယာဉ်လိုင်းမှ မကျေနပ်သောကြောင့် လူ ၃၀ ကျော်က သင်္ဃန်းကျွန်းမြို့နယ် ဆ/ခ ရပ်ကွက်နေ ပြည်သူများအား ရိုက်နှက်ခဲ့သည်။ ရပ်ကွက်အတွင်းနေ ပြည်သူများအတွက် အုတ်အော်သောင်းတင်း ဖြစ်ရပ်များ ညသန်းခေါင်ကျော် အိပ်မောကျစအချိန်တွင် ကြုံတွေ့ခံစားခဲ့ရခြင်းဖြစ်သည်။

နေပြည်တော် ပျဉ်းမနားမြို့တွင်မဟာသင်္ကြန်ကာလအတွင်း ဧပြီ ၁၇ ရက်၌ အရက်သောက်ထားကြသောအသက်၃၀ခန့်လူငယ်လေးဦးက ၎င်းတို့ရေကစားမဏ္ဍပ်



ရက်စက်စွာ အသတ်ခံခဲ့ရသော အသက်၁၆နှစ်အရွယ် မိန်းကလေး၏ရုပ်အလောင်းသယ်ယူလာစဉ်

အတွင်း ဝင်ရောက်ကခုန်သော အသက် ၄၈ နှစ်အရွယ် အမျိုးသားကြီးတစ်ဦးကို ဓားဖြင့်ခုတ်၊ တုတ်ဖြင့်ရိုက်ကာ ဝိုင်း၍သတ်လိုက်ကြသော ဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့သည်။

မေ ၃၀ ရက်နံနက် ၁၀ နာရီအချိန်ခန့်က လမ်းမတော်မြို့နယ်တွင် တက္ကသိုလ်ဝင်တန်းဖြေဆိုထားသော အသက် ၁၆နှစ်အရွယ် အမျိုးသမီးငယ်တစ်ဦးအား သာကေတမြို့နယ်အတွင်း နေထိုင်သော အသက် ၄၀ နှစ်ရှိ အမျိုးသားတစ်ဦးက အိမ်ထဲဝင်၊ ဓားဖြင့်ထိုးသတ်၍ အလောင်းအား စောင်ဖြင့်အုပ်ပြီး မီးရှို့ကာ အိမ်မှသိန်းတစ်ရာကျော်တန် ရတနာပစ္စည်းများ ယူဆောင်ခဲ့သော မှုခင်းတစ်ခု ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ဖြစ်ရပ်မှာ ရန်ကုန်မြို့လယ်၊ တရုတ်တန်းရှိလူစည်ကားရာနေရာနံနက်ခင်းအချိန်တွင်ပင် တိုက်ခန်းအတွင်း၌ မိန်းကလေးငယ်တစ်ဦးတည်းရှိစဉ် ချေးငွေလာယူနေကျ အိမ်အဝင်အထွက်ရှိဘူးသူက ဓားဖြင့်နောက်မှ ငါးချက်ခုတ်၍ သတ်ဖြတ်ပြီး မီးလောင်ပြီးသေသွားသောပုံစံ ဖန်တီးခဲ့သော လူသတ်မှုကြောင့် ရန်ကုန်မြို့နေ လူအများ ထိတ်လန့်တုန်လှုပ်ခဲ့ရပေသည်။

**"**
**မင်းမဲ့စရိုက်ဆန်သော အုပ်စုဖွဲ့လူသတ်မှုများ၊ လူမြင်ကွင်းမှာပင် အတင့်ရဲစွာ လူသတ်မှုများ၊ ယခင် မကြားခဲ့ဖူးဘဲ ဇာတ်လမ်းဆန်ဆန် လူသတ်မှုများ ပိုမိုများလာခြင်းနှင့် ပတ်သက်၍ ပြည်သူအများစုက တရားဥပဒေစိုးမိုးမှုကို မေးခွန်းထုတ်သည်။**

နောက်တစ်လအကြာရုပ်ရှင်ဇာတ်လမ်းဆန်ဆန် လူသတ်မှုဖြစ်စဉ်တစ်ခု လူနေတိုက်ခန်း တစ်ခုအတွင်း ဖြစ်ပွားခဲ့သည်။ ကမာရွတ်မြို့နယ် လှည်းတန်းဈေးအနီး လှည်းတန်း (၇)လမ်း တိုက်ပေါ်တွင်ဆေးတက္ကသိုလ်ကျောင်းဆင်းဆရာဝန်မလေး နေသောအခန်းအား ရည်းစားဖြစ်သူက ဓါတ်ဆီလောင်းမီးရှို့ရာအဆိုပါမိန်းကလေးမှာ မီးလောင်ဒဏ်ရာများဖြင့် ကွယ်လွန်ခဲ့သည်။

မေလ ၂၈ရက်တွင်ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် ကျောက်နီမော်ကျေးရွာတွင် ရခိုင်တိုင်းရင်းသူ မသီတာထွေးအား ဘင်္ဂါလီလူမျိုးသုံးဦးက အဓမ္မပြုကျင့်ကာ ပစ္စည်းလုယက်၊သတ်ဖြတ်ခဲ့သည်။ အဆိုပါဖြစ်စဉ်ကို မကျေနပ်သော ရခိုင်တိုင်းရင်းသားအချို့က ဇွန်လ ၃ ရက်တွင် တောင်ကုတ်မြို့သို့ ခရီးသည်တင်ကားဖြင့်ရောက်လာသော အစ္စလာမ်ဘာသာဝင် အမျိုးသား ၁၀ဦးအားဝိုင်းဝန်းသတ်ဖြတ်မှု ဖြစ်ပေါ်ခဲ့သည်။

ထို့နောက်ပဋိပက္ခမှာပိုမိုကြီးထွားလာပြီး နှစ်ဖက်စလုံးမှ အုပ်စုဖွဲ့အပြန်အလှန်သတ်ဖြတ်မှု၊နေအိမ်မီးရှို့မှုများကြောင့် ဇူလိုင် ၃၀ ရက် သတင်းထုတ်ပြန်ချက်အရ သေဆုံးသူ ၇၇ ဦးနှင့် ဒဏ်ရာရသူ ၁၀၉ဦး ရှိခဲ့သည်။

အဆိုပါပြဿနာမှာ နှစ်လခန့်ခေတ္တမျှ ငြိမ်သက်ပြီးနောက် အောက်တိုဘာ ၂၁မှ ၃၀ရက်အတွင်း တစ်ကျော့ပြန်ဖြစ်ပွားခဲ့ရာ သေဆုံးသူ ၈၉ ဦးနှင့် ဒဏ်ရာရသူ ၁၃၆ ဦး ရှိခဲ့ပြန်သည်။

ထို့ကြောင့် ရခိုင်ပြည်နယ် ပဋိပက္ခကြောင့် သေဆုံးသူစုစုပေါင်း ၁၆၆ ဦးရှိခဲ့ပြီး ဒဏ်ရာရသူ ၂၄၅ ဦးထိပင်ရှိခဲ့ရာ ဆယ်စုနှစ်များစွာအတွင်း လူသေဆုံး၊ ဒဏ်ရာရသူအများဆုံး ပဋိပက္ခဖြစ်ခဲ့သည်။

စက်တင်ဘာ ၁၀ ရက် ညနေ ၄ နာရီအချိန်တွင် ကမာရွတ်မြို့နယ် ဗဟိုလမ်း၌ တိုက်ခန်းငှားနေသော ရုပ်သံဇာတ်လမ်းတွဲ သရုပ်ဆောင်အဖြစ် အရွေးခံထားရသည့် မေဇွန်၏ အိမ်ဖော်မလေး အသတ်ခံရမှုကလည်း ကြားရသူတိုင်း၏ စိတ်နှလုံးဝယ် မချမ်းမြေ့ဖွယ်ကိစ္စတစ်ရပ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

စက်တင်ဘာ ၂၇ ရက် ညမှစတင်ကာ ရော်ဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ ရှားခဲကြီး၊ ရှားခဲလေးအင်းအနီးဝန်းကျင်တွင် ဝိုင်းဝိုင်းလည်ငါးကုန်ထုတ်သမဝါယမအသင်းဝင်လူများနှင့်ဒေသခံရေလုပ်သားများအကြား အုပ်စုဖွဲ့အပြန်အလှန်ရိုက်နှက်မှုများ ဖြစ်ပွားခဲ့သည်။ ထိုဖြစ်ရပ်ကိုလုံခြုံရေးရဲတပ်ဖွဲ့ဝင်အင်အား ၂၀၀ ခန့်က ကားသုံးစီးဖြင့် ရောက်ရှိလာပြီး ထိန်းသိမ်းရာမှ သေနတ်ရှစ်ချက်ခန့်ပစ်ခတ်ခဲ့သောကြောင့်ဒေသခံနှစ်ဦးသေဆုံးကာနှစ်ဦးမှာဒဏ်ရာရရှိခဲ့သည်။

ထို့နောက် ရန်ကုန်မြို့၏ အထင်ကရနေရာတစ်ခုဖြစ်သော အင်းလျားကန်ပေါင်ပေါ်တွင် အောက်တိုဘာ ၁ ရက် ည ၉ နာရီခန့်က အမျိုးသား ၁၄ ဦးသည် ဆိုင်ကယ်များဖြင့် ရောက်လာကြပြီး ကန်ပေါင်လုံခြုံရေးဝန်ထမ်းတစ်ဦးနှင့် စားသောက်ဆိုင်ဝန်ထမ်းအချို့ကိုရိုက်နှက်ခဲ့ကြသည်။ မြို့လယ်ခေါင်တွင် မင်းမဲ့စရိုက်ဆန်စွာ ထိုသို့ရိုက်နှက်မှုကြောင့် လူအများအံ့သြခဲ့ရသည်။

အောက်တိုဘာ ၁၀ ရက် ညတွင် မြိတ်မြို့နယ် ကန်ဖျားရပ်ကွက်၌ အရက်မူးနေသော အသက် ၂၀ ဝန်းကျင် လူငယ်လေးဦးက ဆိုင်ကယ်နှစ်စီးဖြင့် မောင်းသွားရင်း တွေ့သမျှ ကားများ၊ နေအိမ်များနှင့် ရုံးအဆောက်အအုံများ၏ မှန်တံခါးများကို အုတ်ခဲ၊ ကျောက်ခဲများဖြင့် ပစ်ပေါက်ဖျက်ဆီးသော လုပ်ရပ်ကို ရပ်ကွက်နေပြည်သူများ ကြုံတွေ့ခံစားခဲ့ရသည်။

အောက်တိုဘာ ၂၃ ရက် ည ၁၁ နာရီခွဲအချိန်တွင် ကားပြိုင်မောင်းနှင်နေသူ အမျိုးသမီးတစ်ဦး အပါအဝင် လူငယ်ကိုးဦးက လမ်းလျှောက်သီချင်းဆိုလာသူနှင့်ဆီကုန်းဘိုးဘွားရိပ်သာမှ သန့်ရှင်းရေးဝန်ထမ်းကို ၎င်းတို့အား စောင်းမြောင်းသီဆိုသည်ဟုစွပ်စွဲကာ ဘိုးဘွားရိပ်သာရှေ့မှာပင် ဝိုင်းဝန်းရိုက်နှက်ပြီး ရေအိုးဖြင့် ဦးခေါင်းအား ရိုက်ခွဲခဲ့၍ သန့်ရှင်းရေးဝန်ထမ်းတစ်ဦးမှာ ပွဲချင်းပြီးသေဆုံးခဲ့သည်။ မျက်မြင်သက်သေအမြောက်အမြား လူမြင်ကွင်းနေရာတွင် အုပ်စုဖွဲ့ ပြစ်မှုကျူးလွန်နေသည့်တိုင် ဝင်ရောက်ဖျန်ဖြေတားဆီးနိုင်စွမ်း မရှိခဲ့ဘဲ လူတစ်ယောက်လုံး သေသည်အထိ ရိုက်နှက်နေခြင်းကို လူအများက ရပ်ကြည့်နေခဲ့ကြသည်။

အလားတူ အောက်တိုဘာ ၂၈ ရက် ည ၁၁ နာရီခွဲအချိန်တွင်လည်း ရန်ကုန်မြို့လယ် ဆူးလေဘုရားလမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ မီးပွိုင့်၌ ကိုယ်ပိုင်ယာဉ်မောင်းလာသူတစ်ဦးကို ပြိုင်ကားမောင်းသူသုံးဦးက သံပိုက်များဖြင့် ရိုက်နှက်ခဲ့သည်။

အထက်ပါဖြစ်ရပ်များဖြစ်ပြီး သုံးရက်အကြာ နိုဝင်ဘာ ၁ ရက် နံနက် ၁ နာရီအချိန်တွင် ကမာရွတ်မြို့နယ် အင်းစိန်လမ်းနှင့် စံရိပ်ငြိမ် ၃ လမ်းထိပ်၌ မောင်းနှင်နေသော မတ်ခ်တူးယာဉ်ကို အနက်ရောင်စတစ်ကာကပ်ထားသည့်ယာဉ်တစ်စီးကကားရှေ့တွင်ပိတ်ရပ်ပြီး အမျိုးသားနှစ်ဦးက ဆဲဆိုကာ သံတုတ်၊ သစ်သားတုတ်များဖြင့် ကားမှန်များအား ရိုက်ခွဲခဲ့ပြီး တစ်ဆက်တည်း လူကိုပါ အန္တရာယ်ပြုခဲ့သည်။ အုပ်စုဖွဲ့ ဝိုင်းရိုက်ခံရသော ကားပေါ်ပါ အမျိုးသမီးနှစ်ဦးနှင့် အမျိုးသားတစ်ဦးမှာလည်း ဒဏ်ရာများ ရရှိခဲ့သည်။

နိုဝင်ဘာ ၂၉ ရက် ည ၁၁ နာရီခွဲ အချိန်က လှော်ကားမြို့နယ် တာဆုံလမ်းပေါ်ရှိလက်ဖက်ရည်ဆိုင်ရှေ့တွင် လူအယောက် ၃၀ ခန့်က လက်ဖက်ရည်ဆိုင်တွင် ထိုင်နေသော လူငယ်တစ်ဦးအား ဓားဖြင့်ထိုး၊ တုတ်ဖြင့်ဝိုင်းရိုက်သောကြောင့် အဆိုပါတက္ကသိုလ်ကျောင်းသားလူငယ်မှာ သေဆုံးခဲ့သည်။

ရက်စက်စွာပြစ်မှုကျူးလွန်သော အထက်ပါကဲ့သို့ အမှုအခင်းများ မကြာခဏ ခပ်စိပ်စိပ်ဖြစ်ပွားနေခြင်းသည် ငြိမ်ဝပ်ပိပြားမှု မရှိခြင်းနှင့် တရားဥပဒေ စိုးမိုးမှုမရှိခြင်းတို့၏ အကျိုးဆက်အဖြစ် ဖော်ပြနေသည်ဟု တရားလွှတ်တော်ရှေ့နေ ဦးကိုနီက သုံးသပ်ပြောကြားခဲ့သည်။

မင်းမဲ့စရိုက်ဆန်သော အုပ်စုဖွဲ့လူသတ်မှုများ၊ လူမြင်ကွင်းမှာပင် အတင့်ရဲစွာ လူသတ်မှုများ၊ ယခင် မကြားခဲ့ဖူးဘဲ ဇာတ်လမ်းဆန်ဆန်လူသတ်မှုများပိုမိုများလာခြင်းနှင့်ပတ်သက်၍ ပြည်သူအများစုက တရားဥပဒေစိုးမိုးမှုကို မေးခွန်းထုတ်သည်။ အချို့က ဒီမိုကရေစီနိုင်ငံသို့ ကူးပြောင်းလာရာတွင် လူ့အဖွဲ့အစည်း၏ ပိုမိုပွင့်လင်းလွတ်လပ်လာမှု၏ ဘေးထွက်ဆိုးကျိုးဟုလည်း ပြောသူရှိသည်။ အများစုက ရဲတပ်ဖွဲ့များ၏ စွမ်းဆောင်မှုအပေါ် မေးခွန်းထုတ်သည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ ကိုယ်တိုင်ကလည်း အထူးသဖြင့် ရန်ကုန်မြို့တွင် တပ်ဖွဲ့ဝင်အင်အား မလုံလောက်သေးကြောင်း ပြောကြားဖူးသည်။

သေချာသည်က နိုင်ငံသားအားလုံး ဥပဒေနှင့်အညီ နေထိုင်ကြရန်၊ လူသားအချင်းချင်း စာနာမှုရှိရန်၊ တဒင်္ဂဒေါသကို ရှေ့တန်းမတင်ရန်၊ တရားစီရင်ရေးက ကျောသားရင်သား မခွဲခြားပဲ ဆုံးဖြတ်၍ အပြစ်ဒဏ်များ ချမှတ်ရန်၊ ရဲတပ်ဖွဲ့များ၏ စွမ်းဆောင်ရည် မြင့်မားလာရန် လွန်စွာလိုအပ်နေပြီဖြစ်သည်။

**"ရာဇဝတ်မှုနှင့် ဆိုးရွားသော အသက်ရှင်နေထိုင်ရမှု ဘဝတို့သည် နိုင်ငံတော်တစ်ရပ်၏ ဆုံးရှုံးမှုကို တိုင်းတာထားခြင်းဖြစ်သည်။ အဆုံးတွင် ရာဇဝတ်မှုအားလုံးသည် လူ့အဖွဲ့အစည်း၏ ရာဇဝတ်မှုသာ ဖြစ်ချေတော့သည်။"**

**-အိပ်ချ်ဂျီ၊ ဝဲလ် (၁၈၆၆-၁၉၄၆)**
**အင်္ဂလိပ်-အမေရိကန်**
**စာရေးဆရာကြီး။**

■ **ဇန်နဝါရီ ၁** - စက်သုံးဆီဈေးကို နှုန်းရှင်စနစ်ဖြင့် စတင်ရောင်းချ။

■**ဇန်နဝါရီ ၉** -ထားဝယ်ရေနက်ဆိပ်ကမ်းမှမဂ္ဂါဝပ်၄၀၀၀ကျောက်မီးသွေး လျှပ်စစ်စက်ရုံစီမံကိန်းရပ်ဆိုင်း။

■**ဇန်နဝါရီ ၁၂** - ကေအင်န်ယူငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် ကရင်ပြည်နယ်အစိုးရပြည်နယ်အဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ ငြိမ်းချမ်းရေးအတွက် ပဏာမသဘောတူ လက်မှတ်ရေးထိုးခြင်းနှင့် ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲတွင် ဆက်လက်ဆွေးနွေးရန် မူအားဖြင့် သဘောတူညီချက် (၁၁)ချက်ကို သဘောတူ။

■**ဇန်နဝါရီ ၁၃** - အစိုးသစ်လက်ထက် လေးကြိမ်မြောက် လွတ်ငြိမ်းချမ်းသာခွင့်ပေး၊ နိုင်ငံရေးအကျဉ်းသား အများဆုံးလွှတ်ပေးခဲ့။

■**ဇန်နဝါရီ ၂၈** -ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးအဖွဲ့နှင့် ရှမ်းပြည်တပ်မတော်တို့ တွေ့ဆုံဆွေးနွေးပြီး သဘောတူညီချက် လက်မှတ်ရေးထိုး။

■**ဇန်နဝါရီ ၃၀** - နိုင်ငံတော်မှ နိုင်ငံတကာသို့ ပေးဆပ်ရန်ရှိသည့် အကြွေးစာရင်း ကြေညာ။

■**ဖေဖော်ဝါရီ ၁** - အောင်ဘာလေသိန်းထီ အထူးဆု ကျပ်သိန်း ၁၅၀၀ စတင်ချီးမြှင့်။

■**ဖေဖော်ဝါရီ ၁၄**- အမျိုးသမီးသီးသန့်ယာဉ် စတင်ပြေးဆွဲ။

■**ဖေဖော်ဝါရီ ၂၂**- ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့်ပွဲတော်ကျင်းပ။

■**မတ် ၆** -မိုဘိုင်းဖုန်းများ၏ ကနဦးတပ်ဆင်ခများကို ကျပ်နှစ်သိန်းဖြင့်ရောင်းရန် မေလ ၁၄ ရက်တွင် စတင်သတင်းထုတ်ပြန်။

■**မတ် ၁၅** - နိုင်ငံ့ဝန်ထမ်းများအား အပိုထောက်ပံ့ကြေး ကျပ်သုံးသောင်းနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲ၍ ဝေးလံခေါင်သီသည့် ဒေသများမှ ဝန်ထမ်းများအား ယင်းထောက်ပံ့ကြေးအပြင် လစာနှင့်ညီမျှသည့်ငွေကိုပါ ဒေသစရိတ်အဖြစ် ဧပြီ ၁ ရက်မှ စတင်ထုတ်ပေးမည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်။

■**မတ် ၁၆** -Voice ဂျာနယ်ပါ ဝန်ကြီးဌာနအချို့၏ ကျပ်သိန်းထောင်ချီ အလွဲသုံးစားသတင်းအား မမှန်မကန်ဖော်ပြသည့်အတွက် ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြ။

■**မတ် ၂၃** -ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် ၁၆/ ၂၀၁၂ဖြင့် ဖားကန့်၊ ဗန်းမော်၊ မိုးကောင်း ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များတွင် ကြားဖြတ်ရွေးကောက်ပွဲ ရွှေ့ဆိုင်းကြောင်း ကြေညာ။

■**ဧပြီ ၁** -ကြားဖြတ်ရွေးကောက်ပွဲကျင်းပခဲ့။

■**ဧပြီ ၁** -ပို့ကုန်ရငွေဖျက်သိမ်း၊ ဝင်ငွေခွန်နှုန်းထားသစ် ကြေညာ။

■**ဧပြီ ၁** -သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ ပြဋ္ဌာန်း။

■**ဧပြီ ၂** -နိုင်ငံခြားငွေလဲလှယ်နှုန်း ပြင်ဆင်သတ်မှတ်။

■**ဧပြီ ၅** -နိုင်ငံခြားသားများ အမေရိကန်ဒေါ်လာ တစ်သောင်း (သို့မဟုတ်) ၎င်းနှင့်ညီမျှသောငွေအား အကောက်ခွန်သို့ မကြေညာဘဲ ယူဆောင်နိုင်။

■**ဧပြီ ၅** -လွှတ်တော်များဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းသို့ မြန်မာနိုင်ငံသည် ၁၆၂ နိုင်ငံမြောက်အဖြစ် ဝင်ခွင့်ရ။

■**ဧပြီ ၁၃** -ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်း ဦးဆောင်သည့်အဖွဲ့ မြန်မာနိုင်ငံသို့လာရောက်၊ သမ္မတဦးသိန်းစိန်၊ ဒေါ်အောင်ဆန်းစုကြည်တို့နှင့် တွေ့။

■**ဧပြီ ၂၁** -သမ္မတဦးသိန်းစိန် ဂျပန်-မဲခေါင် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်။

■**ဧပြီ ၂၁** -ဂျပန်နိုင်ငံဝန်ကြီးချုပ် ယိုရှီဟီကိုနိုဒနှင့် ပူးတွဲထုတ်ပြန်သည့် ကြေညာချက်တွင် မြန်မာနိုင်ငံသို့ ကူညီထားသော ဂျပန်ယန်းငွေများ ပြန်လည်ညှိနှိုင်းမည်ဖြစ်ကြောင်းနှင့် ကြွေးမြီနှင့် နောက်ကျကြေး၏ ၆၀ ရာခိုင်နှုန်းအား ကြွေးလျှော်ပေးမည်ဖြစ်ကြောင်း ကြေညာ။

■**မေ ၂** -ကြားဖြတ်ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ ကျမ်းသစ္စာကျိန်ဆို။

■**မေ ၇** -စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက နိုင်ငံခြားဘဏ်ငွေစာရင်း ရှိသူတိုင်းကို ၂၀၀၇ ခုနှစ် မော်ဒယ် အထက်ကားများကို တန်ဖိုးသတ်မှတ်ချက်မရှိဘဲ တင်သွင်းခွင့်ပြု။

■**မေ ၁၁** -ပြည်ထောင်စုသမ္မတရုံး ဝက်ဘ်ဆိုက်လွှင့်တင်။

■**မေ ၁၇** - ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံးအကြိမ် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်အဖြစ် ဒဲရစ်မစ်ချယ်အား အမည်စာရင်းတင်သွင်းကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က ကြေညာ။

■**မေ ၁၈** -ကန်ထရိုက်လုပ်ငန်းများအတွက် လိုင်စင်အာမခံကြေး ကျပ်သိန်း ၁၀၀ မှ ၅၀၀ အထိ ပြောင်းလဲကောက်ခံ။

■**မေ ၂၀** - မန္တလေးတွင် လျှပ်စစ်မီး ဆန္ဒပြ၊ လူထုနှစ်သောင်းခန့် ပါဝင်ဆင်နွှဲ။

■**မေ ၂၉** - အမျိုးသားဒီမိုကရေစီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် ၂၄ နှစ်အတွင်း ပထမဆုံး ပြည်ပခရီးစဉ်အဖြစ် ထိုင်းနိုင်ငံသို့ ထွက်ခွာ။

■**ဇွန် ၁** - ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ၂၆ နိုင်ငံကို ဆိုက်ရောက်ဗီဇာ ခွင့်ပြုခဲ့။





ဓာတ်ပုံ - မြဝတီ






■**ဇွန် ၆** -မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ကျပ်တစ်သောင်းတန် ငွေစက္ကူ အမျိုးအစားသစ်ကို ဇွန် ၁၅ ရက်တွင် စတင်ထုတ်ဝေမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်။

■**ဇွန် ၈** -ဘာသာပေါင်းစုံငြိမ်းချမ်းရေးအဖွဲ့ (မြန်မာ)တွင် ဘာသာကြီးလေးခုမှ ဘာသာရေးခေါင်းဆောင်များ ပါဝင်ပြီး မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးအဖွဲ့၏ ၉၁ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံဖြစ်လာ။

■**ဇွန် ၁၃** -စီးပွားရေး/လူမှုရေးအကြံပေးကောင်စီ တရားဝင်ဖွဲ့စည်းကြောင်း နိုင်ငံတော်သမ္မတရုံးထုတ်ပြန်။

■**ဇွန် ၂၁** -ပြည်ပနိုင်ငံမှ နိုင်ငံအကြီးအကဲ မဟုတ်သူများတွင် ဒုတိယမြောက် မိန့်ခွန်းပြောသူအဖြစ် ဗြိတိသျှပါလီမန်တွင် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြော။

■**ဇူလိုင် ၃** -မြန်မာလူငယ်ဘောလုံးအသင်း အာရှ ယူ-၂၂ ခြေစစ်ပွဲအောင်။

■**ဇူလိုင် ၄** - ဒုသမ္မတ သီဟသူရတင်အောင်မြင့်ဦး တာဝန်မှ နုတ်ထွက်စာတင်၊ ဒုသမ္မတရာထူး လစ်လပ်ခြင်း နိုင်ငံတော်သမ္မတ၏ သဝဏ်လွှာအား ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် ဖတ်ကြား။

■**ဇူလိုင် ၅** -ပြည်ထဲရေးဝန်ကြီးဌာနက ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ နည်းဥပဒေထုတ်ပြန်။

■**ဇူလိုင် ၅** - ကမ္ဘာကျော်အက်ရှင်မင်းသား၊ ယူနီဆက်ဖ် သံတမန် ဂျက်ကီချန်း မြန်မာနိုင်ငံသို့ သုံးရက်ကြာ လာရောက်။

■**ဇူလိုင် ၉** - ပုဂ္ဂလိကဘဏ်များကို နိုင်ငံခြားငွေစာရင်း ဖွင့်ခွင့်ပေး။

■**ဇူလိုင် ၉** - ရန်ကုန်နှင့် မန္တလေးနည်းပညာတက္ကသိုလ်များ အဆင့်မြှင့်၍ ပြန်လည်ဖွင့်လှစ်ရန် ကြေညာ။

■**ဇူလိုင် ၁၁** - အမေရိကန်သမ္မတအိုဘားမား ၁၅ နှစ်အတွင်း ပထမအကြိမ်အဖြစ် အမေရိကန်ကုမ္ပဏီများကို မြန်မာနိုင်ငံတွင် တရားဝင် ရင်းနှီးမြှုပ်နှံရန် ခွင့်ပြု။

■**ဇူလိုင် ၁၉** - အာဇာနည်နေ့အခမ်းအနားသို့ ဒုသမ္မတဒေါက်တာ စိုင်းမောက်ခမ်း တက်ရောက်။

■**ဩဂုတ် ၁၂** - မြေခွန်သက်သာခွင့်စနစ်ရပ်ဆိုင်း၊ ဝင်ငွေရလမ်း မဖော်ပြနိုင်ပါက ဝင်ငွေခွန် ၃၀ ရာခိုင်နှုန်းနှင့် တံဆိပ်ခေါင်းခွန် ၇ ရာခိုင်နှုန်း သတ်မှတ်။

■**ဩဂုတ် ၁၅** - ဒုတိယသမ္မတအဖြစ် ရွေးချယ်ခံရသူ ဦးညဏ်ထွန်း၊ ပြည်သူ့လွှတ်တော်တွင် ကတိသစ္စာပြု။

■**ဩဂုတ် ၂၂** - ကမ္ဘာကျော် နိုင်ငံရေးဒဿနပညာရှင် ဖရန်စစ်ဖူကူယားမား မြန်မာနိုင်ငံသို့ လာရောက်။

■**ဩဂုတ် ၃၁** - မီးဖွားခွင့်ဥပဒေကို ပြဋ္ဌာန်းပြီး ရက်သတ်မှတ်ချက်ကို သုံးလသို့ တိုးမြှင့်။

■**စက်တင်ဘာ ၃** - တပ်မတော်တွင်း စစ်မှုထမ်းနေသည့် အရွယ်မရောက်သေးသူ ၄၂ ဦးကို မိဘထံပြန်လည်လွှဲအပ်။

■**စက်တင်ဘာ ၆** - နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ရာထူးမှနုတ်ထွက်။

■**စက်တင်ဘာ ၁၆** - ဒေါ်အောင်ဆန်းစုကြည် အမေရိကန်ပြည်ထောင်စုသို့ ငါးရက်ကြာ သွားရောက်။

■**စက်တင်ဘာ ၁၆** - ဒေါ်ခင်ကြည်ပြီးလျှင် ဒုတိယမြောက် အမျိုးသမီးသံအမတ်အဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန၊ ညွှန်ချုပ် ဒေါ်ယဉ်ယဉ်မြင့်ကို ဘရူနိုင်းဒါရုဆလင်မ်နိုင်ငံဆိုင်ရာ သံအမတ်အဖြစ်ခန့်အပ်။

■**စက်တင်ဘာ ၁၉** - သမ္မတနှင့် လွှတ်တော်ဥက္ကဋ္ဌတို့အား ဘဏ္ဍာရေးပိတ်ဆို့မှု ဖယ်ရှား။

■**စက်တင်ဘာ ၁၉** - သမ္မတဦးသိန်းစိန် တရုတ်နိုင်ငံ ယန်လင်းစိုက်ပျိုးရေးနှင့် သစ်တောတက္ကသိုလ်မှ ပေးအပ်သော ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ လက်ခံရရှိ။

■**စက်တင်ဘာ ၂၇** - ကုလသမဂ္ဂတွင် သမ္မတဦးသိန်းစိန်မိန့်ခွန်းပြော။

■**စက်တင်ဘာ ၂၈** - တက္ကသိုလ်ဆရာ၊ ဆရာမများအသင်းကိုတရားဝင်မှတ်ပုံတင်ခွင့်ပြု။

■**အောက်တိုဘာ ၈** - ဦးသိန်းစိန် နိုဗယ်ဆုအတွက် အဆိုပြုခံရ။

■**အောက်တိုဘာ ၁၇** - ပြည်ခိုင်ဖြိုးပါတီ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ပြောင်း။

■**အောက်တိုဘာ ၁၈** - နိုင်ငံပိုင်သတင်းစာများ ရောင်စုံစာမျက်နှာဖြင့် စတင်ထုတ်ဝေ။

■**အောက်တိုဘာ ၂၁** - မစ္စအင်တာနေရှင်နယ်ပြိုင်ပွဲ နန်းခင်ဇေယျာ ပါဝင် ယှဉ်ပြိုင်။

■**အောက်တိုဘာ ၂၂** - နိုင်ငံတော်သမ္မတက ပြည်တွင်းမီဒီယာများနှင့် ပထမဆုံးအကြိမ် သတင်းစာရှင်းလင်းပွဲပြုလုပ်။

■**အောက်တိုဘာ** - ဆေးရုံအသုံးစရိတ်တိုးမြှင့်။

■**နိုဝင်ဘာ ၃** - လူကြီးမင်းဖုန်းဆိုင်က လျှော့ဈေးဖြင့် ဖုန်းရောင်းချရာမှ မကျေလည်မှုများဖြစ်ပွား။

■**နိုဝင်ဘာ ၉** - စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ချပ်ကြီးကျေးရွာအနီး ချပ်ကြီးဘူတာဝင် ပွိုင့်ခွဲတွင် မန္တလေးမှ မြစ်ကြီးနားသို့ ပြေးဆွဲသော ဒီဇယ်ရထားတိမ်းမှောက်ရာမှ ဖိတ်စဉ်သောဆီများ ဝိုင်းဝန်းခပ်ယူရာ၌ မီးလောင်မှုဖြစ်ပွားပြီး လူ ၂၉ ဦး သေဆုံး။

■**နိုဝင်ဘာ ၁၁** - စစ်ကိုင်းတိုင်းဒေသကြီးတွင် ရွှေဘိုငလျင်လှုပ်ခတ်။

■**နိုဝင်ဘာ ၁၅** - Master Card ကို စတင်အသုံးပြုနိုင်။ Master Card ကုမ္ပဏီနှင့် ပြည်တွင်းမှ CB ဘဏ်တို့ ပူးပေါင်း၍ လုပ်ကိုင်ခဲ့။ Visa Card ကိုလည်း ဒီဇင်ဘာ ၁၂ ရက်တွင် စတင်အသုံးပြုနိုင်။

■**နိုဝင်ဘာ ၁၉** - အမေရိကန်သမ္မတအိုဘားမား မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်။

■**နိုဝင်ဘာ ၂၇** - သမ္မတဦးသိန်းစိန်အား International Crisis Group က ၂၀၁၃ ခုနှစ်အတွက် In Pursuit of Peace ငြိမ်းချမ်းရေးမြတ်နိုးသူဆု ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်။

■**ဒီဇင်ဘာ ၃** - ရပ်/ကျေး ရွေးကောက်ပွဲကြေညာ။

■**ဒီဇင်ဘာ ၁၀** - နေပြည်တော်ကို Package Tour တရားဝင်ခွင့်ပြု။

■**ဒီဇင်ဘာ ၁၆** - ဂျေဆင်မရက်ဇ် မြန်မာနိုင်ငံတွင် ဖျော်ဖြေ။

■**ဒီဇင်ဘာ ၂၂** - သမ္မတဦးသိန်းစိန် အိန္ဒိယနိုင်ငံ ရတနာဂီရိရှိ သီပေါမင်း စံအိမ်တော်နှင့် အုတ်နန်းပြသာဒ်တော်သို့ သွားရောက်။

■**ဒီဇင်ဘာ ၂၅** - အဲပုဂံလေယာဉ်ပျက်ကျ။

■**ဒီဇင်ဘာ ၂၈** - ပုဂ္ဂလိကနေ့စဉ်ထုတ်သတင်းစာများ ထုတ်ဝေခွင့်လျှောက်ထားနိုင်ပြီး ဧပြီ ၁ ရက်တွင် စတင်ခွင့်ပြုမည်ဖြစ်ကြောင်းကြေညာ။

■**ဒီဇင်ဘာ ၃၀** - အကယ်ဒမီထူးချွန်ဆုပေးပွဲ ရန်ကုန်တွင် ကျင်းပ။

7 DAY NEWS JOURNAL
Vol.11, No.43 • JANUARY 3 , 2013



**မြန်**မာနိုင်ငံ၏ အရှိန်အဟုန်နှင့် ပြောင်းလဲခဲ့သော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုဖြစ်စဉ်များက ၂၀၁၂ ခုနှစ်ကိုနှစ်ပေါင်းများစွာအတွင်း ခရီးသွားဧည့်သည်လာရောက်မှု အများဆုံး နှစ်တစ်နှစ်အဖြစ် မှတ်တမ်းဝင်အောင် လုပ်ဆောင်ပေးနိုင်ခဲ့သည်။

လွန်ခဲ့သော ဆယ်စုနှစ်များစွာအတွင်းက နိုင်ငံရေးအရ အရေးယူပိတ်ဆို့မှုများနှင့် စစ်အစိုးရအုပ်ချုပ်မှုအောက်တွင် ရှိနေခဲ့သော မြန်မာနိုင်ငံမှာ သဘာဝသယံဇာတနှင့် ခရီးသွားများကို ဆွဲဆောင်နိုင်သောနေရာများစွာရှိသော်လည်း နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ကင်းကွာခဲ့သဖြင့် အာရှနိုင်ငံများအတွင်းမှာပင် ခရီးသွားဝင်ရောက်မှု အနည်းဆုံးနိုင်ငံတွင် ပါဝင်ခဲ့သည်။

# ခရီးသွားလုပ်ငန်းအတွက် လာခြင်းကောင်းတဲ့ ၂၀၁၂

ခိုင်ချို



*ဒေါ်အောင်ဆန်းစုကြည်နေအိမ်ရှေ့တွင် လာရောက်ကြည့်ရှု၍ အမှတ်တရ ဓာတ်ပုံရိုက်နေသော နိုင်ငံခြားဧည့်သည်များ*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

၂၀၁၁ နှစ်လယ်ပိုင်းမှစတင်ခဲ့သော နိုင်ငံရေး အပြောင်းအလဲများ၏ ရလဒ်အဖြစ် ၂၀၁၂ နှစ်ဆန်းတွင် ကမ္ဘာ့ဩဇာအရှိဆုံး သတင်းဌာန စီအင်န်အင်န်နှင့် နာမည်ကျော် ခရီးသွားဝက်ဘ်ဆိုက်ဖြစ်သော Lonely Planet အပါအဝင် နိုင်ငံတကာ သတင်းဌာနများစွာတို့က မြန်မာနိုင်ငံကိုကမ္ဘာပေါ်တွင်လည်ပတ်စရာအကောင်းဆုံး နိုင်ငံများစာရင်း၌ ထိပ်ဆုံးနေရာမှ ထည့်သွင်းခဲ့ခြင်းကြောင့်လည်း ခရီးသွားအရေအတွက်မှာ သိသာစွာတိုးတက်လာခဲ့သည်။

မြန်မာနိုင်ငံသို့ နိုင်ငံခြားခရီးသည်လာရောက်မှု သိသိသာသာ မြင့်တက်လာခြင်းကို ကိန်းဂဏန်းများက သက်သေပြနေသည်။

ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဝင်ရောက်လာသောဧည့်သည်အရေအတွက်မှာ ၂၀၁၁ ခုနှစ် ဇန်နဝါရီမှ နိုဝင်ဘာလအထိ ၃၁၀,၀၀၀ ကျော်သာရှိခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ၄၈၀,၀၀၀ ဝင်ရောက်လာသည်။ ၂၀၁၂ ခုနှစ်သည်မြန်မာ့ခရီးသွားလုပ်ငန်းအတွက် ဆယ်စုနှစ်နှစ်စုနီးပါးအတွင်း အထူးခြားဆုံးသောနှစ် ဖြစ်လာသည်။

လာရောက်လည်ပတ်သော ခရီးသွားများတွင် ဂျပန်နှင့် အမေရိကန်လူမျိုး ဝင်ရောက်မှုမှာ သိသိသာသာ တိုးလာခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာန၏ စာရင်းများအရ သိရသည်။ ၂၀၁၂ အတွင်း ဂျပန်လူမျိုး အဝင်မှာ ယခင်နှစ်ကထက် ခြောက်ဆခန့် တိုးလာခဲ့သည်။

"မြန်မာနိုင်ငံမှာဖြစ်ပေါ်နေတဲ့ အခြေအနေကလည်း အကောင်းဘက်ကိုဦးတည်နေတယ်။ နိုင်ငံရေးဖြစ်ဖြစ်၊ စီးပွားရေး ဖြစ်ဖြစ် ပြုပြင်ပြောင်းလဲမှုတွေ လုပ်နေတာက ခရီးသွားလုပ်ငန်းကို တိုးတက်စေဖို့ လှုံ့ဆော်ပေးတဲ့ အချက်တွေပဲ" ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဝေရာဇာက သုံးသပ်ပြောကြားသည်။

၂၀၁၂ ခုနှစ်အတွင်း ခရီးသွားလုပ်ငန်းတွင် ထူးခြားမှုတစ်ခုမှာ နိုင်ငံရေးနှင့် ဆက်နွယ်သောနေရာအချို့သို့ လည်ပတ်မှု များပြားလာခြင်းဖြစ်သည်။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ တက္ကသိုလ်ရိပ်သာလမ်းရှိ အမှတ်(၅၄) နေအိမ်ရှေ့သို့ ခရီးသွား ဧည့်သည်များ အဖွဲ့လိုက်သွားရောက်ကာအမှတ်တရဓာတ်ပုံ ရိုက်ကူးခြင်းများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ရုံးချုပ်)ရှေ့တွင် ဖွင့်လှစ်ထားသော အမှတ်တရပစ္စည်းအရောင်းဆိုင်ပိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်အောင်ဆန်းစုကြည်တို့၏ ပုံများ ရိုက်နှိပ်ထားသော အမှတ်တရပစ္စည်းများဝယ်ယူနေကြသည့်နိုင်ငံခြားခရီးသွားများ၏ပုံရိပ်များက ၂၀၁၂ခုနှစ်အတွင်း ခရီးသွားလုပ်ငန်း၏ သိသာထင်ရှားသောပုံရိပ်များဖြစ်ခဲ့သည်။

မြန်မာနိုင်ငံသို့ပထမဆုံးလာရောက်လည်ပတ်ခဲ့သည့် အမေရိကန်သမ္မတ ဘားရက်အိုဘားမားမိန့်ခွန်းပြောကြားခဲ့သော ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမသို့လည်း တခုတ်တရသွားရောက်လည်ပတ်သော အဖွဲ့လိုက် ခရီးသွားများကိုလည်း အတွေ့ရစပ်လာသည်။

၂၀၀၆ ခုနှစ်တွင်စတင်တည်ထောင်ခဲ့သော မြန်မာနိုင်ငံ၏ အစိုးရရုံးစိုက်ရာ နေပြည်တော်သို့ နိုင်ငံခြားသား ဧည့်သည်များ ၂၀၁၂ ဒီဇင်ဘာလမှစတင်ကာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနက လည်ပတ်ခွင့်ပြုလိုက်ခြင်းကလည်း ထူးခြားမှုတစ်ခုပင်ဖြစ်သည်။

ခရီးသွားလာမှု မြင့်တက်လာသည့် နောက်ဆက်တွဲအနေဖြင့် ကြုံခဲ့ရသည့် အကြီးမားဆုံးပြဿနာမှာ ဟိုတယ်ခန်းများ မလုံလောက်ခြင်း၊ အခန်းခများ အဆမတန် မြင့်တက်လာခြင်းများနှင့် ဝန်ဆောင်မှု ညံ့ဖျင်းခြင်းတို့ကြောင့် ခရီးသွားများ၏ ဝေဖန်သံများ ညံခဲ့သည့်နှစ်လည်း ဖြစ်ခဲ့သည်။

ထိုအကြောင်းနှင့်ပတ်သက်၍ All Asia Exclusive ခရီးသွားလုပ်ငန်း၏မန်နေဂျင်းဒါရိုက်တာက "အာရှမှာ ထိုင်းနိုင်ငံက ခရီးသွားလုပ်ငန်းနဲ့ ပတ်သက်ပြီး အရမ်းတိုးတက်နေတယ်။ သူတို့ဆီမှာ ခရီးသည် သန်းနဲ့ချီဝင်လည်း တည်းခိုဖို့ဟိုတယ်တွေလုံလောက်တယ်။ ဒီနိုင်ငံမှာက သိန်းဂဏန်းလောက်ပဲဝင်သေးတယ်။ ဟိုတယ်ကပြည့်နေပြီ။ ဒါကြောင့် တည်းခိုဖို့ နေရာအခက်အခဲတွေ ဖြစ်လာတယ်"ဟု ဆိုသည်။

၂၀၁၂ ခုနှစ်အတွင်း တည်းခိုခများ အဆမတန်မြင့်တက်သွားသော်လည်း မြန်မာနိုင်ငံသို့ ဝင်ရောက်လာသော ခရီးသွားဧည့်သည်များမှာ ၂၀၁၁ ခုနှစ်ကထက် ၅၀ ရာခိုင်နှုန်း ပိုမိုမြင့်တက်လာသည့်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနမှ အခန်းခဈေးနှုန်းများ တစ်ပြေးညီဖြစ်စေရန် ညှိနှိုင်းပေးခြင်း၊ ဟိုတယ်အခန်းများထပ်မံတိုးချဲ့ပေးရန် ဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ပေးခဲ့သည်။

"လက်ရှိမှာ လိုင်စင်ရဧည့်လမ်းညွှန်က ၃၀၀၀ ကျော်ပဲ ရှိတယ်။ ဝင်လာတဲ့ဧည့်သည်နဲ့ ဧည့်လမ်းညွှန်နဲ့က မလုံလောက်ဘူး" ဟု ဧည့်လမ်းညွှန်တစ်ဦးဖြစ်သူ ကိုညီညီက ပြောသည်။

လက်ရှိကာလတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဟိုတယ် ၁၉၅ လုံးတွင် အခန်းပေါင်း ၈၃၅၆ ခန်းရှိပြီဖြစ်သော်လည်း ယခုနှစ်ကုန်ထိ ဝင်ရောက်လာသော ဧည့်သည်အရေအတွက်နှင့် အခန်းအရေအတွက်မှာ လုံလောက်မှုမရှိကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် စာရင်းများကဆိုသည်။

၂၀၁၂ အတွင်း မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းအကြောင်း ပြောမည်ဆိုလျှင် ချန်လှပ်ထားခဲ့၍ မရသည့်အကြောင်းမှာ ကာတာလေကြောင်းလိုင်း၊ ကိုရီးယားလေကြောင်း၊ All Nippon လေကြောင်း စသည့် ကမ္ဘာသိ အမှတ်တံဆိပ်များ အပါအဝင် လေကြောင်းလိုင်းသစ်များက ယခင်မပြေးဆွဲခဲ့ဖူးသော နိုင်ငံများနှင့် တိုက်ရိုက်ပြေးဆွဲခြင်းများ ရှိလာခြင်းနှင့် လေကြောင်းခရီးစဉ်အသစ်များ တိုးချဲ့လာခြင်းဖြစ်သည်။

၂၀၁၂ အတွင်း ကမ္ဘာလှည့်ခရီးသွားများ အများအပြားဝင်ရောက်လာခြင်းနှင့်အတူ နိုင်ငံတကာ လေကြောင်းလိုင်း ၉ လိုင်း တိုးတက်လာပြီး ယခင်က တိုက်ရိုက်ပျံသန်းခြင်းမရှိသော ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ဒိုဟာတို့ကို တိုက်ရိုက်ပျံသန်းပြေးဆွဲမှုများ ပြုလုပ်လာနိုင်ခဲ့သည်။

လက်ရှိတွင် မြန်မာနိုင်ငံနှင့် နိုင်ငံတကာသို့ ချိတ်ဆက်ပျံသန်းနေသော လေကြောင်းလိုင်းပေါင်း ၂၃ လိုင်းရှိလာပြီဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည့် စာရင်းများတွင် ဖော်ပြသည်။

ထို့အပြင် ခရီးသွားလုပ်ငန်းတွင် အခြားသော ထူးခြားမှုများအနေဖြင့် သက်ရောက်မှုရှိခဲ့သည်မှာ နော်ဝေနိုင်ငံ အစိုးရ၊ အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်တို့၏ အထောက်အပံ့ဖြင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက်မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းပင်မစီမံကိန်းတစ်ခုအား ၂၀၁၂ ခုနှစ်တွင်စတင်ရေးဆွဲလုပ်ဆောင်ခဲ့သည်။

ထို့အပြင် ၂၀၁၃ ဖေဖော်ဝါရီတွင် ပထမဆုံးအကြိမ်အဖြစ် ဟိုတယ်နှင့် ခရီးသွားလာရေး ရင်းနှီးမြှုပ်နှံမှုညီလာခံကို ကျင်းပရန် သဘောတူညီမှုများ ပြုလုပ်ထားသည်။

၂၀၁၃မှ ၂၀၁၅ခုနှစ်အတွင်း မဲခေါင်ဒေသတွင်းသို့ကမ္ဘာလှည့်ခရီးသည် ၂၅ သန်းဝင်ရောက်ရေး ပူးပေါင်းဆောင်ရွက်ရန် မြန်မာ၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ လာအိုနိုင်ငံတို့နှင့် သဘောတူစာချုပ်ကို ၂၀၁၂ အတွင်း ချုပ်ဆိုနိုင်ခဲ့သည်။

မြန်မာ့ခရီးသွားလုပ်ငန်းအတွက် ၂၀၁၂ ခုနှစ်သည် အောင်မြင်မှုများ၊ ထူးခြားမှုများအပြင် လာမည့်အနာဂတ်အတွက် စိန်ခေါ်မှုများကို ရင်ဆိုင်ရန် အချက်ပေးခေါင်းလောင်းသံ မြည်လာသည့် နှစ်တစ်နှစ်ဟု ပြောရမည်ဖြစ်သည်။

**၃၈၀,၁၉၉**

ယခုနှစ် နိုဝင်ဘာလ ၃၀ ရက်ထိ မြန်မာတစ်နိုင်ငံလုံး စုစုပေါင်းကားအစီးရေဖြစ်သည်။ အဆိုပါကားအစီးရေတွင် လူစီးယာဉ် ၂၇၃,၄၉၅ စီး၊ ကုန်တင်ယာဉ်(ဝန်ပေါ့) ၂၉,၂၈၀ စီး၊ ကုန်တင်ယာဉ် (ဝန်လေး) ၄၀,၆၇၃ စီး၊ ခရီးသည်တင်ယာဉ် ၁၉,၄၄၀ စီးနှင့် အခြားယာဉ်များအဖြစ်ပါဝင်သော မီးသတ်ယာဉ်၊ နိဗ္ဗာန်ယာဉ်နှင့် လူနာတင်ယာဉ်ပေါင်း၁၇,၃၁၁ စီးဖြစ်ပြီး စုစုပေါင်းကားအစီးရေ ၃၈၀,၁၉၉ စီးရှိပြီဖြစ်သည်။ ယခုစာရင်းတွင် ဆိုင်ကယ်၊ ထော်လာဂျီစသောယာဉ်များကို ထည့်သွင်းတွက်ချက်ထားခြင်းမရှိပါ။

7DAY NEWS JOURNAL
Vol.11, No.43 • JANUARY 3 , 2013

# ၂၀၁၂ အထင်ကရ ပြောစကားများ

**"ကေအိုင်အေစစ်သား တစ်ယောက် ဆုံးရှုံးသွားတာဟာ တိုင်းပြည်ရဲ့ ဆုံးရှုံးမှုဖြစ်သလို ဒီဘက်က ဗမာစစ်သားတစ်ယောက် ဆုံးရှုံးတာဟာလည်း တိုင်းပြည်ရဲ့ ဆုံးရှုံးမှုဖြစ်ပါတယ်"**

**ဦးသိန်းစိန်**
နိုင်ငံတော်သမ္မတ
(အောက်တိုဘာ ၂၁ ရက်၊ နိုင်ငံ တော်သမ္မတအိမ်တော်၊ သံတမန်ဆောင်တွင် ပထမဆုံးအကြိမ် ပြည်တွင်းသတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြောကြားချက်မှ)





**"ဒီပြဿနာက ရေနဲ့ဖျန်းတာပဲ၊ ဒါပေမဲ့ ငရဲပြည်က ရေဖြစ်နေတယ်"**

**သီတဂူသဲကုန်းဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ**
(မုံရွာပြည်သူ့ဆေးရုံကြီးတွင် နိုဝင်ဘာလ ၃၀ ရက်က လက်ပံတောင်းတောင် သပိတ်စခန်းဖြိုခွင်းမှု၌ ဒဏ်ရာရရှိခဲ့သော သံဃာတော်များအား တွေ့ဆုံ အားပေးစဉ် ပြောကြားချက်)

**"နိုင်ငံရေးဆိုတာ ခင်ဗျားတို့(ပြည်သူတွေ)ရဲ့အလုပ်ပါ။ နိုင်ငံရေးသမားတွေရဲ့ အလုပ်သက်သက်မျှမဟုတ်ပါဘူး။ ကျွန်တော်တို့ အမေရိကန်ပြည်ထောင်စုမှာလည်း ပြောကြတာရှိပါတယ်။ ဒီမိုကရေစီမှာ အရေးကြီးဆုံး ရုံးတော်ကြီးက ပြည်သူတွေရဲ့ ရုံးတော်ပါ။ သမ္မတရဲ့၊ ဉက္ကဋ္ဌရဲ့၊ လွှတ်တော်ရုံးတွေမဟုတ်ပါဘူး။ နိုင်ငံသားတွေရဲ့ ရုံးပါ"**

**ဘားရက်အိုဘားမား**
အမေရိကန်သမ္မတ
(နိုဝင်ဘာ ၁၉ ရက်က ရန်ကုန် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ပြောကြားခဲ့သော မိန့်ခွန်းမှ ကောက်နုတ်ချက်)





**"ကျွန်မက အာဏာလိုချင်တယ်။ နိုင်ငံရေးအာဏာရမှ၊ အစိုးရအာဏာရမှ ကျွန်မတို့လုပ်ချင်တဲ့ ကိစ္စတွေကို နိုင်ငံအတွက် လုပ်ပေးနိုင်မှာမို့လို့ လိုချင်တယ်လို့ ပြောတာ။ . . . ကျွန်မ ရှင်းရှင်းလင်းလင်းပဲပြောပါမယ်။ ပြည်သူလူထုအတွက် လုပ်နိုင်ဖို့အတွက် ကျွန်မ အာဏာကိုလိုချင်ပါတယ်လို့ ကျွန်မပြောချင်ပါတယ်"**

**ဒေါ်အောင်ဆန်းစုကြည်**
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ
(ဒီဇင်ဘာလ ၂၃ ရက်က တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့တွင် လူထုနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သော မိန့်ခွန်းမှ ကောက်နုတ်ချက်)

**"အငြိမ်းစားဗိုလ်ချုပ်မှူးကြီး တပ်မတော်ပေါ်မှာ သြဇာညောင်းသလားဆိုတော့ အမိအဖလို ဖြစ်နေတာကိုး။ ရှိနိုင်တာပေါ့။"**

**ဦးဌေးဦး**
ဒုဥက္ကဋ္ဌ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(ပထမဆုံးအကြိမ် ပြည်ခိုင်ဖြိုးပါတီ အထွေထွေညီလာခံ ကျင်းပနေစဉ် အောက်တိုဘာ ၁၄ ရက်က ဧရာဝတီသတင်းဌာနနှင့် တွေ့ဆုံမေးမြန်းမှုတွင် ပြောကြားချက်မှ)





**"ဆန္ဒပြရတဲ့ အကြောင်းရင်းကို လေးလေးနက်နက် လက်ခံစဉ်းစားဖို့ နံပါတ်တစ်အရေးကြီးပါတယ်။ ဆာလောင်သူတွေကို ဆူလောင်သူအဖြစ် မသတ်မှတ်ဖို့ အရေးကြီးပါတယ်"**

**ကိုကိုကြီး**
၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်
(ဇွန် ၃ ရက်က ချက်ထရီယံဟိုတယ်၌ ကျင်းပပြုလုပ်သော အလုပ်သမားအခွင့်အရေး ဆွေးနွေးပွဲတွင် ပြောကြားချက်မှ)

**"အရှင်ဘုရား တပည့်တော်တို့သည် မိုက်မဲသည့်အလျောက်၊ တွေဝေသည့်အလျောက်၊ မလိမ္မာသည့်အလျောက် သံဃာတော်ကို အစိုးမရခြင်းတည်းဟူသော အကြောင်းကြောင့် ကိုယ်ထိလက်ရောက် ကျူးလွန်မိပါသည် အရှင်ဘုရား။ ထိုတပည့်တော်တို့အား သံဃာတော်သည် နောင်အခါ စောင့်စည်းခြင်းငှာ အပြစ်ကို အပြစ်အားဖြင့် ရှုမြင်၍ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ခွင့်လွှတ်တော်မူပါဘုရား"**

**ဦးလှထွန်း**
သမ္မတရုံးဝန်ကြီး
(မန္တလေးတောင်ခြေရှိ မဟာအတု လဝေယံ(အတုမရှိ)ကျောင်းတော်ကြီးတွင် ပြုလုပ်သော လက်ပံတောင်း တောင်သပိတ်စခန်း အင်အားသုံးဖြိုခွင်းမှုအတွက် သံဃာတော်များအား အစိုးရအဖွဲ့ကိုယ်စား ဝန်ချတောင်းပန်ပွဲမှ)





**"ဖယောင်းတိုင်တွေကို ကိုယ့် အိမ်မှာကိုယ်ထွန်းပြီး မီးလေးပိတ်ထားလိုက်ပါ။ အားလုံး အဆင်ပြေသွားပါလိမ့်မယ်"**

**ဦးကိုကိုလှိုင်**
နိုင်ငံတော်သမ္မတ၏ နိုင်ငံရေးအကြံပေးပုဂ္ဂိုလ်
(မေ ၂၄ ရက်တွင် နိုင်ငံတော် သမ္မတ အကြံပေးအဖွဲ့ ရုံးခန်း၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သောစကား)



**"ရခိုင်တွေက ပြည်ထောင်စု တိုင်းရင်းသား၊ ဘင်္ဂါလီတွေက ဧည့်နိုင်ငံသားဖြစ်တယ်။ အဲဒီတော့ အိမ်ရှင်တွေက ဧည့်သည်တွေကို ညှာဖို့၊ ဧည့်သည်တွေကလည်း အိမ်ရှင်တွေကို မစော်ကားဖို့လိုတယ်"**

**သူရဦးအောင်ကို**
တရားစီရင်ရေးနှင့်ဥပဒေရေးရာ ကော်မတီဥက္ကဋ္ဌ
(အောက်တိုဘာ ၂၆ ရက်က ပြည်သူ့လွှတ်တော်အစည်းအဝေး အတွင်း ရခိုင်ပဋိပက္ခအရေးကြီး အဆိုတင်သွင်းမှု ဆွေးနွေးချက်များမှ)

**"တရုတ်ကိုလည်း တပည့်တော်တို့က ကြောက်ရတယ် ဘုရား"**

**ဦးအောင်မင်း**
သမ္မတရုံးဝန်ကြီး
(နိုဝင်ဘာ ၂၃ ရက်က လက်ပံတောင်းတောင်ကြေးနီစီမံကိန်း သပိတ်စခန်းရှိသံဃာတော်များနှင့် ရွာသူရွာသားများအား ပြောကြားချက်)



**၁၃၁**

ဒေါ်အောင်ဆန်းစုကြည် အနေဖြင့် ၁၉၉၀ မှ ၂၀၁၂ ခုနှစ်အထိ နိုင်ငံတကာမှ ပေးအပ်သောဆုများ၊ ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့များ၊ ဂုဏ်ထူးဆောင်ဘွဲ့ဒီဂရီများအပါအဝင် ဆုပေါင်း ၁၃၁ ခု ရရှိထားပြီး ၂၀၁၂ ခုနှစ်တွင် ဆုကိုးဆု၊ ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ တစ်ဆု၊ ဂုဏ်ထူးဆောင်ဘွဲ့တစ်ခုတို့ကို ရရှိခဲ့သည်။

## ၂၀၁၂ ခုနှစ်၏ အထင်ရှားဆုံးပုဂ္ဂိုလ်

# ဦးသိန်းစိန်၊ ဒေါ်အောင်ဆန်းစုကြည်

**၂၀၁၂ ခုနှစ်အတွက် မြန်မာနိုင်ငံမှ အထင်ရှားဆုံးပုဂ္ဂိုလ် (Person of the Year) အဖြစ် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့ကို ပူးတွဲရွေးချယ်လိုက်ပါသည်။**



**အမေရိကန်နိုင်ငံသို့ ဦးစွာရောက်ရှိနေသော ဒေါ်အောင်ဆန်းစုကြည်က အမေရိကန်သို့ရောက်ရှိလာသော နိုင်ငံတော်သမ္မတဦးသိန်းစိန်ကို လာရောက်တွေ့ဆုံနှုတ်ဆက်စဉ်**

### ဦးသိန်းစိန်

နာမည်ကြီးနိုင်ငံရေးသမားများ အပါအဝင် နိုင်ငံရေးအကျဉ်းသမား ရာနှင့်ချီ၍ လွတ်ပေးခဲ့သူ၊ ဆယ်စုနှစ်များစွာအတွင်း အစိုးရအဖွဲ့အား အကြီးမားဆုံး အပြောင်းအလဲပြုလုပ်ခဲ့သူ၊ ဒေါ်အောင်ဆန်းစုကြည် ရွေးကောက်ပွဲဝင်နိုင်ရန် ရွေးကောက်ပွဲဥပဒေ ပြင်ဆင်ပေးပြီး နိုင်ငံရေးအခင်းအကျင်းပုံစံသစ်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့်လက်တွဲ၍ ဆောင်ရွက်နေသူ၊ ကုလသမဂ္ဂအထွေထွေညီလာခံတွင် ပထမဆုံးမိန့်ခွန်းပြောကြားခဲ့သော မြန်မာသမ္မတအဖြစ် ဦးသိန်းစိန်က ၂၀၁၂ တွင် မှတ်တိုင်များစွာစိုက်ထူခဲ့သည်။ သို့သော် လက်ပံတောင်းတောင် သပိတ်စခန်းအား အင်အားသုံးနှိမ်နင်းခဲ့ခြင်း၊ တိုင်းရင်းသားအဖွဲ့အစည်းများစွာနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်နိုင်ခဲ့သော်လည်း ကချင်လွတ်လပ်ရေးတပ်မတော် (KIA)နှင့်မူ ငြိမ်းချမ်းရေး မဖော်ဆောင်နိုင်သေးခြင်း၊ စီးပွားရေးဖွံ့ဖြိုးလာအောင်လုပ်ဆောင်နိုင်ခြင်းမရှိသေးခြင်းတို့ကြောင့် ၎င်းကို ဝေဖန်မှုများရှိခဲ့သည်။

### ဒေါ်အောင်ဆန်းစုကြည်

အတိုက်အခံခေါင်းဆောင်တစ်ဦးအဖြစ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအဖြစ် လွှတ်တော်တွင်းသို့ဝင်ခဲ့ပြီး အနောက်နိုင်ငံများ၏ အရေးယူပိတ်ဆို့မှုများ ဖြေလျှော့ရေးနှင့် ပြည်ပအကူအညီများ ရရှိရေးအတွက် ကြီးမားသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ထိုင်းနိုင်ငံမှ စတင်လိုက်သည့် ၎င်း၏ပထမဆုံး ပြည်ပခရီးစဉ်မှစ၍ နိုင်ငံတကာတွင် ပြောကြားခဲ့သည့် မိန့်ခွန်းများကြောင့်လည်း ကမ္ဘာ့မီဒီယာဇာတ်ခုံ၌ မြန်မာနိုင်ငံသည် ထင်ပေါ်ခဲ့ရသည်။ လက်ပံတောင်းတောင် အရေးတွင် သတ္တိရှိရှိဖြင့် စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌတာဝန်ယူထားပြီး၊ လူထုအပေါ် ဩဇာလွှမ်းမိုးမှုအရှိဆုံးပုဂ္ဂိုလ်လည်းဖြစ်သည်။ သို့သော်ပြည်တွင်း၌ဖြစ်ပွားခဲ့သော၊ဖြစ်ပွားနေဆဲဖြစ်သောပဋိပက္ခများတွင် ၎င်း၏အခန်းကဏ္ဍအပေါ် ဝေဖန်မှုများရှိခဲ့သည့်အတွက် ဆယ်စုနှစ်နှစ်ခုကျော်အတွင်း ဒေါ်အောင်ဆန်းစုကြည်ကို ဝေဖန်မှု အများဆုံးပေါ်ထွက်ခဲ့သည့်နှစ်တစ်နှစ်လည်းဖြစ်ခဲ့သည်။

### ၂။ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များ

၂၀၁၂ ဇန်နဝါရီလ ၁၃ ရက် နံနက်ခင်းစောစောတွင် ၎င်းတို့ကြောင့် မြန်မာပြည်သူများ ပျော်ရွှင်၊ စိတ်လှုပ်ရှား၊ ကြည်နူးခဲ့ရသလို မြန်မာ့နိုင်ငံရေး အနာဂတ်အတွက်လည်း အားတက်ခဲ့ရသည်။ မင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုဌေးကြွယ်၊ကိုမြအေး၊ကိုဂျင်မီ၊ကိုပြုံးချိုစသော ၈၈မျိုးဆက်ကျောင်းသားများမှာမြန်မာ့နိုင်ငံရေးအခင်းအကျင်းသစ်၏အဓိကဇာတ်ဆောင်များဖြစ်လာသည်။ အာဏာရှင်စနစ်မှဒီမိုကရေစီစနစ်သို့နိုင်ငံရေးအရကူးပြောင်းချိန်တွင် လူ့အဖွဲ့အ



စည်းများ၏ စွမ်းဆောင်ရည်မြင့်လာရန်၊ ပွင့်လင်းမြင်သာရန်၊ တာဝန်ယူတတ်ရန်၊ သတ္တိရှိရှိ မိမိတို့၏ အခွင့်အရေး တောင်းဆိုတတ်ရန်၊ အပြန်အလှန် ထိန်းကျောင်းသောစနစ် အသက်ဝင်ရန် စသည့် ဒီမိုကရေစီစိတ်ဓာတ်၏ အခြေခံများအား လူထုသို့ ပညာပေးခြင်းကို ၎င်းတို့၏ ပွင့်လင်းလူ့အဖွဲ့အစည်း လှုပ်ရှားမှုက ဆက်တိုက်အကောင်အထည်ဖော်ခဲ့သည်။ မြေယာပြဿနာ၊ လုပ်ခလစာနည်းပါးမှု၊ ကချင်ပြည်နယ်မှ တိုက်ပွဲများ၊ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးစသည့် အရေးကိစ္စများနှင့် ပတ်သက်၍လည်း ၎င်းတို့က အဖြေထုတ်နိုင်ရန် တက်တက်ကြွကြွ ကြိုးပမ်းခဲ့ကြသည်။



### ၃။ ဦးအောင်မင်း

ပြည်ထောင်စုဝန်ကြီးဦးအောင်မင်းက အစိုးရသစ်လက်ထက်တွင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့နှင့် အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းရေးရရှိရန် ဦးဆောင်ကြိုးပမ်းနိုင်ခဲ့သည်။ ယခင်အစိုးရအဆက်ဆက် အပစ်အခတ်ရပ်စဲရေးကိုပင် မစွမ်းဆောင်နိုင်ခဲ့သော ကရင်အမျိုးသားအစည်းအရုံး (KNU)နှင့် နှစ်ပေါင်း ၆၀ ကျော်အတွင်း ပထမဆုံးအပစ်အခတ်ရပ်စဲခဲ့ပြီး ငြိမ်းချမ်းရေးရအောင် စွမ်းဆောင်နိုင်ခဲ့သည်။ သို့သော် KIA နှင့်မူ ငြိမ်းချမ်းရေးရအောင် မစွမ်းဆောင်နိုင်သေးသလို လက်ပံတောင်းတောင် သပိတ်စခန်းတွင် ဒစ်ပလိုမေစီမဆန်သော မှတ်ချက်စကားကြောင့် ဝေဖန်ခံခဲ့ရသည်။ သမ္မတဦးသိန်းစိန်၏ အဓိကလက်ရုံးဖြစ်ပြီး အမည်ပျက်စာရင်းသွင်းခံရသူများ ပယ်ဖျက်ပေးရန်၊ ကာလကြာရှည်စွာ ပြည်ပရောက်နေသော အတိုက်အခံများ ပြန်လာနိုင်ရန်၊ အမေရိကန်သမ္မတ အိုဘားမား၏ ခရီးစဉ်ပေါ်ပေါက်လာရေးတို့အတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သူဖြစ်သည်။



### ၄။ အခွင့်အရေးအတွက် ဆန္ဒဖော်ထုတ်သူများ

လွတ်လပ်စွာ စုဝေးစီတန်းလမ်းလျှောက်ခွင့်ဥပဒေ မထွက်မီကပင် လျှပ်စစ်မီးရရှိရေးအတွက်၊ လုပ်ခလစာခံစားခွင့် အပြည့်အဝရရှိရေးအတွက် မြိတ်ကျောက်မီးသွေးစက်ရုံရပ်တန့်ရေးအတွက် ဆန္ဒပြတောင်းဆိုမှုများ နှစ်ဆန်းပိုင်းတွင် ထွက်ပေါ်လာခဲ့သည်။ ဥပဒေထွက်လာပြီးနောက် ဆန္ဒပြတောင်းဆိုပွဲများက နိုင်ငံအနှံ့ ဆက်တိုက်ဆိုသလို ဖြစ်ပေါ်ခဲ့သည်။ ဆန္ဒပြတောင်းဆိုသည့် အကြောင်းအရာများ ဦးဆောင်ပါဝင်သူများ၊ အားပေးလှုံ့ဆော်ကြသူများက မဖြစ်မနေ လိုအပ်ချက်အတွက် (သို့မဟုတ်) ရသင့်ရထိုက်သည့် အခွင့်အရေးအတွက် တောင်းဆိုခဲ့ကြခြင်းဖြစ်သည်။ ပါဝင်ပတ်သက်ခဲ့ကြသူများကို မီဒီယာစာမျက်နှာများပေါ်တွင် ပြည်သူအများ မြင်တွေ့ခဲ့ကြရသည်။ တစ်ဦးချင်းစီ၏ ရည်ရွယ်ချက် တည့်မတ်မှန်ကန်မှု ရှိ၊ မရှိကမူ ပြည်သူတို့ ထင်မြင်ဆုံးဖြတ်ချက်အတိုင်းပင် ဖြစ်ပေလိမ့်မည်။

### ၅။ နန်းခင်ဇေယျာ

သာမန် ညှော်လမ်းညွှန်အဖြစ်မှ နေ့ချင်းညချင်း ထူးထူးခြားခြား နာမည်ကြီးခဲ့သူမှာ နန်းခင်ဇေယျာဖြစ်သည်။ နှစ်ပေါင်း ၅၀ ကြာမှ နိုင်ငံတကာအလှမယ်ပြိုင်ပွဲစင်မြင့်သို့ မြန်မာနိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်ခဲ့သော နန်းခင်ဇေယျာမှာ အင်တာနက်အသုံးပြုသော မြန်မာများ၏ ထူးထူးကဲကဲ အားပေးမှုကြောင့် မဲပေါင်းသန်း ၂၀ ကျော်ရကာ Miss International ပြိုင်ပွဲ၏ အင်တာနက်မဲအများဆုံးဆုနှင့် အင်တာနက်မှ ပရိသတ်များက ရွေးချယ်သော လူကြိုက်အများဆုံးဆု ရခဲ့သည်။ ထိုပြိုင်ပွဲအပြီး နန်းခင်ဇေယျာသည်လည်း သာမန်မော်ဒယ်ညှော်လမ်းညွှန်မှ နာမည်ကြီးကြော်ငြာမော်ဒယ်၊ လူမှုရေးလုပ်ငန်းများ တက်ကြွစွာလုပ်ကိုင်သူဖြစ်လာသည်။



စာမျက်နှာ(၁၅)သို့ »

7DAY NEWS JOURNAL
Vol.11, No.43 • JANUARY 3 , 2013

# အဆိုးလွန်၊ အကောင်းလွန် ၂၀၁၂



သီဟ၊ အိမ့်ဖြူလွင်၊ မင်းဟိန်းကျော်

အမေရိကန်သမ္မတ ဘားရက်အိုဘားမား ကန်သမ္မတတစ်ဦး၏ ပထမဆုံး ခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့်နှစ်ဖြစ်သည်။

အစိုးရဝန်ကြီးဌာနများ၏ ငွေစာရင်းကွာဟမှုကို လွှတ်တော်အစည်းအဝေးများမှတစ်ဆင့် ပြည်သူလူထု ပထမဆုံးအကြိမ် တရားဝင်သိရှိခွင့်ရခဲ့သည့်နှစ်လည်းဖြစ်သည်။

ဆယ်စုနှစ်နှစ်ခုကျော် အင်အားအကြီးမားဆုံး အတိုက်အခံပါတီကြီးအဖြစ် ရပ်တည်ခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် လွှတ်တော်တွင်းသို့ ပထမဆုံးအကြိမ် ရောက်ရှိလာခဲ့သည့် မှတ်တမ်းဝင်နှစ်လည်း ဖြစ်ပြန်၏။

နှစ်ပေါင်းများစွာအတွင်း နိုင်ငံအုပ်ချုပ်သူတစ်ဦးအား ပြည်သူလူထုက ထောက်ခံဆန္ဒဖော်ထုတ်မှု ပထမဆုံးရှိခဲ့သောနှစ်လည်းဖြစ်၏။

နိုင်ငံရေးအကျဉ်းသားအားလုံးနီးပါးကိုလည်း ပထမဆုံးအကြိမ် အလုံးအရင်းနှင့် လွှတ်ပေးခဲ့သည်မှာလည်း ၂၀၁၂ ခုနှစ်တွင်းမှာပင် ဖြစ်သည်။

မြန်မာ့နိုင်ငံရေးသမိုင်းတွင် အင်အားသုံးဖြိုခွဲမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့၏ ပထမဆုံးအကြိမ် တောင်းပန်မှုအဖြစ် လက်ပံတောင်းတောင် သပိတ်စခန်းဖြိုခွင်းရာတွင် ဒဏ်ရာရရှိခဲ့သော သံဃာတော်များအား ဝန်ချတောင်းပန်ခြင်းသည်လည်း ယခုနှစ်၏ ပထမဆုံးသော မှတ်တိုင်များတွင် ပါဝင်ခဲ့သည်။

ထိုကဲ့သို့သောပထမဆုံးများနှင့် ၂၀၁၂ ကိုနှစ်ပေါင်း၅၀ အတွင်းမြန်မာနိုင်ငံအတွက် အပြောင်းအလဲအမြန်ဆုံး နှစ်တစ်နှစ်အဖြစ် နိုင်ငံရေးသုံးသပ်သူများ၊ ပြည်သူများက မှတ်ချက်ပြုကြသလို ဒီမိုကရေစီပန်းတိုင်သို့ အရှိန်အဟုန်နှင့် သွားနေသည့် တစ်ချိန်တည်းမှာပင် နောက်ကြောင်းပြန်လှည့်သွားစေသည့် သံသယများထွက် ပေါ်စေသောဖြစ်ရပ်များဖြစ်ပွားခဲ့ကြောင်း နိုင်ငံရေးလေ့လာသူများက သုံးသပ်သည်။ ထို့အတူ ၂၀၁၂ ကို အကျည်းတန်သွားစေသည့် ဖြစ်ရပ်များလည်း ဖြစ်ခဲ့သည်။

ရခိုင်အရေးကိစ္စ၊ ကချင်အရေးကိစ္စနှင့် လက်ပံတောင်းတောင် အရေးကိစ္စများသည် ၂၀၁၂ ခုနှစ် အပေါ် အကြီးအကျယ် ရိုက်ခတ်မှုရှိခဲ့ပြီး ဦးသိန်းစိန်အစိုးရ၏ မူဝါဒအပေါ် အကျိုးသက်ရောက်မှုရှိခဲ့ကြောင်း မြန်မာ့နိုင်ငံရေးလေ့လာသူ ဦးနေသန်မောင်က ဆိုသည်။

ပြည်သူများ၏ ဆန္ဒကို အလေးထားရန်၊ ပြည်သူ့အသံကို နားထောင်ရန် ပြောကြားခဲ့ပြီး ပြည်သူဗဟိုပြုအုပ်ချုပ်ရေးစနစ်အား ပြောင်းလဲရန် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ပြောကြားလုပ်ဆောင်ခဲ့မှုများကြောင့်ပြည်သူ၏ထောက်ခံမှုများ ပိုမိုရရှိခဲ့သည်။

ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အရှိန်ကောင်းလာရန် အစိုးရအဖွဲ့အတွင်း ဝန်ကြီးနေရာ အပြောင်းအလဲ အများအပြား ပြုလုပ်ခဲ့ပြီး ဝန်ကြီးဌာနအချို့အား ပေါင်းစည်းခြင်း၊ အချို့အား ပယ်ဖျက်ခြင်း၊ ဒုတိယဝန်ကြီး နေရာအချို့တွင် ကျွမ်းကျင်သူပညာရှင်များအား ခန့်အပ်ခြင်းတို့ကို ပြုလုပ်ခဲ့သည်။

အဆိုပါ ကိစ္စရပ်များ ပြုလုပ်ခဲ့ခြင်းက နိုင်ငံအတွင်း ကောင်းသောပြုပြင်ပြောင်းလဲမှုအရွေ့ကို သိသာထင်ရှားစေသော ဆောင်ရွက်ချက်များဖြစ်ကြောင်း နိုင်ငံရေးလေ့လာသူများက သုံးသပ်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ မြန်မာ့နိုင်ငံရေးအခင်းအကျင်းတွင် ပါဝင်လာရေးအတွက် အစိုးရက ရွေးကောက်ပွဲဥပဒေမှ အချက်အချို့အား ပြင်ဆင်ပေးခဲ့သဖြင့်ကြားဖြတ်ရွေးကောက်ပွဲတွင် အပြတ်အသတ်အနိုင်ရရှိပြီး လွှတ်တော်တွင်းရောက်ရှိခဲ့ခြင်းကလည်း ၂၀၁၂၏ အားကောင်းသော အရွေ့ကြီးတစ်ခု ဖြစ်ခဲ့သည်။

"အဲဒါဟာ ၁၉၈၈ ကတည်းက အာဏာသိမ်းခဲ့တဲ့ စစ်အစိုးရဟာ အတိုက်အခံနဲ့ပတ်သက်၍ ဘယ်တော့မှ အတိုးအလျှော့မလုပ်ဘူးဆိုတဲ့မူဝါဒကိုစတင်ပြောင်းလဲတာပဲ။ အဲဒါဟာ နိုင်ငံရေးမှာ သိသာထင်ရှားတဲ့ အပြောင်းလဲတစ်ခုပဲ" ဟု အပြောင်းလဲ ဖြစ်စဉ်များနှင့် ပတ်သက်၍ သတင်းစာဆရာ ဦးရဲနိုင်မိုးက သုံးသပ်သည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့၏ ပြည်ပခရီးစဉ်များအနက် ၎င်းတို့နှစ်ဦး အမေရိကန်နိုင်ငံသို့ မရှေးမနှောင်း သွားရောက်ခဲ့ပြီး တွေ့ဆုံနှုတ်ဆက်ခဲ့သော ဖြစ်ရပ်သည် ပြည်သူများအကြား စိတ်ဝင်စားသော ဖြစ်စဉ်တစ်ခုဖြစ်ခဲ့သည်။

အဆိုပါပုဂ္ဂိုလ်နှစ်ဦး သွားရောက်ခဲ့သည့်ပြည်ပခရီးစဉ်များနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ရလဒ်အဖြစ် နိုင်ငံတကာမှ စီးပွားရေးပိတ်ဆို့မှုများကို ဖြေလျှော့ပေးခဲ့ပြီး နိုင်ငံတကာ၏ အာရုံစိုက်မှု ပိုမိုအားကောင်းလာခဲ့သည်။

၁၉၉၀ ပြည့်နှစ်က ရရှိထားသော ငြိမ်းချမ်းရေးနိုဗယ်ဆုကို ယခုနှစ်တွင် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်သွားရောက်လက်ခံရယူခဲ့သလို ၂၀၁၂ ခုနှစ်အတွက် ပေးအပ်သည့် ငြိမ်းချမ်းရေးနိုဗယ်ဆုကို ဆန်ခါတင်ရွေးချယ်ခံရသူ ငါးဦးစာရင်းတွင် စစ်ဗိုလ်ချုပ်ကြီးဟောင်းတစ်ဦးဖြစ်သူ နိုင်ငံတော် သမ္မတ ဦးသိန်းစိန် ပါဝင်လာခဲ့ သည်။

နိုင်ငံတကာစာမျက်နှာများတွင် အရပ်သား သမ္မတ လက်ထက် နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်များ၌ နိုင်ငံသားအားလုံး ပါဝင်လာစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် ပြည်တွင်းရှိအထင်ကရနိုင်ငံရေး အကျဉ်းသားများကိုလွှတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည့်အပြင် ပြည်ပသို့ရောက်ရှိနေသော အတိုက်အခံ များအား ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာနိုင်စေရန် အမည်မည်းစာရင်း (Black List) များကို ပယ်ဖျက်ပေးခဲ့သည်။

နိုင်ငံရေးအကျဉ်းသားများအား လွှတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့ခြင်းနှင့် စပ်လျဉ်း၍ ရောဝတီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်က "ထောင်အုတ်နံရံ လေးဘက်ထဲမှာပဲ တန်ဖိုးရှိတဲ့ လူ့ဘဝကို အချိန်ကုန်မခံစေဘဲ ပြည်သူ့ဘဝ၊ ပြည်သူ့အကျိုးပြုစေနိုင်တဲ့ အခွင့်အရေးတွေ ပေးလိုက်ခြင်းဟာ လူသားအကျိုးပြုဒါနအမှုလို့ ဆိုနိုင်ပါတယ်" ဟု ပြောကြားသည်။

အာဏာသုံးရပ်ကို ခွဲဝေကျင့်သုံးသည့် စနစ်ကျင့်သုံးခဲ့ပြီးနောက်ဥပဒေပြုရေးအာဏာကိုကိုင်စွဲသည့်လွှတ်တော်များနှင့် အုပ်ချုပ်ရေးအာဏာကို ကိုင်စွဲသည့် အစိုးရအဖွဲ့ကြား အားပြိုင်မှုလည်း ဖြစ်ပေါ်လာသည်။

လွှတ်တော်များမှ ဖွဲ့စည်းထားသော ကော်မတီ၊ ကော်မရှင်များကိုပြည်ထောင်စုအဆင့်သတ်မှတ်ထားခြင်းသည် အခြေခံဥပဒေနှင့်မညီဟု အခြေခံဥပဒေဆိုင်ရာ ခုံရုံးက ဆုံးဖြတ်ခဲ့သဖြင့် ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို လွှတ်တော်များက စွပ်စွဲပြစ်တင်ခဲ့ရာ ဥက္ကဋ္ဌအပါအဝင် ခုံရုံးအဖွဲ့ဝင်များ နုတ်ထွက်သွားခဲ့သည်။

ဥပဒေပြုရေးကိစ္စရပ်များကို အဓိကထား လုပ်ဆောင်ခဲ့သော ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးခြင်းမပြုသည့် ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ဥပဒေအပါအဝင်ဥပဒေပေါင်း ၂၁ခုကိုပြဋ္ဌာန်းပေးနိုင်ခဲ့ပြီး လွှတ်တော်ဆိုင်ရာ လုပ်ငန်းရပ်များကို ပိုမိုပီပြင်စွာဆောင်ရွက်လာနိုင်ခဲ့သည်။

"ဒီလောက်တောင် နှစ် ၅၀ လုံး တစ်သွေး၊ တစ်သံ၊ တစ်မိန့်အောက်မှာနေလာရတာ။ ဒီလောက်ပြောဆိုနိုင်လာတာဟာလွှတ်တော်ရဲ့အားပေးမှုတွေလည်းပါတယ်လို့ မြင်ပါတယ်" ဟု လွှတ်တော်၏ အသက်ဝင်လာမှုကိုပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်ကဆိုသည်။

## ကာတွန်းများက ပြောသော ၂၀၁၂







7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.43 • JANUARY 3 , 2013



နိုင်ငံရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် အဆင့်လေးဆင့်ရှိပြီး ပထမအဆင့်အနေဖြင့် ပြုပြင်ပြောင်းလဲရန် ဆုံးဖြတ်ခြင်း၊ ဒုတိယအဆင့်အနေဖြင့် ပြောင်းလဲမှုများ ပြုလုပ်ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော ပဋိပက္ခများသည် ဒုတိယအဆင့်ပြောင်းလဲမှု၏ ရိုက်ခတ်မှုများသာဖြစ်ပြီး အဆိုပါဖြစ်စဉ်များကြောင့် နောက်ပြန်လည်သွားစေမည် မဟုတ်ကြောင်း စီမံခန့်ခွဲမှု ပညာရှင် ဒေါက်တာအောင်ထွန်းသက်က ပြောသည်။

၂၀၁၁ ခုနှစ်က သယ်ဆောင်လာခဲ့သော အရှိန်အဟုန်ကောင်းများဖြင့် ၂၀၁၂ အစပိုင်းတွင် ဒီမိုကရေစီလမ်းကြောင်းပေါ် ပြေးအားကောင်းစအချိန် ဘီးတစ်ထစ်ချော်ခဲ့ရသည်။ မျှော်လင့်မထားသော ရခိုင်အရေး ပဋိပက္ခပေါ် ပေါက်လာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ယနေ့အချိန်ထိ အရေးပေါ် အခြေအနေ ကြေညာချက်ထုတ်ပြန်ထားရဆဲဖြစ်သည်။

ရခိုင်ပြဿနာသည် အစိုးရအဖွဲ့အား အကြီးမားဆုံး ထိုးနှက်စရာဖြစ်လာခဲ့သည်။ အစိုးရ၏ ကိုင်တွယ်မှုနှေးကွေးပုံကို ကွက်ကွက်ကွင်းကွင်း ဝေဖန်သံညံခဲ့သည့်အပြင် နိုင်ငံတကာဖိအားများအောက်မှ ရုန်းထွက်စ အစိုးရသစ်ကို ရခိုင်အရေးက ပြန်လည်ငုံ့လျှိုးစေခဲ့သည်။

“လက်ရှိအခြေအနေက ပွင့်လင်းစ၊ တရားဥပဒေစိုးမိုးရေးကလည်း ခိုင်ခိုင်မာမာ မရှိသေး၊ ဒီလိုအခြေအနေမျိုးမှာ ဒီလိုလူမျိုးရေးဆန်တဲ့ ပဋိပက္ခတွေဟာ ကျွန်တော်တို့တိုင်းပြည်အတွက်အလွန်အန္တရာယ်ကြီးပါတယ်” ဟု လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးအောင်မိုးဇော်က ပြောသည်။

ရခိုင်ပဋိပက္ခ မဖြေရှင်းနိုင်သည့် အချိန်မှာပင် နိုင်ငံနှင့်အဝန်း နေ့စဉ်ဆိုသလိုပြည်သူများ၏ ဆန္ဒဖော်ထုတ်ပွဲများက ဆက်တိုက်ဖြစ်ပေါ်ခဲ့သည်။ ဆန္ဒပြပွဲများစွာအနက်မှ လက်ပံတောင်းတောင် သပိတ်စခန်းအား အစိုးရက အကြမ်းဖက်ဖြိုခွဲခဲ့မှုသည် အရပ်သားအစိုးရအတွက် ၂၀၁၂ ၏ ကြီးမားသောအစွန်းအထင်းတစ်ခု ဖြစ်ခဲ့လေသည်။

“ဒီမိုကရက်တိုင်ဇေးရှင်းမှာ အသံပေါင်းစုံကြားရမှာပဲ။ ဖြေရှင်းပုံမှားရင်သာ နောက်လှည့်နိုင်တယ်။ ၂၀၁၃ နောက်ပိုင်းမှာလည်း အလားတူတွေ ကြုံရဦးမှာပဲ။ ဘယ်လိုဖြေရှင်းမလဲဆိုတဲ့အပေါ် မှာပဲ မူတည်တယ်။ ဂုဏ်သိက္ခာရှိတဲ့ ဖြေရှင်းပုံလား၊ သိက္ခာရှိလား ဆိုတာ နိုင်ငံတကာက ဆုံးဖြတ်မှာပါ” ဟု ဦးနေသန်မောင်က ပြောသည်။

လက်ပံတောင်းတောင် ဆန္ဒပြမှုဖြစ်စဉ်တွင် အကြမ်းဖက် ဖြိုခွဲခဲ့သည့်အတွက် အစိုးရအပေါ် ပြည်တွင်း၊ ပြည်ပထောက်ခံမှုများ လျော့နည်းသွားပြီး နောက်ကြောင်းပြန်လှည့်မည်လားဟူ၍ စိုးရိမ်မှုများလည်း ရှိလာသည်။ အထူးသဖြင့် ကံဇာတာဆန်းတက်နေသည့် သမ္မတ ဦးသိန်းစိန်အတွက် ဝေဖန်မှုအများဆုံးနှင့် ထောက်ခံအားပေးမှုအကျဆင်းဆုံးအချိန် ဖြစ်ခဲ့သည်။

“ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် လုပ်ဆောင်နေဆဲကာလမှာ ဒီလိုကိစ္စတွေ ဖြစ်သွားတာဟာ နိုင်ငံအတွက် ကံမကောင်း အကြောင်းမလှစွာ ဖြစ်သွားတာပါ။ ဒါတွေကို ဖြစ်လည်းမဖြစ်စေချင်ပါဘူး။ ဖြစ်လာမှတော့ ပြေပြေလည်လည် ကိုင်တွယ်သွားဖို့ အရေးကြီးပါတယ်” ဟု စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ လွယ်ဟိန်းကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာ စိုင်းဆမ်ထွန်းကဆိုသည်။

ဦးအောင်မိုးဇော်က “ဒီကနေ့ အစိုးရကိုချည်း ပုံချလို့တော့ မဖြစ်နိုင်ဘူး။ လွှတ်လပ်ရေးရပြီးကတည်းက ကနေ့ အစိုးရလက်ထက်ထိ ပြဿနာတွေကို မှန်မှန်ကန်ကန်မကိုင်တွယ်ခဲ့လို့ ပြောချင်ပါတယ်” ဟု သူ၏အမြင်ကို ပြောကြားသည်။

ထို့အပြင် ယခင်အစိုးရ၏ ပွင့်လင်းမြင်သာမှုမရှိခြင်းကြောင့် နောက်ဆက်တွဲ ဖြစ်ပေါ်လာသော ပြဿနာများကိုသာ ဖြေရှင်းနေရခြင်းကလည်း အစိုးရသစ် ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ ခရီးမတွင်ဖြစ်နေရခြင်းတွင် အခြေအနေတစ်ရပ်ဖြစ်ခဲ့သည်။

“လက်ရှိအစိုးရကလည်း ဆက်သွားလို့လည်းမရ၊ ထင်တိုင်းလည်း လုပ်လို့မရတော့ဘူး။ ဒီမမျှော်လင့်တဲ့ ပြဿနာတွေက သူ့ကို တွန့်ဆုတ်တွန့်ဆုတ်နဲ့ဖြစ်စေတယ်။ အရှိန်ကို လျော့စေတာ ပေါ့။ အဲဒါတွေကလည်း သတိထားရမယ်”ဟု ရှမ်းအမျိုးသားများ ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးကပြောသည်။

လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် ဦးသိန်းဆွေကလည်း “ပြည်သူတွေဘက်ကလည်း ထစ်ခနဲရှိတာနဲ့ လမ်းမပေါ် ထွက်မယ်၊ ကြွေးကြော်မယ်၊ ဆန္ဒပြမယ်ဆိုရင် ကျွန်တော်တို့ သွားချင်တဲ့ အနေအထားတစ်ခုဟာ အီနေလိမ့်မယ်ထင်တယ်။ အဲဒီနေရာမှာ နှစ်ဖက်စလုံးက တိုင်းပြည်ရဲ့ အကျိုးစီးပွားကို တကယ်ကြည့်ပြီဆိုရင် ကျန်တာတွေအားလုံးက ပျောက်သွားလိမ့်မယ်” ဟု ပြောကြားသည်။

ဒေါက်တာမင်းဇော်ဦးကလည်း “ဒီလက်ရှိ ရှိနေတဲ့ အပြောင်းအလဲကို အနှောင့်အယှက်အဖြစ် ခံလို့မရဘူး။ ဆက်ပြီးတော့ လက်ရှိ ရှိနေတဲ့ အပြောင်းလဲကနေ ပိုပြီးပွင့်လင်းတဲ့ ဒီမိုကရေစီစနစ်တစ်ခုကို သွားရမယ်” ဟုဆိုသည်။

ထိုကဲ့သို့ ဒီမိုကရေစီအရွေ့ကို အဓိကစိန်ခေါ်နေသည့် အခင်းအကျင်းများစွာအနက် အကြီးမားဆုံး ပြဿနာမှာ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်သည်။ နှစ်ပေါင်း ၆၀ ကျော်ကြာ ဖြစ်ပွားနေခဲ့သည့် ပြည်တွင်းစစ်က ၂၀၁၂ အတွင်း အရှိန်ကောင်းနေဆဲဖြစ်သည်။

ငြိမ်းချမ်းရေးဖော်ဆောင်ရေးအတွက် လက်နက်ကိုင်အဖွဲ့အစည်း (၁၁)ဖွဲ့အနက်(၁၀)ဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ ရရှိပြီး နှစ်ပေါင်းများစွာ ငြိမ်းချမ်းရေးဆွေးနွေးမှု မအောင်မြင်ခဲ့သော ကရင်အမျိုးသားအစည်းအရုံး (KNU)နှင့် ပဏာမ ငြိမ်းချမ်းရေးသဘောတူညီချက် ရယူနိုင်ခဲ့သည်။

သို့သော် ကချင်လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သည့် ကချင် လွတ်မြောက်ရေးတပ်မတော် (KIA)နှင့် ငြိမ်းချမ်းရေး ဆွေးနွေးရာ အောင်မြင်ခြင်းမရှိသေးသည့်အပြင် ကချင်ပြည်နယ်အတွင်း တိုက်ပွဲများက အရှိန်မြင့်တက်လျက်ရှိသည်။

“ကေအိုင်အေနဲ့ ငြိမ်းချမ်းရေးမရသေးတာကိုလည်း ဆက်လက်ဆွေးနွေးရမယ်။ ဘယ်တိုင်းရင်းသားအဖွဲ့ကိုမှ ချန်ထားလို့မရဘူး။ ဒါကို အစိုးရက ဖြေရှင်းဖို့နည်းလမ်းရှာတဲ့အခါမှာ အကြမ်းဖက်တာတို့ စစ်ရေးတို့မဟုတ်ဘဲ အားလုံးလက်ခံမယ့် နည်းလမ်းရှာပြီး ဖြေရှင်းရမယ်။ ဒါမှပဲ တိုင်းရင်းသားတွေ အားလုံးရဲ့ ငြိမ်းချမ်းရေးက ခိုင်မြဲမှာပါ” ဟု အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ကချင်တိုင်းရင်းသား ခေါင်းဆောင်တစ်ဦးဖြစ်သူ ဒေါက်တာတူးဂျာက သုံးသပ်ပြောဆိုသည်။

တိုင်းရင်းသားဒေသများတွင် အစိုးရနှင့် လက်နက်ကိုင်အဖွဲ့များ ကြားမငြိမ်သက်မှုများဖြင့် မအေးချမ်းနိုင်သေးချိန်မှာပင် စစ်မှန်သော ပြည်ထောင်စုစနစ်ဖြစ်ပေါ် လာစေရန်အတွက် ဖက်ဒရယ်စနစ်အား အကောင်အထည်ဖော်ရန် လိုကြောင်း တိုင်းရင်းသားပါတီအချို့မှ ပြောဆိုမှုများ ၂၀၁၂ နှစ်လယ်ပိုင်းမှစတင်ထွက်ပေါ် လာခဲ့သည်။ ထို့အတူ လွှတ်တော်အတွင်း ဖက်ဒရယ်အသုံးအနှုန်းကို သုံးစွဲလာခဲ့ပြီး ဩဂုတ်လအတွင်း ရှမ်းတိုင်းရင်းသား လွှတ်တော် ကိုယ်စားလှယ်နှစ်ဦးက တင်သွင်းသည့် ဥပဒေကြမ်းများကို အခြေခံဥပဒေကို ပြင်ဆင်ခြင်းမရှိဘဲ ဖက်ဒရယ်မှုနှင့်အညီ ရေးဆွဲရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ပြောဆိုမှုများလည်း ရှိခဲ့သည်။ ထို့ပြင် လွှတ်တော်တွင်းပါတီများမှ ကိုယ်စားလှယ်များ အချိုးကျ မဲစနစ်ဖြင့် ပါဝင်နိုင်ရန် နိုင်ငံရေးပါတီအချို့၏ ဆွေးနွေးမှုများ ဖြစ်ပေါ် ခဲ့သည်။

သတင်းစာဆရာ ဦးရဲနိုင်မိုးက “အခုထက်ထိ ၂၀၁၂ အတွင်းမှာ ရခိုင်၊ ကချင်အရေးအခင်းနဲ့ ပတ်သက်လို့ ဦးသိန်းစိန်အစိုးရရဲ့ အကောင်အထည်ဖော်တုံ့ပြန်မှုဟာ ပြည့်ပြည့်ဝဝမှန်ကန်မှုလည်း မရှိသေးဘူး။ ထိရောက်မှုလည်း မရှိသေးဘူးလို့ ကျွန်တော်မြင်တယ်” ဟု သူ၏အမြင်ကို ပြောကြားသည်။

နာမည်ကောင်းရခါစ၊ မျက်နှာပွင့်စ အရပ်သားအစိုးရအတွက် ၂၀၁၂ နှစ်ကုန်ပိုင်းလှိုင်းက ခပ်ပြင်းပြင်းရိုက်ပုတ်ခဲ့သည်။ အစိုးရသစ်၏ ပြုပြင်ပြောင်းလဲမှု စံနှုန်းပြဂရပ်ဖ်ကလည်း ရခိုင်ပဋိပက္ခ၊ အရှိန်မြင့် ကချင်စစ်ပွဲများနှင့် လက်ပံတောင်းတောင် သပိတ်စခန်း သံဃာများအား အင်အားသုံး ဖြိုခွင်းမှုများကြောင့် ဇောက်ထိုးကျဆင်းခဲ့ရသည်။

“၂၀၁၂ အပြောင်းအလဲမှာ အစိုးရဖွင့်ပေးခဲ့တာတွေ ကြည့်ရင်တော့ အရမ်းမြန်တယ်ဗျ။ လုပ်နိုင်စွမ်းရည်အရကြည့်ရင် အားနည်းတယ်။ ဒါပေမဲ့ ဖွင့်ပေးတာ ကြည့်ရင် အရမ်းမြန်တယ်” ဟု ဒေါက်တာ မင်းဇော်ဦးက ဆိုသည်။

သမိုင်းစဉ်တစ်လျှောက် ကြုံတွေ့ခဲ့ဖူးခြင်းမရှိသော ဖြစ်ရပ်များသည် ၂၀၁၂ ခုနှစ်အတွင်း ဆက်တိုက်ဖြစ်ပေါ် ခဲ့သည်။

ထိုပထမဆုံးများနှင့် ၂၀၁၂က အကောင်းလွန်၊ အဆိုးလွန် အပြိုင်ဒွန်တွဲနေသော နှစ်တစ်နှစ်ဟုဆိုလျှင်လည်း မမှားပေ။

၂၀၁၂ ခုနှစ်အတွင်း ဖြစ်ပေါ် ခဲ့သောဖြစ်စဉ်များနှင့် ပတ်သက်၍ ဒေါက်တာအောင်ထွန်းသက်က ယခုကဲ့သို့ ခြုံငုံသုံးသပ်သည်။ “၂၀၁၂ ဟာအကောင်းရောအဆိုးပါရောပြွမ်းနေတဲ့နှစ်တစ်နှစ်ပါ။ ပြောရင်တောင် ယုံမှာမဟုတ်ဘူး။ အပြောင်းအလဲတွေက ဆက်တိုက်ကို ဖြစ်ခဲ့တာ။ တိုင်းပြည်က ညီညီညွတ်ညွတ်နဲ့ အားလုံးရှေ့ဆက်ရမှာပဲ”

■



*လွှတ်တော်အစည်းအဝေး တက်ရောက်လာသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည်*



*ကေအိုင်အိုငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့်ပြည်ထောင်စုအစိုးရငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ တရုတ်နိုင်ငံ ရွှေလီမြို့၌ အောက်တိုဘာလကုန်ပိုင်းက တွေ့ဆုံစဉ်*







7 DAY NEWS JOURNAL
Vol.11, No.43 • JANUARY 3 , 2013

facebook ၂၀၁၂ ၏ လူကြိုက်အများဆုံး သတင်းသုံးပုဒ်



ဓာတ်ပုံ - AFP

7 Day News ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ၂၀၁၂ အတွင်း လူကြိုက်အများဆုံး သတင်းနှင့်ဓာတ်ပုံမှာ အမေရိကန်သမ္မတအိုဘားမားနှင့် ဝန်ကြီးဟီလာရီကလင်တန်တို့ ရွှေတိဂုံစေတီတော်ကို ဖူးမြော်သော သတင်းဓာတ်ပုံဖြစ်သည်။ ယင်းသတင်းဓာတ်ပုံကို စာဖတ်ပရိသတ် ၄,၂၇၂ ဦးက ကြိုက်နှစ်သက်ပြီး ၂,၀၁၂ ဦးက ပြန်လည်မျှဝေဖတ်ရှုကာ ၂၂၉ ဦးက ဝင်ရောက်မှတ်ချက်ပေးခဲ့သည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ဒုတိယလူကြိုက်အများဆုံး သတင်းဓာတ်ပုံမှာ အက်စ်စအဖွဲ့ဝင် အဆိုတော်အနဂ္ဂနှင့် အဆိုတော်သံသာဝင်းတို့၏ စိန့်ဩဂတ်စတင်းဘုရားရှိခိုးကျောင်း၌ပြုလုပ်သော မင်္ဂလာပွဲသို့ ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ချီးမြှင့်သည့် သတင်းဓာတ်ပုံဖြစ်သည်။ စာဖတ်ပရိသတ် ၃,၂၅၂ ဦးက ကြိုက်နှစ်သက်ပြီး ၁,၄၀၂ ဦးက ပြန်လည်မျှဝေဖတ်ရှုကာ ၁၇၆ ဦးက ဝင်ရောက်မှတ်ချက်ပေးခဲ့သည်။



ဓာတ်ပုံ - စန်းယုကျော်

တတိယလူကြိုက်အများဆုံး သတင်းဓာတ်ပုံမှာ ကမ္ဘာကျော် အက်ရှင်ဟာသမင်းသား ဂျက်ကီချန်း မန္တလေးမြို့ ဗုဒ္ဓဘာသာ မိဘမဲ့ကလေးကျောင်းသို့ ဇူလိုင်လ ၅ ရက်ညနေက လာရောက်သော သတင်းဓာတ်ပုံဖြစ်သည်။ စာဖတ်ပရိသတ် ၂,၁၀၉ ဦးက ကြိုက်နှစ်သက်ပြီး ၁,၃၂၆ ဦးက ပြန်လည်မျှဝေဖတ်ရှုကာ ၁၇၂ ဦးက ဝင်ရောက်မှတ်ချက်ပေးသည်။



သဘာဝပတ်ဝန်းကျင်ဆိုင်ရာစိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရသော လက်ပံတောင်းတောင်နှင့်ဒေသခံများ

# ဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

# ထိပ်တိုက်တွေ့သောအခါ . . .

**အိဖြူမွန်**

မြိတ်၊ ကော့သောင်းမှ ဒေသခံများ ကျောက်မီးသွေးစက်ရုံစီမံကိန်း ဆန္ဒပြခြင်း၊ ထိုင်းရင်းနီးမြှုပ်နှံမှု တစ်ခုဖြစ်သော ထားဝယ်ရေနက်ဆိပ်ကမ်းပေါ်ပေါက်လာပါက ဖြစ်ပေါ်လာနိုင်သည့်နောက်ဆက်တွဲ ပတ်ဝန်းကျင်သက်ရောက်မှုများကို စိုးရိမ်သဖြင့် ကန့်ကွက်ခဲ့ကြသည့် ဒေသခံများ၊ လက်ပံတောင်းတောင်ကြေးနီစီမံကိန်း ရပ်ဆိုင်းရန်အတွက် ဆန္ဒပြနေကြသော လူထုတို့၏ ပုံရိပ်များမှာ ၂၀၁၂ အတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များတွင် ထင်ရှားစွာပေါ်ထွက်ခဲ့သည်။

ထို့အပြင် အညာတောင်သူများ မိုးခေါင်၍ သောကများချိန်တွင် မြန်မာပြည်အောက်ပိုင်းတွင် ရေလျှံပြီး သောကများနေရခြင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများ မျှော်လင့်နေသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ထွက်ရှိလာသော်လည်း မပြည့်စုံခြင်း၊ သပိတ်ကျင်း မြေလျှောကြောင့် ဒုက္ခများခဲ့ရသည့် ပြည်သူများ၏ ဖြစ်ရပ်များကလည်း ၂၀၁၂ ခုနှစ် ပုံရိပ်များထဲမှအချို့ဖြစ်သည်။

၂၀၁၂ တွင် ဆန္ဒဖော်ထုတ်ခွင့် ဥပဒေများရှိလာသည့်နောက်ပိုင်း လူထုက ပတ်ဝန်းကျင်ဆိုင်ရာ ညစ်ညမ်းမှုပြဿနာများ ကြုံတွေ့နိုင်မည့် စီမံကိန်းများကို ကန့်ကွက် ဆန္ဒဖော်ထုတ်မှုများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လာကြသည်။

ထို့ကြောင့် ၂၀၁၂ သည် အခြားနိုင်ငံများနည်းတူ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ ထိပ်တိုက်တွေ့သောနှစ်ဖြစ်လာသည်။

ကန့်ကွက်မှုများအနက် ထင်ရှားသည့်သာဓကမှာ ယခုနှစ်ဆန်းပိုင်းတွင် ပတ်ဝန်းကျင်ဆိုင်ရာနှင့် ကျန်းမာရေးပြဿနာများ ရင်ဆိုင်နေရသော ထိုင်းနိုင်ငံရှိမာတာပွတ်ကျောက်မီးသွေး လျှပ်စစ်ဓာတ်ပေးစက်ရုံထက် နှစ်ဆကြီးမားသော မဂ္ဂါဝပ် ၄,၀၀၀ ထုတ်လုပ်မည့် ထားဝယ်ကျောက်မီးသွေးလျှပ်စစ်စီမံကိန်းအား ဇန်နဝါရီ ၉ ရက်တွင် နိုင်ငံတော် သမ္မတက ရပ်ဆိုင်းလိုက်ခြင်းဖြစ်သည်။

ယင်းစီမံကိန်း ရပ်ဆိုင်းပြီးနောက် တနင်္သာရီတိုင်းဒေသကြီးတွင် မဂ္ဂါဝပ် ၈၀ နှင့် ၁၀၀ အကြား တည်ဆောက်ရန် လျာထားသည့် မြိတ်၊ ကော့သောင်း၊ ဘုတ် ပြင်း၊ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို ကျန်းမာရေးပြဿနာနှင့် ရင်ဆိုင်နေရသော အိမ်နီးချင်း ထိုင်းနိုင်ငံနှင့် ဥပမာပေးပြီး သမ္မတအထိ စာပို့ကန့်ကွက်မှုများကိုပြုလုပ်ခဲ့သည်။ ယင်းကဲ့သို့ကန့်ကွက်မှုများပြုလုပ်ခဲ့သလို အောက်တိုဘာ ၁၆ ရက်တွင် ကော့သောင်း ကျောက်မီးသွေးစက်ရုံတွင် ခွင့်ပြုချက်ဖြင့် ဆန္ဒပြခဲ့သည်။ နိုဝင်ဘာ ၄ ရက်တွင်လည်း မြိတ်မြို့တွင် တည်ဆောက်မည့်ကျောက်မီးသွေးစက်ရုံကို ခွင့်ပြုချက်ဖြင့် ကန့်ကွက်ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

စံပယ်တောင်၊ ကြေးစင်တောင် ကြေးနီစီမံကိန်းများက သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုများစွာရှိခဲ့ကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ပညာရှင်များ ထောက်ပြခဲ့ပြီးနောက် လူထုက သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ပိုမိုသတိရှိလာကာ လက်ပံတောင်းတောင်ဒေသခံများက ကြေးနီစီမံကိန်းရပ်ဆိုင်းရန် ဆက်တိုက်ဆန္ဒပြတောင်းဆိုနေမှုများသည် ယခုနှစ်အတွင်း အထင်ရှားဆုံးဖြစ်ခဲ့သည်။

မြစ်ဆုံစီမံကိန်းကို ယခုအစိုးရသက်တမ်းတွင် ရပ်ဆိုင်းထားမည်ဟု သမ္မတကအမိန့်ထုတ်ပြန်ပြီးမှ တရုတ်စီပီအိုင်ကုမ္ပဏီကပြန်လည်လုပ်ဆောင်ရန် မျှော်လင့်ချက်ထားလာခြင်းနှင့်တရုတ်ပညာရှင်များက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများကိုပြင်းထန်စွာဝေဖန်လာသောကြောင့် သမ္မတကိုလုံးဝရပ်ဆိုင်းပေးရန် အောက်တိုဘာပထမအပတ်တွင် အရပ်ဘက်အဖွဲ့အစည်းများက ပြတ်သားစွာတောင်းဆိုခဲ့ကြသည်။

ရာသီဥတု ပြောင်းလဲမှုကလည်း ယခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သည်။ ယခုနှစ် မိုးရာသီကာလအတွင်း မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း ဒေသကြီးတို့တွင် မိုးခေါင်၍ စိုက်ပျိုးရေမရရှိမှုကို ခံစားရပြီး တစ်ချိန်တည်းမှာပင် ရေကြီးမှုဖြစ်စဉ်များ ဖြစ်ပွားခဲ့သည်။

ယခုနှစ်အတွင်း အကြီးမားဆုံး သဘာဝဘေးအန္တရာယ်မှာ နိုဝင်ဘာ ၁၁ ရက်တွင် ရွှေဘိုမြို့ မြောက်ဘက်၄၅ မိုင်အကွာကိုဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ ငလျင် စစ်ကိုင်း မြေငလျင်ကြောပေါ်တွင် လှုပ်ခတ်ခဲ့ခြင်း ဖြစ်သည်။ ယင်းမြေငလျင်ဒဏ်ကြောင့် ရွှေဘို၊ သပိတ်ကျင်း၊ ကျောက်မြောင်း၊ စဉ့်ကူး စသော မြို့နယ်ပေါင်းများစွာမှာငလျင်ဒဏ်ကို ခံစားခဲ့ရသည်။

ဧပြီလ ၁ ရက်နေ့တွင်မြန်မာနိုင်ငံတွင် မရှိခဲ့သော ပထမဆုံး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကို ထုတ်ပြန်ခဲ့သည်။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလှုပ်ရှားသူများက ရေရှည်ထိန်းသိမ်းရေး ဆောင်ရွက်ရန်အတွက် ယင်းဥပဒေမှာ ပြည့်စုံလုံလောက်မှု မရှိသေးကြောင်းထောက်ပြဝေဖန်ခဲ့သည်။ ထူးခြားချက်မှာ နည်းဥပဒေရေးဆွဲရေးတွင် အရပ်ဘက် လူ့အဖွဲ့အစည်းများကို ပထမဆုံး အကြိမ်ဖိတ်ခေါ်ခဲ့ခြင်းဖြစ်သည်။ ပတ်ဝန်းကျင် ထိန်းသိမ်းရေး နည်းဥပဒေကို ယခု နှစ်ကုန်တွင် ထွက်ရှိမည်ဟု ဥပဒေရေးဆွဲရာတွင် ပါဝင်ခဲ့သူများက ပြောခဲ့သော်လည်း ယခုအချိန်ထိ မထွက်သေးချေ။

၂၀၁၀ ပြည့်နှစ်က ရေခန်းခြောက်မှုနှင့် ရင်ဆိုင်ခဲ့ရသော အင်းလေးကန် ထိန်းသိမ်းရေးအတွက် အမြန်ဆုံးထိန်းသိမ်းရမည်ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများနှင့် အစိုးရဌာနဆိုင်ရာများက ကြွေးကြော်ခဲ့သော်လည်း ထိန်းသိမ်းရေးလုပ်ငန်းများကို ယခုနှစ်ဇူလိုင်လမှသာ နော်ဝေအစိုးရနှင့် ကုလသမဂ္ဂက လှူဒါန်းသော အလှူငွေ ဒေါ်လာနှစ်သန်းခြောက်သိန်းဖြင့် စတင်လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ ထူးခြားချက်မှာ ထိန်းသိမ်းရေးလုပ်ငန်းများတွင် ဒေသခံအဖွဲ့ ၁၂ ဖွဲ့ကို လုပ်ကိုင်ခွင့်ပြုလိုက်ခြင်းဖြစ်သည်။

ဇီဝမျိုးစုံမျိုးကွဲများ၊ နှာလန်မျောက်၊ ကျား စသောရှားပါးမျိုးစိတ်များနှင့် သစ်တောအများအပြား ကျန်ရှိနေသေးသော ကချင်ပြည်နယ်တွင်ပြည်တွင်းစစ်ဖြစ်ပွားနေခြင်းကြောင့် ထိန်းသိမ်းရေးလုပ်ငန်းများ ရပ်နားထားသည်မှာ တစ်နှစ်ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည်။

အစိုးရပိုင်းမှ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးလုပ်ငန်းများတွင်လုပ်ဆောင်ခြင်းသိပ်မရှိခဲ့သော်လည်း သစ်တောထိန်းသိမ်းရေးလုပ်ငန်းတွင် စည်းမျဉ်းစည်းကမ်းများဖြင့် ထုတ်လုပ်ရန် သတ်မှတ်လိုက်သောနှစ်ဟု ဆိုရမည်။

ယင်းစည်းမျဉ်းစည်းကမ်းများအနက် သတင်းကောင်းတစ်ခုမှာ တရားမဝင် သစ်ခိုးခုတ်မှုလျော့ပါးစေရေးအတွက် ဖမ်းဆီးမှုများကို တင်းကျပ်စွာ လုပ်ဆောင်လာသည့်နည်းတူ သစ်လုံးတင်ပို့မှုများကို ၂၀၁၄ တွင် ရပ်ဆိုင်းတော့မည်ဟု နိုဝင်ဘာ ၁ ရက်တွင် အစိုးရက တရားဝင် ကြေညာချက်ထုတ်ပြန်လိုက်ခြင်း ဖြစ်သည်။



7DAY NEWS JOURNAL
Vol.11, No.43 • JANUARY 3 , 2013

## အချပ်ပို(၁၁) ၂၀၁၂ ခုနှစ်၏ အထင်ရှားဆုံးပုဂ္ဂိုလ် မှ

**သီဟသူရဦးတင်အောင်မြင့်ဦး**

သမ္မတဦးသိန်းစိန်အစိုးရလက်ထက်တွင် ထိပ်တန်းအစိုးရအဖွဲ့ဝင်များထဲမှ အနားယူသွားသူဖြစ်သည်။ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ကျန်းမာရေးအခြေအနေကြောင့် ယခုနှစ်ပြေီလမှစတင်၍ အနားယူခဲ့ပြီး ဇူလိုင်လ ၁ ရက်တွင် နုတ်ထွက်ခဲ့သည်။ ဒုတိယသမ္မတဟောင်းနှင့်ပတ်သက်၍ နိုင်ငံရေးလေ့လာသူများ၊ စီးပွားရေးလုပ်ငန်းရှင်များကြား အမြင်မတူမှုများစွာ ရှိခဲ့သည်။

**ပြည်တော်ပြန်များ**

ပြည်တွင်းနိုင်ငံရေး အခြေအနေများကြောင့် ပြည်ပနိုင်ငံများတွင်ရောက်ရှိနေသော နိုင်ငံရေးအင်အားစုများ ဆယ်စုနှစ်သုံးခုကျော်အတွင်း ပထမဆုံးအကြိမ်အဖြစ် အလုံးအရင်းပြန်ဝင်လာခဲ့ကြသည်။ ပြန်ဝင်လာပြီးနောက် ပြည်တော်ပြန်များ၏ လုပ်ဆောင်ချက်အခန်းကဏ္ဍက အဖွဲ့အစည်း လူပုဂ္ဂိုလ်အလိုက် ကွဲကွဲ ပြားပြားရှိခဲ့သည်။ သို့သော် ပြည်တွင်း၊ ပြည်ပမီဒီယာများတွင် ၎င်းတို့၏သတင်းများက နေရာယူခဲ့သည်။

**ဦးအောင်သိန်းလင်း**

မြို့တော်ဝန်ဟောင်းလည်း ဖြစ်၊ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လည်းဖြစ်သည့် ဦးအောင်သိန်းလင်းမှာ တရုတ်မီဒီယာတစ်ခုသို့ ပြောကြားခဲ့သော စကားများဖြင့် ၂၀၁၂ ခုနှစ်အတွင်း မီဒီယာများကြား ထင်ရှားသတင်း ဖြစ်သွားခဲ့သူဖြစ်သည်။ ထို့ကြောင့်လည်း ကိုယ်စားလှယ်အဖြစ်က ရုပ်သိမ်းပေးရန် မဲဆန္ဒရှင်များက လက်မှတ်ရေးထိုးတောင်းဆိုခံရသည့် ပထမဆုံးကိုယ်စားလှယ်အဖြစ် မှတ်တမ်းဝင်ခဲ့သူလည်း ဖြစ်သည်။

**ဦးသိန်းညွန့်**

လွှတ်တော်အစည်းအဝေးများအတွင်း ၎င်း၏ချက်ကျလက်ကျ မေးခွန်းအဆိုများကြောင့် ယခုနှစ်အတွင်း ပိုမိုထင်ရှားလာခဲ့သည်။ နိုင်ငံအတွင်း တရားစီရင်ရေးကဏ္ဍတွင် ထင်ထင်ပေါ်ပေါ် ဝေဖန်ထောက်ပြမှုများ ပြုလုပ်ကာ မီဒီယာများ၏ အမှုကြီးများတွင် ရှေ့နေတစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိသည်။



(**မှတ်ချက်**။ ။၂၀၁၂ ခုနှစ်အတွက် မြန်မာနိုင်ငံ၏ အထင်ရှားဆုံးပုဂ္ဂိုလ် ရွေးချယ်ရန် 7Day News က ပဏာမစာရင်းဝင်သူများကိုဦးစွာရွေးချယ်၍ အွန်လိုင်းမှလည်းကောင်း၊ လူကိုယ်တိုင်လည်းကောင်းစစ်တမ်းကောက်ယူပြီးနောက် ရလဒ်များကိုစုပေါင်းပြီး၊ 7Day News အယ်ဒီတာအဖွဲ့က ၂၀၁၂ အထင်ရှားဆုံးပုဂ္ဂိုလ်အဖြစ် ဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်ကိုရွေးချယ်လိုက်ပါသည်။ ထိုသို့ရွေးချယ်ရာတွင် 7Day News ၏ မူအတိုင်း ပဏာမစာရင်းအတွက် လူပုဂ္ဂိုလ်၊ အစုအဖွဲ့များကို ရွေးချယ်ရာတွင် ၂၀၁၂ တစ်နှစ်ပတ်လုံးအတွင်း သတင်းများအပေါ် လွှမ်းခတ်သက်ရောက်မှု၊ လူထုအပေါ် လွှမ်းမိုးနိုင်မှု၊ ထင်ထင်ရှားရှားဖြစ်မှုတို့ကို အကဲဖြတ်ရွေးချယ်ခြင်းဖြစ်သည်။ ၎င်းတို့၏ အဆိုး၊အကောင်း လုပ်ဆောင်ချက်၊ စွမ်းဆောင်ချက်များအပေါ် အကဲဖြတ်ရွေးချယ်ခြင်းမဟုတ်ပါ။)

---

အချပ်ပို(၂)

## ၂၀၁၂ ခုနှစ် ရာသီဥတုနဲ့ ထူးခြားမှု (၁၀)

အရှေ့လေပွေလှိုင်းကလည်း တစ်ကြိမ်မှရောက်မလာလို့ မိုးတစ်စက်မှမရခဲ့ပါဘူး။ ဒီတော့ မိုးခေါင်ပြီပေါ့။

စစ်ကိုင်းတိုင်းအောက်ပိုင်း ပုလဲမြို့နယ်က တောင်သူဦးကြီးတစ်ယောက်က သူ့ပျိုးတွေ မိုးမျှော်ရင်းနဲ့ ပုပ်ကုန်တဲ့အကြောင်း ဖုန်းဆက်ပြောပါတယ်။ ပခုက္ကူခရိုင်အတွင်းက ဦးကြီးတစ်ဦးကလည်း သူတို့ဆီမှာ မိုးမရွာတာ ၂၀၁၁ အောက်တိုဘာကတည်း မရွာတာမို့ အခုဆိုရင် (၂၄၃)ရက် ရှိနေပြီမို့ သူ့ရဲ့ကျပ်သိန်း၆၀၀ ဖိုး ရင်းနှီးပြီး စိုက်ထားတဲ့ ကျွန်းပင်တွေ ရေငတ်ပြီး သေကုန်ရတဲ့ အကြောင်း ဖုန်းဆက်ပြောပါတယ်။

**ထူးခြားမှု(၇)-မြန်မာနိုင်ငံအလယ်ပိုင်းမှာ မိုးခေါင်ပြီး ရေကြီးခဲ့ပါတယ်။**

ဧရာဝတီမြစ်နဲ့ ချင်းတွင်းမြစ်တို့ရဲ့ မြစ်ဖျားပိုင်းဒေသတွေမှာ မိုးကောင်းနေခဲ့လေတော့ ချင်းတွင်းနဲ့ ဧရာဝတီမြစ်တွေမှာ ရေအဝင်ကောင်းခဲ့ပါတယ်။ ဝင်သမျှရေတွေကလည်း မြစ်ရိုးအတိုင်း စီးဆင်းလာကြလေတော့ အလယ်ပိုင်းဒေသတွေကို ရောက်လာကြပါတယ်။ အထူးသဖြင့် ချင်းတွင်းဧရာဝတီမြစ်ဆုံအပိုင်းရောက်တော့ မကွေးတိုင်း၊ ချောက်မြို့နယ်အတွင်း မိုးခေါင်နေတဲ့ဒေသတွေမှာ ဧရာဝတီမြစ်ရေတွေကြီးလာလိုက်တာ ရွာ ၁၂ ရွာရေထဲ မျောပါသွားရတဲ့အထိ ဖြစ်ခဲ့ပြန်ပါတယ်။

**ထူးခြားမှု(၈)- မြန်မာနိုင်ငံအောက်ပိုင်းဒေသတွေမှာ ရေကြီးခဲ့ပါတယ်။**

ဧရာဝတီမြစ်အတွင်း တိုးလာတဲ့ရေတွေအားလုံးဟာ အဆုံးမှာတော့ ဧရာဝတီမြစ်ရဲ့ အောက်ပိုင်းကိုစုပုံလာပြီး ရေတွေမြင့်တက်လာစေပါတယ်။ မုတ်သုံလေကလည်း ကမ်းရိုးတန်းဒေသတွေမှာ မိုးတွေ ကောင်းနေလိုက်တာ ဧရာဝတီတိုင်း အနောက်တောင်ပိုင်းဒေသဟာအဆိုးဆုံးဖြစ်ခဲ့ပါတယ်။ နောက်တော့ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းတွေအားလုံး စိုက်ခင်းတွေ၊ မြို့ရွာတွေ ရေမြုပ်ကုန်တော့တာပါဘဲ။



စိုက်ပျိုး လယ်မြေဧက ခြောက်သိန်းကျော် ခုနစ်သိန်းနီးပါး ရေမြုပ်ခံရပါတယ်။

**ထူးခြားမှု (၉)- အခါလွန်မိုးတွေ ကောင်းခဲ့ပြန်ပါတယ်။**

စက်တင်ဘာလအကုန်အထိ ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းတစ်လုံးမှ မဖြစ်ခဲ့တဲ့ ဘင်္ဂလားပင်လယ်အော်ဟာ မိုးလွန်ကာလရောက်တော့ မုန်တိုင်းတွေ တန်းစီဖြစ်လိုက်တာ (၄)(၅)ကြိမ် ရှိပါတယ်။ မြန်မာပြည်ဘက်ကို ရောက်မလာခဲ့တဲ့ အရှေ့လေပွေလှိုင်းတွေကလည်း ဇူလိုင်လထဲ ရောက်လာတော့ဆက်တိုက်ဆိုသလို လာတော့တာပါဘဲ။ ဒီတော့ အခါလွန်မိုးတွေ ကောင်းလာပြန်ပါတော့တယ်။ ဒီတော့လည်း ရိတ်ချိန်၊ သိမ်းချိန် ရောက်နေတဲ့ လယ်တွေ၊ စပါးတွေ၊ ပဲတွေ ရေမြုပ်ရပြန်ပါတော့တယ်။

**ထူးခြားမှု(၁၀)- နေ့ညအပူချိန်ကွာခြားမှုတွေ လက်ရှိဆောင်းကာလမှာ မြင့်မားနေပါတယ်။**

၂၀၁၂ အကုန်ဆောင်းတွင်းဝင်လာတော့ နေ့အပူချိန်တွေ မြင့်ပြီး ညအပူချိန်တွေ ကျဆင်းနေတာကို ထူးထူးခြားခြား တွေ့ရပြန်ပါတယ်။ ကမ်းရိုးတန်းဒေသတွေလို Coastal Climate ရှိတဲ့ ဒေသတွေအဖို့တော့ ထူးခြားမှုဖြစ်နေပါတယ်။ နောက်ပိုင်း ကာလတွေမှာ သေချာမှုကို အတည်ပြုနိုင်ခဲ့ရင်တော့ ရာသီဥတု သမိုင်းသစ်တစ်ခုရဲ့စာမျက်နှာသစ်တစ်ခု ဖြစ်လာပါဦးမယ်။

အခုတော့ရာသီစက်ဝန်းဟာ ၂၀၁၃ ခုနှစ်သစ် မျက်နှာစာကို စဖွင့်နေပါပြီ။ ဘယ်လိုရာသီဥတုအချိုးအကွေ့တွေနဲ့ သမိုင်းစာမျက်နှာသစ်တွေ ထပ်မံဖွင့်ဦးလည်း ဆိုတာကိုသာ အတိအကျမပြောနိုင်ပေမယ့် ထူးခြားမှုတွေနဲ့ ပြည့်နှက်နေဦးမှာတော့ အသေအချာ ပါပဲဗျာ။

---

အချပ်ပို နောက်ကျောဖုံးမှ -

## ၂၀၁၂ ကိုလှုပ်ခတ်စေခဲ့သော သတင်းလူသားများ

■ **ဘာရှားအာဆတ်**
(ဆီးရီးယား သမ္မတ)

အကျ် ၄၇ နှစ်အရွယ်ရှိ ဒီဆီးရီးယားသမ္မတဟာ လ ၂၀ ကျော်ကြာလာတဲ့ ပြည်တွင်းစစ်မှာ အတိုက်အခံတွေကို ရက်ရက်စက်စက်နှိမ်နင်းပြီး လူပေါင်း ၃၀,၀၀၀ လောက်ကို သေဆုံးစေခဲ့ပြီးပါပြီ။ ဒီ ၂၀၁၂ ထဲမှာ သူ့မှာအာဏာရှိတော့မှာ မဟုတ်လို့ထင်ခဲ့ပေမယ့် သူ့ရဲ့အာဏာပလ္လင်ပေါ်က မဆင်းမှုဟာ နိုင်ငံတကာအသိုင်းအဝိုင်းအတွက်ရော၊ ကမ္ဘာ့သတင်းများအတွက်ပါ အဓိက ဇာတ်လမ်းတစ်ခုဖြစ်စေခဲ့တယ်။ သူဟာ ၂၀၁၂ ရဲ့ သတင်းတွေကို ဩဇာလွှမ်းမိုးခဲ့ပါတယ်။

■ **ဘင်ဘာနန်ကီ** (အမေရိကန်ဗဟိုဘဏ်အကြီးအကဲ)

မစ္စတာဘာနန်ကီဟာ အမေရိကန်ဖက်ဒရယ်ဗဟိုဘဏ်ရဲ့ အကြီးအကဲဖြစ်ပြီး ၎င်းကို စီးပွားရေးမှာ အင်အားအကြီးဆုံးသော နိုင်ငံဖြစ်တဲ့ အမေရိကန်စီးပွားရေး အပေါ်မှာ ဩဇာလွှမ်းမိုးမှု အရှိဆုံး တစ်ဦးတည်းသော လူအဖြစ်ရည်ညွှန်းပြောဆိုကြပါတယ်။ နိုင်ငံရဲ့ ငွေကြေးပေါ်လစီကို စီမံခန့်ခွဲတာ၊ အလုပ်လက်မဲ့နှုန်း ၆ ဒသမ ၅ ရာခိုင်နှုန်းအောက်ရောက်အောင် ဖန်တီးနိုင်ခဲ့တာတွေဟာ အမေရိကန်စီးပွားရေးကို သူပဲကိုင်တွယ်ခဲ့ပုံတွေပါပဲ။

■ **ရှီကျင်းပင်**
(တရုတ်ခေါင်းဆောင်သစ်)

ကွန်မြူနစ် တရုတ်ပြည်ဟာ ဆယ်နှစ်တစ်ကြိမ် ၎င်းရဲ့ ခေါင်းဆောင်မှုလွှဲပြောင်းခြင်းကို ဒီဆောင်းရာသီမှာ ပြုလုပ်ခဲ့ပြီး အသက် ၅၆ နှစ်အရွယ် ရှီကျင်းပင်ဟာခေါင်းဆောင်သစ်ဖြစ်လာခဲ့ပါတယ်။ ရှီဟာ ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးနိုင်ငံဖြစ်လာတဲ့ တရုတ်ပြည်ကို ဦးဆောင်ရမှာမို့ ၎င်းကို တစ်ကမ္ဘာလုံးက စောင့်ကြည့်လာခဲ့ရပြီး သူ့အရင်က ခေါင်းဆောင်တွေလိုပဲ သူဟာလည်း ကွန်မြူနစ်ပါတီတစ်ရပ်ထဲက ဦးစီးတဲ့အင်အားကြီး တရုတ်ပြည်ကို ထပ်မံတည်ဆောက်ချင်နေတယ်လို့ သုံးသပ်ရပါတယ်။

■ **အန်ဂျလာမာကယ်**
(ဂျာမန် အဓိပတိ)

ယူရိုဇုန် ဘဏ္ဍာရေးအကျပ်အတည်းဖြစ်ပေါ်နေစဉ်မှာ ဂျာမန်အဓိပတိမာကယ်ဟာ ပြည်တွင်းမဲဆန္ဒရှင်များနဲ့ဥရောပနိုင်ငံများရဲ့ကြားက ဖိအားတွေကို ထိန်းညှိရင်း အကျပ်အတည်းကို တည်ငြိမ်ဖို့ ကြိုးစားရေးမှာ ဥရောပရဲ့ အကြီးဆုံးစီးပွားရေးနိုင်ငံ ဂျာမနီရဲ့ အခန်းကဏ္ဍကို ထိန်းသိမ်းခဲ့ပါတယ်။ သူမဟာ ၂၀၁၃ ရွေးကောက်ပွဲတွေ အထိလည်း လူကြိုက်များဖို့ ရှိနေတဲ့ ဩဇာကြီး နိုင်ငံ့ခေါင်းဆောင်တစ်ဦးပါ။

■ **မိုက်ကယ်ဖဲ့လစ်**
(အမေရိကန် ရေကူးချန်ပီယံ)

မိုက်ကယ်ဖဲ့လစ်ဟာ ၂၀၀၈ ဘေဂျင်းအိုလံပစ်မှာ ရွှေတံဆိပ်ရှစ်ခု ဆွတ်ခူးပြီး သမိုင်းတစ်လျှောက်အကြီးကျယ်ဆုံး အိုလံပစ်အားကစားသမားဖြစ်ခဲ့တယ်။ ဒါပေမဲ့ သူ့ရဲ့စွမ်းရည်က တစ်ခါတည်းမရပ်တန့်ဘဲ ၂၀၁၂ လန်ဒန်အိုလံပစ်မှာလည်းဆုတွေ ထပ်ယူခဲ့တယ်။ သူ့နောက်ဆုံး အိုလံပစ်အထိ မိုက်ကယ်ဟာ ဆုတံဆိပ် ၂၂ ခုမှာ ရွှေတံဆိပ် ၁၈ ခုရကာ ရွှေအများဆုံးဆွတ်ခူးသူ အိုလံပစ်အားကစားသမားအဖြစ် စံချိန်တင်ခဲ့တာဟာ နောက်နှစ်ပေါင်းအတော်ကြာအောင် မေ့ပစ်ဖို့ခက်မှာအမှန်ပါပဲ။

■ **PSY** (ဂန်းနမ်စတိုင်သီချင်းနဲ့ ကမ္ဘာကို ကခုန်စေသူ)

အမည်ရင်း ပက်ဂျေးဆန်လို့ခေါ်တဲ့ ဒီကိုရီးယားအဆိုတော် PSY(PSY- Cho ရဲ့ အတိုကောက်စာလုံး) ဟာ ၂၀၁၂ အတွင်း ဂန်းနမ်စတိုင်သီချင်း တစ်ပုဒ်တည်းနဲ့ ကမ္ဘာသိအဆိုတော် ဖြစ်လာခဲ့ပြီး သူ့အကကို မက်ဒေါနားကနေ ဘန်ကီမွန်းအထိ ကပြရတဲ့အထိ အောင်မြင်ခဲ့တယ်။ ၎င်းရဲ့အထူးခြားဆုံး သမိုင်းမှတ်တိုင်ကတော့ YouTube ဝက်ဘ်ဆိုက်မှာတင်ထားတဲ့သူရဲ့ ဂန်းနမ်စတိုင်သီချင်းကိုကြည့်ရှုမှုအကြိမ်ရေတစ်ဘီလီယံ (သန်းတစ်ထောင်) အထိရရှိခဲ့ခြင်းပါပဲ။ တိုင်းမ်မဂ္ဂဇင်း အယ်ဒီတာမစ္စရာဒီကာဂျုန်းစ်ကတော့ ၂၀၁၂ ကိုဂန်းနမ်စတိုင်နှစ်လို့ခေါ်လည်း မမှားပါဘူးလို့ မှတ်ချက်ပေးခဲ့တာ အမှန်ပါ။

■ **ကင်ဂျုံအန်**
(မြောက်ကိုရီးယားအာဏာရှင်)

မြောက်ကိုရီးယား ကွန်မြူနစ်အာဏာရှင်မင်းဆက်ရဲ့ နောက်ဆုံးပေါ် ဘုရင်ဖြစ်လာတဲ့ ကင်ဂျုံအန်ဟာ ဆွစ်ဇာလန်နိုင်ငံမှာပညာသင်ဖူးပြီး အသက် ၂၆ဒါမှမဟုတ် ၃၀နှစ်ရှိမယ်လို့ ယုံကြည်ရတယ်။ ကင်ဟာ ယိုယွင်းလွန်းနေတဲ့ နိုင်ငံကို စီးပွားရေး ပြန်လည်တည်ဆောက်ဖို့နဲ့ ကမ္ဘာ့အသိုင်းအဝိုင်းအတွင်းဝင်ဆံ့ဖို့ တစ်ချိန်မှာ ကြိုးစားကောင်း ကြိုးစားနိုင်မှာဖြစ်ပေမယ့်လက်ရှိမှာတော့ ဒုံကျည်စမ်းသပ်မှုတွေနဲ့အိမ်နီးချင်းတွေကိုခြိမ်းခြောက်နေတဲ့ မြောက်ကိုရီးယားကိုအကြောက်တရား၊ ဖိနှိပ်မှုတို့နဲ့ အတူဦးဆောင်နေဆဲဖြစ်တယ်။ မီဒီယာတစ်ခုက သူ့ကို ကမ္ဘာ့ညို့အားအပြင်းဆုံး အမျိုးသားအဖြစ် နောက်ပြောင်ဖော်ပြခဲ့တာလည်း ဒီနှစ်ထဲမှာ ပြောစမှတ် ဖြစ်ခဲ့ရပါတယ်။

7DAY NEWS JOURNAL
Vol.11, No.43 • JANUARY 3 , 2013

# ပထမဆုံးများ


ဓာတ်ပုံ-whitehouse

မြန်မာနိုင်ငံသို့ လာရောက်သော ပထမဆုံး အမေရိကန်သမ္မတအဖြစ် ဘားရက်အိုဘားမား ရန်ကုန်သို့ရောက်ရှိခြင်း


မြန်မာနိုင်ငံတွင် ပထမဆုံး ဖျော်ဖြေခွင့်ရသော ကမ္ဘာကျော်အဆိုတော် ဂျေဆင်မရက်ဇ်

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)


ပထမဆုံးအကြိမ် ရွေးကောက်ပွဲဝင်ပြိုင်ပြီး ကြားဖြတ်ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်း စုကြည်နှင့် လွှတ်တော်ကိုယ်စားလှယ်များ ကျမ်းသစ္စာကျိန်ဆိုခြင်း


အိန္ဒိယနိုင်ငံ ရတနာဂီရိရှိ သီပေါမင်းစံအိမ်တော်နှင့် အုတ်နန်းပြသာဒ်တော်သို့ ပထမဆုံးသွားရောက်သော မြန်မာနိုင်ငံခေါင်းဆောင်အဖြစ် သမ္မတဦးသိန်းစိန်သွားရောက်ခြင်း


ကုလသမဂ္ဂတွင် ပထမဆုံး မိန့်ခွန်းပြောကြားသော မြန်မာသမ္မတအဖြစ် ဦးသိန်းစိန် မိန့်ခွန်းပြောကြားခြင်း


အစိုးရက သံဃာတော်များကို ပထမဆုံးအကြိမ် ဝန်ချတောင်းပန်မှုအဖြစ် မန္တလေးတောင်ခြေရှိ မဟာအတုလဝေယံ(အတုမရှိ)ကျောင်းတော်ကြီးတွင် ဒီဇင်ဘာ ၁၅ ရက်က တောင်းပန်ခြင်း

မြန်မာနိုင်ငံသို့ ပထမဆုံး လာရောက်သော ဗြိတိန်ဝန်ကြီးချုပ်အဖြစ် ဒေးဗစ်ကင်မရွန်း မြန်မာနိုင်ငံ လာရောက်ခြင်း




နှစ် ၆၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် အစိုးရနှင့် ကေအင်န်ယူ (ကရင်အမျိုးအသားအစည်းအရုံး)တို့ ဇန်နဝါရီ ၁၂ ရက်တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိခဲ့ခြင်း


ကမ္ဘာကျော် အက်ရှင်ဟာသမင်းသား၊ ယူနီဆက်ဖ်သံတမန် ဂျက်ကီချန်း မြန်မာနိုင်ငံ ပထမဆုံးအကြိမ်လာရောက်ခြင်း


ပထမဆုံး ကျပ်တစ်သောင်းတန်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဇွန် ၁၅ ရက်တွင် စတင်ထုတ်ဝေခြင်း


နိုင်ငံတကာသုံး ငွေလဲလှယ်ရေးကတ် Master Card ကို နိုဝင်ဘာ ၁၅ မှစ၍ မြန်မာနိုင်ငံတွင် ပထမဆုံး အသုံးပြုနိုင်ခြင်း

# ၂၀၁၂ အမှတ်ရစရာ နေ့စွဲများ



**ဇန်နဝါရီ-၁၁** ချူသိပ္ပံပညာရှင် သေဆုံးခြင်းအတွက် အမေရိကန်နှင့် အစ္စရေးအား အီရန်အပြစ်တင်၊ ချူသိပ္ပံပညာရှင် မိုစတာဖာအာမာဒီရိုရှန်သည် နံနက်ခင်းရုံးသို့ အသွားမော်တော်ဆိုင်ကယ်စီးနင်းလာသော ဗုံးခွဲသမားက လုပ်ကြံခဲ့။

**ဇန်နဝါရီ-၂၃** အီရန်နိုင်ငံ၏ ယူရေနီယမ်သန့်စင်မှုများ ဆက်လက်လုပ်ဆောင်နေခြင်းကို ကန့်ကွက်သောအားဖြင့် ဥရောပသမဂ္ဂက အီရန်အပေါ် ပိတ်ဆို့တားဆီးမှုများ ချမှတ်။

**ဖေဖော်ဝါရီ-၁** အီဂျစ်နိုင်ငံ ပေါ့ဆိုက်ဒေသတွင် ဘောလုံးပွဲအပြီး ခိုက်ရန်ဖြစ်ပွားမှုကြောင့် လူပေါင်း ၇၉ ဦး သေဆုံးပြီး ၁၀၀၀ ကျော် ဒဏ်ရာရရှိ။

**ဖေဖော်ဝါရီ-၄** ဆီးရီးယားနိုင်ငံတွင် ဖြစ်ပေါ်နေသော အကြမ်းဖက် သွေးထွက်သံယို တိုက်ခိုက်မှုများကိုရပ်တန့်ရေး ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ကြိုးပမ်းမှုကို ရုရှားနှင့် တရုတ်နိုင်ငံတို့က ဗီတိုအာဏာဖြင့် ပယ်ချ၊ ဆီးရီးယားနိုင်ငံ၏ အချုပ်အခြာ အာဏာပိုင်မှုအား ချိုးဖောက်မှုဟု ၎င်းတို့က ရှုမြင်။



**ဖေဖော်ဝါရီ-၆** ဗြိတိန်အယ်လိဇဘက် ဘုရင်မကြီး၏ နန်းသက်နှစ် ၆၀ မြောက် စိန်ရတုသဘင် အခမ်းအနားများကျင်းပ။

**ဖေဖော်ဝါရီ-၁၅** ဟွန်ဒူးရပ်စ်နိုင်ငံ ကိုမာယာဂူ အာဒေသတွင် အကျဉ်းထောင်မီးလောင်၍ လူ ၃၆၀ ဦး သေဆုံး။

**ဖေဖော်ဝါရီ-၂၇** ယီမင်နိုင်ငံတွင် ကန့်ကွက်ဆန္ဒပြမှုများ ဆက်လက်ဖြစ်ပွားနေ၍ ယီမင်သမ္မတ အလီအဗ္ဗဒူလာဆာလေး ရာထူးမှဆင်းပေးရပြီး ဒုတိယသမ္မတ အယ်ဟာဒီဖြင့် အစားထိုးခန့်အပ်။

**မတ်-၄** ရုရှားနိုင်ငံ သမ္မတရွေးကောက်ပွဲတွင် မစ္စတာပူတင်အနိုင်ရရှိ၊ ထောက်ခံမဲ ၆၄ ရာခိုင်နှုန်းရရှိခဲ့။ အမေရိကန်နှင့် ဥရောပသမဂ္ဂကမူ မသမာမှုများရှိခဲ့သည်ဆိုခြင်းကို စုံစမ်းစစ်ဆေးရန် တောင်းဆို။

ကွန်ဂိုနိုင်ငံမြို့တော် ဘရက်ဇာဗီးလ်ရှိ လက်နက်သိုလှောင်စခန်းတွင် ပေါက်ကွဲမှု အများအပြားဖြစ်ပေါ်ပြီး လူပေါင်း ၂၅၀ ဦးခန့် သေဆုံး။

**မတ်-၁၃** ၂၄၄ နှစ်ကြာ ပုံနှိပ်ထုတ်ဝေခဲ့သော Encyclopedia Britannica အား ပုံနှိပ်ထုတ်ဝေမှုရပ်ဆိုင်းပြီး အင်တာနက်ပေါ်တွင်သာ ဆက်လက်ထားရှိ။

**မတ်-၂၂** မာလီနိုင်ငံသမ္မတ အမာဒူတိုရေးသည် တပ်တွင်းပုန်ကန်သူများ၏ တိုက်ခိုက်မှုများကြောင့် ရာထူးမှ ပြုတ်ကျ။

**ဧပြီ-၆** အဇာဝက်ဒေသသည်မာလီနိုင်ငံမှ လွတ်လပ်ရေး ရရှိပြီဖြစ်ကြောင်း အဇာဝက်လွတ်မြောက်ရေးလှုပ်ရှားမှုအဖွဲ့က တစ်ဖက်သတ်ကြေညာ။

**ဧပြီ-၁၁** အင်ဒိုနီးရှားနိုင်ငံ ကမ်းလွန်ပင်လယ်ပြင်တွင် ရစ်ချ်တာစကေး ၈ ကျော်ရှိ မြေငလျင်နှစ်ခု လှုပ်ခတ်ခဲ့ပြီး ဆူနာမီသတိပေးချက်များ ထွက်ပေါ်၊ သို့သော် ဆူနာမီလှိုင်းများ ဖြစ်ပေါ်ခြင်း မရှိခဲ့ဘဲ ထိခိုက်ပျက်စီးမှုလည်း မရှိခဲ့။

**ဧပြီ-၂၂** တရုတ်နိုင်ငံမှ မျက်မမြင် ရှေ့နေနှင့် နိုင်ငံရေးလှုပ်ရှားသူ ချင်ဂွမ်ချန်းသည် ကျေးလက်နေအိမ် အကျယ်ချုပ်မှ ထွက်ပြေးကာ ဘေဂျင်းရှိ အမေရိကန်သံရုံးတွင် ခိုလှုံ၊ နောက်ပိုင်း၌ အမေရိကန်နိုင်ငံသို့ သွားရောက်။


**မေ-၁** အမေရိကန်သမ္မတ ဘားရက်အိုဘားမား အာဖဂန်နစ္စတန်နိုင်ငံသို့ အမှတ်မထင်သွားရောက်လည်ပတ်၍ ၂၀၁၃ ခုနှစ်တွင် ကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးနှင့် ယင်းသို့ ရုပ်သိမ်းပြီး နောက်ထပ် ၁၀ နှစ်အထိ အာဖဂန်နစ္စတန်အား ဖွံ့ဖြိုးရေး အကူအညီပေးရန် အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းနှင့် သဘောတူလက်မှတ်ထိုး။

**မေ-၆** ပြင်သစ်သမ္မတရွေးကောက်ပွဲတွင် မစ္စတာဖရန်ဆွာ ဟော်လန်ဒီက လက်ရှိသမ္မတ နီကိုလပ်ဆာကိုဇီအပေါ် အနိုင်ရရှိပြီး ပြင်သစ်သမ္မတသစ်ဖြစ်လာ။

မစ္စတာ ဗလာဒီမာပူတင် ရုရှားနိုင်ငံ၏ သမ္မတတာဝန်များ စတင်ထမ်းဆောင်။

**မေ-၁၇** ဖေ့စ်ဘွတ်ခ် အင်တာနက် လူမှုရေးကွန်ရက်ကုမ္ပဏီ၏ ရှယ်ယာများ အများပြည်သူသို့ ပထမဆုံးအကြိမ် ထုတ်ရောင်းခဲ့ပြီး ရှယ်ယာတစ်ခု ကန်ဒေါ်လာ ၃၈ ဖြင့် ရောင်းချခဲ့၍ ကုမ္ပဏီ၏ တန်ဖိုးမှာ ကန်ဒေါ်လာ ၁၀၄ ဘီလီယံ ရှိလာခဲ့။

**မေ-၂၂** ၆၃၄ မီတာမြင့်မားသော ကမ္ဘာ့အမြင့်ဆုံးတာဝါ Tokyo Skytree အား ပြည်သူလူထုအတွက် ဖွင့်လှစ်။



**ဇွန်-၂** ၂၀၁၁ ခုနှစ် ဆန္ဒပြပွဲများအတွင်း လက်နက်မဲ့ကန့်ကွက် ဆန္ဒပြသူများအား သတ်ဖြတ်မှုတွင် ပါဝင်ပတ်သက်ခဲ့မှုဖြင့် အီဂျစ်သမ္မတဟောင်း ဟိုစနီမူဘာရက်အား ထောင်ဒဏ် တစ်သက်ချမှတ်။

**ဇွန်-၃** နိုင်ဂျီးရီးယားနိုင်ငံ လားဂို့စ်မြို့ လူနေရပ်ကွက်ပေါ်သို့ ခရီးသည်တင် လေယာဉ်တစ်စီးပျက်ကျ။ လေယာဉ်ခရီးသည် ၁၅၃ ဦး စလုံးသေဆုံးကာ မြေပြင်တွင်လည်း အရေအတွက် အတိအကျမသိသော လူများသေဆုံးခဲ့သည်။

**ဇွန်-၈** ဆီးရီးယားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် တိုက်ခိုက်မှုများမှာ ပြည်တွင်းစစ်အသွင် ကူးပြောင်းသွားပြီဟု ကုလသမဂ္ဂကြေညာ။

**ဇွန်-၂၀** ဘဏ္ဍာရေးအကျပ်အတည်း တွေ့နေသော ဂရိနိုင်ငံတွင် ပါလီမန်ရွေးကောက်ပွဲ အနိုင်ရရှိသော ဒီမိုကရေစီပါတီသစ်ခေါင်းဆောင် အန်တိုနစ်ဆာမာရက်၏ ညွှန့်ပေါင်းအစိုးရတက်လာ။

**ဇွန်-၂၄** တရုတ်အာကာသယာဉ်မှူး သုံးဦးပါဝင်သော တရုတ်အာကာသယာဉ် ရှင်ဇူး-၉ သည် ကမ္ဘာပတ်လမ်းကြောင်းအတွင်းရှိ တီယန်ဂေါင်းအာကာသယာဉ်နှင့် ချိတ်ဆက်နိုင်ခဲ့။ အမေရိကန်နှင့် ရုရှားနောက် တတိယ ချိတ်ဆက်နိုင်သော နိုင်ငံဖြစ်။

\- အီဂျစ်ရွေးကောက်ပွဲတွင် မွတ်ဆလင် ဘရားသားဟုဒ်အဖွဲ့မှ မစ္စတာ မိုဟာမက်မော်စီ အနိုင်ရရှိကြောင်း ကြေညာ။

**ဇူလိုင်-၄** ကမ္ဘာပေါ်တွင် အကြီးဆုံး ရူပဗေဒလက်တွေ့စမ်းသပ်ခန်း (CERN)က စကြာဝဠာတွင် သက်ရှိများဖြစ်ပေါ်စေသည့်အကြောင်း အရာကို နားလည်နိုင်ရေး နောက်ဆုံးကွင်းဆက်ဟုဆိုသော Higgs Boson ဟူသောအက်တမ်ထက် သေးငယ်သည့် ဒြပ်မှုန်ကို ရှာဖွေတွေ့ရှိခဲ့သည်ဟု ကြေညာ။

**ဇူလိုင်-၂၀** အမေရိကန်နိုင်ငံ ကိုလိုရာဒိုပြည်နယ် ရုပ်ရှင်ရုံတစ်ရုံတွင် သေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် လူ ၁၂ ဦးသေဆုံးပြီး ၅၀ ကျော်ဒဏ်ရာရ။

**ဇူလိုင်-၂၇** ၂၀၁၂ ခုနှစ် နွေရာသီ အိုလံပစ် အားကစားပွဲတော် လန်ဒန်မြို့တွင်စတင် ကျင်းပ။

**ဩဂုတ်-၆** အင်္ဂါဂြိုဟ်လှေ့လာရေးယာဉ် Curiosity အင်္ဂါဂြိုဟ်ပေါ်သို့အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့။

**စက်တင်ဘာ-၇** ကနေဒါနိုင်ငံက အီရန်နှင့် သံတမန်ဆက်သွယ်မှုများကို တရားဝင်အဆက်ဖြတ်။ လူ့အခွင့်အရေးချိုးဖောက်မှု၊ ဆီးရီးယားအား ထောက်ခံမှုနှင့် ချူအစီအစဉ်များကြောင့် ယင်းသို့ လုပ်ဆောင်ခြင်းဟု ပြောကြား။

**စက်တင်ဘာ-၁၁** လစ်ဗျားနိုင်ငံ ဘင်ဂါဇီမြို့ သံရုံးတိုက်ခိုက်ခံရပြီး သံအမတ်ကြီး ခရစ်တိုဖာစတီဗင် သေဆုံး၊ ယင်းမှာ အင်တာနက် ယူကျူးဘ်ဗီဒီယို Innocence of Muslims နှင့် ဆက်စပ်ဖြစ်ပေါ်ခြင်းဖြစ်ပြီး နောက်ထပ်၁၆ ရက်အတွင်း ကမ္ဘာတစ်ဝန်းတွင် အမေရိကန်အပါအဝင် ဂျာမနီ၊ ဗြိတိန်၊ ဆွစ်ဇာလန်နိုင်ငံတို့၏ သံရုံးများကို ပစ်မှတ်ထားတိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့သည်။



**အောက်တိုဘာ-၇** ဗင်နီဇွဲလား သမ္မတရွေးကောက်ပွဲတွင် လက်ရှိသမ္မတ ဟူဂိုချားဗက်စ် ထပ်မံအနိုင်ရရှိ။

**အောက်တိုဘာ-၉** မိန်းကလေးများ ပညာသင်ယူခွင့်အတွက် ပွင့်လင်းစွာပြောသူ ပါကစ္စတန်ကျောင်းသူ ယူဆွတ်ဇာအီမာလာလာအား တာလီဘန်များက သေနတ်ဖြင့် ပစ်ခတ်ခဲ့သော်လည်း အသက်ဘေးမှ လွတ်မြောက်ခဲ့။



**အောက်တိုဘာ-၁၄** သြစတြီးယား လေထီးခုန်သမား ဖီးလစ်ဘောင်ဂတ်နာသည် ဟီလီယမ် မိုးပျံပူပေါင်းဖြင့် ၂၄ မိုင် အမြင့်သို့လိုက်ပါခဲ့ပြီး အသံထက်မြန်သော နှုန်းဖြင့် အာကာသထဲမှ ဒိုင်ဗင်ထိုးသော စံချိန်ကိုရရှိခဲ့။

**အောက်တိုဘာ-၂၄-၃၀** အမေရိကန်၊ ကနေဒါ၊ ဘဟားမားနှင့် ကာရစ်ဘီယံဒေသတွင် တိုက်ခိုက်ခဲ့သော ဟာရီကိန်းမုန်တိုင်း ဆန်ဒီကြောင့် လူပေါင်း ၂၀၉ ဦး သေဆုံး။

**နိုဝင်ဘာ-၁၄-၂၁** အစ္စရေးက ဂါဇာကမ်းမြောင်ဒေသအပေါ် Operation Pillar of Defence စစ်ဆင်ရေးဆင်နွှဲ၊ ဟားမားစ်အဖွဲ့အကြီးအကဲ အာမက်ဂျာဘာရီအပါအဝင်ပါလက်စတိုင်းလူမျိုး ၁၄၀ ဦးသေဆုံး၊ အစ္စရေးနိုင်ငံသားငါးဦးလည်း သေဆုံးခဲ့။ အီဂျစ်၊ အမေရိကန်ကြားဝင်မှုဖြင့် အပစ်အခတ်ရပ်စဲ။

**နိုဝင်ဘာ-၂၅-ဒီဇင်ဘာ-၂** ဖိလစ်ပိုင်နိုင်ငံတွင် တိုင်ဖွန်းမုန်တိုင်း ဘိုဖာ ဝင်ရောက်တိုက်ခတ်ခဲ့ရာ ကနဦးတွင် လူ ၇၀၀ ဦး သေဆုံးပြီး ၅၀၀ ခန့်ထိခိုက်ဒဏ် ရာရရှိခဲ့သည်။ နောက်ပိုင်းတွင် လူအသေအပျောက်စာရင်း များပြားခဲ့သည်။

**နိုဝင်ဘာ-၂၉** ကုလသမဂ္ဂအထွေထွေညီလာခံက ပါလက်စတိုင်းအား အဖွဲ့ဝင်မဟုတ်သော လေ့လာသူ နိုင်ငံအဖြစ် အတည်ပြု။

**ဒီဇင်ဘာ-၈** ကာတာနိုင်ငံ ဒိုဟာမြို့တွင် ပြုလုပ်သော ကုလသမဂ္ဂ ရာသီဉတု ပြောင်းလဲမှု ကွန့်ဖရင့်က ကျိုတိုသဘောတူညီချက်အား ၂၀၂၀ ပြည့်နှစ်အထိ သက်တမ်းတိုးရန် သဘောတူ။

**ဒီဇင်ဘာ-၁၄** အမေရိကန်နိုင်ငံ ကွန်နက်တီကတ်ပြည်နယ် နယူးတောင်းမြို့ ဆန်ဒီဟွတ်မူလတန်းကျောင်း ပစ်ခတ်မှုကြောင့်ကလေးငယ် ၂၀ ဦး ပါဝင်အပါအဝင် ၂၈ ဦးသေဆုံး။

**ဒီဇင်ဘာ-၂၁** မာယာလူမျိုးများ၏ ပြက္ခဒိန်အရ ကမ္ဘာကြီးအဆုံးသတ်မည့်နေ့ဟု သတင်းအချို့က ဖော်ပြ။


7DAY NEWS JOURNAL
Vol.11, No.43 • JANUARY 3 , 2013

# QUOTE OF THE YEAR 2012

**ကျွန်တော်တို့ ဒါကို သည်းမခံနိုင်တော့ဘူး။**

—အမေရိကန်သမ္မတ အိုဘားမား။

(ဆန်ဒီဟွတ် အထက်တန်းကျောင်းတွင် ကလေးငယ်များ အပါအဝင် လူအများအပြားအား သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်းအပေါ် ပြောကြားသော စကား)



**အရိုင်းအစိုင်းတစ်ယောက်ကို တားဆီးဖို့ သူ့အသက်ကို ရင်းခဲ့တယ်။ လစ်ဗျားနိုင်ငံ ပိုကောင်းလာဖို့လုပ်ရင်း သူ့အသက်ကို ပေးဆပ်ခဲ့ရတယ်။ ကမ္ဘာကြီးမှာ ခရစ်စတီဗင်ကိုလို လူမျိုး များများလိုပါတယ်။**

—အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်။

(ဘင်ဂါဇီမြို့တိုက်ခိုက်မှုတွင် အမေရိကန်သံအမတ်ကြီး သေဆုံးမှုကို ဂုဏ်ပြုပြောကြားခြင်း)



**ငယ်ကလည်း အရမ်းငယ်၊ ချစ်တာလည်း အရမ်းချစ်၊ အကြွေးတွေကလည်း အရမ်းများ။**

—အမေရိကန်သမ္မတကတော်မီရှယ် အိုဘားမား။

(သမ္မတ အိုးဘားမားနှင့် အိမ်ထောင်ကျခါစအခြေအနေကို ပြန်ပြောင်း ပြောပြခြင်း)



**အာဏာရှင်အစစ်ဟာ ကျွန်မပဲ။ သူ့မှာ ရွေးချယ်စရာမရှိဘူး။**

—ဆီးရီးယား သမ္မတ အယ်လ်အာဆက် ၏ဇနီး အက်စ်မာ အယ်လ်အာဆတ်



**ကျွန်မတို့ဥရောပကို ပိုပြီး ကြီးမား အောင်လုပ်ဖို့ လိုအပ်ပါတယ်။ သေးသွားဖို့မဟုတ်ပါဘူး။**

—ဂျာမနီ အဓိပတိ အန်ဂျလာမာကယ်။

(ဥရောပကြွေးမြီ အကျပ်အတည်းကိစ္စဖြေရှင်းရေး ပြောကြားသော စကား)



**သူတို့တွေဟာ လူအားလုံး အခွန်အကောက်တွေပေးပြီး သူတို့ကိုယ်သူတို့ ကယ်တင်ရပါမယ်။**

—နိုင်ငံတကာ ငွေကြေးရန်ပုံငွေ အဖွဲ့အကြီးအကဲ မစ္စစ်ခရစ်တင်းလားဂတ်။

(ဂရိနိုင်ငံသားများမှာ အခွန်တိမ်းရှောင်သူများဖြစ်၍ ပို၍အခွန်ဆောင်ရန်လိုကြောင်း ပြောကြားခြင်း။)



**ကျွန်တော်တို့ရဲ့ ပထမဆုံး တုံ့ပြန်မှုကတော့ သူ့ကိုကြမ်းပြင်ပေါ်လှဲချကြိုးနဲ့တုပ်ပြီး လေယာဉ်ကို မြန်မြန်ဆင်းသက်နိုင်အောင် လုပ်ကြစို့ဆိုတာပါပဲ။**

—နယူးယောက်မှ လတ်စ်ဗေးဂတ်စ်သို့ ပျံသန်းသွားသော Jet Blue လေယာဉ်ပေါ်မှ ခရီးသည် ဒေးဗစ်ဝွန်ဇာလက်စ် ပြောစကား။

(လေယာဉ်မှူးမှာ လေယာဉ်မောင်းနှင်နေစဉ်အတွင်း စိတ်ကစဥ့်ကလျား ဖြစ်သွားခဲ့၍ ခရီးသည်များနှင့် လေယာဉ်အမှုထမ်းများ ထိန်းချုပ်ခဲ့ရ)




**ကျွန်မရဲ့ မီးဖွားခွင့်ဟာ ရက်သတ္တပတ်အနည်းငယ်ကြာပါလိမ့်မယ်။ အဲဒီကာလ တောက်လျှောက် ကျွန်မအလုပ်လုပ်သွားပါ့မယ်။**

—Yahoo အမှုဆောင်အရာရှိချုပ်သစ် မာရစ်ဆာမေယာ။



**မေမေရေ ရွှေကတော့ အကောင်းစားပဲ။**

—ဗြိတိသျှ အဆိုတော် Adele။

(ဂရမ်မီဆု ၆ ဆုရရှိချိန်တွင် ပြောကြားသော စကား)



**ကျွန်တော်တို့ရဲ့ ထင်မြင်ယူဆချက်တွေ ထုတ်ပြောဖို့ အရေးကြီးပါတယ်။ ဒါပေမဲ့လည်း သွေးထိုးပေးတဲ့ အသုံးအနှုန်းတွေအတွက်တော့ ကျွန်တော် နောင်တရမိပါတယ်။**


—ကိုရီးယားအဆိုတော် PSY။

(၂၀၀၄ ခုနှစ် အမေရိကန် ဆန့်ကျင်ရေးကာလ ၎င်း၏ရက်ပ်စာသားများအပေါ် အမေရိကန်ပြည်သူများအား ပြန်လည်တောင်းပန်ခြင်းစကား)



**နောက်က တကောက်ကောက် လိုက်နေတဲ့ Paparazzi တွေကို ကျွန်မမုန်းပါတယ်။ စိတ်ပျက်စရာ ဝက်တွေပါပဲ။ ဝက်တွေကို စော်ကားတာတော့ မဟုတ်ပါဘူး။**

—အမေရိကန် အဆိုတော် မိုင်လေ ဆိုင်းရပ်စ်။



**ကျွန်တော် အနွေးဓာတ်လိုတယ်။**

—ဆီးရီးယားနိုင်ငံမှ ခြောက်တန်းကျောင်းသား အာမက်။

(မိမိကျောင်းမှ စာသင်ခုံများကို ရိုက်ချိုးဖျက်ဆီး ယူငင်ရသော အကြောင်းအား ရည်ညွှန်း ပြောကြားခြင်းဖြစ်)



**ကျွန်တော်အင်္ဂါဂြိုဟ်ပေါ်မှာ ဘေးကင်းရန်ကင်းရောက်နေပြီ။**


—နာဆာအင်္ဂါဂြိုဟ် စူးစမ်းလေ့လာရေးယာဉ် Curiosity မှ ပထမဆုံး တွစ်တာမှ ပေးပို့သည့် သတင်းစကား



**ဘောလုံးကွင်းထဲမှာ အဲဒီလောက် မာကျောပြီး သူ့ကိုယ်ပိုင် အမှတ်တံဆိပ်နဲ့ အောက်ခံဘောင်းဘီ ထုတ်နိုင်တယ်ဆိုတာ တကယ့် ရှားရှားပါးပါး လူပါပဲ။**

—အမေရိကန်သမ္မတ ဘားရက်အိုဘားမား

(ဗြိတိန် ဘောလုံးသမားနှင့် ဖက်ရှင်စံပြ ဒေးဗစ်ဘက်ဟမ်းအား အိမ်ဖြူတော်၌ တွေ့ဆုံစဉ် ပြောသောစကား)



**ဘေဂျင်းက သစ်တောပြုန်းတီးမှု ကို နိုင်ငံခြား တင်ပို့နေတယ်။**

—လန်ဒန်အခြေစိုက် သဘာဝပတ်ဝန်းကျင်စုံစမ်းစစ်ဆေးရေးအေဂျင်စီအစီရင်ခံစာ။

(တရုတ်နိုင်ငံသည် အိမ်နီးချင်း နိုင်ငံများမှ သစ် အမြောက်အမြား ဝယ်ယူနေသော်လည်း ၎င်း၏နိုင်ငံတွင် သစ်ခုတ်ခြင်းကို တင်းတင်းကျပ်ကျပ် ထိန်းချုပ်ထားခြင်းအပေါ် သုံးသပ်ထားခြင်း)



# ၂၀၁၂ ကို

**| ကြည်နေဝင်းမင်း |**

နှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် ပြန်လည်ငဲ့စောင်းကြည့်လိုက်ပါက အကောင်း၊ အဆိုး အဖြစ်အပျက်များ ရောပြွမ်းနေတတ်သည်။ သို့သော် ၂၀၁၂ ခုနှစ်အတွင်း ကမ္ဘာ့အဖြစ်အပျက်များကို သတင်းစာမျက်နှာများထက်မှ ရှုမြင်ရသည်မှာ အကောင်းထက် အဆိုးကပိုများသည်ဟု ဆိုနိုင်ပါသည်။ သိပ္ပံနှင့် နည်းပညာနယ်ပယ်တွင် တိုးတက်မှုများ ရရှိခဲ့သော်လည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပဋိပက္ခဖြေရှင်းရေး၊ စေ့စပ်ညှိနှိုင်းရေး နယ်ပယ်များတွင်ရရှိသော ဖွံ့ဖြိုးတိုးတက်မှုများမှာ အားရစရာမရှိ။ စိတ်ပျက်စရာအတိဟု မဆိုနိုင်သော်လည်း လူသားများ ၏ ဉာဏ်ရည်က စွမ်းဆောင်နိုင်သော ကျေနပ်စရာ အနေအထား မဟုတ်ဟုပင် ဆိုရပါမည်။

**ဆီးရီးယားပြည်တွင်းစစ် လိပ်ခဲတည်းလည်း အခြေအနေ**

၂၀၁၂ ခုနှစ်ကုန်ဆုံးလာချိန်မှာပင် ဆီးရီးယားနိုင်ငံတွင် သွေးထွက်သံယို ပြည်တွင်းစစ်ဒုတိယနှစ်ပတ်လည်ကို ချဉ်းကပ်လာပြီး လတ်တလော ပြေလည်မည့်အရေးလည်း မမြင်ရသေး။ အာရပ်နွေဦးနှင့် တစ်ဆက်တည်း ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလတွင် သမ္မတဘာရှားအယ်လ်အာဆတ်အပေါ် ငြိမ်းချမ်းစွာ အုံကြွခဲ့ခြင်းမှနေ၍ လူ့အသက်ပေါင်းများစွာ စတေးနေရသည့် သွေးမြေကျစစ်ပွဲအဖြစ် ပြောင်းသွားခဲ့သည်။ ဆီးရီးယားအစိုးရက ဆီးရီးယားမြို့ကြီးမြို့ငယ်များအား လက်နက်ကြီးများဖြင့် ပစ်၊ လေကြောင်းမှ ဗုံးကြဲနေသည်ကို ကမ္ဘာကြီးက ဒုတိယနှစ်အဖြစ် အထိတ်တလန့်ထိုင်ကြည့်နေခဲ့ကြသည်။ အမေရိကန်နှင့် ၎င်း၏ မဟာမိတ်များကလည်း ကြားဝင်ဖြေရှင်းရေး စိတ်အားထက်သန်ပုံမရ။ ကုလသမဂ္ဂမှ တစ်ဆင့် ဝင်ရောက်ဖြေရှင်းရေးကိစ္စမှာလည်း လစ်ဗျားနိုင်ငံအား နမူနာယူ၍ ရုရှားနှင့် တရုတ်တို့က ဗီတိုအာဏာဖြင့် ပယ်ချခဲ့၍ အလုပ်မဖြစ်။ လက်နက်များ ဗရပွရှိနေသော ကမ္ဘာကြီးတွင် ဆီးရီးယားပြည်တွင်းစစ်မှာ နိုင်ငံကြီးများ၏ ကိုယ်စားပြုစစ်ပွဲ ပုံစံ၊ ဘာသာရေးအစွန်းရောက်စစ်ပွဲအသွင်၊ အုပ်စိုးသူနှင့် အုပ်ချုပ်ခံစစ်ပွဲအသွင်၊ လူမှုရေး မညီမျှမှု တိုက်ပွဲအသွင်များ ထင်ဟပ်နေသည်။

**ယူရိုဇုန်အကျပ်အတည်း**

သောက်သောက်လဲ ကြွေးတင်နေသော ဥရောပ တောင်ပိုင်း









# ကိုင်လှုပ်ခဲ့သော အဖြစ်အပျက်များ

မှာ ယူရိုဇုန်အား ခြောက်လှန့်နေသည့် ဘဏ္ဍာရေးအိပ်မက်ဆိုး၏ ရိုက်ခတ်မှုကို ဆက်လက်ခံစားနေရဆဲ ဖြစ်သည်။ မြောက်ပိုင်းပိုကျသော နိုင်ငံများက ဘဏ္ဍာရေးကယ်တင်မှု သတ်မှတ်ချက်ခြိုးခြံချွေတာရေး အစီအစဉ်များကို ဒေါသထွက်နေသော ပြည်သူလူထုများက သပိတ်မှောက်ဆန္ဒပြခြင်းများဖြင့် တုံ့ပြန်ခဲ့သည်။ ၂၀၁၂ ခုနှစ်အတွင်း စပိန်၊ ဂရိ၊ အီတလီ၊ ပေါ်တူဂီနိုင်ငံတို့တွင် လူထောင်ချီ ကန့်ကွက်မှုများ၊ အထွေထွေ သပိတ်များမှာ ပုံမှန်ဖြစ်ပေါ်ခဲ့သည်။ အစိုးရအသုံးစရိတ်များ ရက်ရက်စက်စက် ဖြတ်တောက်ခဲ့သော်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လမ်းစမရှာဖွေနိုင်ခဲ့။ အကျိုးဆက်အဖြစ် ယင်းနိုင်ငံများ၏ ရွေးကောက်ပွဲများတွင် ခပ်မာမာ လက်ဝဲစွန်းများနှင့် လက်ယာစွန်းပါတီများ နေရာရလာခဲ့ကြသည်။



### သမ္မတ အိုဘားမား ပြန်လည် ရွေးကောက်ခံရခြင်း

အမေရိကန်နိုင်ငံ၏ ပထမဆုံး အာဖရိကန္ဒယ်ဖွား သမ္မတ၊ ဟာဝိုင်အီတွင် မွေးဖွား၊ အင်ဒိုနီးရှားတွင် ကြီးပြင်း၊ ဟားဗတ်ဥပဒေကျောင်းတက်ရောက်ခဲ့ပြီး Havard Law Review စာစောင်၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သူ၊ အမေရိကန်၏ ၄၄ ဦးမြောက်နှင့် ပဉ္စမအသက်အငယ်ဆုံး သမ္မတ၊ အီရတ်နှင့် အာဖဂန်စစ်ပွဲများ အဆုံးသတ်ရေးဦးဆောင်ဆုံးဖြတ်ခဲ့သူ၊ သမ္မတဖြစ်ချိန် ငြိမ်းချမ်းရေးနိုဗယ်ဆုချီးမြှင့်ခံရပြီး စောလွန်းသည်ဟု ဝေဖန်ခံရသူ၊ ပြည်တွင်းတွင် လူချမ်းသာများအပေါ် အခွန်တိုးကောက်၍ ဆင်းရဲသားအားလုံးအတွက် ကျန်းမာရေးစောင့်ရှောက်မှု အာမခံခဲ့၍ ဆိုရှယ်လစ်သမ္မတဟု ဝေဖန်ခံရသူ၊ အာရှတွင် အမေရိကန်ဆုံလည်ဝင်ရိုးပြန်လည် ထိုးစိုက်မည်ဟု ပြောသူ သမ္မတအိုဘားမားသည် ၂၀၁၂ခုနှစ်နိုဝင်ဘာလ ၆ ရက်တွင် အမေရိကန်နိုင်ငံ၏ သမ္မတအဖြစ် ဒုတိယအကြိမ် ရွေးကောက်တင်မြှောက်ခံရသည်။

### အာရပ်ဆောင်းဥတု

ဆန္ဒပြသူများ၏ နှစ်ကိုကျော်ဖြတ်ခဲ့ပြီးနောက် အာရပ်ကမ္ဘာမှာ နိုင်ငံရေးသမားများ၏နှစ် ဖြစ်လာခဲ့သည်။ အီဂျစ်၊ လစ်ဗျားနှင့် တူနီးရှားနိုင်ငံများ၏ တော်လှန်ရေးနောက်တစ်ဆင့်တွင် ယခင်က ဘေးရောက်ခဲ့သော အစ္စလာမ်မစ်နိုင်ငံရေး အင်အားစုများ ဒရာမာဆန်ဆန်နေရာရလာသည်။ ယင်းအတွက် အကောင်းဆုံး နမူနာမှာ အီဂျစ်။ အာဏာရှင်ဟောင်း မူဘာရက်အားဖယ်ရှား၊ မကျန်းမာသည့်ကြားမှ ခုတင်ပေါ်ပက်လက် တရားရုံးတင်၊ ထောင်ဒဏ်တစ်သက်ချမှတ်ခဲ့ပြီးနောက် အာရပ်ကမ္ဘာတွင် လူဦးရေအထူထပ်ဆုံး၊ ပညာအတတ်ဆုံးဟု ရှုမြင်ခံရသည့် အီဂျစ်နိုင်ငံတွင် မွတ်ဆလင်ဘရားသားဟုဒ် လှုပ်ရှားမှု ကိုယ်စားပြု Freedom and Justice ပါတီကိုယ်စားလှယ် မစ္စတာမိုဟာမက်မော်စီ အာဏာရရှိလာခဲ့ပြီး အာဏာပါဝါများ ရယူလွန်း၍ ရှေးခေတ် အီဂျစ်ဖာရိုးဘုရင်များ ထက်ပင် ပိုသည်ဟု ဝေဖန်ခံရသည်။

### အငြင်းပွားအာရှရေပြင်

အရှေ့အလယ်ပိုင်းမှနေ၍ အာရှဒေသသို့ပြောင်း၍ ဆုံလည်ဝင်ရိုးတစ်ခု ထိုးစိုက်မည်ဟု ဝါရှင်တန်က ကြေညာလိုက်ချိန်မှာပင် အာရှမှ စူပါပါဝါ အရှိန်ယူနေသော တရုတ်နိုင်ငံအနီး ရေပြင်တွင် အဖြစ်အပျက်များ မြန်ဆန်လာသည်။ အရှေ့ဘက် ဂျပန်နိုင်ငံအနီးကျွန်းများ ပိုင်ဆိုင်မှုအပေါ် ဘေဂျင်းက တွန်းတွန်းတိုက်တိုက် ပြောဆိုလာသလို တောင်တရုတ်ပင်လယ်မှာလည်း ၎င်း၏ ဩဇာ ဖြန့်ကြက်ရာနယ်ပယ်အဖြစ် ဘေဂျင်းက သဘောထားလာသည်။ နိုင်ငံတကာ ကုန်သွယ်ရေးရေလမ်းကြောင်း အကျိုးစီးပွားမှာ ၎င်းတို့နှင့် သက်ဆိုင်သည်ဟု အမေရိကန်ကလည်း ပြောဆိုသည်။ ဗီယက်နမ်၊ ဖိလစ်ပိုင်မှ သင်္ဘောများနှင့် တရုတ်နိုင်ငံမှ ငါးဖမ်းသင်္ဘော၊ စောင့်ကြပ်သင်္ဘောများအကြား ငြိစွန်းမှုများ ရှိခဲ့သည်။

### အစ္စရေးဝန်ကြီးချုပ် ကြိုးတန်းပေါ် လမ်းလျှောက်

အစ္စရေးဝန်ကြီးချုပ်ဘင်ဂျမင် နေတန်ညာဟုမှာ ၂၀၁၂ ခုနှစ်အတွင်း သတင်းခေါင်းစဉ်များမှ မထွက်သလောက်ပင် ဖြစ်သည်။ အီရန်နှင့် စစ်ဖြစ်နိုင်ခြေရှိသည်ဟု သတိပေးခြင်းမှနေ၍ ပါလက်စတိုင်းမှ ဒုံးကျည်ပစ်ခတ်ခြင်းများ ရပ်တန့်ရန် ဂါဇာဒေသအား ထိုးစစ်ဆင်ခြင်းများအထိ မစ္စတာနေတန်ညာဟုမှာ အခရာကျခဲ့သည်။ ကုလသမဂ္ဂအစည်းအဝေးတွင် အီရန်နိုင်ငံသည် အစ္စရေးက သတ်မှတ်ထားသော မျဉ်းနီကို ဖြတ်ကျော်တော့မည်ဟု သတိပေးပြောကြားခဲ့သည်။

### အမေရိကန်တွင် သေနတ်ဖြင့် ရမ်းကားခြင်းများ

အမေရိကန် နိုင်ငံတွင် အသက် ၂၀ အရွယ် လူငယ်တစ်ဦးသည် အင်အားပြင်း ရိုင်ဖယ်သေနတ်များ ကိုင်ဆောင်ကာ မူလတန်းကျောင်းတစ်ကျောင်းတွင်း ဝင်ရောက်ပစ်ခတ်ခဲ့ရာ အသက် ခြောက်နှစ်၊ ခုနစ်နှစ်အရွယ် ကျောင်းသား ၂၀ အပါအဝင် လူပေါင်း ၂၈ ဦး သေဆုံးခဲ့ခြင်းက တုန်လှုပ်စရာ ဖြစ်ခဲ့သည်။ ယခုနှစ်အတွင်းမှာပင် အခြားအမျိုးသားတစ်ဦးက ကိုလိုရာဒိုပြည်နယ် ရုပ်ရှင်ရုံတစ်ရုံတွင် သေနတ်ဖြင့် ရမ်းကားခဲ့ရာ ၁၂ ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့သည်။

### ကွန်မြူနစ်ခေါင်းဆောင် အပြောင်းအလဲ

ကမ္ဘာပေါ်တွင် ကျန်ရှိသော ကွန်မြူနစ်နိုင်ငံများမှ အင်အားကြီး ကွန်မြူနစ်နှစ်နိုင်ငံတွင် အစိုးရအပြောင်းအလဲများ ၂၀၁၂ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သည်။ အထီးကျန်မြောက်ကိုရီးယားနိုင်ငံတွင် ကွယ်လွန်သွားသော ခေါင်းဆောင်ဟောင်း ကင်ဂျုံအီ၏ တတိယသားဖြစ်သူ ကင်ဂျုံအန်က အာဏာလွှဲပြောင်းရယူခဲ့သည်။ အင်အားကြီး အိမ်နီးချင်း တရုတ်နိုင်ငံတွင်မူ ဆယ်နှစ်တစ်ကြိမ်ဖြစ်ပေါ်သည့် အာဏာလွှဲပြောင်းမှုမှာ တီးတိုးသံ လေပွေလှိုင်းများကြား ဖြစ်ပေါ်ခဲ့သည်။ တရုတ်ခေါင်းဆောင်သစ်များက နိုင်ငံတကာနှင့် ပြည်တွင်းရေး စိန်ခေါ်မှုများအပေါ် မည်ကဲ့သို့ ကိုင်တွယ်ထိန်းကျောင်းသွားမည်နည်းဆိုသည်က ကမ္ဘာကြီးပေါ်တွင် ရိုက်ခတ်မှုရှိလာမည် ဖြစ်သည်။

### ဆန်ဒီစူပါမုန်တိုင်း

အမေရိကန်နိုင်ငံမှာ မုန်တိုင်းများနှင့် စိမ်းသော နိုင်ငံမဟုတ်။ သို့သော် ယင်းမုန်တိုင်းများကို စူပါမုန်တိုင်းဟူ၍ အမည်မတတ်ခဲ့။ ဆန်ဒီစူပါမုန်တိုင်းဟုခေါ်ခြင်းမှာ အကြောင်းရှိသည်။ ပျက်စီးဆုံးရှုံးမှုအတွက် နံပါတ်တစ်နေရာကို ၂၀၀၅ ခုနှစ်က တိုက်ခတ်ခဲ့သော ကက်ထရီနာမုန်တိုင်းက ရယူထားဆဲဖြစ်သော်လည်း ၎င်းနောက်တွင် ဆန်ဒီက ကပ်လိုက်လာသည်။ ဆန်ဒီက အမေရိကန်၏ လူဦးရေအထူထပ်ဆုံးဖြစ်သော နယူးယောက်၊ နယူးဂျာစီကွန်နက်တီကတ်ပြည်နယ်များတွင် ပျက်စီးဆုံးရှုံးမှု အများဆုံးဖြစ်စေခဲ့သည်။ Category 1 ဟာရီကိန်းကြောင့် ကမ်းခြေနေအိမ်များ လုံးဝဥဿုံပျက်စီးကာ ပြည်နယ်ပေါင်း ၁၆ ပြည်နယ်မှ လူပေါင်း ၈ ဒသမ ၅ သန်းမှာ ဓာတ်အား ပြတ်တောက်မှုနှင့်ကြုံတွေ့ခဲ့ရသည်။

### နည်းပညာ တိုးတက်မှုများ

၂၀၁၂ ခုနှစ်အတွက် နည်းပညာကမ္ဘာမှာ တီထွင်ဆန်းသစ်မှုများနှင့် ထိပ်တိုက်ရင်ဆိုင်မှုများ ဆတူရောစပ်ထားပုံရသည်။ နည်းပညာကုမ္ပဏီများမှာ သုတေသနအခန်းများနှင့် တရားရုံးများတွင် အများဆုံးအချိန်ပေးနေကြသည်။ အမေရိကန် ဟဲဗီးဝိတ် Apple နှင့် တောင်ကိုရီးယား စိန်ခေါ်သူ ဆမ်ဆောင်းတို့၏ နည်းပညာလက်ဝှေ့ပွဲမှာ အလဲလဲ အကွဲကွဲနှင့် အများပြည်သူအမြင်တွင် သူမသာ ကိုယ်မသာ။ ဆိုနီ၊ နိုကီယာ HTC ၊ မော်တိုရိုလာ၊ မိုက်ကရိုဆော့ဖ်တို့မှာလည်း ရှေ့နေများနှင့် မိတ်ဆွေဖွဲ့နေကြသည်။

7DAY NEWS JOURNAL
Vol.11, No.43 • JANUARY 3 , 2013

# ၂၀၁၂ ကို အသက်ဝင်စေခဲ့သူများ

| ကျော်မျိုး |

ယခုနှစ်အတွက် တိုင်းမ်မဂ္ဂဇင်းကြီးက နှစ်စဉ်ရွေးချယ်ပေးအပ်နေကျ "တစ်နှစ်တာလူပုဂ္ဂိုလ်" (Person of the Year) ဆုကို အမေရိကန်သမ္မတဘားရက်အိုဘားမား ရရှိသွားတာ အားလုံးအသိပါ။ တိုင်းမ်မဂ္ဂဇင်းဟာ တစ်နှစ်တာအတွင်း အထင်ရှားဆုံးနဲ့ သတင်းများအပေါ် ဩဇာလွှမ်းမိုးမှုအရှိဆုံးပုဂ္ဂိုလ်များကို ရွေးချယ်ဖော်ပြခဲ့ရာမှာ တစ်နှစ်တာပုဂ္ဂိုလ်ဆုရ အိုဘားမားအပြင် ဆန်ခါတင်စာရင်းဝင်လေးဦးအဖြစ် ပါကစ္စတန်မှ ပညာရေးအခွင့် အရေးလှုပ်ရှားသူ ကျောင်းသူလေး မာလာလာ ယူဆတ်ဖိုင်၊ Apple ကုမ္ပဏီရဲ့ စီအီးအို တင်မ်ကွတ်၊ အီဂျစ်သမ္မတ မိုဟာမက်မော်စီ၊ အီတလီ ရူပဗေဒပညာရှင် မစ္စစ်ဖေဘီယိုလာ ဂျီယန်နော့တီတို့ကို ရွေးချယ်ဖော်ပြခဲ့ပါတယ်။ ဒီလူပုဂ္ဂိုလ်များအပြင် ၂၀၁၂ ရဲ့သတင်းတွေမှာ သက်ဝင်လှုပ်ရှားခဲ့တဲ့ အခြားသော နိုင်ငံ့ခေါင်းဆောင်များ၊ အကြီးအကဲများ၊ အားကစားသမားများကိုပါ ယခုရွေးချယ်တင်ပြလိုက်ပါတယ်။




## ■ အိုဘားမား

**(၂၀၁၂ ၏ တစ်နှစ် တာလူပုဂ္ဂိုလ်)**

အိုဘားမားဟာ အမေရိကန်သမိုင်းမှာ ဖရန်ကလင်ဒီ၊ ရုစဗဲ့လ်ပြီးနောက်ရွေးကောက်ပွဲ နှစ်ကြိမ်ဆက်မှာ မဲ ၅၀ ရာခိုင်နှုန်းကျော်ရရှိတဲ့ ပထမဆုံးသော ဒီမိုကရက်တစ်ပါတီက သမ္မတတစ်ဦးဖြစ်ပါတယ်။ ဒါ့အပြင် အမေရိကန်ရဲ့ပထမဆုံးသော လူမည်းသမ္မတဖြစ်တဲ့ အိုဘားမားဟာ ဘဏ္ဍာရေးအကျပ်အတည်း ကြုံတွေ့နေရတဲ့တိုင်းပြည်ကို ဦးဆောင်ရင်း ၂၀၁၂ မှသည် နောက်ထပ်သက်တမ်းလေးနှစ် စိန်ခေါ်မှုများစွာကိုရင်ဆိုင်ရင်း ရှေ့ဆက်ရမှာဖြစ်ပါတယ်။ အိုဘားမားဟာ လူမျိုးစုံရောပြွမ်းနေထိုင်နေတဲ့ အမေရိကန်ပြည်ထောင်စုရဲ့ ပြယုဂ်ဖြစ်ခဲ့ပါတယ်။ ၎င်းဟာ ရွေးကောက်ပွဲမှာ လက်တီနိုမျိုးနွယ်တွေရဲ့မဲ ၇၁ ရာခိုင်နှုန်း၊ လူမည်းတွေရဲ့မဲ ၉၃ ရာခိုင်နှုန်း၊ အာရှသား-အမေရိကန်တွေရဲ့ မဲ ၇၃ ရာခိုင်နှုန်းနဲ့ အသက် ၃၀ နှစ်အောက် လူငယ်များရဲ့ မဲ ၆၀ ရာခိုင်နှုန်းကို ရခဲ့ခြင်းဖြင့် အမေ ရိကန်လူမျိုးအားလုံးရဲ့ ယုံကြည်မှုကို ရခဲ့ပါတယ်။

## ■ မိုဟာမက်မော်စီ

**(အီဂျစ်သမ္မတ)**



မိုဟာမက်မော်စီဟာ အာရပ်နွေဦးက ပေါ်ထွက်လာတဲ့ ဇာတ်ဆောင်တွေထဲက တစ်ဦးပါ။ ၎င်းဟာ အီဂျစ်ရဲ့ ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ခံရတဲ့ ပထမဆုံးသော သမ္မတတစ်ဦးဖြစ်ခဲ့ပြီး မကြာသေးမီကဖြစ်ခဲ့တဲ့ ဟားမားစ်-အစ္စရေးတိုက်ခိုက်မှုကို အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရအောင် စွမ်းဆောင်နိုင်ခဲ့သူပါ။ ဒါပေမဲ့ မကြာမီက အရေးပေါ် အမိန့်ဒီဂရီပြဋ္ဌာန်းကာ အခြေခံဥပဒေမူကြမ်းမပြီးမချင်း သမ္မတက အာဏာကုန်ယူထားမယ့် အဖြစ်ကိုဖန်တီးခဲ့တာမို့ အတိုက်အခံဘက်ကဝေဖန်မှုတွေလည်း ပေါ်ထွက်စေခဲ့ပါတယ်။ ယခုအခါ တူနီးရှားက သစ်သီးရောင်းတဲ့လမ်းဘေးဈေးသည်တစ်ဦး ကိုယ့်ကိုယ်ကိုယ် မီးရှို့သတ်သေရာကဖြစ်ပေါ်ခဲ့တဲ့အာရပ်နွေဦးဟာ နှစ်နှစ်တာကာလအတွင်း ရောက်လာခဲ့သလို ယခင်အာဏာရှင် အစိုးရဟောင်းများကို ဖယ်ရှားလို့ ဒီမိုကရေစီတည်ဆောက်ရေးလုပ်နေတဲ့ အာရပ်နိုင်ငံတချို့အတွက် နိုင်ငံရေးအုပ်ချုပ်ရေးဆိုင်ရာ စိန်ခေါ်မှုတွေက စောင့်ကြိုနေတာပါ။ စီးပွားရေး စီမံခန့်ခွဲရေး အလုပ်အကိုင်များဖန်တီးရေး၊ ခြစားမှုတိုက်ဖျက်ရေးနဲ့ စနစ်ဟောင်းမှ အစိတ်အပိုင်းများ ဖယ်ရှားရေးတို့ဟာ စိန်ခေါ်မှုတွေပဲဖြစ်ပြီး ဒါတွေကိုရင်ဆိုင်ရမယ့် အစ္စလာမ်မစ်ဒီမိုကရေစီကို မော်စီက ဘယ်လိုဖော်ဆောင်မလဲ စောင့်ကြည့်ရဦးမှာပါ။

## ■ ဖေဘီယိုလာဂျီယန်နော့တီ

**(စူးစမ်းရှာဖွေသူ သိပ္ပံပညာရှင်)**

ဥရောပနျူကလီးယား သုတေသနအဖွဲ့ (CERN) ရဲ့ ခေါင်းဆောင်ဖြစ်တဲ့ ဂျီယန်နော့တီဟာ စကြာဝဠာရဲ့အစ ဒြပ်ထုတို့ရဲ့ သဘောသဘာဝကို ခွဲခြမ်းစိတ်ဖြာလေ့လာဖို့ အားထုတ်ရာမှာ ဦးဆောင်ခဲ့သူပါ။ သူမအပါအဝင် နျူကလီးယားရူပဗေဒပညာရှင် ၃,၀၀၀ ခန့်ပါဝင်တဲ့ ကမ္ဘာ့အကြီးဆုံးသုတေသနအဖွဲ့ဟာ Large Hadron Collider (LHC) အမှုန်ကြိတ်ခွဲစမ်းသပ်စက်ကြီးကို အသုံးပြုကာ စကြာဝဠာတည်ဆောက်မှုရဲ့ အခြေခံအကျဆုံး ရုပ်ပိုင်းဖြစ်တဲ့ အဏုမြူဒြပ်အမှုန် Particle တွေရဲ့ သဘာဝကိုရှာဖွေဖို့ အားထုတ်ခဲ့ပါတယ်။ ဂျီယန်နော့တီဟာ အမျိုးသားတွေချည်း ဦးဆောင်ထားတဲ့ ရူပဗေဒပညာရပ်နယ်ပယ်မှာ အမျိုးသမီးတစ်ဦးအနေနဲ့ ဦးဆောင်ပေးနိုင်ခဲ့ပြီး အောင်မြင်မှုတွေကို ရယူနိုင်ခဲ့တာဟာ ထူးခြားလှပါတယ်။




## ■ မာလာလာယူဆတ်ဖိုင်

**(ပါကစ္စတန် ပညာရေးလှုပ်ရှားသူ ကျောင်းသူ)**

မာလာလာယူဆတ်ဖိုင်ဟာ အသက် ၁၅ နှစ်အရွယ် ကျောင်းသူတစ်ဦးဖြစ်ပြီး မိန်းကလေးငယ်များပညာသင်ကြားခွင့်ရရေးအတွက် လှုပ်ရှားတက်ကြွသူတစ်ဦးဖြစ်ပါတယ်။ သူမကို ၂၀၁၂ အောက်တိုဘာ ၉ ရက်မှာ တာလီဘန်သေနတ်သမားတွေက အိမ်အပြန်ကျောင်းဘတ်စ်ကားပေါ် ကဆွဲချပြီး ခေါင်းကိုသေနတ်နဲ့ပစ်



တာခံခဲ့ရတာပါ။ သူမဟာ ဒက်စ်မွန်တူးတူးက ချီးမြှင့်တဲ့ 'နိုင်ငံတကာကလေးများ ငြိမ်းချမ်းရေးဆု' အတွက် အမည်စာရင်းတင်သွင်းခံခဲ့ရပြီး နိုဗယ်ငြိမ်းချမ်းရေးဆုအတွက်လည်း စာရင်းတင်သွင်းခံခဲ့ရပါတယ်။ သူမဟာ သေနတ်နဲ့ပစ်ခတ်ခံရပေမယ့် ကံကောင်းလို့ မသေခဲ့ဘဲ ပြန်လည်ကျန်းမာခဲ့ကာ သူမရဲ့ သတင်းဟာလည်း ကမ္ဘာတစ်ဝန်း ကလေးသူငယ် အခွင့်အရေး၊ ပညာရေးအခွင့်အရေးလှုပ်ရှားမှုတွေမှာ ထင်ပေါ်ခဲ့ပါတယ်။ သူမရဲ့ ပညာရေးအခွင့်အရေးလှုပ်ရှားမှုကို အသိအမှတ်ပြုတဲ့အနေနဲ့ ကုလအဖွဲ့ကြီးက ၂၀၁၅ နှစ်ကုန်မှာ ကမ္ဘာတစ်ဝန်း ကကလေးသူငယ်အားလုံးကျောင်းနေနိုင်ရေး လှုပ်ရှားမှုတစ်ခုကို "ငါဟာမာလာလာ I am Malala" ဆိုတဲ့ကြွေးကြော်သံနဲ့ စတင်ခဲ့တယ်။ နိုဝင်ဘာ ၁၀ ရက်ကိုလည်း ကုလသမဂ္ဂက "မာလာလာနေ့" Malala Day အဖြစ် သတ်မှတ်ပေးခဲ့ပါတယ်။

## ■ တင်မ်ကွတ်

**(Apple ကုမ္ပဏီ စီအီးအို)**

တင်မ်ကွတ်ဟာစတိဗ်ဂျော့ဘ်ကိုဆက်ခံပြီး Apple ကုမ္ပဏီကို ဦးဆောင်ခဲ့တဲ့ နည်းပညာရှင်တစ်ဦးဖြစ်ပါတယ်။ ကမ္ဘာမှာ လုပ်ခလစာအများဆုံး ရတဲ့ စီအီးအို (အမှုဆောင်အရာရှိချုပ်) အဖြစ်သတ်မှတ်ခံရတဲ့ တင်မ်ကွတ်ဟာ ၂၀၁၂ ထဲ ကမ္ဘာတစ်ဝန်းလူကြိုက်များ ရေပန်းစားတဲ့ Apple ရဲ့ သင်ပန်းကွန်ပျူတာနဲ့ ဖုန်းများ ရောင်းကောင်းခဲ့ရာမှာ ပဲ့ကိုင်ရှင်ဖြစ်ပါတယ်။ ၎င်းဟာ ကုမ္ပဏီရဲ့ ထုတ်ကုန်တွေတိုင်းကို ပိုမိုအဆင့်မြှင့်တင်ဖို့နဲ့ ကုမ္ပဏီရဲ့ ကြွယ်ဝမှုကို တိုးတက်ဖို့ ကြိုးပမ်းနိုင်ခဲ့ပြီး ၂၀၁၂ ကို မောင်းနှင်တဲ့ အဓိက




Apple ကွန်ပျူတာများ၊ ဖုန်းများနောက်ကွယ်ကနေ ယနေ့ခေတ်ရဲ့ ကြီးကျယ်သော နည်းပညာရှင်တစ်ဦးဖြစ်ခဲ့ပါတယ်။ စတိဗ်ဂျော့ဘ်ကွယ်လွန်စဉ်က Apple ရဲ့ ကုမ္ပဏီတန်ဖိုးဟာ ဒေါ်လာ ၃၅၁ ဘီလီယံသာရှိခဲ့ပေမယ့် တင်မ်ကွတ် လက်အောက်ယခုအချိန်မှာတော့ ကုမ္ပဏီရဲ့ ဈေးကွက်တန်ဖိုးဟာဒေါ်လာ ၄၈၈ ဘီလီယံ အထိရောက်နေပါပြီ။

စာမျက်နှာ(၁၅)သို့ »